www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး
အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်
နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို
ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား
ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နဝါးနိုင်အေး(ဂု)

# အရှုံးအနိုင်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

## အရှုံးအနိုင်

ရှုက်စွန်းသည် အတန်ကြာမျှ စဉ်းစားလိုက်သည်။ စဉ်းစားပြီးမှ တစ်ဘက်လူကို လှမ်းအော်ပြောလိုက်သည်။

'ငါ ပြောမယ် နားထောင်ကြ၊ငါ တောင်းဆိုရအောင် သုံးခုတောင်းဆိုတယ်၊ဒီ သုံးခုကို မင်းတို့ လက်ခံရင် မင်းတို့ရဲ့ လူကိုလဲ ငါတို့ ပြန်လွှတ်ပေးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ရဲ့ တောင်းဆိုချက် သုံးခုကိုပြော'

'ပထမ တောင်းဆိုချက်က ငါတို့ အလှုံ့မာန်ဂိုဏ်းကြီးနဲ့ သက်ဆိုင်တယ်၊ ဒီနေ့ကစပြီး ငါတို့ရဲ့ [illegible] မှလှိုင်းမာန်ဂိုဏ်းဟာ မင်းတို့ရဲ့ အိကြည့်ဂိုဏ်းနဲ့ဘာမှ ပတ်သက်မှု မရှိပါဘူးလို့ ကတိပေးရမယ်'

'ကောင်းပြီ၊ ဒုတိယအချက်ကို ပြောလဲ'

'မင်းတို့ ဖမ်းထားတဲ့ ရွှေပန်းပွင့်ကို ပြန်လွှတ်ရမယ်၊ သူရဲ့အပြစ်တွေ အားလုံးကိုလဲ သင်ပုံးချေပစ်ရမယ်'

ထိုလူက ခေါသတကြီးဖြင့် ထပ်မံ အော်ဟစ်ပြန်သည်။

'ဒီအချက်ကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ တို့ဂိုဏ်းရဲ့ စည်းကမ်းကို ဖောက်ဖျက်တဲ့လူဟာ အပြစ်ဒဏ်ကို ခံရမယ်၊ ကဲ— တတိယ အချက်ကို ပြောစမ်း'

'မင်းတို့က ဒုတိယအချက်ကို လက်မခံသေးဘဲနဲ့ ဘာဖြစ်လို့ ငါက တတိယအချက်ကို ပြောရမှာလဲ၊ မင်းတို့ ဒုတိယ အချက်ကို လက်ခံသလား'

ထိုလူသည် အားမတန် မာန်လျှော့ရသည့် လေသံဖြင့်—

'ကောင်းပါပြီ၊ ငါတို့ လက်ခံပါတယ်၊ တတိယ အချက်ကိုသာ ပြောပါတော့'



ရှက်စွန်းသည် အလွန်အားရ ကျေနပ်သွားသည်။ မိမိတို့ဘက်က အောင်မြင်ပြီ မဟုတ်ပါလော။

'တတိယအချက်က ပိုလွယ်ပါတယ်၊ မင်းတို့ရဲ့ လှေကြီးတွေအားလုံး ဒီကမ်းစပ်မှာပဲ ဆိုက်ကပ်ထားရမယ်၊ တို့လှေ နောက်က လှေငယ်လေး တစ်စင်းနဲ့ မင်းတို့ လိုက်လာခဲ့ကြ၊ မိုင်သုံးဆယ်လောက် ရောက်လို့မှ မင်းတို့လှေကြီးတွေ လိုက်မလာဘူးလို့ တို့စိတ်ချရင် မင်းတို့လူကို လှေကလေးပေါ် ပြန်တင်ပေးလိုက်မယ်၊ တို့ဘက်က လုံခြုံအောင် ကာကွယ်ထားရတာပဲ'

BURMESE CLASSIC

ထိုလူသည်သူ၏ ဒေါသကို လုံး၀ မထိန်းနိုင်တော့ချေ။ ရှူးရှူးဒါးဝါး တစ်ချက်အော်လိုက်သည်နှင့် လူနှစ်ယောက် ခုန်ပျံ ရောက်ရှိလာပြီး ဟူကျင်းကို တိုက်ခိုက်ကြတော့သည်။ ထိုနှစ်ယောက်၏ သိုင်းပညာသည် အလင်းမာန်ဂိုဏ်း သုံးယောက်တို့ ၏သိုင်းပညာကို မမီကြချေ။ သို့သော် သူတို့၏ သိုင်းပညာမှာ အားပြောင်းအားလွှဲ သိုင်းပညာနှင့် အလွန်ဆင်တူလှကြောင်း တွေ့ရှိရသည်။ သို့သော် အသေအချာ စစ်ဆေးကြည့်ရှုသည့်အခါတွင်မူ မိမိတို့၏ အားပြောင်း အားလွှဲ သိုင်းပညာနှင့် မတူပြန်ကြောင်း တွေ့ရှိရပြန်သည်။

ထို့ကြောင့် ဟူကျင်းသည် အလွန်အံ့သြနေမိ၏။ သူတို့ ထဲမှ တစ်ယောက်ကို ဟူကျင်းက ခြေထောက်ဖြင့် ကန်ထုတ်လိုက်ရာ ရှည်သို့မျှ မရှောင်နိုင်တော့ဘဲ လွင့်စဉ်ထွက်သွားတော့သည်။ ကျန် တစ်ယောက်သည် ဟူကျင်းနှင့် ယှဉ်မတိုက်ရဲတော့ဘဲ လဲကျသွား

www.burmeseclassic.com

www.burmeseclassic.com



သည့် သူ့လူအား မွေ့ချိပြီး မျက်နှာချင်းဆိုင်လေသို့ ခုန်ကူးသွားတော့သည်။

ဟူကျင်းက ရှက်စွန်းအား ပြောလိုက်သည်။

'အဖေကြီး ဒီလူတွေရဲ့ သိုင်းပညာဟာ အားပြောင်းအားလွှဲ သိုင်းပညာနဲ့ သိပ်တူတာပဲ၊ ဒါပေမယ့် သေသေချာချာ ကြည့်ပြန်တော့လဲ မတူပြန်ဘူး၊ တိုက်စစ်ဆင်တဲ့ နေရာမှာတော့ သူတို့ရဲ့ သိုင်းပညာဟာ သိပ်အကွက်စေ့တာပဲ၊ ဒီကြားထဲမှာ အရေးကြီးတဲ့ ကွင်းဆက် တစ်ခုရှိနေတယ်၊ ဒီ ကွင်းဆက်ကို ကျွန်တော် စဉ်းစားလို့ မရဘူး၊ အားပြောင်းအားလွှဲ သိုင်းပညာကို လေ့ကျင့်တုန်းက သတ္တမအဆင့်ရောက်နေချိန်မှာ တချို့ စာတွေကို လေ့ကျင့်လို့ မရခဲ့ဘူး ဒါတွေနဲ့များ ပတ်သက်နေမလား မသိဘူး'

ဟူကျင်းသည် ပြောပြောဆိုဆိုဖြင့် ထိုင်ချလိုက်ကာ သူလေ့ကျင့်၍မရခဲ့သော စာပိုဒ်များကို ဖြည်းဖြည်းချင်း ပြန်လည်စဉ်းစားနေတော့သည်။ အားလုံးသည် အရေးကြီးမှန်း သိသဖြင့် ဟူကျင်းအား မနှောင့်ယှက်ကြဘဲ ဟူကျင်းကိုသာ ဝိုင်းရံ အကာအကွယ် ပေးထားလိုက်ကြတော့သည်။

ထိုအခိုက်မှာပင် တစ်ဘက်လှေကြီးများမှ ဆူဆူညံညံအသံများကြားလိုက်ရသဖြင့် ကျောက်မိန်တို့က လှမ်းကြည့်လိုက်ကြသည် အီကြည်များက ရွှေပန်းပွင့် ဘွားဘွားကို ခေါ်ထုတ်လာခြင်း ဖြစ်တော့သည်။ သူမသည် မျက်နှာဖုံးစွပ်လျက်သားပင် ရှိနေသည်။



တခဏအတွင်းမှာပင် ဟူကျင်းတို့နှင့် စောစောက စကားပြောခဲ့သည့် အကြီးအကဲ ဖြစ်ဟန်တူသည့် လူက ရွှေပန်းပွင့် ဘွားဘွား၏ မျက်နှာနှင့် ဆံပင်ကို ရုတ်တရက် ဆွဲလှန်လိုက်သောအခါ အလွန်တရာချောမွေ့လှပလှသည့် အသက်လေးဆယ်ခန့် မိန်းမတစ်ယောက် ဖြစ်သွားတော့သည်။

ဟူကျင်းသည် ရွှေပန်းပွင့်ဘွားဘွား၏ နဂိုရုပ်ရည်ကို မြင်လိုက်ရသောအခါ လွှတ်ခနဲ အော်ဟစ်လိုက်မိသည်။

'ဟာ... ရှောင်ချောင်းနဲ့ တူလိုက်တာ၊ တကယ့် ရှောင်ချောင်း အတိုင်းပဲ'

ရွှေပန်းပွင့်ကို ထိုအကြီးအကဲသည် မေးမြန်းစစ်ဆေးလျက် ရှိနေသည်။ ဟူကျင်းတို့ကမူ မည်သို့မျှ နားမလည်ကြချေ။ ထိုအခါ ကျောက်မိန်က ရှောင်ချောင်းအား ရုတ်တရက်မေးလိုက်သည်။

'ရှောင်ချောင်း... သူတို့ဘာတွေပြောနေကြတာလဲ၊ သိရင် ပြောပြစမ်းပါ'

ရှောင်ချောင်းသည် မျက်ရည်စက်လက်ဖြင့် မြန်လည် ရှင်းပြနေသည်။

'သူတို့က ရွှေပန်းပွင့်ကို အိမ်ထောင်ပြုတဲ့အတွက် အပြစ်တင်နေကြတာပါ၊ ဒီအပြစ်အတွက် မီးရှို့ပြီး သတ်မယ်တဲ့'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဟူကျင်းသည် ရုတ်တရက် စဉ်းစားမိပြီး...

'ရှောင်ချောင်း... မင်း အိကြည်စာတတ်သလား'

'အစ်ကိုလေး ဘာသိချင်လို့လဲ... တတ်ပါတယ်'

ဟူကျင်းသည် စောစောက သူရရှိထားခဲ့သည့် ကျောက်မီးတိုင်တစ်ချောင်းကို ရှောင်ချောင်းထံသို့ ထိုးပေးလိုက်ရင်း...

'ဒီကျောက်မီးတိုင်ပေါ်မှာ ရေးထားတာတွေက ဘာတွေလဲ၊ ဘာအကြောင်းတွေကို ရေးထားတာလဲ'

ရှောင်ချောင်းသည် ကျောက်မီးတိုင်မှ စာများကို ဖတ်ပြီး လွှတ်ခနဲ ပြောလိုက်သည်။

'ဒါက သူတို့ရဲ့ အားပြောင်းအားလွှဲ သိုင်းပညာပဲ'

သူမ၏စကားကို ကြားလိုက်ရသောအခါ ဟူကျင်းသည် ထခုန်မိမျှမတတ် ဝမ်းသာသွားသည်။ ဟူကျင်းအနေဖြင့် ထိုအိကြည်များ၏ သိုင်းပညာကို လုံးဝမတီးခေါက်နိုင်သဖြင့် အိကြည် အလင်းမာန်သုံးယောက်၏ ဒိုင်းဝန်းတိုက်ခိုက်မှုဒဏ်ကို အလူးအလဲ ခံလိုက်ရခြင်းဖြစ်သည်။ ယခု သူတို့၏ သိုင်းပညာ သဘောတရားကို သိရှိနိုင်မည့် အရေးကြီးလှသော ကျောက်မီးတိုင်ကို ရရှိထားပေပြီ။ ထိုသဘောတရားကို သိရှိသွားသည်နှင့် တစ်ပြိုင်နက် သူတို့အား တိုက်ခိုက်ရန် အလွန် လွယ်ကူသွားပေတော့မည်။



ရှောင်ချောင်းသည် ကျောက်မီးတိုင်ပါ အိကြည်စာများကို အစအဆုံး သေသေချာချာ ဖတ်ပြလိုက်သည်။ ကျောက်မီးတိုင်၌ ပါရှိသောစာသည် သုံးလေးကြောင်းမျှသာ ရှိပေသည်။

ဟူကျင်း၏ သိုင်းပညာသည် အလွန်မြင့်မားလှသဖြင့် မည်သည့် သိုင်းပညာကိုမဆို လေ့ကျင့်နည်း နည်းစနစ် သိလိုက်ရုံနှင့် ယင်းသိုင်းပညာကို တတ်ကျွမ်းသွားတော့သည်။

ယခု ရှောင်ချောင်းဖတ်ပြသည့် ကျောက်မီးတိုင်ရှိ သိုင်းကျင့်စဉ်မှာလည်း အခြေခံ သဘောတရားမျှသာ ဖြစ်သည်။ အိကြည်တို့၏ အလင်းမာန်ဂိုဏ်း၏ သိုင်းပညာသည် အားပြောင်းအား သိုင်းပညာကိုပင် အခြေခံထားသည်။ သို့သော် သူတို့၌ ရှိထားခဲ့သော အားပြောင်းအားလွှဲ သိုင်းပညာ၏ အတွင်းအားကျင့်စဉ်သည် လွန်ခဲ့သည့် နှစ်ရာပေါင်းများကတည်းက တိမ်ကော ပျောက်ကွယ်သွားလျက် တရုတ်ပြည်အတွင်းပိုင်း၌ လာရောက်ပုန်း နေခဲ့ပေသည်။

သူတို့၌ အတွင်းအားကျင့်စဉ်ဟူ၍ လုံးဝမရှိတော့ဘဲ သိုင်းကွက်များသာ ကျန်ရှိတော့သည်။ ရှိသည့် သိုင်းကွက်များသည်လည်း အလွန်အံ့ဩဖွယ်ရာ သိုင်းကွက်များ ဖြစ်နေသည်။ သိုင်းကွက်၏ ဦးတည်ချက်ကို ခန့်မှန်းရန် အလွန်ခက်သည်။ ဘယ်ချောက်လျှင် ညာတိုက်၊ ညာချောက်လျှင် ဘယ်တိုက်စသည့် အကွက်မျိုးဖြစ်ပေသည်။ ထို့ကြောင့်ပင် ဟူကျင်း မကြာခဏ အရိုက်ခံလိုက်ခြင်း ဖြစ်ပေသည်။ ဟူကျင်းသည် အတွင်းအား အလွန်ပြည့်ဝလှသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ရိုက်ချက်များကို ခံနိုင်ခဲ့ခြင်းဖြစ်သည်။ သာမန်သိုင်းသမား တစ်ယောက်ဆိုလျှင် အစောကြီးကတည်းက အသက်ဓိဝိန် ချုပ်သွားရပေလိမ့်မည်။

ထိုအခိုက် ဟူကျင်းသည် ဝမ်းသာအားရ ထခုန်ကာ အော်ဟစ်လိုက်သည်။

'ငါ သဘောပေါက်ပြီ...၊ ငါ သဘောပေါက်ပြီ'

ဟူကျင်း အော်ဟစ်လိုက်သည့် တစ်ချိန်တည်းမှာပင် တိမ်လွှာ၊ လစန္ဒာနှင့် လေပွေအလင်းမာန် သုံးယောက်တို့သည် ဟူကျင်းရှိရာသို့ ပြိုင်တူ ခုန်အုပ်ရောက်ရှိလာကြပြန်သည်။ သူတို့သည် ဤတစ်ကြိမ်တွင် ဟူကျင်းအား အပြတ်အသတ် တိုက်ခိုက်ပစ်မည် ရည်ရွယ်ပြီး ခုန်ဝင်လာကြခြင်းဖြစ်သည်။

သူတို့ သုံးယောက်သည် အထင်နှင့်အမြင် မှားသွားတော့သည်။ သူတို့ သိုင်းပညာ၏ အခြေခံ သဘောတရားကို ဟူကျင်း အနေဖြင့် သိရှိသွားပြီ ဖြစ်သဖြင့် သူတို့သုံးယောက်၏ လက်ထဲရှိ ကျောက်မီးတိုင်ငါးတိုင်ကို အလွယ်တကူ လုယူနိုင်ခဲ့ပေသည်။ သူတို့ သုံးယောက်စလုံးကိုမူ တစ်ဘက် လှေကြီးပေါ်သို့ ပစ်တင်ပေးလိုက်သည်။

ရုက်စွန်းနှင့်တကွ ကျောက်မိန်တို့အားလုံးသည် ဟူကျင်းက အီကြည် အလင်းမာန်သုံးယောက်ကို အလွယ်တကူ အနိုင်ယူလိုက်



သည်ကို တွေ့လိုက်ရ၊ ကြားလိုက်ရသောအခါ အလွန် မြူးတူးအားတက်သွားကြတော့သည်။ ဟူကျင်းကမူ ချက်ချင်းပင် သူလုယူလိုက်သော ကျောက်မီးတိုင်ငါးချောင်းတွင် ရေးသားထားသော အီကြည်စာများကို ရှောင်ချောင်းအားပေး၍ ဖတ်ခိုင်းလိုက်ပြန်သည်။ ထိုအခါ ဟူကျင်းသည် ရှောင်ချောင်းဖတ်သမျှတို့ကို တစ်ခွန်းချင်းမှတ်သားပြီး လေ့ကျင့်လိုက်သည်။ ဟူကျင်းအနေဖြင့် ဤပညာအားလုံး ကျွမ်းကျင်တတ်မြောက်သွားပြီဆိုလျှင် မည်သူ့ကိုမျှ ကြောက်နေရန် မလိုတော့ပေ။

ကျောက်မိန်၊ ချူကျူးနှင့် ရုက်စွန်းတို့ကမူ ၎င်းတို့ ဖမ်းထားသည့် အီကြည်အကြီးအကဲအား ဓားဖြင့် ထောက်ထားလျက် ဖြစ်ပေါ်လာမည့် အခြေအနေများကို ရင်တမမဖြင့် စောင့်ကြည့်နေကြတော့သည်။

ထိုအချိန်၌ အီကြည် အလင်းမာန်ဂိုဏ်းဝင်များသည် ရွှေပန်းပွင့် ဘွားဘွား၏ ခြေနှင့်လက်များကို သံကြိုးဖြင့် ချည်ထားလိုက်ကြချေပြီ။ သူတို့သည် ရွှေပန်းပွင့်ဘွားဘွားကို မီးရှို့ပြီး သတ်ရန်ပြင်ဆင်ခြင်းသာ ဖြစ်ရပေမည်။

မိုးသောက် အရုဏ်ကျင်း၍ အလင်းရောင်များလည်း ထော်ထွန်းစ ပြုလာလေပြီ။ ထိုစဉ် ဟူကျင်းတို့၏ မျက်နှာချင်းဆိုင်လှေမှ အကြီးအကဲဖြစ်ဟန်တူသော လူတစ်ယောက်က ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်လိုက်သောအခါ လေးဘက်လေးတန်ရှိ လှေကြီးများပေါ်မှ လူများသည်လည်း တစ်ပြိုင်နက် အော်ဟစ်ကြတော့သည်။

ဟူကျင်းသည် အားပြောင်းအားလွဲ သိုင်းပညာနှင့် ပတ်သက်ပြီး အတွေးနက်နေသဖြင့် ပတ်ဝန်းကျင် တစ်ခုလုံးကို မေ့လျော့နေမိတော့သည်။ တစ်ဘက်ရန်သူများ၏ ဆူသံညံသံများကြောင့် အိပ်ရာမှ လန့်နိုးလာသူကဲ့သို့ ဟူကျင်းသည် သူ့ပတ်ဝန်းကျင်ကို ကြည့်မိတော့သည်။

တစ်ဘက်ရန်သူများ၏ လှေသို့ ကြည့်လိုက်သောအခါတွင်မှ ရွှေပန်းမှုင့်အွားဘွား၏ ခေတ်သိမ်းခန်းကို မကြာမီ မြင်ရတော့မည်ဖြစ်ကြောင်း တွေ့လိုက်ရတော့သည်။ ဤအခြေအနေမျိုး၌ လက်ပိုက်ကြည့်၍ မဖြစ်တော့ချေ။ ထို့ကြောင့် မိမိ၏ လှေမှ တစ်ဘက်လှေသို့ ခုန်ကူးလိုက်တော့သည်။ ဟူကျင်း၏ ကိုယ်ဖော့သိုင်းပညာသည် အလွန် အဆင့်အတန်းမြင့်လှပြီး ကိုယ်ဖော့သိုင်းပညာ၌ အတော်ဆုံးဟု ဆိုရမည်ဖြစ်သော လင်းဆွဲမင်း ဝေရိကပင် အရှုံးပေးထားရသဖြင့် သူ တစ်ချက် ခုန်အုပ်လိုက်သည်နှင့် လျှပ်ပြက်လိုက်သည့်ပမာ တစ်ဘက်လှေသို့ ရောက်ရှိသွားသည်။

ဟူကျင်းသည် ဤအခြေအနေမျိုး၌ အရင်းအမြစ်ကိုသာ တိုင်ရမည်ကို နားလည်ပြီးဖြစ်သည်။ ထို့ကြောင့် လှေ၏ အလယ်တွင်ထိုင်ကာ အမိန့်ပေးနေသော အကြီးအကဲဖြစ်သူထံသို့ ခုန်အုပ်



လိုက်၏။ ထိုအကြီးအကဲသားမှ အစောင့်အရှောက်များကလည်း ဒုံးဂ ရဲ့ဆိုင်းခြင်းမရှိဘဲ ဟူကျင်းအား ပြန်လည်ချန် တိုက်ခိုက်ကြတော့သည်။

လူတစ်ယောက်က လှံနှင့် ဝင်ထိုးပြီး ကျန်တစ်ယောက်ကမူ ဓားဖြင့် ဝင်ပိုင်းသည်။ သို့သော် ဟူကျင်း၏ လျှပ်ရှားမှုများကို ထိုသူများအနေဖြင့် လုံးဝလိုက်၍ မမီကြချေ။ နောက်ဆုံး ထိုနှစ်ယောက်လုံး လက်နက်များနှင့်တကွ လွင့်စဉ်ထွက်သွားပြီး အကြီးအကဲသည်လည်း ဟူကျင်း၏ လက်ထဲသို့ ပါလာတော့သည်။

ထိုအခါ ပိန်ပိန်ပါးပါး လူတစ်ယောက်သည် ဓားတိုခန်ချောင်းကိုင်၍ ဟူကျင်း၏ ရင်ဝသို့ ထိုးစိုက်လိုက်သည်။ ဟူကျင်းက ထိုသူ၏လက်ကောက်ဝတ်ကို လှမ်းကန်လိုက်သည်။ ထိုလူသည် ဟူကျင်း၏ ကန်ချက်ကို လုံးဝ ဂရုမစိုက်ဘဲ သူ၏ လက်နှစ်ဘက်ကို ကန့်လန့်ဖြတ် အနေအထားသို့ ပြောင်းလိုက်ပြီး ရုတ်တရက် ဟူကျင်း၏ ချက်အောက်သို့ ထိုးစိုက်လိုက်ပြန်သည်။

ယင်းအကွက်သည် အပြောင်းအလဲ အလွန်ကောင်းလှသဖြင့် ဟူကျင်းပင် နောက်သို့ ဆုတ်ရှောင်လိုက်ရသည်။ သူ၏ပညာကို ခန့်မှန်းခြင်းအားဖြင့် ဤလူသည် အကြီးအကဲ၏လက်ထောက် တစ်ယောက်ဖြစ်ဟန်တူကြောင်း ဟူကျင်း ရိပ်မိလိုက်သည်။ သိုင်းပညာ၌ အဆင့်အတန်းအတော် မြင့်မားနေသည့် ထိပ်သီး တစ်ယောက်ပင် ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဟူကျင်းသည် ထိုလူကို ပေါ့ပေါ့ဆဆ မတိုက်ခိုက်တော့။ မိမိ၏ လှေဘက်သို့ ရုတ်တရက် ခုန်ကူးလိုက်ပြီး ဖမ်းဆီးမိလာသည့် အကြီးအကဲကို ထိန်းသိမ်းထားရန် ရှက်စွန်းတို့၏ လက်ထဲသို့ အပ်လိုက်သည်။ ပြီးမှ သူ့နောက်သို့ ဆက်တိုက် ရောက်လာတိုက်ခိုက်သည့် ကိုလူပိန့်ကို လှည့်၍တိုက်ခိုက်တော့သည်။

ဟူကျင်းသည် ကျောက်မီးတိုင်ပေါ်မှ အီကြည်တို့၏ သိုင်းပညာနှင့် နည်းစနစ်များကို သိရှိပြီး ဖြစ်ပေသည်။ သို့သော် လက်တွေ့အားဖြင့် လုံး၀ အသုံးမချရသေးချေ။ ထို ထိပ်သီးသိုင်းသမားနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရသည့်အခါကျမှ ၎င်းတို့၏ သိုင်းပညာကို အသုံးပြုရန် စိတ်ကူးမိသည်။ သူသည် ရုတ်တရက် ပြန်လှန်တိုက်ခိုက်ခြင်း မပြုသေးဘဲ အချိန်ဆွဲ၍ ခုခံနေသည်။

ထိုသို့ ခုခံနေချိန်အတွင်း သူတတ်မြောက်လိုက်သည့် ၎င်းတို့၏ သိုင်းကွက်များကို ကြေညက်အောင် လေ့လာလျက်ရှိပေသည်။ ဟူကျင်းသည် ခုခံရင်း လေ့လာရင်းမှ သူရရှိလိုက်သည့် သိုင်းပညာ၏ အနှစ်သာရများကို အလွန် သဘောကျ အားရလာသည်။

ထို့ကြောင့် ၎င်းတို့၏ ပညာကို စတင်အသုံးပြုလိုက်သည်။ ဟူကျင်းသည် တိုက်ခိုက်နေရာမှ ရုတ်ခြည်းပင် လှေကြီး၏ ကြမ်းပြင်ပေါ်သို့ ထိုင်ချလိုက်သည်။

ထိုကိုလူပိန်၏ ခြေထောက်များကိုလည်း ထိုင်လျက်မှ ဖွ့ဖက်လိုက်တော့သည်။ ဤသည်ကား ကျောက်မီးတိုင်ပေါ်၌ ရေးသား



ထားသော သိုင်းကွက်တစ်ခုပင် ဖြစ်တော့သည်။

ဟူကျင်းသည် ကိုလူပိန်၏ ခြေထောက်ကို ဖက်ပြီး ခြေသလုံးရှိ အကြောနှစ်ခုကို ဖိနှိပ်ထားလိုက်သည်။ ထိုအခါ ကိုလူပိန်၏ တစ်ကိုယ်လုံးရှိ အကြောများသည် ထုံကျဥ်လာပြီး နောက်ဆုံး အားပြတ်သွားကာ လဲကျသွားတော့သည်။

ဟူကျင်းအဖို့ ကျောက်မီးတိုင်ပါ အီကြည် အလင်းမာန်ဂိုဏ်း၏ သိုင်းကွက်ကို ပထမဦးဆုံး အသုံးပြုလိုက်ခြင်းဖြစ်သည်။ ငါးကြင်းဆီနှင့် ငါးကြင်းကြော်သည့် သဘောပင်ဖြစ်သည်။

ဟူကျင်းသည် သူနှင့် တိုက်ခိုက်နေသည့် ထိပ်သီး သိုင်းသမားကိုလူပိန်၏ သိုင်းပညာကို လေးစားမိသည်။ ချက်ချင်းပင် သူ၏ အကြောများကို ပြန်ဖြေပေးလိုက်ပြီး တစ်ဘက်လှေပေါ်သို့ ပြန်လည် ပစ်တင်ပေးလိုက်လေသည်။

ထိုအခါ အီကြည်ဂိုဏ်းသားများဘက်မှ မည်သည့် တိုက်ခိုက်မှုကိုမျှ မပြုရဲကြတော့ချေ။ ဟူကျင်းက အော်၍ မေးလိုက်သည်။

'ကဲ... ဘယ်လိုလဲ၊ ကျုပ်တို့တောင်းဆိုထားတဲ့ အချက်သုံးချက်ကို လက်ခံမလား၊ လက်မခံဘူးလား'

အီကြည် အလင်းမာန်ဂိုဏ်းမှ လူများအဖို့ မည်သို့မျှ မတတ်နိုင်တော့ချေ။ သူတို့ ဆုံးဖြတ်ထားချက်ကို ပယ်ဖျက်လိုက်ရပြီး [illegible]န်းပွင့်ကို ဟူကျင်းတို့၏ လှေသို့ ပို့ပေးကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းက ရွှေပန်းပွင့်၏ ခြေထောက်တွင် ချည်နှောင်ထားသော သံကြိုးများကို တိမ်လွှာဓားဖြင့် ခုတ်ဖြတ်ပေးလိုက်ပြီး အနှောင်အဖွဲ့ ကင်းရှင်းစေလိုက်သည်။

အီကြည် ဂိုဏ်းသားများသည် ဟူကျင်းတို့၏ လှေကြီးကို ထွက်ခွာခွင့် ပေးလိုက်သဖြင့် ထွက်ခွာလာကြစဉ် လှေကြီး၏နောက်မှ လှေငယ်ကလေးတစ်စင်း လိုက်ပါလာကြောင်း ဟူကျင်းတို့ တွေ့ကြရသည်။ ထိုလှေကလေးပေါ်တွင် လစန္ဒာအလင်းမာန်နှင့် တိမ်လွှာအလင်းမာန်တို့ နှစ်ယောက်ပါလာကြ၏။

လှေကြီးကို ဟူကျင်းကိုယ်တိုင် ပဲ့ကိုင်ပြီး အနောက်စူးစူးသို့ ဦးတည် ထွက်ခွာခဲ့ကြသည်။ ထွက်သာထွက်လာခဲ့ကြရသည်၊ သူတို့ အဖို့ နောက်ကြောင်း အေးလှသည်တော့ မဟုတ်ချေ။

ဤမျှ ထွက်ခွာနိုင်ခြင်းကပင် ကံကောင်းလှသည်ဟု ဆိုရပေမည်။ အရေးကြီးသော ဓားစာခံများကို လက်ဝယ်ရရှိထားသဖြင့်သာ ဤသို့ ဘေးမသီရန်မခ ထွက်ခွာလာနိုင်ကြခြင်း ဖြစ်ပေသည်။ သူတို့နောက်သို့ ကြည့်လိုက်ကြသောအခါ အီကြည်ဂိုဏ်းသားတို့၏ လှေကြီးများသည် သူတို့နောက်သို့ လုံးဝလိုက်လာခြင်း မရှိကြောင်း တွေ့လိုက်ကြရသဖြင့် အားလုံး စိတ်အေးသွားကြသည်။

ကျွန်းနှင့် မိုင်သုံးဆယ်ခန့် အကွာအဝေးသို့ ရောက်ရှိလာသောအခါကျမှ ဟူကျင်းတို့က သူတို့ဖမ်းလာသည့် အကြီးအကဲ





နှစ်ယောက်ကို နောက်မှ ပါလာသော လှေကလေးသို့ ပြန်ပို့ပေးရန် ပြင်ဆင်လိုက်ကြသည်။

တိမ်လွှာအလင်းမာန်သည် ဟူကျင်းတို့၏ လှေပေါ် တက်လာပြီး သူတို့၏ အကြီးအကဲနှစ်ဦးကို ဆီးကြိုလျက် ဟူကျင်းအား တောင်းဆိုချက်တစ်ခု တောင်းဆိုတော့သည်။

'မင်း... ငါတို့ဆီက လုသွားတဲ့ ကျောက်မီးတိုင် ခြောက်တိုင်ကို ပြန်ပေးပါ၊ ဒါဟာ တို့ရဲ့ အမှန်မြတ်ဆုံး ပစ္စည်းပဲ'

တိမ်လွှာအလင်းမာန်သည် ထိုစကားကိုသာ အထပ်ထပ် အခါခါ ဆိုနေသဖြင့် ဟူကျင်းက ကျောက်မီးတိုင် ခြောက်တိုင်ကို ပြန်လည်ပေးအပ်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ရှက်စွန်းက တိမ်လွှာအလင်းမာန်အား ပြောလိုက်သည့် စကားကြောင့် ဟူကျင်း၏ လက်များ တွဲ့ဆိုင်းသွားတော့သည်။

'ကျောက်မီးတိုင်က ငါတို့ တရုတ်ပြည် အလင်းမာန်ဂိုဏ်းရဲ့ ဂိုဏ်းအမှတ်အသားပဲ ငါတို့ရဲ့ ဂိုဏ်းအမှတ်အသား ငါတို့လက်ထဲ ကိုမှ ပြန်ရောက်လာတာကို ငါတို့ သိမ်းဝမ်းသာတယ်၊ ဘာဖြစ်လို့ မင်းတို့ကို ပြန်ပေးရမှာလဲ'

ဟူကျင်းသည် အဖေကြီး ရှက်စွန်း၏ စကားအရ ပြန်မပေးရန် ဆုံးဖြတ်လိုက်တော့သည်။ ထို့ပြင် ထိုလူများ နောင်တစ်ချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com



လာရောက် မနှောင့်ယှက်ရဲစေရန် ယခုကတည်းက အကောင်းဆုံး ပညာခန်းများ ပြထားမှ တော်မည်ဟု ဟူကျင်း စဉ်းစားလိုက်သည်။ ထို့ကြောင့် အိကြည့်အလင်းမာန်အား လှမ်းပြောလိုက်သည်။

'ကျုပ်တို့က ဒီကျောက်မီးတိုင်တွေကို ခင်ဗျားတို့ရဲ့ လက်ထဲပြန်ပေးချင်ပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့မှာက သိုင်းပညာအဆင့်အတန်းနိမ့်ကျလွန်းလှတယ်၊ ဒီလောက်နိမ့်ကျလှတဲ့ သိုင်းပညာနဲ့တော့ ဒီကျောက်မီးတိုင်တွေကို ဘယ်လိုမှ ထိန်းသိမ်း စောင့်ရှောက်နိုင်မှာမဟုတ်ဘူး၊ ဒီတော့ ဒီလို အင်မတန် အရေးကြီးတဲ့ ပစ္စည်း အပြင်လူတွေရဲ့ လက်ထဲ ရောက်သွားမှာ စိုးရိမ်ရတယ်'

တိမ်လွှာ အလင်းမာန်က ဒေါသကို ချုပ်တည်းလျက် ပြန်ပြောလိုက်သည်။

'အပြင်လူက ဘယ်လိုနည်းနဲ့ လာလုနိုင်မှာလဲ'

'ဪ…ခင်ဗျားက လုံခြုံအောင် ထိန်းသိမ်းနိုင်တယ်ပေါ့ ကဲ… ဒါဖြင့် အခု လက်တွေ့ စမ်းကြည့်ကြရအောင်'

ဟူကျင်းသည် ပြောပြောဆိုဆိုနှင့် ကျောက်မီးတိုင် ခြောက်တိုင်စလုံးကို တိမ်လွှာအလင်းမာန်၏ လက်ထဲသို့ ထိုးပေးလိုက်သည်။ တိမ်လွှာအလင်းမာန်၏ မျက်နှာသည် ဝင်းထိန်သွားသည်။ အလွန်ဝမ်းသာလှသဖြင့် ကျောက်မီးတိုင် ခြောက်တိုင်ကို သူ၏ရင်ခွင်ထဲ အမြန်ဆုံး ထည့်သွင်းလိုက်တော့သည်။



'မင်းတို့ ဒီလို လိုက်လျောတဲ့အတွက် သိပ်ကျေးဇူးတင်…'

သူ၏ စကားပင် မဆုံးသေး။ ဟူကျင်း၏ ဘယ်ဘက်လက်က ဟန်ပြလှုပ်ရှားလိုက်ပြီး ညာဘက်လက်ကို ဖွေ့ယမ်းလိုက်သောအခါ ကျောက်မီးတိုင် ခြောက်တိုင်သည် ဟူကျင်း၏ လက်ထဲသို့ ပြန်ရောက်သွားတော့သည်။

တိမ်လွှာအလင်းမာန်က ကန့်ကွက်လိုက်သည်။

'မင်း ဒီနည်းနဲ့ ပြန်ယူလို့ကတော့ မတရားဘူး၊ ဒီပစ္စည်းကို ငါကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင် မကိုင်ရသေးဘူး'

ဟူကျင်းက ပြုံးရင်း ပြောလိုက်သည်။

'ကောင်းပြီလေ…ဒီလိုဆိုရင်လဲ နောက်တစ်ကြိမ်လောက် စမ်းကြည့်သေးတာပေါ့'

ပြောပြီးသည်နှင့် ဟူကျင်းသည် ကျောက်မီးတိုင်ခြောက်တိုင်ကို ပြန်ပေးလိုက်သည်။ တိမ်လွှာအလင်းမာန်သည် ကျောက်မီးတိုင် ခြောက်ချောင်းကို ရင်ခွင်ထဲသို့ အလျင်အမြန် ထိုးထည့် လိုက်ပြီး လက်နှစ်ဘက်က ကျောက်မီးတိုင်တစ်ချောင်းစီကို တစ်ဘက်တစ်ချက် ကိုင်လိုက်သည်။

ဟူကျင်းက ကျောက်မီးတိုင်များကို လာလုသည်နှင့် တစ်ပြိုင်နက် ဟူကျင်း၏ လက်များကို ကျောက်မီးတိုင်နှင့် ပင့်ရိုက်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဟူကျင်း၏လက်က တိမ်လွှာအလင်းမာန်၏ ညာလက်ကို လှမ်းဆွဲယူလိုက်ပြီး ဘယ်ဘက်လက်ကို ရှေ့သို့ ဆွဲမြှောက်ပေးလိုက်ရာ ကျောက်မီးတိုင်နှစ်ချောင်း အချင်းချင်း ရိုက်ခတ်မိသွားတော့သည်။ ရိုက်ချက်ပြင်းထန်လှသဖြင့် ကျောက်မီးတိုင်နှစ်ချောင်း၏ တုန်ခါမှုက တိမ်လွှာအလင်းမာန်၏ လက်များကို ပျော့ခွေ ထုံကျဉ်သွားစေတော့သည်။ ထို့ကြောင့် လက်နှစ်ဘက်အတွင်းမှ ကျောက်မီးတိုင်နှစ်ချောင်းသည် လွတ်ကျသွားရတော့သည်။

ထိုအခိုက်အတန့်အတွင်းမှာပင် ဟူကျင်းသည် တိမ်လွှာအလင်းမာန်၏ ရင်ခွင်တွင်းမှ ကျောက်မီးတိုင် လေးချောင်းကို ဆွဲထုတ်ယူလိုက်ပြီးနောက်မှ လှေကုန်းပတ်ပေါ်ကျနေသည့် ကျောက်မီးတိုင်နှစ်ချောင်းကို ကောက်ယူလိုက်သည်။

ဟူကျင်းသည် ပြုံး၍ပြောလိုက်ပြန်သည်။

'ကဲ...ဘယ်လိုလဲ၊ နောက်တစ်ခါ ထပ်စမ်းဦးမလား၊ စမ်းချင်စမ်းဦးလေ၊ ခင်ဗျားတို့မှာ ထိန်းသိမ်းနိုင်စွမ်း ရှိသေးတယ် ဆိုရင် ကျုပ်က ကျောက်မီးတိုင်တွေ ပြန်အပ်ခဲ့မှာပါ၊ စမ်းဦးမလား'

တိမ်လွှာအလင်းမာန်၏ မျက်နှာသည် စိတ်ပျက်ခြင်း၊ အံ့ဩခြင်းတို့ လွှမ်းမိုးနေသဖြင့် ဖြူဖပ်ဖြူရော် ဖြစ်နေတော့သည်။

'မင်းဟာ လူမဟုတ်ဘူး၊ မင်းဟာ သူရဲ တစ္ဆေ၊ လူမဖြစ်နိုင်ဘူး...၊ ဘယ်လိုမှ လူမဖြစ်နိုင်ဘူး'



တိမ်လွှာအလင်းမာန်သည် ချောက်ကပ်စွာ အော်ဟစ်လိုက်ပြီး သူတို့၏ အကြီးအကဲနှစ်ယောက်အား တွဲ၍ လှေငယ်ပေါ်သို့ ဆင်းသွားတော့သည်။

ဟူကျင်းတို့၏ လှေကြီးသည်လည်း တောင်ဘက်သို့ ရွေ့လျား ထွက်ခွာသွားပြီ ဖြစ်သဖြင့် မမြင်ကြရတော့ချေ။

သို့သော်... အချိန်အနည်းငယ်မျှ လှေကြီးထွက်ခွာပြီးသည်နှင့် ရုတ်တရက် ဝုန်း ခနဲ မြည်ဟည်းပေါက်ကွဲသံကြီးကို ကြားလိုက်ရတော့သည်။ ထိုပေါက်ကွဲသံကြီးနှင့်အတူ လှေကြီး တစ်စင်းလုံး ပေါက်ကွဲ တုန်လှုပ်သွားတော့သည်။

ကျောချမ်း ဓားပြမှန်း သိဆိုသည့် စကားပုံအတိုင်းပင် ကြည်ဂိုဏ်းသားများ၏ လျှို့ဝှက် ရေငုတ်သမားတို့ စေလွှတ်ကာ လှေကြီး၏ ပဲ့ပိုင်း၌ ဗုံးများ တပ်ဆင်ထားပြီး စနက်တန် ကြိုးစကို ဆွဲလိုက်ခြင်းဖြစ်ပေသည်။ ထို့ကြောင့် အတန်ကြာမျှအထိ လှေကြီး ထွက်ခွာလာနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုမူ ပေါက်ကွဲထွက်သွားသော အပေါက်နေရာမှ ရေများ အလုံးအရင်းနှင့် စီးဝင်လာသည်။

မမျှော်လင့်ဘဲ ခံလိုက်ကြရခြင်းကြောင့် အားလုံးသောလူတို့သည် မည်သို့မည်ပုံ စီစဉ် ဆောင်ရွက်ရမည်ကို ရုတ်တရက်အားဖြင့် မသိနိုင်အောင် ဖြစ်သွားကြတော့သည်။ သို့သော်...လှေကြီးသည် အတော်အတန် ကြီးမားသဖြင့် ရုတ်တရက်အားဖြင့် မနစ်မြုပ်နိုင်ကြောင်းကို အားလုံး သိရှိထားကြသည်။ မည်သို့ပင်ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အချိန်တွင်မှ လှေကြီး လုံးဝ နစ်မြုပ်ရမည်သာ ဖြစ်ပေ သည်။

ဟူကျင်းတို့အဖို့ အရူးမီးဝိုင်းသကဲ့သို့ မကြံတတ် မစည် တတ် ဒုက္ခရောက်နေကြစဉ် ရွှေပန်းပွင့်နှင့် ရှောင်ချောင်းတို့သည် အီကြည်ဘာသာစကားဖြင့် တတွတ်တွတ် ပြောနေကြတော့သည်။ ရှောင်ချောင်းသည် အီကြည်ဘာသာစကားကို အလွန်ကျွမ်းကျင်စွာ တတ်မြောက်ကြောင်းကို သူမ၏ ပြောပုံဆိုဟန်များအရ အားလုံးက ခန့်မှန်း သိရှိလိုက်ကြသည်။

မည်သည့် အကြောင်းအရာများ ပြောနေကြမှန်းကိုမူ ကျန် သူများ အနေဖြင့် မသိရှိနိုင်ကြသော်လည်း မျက်နှာအမူအရာများအ အလွန်အရေးကြီးသော အကြောင်းအရာများ ဖြစ်ကြောင်း သိရှိ လိုက်ကြသည်။

ရွှေပန်းပွင့်ကမူ ခက်ထန်စွာနှင့် ရှောင်ချောင်းကို တစ်မေး တည်းမေးနေတော့သည်။ သူတို့နှစ်ယောက်၏ စကားစစ်ထိုးပွဲသည် အတန်ကြာသည့် အချိန်အထိ ပြီးပြတ်ခြင်းမရှိကြပေ။ သူတို့၏ ဟန်ပန်အရ တစ်ခုခုကို အငြင်းအခုံ ဖြစ်နေပုံရပေသည်။ ရွှေပန်းပွ က ရှောင်ချောင်းကို တစ်ခုခုလုပ်ရန် ဖွတ်အတင်း တိုက်တွန်းနေ ပုံလည်းရသည်။ မည်သည့်လုပ်ငန်း လုပ်ခိုင်းသည်ကိုမူ ဟူကျင်းတို့ နားမလည်ကြပေ။ ရှောင်ချောင်းကလည်း သူမ၏ ခေါင်းကလေး ကိုသာ တွင်တွင်ခါလျက် ငြင်းဆန်မြဲ ငြင်းဆန်နေတော့သည်။



သို့သော်... နောက်ဆုံးတွင်တော့ ရှောင်ချောင်းသည် ဟူကျင်းကို လှမ်း၍ကြည့်လိုက်သည်။ သူမ၏ အကြည့်တွင် အလွန် ဆွေးမြည့်ကြေကွဲနေသော အရိပ်အယောင်များ ယှက်သန်းနေကြောင်း ဟူကျင်း ခံစား သိရှိလိုက်မိသည်။ သူမ၏ အကြည့်ကို ဟူကျင်း၏ မျက်နှာမှလွှဲဖယ်လိုက်ပြီး သက်ပြင်း တစ်ချက် ရှိုက်လိုက်သည်။ ရွှေပန်းပွင့်ဘက်သို့ လှည့်သွားပြီး ခေါင်းညိတ်ပြလိုက်သောအခါ ရွှေ ပန်းပွင့်သည် ဝမ်းသာအားရဖြင့် ရှောင်ချောင်းအား ပွေ့ဖက်နေ တော့သည်။

သူတို့နှစ်ယောက်၏ အမူအရာများကို ဟူကျင်းအပါအဝင် လူအားလုံး မည်သူကမျှ တိတိကျကျ အဓိပ္ပာယ် မဖော်နိုင်ကြပေ။ ထို့ကြောင့် တအံ့တဩ ငေးမောလျက်သာ ကြည့်နေမိကြခြင်း ဖြစ် ပေသည်။

ယခုအခါတွင် ရွှေပန်းပွင့်နှင့် ရှောင်ချောင်းတို့၏ မျက်နှာ များတွင် မျက်ရည်များဖြင့် ပြည့်လျှမ်းလျက် ရှိကြပေသည်။ ရှောင်ချောင်းသည်လည်း ဝမ်းပန်းတနည်း တရှိုက်ရှိုက်နှင့် ငိုနေတော့ သည်။ ရွှေပန်းပွင့်ကမူ စကားတတွတ်တွတ် ပြောလျက် ချော့မော့ နစ်သိမ့်နေ၏။

ထိုစဉ် ကျောက်မိန်က ဟူကျင်း၏ နား,နားသို့ ကပ်၍ လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟူကျင်း... ရှောင်ချောင်းရဲ့ ရုပ်ရည်ဟာ ရွှေပန်းပွင့်ရဲ့ ရုပ်ရည်နဲ့ သိပ်တူတာပဲ၊ ဒါကိုရှင် သတိထားမိသလား၊ သူတို့ နှစ်ယောက်ဟာ အမေနဲ့သမီး ဖြစ်ရမယ်'

ဟူကျင်းသည် ကျောက်မိန်ပြောလိုက်မှ ထိုအချက်ကို သတိထားမိတော့သည်။ ကျောက်မိန်၏စကားကိုလည်း ဖြစ်နိုင်သည်ဟု ယူဆသည်။

ထိုအခိုက်မှာပင် ဟူကျင်းသည် ယခင်က ကိစ္စတစ်ခုကို ရုတ်ခြည်းသတိရလိုက်သည်။

'ရှောင်ချောင်းဟာ ကွမ်းမိန်တောင်ကို ဘာဖြစ်လို့ ရောက်လာရတာလဲ၊ နောက်ပြီး အလင်းမာန်ဂိုဏ်းရဲ့ လျှို့ဝှက်လိုဏ်ခေါင်း ဘယ်မှာရှိတယ်ဆိုတာ သူဘယ်လိုလုပ်ပြီး သိရတာလဲ၊ ဒါတွေဟာ သူ့အမေဖြစ်တဲ့ နဂါးမင်း ရွှေပန်းပွင့် ပြောပြထားလို့ သူသိထားတာ နေမှာပဲ၊ အမှန်ကတော့ အားပြောင်းအားလွှဲသိုင်းပညာကို ယူဖို့ ဒီကို လာနေတာဖြစ်ရမယ်၊ သူနဲ့ငါ အတူတူနေလာကြတာ ကြာပြီပဲ၊ ဒီ ရက်တွေ အတွင်းမှာ အားပြောင်း အားလွှဲသိုင်းပညာကို ကူးယူထား လိုက်ရင် ငါလဲ သိမှာမဟုတ်ဘူး၊ ဟူကျင်း...ဟူကျင်း မင်းဟာ တကယ်ထုံ တကယ်အတဲ့ ကောင်ပဲ၊ မင်းက သူ့ကို ရိုးသားတဲ့ မိန်း ကလေး၊ ဖြောင့်မတ်တဲ့ မိန်းကလေးလို့ ထင်နေတာကိုး၊ အခုတော့ ခံလိုက်ပေတော့၊ မင်းက ရိုးသားတယ်လို့ ထင်နေတဲ့ မိန်းကလေး ရဲ့ အလိမ်အညာကို ခံလိုက်ပေတော့'



ထိုအတွေးများသည် ဟူကျင်း၏ဦးခေါင်းတွင်းသို့ တရိပ် ရိပ် ဖြတ်သန်းလာသောအခါ ဒေါသ ထွက်လာပြန်တော့သည်။

ထိုစဉ် ရှောင်ချောင်းသည် သူ့ဘက်သို့ လှည့်ကြည့်လိုက် သည်ကို တွေ့လိုက်ရသည်။ ထိုသို့ ကြည့်လိုက်သည့် ရှောင်ချောင်း၏ မျက်လုံးများတွင် ဟန်ဆောင်မှု လုံးဝကင်းရှင်းလျက် ရိုးသား ဖြောင့်စင်းမှုများကို တွေ့မြင်လိုက်ရသောအခါ ဟူကျင်း၏ နှလုံးသား များသည် နာကျင်သွားရပြန်တော့သည်။

ထိုစဉ် ရွှေပန်းပွင့်က ရုတ်တရက်ပြောလိုက်သည်။

'ရှုက်စွန်း... လှေမြုပ်တဲ့အတွက် ဘာမှ မပူကြပါနဲ့၊ တော် ကြာ အိုကြည်လှေကြီးတွေ ရောက်လာတော့မှာပါ၊ ငါနဲ့ ရှောင်ချောင်း က ဒီပြဿနာကို ဖြေရှင်းပေးပါ့မယ်'

ထိုစဉ် လှေကြီးသည် တစ်ဝက်ခန့် နစ်မြုပ်သွားခဲ့လေပြီ။ ချောင်းက အားလီကို ပွေ့ဖက်၍လည်းကောင်း ချူကျူးက ကျောက် မိန်ကို ပွေ့ဖက်၍လည်းကောင်း၊ ရွက်တိုင်စိုက်ထူရာ အပြင်ဘက်သို့ ထွက်လိုက်ကြရသည်။

အားကိုးရာမဲ့ အခြေအနေဆိုးနေကြစဉ် အရှေ့ဘက် ခပ် လှမ်းလှမ်းမှ တရွေ့ရွေ့ ခတ်လာသော အိုကြည် လှေကြီးများကို တွေ့ လိုက်ကြတော့သည်။ ကယ်တင်ရှင်လော၊ သေမင်းလော၊ ဟူကျင်း တို့အနေဖြင့် ကွဲကွဲပြားပြား မသိနိုင်ကြပေ။ သူတို့ကတော့ ရောက်လာ ကြပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လှေကြီးများ နီးကပ်လာသောအခါ ရွှေပန်းပွင့်သည် အိကြည်စကားဖြင့် ခန့်ညားစွာ အော်ဟစ်ပြောဆိုလိုက်တော့သည်။ ထိုအခါ အိကြည် လှေဦးများမှ စိစဥ်ညွှန်ကြားလာသော အကြီးအကဲသည် ရွှေပန်းပွင့် စကားကြောင့် ရုတ်တရက် မှင်သက်တွေဝေသွားကြောင်း တွေ့လိုက်ကြရသည်။ သို့သော် ချက်ချင်းလိုလိုပင် အိကြည်စကားဖြင့် တုံ့ပြန်ပြောဆိုလာသည်။ သူတို့နှစ်ယောက် အတန်ကြာမျှ အပြန်အလှန် ပြောပြီးသည်နှင့် နောက်ဆုံး သူတို့ထံသို့ လှေငယ်တစ်စင်း လှော်ခတ်လာသည်ကို တွေ့ရှိကြရသည်။

ထိုအခါ ရွှေပန်းပွင့်က ရှက်စွန်းအား ပြောလိုက်သည်။

'ရှက်စွန်း...ငါနဲ့ ရှောင်ချောင်းအရင် ကူးမယ်၊ ငါတို့ ဟိုမှာ ရှင်းလင်းစရာတွေ ရှိသေးတယ်၊ မင်းတို့ ဒီမှာ ခဏလောက် စောင့်နေကြပါ'

ရှက်စွန်းက ခက်ထန်စွာဖြင့် ပြန်ပြောလိုက်သည်။

'ရွှေပန်းပွင့် မင်းကို ငါ ယုံတယ်၊ ငါ့ကို သစ္စာဖောက်လို့ကတော့ ငါဂရုမစိုက်ဘူး၊ ငါ့သား ဟူကျင်းသာ တစ်ခုခု ဖြစ်သွားခဲ့ရင်တော့လား...၊ ဟင်း... သေတာတောင် ငါ မကျေဘူးကွ'

ရွှေပန်းပွင့်က မခိုးမခန့် ပြုံးလိုက်ရင်း...

'ဟင်း...ဟင်း...ဟင်း... တယ်တော်တယ်'

'မင်းရဲ့ မွေးစားသားကျတော့ မင်းက တန်ဖိုးထားလိုက်တာ၊ ငါကလည်း ငါ့ရဲ့ သမီးရင်းအတွက် တန်ဖိုးမထားရဘူးလား'



သူမသည် စကားဆုံးသည်နှင့် ရှောင်ချောင်း၏လက်ကိုဆွဲကာ လှေငယ်ထဲသို့ ခုန်ဆင်းသွားတော့သည်။ ထိုအခါကျမှသာ ရှောင်ချောင်းသည် ရွှေပန်းပွင့်၏ သမီးဖြစ်ကြောင်း အားလုံးက တိတိကျကျ သိရှိသွားကြရတော့သည်။

ထိုစဥ် ရွှေပန်းပွင့်တို့သည် အိကြည် လှေကြီးများထဲတွင် အကြီးဆုံးဖြစ်ဟန်ရှိသော လှေကြီးပေါ်သို့ တက်သွားကြပြီး အကြီးအကဲနှင့် အပြန်အလှန် စကားပြောနေကြောင်း ဟူကျင်းတို့ တွေ့မြင်နေကြရပေသည်။

ဟူကျင်းတို့၏ လှေကြီးမှာမူ ပို၍ပို၍ နစ်မြုပ်လျက် ရှိနေချေပြီ။ ရှက်စွန်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

'ဟူကျင်း... ငါတို့ မှားပြီထင်တယ်၊ ငါတို့ဟာ တစ်ဘက်သားကို တယ်ယုံလွယ်ကြသကိုး၊ ရွှေပန်းပွင့်က ငါ့ကို လိမ်သွားသလို ရှောင်ချောင်းကလဲ မင်းကိုလိမ်သွားတာပဲ၊ သူတို့ ငါတို့ကို ပြန်လာယူမယ်ဆိုတာ မဟုတ်နိုင်တော့ဘူး'

ကျောက်မိန်က နှုတ်ခမ်းကလေးကို မဲ့လျက် ပြောလိုက်သည်။

'မင်း...ရှောင်ချောင်းက ဟန်ဆောင်ပြီးတော့တောင် ငိုလိုက်သေးတယ်၊ အမှုအရာကတော့ သိပ်ကောင်းတာပဲ'

သို့ရာတွင် ချူကျူးကမူ...

www.burmeseclassic.com

www.burmeseclassic.com



'ရှောင်ချောင်းက အစ်ကိုဟူကျင်းအပေါ် တကယ် သံယောဇဉ်ရှိတာပါ၊ ကျွန်မသိပါတယ်၊ အစ်ကိုဟူကျင်းအပေါ် သူ ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ဘူး'

ချူကျူး၏ စကားကြောင့် အားလုံး ငြိမ်သက်သွားကြသည်။ ထိုစဉ် ရွေပန်းပွင့်နှင့် ရှောင်ချောင်းတို့ တက်ရောက်သွားကြသည့် လှေကြီးဆီမှ ဝမ်းသာအားရ ဟစ်အော်ကြွေးကြော် လိုက်သံများကို ကြားလိုက်ရသည်။

ထို ထူးခြားသည့် အသံများကြောင့် ဟူကျင်းတို့အားလုံး တစ်ဘက်လှေကြီးသို့ လှမ်းကြည့်လိုက်ကြရာ လှေပေါ်ရှိ အိကြည်ဂိုဏ်းသားအားလုံး လှေကုန်းပတ်ပေါ်တွင် ဒူးထောက်၍ အရိုအသေ ပေးနေကြသည်ကို တွေ့လိုက်ကြရသည်။ ထိုသို့ ဒူးထောက် အရိုအသေပေးနေကြသည့် လူများ၏ အလယ်တွင် မိန်းကလေးတစ်ယောက် သဏ္ဌာန် တစ်စုံတစ်ဦး ထိုင်နေကြောင်း တွေ့လိုက်ကြရ၏။ ဟူကျင်း၏ စိတ်ထဲတွင် ရှောင်ချောင်းနှင့် တူသည်ဟု ထင်မှတ်မိသည်။

ထိုသို့ အရိုအသေ ပေးပြီးချိန်တွင် လှေကလေးတစ်စင်းကို မိမိတို့ထံ စေလွှတ်ရန် စီစဉ်နေဟန် တွေ့လိုက်ကြရပြီး၊ ထင်မှတ်ထားကြသည့်အတိုင်းပင် လှေကလေးတစ်စင်းသည် နစ်မြုပ်လုလု မိမိတို့လှေကြီးရှိရာသို့ လော်ခတ်လာသည်ကို တွေ့ကြရတော့သည်။ အသေအချာ ကြည့်လိုက်သောအခါတွင် ထိုလှေကလေးပေါ်၌ ရှောင်ချောင်း



ပါလာသည်ကို တွေ့လိုက်ရသည်။ ရှောင်ချောင်းက ဝမ်းသာဝမ်းနည်း အသံကလေးဖြင့် ဟူကျင်းအား လှမ်းအော်ပြောကြားလိုက်သည်။

'အစ်ကိုလေး... ဒီလှေကလေးပေါ် ဆင်းခဲ့ကြတော့၊ ဟိုဘက်က လှေပေါ်ကို သွားကြမယ်၊ သူတို့ အစ်ကိုလေးတို့ကို ဒုက္ခ မပေးတော့ပါဘူး၊ ပေးစရာ အကြောင်းလဲ မရှိတော့ဘူး'

'ဘာဖြစ်လို့ ဒုက္ခမပေးတော့တာလဲ'

ကျောက်မိန်က မယုံကြည်သော အသံဖြင့် မေးလိုက်သည်။

'ရှင် ဘယ်လို မေးလိုက်တာလဲ၊ ကျွန်မက အစ်ကိုလေးကို ဒုက္ခရောက်အောင် လုပ်ပါ့မလား'

ရှောင်ချောင်းသည် ကျောက်မိန်၏ အသံသာဖြင့် မေးလိုက်သည့်မေးခွန်းကို ဒေါသသံကလေးဖြင့် ပြန်ဖြေလိုက်သည်။ ရုတ်တရက် ရက်စွန်းက ဖြတ်မေးလိုက်သည်။

'ရှောင်ချောင်း...မင်းဟာ အိကြည် အလင်းမဲ့ ဂိုဏ်းကြီးရဲ့ ဂိုဏ်းချုပ်ကြီး ဖြစ်သွားပြီ မဟုတ်လား'

ရှောင်ချောင်းသည် ရုတ်တရက် ခေါင်းငုံ့ချလိုက်သည်။ ပြည်သည့်စကားကိုမျှ ပြန်မပြောတော့၊ သို့သော် သူမ၏ အခြေအနေကို သူမ၏ မျက်ရည်များက ဖော်ပြနေတော့သည်။ ရှောင်ချောင်း၏ မျက်လုံးအိမ်များမှ မျက်ရည်များသည် တားမရ ဆီးမနိုင် တဖြိုင်ဖြိုင် ကျလာတော့သည်။

www.burmeseclassic.com



သူ၏နှလုံးသားများကို တစ်စုံတစ်ယောက်က ဖျစ်ညှစ်ဆုပ်ချေလိုက်သကဲ့သို့ ကျေမွမတတ် နာကျင်စွာ ခံစားလိုက်ရတော့သည်။ အခံရခက်လှသော ဝေဒနာသည် သူ၏ရင်ခွင်တစ်ခုလုံးကို ပြောင်းဆန်လှုပ်ရှားသွားအောင် မွှေနှောက် နေတော့သည်။

ဟူကျင်းသည် ဆို့နင့်သော လေသံဖြင့် မေးလိုက်သည်။

'ရှောင်ချောင်း...ဒီလို လုပ်ရတာ ငါ့ကြောင့် မဟုတ်လား ဟင်၊ ဟုတ်တယ်မဟုတ်လား၊ ငါ အသက်ရှင်လွတ်မြောက်ဖို့ မင်း စိတ်ဆန္ဒမရှိဘဲ လက်ခံလိုက်ရတာ မဟုတ်လား'

ရှောင်ချောင်းသည် ဟူကျင်း၏ စကားများကို မည်သို့မျှ ခွန်းတုံ့မပြန်နိုင်တော့။ သူမ မျက်လုံးများကို ဟူကျင်းထံသို့ မကြည့်ရဲတော့သဖြင့် ဟူကျင်းစကားများ မှန်ကန်လှကြောင်း ဝန်ခံလိုက်သကဲ့သို့ ဖြစ်သွားပေတော့သည်။ အမှန်တကယ်လည်း ဟူကျင်းအတွက် အီကြည်အလင်းမာန် ဂိုဏ်းချုပ်ရာထူးကို လက်ခံလိုက်ရခြင်း မဟုတ်ပါလား။

အချို့သော မိန်းကလေးများသည် နှလုံးသားဖြင့် ရွေးချယ်ရမည့် လမ်းကြောင်းနှင့် ဦးနှောက်ဖြင့် ရွေးချယ်ရမည့် လမ်းကြောင်းတို့ တစ်ခုမဟုတ် တစ်ခုကို ရွေးချယ်ရန် ကြုံကြိုက်သည့် အခါများတွင် နှလုံးသားဖြင့် ရွေးချယ်သည့်လမ်းကြောင်းကိုသာ လိုက်ကြမြဲ ဖြစ်ကြသည်။



ယခု ရှောင်ချောင်းမှာမူ ဦးနှောက်ဖြင့် ရွေးချယ်ရသည့် လမ်းကြောင်းသို့ လိုက်ခဲ့ရရှာသည်။ ချစ်သူကို ပစ်ပယ်ရှောင်ရှားလို၍ ဤလမ်းကြောင်းသို့ လိုက်ရခြင်းမဟုတ်။ ချစ်သူ ကောင်းစားရေးအတွက် ဟူကျင်းအသက်ရှင် လွတ်မြောက်ရေးအတွက် မိမိ၏ အသည်းနှလုံးကို အကြွေခံလျက် ဤလမ်းကြောင်းနောက်သို့ လိုက်ခဲ့ရှာခြင်း ဖြစ်တော့သည်။

ရက်စွန်းသည် သက်ပြင်းတစ်ချက် ရှိုက်ပြီး...

'ရွှေပန်းပွင့်မှာ ဒီလိုသမီးတစ်ယောက်ရှိတယ် ဆိုတာတော့ တကယ့်ကို ဂုဏ်ယူစရာပါပဲကွာ၊ ကဲ... ဟူကျင်းရေ၊ တို့ ဒီအတိုင်း ရပ်နေကြလို့တော့ မဖြစ်ချေဘူး၊ ဟိုဘက်လှေကြီးဆီ ကူးလိုက်ကြရအောင်'

သူတို့အားလုံး လှေငယ်ကလေးထဲသို့ ခုန်ဆင်းလိုက်ပြီး လှေကြီးရှိရာသို့ ကူးသွားကြတော့သည်။

လှေငယ်ကလေးသည် တစ်ဘက်လှေကြီးရှိရာသို့ တဖြည်းဖြည်းနီးလာသောအခါ ရွှေပန်းပွင့် ဘွားဘွားကိုယ်တိုင် အပါအဝင် လှေပေါ်ရှိ လူအားလုံးက ဒူးထောက်ဦးစိုက်ခြင်းဖြင့် သူတို့၏ [illegible]ချုပ်ကြီး ရှောင်ချောင်းကို ဆီးကြိုလိုက်ကြသည်။

ရှောင်ချောင်းသည် လှေကြီးပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဟူကျင်းတို့ အားလုံးအား အခန်းကိုယ်စီဖြင့် သက်



www.burmeseclassic.com

www.burmeseclassic.com



သော့င်သက်သာ နေထိုင်နိုင်ရန် စီစဉ်နေရာချပေး နိုင်းလိုက်တော့သည်။

အီကြည်ဂိုဏ်းသားများသည် ရှောင်ချောင်း၏ အမိန့်အတိုင်း သူတို့နားနေရမည့် အခန်းများသို့ လိုက်လံပို့ဆောင်ပေးကြတော့သည်။ ဟူကျင်းသည် သူနားရမည့် အခန်းသို့ ရောက်ရှိလာသောအခါ သူ့မျက်စိများကိုပင် မယုံနိုင်လောက်အောင် ဖြစ်သွားမိ၏။ အဘယ်ကြောင့်ဆိုသော် သူရောက်ရှိနေသည့် အခန်းသည် ကျယ်ပြန့်ရုံမက သေသပ်ခန့်ညားလှသောကြောင့်ပင် ဖြစ်တော့၏။

ဟူကျင်းသည် သူ၏ အဝတ်များကိုပင် မလဲနိုင်တော့ဘဲ သူ၏အခန်းကို စူးစမ်းနေစဉ် 'ချပ်'ခနဲ တံခါးပွင့်သွားပြီး လူတစ်ယောက် ဝင်လာသံ ကြားလိုက်ရသည်။ ဟူကျင်း လှည့်ကြည့်လိုက်သောအခါ ရှောင်ချောင်းဖြစ်ကြောင်း တွေ့လိုက်ရတော့သည်။ သူမ၏လက်ထဲတွင် ဝတ်စုံတစ်စုံကို ကိုင်ထားကြောင်း တွေ့ရပြီး ဟူကျင်းအား ဆွေးမြည့်ကြေကွဲစွာ ကြည့်ပြီး ဆို့နစ်စွာ ပြောလိုက်တော့သည်။

'အစ်ကိုလေး...ကျွန်မ အစ်ကိုလေးရဲ့ အဝတ်အစားတွေကို လဲပေးမယ်'

ဟူကျင်းသည် ရင်နင့်သွားပြီး ချောက်ကပ်ဆို့နစ်စွာဖြင့် ပြန်လည်ပြောကြားလိုက်သည်။





'ရှောင်ချောင်း...ရှောင်ချောင်း မင်းဟာ အခုဆိုရင် ဂိုဏ်းချုပ်ကြီးဖြစ်နေပြီ ဘယ့်နှယ့် ဒါမျိုးလာလုပ်ပေးရတာလဲ မိန်းကလေးရယ်'

ရှောင်ချောင်းသည် တိုးလျှိုးတောင်းပန်သော လေသံလေးဖြင့်...

'အစ်ကိုလေး... ဒီတစ်ခါ ပြုစုခြင်းဟာ အစ်ကိုလေးကို နောက်ဆုံး ပြုစုပေးသွားရခြင်းပါ၊ အခု... အခုတော့ အစ်ကိုလေးနဲ့ ကျွန်မ နောက်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် ပြန်တွေ့ကြဖို့ အကြောင်း မရှိတော့ဘူး၊ အစ်ကိုလေးကို ပြုစုချင်တယ်ဆိုလို့လဲ ပြုစုနိုင်ခွင့်ရတော့မှာ မဟုတ်ပါဘူး အစ်ကိုလေးရယ်'

ဟူကျင်းသည် အလွန် စိတ်ထိခိုက်သွားသဖြင့် မျက်ရည်များဝဲလာပြီး သူမ၏ ဆန္ဒကို လိုက်လျောလိုက်တော့သည်။

သူမသည် ပြုမူနေကျအတိုင်း အကျီလဲ၊ ကြယ်သီးများ တပ်ဆင်ပေးပြီးနောက် ဟူကျင်း၏ ဆံပင်များကို ဖြီးသင် ချည်ထုံးပေးတော့သည်။

ရှောင်ချောင်း၏ လက်များက ဇယ်ဆက်သလို တစ်ခုပြီး တစ်ခု လုပ်ကိုင်နေသလိုပင် မျက်နှာကို တစ်ဘက်သို့ လှည့်လျက် မျက်ရည်များစီးကျနေသည်ကို တွေ့လိုက်ရသောအခါ ဟူကျင်းသည် စိတ်ကို ထိုးဝ မထိန်းနိုင်တော့ဘဲ ရှောင်ချောင်း၏ ကိုယ်လုံးကလေးကို ရင်ခွင်ထဲဆွဲသွင်း၍ ပွေ့ဖက်ထားမိလေတော့သည်။ ရှောင်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ကလည်း တုန်ယင်စွာနှင့် ဟူကျင်းအား ပြန်လည်ပွေ့ဖက်ထားတော့သည်။ ဟူကျင်းသည် ရှောင်ချောင်းအား တရှိုက်မက်မက် နမ်းလိုက်ပြီး...

'ရှောင်ချောင်း... အစတုန်းက မင်းရဲ့ ဘဝမှန်ကို ဖုံးကွယ်ပြီး ငါ့ကို လိမ်ညာခဲ့လို့ စိတ်ဆိုးခဲ့မိတယ်၊ အခုတော့ ငါ့အသက်အတွက် မင်းဘဝကို စတေးပြီး ငါ့အပေါ် ဒီလောက်မေတ္တာထားတယ် ဆိုတာ သိလို့ ငါ့ရင်ထဲမှာ မချိတော့ပါဘူး ရှောင်ချောင်းရယ်'

ရှောင်ချောင်းသည် ဟူကျင်း၏ ကျယ်ပြန့်သော ရင်ခွင်ကို မှီကပ်ထားပြီး နူးညံ့တိုးတိတ်သော အသံကလေးဖြင့် ရှင်းပြရှာသည်။

'အစ်ကိုလေး...အစ ပထမတုန်းကတော့ အစ်ကိုလေးကို မညာမဖြစ်လို့ ညာခဲ့ရတာပါ၊ ဒါပေမယ့် အစ်ကိုလေးနဲ့တွေ့ပြီးတဲ့ နောက်ပိုင်းမှာ အစ်ကိုလေးနဲ့ ခွဲပြီး ဘယ်လိုမှ မနေနိုင်တော့ဘူး အမေက သူ့ရဲ့နေရာကို ဆက်ခံဖို့ ကျွန်မ ငယ်ငယ်ကလေးတည်းက ပြောထားပြီးသားပါ၊ တကယ်လို့ ဒီလိုအခြေအနေမျိုးသာ ရောက်မလာဘူးဆိုရင် အသက်သာ အသေခံမယ် အစ်ကိုလေးနဲ့ခွဲပြီး ဘယ်တော့မှ ဂိုဏ်းချုပ်မလုပ်ဘူး၊ ကျွန်...ကျွန်မ အစ်ကိုလေးနဲ့ မခွဲနိုင်ဘူး ဘယ်လိုမှ မခွဲနိုင်ဘူး'

သူမသည် ပြောရင်းပြောရင်း ရှိုက်ကြီးတငင် ငိုချလိုက်သည်။ ဟူကျင်းကိုလည်း တင်းကျပ်စွာ ပွေ့ဖက်ထားမိသည်။ သူ၏ တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင် ဖြစ်နေရှာတော့သည်။



ထိုစဉ် အခန်းအပြင်မှ ရွှေပန်းပွင့်၏အသံသည် နူးညံ့စွာ ထွက်ပေါ်လာ၏။

'ရှောင်ချောင်း...သမီးလေး၊ သမီးရဲ့ စိတ်ကို မထိန်းနိုင်ဘူးဆိုရင် ဟူကျင်းရဲ့ အသက်၊ အားလုံးရဲ့အသက် ဆုံးရှုံးရလိမ့်မယ်'

ရှောင်ချောင်းသည် ရွှေပန်းပွင့်၏စကားများကို ကြားလိုက်ရသောအခါ အိပ်ရာမှ လန့်နိုးလာသကဲ့သို့ ဆတ်ခနဲ တုန်လှုပ်သွားပြီး ဟူကျင်း၏ရင်ခွင်ထဲမှ ခွာလိုက်တော့သည်။ ရှောင်ချောင်းသည် တုန်ယင်နေသော အသံကလေးဖြင့် ဟူကျင်းအား ပြောလိုက်သည်။

'အစ်ကိုလေး...ကျွန်မနဲ့ အစ်ကိုလေးတော့ ဝေးကြပြီ၊ ကျွန်မကို မေ့လိုက်ပါတော့'

'ရှောင်ချောင်း...ဘာဖြစ်လို့ ငါတို့ ဝေးရမှာလဲ၊ ငါ ဟိုခေါင်းဆောင်တွေကို ပြန်ဖမ်းမယ်၊ ဓားစာခံလုပ်မယ်၊ ဒါဆိုရင် သူတို့လုံးဝ ထိထိရဲမှာ မဟုတ်ဘူး စောစောတုန်းကလိုပေါ့'

'ဟင့်အင်း...ဟင့်အင်း၊ ဒီတစ်ခါတော့ သူတို့က လည်သွားပြီ အခုဆိုရင် ဘကြီး ရက်စွန်းနဲ့ အားလီတို့ကို ဓားနဲ့ ချိန်ထားမှာသေချာတယ်၊ ကျွန်မတို့ တစ်ခုခုလုပ်တာနဲ့ ကျွန်တဲ့လူတွေ အားလုံးကို သတ်ပစ်လိုက်မှာပဲ အစ်ကိုပြောတဲ့ နည်းနဲ့ကတော့ မဖြစ်နိုင်တော့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ချောင်းသည် ပြောပြောဆိုဆိုနှင့်ပင် တံခါးကို ဆွဲဖွင့်လိုက်ရာ အပြင်ဘက်မှ သူမ၏မိခင် ရွှေပန်းပွင့်ကို တွေ့လိုက်ကြရသည်။ သူမ၏ နောက်ဘက်တွင်မူ အီကြည်ဂိုဏ်းသားနှစ်ယောက်တို့သည် သူတို့၏ ပြောင်လက်တောက်ပနေသော ဓားရှည်ကြီးနှစ်ချောင်းဖြင့် ချိန်ရွယ်လျက် ရှိနေသည်ကို တွေ့လိုက်ရတော့သည်။ အီကြည်ဂိုဏ်းသားများသည် ဤအကြိမ်၌ ချွတ်ယွင်းချက် လစ်ဟင်းချက်များ မရှိစေရန် အစစအရာရာ သတိဝီရိယနှင့် အသင့်ပြင်ဆင်ထားကြလေပြီတကား။

ရှောင်ချောင်းသည် ကုန်းပတ်ပေါ်သို့ ရှေးဦးစွာ တက်သွားပြီး ဟူကျင်းအား ခေါ်လိုက်သည်။ ထိုအခါ အီကြည်ဂိုဏ်းသားများသည် ရုက်စွန်း၏ နောက်ကျောကို ဓားဖြင့်အသင့် ထိုးချိန်ထားကြောင်း တွေ့လိုက်ရပြန်တော့သည်။

ဟူကျင်းတို့အတွက် မလူးသာ မလွန့်သာသော အခြေအနေသို့ ရောက်ရှိခဲ့ရလေပြီ။ ရှောင်ချောင်းက အနစ်နာခံမှသာ သူကို အားလုံး လွတ်မြောက်ကြရပေတော့မည်။

ရှောင်ချောင်းသည် အားလီအတွက် အဆိပ်ဖြေဆေး ပေးပြီး ကုသစေလိုက်၏။ ရှောင်ချောင်းသည် ဟူကျင်းအား ပြောလိုက်သည်

'အစ်ကိုလေးတို့ကို ပြန်ပို့ပေးဖို့ သူတို့ကို ကျွန်မ တာဝန်ပေးလိုက်ပါမယ်၊ အစ်ကိုလေးအတွက် အီကြည်မြို့ကနေ အမြဲတမ်း ဆုမွန်ကောင်းတောင်းနေပါမယ်'



သူမစကားများသည် ပြောရင်းပြောရင်း နစ်ဝင်သွားတော့၏၊ ဟူကျင်းမှာမူ လုံးဝစကားမပြောနိုင်တော့။ ရှောင်ချောင်းကို နောက်ဆုံးအနေဖြင့် တစ်ချက်မျှ ကြည့်လိုက်ပြီး သူတို့အတွက် ပေးထားသည့် လှေပေါ်သို့ ခုန်ဆင်းလိုက်တော့သည်။

ဟူကျင်းတို့၏ လှေသည် ရှောင်ချောင်းတို့၏ အီကြည်လှေကြီးများနှင့် တရွေ့ရွေ့ ဝေးကွာသွားတော့သည်။ အီကြည်လှေကြီးပေါ်မှ သနားစဖွယ် ရှောင်ချောင်းခများမှာ သူမ၏လက်ကလေးကို အဝေးတကော ဝှေ့ယမ်းလျက် ရှိနေသေးသည်ကို ရင်နင့်စဖွယ် တွေ့ကြရသည်။

ဟူကျင်း၏ ရင်တွင်းမှာမူ ကြေကွဲလွန်းလှသဖြင့် သက်ပြင်းချလျက် ခိုးရှိုက်လိုက်ရသည်။

'ဝေးကြပြီပေါ့ မိန်းကလေးရယ်'

နောက်ဆုံး ရှောင်ချောင်း၏ ပုံသဏ္ဌာန်ကလေးသည် တဖြည်းဖြည်းနှင့် တမွှားမွှား ပုံသဏ္ဌာန်မှ လုံးဝပျောက်ကွယ်သွားတော့သည်

အားလီသည် ရှောင်ချောင်း ပေးသည့်ဆေးကို လိမ်းကျံကုသောလည်း သက်သာခြင်း မရှိပေ။ လျို့ဝှက်လက်နက်ဒဏ်ရာ ဒဏ်ချက်ပြင်းထန်လှသော ဆင့်ကဲ အများရောဂါ ဝင်လာခြင်းဖြစ်ရာ ရှောင်ချောင်းပေးသည့် အဆိပ်ဖြေဆေးက အားလီအတွက် ဆေးစွမ်းမပြနိုင် ဖြစ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလီ၏ ရောဂါအခြေအနေသည် သက်သာလာသည် မရှိဘဲ တစ်နေ့တခြားဆိုးရွားလာသောအခါ ဟူကျင်း အလွန်စိတ်ပူလာသည်။

တတိယနေ့ရောက်သောအခါ သူတို့သည် ကျွန်းကလေး တစ်ကျွန်းကို တွေ့လိုက်ရသဖြင့် ထိုကျွန်းကလေး၌ ဆိုက်ကပ်လိုက်ရန် လှေထိုးသားအား ဟူကျင်းက အမိန့်ပေးလိုက်သည်။ ဟူကျင်းအနေဖြင့် ရည်ရွယ်ချက်ရှိသဖြင့် ဤကျွန်း၌ ဆိုက်ကပ်စေခြင်း ဖြစ်သည်။ ယခုကဲ့သို့ လှေထဲ၌သာနေပြီး ခရီးဆက်ထွက် နေပါက အားလီမှာ ကုသရန် ဆေးမရှိဘဲ ရေတိမ်မှာ နစ်သွားနိုင်သည်။ ကျွန်းတစ်ခုခု၌ ဆိုက်ကပ်ပြီး ဆေးရွက်ဆေးမြစ်များ ရှာဖွေကုသလိုက်ပါက အသက်ချမ်းသာရာရနိုင်သည်။ နောက်ဆုံးတွင် သူတို့အားလုံး ကျွန်းပေါ်သို့ တက်ရောက်ကြတော့သည်။

ဟူကျင်းသည် ကျွန်းပေါ် ရောက်လျှင်ရောက်ခြင်း ဆေးမြစ်ဆေးဥများကို ရှာဖွေတော့သည်။ ဆေးမြစ်ဆေးဥများ ရှာဖွေတွေ့ရှိသည်မတွေ့ရှိသည်ဆိုသည့် အချက်ပေါ်၌ အားလီ၏အသက် တည်ရှိနေပေသည်။ သို့သော် ကံကြမ္မာသည် အားလီကို လှောင်ပြောင်လျက်ရှိနေချေပြီ၊ တစ်မျိုးတည်းသော ဆေးရွက်ကိုသာ ဟူကျင်း ရှာဖွေရရှိခဲ့ရသည်။

နေမင်းကြီးသည် အနောက်ဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့ပြီ။ ညဘက်ရောက်သည်နှင့် ဟူကျင်းသည် မီးပုံကြီးတစ်ပုံ ဖိုလိုက်ပြီး မီးပုံကြီး ပတ်လည်တွင် အားလုံးဝိုင်းထိုင်စေသည်။



ထိုအချိန်တွင် အားလီသတိရလာသည်။ သူမသည် ရောဂါဝေဒနာ ခံစားရမှုမှ အနည်းငယ် သက်သာလာပုံရသည်။ သူမက ဟူကျင်းအား ပြောလိုက်၏။

'မွားလေး... ဒီမှာနေရတာ ငါ နည်းနည်းသက်သာတယ်၊ ဒီမှာပဲ အိပ်ကြရအောင်နော် လှေပေါ်ကို မသွားကြပါနဲ့၊ လှေပေါ်မှာ နေရတာ သိပ် မသက်သာဘူး'

အားလုံးသော လူများသည် အားလီကို ဝိုင်းဝန်း ဂရုစိုက် နေကြသူများဖြစ်ရာ အားလီ၏ စကားကို လက်ခံလိုက်ကြသည်။ ကျွန်းပေါ်၌ပင် စိတ်ချလက်ချ အိပ်လိုက်ကြတော့သည်။

ဟူကျင်း၏ မျက်စိတွင် ကျိန်းစပ်စပ် ဖြစ်လာသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ နံနက်မိုးသောက် အလင်းရောက်လျက် နေမင်းကြီးပင် အမြင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့ရှိရတော့သည်။

ဟူကျင်းသည် အိပ်ရာမှ နိုးသည်နှင့် လှေကြီးရှိရာသို့ စတင်လှမ်းကြည့်လိုက်မိသည်။

'အလို ဘုရား...ဘုရား... လှေကြီးမရှိတော့ပါကလား'

ဟူကျင်း၏ ရင်ခွင်တစ်ခုလုံး ဗလောင်ဆူသွားတော့သည်။ ထို့ကြောင့် ကမ်းစပ်၌ အခြေအနေစုံစမ်းရန် ခုန်ပျံသွားထလိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါ ဟူကျင်း တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားမှုတို့ဖြင့် ဖုံးလွှမ်းသွားရတော့သည်။ အဘယ်ကြောင့်ဆိုသော် သူ၏ခြေထောက် နှစ်ဘက်စလုံးမှာ လုံးဝ အားမရှိဘဲ ပျော့ခွေနေသောကြောင့်ပေတည်း။

ဤသို့သော အဖြစ်မျိုးကို သူ့ဘဝ သူ့တစ်သက်တာ အတွင်း တစ်ကြိမ်တစ်ခါမျှ မကြုံဖူးခဲ့ချေ။ ထို့ကြောင့် ထိတ်လန့် တကြား အော်လိုက်မိသည်။

'အမေကြီး...အမေကြီး'

ဟူကျင်း ဤသို့ အော်ဟစ်လိုက်ရခြင်းမှာ မိမိ၌ ထူးဆန်းသောရောဂါတစ်ခု ခံစားလိုက်ရသကဲ့သို့ပင် မိမိ၏ မွေးစားဖခင်ကြီးသည်လည်း တစ်စုံတစ်ခု ဖြစ်သွားလေပြီလားဟု စိုးရိမ်စိတ်ကြောင့် အော်ခေါ်လိုက်ခြင်းသာ ဖြစ်သည်။

ဟူကျင်းသည် ခြေထောက်များ ပျော့ခွေနေသော်လည်း ရှက်စွန်းရှိရာသို့ အမြန်ဆုံး သွားရောက်ကြည့်ရှုမိသည်။ ရှက်စွန်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကို တွေ့လိုက်ရသောအခါမှ စိတ်အေးချမ်းမှု ရသွားသည်။

ထိုမှတစ်ဖန် ကျောက်မိန်၊ ချူကျူးနှင့် အားလီတို့ အိပ်စက်နေရာသို့ သွားရောက်စူးစမ်း ကြည့်ရှုလိုက်သည်။ ချူကျူးနှင့် အားလီတို့နှစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြသည်ကိုသာ တွေ့လိုက်ရပြီး ကျောက်မိန်ကိုမူ မတွေ့ရတော့ချေ။



ဟူကျင်းသည် အားလီကို ရုတ်တရက် ပြန်ကြည့်မိသည်။ အားလီ၏ မျက်နှာတစ်ခုလုံးသည် သွေးသံရဲရဲ ဖြစ်နေကြောင်း တွေ့လိုက်ရသဖြင့် ဟူကျင်း အထိတ်တလန့် ဖြစ်သွားပြန်သည်။ ဟူကျင်းသည် အားလီ၏ မျက်နှာကို အသေအချာ ငုံ့ကြည့်လိုက်သော အခါ သူမ၏ မျက်နှာတွင် ဓားဒဏ်ရာများပင် ဖြစ်ပေသည်။

ဟူကျင်းသည် စိုးရိမ်တကြီးဖြင့် သူမ သွေးခုန်နှုန်းကို စမ်းသပ်ကြည့်ရှုလိုက်သည်။ အားလီ သေတော့ မသေသေး။ ဖြေးညှင်းစွာ သွေးခုန်နေသေးသည်ကို စမ်းသပ်မိလိုက်သည်။

ဟူကျင်းသည် ချူကျူးကိုလည်း ပြန်လည် စစ်ဆေးကြည့်လိုက်သည်။ ချူကျူးသည်လည်း နားရွက်တစ်ဘက် အနည်းငယ်ပြတ်ခံထားရကြောင်း တွေ့ရှိရသည်။ ထိုဒဏ်ရာမှ သွေးများ စီးကျနေသည်။

သို့သော် သူမသည်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်သာ ရှိနေပေသတည်း။

✣ ✣ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



# ငှက်ကလေးပျံသွားပြီ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈၂)

## ငှက်ကလေးပျံသွားပြီ

အလွန်ဆိုးရွားလှသော အဖြစ်အပျက်သည် ဤကျွန်းက ...းပေါ်၌ ဖြစ်ပေါ်ခဲ့ရပြီ။ ဟွကျင်းသည် ချူကျူးနှင့် အားလီတို့၏ ...က်နှာကလေးကို ကြည့်ပြီး များစွာ စိတ်သောက ရောက်နေသည်။ ...သည် ချူကျူးကို လှုပ်နှိုးလိုက်သည်။ ချူကျူး မနိုးချေ။ ထို့ကြောင့် ...ကြမ်းကြမ်း လှုပ်နှိုးလိုက်ပြန်သည်။ မည်သို့ပင် လှုပ်နှိုးနေသော် ...ည်း ချူကျူးလုံးဝ နိုးမလာ။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်း နားလည်လိုက်ပြီ၊ မိမိတို့ အားလုံး အဆိပ်သင့်နေကြခြင်းဖြစ်သည်။ ယခု မိမိကိုယ်တိုင်ပင် အားအင် ဟူ၍လုံးဝမရှိတော့ဘဲ တစ်ကိုယ်လုံး ချည့်နဲ့သကဲ့သို့ ခံစားနေရသည် မဟုတ်ပါလား။

ဟူကျင်းသည် ရက်စွန်းထံသို့ ပြေးသွားပြန်ကာ လှုပ်နှိုးလိုက်ပြန်တော့သည်။ ရက်စွန်းကိုလည်း လွယ်လွယ် နှိုးမရပြန်ချေ။

အတန်ကြာမှ ရက်စွန်းသည် အိမ်မှုန်စုံမွှားနှင့် ထထိုင်ပြီး မေးလိုက်သည်။

'ဟူကျင်း ဘာဖြစ်လို့လဲ'

'အဖေကြီး ကျွန်တော်တို့တော့ ကောင်းကောင်း ဒုက္ခရောက်နေပြီ'

ဟူကျင်းက လေကြီး မရှိတော့သည့် အကြောင်းနှင့် အားလေ နှင့် ချူကျူးတို့ မျက်နှာများ၌ ဒဏ်ရာရခဲ့သည့် အကြောင်းများကို ပြောပြလိုက်သည်။

ဟူကျင်း၏ စကားများကို ကြားလိုက်ရသောအခါ ရက်စွန်း တုန်လှုပ်သွားပြီး မေးခွန်းတစ်ခု ထပ်မေးလိုက်ပြန်သည်။

'ကျောက်မိန်ကော'

'ကျောက်မိန် မရှိတော့ဘူး၊ သူ တစ်ယောက်ပဲ ပျောက်သွားတာ'



ဟူကျင်းသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။ သူ၏ အတွင်းအားကို ထုတ်၍ ကိုယ်တွင်း၌ လှည့်ပတ်နိုင်ရန် ကြိုးစားကြည့်သည်၊ သို့သော် သူ ထုတ်၍ မရတော့။ သူ၏ ကိုယ်တွင်း၌ အတွင်းအားများ မရှိတော့သည် ပမာနှယ်။

ဟူကျင်းသည် အခြေအနေကို ရှင်းပြလိုက်သည်။

'အဖေကြီး... ကျွန်တော်တို့ အကြောပျော့ အဆိပ်သင့်နေကြတာ၊ ဒီအဆိပ်အကြောင်း ကျွန်တော် သိတယ်'

ဂိုဏ်းကြီး ခြောက်ဂိုဏ်းကို ဖမ်းဆီးခဲ့ရာတွင် ကျောက်မိန်သည် ဤအကြောပျော့ အဆိပ်ကို အသုံးပြု၍ ဖမ်းဆီးခဲ့သည် မဟုတ်ပါလား။

ရက်စွန်းသည် ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။ သို့သော် သူ့ခြေထောက်များသည်လည်း အားအင် ချည့်နဲ့လျက် ဖြစ်နေတော့သည်။ ရက်စွန်းသည် ရုတ်တရက် မေးလိုက်သည်။

'ဟူကျင်း... နဂါးနိုင်ဓားနဲ့ တိမ်လွှာဓားကော သူ ယူသွားသလား'

ဟူကျင်းသည် ရက်စွန်းပြောမှ သတိရပြီး စိုးရိမ်တကြီး ရှာမိတော့သည်။ ဓားနှစ်ချောင်းစလုံး မတွေ့ရတော့ပြီ။ ဟူကျင်းသည် ကြိတ်မနိုင် ခဲမရ ဖြစ်လာသဖြင့် မျက်ရည်များပင် ကျလုလုဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓားများ အခိုးခံရ၍ နှမြောသည် မဟုတ်။ မိမိတို့ အတိဒုက္ခ ရောက်နေချိန်တွင် ကျောက်မိန့်သည့် ရေနစ်သောသူကို ဝါးကူ၍ထိုး ဆိုသကဲ့သို့ မိမိတို့အပေါ် သစ္စာဖောက်ရက်သဖြင့် ကြိတ်မနိုင် ခဲမရ ဒေါသဖြစ်ရခြင်း ဖြစ်တော့သည်။

ဟူကျင်းသည် ဒေါသကြောင့် အတန်ကြာမျှ သတိလက် လွတ်ဖြစ်နေပြီးမှ အားလီ၏ ဒဏ်ရာကို သတိရပြီး အလျင်အမြန် ပြေးကြည့်ရတော့သည်။

အားလီ၏ မျက်နှာမှသွေးများကို ရေဦးစွာ သန့်ရှင်း သုတ် သင်ပေးလိုက်သည်။ ဓားဒဏ်ရာများကို ကြည့်လိုက်သောအခါ ဒဏ်ရာများသည် သေးသွယ်သော ဒဏ်ရာများ ဖြစ်နေသဖြင့် နဂါးနိုင် ဓားဖြင့် ခြစ်ထားသော ဒဏ်ရာများနှင့် တိမ်လျှာဓားဖြင့် ခြစ်ထားသော ဒဏ်ရာများဖြစ်ကြောင်း သိလိုက်ရသည်။

အားလီ၏ မျက်နှာသည် ယခင်က ဝင့်ကူအဆိပ်မျှ ပြည့် နေသဖြင့် ယောင်ကိုင်းမည်းနက်နေသော်လည်း ယခု ဓားဒဏ် ချက်များကြောင့် အဆိပ်များ ထွက်သွားသဖြင့် အယောင်ကျသွားကာ အားလီ၏ ယခင်က ချစ်စဖွယ်မျက်နှာကလေး ပြန်ပေါ်လာတော့ သည်။ သို့ရာတွင် များပြားလှသော ဓားဒဏ်ရာများက အားလီ၏ ချစ်စရာမျက်နှာကလေးကို ပြန်လည် ဖျက်ဆီးထားလျက် ရှိနေပြန်ပြီ ဖြစ်၏။ ထိုဓားဒဏ်ရာများကြောင့် အားလီ၏ မျက်နှာကလေးသည် ကြောက်မက်ဖွယ်ရာဖြစ်နေကြောင်း တွေ့ရပြန်သည်။



ဟူကျင်းသည် အံကို တင်းတင်းကြိတ်ရင်း ရေရွတ်လိုက် သည်။

'ကျောက်မိန့်... ကျောက်မိန့်... နောင်တစ်ချိန်ချိန်မှာ မင်းဟာ ငါ့လက်ထဲ ကျရဦးမှာပေါ့၊ အေး...ငါ့လက်ထဲရောက်လို့မှ မင်း မျက် နှာကို ဓားနဲ့ ဆယ်ချက်လောက် မခြစ်နိုင်ရင်တော့ ငါဟာ လူ ယောက်ျား မဟုတ်တော့ဘူး'

ဟူကျင်းသည် ဆေးမြက်ပင်များကို ခူးယူလိုက်ပြီး ပါးစပ် ဖြင့် ဝါးချေကာ အားလီ၏ မျက်နှာကို လိမ်းပေးလိုက်သည်။ မိမိ၏ နားရွက်မှ ဒဏ်ရာကိုလည်း ဆေးမြက်ဖြင့်ပင် ဝါး၍ လိမ်းပေးလိုက်သည်။

ထိုအချိန်တွင် ချူကျူးသည် တစ်ချက်မျှ သမ်းလိုက်ပြီး အိပ်ရာမှ နိုးလာတော့သည်။ သူမသည် မျက်စိဖွင့်လိုက်သည်နှင့် ဟူကျင်းက သူမ မျက်နှာကို ပွတ်သပ်ကိုင်တွယ်နေသည်ကို တွေ့ လိုက်ရသောအခါ မျက်နှာတစ်ခုလုံး ရှက်သွေးဖြန်း နီရဲသွားတော့ သည်။

ဟူကျင်းကို လက်ဖြင့် အတင်းတွန်းဖယ်ပြီး ပြောလိုက် သည်။

'အစ်ကို ဟူကျင်း...ဒါ ဘာလုပ်တာလဲ'

သူမ၏စကား မဆုံးမီပင် သူမ၏ နားတစ်ဖက်မှ နာကျင်မှု ခံစားလိုက်ရသဖြင့် နားကို လက်ဖြင့် စမ်းလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်ချင်းပင် အလန့်တကြား အော်ဟစ်မိတော့သည်။ သူမသည် ရုတ်တရက် ခုန်ထလိုက်ပြီး...

'ကျွန်မနား... ဘာဖြစ်သွားသလဲဟင်၊ ဘာဖြစ်သွားသလဲ အစ်ကိုဟူကျင်း၊ ပြောစမ်းပါ'

သူမ၏စကားပင် မဆုံးသေး။ သူမ၏ ဒူးများ ညွတ်ခွေကျသွားပြီး ဟူကျင်း၏ ရင်ခွင်ထဲသို့ ပြိုလဲကျသွားတော့သည်။

ဟူကျင်းသည် ချူကျူး၏ ခန္ဓာကိုယ်ကလေးကို လျင်မြန်စွာ ပွေ့ဖက်လိုက်ရသည်။

'ချူကျူး...ဘာမှ မကြောက်နဲ့နော်'

ထိုစဉ် ချူကျူးသည် အားလီ၏ မျက်နှာကို တွေ့မြင်လိုက်ရသောအခါ ထိတ်လန့်ဖွယ်ရာများကို ဆက်တိုက် တွေ့ကြုံနေရပေတော့သည်။

'ကျွန်မ...ကျွန်မလဲ ဒီလိုဖြစ်သွားပြီလား'

'ဟင့်အင်း...မင်းဒဏ်ရာက နည်းနည်းလေးပါ၊ အားလီလို မျက်နှာမှာ ရလိုက်တဲ့ ဒဏ်ရာတော့ မဟုတ်ပါဘူး'

'ဒါ... ဟို အိုးကြည်တွေရဲ့ လက်ချက် မဟုတ်ဘူး၊ ဒါဟာ... ကျောက်မိန်ရဲ့ လက်ချက်ပဲ၊ မနေ့ညတုန်းက ငါတို့စားတဲ့အစာတွေထဲမှာ အဆိပ်ခတ်လိုက်တာပဲ ဖြစ်ရမယ်'



ချူကျူးသည် သူမ၏နားရွက်ကို ကိုင်၍ ငိုလေတော့သည်။ ထို့ကြောင့် ဟူကျင်းက ချော့မော့နှစ်သိမ့်နေရတော့သည်။

'ချူကျူး... မငိုပါနဲ့ကွယ်၊ မင်း ဒဏ်ရာကလေးက နည်းနည်းလေးပါ၊ အားလီထက်စာရင် အများကြီး ကံကောင်းပါတယ်'

ထိုအခါ ချူကျူးက မလိုတမာ အသံကလေးဖြင့် ပြောလိုက်သည်။

'အစ်ကို ဟူကျင်းက ခုထက်ထိ သူ့ရဲ့ ကျောက်မိန်ဘက်က ကာကွယ်ပြောနေတုန်းပဲ၊ သူ့ ကျောက်မိန်ကို အပြစ်ပြောမှာများ သိပ်ကြောက်တာပဲ'

ဟူကျင်းသည် ချူကျူး၏ စကားကို နားမလည်သဖြင့် ဒေါသဖြင့် ပြန်ပြောလိုက်သည်။

'ငါ သူ့ကို ဘယ်မှာ ကာကွယ်လို့လဲ၊ ဘယ်တော့မှ မကာကွယ်ဘူး ဒီလောက်တောင် ရက်စက်တဲ့ မိန်းမကို ငါက ဘာဖြစ်လို့ ညှာရမှာလဲ အားလီကို ဘယ်လောက် ရက်ရက်စက်စက် လုပ်ခဲ့သလဲ၊ နောက်တစ်ခါတွေ့ရင် သူ့ကို ဘယ်တော့မှ မညှာဘူး'

ဟူကျင်းသည် ဒေါသဖြင့် ကြိမ်းမောင်းနေသော်လည်း အကယ် စင်စစ် သူတို့၏ လက်ရှိအခြေအနေသည် အလွန် စိတ်ပျက်ဖွယ်ရာ အခြေအနေဖြစ်ကြောင်း သတိရလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က သတိလစ်လျက်ရှိနေပြီး ကျန်သုံးယောက်တို့မှာ အားအင် ကုန်ခမ်းလျက် ချည့်ချည့်နဲ့နဲ့ ဖြစ်နေကြသည်။ သို့ရာတွင် အတွင်းအားသည် သူ၏ ခန္ဓာကိုယ်တွင် လုံးဝ မပါမလာဘဲ ဖြစ်နေသည်။ အတွင်းအား ပြန်လည်ရရှိရန် ကျောက်မိန်တစ်ဦးတည်းထံ၌ ရှိနေသော အကြောပျော့ အဆိပ်ဖြေဆေးကို စားမှသာ ဖြစ်နိုင်ပေသည်။

သို့သော် ဟူကျင်းသည် လေးနက်စွာ စဉ်းစားကြည့်မိသည်။ ဤကဲ့သို့ လက်လျှော့ အရှုံးပေးမည့်အစား မိမိ၏ နက်ရှိုင်းသော သိုင်းပညာ၏ အင်အားဖြင့် အကြောပျော့အဆိပ်ကို တိုက်ထုတ်ပစ်ရန် ဆုံးဖြတ်လိုက်သည်။

သို့နှင့် သူသည် နေစကြာ သိုင်းကျင့်စဉ်တွင် ပါသောနည်းကို သုံး၍ တစ်ကိုယ်လုံးတွင် ပျံ့နှံ့နေသော အဆိပ်များကို ချက်အောက်သို့ ရောက်အောင် စုစည်းလိုက်သည်။ ဤနည်းသည် အလွန်ခက်ခဲလှသော နည်းဖြစ်ပေသည်။ နေစကြာသိုင်းကျင့်စဉ်ကို ကောင်းစွာ တတ်ကျွမ်းမှသာ ဤနည်းအတိုင်း ပြုလုပ်နိုင်ပေမည်။

ထို့ကြောင့် ဟူကျင်းအနေဖြင့် ရှုက်စွန်းနှင့် ချူကျူးတို့ကို မသင်ကြားပေးနိုင်ပေ။

သူပြုလုပ်နိုင်သည့်နည်းမှာ တစ်ခုတည်းသာ ရှိပေသည်။ သူ၏ အတွင်းအား လုံးဝ ပြည့်လာမှသာလျှင် သူတို့နှစ်ယောက်၏



အဆိပ်များကို ကူညီတိုက်ထုတ်ပေးနိုင်မည်ဖြစ်လေသည်။ ဟူကျင်းသည် သူ၏ ခန္ဓာကိုယ်တွင်းမှ အဆိပ်များကို တိုက်ထုတ်ရန် ကြိုးပမ်းမှုမှာ အပြောလွယ်သလောက် အလုပ်ရ အလွန်ခက်သော ကိစ္စ ဖြစ်နေသည်။

ခုနစ်ရက်တိတိ လေ့ကျင့်လိုက်သော်လည်း ကိုယ်တွင်းရှိ အဆိပ်များ ဆယ်ပုံပုံ သုံးပုံခန့်မျှကိုသာ တိုက်ထုတ်နိုင်ခဲ့သည်။

ဂိုဏ်းကြီးခြောက်ဂိုဏ်းမှ သိုင်းသမားများသည် ဤအဆိပ်အမိခံလိုက်ရစဉ်က သူတို့၏ အတွင်းအားများကို လုံးဝပြန်လည်ဆောင်းခြင်း မပြုနိုင်ခဲ့ပေ။ မိမိ၏ ကိုယ်တွင်းမှ အဆိပ်ကို မိမိ၏ သိုင်းပညာဖြင့် ဆယ်ပုံသုံးပုံခန့် တိုက်ထုတ်နိုင်သူဆို၍ ဤလောကအတွင်း၌ ဟူကျင်း တစ်ယောက်သာ ရှိပေတော့သည်။

ရှုက်စွန်းနှင့် ချူကျူးတို့နှစ်ယောက်အဖို့မူ ရိက္ခာရှာဖွေရန် တာဝန်ယူကြရသည်။ တစ်နေ့တစ်နေ့ ငါးဖမ်းခြင်း၊ ငှက်ပစ်ခြင်းဖြင့် လူလေးယောက်အတွက် ရိက္ခာကို ရှာဖွေပေးကြသည်။

ရှုက်စွန်းနှင့် ချူကျူးတို့သည် ကျောက်မိန်အကြောင်းနှင့် ပတ်သက်၍ လုံးဝ မဟာသဖြင့် ဟူကျင်းသည် အနေရအထိုင်ရ ခက်သည်။ ကျောက်မိန်ကို ဤခရီးလမ်းသို့ ခေါ်ဆောင်ခဲ့သူမှာ မိမိပင် ဖြစ်ပါလော။ ထို့ကြောင့် မိမိမှာ အဓိက တရားခံ ဖြစ်နေသကဲ့သို့ ခံစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်း၏ အဆိပ်များ တစ်နေ့တခြား လျော့ပါးလာသော်လည်း အားလီ၏ ဒဏ်ရာများမှာမူ တစ်နေ့တခြား ပြင်းထန်လာတော့သည်။ ဤကျွန်းတွင် ဆေးမြစ်၊ ဆေးရွက်ဟူ၍ လုံးဝရှာဖွေ မရသဖြင့် ဟူကျင်းမှာ ဆေးပညာကျွမ်းသူ ဖြစ်ပါသော်လည်း မည်သို့မျှ ဆောင်ရွက်ခြင်း မပြုနိုင်တော့ပေ။

ဟူကျင်းသည် အားလီ၏ မျက်နှာကလေးကို တစိမ့်စိမ့် ကြည့်ရင်း အလွန် ဝမ်းနည်းလာသဖြင့် မျက်ရည်များ စီးကျလာတော့သည်။ သူ၏မျက်ရည်စက်များသည်အားလီ၏ မျက်နှာပေါ်သို့ ကျသွားသဖြင့် အားလီသည် မျက်လုံးများ ပွင့်လာပြီး တစ်ချက် ပြုံးလိုက်သည်။

'နှားလေး.... မင်းဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့နော်၊ ငါ ဟိုသရဲလေး ကျန်းဟူကျင်းဆီ သွားရတော့မှာပါ၊ ငါ သူ့ကို တွေ့ရင် ပြောလိုက်ပါ့မယ်၊ လူ့ပြည်မှာ နေတုန်းက နှားလေး ဆိုတဲ့လူဟာ ငါ့အပေါ် သိပ်ကောင်းခဲ့တယ်လို့'

ဟူကျင်းမှာမူ ရင်ဆို့နေသည်။ သူမအား မိမိ၏ အဖြစ်မှန်ကို ပြောပြရကောင်းမလားဟု စဉ်းစားလိုက်မိသည်။

ထိုစဉ် အားလီသည် သူ၏ လက်နှစ်ဘက်ကို အတင်းဆုပ်ကိုင်လိုက်ပြီး...



'နှားလေး ငါ့စိတ်ထဲမှာ သိပ်ကြောက်နေတယ်၊ ငါသေသွားလို့သူနဲ့ သွားတွေ့ရင် အစတုန်းကလို ကြမ်းကြမ်းတမ်းတမ်းများ ဆက်ဆံနေဦးမလား မသိဘူး'

ဟူကျင်းသည် အားလီ၏ မျက်နှာမှာ နီမြန်းလျက် အရောင်များတောက်ပလာသည်ကို တွေ့လိုက်ရသောအခါ လွန်စွာ စိုးရိမ်ထိတ်လန့်မိတော့သည်။ ငြိမ်းကာနီး ဆီမီးခွက်သည် ပိုမို တောက်ပတတ်ကြသည် မဟုတ်ပါလား'

'ဒါဟာ သေခါနီးလူတွေမှာ ဖြစ်တတ်တဲ့ အရိပ်လက္ခဏာတွေပဲ'

ဟူကျင်းသည် အားလီ၏ စကားကို ရုတ်တရက် သတိရလိုက်ပြီး အကောင်းဆုံးစကားကို စဉ်းစား၍ ပြောလိုက်မိတော့သည်။

'သူ...သူဟာ နင့်အပေါ် တစ်သက်လုံး နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ဆက်ဆံသွားမှာပါ။ အရင်တုန်းက နင့်အပေါ်မှာ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံခဲ့တာတွေကိုလဲ နောင်တရသွားပါပြီ၊ နောက်ဆိုရင် နင့်ကို အကောင်းဆုံးဆက်ဆံသွားတော့မှာပါ'

အားလီသည် သက်ပြင်းကလေး တစ်ချက်ချလိုက်သည်။ နှုတ်ခမ်းတွင် အပြုံးရိပ်ကလေးတစ်ခု ပေါ်လာသည်။

'သူငါ့အပေါ်မှာ ဒီလို ဆက်ဆံသွားမယ်တဲ့လား၊ ဒီလိုဆိုရင် ငါ စိတ်အေးသွားပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဟူကျင်း၏လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားရာ လက်သည် ရုတ်တရက် ပျော့သွားပြီး ဖတ်ကနဲ ကျသွားတော့သည်။ အားလီ အသက်ရှူရပ်သွားလေပြီ။

ဟူကျင်းသည် သူမ အလောင်းကို တင်းကြပ်စွာ ပွေ့ဖက်ထားမိသည်။ အားလီသည် သေသွားသည့်တိုင် သူမ တ,တမ်းတမ်း တ,တတ ဖြစ်နေသူမှာ သူမ၏ဘေး၌ ရှိနေခဲ့သည်ကို လုံးဝ မသိသွားခဲ့ရှာချေ။ ဟူကျင်းသည်လည်း မိမိသည် ဟူကျင်း ဖြစ်ကြောင်း ပြောနိုင်ခွင့် ရရှိပါလျက် စိုးရိမ်သောက ဗျာပါရများကြောင့် အားလီအား ပြောမပြခဲ့မိချေ။ ယခု အားလီမှာ မိမိကို တမ်းတရင်း တမလွန်ဘဝသို့ ရောက်ရှိသွားရလေပြီ။

ဟူကျင်း၏ ခံစားချက်များသည် ပြင်းထန်လွန်းသဖြင့် ငိုရှိုက်ပင် မရတော့ချေ။ သူ၏စိတ်ထဲတွင် တက်,တစ်ခေါက်ခေါက် ဖြစ်နေမိတော့သည်။

'တကယ်လို့ ကျောက်မိန်ကသာ သူ့ရဲ့မျက်နှာကို ဓားနဲ့ မခြစ်ခဲ့ရင် သူ့ဒဏ်ရာဟာ ဒီလောက် ပြင်းထန်လာမှာမဟုတ်ဘူး၊ နောက်ပြီး တစ်ယောက်တည်း လှေကိုယူပြီး ထွက်မသွားခဲ့ရင် အားလုံး မြေပြန့်ကို သုံးလေးရက်လောက်နဲ့ ရောက်နိုင်တယ်၊ ဒါဆိုရင် အားလုံးရဲ့ ဒဏ်ရာကို ကောင်းကောင်းကြီး ကုသနိုင်မှာပဲ၊ အခုတော့... အခုတော့...'



ဟူကျင်းသည် တွေးရင်းတွေးရင်း ဒေါသထွက်လာသဖြင့် လွှတ်ခနဲ အော်လိုက်မိတော့သည်။

'ကျောက်မိန်...ကျောက်မိန်... မင်းက မြွေပွေးထက် အဆိပ်ပြင်းတဲ့ မိန်းမပဲ၊ ပျံလေတဲ့ ငှက်ခါး နားကာမှ သိရမှာပေါ့ကွယ်၊ ငါ မင်းကို တွေ့တဲ့တစ်နေ့မှာတော့ မင်းအတွက် ကြမ္မာဆိုးဝင်ပြီသာ မှတ်ပေတော့'

ထိုစဉ် သူ၏နောက်ကျောမှ အေးစက်သော အသံကလေး တစ်သံကို ရုတ်တရက် ကြားလိုက်ရသည်။

'အခုတော့ ကြိမ်းနေတာပဲ၊ နောက်တော့ ကျောက်မိန်ရဲ့ မျက်နှာကလေးလဲ တွေ့လိုက်ရော စိတ်လဲ ပျော့သွားဦးမှာပဲ'

ဟူကျင်းသည် နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်ရာ ကျားကို တွေ့လိုက်ရသည်။ သူမသည် ဟူကျင်းကို အထင်သေးစွာ စိုက်ကြည့်နေသည်။ ဟူကျင်းသည် ရှက်ဒေါသဖြင့် ပြန်အော်လိုက်သည်။

'ငါ ကျိန်ပြောရဲတယ်၊ ငါ့ရဲ့ ညီမလေး အားလီကို သတ်သွားတဲ့ ကျောက်မိန်ကို သတ်ကိုသတ်မယ် ပြန်မသတ်ရရင် ငါ လူလုပ်တော့ဘူး'

'ဟုတ်တယ် ယောကျ်ားပီသတဲ့လူဆိုရင် ဒါမျိုးပဲ လုပ်ရမှာ

www.burmeseclassic.com

www.burmeseclassic.com



ချူကျူးသည် ပြောပြောဆိုဆိုဖြင့် အားလီ၏ အလောင်းဘေး နားတွင် ရှိုက်ကြီးတငင် ငိုကြွေးနေတော့သည်။ မကြာမီ ရှက်စွန်းရောက်ရှိလာသည်။ အားလီ သေဆုံးသွားပြီဟု ကြားသိလိုက်ရသောအခါ များစွာ ကြေကွဲဝမ်းနည်းသွားတော့သည်။

ဟူကျင်းသည် ကျောက်တုံးကြီးများကို ရှာဖွေ စုဆောင်းပြီး အရူးသဖွယ် လှုပ်ရှားကာ အားလီ၏ အလောင်းကို အလည်တွင် ထည့်ထားလိုက်သည်။ ပြီးနောက် ဂူရှေ့တွင် သစ်ကိုင်းတစ်ကိုင်းကို စိုက်ထူထားလိုက်သည်။

ထိုသစ်ကိုင်းပေါ်တွင် စာတစ်ကြောင်းရေးထားသည်။

'ချစ်ဇနီး အားလီ၏ အုတ်ဂူ'

ထိုစာ၏အောက်တွင်မူ ကျွန်းဟူကျင်းဟူသော အမည်ကို ရေးထိုးထားသည်။ ဟူကျင်းတို့မှာ ဤကျွန်းတွင်ပင် ဆက်လက်နေထိုင်ကြရပြန်သည်။ ထိုသို့ နေထိုင်စဉ်အတွင်း ဟူကျင်းသည် နေ့စဉ်ရက်ဆက် သူ၏ကိုယ်တွင်းမှ အဆိပ်များကို တိုက်ထုတ်နေတော့သည်။ နောက်ဆုံးတွင် သူ၏ အတွင်းအားကို လုံးဝ ပြန်လည်ရရှိလိုက်တော့သည်။

အားလီ သေဆုံးပြီးသည့် အချိန်မှစ၍ ချူကျူးသည် ဟူကျင်း အပေါ် ကောင်းမွန်စွာ ဆက်ဆံလာသည်။ ဟူကျင်း၏ ဝေယျာဝစ္စများကိုလည်း ကျေကျေနပ်နပ် ပြုစုပေးသည်။



ဟူကျင်းသည် ရှေးဦးစွာ ရှက်စွန်း၏အဆိပ်ကို ထုတ်ပေးလိုက်သည်။ ပြီးမှသာ ချူကျူး၏ကိုယ်တွင်းမှအဆိပ်ကို ထုတ်ပေးရသည်။ သို့ရာတွင် အဆိပ်ထုတ်ရာ၌ ဆောင်ရွက်ရမည့် နည်းလမ်းသည် မိန်းကလေးနှင့် ယောကျ်ားလေးများအတွက် မျက်နှာထားရခက်သော နည်းလမ်းဖြစ်နေပေသည်။

နည်းလမ်းအရ ဟူကျင်း၏ လက်တစ်ဘက်သည် ချူကျူး၏ ရင်ဝကို ဖိကပ်ထားရမည်ဖြစ်ပြီး အခြားလက်တစ်ဘက်က ကျောက်အောက်သို့ ဖိကပ်ထားရမည် ဖြစ်သည်။ ယောကျ်ားချင်း အဆိပ်ထုတ်ပေးရာ၌ပင် အခက်အခဲများစွာ ရှိတော့သည်။ ထို့ကြောင့် ချူကျူးကို ရုတ်တရက် အဆိပ်ထုတ်မပေး နိုင်ခဲ့ချေ။

ဤသို့ဖြင့် တရွေ့ရွေ့ အချိန်ကုန်လာကြရာမှ တစ်ညတွင် ရှက်စွန်းက ပြောလိုက်သည်။

'ဟူကျင်း...ငါတို့ ဒီကျွန်းမှာ ဘယ်လောက်ကြာကြာ နေရမယ်ဆိုတာ မင်းသိသလား'

'ဟာ အဖေကြီးကလဲ၊ ဒါကို ဘယ်လိုလုပ်ပြီး ပြောနိုင်မှာလဲ။ လှေတစ်စင်းစင်း ဒီကျွန်းနားကဖြတ်သွားမှ ကျွန်တော်တို့ ပြန်နိုင်ကြမှာ'

'အေး... ဒီလိုဆိုရင် မင်းက ဘာဖြစ်လို့ ချူကျူးရဲ့ အဆိပ်ကို ထုတ်မပေးရတာလဲ၊ သူက ဝါမေဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကွ၊ ရည်မွန်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ယဉ်ကျေးသိမ်မွေ့တယ်၊ ဒီလို မိန်းကလေးမျိုးကို မင်းဘယ်မှာ သွားရှာမလဲ၊ ဘာလဲ သူ့ ရုပ်မချောလို့လား'

'မဟုတ်ပါဘူး အဖေကြီး ချူကျူးကိုသာ ရုပ်မချောဘူးလို့ ဆုံးဖြတ်ရင် ဒီလောကမှာ မိန်းမချော တစ်ယောက်မှ ရှိတော့မှာ မဟုတ်ဘူး'

'ဒါဆိုရင် ပြီးပြီပေါ့ကွ၊ ငါမင်းတို့အတွက် လူကြီးလုပ်ပြီး လက်ထပ်ပေးမယ်၊ မင်းတို့ ဘာမှ ရှက်စရာမလိုပါဘူး၊ ဟုတ်လား'

ချူကျူးသည် ရိုးရိုးသားသား စကားဝိုင်းတစ်ခု အနေဖြင့် နားထောင်နေရာမှ မိမိအကြောင်း ပါလာပြီး လက်ထပ်မည့် ကိစ္စများအထိ ပါလာသည်ကို ကြားလိုက်ရသောအခါ မျက်နှာ တစ်ပြင်လုံး ရှက်သွေးလွှမ်းသွားလျက် ထပြေးရန် ဟန်ပြင်လိုက်သည်။

ရှက်စွန်းသည် ခုန်ထွက်၍ ချူကျူးကို တားဆီးလိုက်သည်။ ပြီးရယ်မောရင်း ပြောလိုက်သည်။

'ချူကျူး...ထ မပြေးပါနဲ့ ငါအောင်သွယ်လုပ်မှ မင်းတို့ရဲ့ မာတ်ပေါင်းခန်း အောင်မြင်မှာ'

'အို... ဘကြီးကလဲ ရှက်စရာ၊ လူကြီးလုပ်ပြီး ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး၊ ကျွန်မတို့ ဒီကျွန်းက ဘယ်လို လွတ်မြောက်နိုင်မလဲဆိုတာ စဉ်းစားရမယ့် အချိန်မှာ ဘကြီးက ဘာစကားတွေပြောနေတာလဲ'



ရှက်စွန်းသည် တဟားဟား ရယ်မောရင်း...

'ဒီမိန်းကလေး တယ် ပြောရခက်ပါလား၊ ယောကျ်ားနဲ့ မိန်းမ လက်ထပ်တယ်ဆိုတဲ့ ကိစ္စဟာ ပေါ့သေးသေး ကိစ္စမှ မဟုတ်တာ၊ ... ကျင်း မင်း ချူကျူးကို သဘောမကျဘူးလား သူ့ ကိုယ်ထဲက ...ဆိပ်တွေကို ထုတ်မပေးချင်ဘူးလား'

ချူကျူးသည် ရှက်လွန်းလှသဖြင့် မျက်နှာကို လက်ဝါးဖြင့် ...က ထွက်ပြေးရန် ကြိုးစားသော်လည်း ရှက်စွန်းက တားဆီးထား...ည်သို့မှ မပြေးနိုင်ဘဲ ဖြစ်နေရတော့သည်။

ရှက်စွန်းသည် တဟားဟား ရယ်မော၍ ပြောလိုက်သည်။

'ချူကျူး... မင်း အခု ထွက်သွားတော့ကော နက်ဖြန် ငါနဲ့ ...တွေ့တော့အူးတဲ့လား၊ ဪ...ဪ၊ ငါ သတိရပြီ...သတိရပြီ၊ ...ဘာ မျက်မမြင် အဘိုးကြီး တစ်ယောက်ဖြစ်နေတယ်ဆိုတော့ ...ကွမ မတော်ချင်လို့ပဲ ဖြစ်ရမယ်'

ချူကျူးသည် ကမန်းကတန်း ပြောလိုက်သည်။

'မဟုတ်ဘူး... အဲဒီလို မဟုတ်ဘူး'

'ဒါဖြင့် သဘောတူပြီပေါ့'

'ဟင့်အင်း'

'ဒီလိုဆိုရင် ငါ့သားလေး ဟူကျင်းမှာ အနည်းအချင်း မရှိလို့

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း၊ ဒါလဲ မဟုတ်ပါဘူး၊ အစ်ကိုဟူကျင်းက သိုင်းပညာမှာ ဒီလောက် တော်ပြီးသားပဲဥစ္စာ သိုင်းလောကမှာလဲ သိပ်နာမည်ကြီးနေတာပဲ၊ ဒါပေမယ့်...'

ရက်စွန်းသည် ချူကျူးထံမှ ဒါပေမယ့် ဟု စကားပြတ်သွားသောအခါ မချင့်မရဲ ဖြစ်လာသည်။

'ဒါပေမယ့်... ဘာဖြစ်သလဲ ပြောစမ်း၊ သူ့မှာ ဘာချွတ်ယွင်းချက်တွေ ရှိနေသလဲ'

ချူကျူးသည် ဟူကျင်းကို ဖြတ်ခနဲ တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။

'သူ...သူ့ စိတ်ထဲမှာ တကယ်တမ်း သဘောကျနေတာက ကျောက်မိန်ပါ၊ ဒါကို ကျွန်မသေသေချာချာ သိတယ်'

ရက်စွန်းသည် အလွန်အံ့သြသွားသည်။ ဟုတ်များဟုတ်နေမလားဟူ၍လည်း သံသယရှိသွားသည်။

'ကျောက်မိန်...ဟုတ်လား၊ ဒီမိန်းမယုတ်ကြောင့် ငါတို့တွေ ဒီလောက် ဒုက္ခရောက်နေကြရတာ မဟုတ်လား၊ ဒါကို ဟူကျင်းက သဘောကျဦးမှာလား၊ ဟူကျင်း ချူကျူးပြောတာ ဟုတ်သလားပြောစမ်း'

ဟူကျင်း၏ စိတ်ထဲတွင် အလွန်ရှုပ်ထွေးနေမိသည်။



ကျောက်မိန်သည် သွက်လက် ဖျတ်လတ်ရုံမက အလွန်ချစ်စရာကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ သူမကို ဇနီးအဖြစ်ရရှိသူသည် အလွန်ကံကောင်းသော လူတစ်ယောက်သာ ဖြစ်ရပေသည်။

သို့သော်... ဟူကျင်းသည် အားလီ၏ မျက်နှာကို မြင်လိုက်သောအခါ ဒေါသများ ဝုန်းခနဲ ထွက်လာမိတော့သည်။ ထို့ကြောင့် ဖြတ်ခနဲ ပြောလိုက်သည်။

'ကျောက်မိန်ဟာ ကျွန်တော့်ရန်သူပဲ၊ ကျွန်တော်က ကျောက်မိန်ကို ကျွန်တော့်စိတ်ထဲ ဘာဖြစ်လို့ ထည့်ရမှာလဲ၊ သူ့ကြောင့် အားလီသေခဲ့ရတာ၊ အားလီအတွက် ကျွန်တော်ကလက်စား ချေရမယ်'

ရက်စွန်းသည် အားရကျေနပ်သော လေသံဖြင့်...

'ကဲ... ကြားတယ် မဟုတ်လား၊ ချူကျူး မင်း ဘာများ သံသယရှိနေသေးသလဲ'

'ဟင့်အင်း...ကျွန်မ သူ့ကို စိတ်မချဘူး၊ သူ့စိတ်က သိပ်နူးတာ၊ ဟိုဟာမနဲ့ တွေ့ရင် တစ်မျိုးဖြစ်ဦးမှာ၊ သူ့ ကျိန်ပြောမှ ကျွန်မ ယုံမယ်၊ နို့မို့ဆိုရင်တော့ ကျွန်မ အဆိပ်ကို သူ့ ကုသပေးဖို့ မသိပါဘူး'

ရက်စွန်းသည် ချူကျူး၏ စိုးရိမ်ပူပန်တတ်ပုံကို သဘောကျသွားသည်။ သူ့သား ဟူကျင်းကို အမိန့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ...ဟူကျင်း သူ့ ယုံကြည်သွားအောင် ကျိန်ပြလိုက်စမ်း'

ဟူကျင်းသည် မြေပြင်၌ ဒူးထောက်လိုက်သည်။

'ကျွန်တော် ကျန်းဟူကျင်းသည် အားလီအတွက် ရန်ငြိုးကို ပေးဆပ်ရန် မေ့လျော့ခဲ့ပါလျှင် မိုးကြိုးပစ်၍ အသေဆိုးနဲ့ သေပါစေဟု ကျိန်ပါသည်ဘုရား'

ချူကျူးသည် မကျေမနပ်ဖြင့် ဝင်ပြောလိုက်သည်။

'ကဲ...ဘကြီးမကြားဘူးလား၊ သူ့ ကျိန်စာထဲမှာ ကျောက်မိန်နာမည် လုံးဝမပါဘူး၊ ကျောက်မိန်ကို ဘယ်လိုလုပ်မယ်ဆိုပြီး ရှင်းရှင်းလင်းလင်း ကျိန်တာ တစ်ခုမှ မပါဘူး'

ရုက်စွန်းသည် တဟားဟား ရယ်မောလျက်...

'ချူကျူးကတော့ တကယ့် မိန်းကလေးပဲ၊ တကယ်သဝန်တိုတာပဲကိုး၊ အေး... အေး ကောင်းတယ်၊ ဒါမှ မိန်းကလေး ပီသတယ်၊ လက်ထောင် မထပ်ရသေးဘူး၊ အခုကတည်းက ငါ့သား ဟူကျင်းကို ပြားပြားဝပ်အောင် လုပ်နေပြီပဲ'

ရုက်စွန်းသည် ဟူကျင်းအား ထပ်ပြောလိုက်သည်။

'ဟူကျင်း... သူပြောတာ ဟုတ်တယ်၊ မင်းရဲ့ ကျိန်စာကို ရှင်းရှင်းလင်းလင်း ဖြစ်အောင် ထပ်ကျိန်ပြလိုက်ပါဦး'

ထိုအခါ ဟူကျင်းသည် ချူကျူးလိုချင်သည့်ပုံစံအတိုင်း ကျောက်မိန်၏နာမည်ကိုပါ ထည့်သွင်း ကျိန်ဆိုလိုက်ရသည်။



ထိုအချိန်ကျမှ ချူကျူးသည် ပြုံးပြုံးရွှင်ရွှင်ဖြင့် သဘောကျကျေနပ်သွားသည်။ သို့ရာတွင် သေချာသည့်ထက် သေချာစေရန် စကားတစ်ခွန်းကိုမူ ပြောဖြစ်အောင် ပြောလိုက်ပေသေးသည်။

'အစ်ကို ဟူကျင်း အခုကတည်းက ကြိုပြောထားမယ်၊ သူ့ကို အသေ သတ်ရမယ့်အခါလဲကြုံရော မသတ်ရဲ မသတ်ရက် ဖြစ်နေရဘူးနော်'

ဟူကျင်းသည် ပြုံး၍သာ နေလိုက်တော့သည်။ ရုက်စွန်းက ပြောလိုက်သည်။

'ကဲ... ငါတို့ တတွေဟာ သိုင်းလောကက လူတွေဆိုတော့ သာမန်အရပ်သားတွေလို ထုံးတမ်းစဉ်လာတွေ ရက်ကောင်းရက်သာတွေ ရွေးမနေကြနဲ့တော့၊ ဒီနေ့ပဲ လက်ထပ်လိုက်ကြ၊ ဒါမှ ချူကျူးရဲ့ အဆိပ်ကို စောစောကုသပေးနိုင်မှာ'

ထိုစဉ် ဟူကျင်းက ရုတ်တရက် ပြောလိုက်သည်။

'ဟာ...ဒီလိုလဲ မဖြစ်သေးဘူးနဲ့ တူတယ် အဖေကြီးရဲ့၊ ကျွန်တော်က အားလီကို လင်မယားလို သဘောထားခဲ့တာ၊ အခု အားလီသေတာ သိပ်မကြာသေးဘူး၊ ဒီတော့ ချက်ချင်းကြီး နောက် မိန်းမထောင်ပြုလို့ ကောင်းပါ့မလား'

'အေး...မင်း ပြောတာ ကျတော့လဲ ဟုတ်တုတ်တုတ်ပဲ၊ ကဲ... မင်းရဲ့ သဘောကကော ဘယ်လိုလဲ၊ ဘယ်လို လုပ်ချင်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့် သဘောကတော့ ချူကျူးနဲ့ ကျွန်တော် အရင် ဆုံး စေ့စပ်ကြောင်းလမ်းလိုက်ချင်တယ်၊ သူက ရွှန်တော့ ဖနီး လောင်းဖြစ်သွားတာပေါ့၊ ဒီတော့ သူ့အဆိပ်ထုတ်ပေးဖို့ ကျွန်တော် တို့မှာ အခက်အခဲမရှိတော့ဘူး၊ တကယ်လို့ ကျွန်တော်တို့ မြေပြန့် ပြန်ရောက်သွားခဲ့ရင် ကျောက်မိန်လက်ထဲက နဂါးနိုင်ဓားနဲ့ တိမ်လွှာ ဓားကို ရအောင် ပြန်ယူမယ်၊ ရရင် အဖေကြီးလက်ထဲ အပ်မယ် အဲဒီအခါကျမှ ကျွန်တော်နဲ့ ချူကျူးလက်ထပ်ကြမယ်၊ ဒီအစီ အစဉ်မကောင်းဘူးလား'

ရှက်စွန်းသည် ရယ်လျက်...

'မင်းပြောတာကတော့ အကွက်ကို စေ့နေတယ်၊ ကဲ... တကယ်လို့ ငါတို့ ဒီကျွန်းပေါ်မှာချည်းပဲ ကိုးနှစ် ဆယ်နှစ်လော ကြာတဲ့အထိ နေ့နေရဦးမယ် ဆိုရင်ကော'

'ဟာ ဒီလောက်အထိ ကြာဖို့ မလိုပါဘူး၊ တကယ်လို့ သုံးနှစ်အတွင်းမြေပြန့်ကို မပြန်နိုင်ဘူးဆိုရင် အဖေကြီးက ကျွန်တော် တို့နှစ်ယောက်ကို လက်ထပ်ပေးပေါ့'

'ကောင်းပြီ၊ ကဲ... ချူကျူး မင်းရဲ့ သဘောကို ပြောဦး'

ချူကျူးက ခေါင်းတစ်ချက်ညိတ်ပြပြီး ပြောလိုက်သည်။

'ကျွန်မကတော့ တစ်ကောင်ကြွက်ဆိုတော့ အားလုံး ဘကြီး သဘောပါပဲ၊ ဘကြီးစီမံသမျှ ကျွန်မ နာခံပါ့မယ်'



ရှက်စွန်းသည် ချူကျူး၏ လိမ္မာရည်မွန်မှုကို အလွန် သဘောကျသွားသည်။

'ကောင်းတယ်... ကောင်းတယ်၊ ဒါဖြင့်ရင် ဟူကျင်း ဆရာစောက ပြောတဲ့အတိုင်း ဆောင်ရွက်ကြတာပေါ့၊ ကဲ... မင်းတို့ နှစ်ယောက်ဟာ အခုဆိုရင် ဇနီးလောင်း ခင်ပွန်းလောင်းတွေ ဖြစ်ကြ ပြီ ဒီတော့ တစ်ယောက်ကိုတစ်ယောက် ရှက်စရာ အားနာစရာ ဘာမှ မရှိတော့ဘူး၊ ဟူကျင်း ငါရဲ့ချွေးမလောင်းလေးရဲ့ ကိုယ်ထဲမှာ ရှိတဲ့ အဆိပ်ကို အခု ချက်ချင်း ထုတ်ပေးလိုက်စမ်း'

ရှက်စွန်းသည် စကားဆုံးသည်နှင့် ကျွန်း၏ အခြား တစ်ဘက်သို့ လျှောက်သွားတော့သည်။

ဟူကျင်းသည် အသံတိုးတိုးနှင့် တောင်းပန်လိုက်သည်။

'ချူကျူး...အခု ငါ လုပ်တဲ့ အစီအစဉ်ကို ခွင့်လွှတ်နော်'

ချူကျူးက ပြုံး၍ပြောလိုက်သည်။

'ကျွန်မက ရုပ်ဆိုးဆိုးမို့ အစ်ကို ဟူကျင်း ဟိုရှောင် ဒီရှောင် လုပ်နေတာပါ၊ တကယ်လို့ ကျွန်မသာ ကျောက်မိန် ဖြစ်နေစမ်း ပါလား၊ အစ်ကိုဟူကျင်းဟာ ဒီည ချက်ချင်းပဲ...'

သူမသည် ရှေ့ဆက် မပြောရဲတော့ဘဲ ရှက်ပြီး ခေါင်းငုံ့သွား တော့သည်။ ဟူကျင်းသည်လည်း သူမ၏ စကားကြောင့် ရှိုင်ခုန်သွား သည်။ ဟူကျင်းသည် စိတ်ထဲတွင် စဉ်းစားနေလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့အားလုံး လေ့တစ်စင်းနဲ့ မျောနေတုန်းက ငါဟာ မိန်းကလေး လေးယောက်စလုံးကို လက်ထပ်ယူရကောင်းမလားလို့ စဉ်းစားခဲ့မိသေးတယ်၊ တကယ် ငါ့စိတ်ထဲမှာ ချစ်နေတဲ့ အချစ်ဆုံး မိန်းကလေးဟာ ဘယ်သူဖြစ်မလဲ၊ ကျောက်မိန်လား၊ ကျောက်မိန် မဖြစ်နိုင်ဘူး၊ သူဟာ ရန်သူ၊ ငါ့ရဲ့ရန်သူ...'

ချူကျူးသည် ဟူကျင်း ငြိမ်သက်နေသည်ကို တွေ့ရသော အခါ လှမ်းကြည့်လိုက်သည်။ ထိုအခါ ဟူကျင်းက သူမကို ငေးမော ကြည့်နေသည်ကို တွေ့လိုက်ရသောအခါ ရှက်သွေးဖျန်းသွားပြီး ထိုနေရာမှ ထွက်ခွာသွားရန် ပြင်လိုက်မိသည်။

ဟူကျင်းသည် ကမန်းကတန်း သူမ၏လက်ကို ဖမ်းဆွဲ လိုက်မိသည်။ ချူကျူးမှာ အဆိပ်မိနေသူ ဖြစ်သဖြင့် ဟူကျင်း လှမ်း ဆွဲလိုက်သည်နှင့် တစ်ကိုယ်လုံး ယိုင်ကျကာ ဟူကျင်း ကိုယ်ပေါ်သို့ ကျလာတော့သည်။

ချူကျူးသည် စိတ်မဆိုးသော်လည်း စိတ်ဆိုးသံကလေးဖြင့် ပြောလိုက်သည်။

'အစ်ကို ဟူကျင်း... ကျွန်မကို တစ်သက်လုံး ဒီလိုပဲ အနိုင် ကျင့်နေတော့မှာလား'

ချူကျူး၏ ချစ်စနိုး အမူအရာကလေးကြောင့် ဟူကျင်း၏ ရင်ထဲတွင် လှုပ်ခါသွားရတော့သည်။ ဟူကျင်းသည် စိတ်မထိန်း



နိုင်တော့ဘဲ ချူကျူး၏ ကိုယ်လုံးကလေးကို ရင်ခွင်ထဲ ဆွဲသွင်း၍ ...င်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိတော့သည်။ ဟူကျင်းသည် ချူကျူး ... နားနားသို့ ကပ်၍ ပြောလိုက်သည်။

'ချူကျူး...ကွမ်းမိန် တောင်ထိပ်မှာတုန်းက ခွန်းလွန်ဂိုဏ်းနဲ့ ...ဆန်းဂိုဏ်းက သိုင်းသမားတွေနဲ့ ငါ တိုက်ခိုက်နေတုန်း ငါ့ကို ...သွားမှာစိုးပြီး သူတို့ရဲ့ တိုက်ကွက်တွေကို ငါရိပ်မိအောင် စောင်း ...ရိပ်ခြည် ပြောခဲ့တယ် မဟုတ်လား'

'အင်း... အဲဒီနေ့တုန်းက အစ်ကို့ ကို ကျွန်မ ဓားနဲ့ ထိုးလိုက် ...ကို အစ်ကို စိတ်မဆိုးဘူးလားဟင်'

'ဟင့်အင်း...စိတ်မဆိုးပါဘူး၊ မင်းက ငါ့နှလုံးသားတည့် ...ကို မထိုးဘဲ ဘေးကို ချော်ထိုးလိုက်ကတည်းက ငါ့ကို တိတ် ...း ချစ်နေပြီဆိုတာ ငါ သိလိုက်လို့ပဲ'

ဟူကျင်းသည် အဖြစ်မှန်ကလေးကို ကျီစယ်လိုသည့် ...ဖြင့် တမင် ပြောလိုက်ခြင်းဖြစ်သည်။

'သွား...'

ချူကျူးသည် စကားတစ်လုံးတည်း အော်လိုက်ကာ မျက်နှာ ...း နီရဲသွားသည့်အထိ ရှက်သွေးဖျန်းသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း... ဒီလိုမှန်းသိရင် အဲဒီနေ့ကတည်းက သူ့ နှလုံးသား တည့်တည့်ကို ထိုးပစ်လိုက်တယ်၊ ဒါဆိုရင် သူများကို အခုလို အနိုင်ကျင့်နိုင်တော့မှာ မဟုတ်ဘူး'

ဟူကျင်းသည် ချူကျူးကိုယ်လုံးကလေးကို ပိုမို တင်းကျပ်စွာ ပွေ့ဖက်လိုက်သည်။

'နောက်ဆိုရင် မင်းကို ငါက ပိုပြီး ချစ်ရတော့မှာ၊ မင်းရဲ့ စကားအတိုင်း ပြောရရင်တော့ မင်းကို ပိုပြီး အနိုင်ကျင့်ရဦးမှာပဲ၊ ဘာဖြစ်လို့လဲသိလား၊ မင်းဟာ ငါ့ရဲ့ အင်မတန် ချစ်ရာကောင်းတဲ့ ခနီးလေး ဖြစ်တော့မှာမို့လို့ပဲ'

ချူကျူးသည် ဟူကျင်းကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး—

'အစ်ကိုဟူကျင်း... ကျွန်မ အစ်ကို့ကို စော်ကားမိခဲ့ရင် အမှားတစ်ခုခု လုပ်ခဲ့မိရင် ကျွန်မကို ရိုက်မှာလား သတ်မှာလားဟင်'

ဟူကျင်းနှင့် ချူကျူးတို့၏ မျက်နှာနှစ်ခုမှာ အလွန်နီး ကပ်နေကြသဖြင့် တစ်ဦး၏ ထွက်သက်သည် တစ်ဦး၏မျက်နှာသို့ ရိုက်ခတ်လျက် ရှိနေကြသည်။ ဟူကျင်း စိတ်မထိန်းနိုင်တော့။ သူမ၏ ပါးကလေးကို အားရပါးရ ရှိုက်နမ်းလိုက်မိသည်။ နှုတ်မှလည်း ပြောလိုက်သည်။

'မင်းလောက် နူးညံ့သိမ်မွေ့တဲ့ မိန်းကလေးတစ်ယောက်က ဘာအမှားတွေ လုပ်မိနိုင်မှာလဲ'



ချူကျူးသည် ဟူကျင်း၏ ကျောကို သိုင်းဖက်ထားရင်းမှ ပြန်ပြောလိုက်သည်။

'လူတိုင်းဟာ အမှား ကျူးလွန်တတ်တာချည်းပဲ ကျွန်မက ဆိုးနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မရဲ့ မိဘတွေဟာ ကျွန်မ ငယ်ငယ်ကလေးကတည်းက ဆုံးပါးသွားခဲ့ကြတာ၊ ကျွန်မက အစ်ကောင်ကြွက်ဆိုတော့ အမှား ပိုကျူးလွန်နိုင်တာပေါ့'

'မင်း အမှား မကျူးလွန်နိုင်ပါဘူးကွယ်၊ ကျူးလွန်ရင်လဲ ငါက ခွင့်လွှတ်မှာပါ'

ချူကျူးသည် ဝမ်းသာအားရ ပြောလိုက်သည်။

'ဟင်...အစ်ကို ဟူကျင်း တကယ်ပြောတာလား၊ ကျွန်မ အမှားတခုခု ကျူးလွန်မိရင် ကျွန်မအပေါ်မှာ စိတ်ထားမပြောင်းဘူး သတ်ဘူးပေါ့နော်'

ဟူကျင်းသည် ချူကျူး၏ နဖူးကလေးကို ကြင်နာစွာဖြင့် နမ်းလိုက်ပြီး ပြောလိုက်သည်။

'ဘာတွေ လျှောက်စဉ်းစားနေတာလဲ ချူကျူးရယ် ဒီလိုကိစ္စတွေက ဘယ်လို ဖြစ်လာနိုင်မှာမို့လို့လဲ'

'ဟင့်အင်း...ဟင့်အင်း၊ ဘယ်လိုပဲဖြစ်ဖြစ် အစ်ကို့ နှုတ်က ကတိပေးမှ ကျွန်မ ကျေနပ်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဟူကျင်းသည် ဟက်ဟက်ပက်ပက် ရယ်မော လိုက်ရင်း…

'ကောင်းပါပြီ… ကောင်းပါပြီ၊ ငါ မင်းအပေါ်မှာ ဘယ်တော့မှ စိတ်မပြောင်းပါဘူး အမှားတွေလုပ်မိလို့ သတ်စရာ ဖြစ်လာတာတောင်မှ မသတ်ပါဘူး'

ချူကျူးသည် ဟူကျင်း၏ မျက်နှာကို စိုက်ကြည့်ရင်း ခပ်သဲ့သဲ့ကလေးဖြင့် ပြောလိုက်သည်။

'အစ်ကိုဟူကျင်း… ကျွန်မက အတည်ပြောနေတာ ဒီလို နောက်လား ပြောင်လားနဲ့ ထောင်တန်တဲ့စကား ရယ်စရာဖြစ်အောင် မလုပ်ပါနဲ့ တည်တည်တန့်တန့် ပြောစမ်းပါ'

ဟူကျင်းသည် မရယ်ဘဲ မနေနိုင်။

'ချူကျူး…မင်းရဲ့ ခေါင်းထဲမှာ ဘာဦးနှောက်ခြောက် စရာတွေ စဉ်းစားနေသလဲ၊ တယ်ခက်တဲ့ မိန်းကလေးပဲ'

ဟူကျင်း၏ စိတ်ထဲတွင် တွေးနေလိုက်မိသည်။

'ချူကျူးဟာ ကျောက်မိန်၊ ရှောင်ရှောင်းနဲ့ အားလီတို့ သုံးယောက်စလုံးအပေါ် မေတ္တာထားခဲ့တာကို ကြည့်ပြီး ငါ့ကို မယုံ သင်္ကာဖြစ်ပြီး စိတ်မချဘဲ ဖြစ်နေတာ၊ နောက်ပိုင်းမှာ ငါ ဒီလို ဘယ် လုပ်တော့မှာလဲ၊ ဒါကို သူ မသိရှာဘူး'



ထို့ကြောင့် ဟူကျင်းသည် သူမ၏မျက်နှာကို တည်တည် ကြည်ကြည်ဖြစ်သွားအောင် ပြုပြင်လိုက်သည်။ ချူကျူး၏ မျက်နှာကို သေချာစွာ စူးစိုက်ကြည့်ပြီး ပြောလိုက်သည်။

'ချူကျူး… ငါ သေသေချာချာပြောမယ် နားထောင်၊ မင်း ဟာ ငါ့ရဲ့ ချစ်ဇနီး မင်း ဘာပဲ အမှားကျူးလွန်ခဲ့ ကျူးလွန်ခဲ့ မင်း အပေါ် ငါ မေတ္တာမပျက်ဘူး၊ လက်နဲ့ ရိုက်လားပုတ်လား လုပ်ဖို့ ပြောနဲ့ လေသံမာမာနဲ့တောင် မင်းကို အပြစ်မတင်ဘူး၊ ကဲ… ပြီလား'

'အစ်ကို ဟူကျင်းစကားကို မြဲမြဲမှတ်ထားနော်၊ ပေးပြီးတဲ့ ကတိကို ယောကျ်ားပီပီ တည်တဲ့အောင် လုပ်ရမယ်၊ ဘယ်တော့မှ ကတိမပျက်ရဘူး'

ဟူကျင်းသည် ချူကျူးကို ပွေ့ဖက်လိုက်ရင်း…

'ချူကျူးရယ်…ငါ့စကားကို ယုံစမ်းပါ၊ ငါပေးပြီးတဲ့ ကတိ ဘယ်တော့မှ မဖျက်ပါဘူးကွယ်'

ချူကျူးကလည်း ဟူကျင်းကို ပြန်လည် ပွေ့ဖက်လိုက်ကာ…

'အစ်ကို ဟူကျင်း ကျွန်မလေး အစ်ကိုနဲ့ လက်ထပ်နိုင်တာကို ဝမ်းသာတာပဲ၊ ဒါပေမယ့် ကျွန်မ ကျောက်မိန်တို့ ရှောင်ရှောင်း တို့တော့ ထက်ထက်မြက်မြက် မရှိဘူးနော်၊ ဒါကြောင့်မို့ ကျွန်မကို

www.burmeseclassic.com

www.burmeseclassic.com



နံ့နံ့အအ မိန်းကလေးဆိုပြီး အထင်မသေးနဲ့နော် ကျွန်မ... ကျွန်မလေ အစ်ကိုဟူကျင်းကို အတတ်နိုင်ဆုံး အကောင်းဆုံး ပြုစုယုယမှာပါ'

နောက်ရက်များဝယ် ဟူကျင်းသည် ချူကျူး၏ ကိုယ်တွင်းရှိ အဆိပ်ကို သူ၏အတွင်းအားကို အသုံးပြု၍ အပြင်သို့ ရောက်အောင် တိုက်ထုတ်ပစ်လိုက်သည်။ ထိုအခါ ချူကျူး၏ ခန္ဓာကိုယ်တွင်းမှ ထူးခြားချက် တစ်ခုကို တွေ့ရှိလိုက်ရသည်။

ချူကျူး၏ ကိုယ်တွင်းမှ အလွန်အေးစက်သော အတွင်းအားလှိုင်း တစ်ခုက ဟူကျင်း၏ အတွင်းအားကို ခုခံတွန်းလှန်နေသည်ကို တွေ့ရှိလိုက်ရသည်။ ထိုအအေးဓာတ် အတွင်းအားလှိုင်းသည် ယခုအခါ အလွန် သေးငယ်သော အားလှိုင်းကလေး တစ်ခု ဖြစ်နေသေးသော်လည်း နောင်တစ်ချိန်ချိန်တွင် အလွန်ပြင်းထန်သော အားလှိုင်းတစ်ခုအဖြစ်သို့ ပြောင်းလဲ သွားနိုင်ကြောင်း ဟူကျင်း ခန့်မှန်း သိရှိလိုက်သည်။ ဟူကျင်းသည် စိတ်ထဲ၌ တွေးတောလိုက်မိသည်။

'ဒါဟာ ဝါမေဂိုဏ်းရဲ့ အတွင်းအားပဲ ဖြစ်ရမယ်၊ ဝါမေဂိုဏ်းရဲ့ သိုင်းပညာဟာ အဖိုဘက် အားမပေးဘူး၊ အမဘက်ကိုပဲ အားပေးတယ်'

ချူကျူး၏ အဆိပ်များကို ဟူကျင်း ထုတ်ပေးခဲ့ရာ နှစ်ရက်မျှအကြာတွင် လုံးဝပျောက်ကွယ်သွားတော့သည်။ ချူကျူး၏ အဆိပ်များ ပြေလျော့သွားသည့် တတိယနေ့တွင် လှေကြီးတစ်စင်း



သူတို့၏ ကျွန်းရှိရာသို့ တည့်မတ်စွာ ဦးတည် ရွက်တိုက်လာသည်ကို ဟူကျင်းတို့ တွေ့ရှိကြ၏။

ဟူကျင်းသည် ရက်စွန်းအား ထိုအကြောင်းကို ပြောပြလိုက်သည်။ ချူကျူးကမူ တုန်ယင်သော အသံကလေးဖြင့် ပြောလိုက်သည်။

'အစ်ကိုဟူကျင်း... ဒီလှေကြီးက ကျွန်းတည့်တည့်ကို ဘာဖြစ်လို့ လှော်လာရတာလဲ'

'အေး...ဟုတ်တယ်၊ တော်တော်လေး အံ့ဩစရာတော့ ကောင်းနေတယ်၊ ပင်လယ်ဓားပြတွေများလား မသိဘူး'

ထိုလှေကြီးသည် ကြီးမားလွန်းသဖြင့် ကျွန်း၏ ကမ်းခြေသို့ ကပ်၍မလာနိုင်တော့ဘဲ ရေနက်ရာ တစ်နေရာတွင် ကျောက်ချရပ်နားနေရသည်။ များမကြာမီပင် လှေငယ်ကလေးတစ်စင်း ကျွန်းဘက်သို့ လှော်ခတ်လာကြောင်း တွေ့ကြရပြန်သည်။

ကျွန်းပေါ်သို့ တက်လာသူများသည် ပင်လယ်ဓားပြများ မဟုတ်ကြ၊ မွန်ဂိုစစ်သားများသာ ဖြစ်ကြသည်။ သူတို့သည် မွန်ဂိုတပ်၏ စစ်ဝတ်စုံများ ဝတ်ဆင်ထားကြသည်ကို တွေ့ရသည်။

ဟူကျင်း၏ ပထမဦးဆုံးသော အတွေးကား...

'ကျောက်မိန် အမြင်မှန်ရလို့ ငါတို့ကို လာခေါ်တာများ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သူသည် ချူကျူး၏ မျက်နှာကို စူးစမ်းလိုက်သည်။ ချူကျူး အလွန် စိတ်လှုပ်ရှားနေကြောင်း တွေ့လိုက်ရသည်။ ထိုစဉ် မွန်ဂို စစ်သားများသည် သူတို့သုံးယောက်ကို အရိုအသေပေးပြီး မေးမြန်းလိုက်သည်။

'ဆရာကြီး ကျန်းဟူကျင်း ရှိပါသလား'

'ကျုပ် ကျန်းဟူကျင်းပဲ'

ထိုမွန်ဂို စစ်သားသည် ကျန်းဟူကျင်း၏ စကားကို ကြားလိုက်ရသော့အခါ အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး အားပါးတရ ပြောလိုက်သည်။

'ကျွန်တော့်နာမည်က ပါးဖူးပါ၊ ဒီနေ့ ဆရာကြီးကို ရှာတွေ့တာ တကယ်ကောင်းတယ်လို့ ဆိုရမှာပါပဲ၊ ကျွန်တော်တို့က အမိန့်နဲ့ လာကြတာပါ၊ ဆရာကြီး ကျန်းဟူကျင်းနဲ့ ဆရာကြီး ရုက်စွန်းကို မြေပြန့်ကို ပြန်ခေါ်သွားဖို့က ကျွန်တော်တို့ရဲ့ တာဝန်ပါပဲ'

ထိုစစ်သားသည် ဟူကျင်းနှင့် ရုက်စွန်းတို့ကိုသာ ပြန်ခေါ်မည်ဟု ပြောနေသည်။ ချူကျူး၏ အမည်ကိုမူ ချန်လှပ်ထားကြောင်း အားလုံးက သတိပြုလိုက်ကြသည်။ ဟူကျင်းက ပြန်မေးလိုက်သည်။

'အခုဆိုရင် ခင်ဗျားတို့ ကျုပ်တို့ကို လာခေါ်ရတဲ့အတွက် တော်တော် ပင်ပန်းသွားကြပြီ မဟုတ်လား၊ အခု ဘယ်သူက ကျုပ်တို့ကို လာကြိုခိုင်းတာလဲ'



သူ့ကိုယ်သူ ပါးဖူးဟု မိတ်ဆက်ခဲ့သော စစ်သားကပင် ပြန်ဖြေသည်။

'ကျွန်တော်တို့ရဲ့ စစ်သေနာပတိ အမိန့်နဲ့ လာကြိုတာပါ၊ ဆရာကြီးတို့ကို အခုလို ရှာတွေ့ခဲ့တဲ့အတွက် ကျွန်တော်တို့ကို ဆုထူးတိုးပေးပါလိမ့်မယ်'

ထိုအချက်ကြောင့် သူတို့သည် မိမိတို့ကို တွေ့လိုက်သည်နှင့် ဝမ်းသာအားရ ဖြစ်သွားခဲ့ကြခြင်း ဖြစ်ကြောင်း ဟူကျင်းတို့ ယခုမှ သိပတ်လည် နားလည်မိကြတော့သည်။ ရုက်စွန်းက ပြောလိုက်သည်။

'ဒီလိုဆိုရင်ကောင်းပြီ၊ ကျုပ်တို့ရဲ့ပစ္စည်းတွေကို သွားယူလိုက်ဦးမယ်၊ ယူပြီးရင် ခင်ဗျားတို့နောက် လိုက်ခဲ့မယ်'

ရုက်စွန်းသည် ပြောပြီးသည်နှင့် ဟူကျင်းနှင့် ချူကျူးတို့၏ လက်ကိုဆွဲကာ ကျွန်းအတွင်းသို့ ပြန်လျှောက်သွားတော့သည်။

သစ်ပင်နှင့် ချုံဖုတ်များ အတန်ပင် များပြားလှသော အကာအကွယ်နေရာသို့ ရောက်သောအခါမှ ရုက်စွန်းက ပြောလိုက်သည်။

'အခု... ကျောက်မိန် လှေလွှတ်ပြီး ငါတို့ကို လာကြိုခိုင်းတာ အကြောင်းတစ်ခုခု ရှိရမယ်၊ မင်းတို့ ဘယ်လို စဉ်းစားကြသလဲ'

✣ ✣ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



# သူတောင်းစားဂိုဏ်းအစည်းအဝေး



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈၃)

## သူတောင်းစားဂိုဏ်းအစည်းအဝေး

ဟူကျင်းက...

'အဖေကြီးကကော ဘယ်လိုတွေးတာသလဲ၊ ကျောက်မိန် ... ဟိုလှေပေါ်မှာ ရှိနိုင်သလား'

'ဒီကောင်မသာ လှေပေါ်မှာ ရှိရင်တော့ အကောင်းသား၊ ...၏ ရန်ကြွေးကို ဖောဖောစီးစီးဆပ်ကြရတာပေါ့၊ အဲ... ကမ်းခု ...ယ်၊ လှေပေါ်မှာ အစားအစာကိုတော့ သတိထားပြီး စားကြရ ...မယ်၊ အဲဒီအချက်ကို အစဉ်အမြဲ ဂရုစိုက်နေနိုင်ရင် ပြီးတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဖေကြီး... ဒီလိုဆိုရင် ကျွန်တော်တို့ သိမ်းထားတဲ့ ငါ ခြောက်တွေ၊ သစ်သီးခြောက်တွေကို လှေပေါ်ကို ယူသွားမှ ဖြစ်မယ် ဒါမှ သူတို့ရဲ့ အစာတွေကို မစားပဲ နေနိုင်မှာ၊ သူတို့ရဲ့ အစာ မစားရင် ကျွန်တော်တို့ အားလုံး ရုတ်တရက် အန္တရာယ် မတွေ့ နိုင်ပါဘူး'

ထိုအခါ ရှက်စွန်းသည် တွေးတွေးဆဆဖြင့် ပြောလိုက် သည်။

'ဒါပေမယ့်... ကျောက်မိန်တော့ လှေပေါ်မှာ ပါလာလိမ့်မ လို့ ငါမထင်ဘူး၊ သူတို့ရဲ့ အကြံအစည် အသွားအလာကို ကြည့် ပုံထောက်တော့ ငါတို့ကို လှေပေါ် ညာခေါ်မယ်၊ ပင်လယ်ထဲရော အောင်သွားကြမယ်၊ ပိုင်လောက်တဲ့ နေရာကျမှ တခြားမွှ စက်လှေကြီးတွေက ငါတို့ကို အမြောက်နဲ့ ဝိုင်းပစ်ပြီး ရေထဲ မြှုပ်ပစ်ကြမှာ ၊ ငါတော့ ဒီလိုလုပ်မယ်လို့ပဲ ထင်တယ်'

ဟူကျင်း၏ ကျောရိုးတစ်လျှောက် စိမ့်ခနဲ အေးစက်သွား တော့သည်။

ဟူကျင်းသည် တုန်ယင်သော လေသံဖြင့် ပြောလိုက်သည်

'အဖေကြီး...သူ တကယ်ပဲ ဒီလောက်တောင် ရက်စက်ယု မနိုင်သလားဟင်၊ ကျွန်တော်တို့က သူ့အပေါ် ဘာများ မကောင်းပြု ခဲ့မိလို့လဲ'



ရှက်စွန်းက ခနဲ့ပြုံးပြုံး၍ ပြောလိုက်သည်။

'ဘာ မကောင်းကြံမိခဲ့လို့လဲ ဟုတ်လား၊ မင်း မသိဘူးလား၊ ...ကြီး ခြောက်ဂိုဏ်းက သိုင်းသမားတွေကို မင်းလွှတ်အောင် လုပ် ...တ်တာ သူ့ကို မကောင်းကြံတာပေါ့ကွ၊ နောက်ပြီး တို့ ဒီကျွန်းမှာ နေတာက သေမှာမှ မဟုတ်တာ၊ စားစရာ ရိက္ခာဆိုတာက ...လို့ ရနေနိုင်တယ်ဆိုတာ သူ သိတာပဲ၊ တခြားလှေတွေက ...တွေ့ပြီး ကယ်သွားလို့ တို့တတွေ မြေပြန့်ရောက်သွားရင် သူ့ ...က် အန္တရာယ်ကြီးပဲ မဟုတ်လား'

ချူကျူးက ကောက်၍ မေးလိုက်သည်။

'အဖေကြီးရဲ့ သဘောကို ပြောပါဦး အဖေကြီးရဲ့ အကြံ ...ည်က ကျွန်မထက်တော့ ပိုကောင်းမယ် ထင်တယ်'

ရှက်စွန်းကလည်း ချူကျူးကို ပြန်မေးလိုက်သည်။

'ငါ့သမီးရဲ့ သဘောကိုလဲ ပြောပြပါဦး၊ ဒါမှ ဝိုင်းပြီး ...ကောင်းဆုံး အကြံအစည်ကို စဉ်းစားနိုင်မှာပေါ့'

'ကျွန်မသဘောကတော့ သူတို့နဲ့ လုံးဝ လိုက်မသွားချင်ဘူး၊ ...တို့ ဒီမှာနေနေရတာက ပိုအေးကင်းပါတယ်၊ မြေပြန့်ကိုလဲ ...ချင်တော့ဘူး'

ရှက်စွန်းသည် တဟားဟား ရယ်မောရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းကွာ၊ ငါ့သမီးကတော့ တကယ့် အကြံကောင်း ဉာဏ်ကောင်းကို ပေးလိုက်တာကိုး၊ ကဲ...ငါ့သမီး ပြောတဲ့အတိုင်း သူတို့နဲ့ မလိုက်ချင်လို့ လှေပေါ်ကို မတက်ကတော့ဘူးဆိုပါတော့ သူတို့ ငါ့တို့ကို လွှတ်ပါ့မလား၊ ကဲ နောက်တစ်ခါ ငါတို့က ဒီလှေထဲက လူတွေအားလုံးကို သတ်ပစ်လိုက်ပါပြီတဲ့၊ သူတို့ နောက်ထပ်လှေတွေ မလွှတ်နိုင်တော့ဘူးတဲ့လား၊ ဒါ့ထက် အရေးကြီး တာ တစ်ချက်ရှိသေးတယ်၊ မြေပြန့်မှာ ဟူကျင်းအတွက် စောင့်နေ လုပ်ငန်းတွေ တစ်ပုံတစ်ခေါင်းကြီး ရှိနေတယ်၊ ဒီတော့ တို့ ဒီကျွန်း တစ်သက်လုံးနေဘို့ ဘယ်ဖြစ်တော့မလဲ'

ချူကျူးသည် မျက်နှာကလေး နီရဲသွားပြီး...

'ဒီလိုဆိုရင် အဖေကြီးပဲ အစီအစဉ်လုပ်ပါတော့၊ အဖေ ရဲ့ အစီအစဉ်အတိုင်း ကျွန်မတို့ လိုက်လုပ်ပါ့မယ်'

ရှက်စွန်းသည် ဟူကျင်းနှင့် ချူကျူးတို့၏ နားနားကပ် တီးတိုးပြောလိုက်သည်။ ဟူကျင်းတို့က ခေါင်းတညိတ်ညိတ် သဘောတူကြောင်း လက္ခဏာ ပြကြသည်။

ပြီးနောက် သူတို့ သုံးယောက်သားသည် စုဆောင်း သော ငါးခြောက်နှင့် အခြားရှိသော အစားအစာများကို လှေပေါ် တင်ပြီး လှေကြီးကို ထွက်ခွာမိုင်းလိုက်တော့သည်။



လှေကြီးသည် ပင်လယ်ပြင်အတွင်းသို့ ခရီးအတော်အတန် ပေါက်သည်အထိ ထွက်ခွာလာပြီးသည့်အချိန်တွင် သူတို့လှေ၏ ခေါင်းဆောင်အား ဟူကျင်းက ဓားဖြင့် ထောက်ထားလိုက်၏။

'မင်းတို့ ငါတို့ပြောတဲ့စကားကို သေသေချာချာ လိုက်နာ ကြစမ်း၊ အခု မင်းတို့ရဲ့ လှေကို အရှေ့ဘက် ဦးတည်ပြီး ရွက်လွှင့် ကြစမ်း'

ထိုအခါ ခေါင်းဆောင်ဖြစ်သူက ကြောက်ကြောက်လန့်လန့် တောင်းပန်တိုးလျှိုးရှာသည်။

'ဆရာကြီး... ကျွန်တော်တို့... ကျွန်တော်တို့ ဆရာကြီးတို့ကို မစော်ကားပါဘူး၊ မကောင်းကြံဖို့လဲ မကြံစည်ပါဘူး'

'အေး...မင်း ပြောတာကို ငါယုံတယ်၊ ဒါပေမယ့် ငါတို့မှာ ကြောင်းတစ်ခု ရှိနေတယ်၊ ဒါကြောင့် ငါ့အမိန့်အတိုင်း လုပ် ဆောင်ရင်တော့ မင်းတို့ အားလုံးရဲ့ ခေါင်းတွေကို ဖြတ်ပစ်မယ်'

ထိုအခါ ခေါင်းဆောင်ဖြစ်သူက ကြောက်ကြောက်လန့် နှင့် ဝန်ခံကတိပြုသည်။

'ဟုတ်...ဟုတ်ကဲ့ ဆရာကြီး၊ ဆရာကြီးတို့ ပြောတဲ့အတိုင်း တော်တို့ ရွက်လွှင့်ပေးပါ့မယ်'

ထိုခေါင်းဆောင်သည် လှေထိုးသားများကို အရှေ့ဘက်သို့ လှော်ခတ်ခိုင်းတော့သည်။ သုံးရက်မျှ ကြာသောအခါ သူတို့

www.burmeseclassic.com

www.burmeseclassic.com



သည် သမုဒ္ဒရာပြင်ကျယ်ကြီးသို့ ရောက်ရှိလာတော့သည်။ အမှန်စင်စစ်အားဖြင့် ကျောက်မိန်တို့၏ မွန်ဂိုစက်လှေကြီးများနှင့် တိုးမည်စိုးရိပ်၍ ဤသို့ လမ်းကြောင်းပြောင်း လှော်ခတ်လာကြခြင်း ဖြစ်သည်။

ထိုနောက် ဟူကျင်းသည် လှေကြီးကို မြောက်ဘက်သို့ ဦးတည်နိုင်းပြန်သည်။ ရက်ပေါင်း နှစ်ဆယ်ကျော်မျှ ကြာသောအခါ လှေကြီးကို အနောက်ဘက်သို့ ပြန်လှည့်ခိုင်းပြန်သည်။ ဤမျှ လောက် ခြေရာဖျောက်နိုင်ပြီဆိုလျှင်ကျောက်မိန် မည်သို့မျှ ခြေရာခံ၍ မရနိုင်တော့၊ လုံခြုံစိတ်ချရပြီဟု ယုံကြည်ကြဖြင့် လှေကို အနောက်ဘက်သို့ ပြန်လှည့်နိုင်းလိုက်ခြင်း ဖြစ်ပေသည်။

ယနေ့...။ ကံကောင်းသော နေ့တစ်နေ့၊ ဆားမသိရန်မခံဘဲ ကုန်းမြေကို စတင်တွေ့ရှိလိုက်ကြရသည်။ ဟူကျင်းသည် လှေကြီးကို ချက်ချင်း ကမ်းကပ်နိုင်းလိုက်သည်။ ထိုအခါ ရှက်စွန်းသည် ဟူကျင်းအား လှမ်းပြောလိုက်သည်။

'ဟူကျင်း... ကမ်းကပ်တာက သိပ်အရေးမကြီးဘူး၊ ဘယ်နေရာလဲဆိုတာနဲ့ ကမ်းပေါ်မှာ အန္တရယ်တွေ တို့ကို စောင့်ကြိုနေမနေဆိုတာက ပိုအရေးကြီးတယ်၊ မင်း ကမ်းပေါ် တက်ပြီး စုံစမ်းလိုက်စမ်း'

ရှက်စွန်း၏ စကားဆုံးသည်နှင့် ဟူကျင်းသည် ကမ်းပေါ်သို့ ခုန်တက်လိုက်တော့သည်။ ဟူကျင်းသည် ရှက်စွန်း စေခိုင်းလိုက်သည့်အလုပ်ကို သဘောကို ကောင်းစွာ နားလည်၏။



ဤအရပ်ဒေသသည် မိမိတို့နှင့် ရင်းနှီးကျွမ်းဝင်ပြီးသော အရပ်ဖြစ်ပါက အကြောင်းမဟုတ်၊ မိမိတို့နှင့် ရင်းနှီးကျွမ်းဝင်သော အရပ်မဟုတ်သည့်အပြင် မိမိတို့၏ ရန်သူများ အခိုင်အမာ တပ်စွဲနေသည့် အရပ်ဖြစ်ပါက မိမိတို့အတွက် အလွန်အန္တရာယ်ကြီးလှသည်။

ဟူကျင်းသည် ကမ်းစပ်တွင်သာမက ကုန်းတွင်းပိုင်းအထိ လှမ်းလှမ်းနေရာအထိ အခြေအနေကို စုံစမ်းထောက်လှမ်းသည်။ သူလျှောက်လာသည့် တစ်လမ်းလုံး သစ်တောကြီးများကိုသာ တွေ့နေရပြီး မြေကြီးသားကိုပင် မမြင်နိုင်လောက်အောင် နှင်းများ ဖုံးလွှမ်းနေသည်ကို တွေ့ရသည်။ အခြေအနေအားလုံးကို ချိန်ဆ၍ ဆုံးသပ်လိုက်သောအခါ ဤနေရာသည် လူသူ လုံးဝ မရောက်သည့် သာနက်ကြီးတစ်နေရာသာ ဖြစ်ရမည်ဟု ဟူကျင်း ခန့်မှန်းလိုက်သည်။

ထိုအချိန်တွင် လှေပေါ်မှ ရှူးရှူးဝါးဝါး အော်ဟစ်လိုက်သံအချို့ကို ဟူကျင်း ခပ်သဲ့သဲ့ ကြားလိုက်ရသဖြင့် ဟူကျင်း တုန်လှုပ်ချောက်ချားသွားရတော့၏။ ထို့ကြောင့် လှေကြီးရှိရာသို့ အမြန်ဆုံးနှုန်းဖြင့် ပြန်လည်ပြေးလွှားမိတော့သည်။ လှေပေါ်သို့ ခုန်တက်လိုက်သောအခါ လှေထဲတွင် မွန်ဂိုရေတပ်သားများ အတုံးအရုံးလဲကျသေဆုံးနေသည်ကို တွေ့လိုက်ရတော့သည်။

ရှက်စွန်းနှင့် ချူကျူးတို့မှာမူ တစ်စုံတစ်ရာမျှ ထိခိုက်ဒဏ်ရာရကြဟန်မရှိဘဲ အကောင်းပကတိ မတ်တတ်ရပ်နေကြသည်

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ တွေ့မြင်လိုက်ရသည်။ သို့သော် ရန်သူ၏ အရိပ်အရောင်ကိုမူ လုံးဝမတွေ့မမြင်ရဘဲ ဖြစ်နေသဖြင့် ရှက်စွန်းအား စိုးရိမ်တကြီး လှမ်းမေးလိုက်သည်။

'အဖေကြီးတို့ ဘာမှမဖြစ်ကြဘူးနော်၊ ရန်သူတွေ ဘယ်ရောက်သွားကုန်ပြီလဲ'

'ဘာ ရန်သူလဲ၊ ဘယ်ကရန်သူလဲ၊ မင်းက ရန်သူဆိုတဲ့ကောင်တွေကို တွေ့လိုက်လို့လား'

'မဟုတ်ဘူးလေ၊ ရန်သူတွေ မလာဘဲနဲ့ ဒီမွန်ဂိုတွေ...'

'ဒါလား...ဘယ်ကရန်သူက လာသတ်ရမှာလဲ၊ ဒီမွန်ဂိုတွေကို ငါနဲ့ ချူကျူး သတ်လိုက်တာ'

ဟူကျင်းသည် 'ဟာ'ခနဲ ဖြစ်သွားသည်။

'ဘာဖြစ်လို့လဲ အဖေကြီး သူတို့တွေက အဖေကြီးတို့ကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားကြလို့လား'

'မကြိုးစားပါဘူး၊ ကြိုးစားလို့လဲ ရမလားကွ၊ ငါက တမင်နှုတ်ပိတ်ပစ်လိုက်တာ၊ တို့တစ်တွေ မြေပြန့်ရောက်လာတာကို ကျောက်မိန် တစ်သက်လုံး မသိနိုင်တော့ဘူးပေါ့'

ဟူကျင်းသည် သူ့အဖေကြီးကိုမူ မည်သို့မျှ ပြန်မပြောမိချေ။ သို့သော် သူ့စိတ်ထဲတွင် မချမ်းမမြေ့ ခံစားလိုက်ရသည်။ ဤမွန်ဂို လှေထိုးသားများသည် လမ်းခရီးတစ်လျှောက်လုံး မိမိတို့ အမိန့်



ပေးသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ခဲ့ကြသူများ ဖြစ်ကြသည်။ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင် ရောက်ခါမှ သူတို့အား သတ်ပစ်ခြင်းသည် သူတို့အပေါ် ညှာတာမှု ကင်းမဲ့ လွန်းသည်ဟု ထင်မှတ်လိုက်မိသည်။

နောက်ဆုံး ဟူကျင်း ရှက်စွန်းနှင့် ချူကျူးတို့သည် ကမ်းပေါ်သို့ တက်လိုက်ကြသည်။ တောအုပ်ကြီးထဲသို့ ဝင်ကာ ဖြစ်သလို အိပ်စက်အနားယူကြသည်။ သူတို့၏ လက်ထဲတွင် မွန်ဂိုတို့၏ငွေများ ပါလာသည်။ လှေပေါ်၌ ပါရှိသမျှ ငွေများကို ခရီးစရိတ်အဖြစ် ယူလာကြသဖြင့် လမ်းခရီးတွင် အထူး ပူပန်စရာ အကြောင်း မရှိတော့ပေ။

သူတို့သည် တောအုပ်ကြီးအတွင်းမှ အပြင်သို့ ရောက်နိုင်ရန် သုံးရက်ခန့် မနားမနေ ခရီးပြင်း နှင်ကြရသည်။

တောအုပ်ကြီး၏ အပြင်သို့ ရောက်ရှိသောအခါ လယ်သမားအိမ်တစ်လုံးကို တွေ့လိုက်ကြရသဖြင့် ထိုလယ်သမားကြီးအား မေးမြန်းစုံစမ်းကြည့်လိုက်ရာ ဤနေရာသည် ချန်မေ တောင်တန်းဒေသဖြစ်ကြောင်း သိရှိရသည်။ ဤနေရာသည် မြေပြန့်ကုန်းပိုင်းဖြစ်သော်လည်း မြေပြန့်ဒေသ၏ အစွန်အဖျားဒေသသာ ဖြစ်ပေသည်။

သူတို့သည် လယ်သမားကြီးထံမှ အလွန် ဟောင်းနွမ်းလှသော အဝတ်အစားများကို ဝယ်၍ ဝတ်ကြသည်။ မျက်နှာကိုလည်း ဆိုးဆေးများဖြင့် သုတ်လိမ်းလိုက်သည်။ ဝါစ်ကိုယ်ဟုးညစ်ပတ်ပေရေအောင် လုပ်လိုက်ကြသဖြင့် ကျောက်မိန်ကိုယ်တိုင် တွေ့လျှင်ပင်

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို လုံးဝ မှတ်မိတော့မည် မဟုတ်ချေ။ သူတို့ ရုပ်ဖျက်မှုကို သူတို့ ကိုယ်တိုင် များစွာ ကျေနပ်သွားကြသဖြင့် တောင်ပိုင်းသို့ခရီးဆက်ခဲ့ကြတော့သည်။ ယနေ့ဆိုလျှင် မြေပြန့်သို့သွားရာ ခရီးလမ်းမကြီးပေါ်ရှိ မြို့ကလေးတစ်မြို့သို့ ဆိုက်ရောက် ခဲ့ကြလေပြီ။ မြို့တွင်းသို့ လျှောက်ဝင်လာကြရာ အတော်အသင့် ကြီးမားသော စားသောက်ဆိုင်ကြီး တစ်ခုကို တွေ့လိုက်ကြရသဖြင့် ဆာလောင်နေ သည့် ဝမ်းများကို ဖြည့်တင်းရန် ဆိုင်တွင်းသို့ ဝင်မိကြတော့၏။

သူတို့၏ အဝတ်အစားများမှာ အလွန်ပင် စုတ်ပြတ်ပေရေနေသဖြင့် ဟူကျင်းသည် သူတို့အား ဆိုင်ရှင်က သူတောင်းစားများဟု ထင်မြင်သွားမည်ကို အလွန်စိုးရိမ်မိသည်။ ထို့ကြောင့် အစားအသောက်များ မမှာကြားသေးမီပင် အရင်ဦးစွာ ငွေများကို ပေးထားလိုက်သည်။

'ကျုပ်တို့ ခင်ဗျားကို ငွေအရင်ဆုံးပေးထားမယ်၊ စားသောက်ပြီးတဲ့အခါကျမှာ ကျသင့်ငွေကို ရှင်းကြတာပေါ့'

သို့သော် ဆိုင်ရှင်က ငွေကို လုံးဝလက်မခံ၊ လက်မခံသည့်ပြင် ရိုရိုသေသေ ထပြောသည်။

'ဆရာကြီးတို့ ကျွန်တော်တို့ရဲ့ဆိုင်ကို လာအားပေးတာကိုပဲ ကျွန်တော်တို့ အများကြီး ကျေးဇူးတင်နေပါပြီ ကျွန်တော်တို့ကို ငွေရှင်းနေဖို့ မလိုပါဘူး၊ ဒီနေ့အဖို့တော့ ဆရာကြီးတို့ကို ညှိခံကျွေးမွေး လိုက်ပါရစေ'



ဟူကျင်းသည် အလွန်အံ့သြသွားသည်။ ချူကျူးနှင့် ရှက်စွန်းတို့ကိုလည်း ခုံများတွင် ဝင်ထိုင်စေလိုက်သည်။ ပြီး ချူကျူး၏ နားနားသို့ ကပ်၍...

'ချူကျူး... မင်းတတ်နိုင်သလောက် စဉ်းစားကြည့်စမ်း၊ ဘာများဟာကွက်တွေ ရှိနေသလဲ၊ ဆိုင်ရှင် တို့ဆီက ပိုက်ဆံ မယူပုံထောက်ရင် တို့ရုပ်ဖျက်တာ တော်တော်ကလေး မပီမရီလို့ ဖြစ်နေသိမ့်မယ်'

ဟူကျင်း၏စကားကို ချူကျူး မည်သို့မျှ ပြန်မပြော။ သို့သော် ရှက်စွန်းက ပြောလိုက်သည်။

'တော်တော်လေးတော့ ထူးဆန်းနေတယ် ဟူကျင်း၊ ဆိုင်ရှင်ရဲ့လေသံကို ငါ နားထောင်ရတာ ကြောက်သံလန့်သံတွေ ပါနေတယ် သတိလက်လွတ် မနေကြနဲ့ အခြေအနေတွေ ထူးခြားနေတယ်ဆိုတာ စောင့်ကြည့်ကြ'

ဟူကျင်းတို့ တစ်သိုက် တကြိတ်ကြိတ်ပြောနေစဉ်ပင် ဆိုင်ဆီသို့ လူအချို့ တက်လာကြပြန်သည်။ ထူးဆန်းသည့် တစ်ချက်မှာ ဝင်လာသမျှ လူအားလုံးလိုလိုပင် ဟူကျင်းတို့ကဲ့သို့ စုတ်စုတ်ပြတ်ပြတ်နှင့် သူတောင်းစား အဝတ်မျိုး ဝတ်ဆင်ထားကြခြင်းပင်ဖြစ်သည်။ စုစုပေါင်း ခုနစ်ယောက် တက်လာကြခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူ ခုနစ်ယောက်ကိုလည်း ဆိုင်ရှင်က ရှိသေကိုင်းရှိုင်းစွာ ဆက်ဆံနေပြီး နှုတ်မှလည်း ဆရာကြီး၊ ဆရာကြီးနှင့်တဖွဖွ ပြောဆိုနေတော့သည်။ အစားအသောက်များကိုလည်း ချက်ချင်းပင် ပြင်ဆင်ပေးလိုက်သည်။ ထိုသူ အားလုံးသည် သူတောင်းစားဂိုဏ်းမှ ဂိုဏ်းသားများ ဖြစ်ဟန်တူသည်။ များမကြာမီပင် သူတောင်းစားများ တဖွဲဖွဲ ရောက်ရှိ လာကြပြန်သည်။

ဤသို့ဖြင့် ဆိုင်ကြီးထဲတွင် သူတောင်းစားဂိုဏ်းသားပေါင်း သုံးဆယ်ခန့် ရောက်ရှိလာတော့သည်။ သူတောင်းစားဂိုဏ်းတွင် သိုင်းပညာ အဆင့်အတန်းနှင့် ဝါစဉ်ကြီးငယ်အလိုက် ခွဲခြားထားမှု ရှိသည်။ သူတို့၏ အကျီနောက်ကျောဌ် ချုပ်ထားသော သားရေအိတ် အရေအတွက်အရ သူတို့၏ အဆင့်အတန်းကို ခွဲခြားသိရှိနိုင်သည်။ အိတ်အရေအတွက် များလေလေ ရာထူးအဆင့်အတန်း ကြီးလေလေ ဖြစ်သည်။

ဟူကျင်းသည် ရောက်လာသူများ၏ အိတ်များကို ရေတွက်ကြည့်နေမိသည်။ ယခုရောက်ရှိလာသူများထဲတွင် ငါးအိတ်သမား ခြောက်အိတ်သမားနှင့် အများဆုံး ခုနစ်အိတ်သမားအထိ ပါရှိကြသည်။ ခုနစ်အိတ်သမားတို့သည် သုံးယောက်သာရှိသဖြင့် ဦးရေအနည်းဆုံး ဖြစ်နေပေသည်။ ဟူကျင်း သဘောပေါက် သွားသည်။ လက်စသတ်တော့ ဒီနေ့ ဒီအချိန်၊ ဒီနေရာမှာ သူတောင်းစားဂိုဏ်းရဲ့ သင်းလုံးကျွတ် အစည်းအဝေး ကျင်းပတော့မှာကိုး။



ထို့ကြောင့် စောစောပိုင်းက ဆိုင်ရှင်သည် သူတို့သုံးယောက်အား သူတောင်းစားများထင်ပြီး ပေးသည့်ငွေများကို လက်မခံကြခြင်း ဖြစ်ကြောင်း နားလည်မိကြတော့သည်။ ဟူကျင်းသည် လေသံကို နှိမ့်၍ ပြောလိုက်သည်။

'အဖေကြီး...ဒီအခြေအနေတိုင်းဆိုရင် ကျွန်တော်တို့ ရှောင်လိုက်ရင် အကောင်းဆုံးဖြစ်မယ်ထင်တယ်'

ဟူကျင်းပြောနေသည့် အချိန်တွင်ပင် စားပွဲထိုး လူငယ်သည် သူတို့စားပွဲဝိုင်းသို့ ဟင်းလျာများနှင့် အရက်များကို ယူလာချပေးသည်။ ရှက်ဇွန်းသည် ဟင်းလျာများ၏ သင်းပျံ့ကြိုင်လှိုင်မှုများကြောင့် လည်းကောင်း၊ နှစ်ပေါင်း နှစ်ဆယ်ကျော်မျှ အငတ်အသောက် နေခဲ့ရခြင်းကြောင့်လည်းကောင်း ဤဟင်းလျာများကို မြည်သည့်နည်းနှင့်မျှ လက်လွှတ်မခံနိုင်ဘဲ ဖြစ်နေသည်။

ထို့ကြောင့် ဟူကျင်းအား ပြန်ပြောလိုက်သည်။

'ဟော့...ဟော့...ဘာမှ ရှောင်နေဖို့ မလိုဘူး၊ ငါတို့ အဝစားရဖို့ အရေးကြီးတယ်၊ သူတို့ဘာပဲ စည်းဝေးစည်းဝေး ဂရုစိုက်နေစရာ မလိုဘူး၊ ကဲ...စားကြ...စားကြ'

ရှက်ဇွန်းသည် စကားဆုံးသည်နှင့် ပလုပ်ပလောင်း စားသောက်နေသည်။ သူ့စကားအတိုင်း မည်သူ့ကိုမျှလည်း ဂရုမစိုက်တော့။

www.burmeseclassic.com

www.burmeseclassic.com



ချူကျူးနှင့် ဟူကျင်းတို့သည်လည်း စတင် စားသောက်ကြတော့သည်။ ထိုစဉ် ဟူကျင်းသည် အသံတိုးတိုးဖြင့် သတိပေး လိုက်သည်။

'သတိထားကြ၊ သိုင်းပညာ တကယ်တော်တဲ့ လူနှစ်ယောက် တက်လာနေကြပြီ၊ သူတောင်းစားဂိုဏ်းမှာလဲ ဒီလောက် အဆင့် အချင်း ရှိတဲ့လူတွေလဲ ရှိနေသေးသကိုး'

ဟူကျင်းသည် လှေကားမှ တက်လာသည့် ခြေသံများအ ဤသို့ပြောလိုက်ခြင်း ဖြစ်သည်။ ထိုခြေသံသည် အလွန်ထူးဆန်း လှသည်။ ရှေ့ဆုံးတစ်ယောက်၏ ခြေသံသည် ညာခြေသံက လေး ပြီး ဘယ်ခြေသံက ပေါ့နေသည်။ နောက်တစ်ယောက်၏ ခြေသံက ပထမတစ်ယောက်နှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။

ထိုနှစ်ယောက်၏ ခြေသံအရပင် သူတို့၏ သိုင်းပညာ လည်း လွန်စွာ ထူးဆန်းမှန်း သိရှိနိုင်သည်။ ထိုလူနှစ်ယောက် လှေ ကားထိပ်သို့ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် သူတောင်းစား ဂိုဏ်းသားအားလုံး မ ာ်တတ်ရပ်လျက် ဆီးကြိုကြသည်။

ရှက်စွန်းသည် လက်ဟန်တစ်ချက် ပြလိုက်ပြီး ချူကျူးနှင့် ဟူကျင်းတို့ကိုပါ မတ်တတ်ရပ်ခိုင်းလိုက်သည်။ ရှက်စွန်းသည် မျက်စိမမြင်သူ ဖြစ်နေသော်လည်း အခြေအနေ အရပ်ရပ်ကို ချင့်ချိန် ခန့် ှန်းနိုင်သူ ဖြစ်သည်။



အားလုံး မတ်တတ်ရပ်နေကြစဉ် သူတို့ သုံးယောက်က ထိုင်နေမည်ဆိုပါက အားလုံး၏ မျက်စိစပါးမွေး စူးစရာ ဖြစ်ပြီး သြသနာပေါ်ပေါက်ကောင်း ပေါ်ပေါက်နိုင်ပေသည်။ ယခုသူတို့ အရပ်လိုက်ခြင်းအားဖြင့် အားလုံးနှင့် ရောရောနှောနှော ဖြစ်သွား တော့သည်။

ဟူကျင်းသည် ဝင်လာသူနှစ်ယောက်ကို အကဲခတ် လိုက် သည်။ တစ်ယောက်သောသူသည် သေးသေးသွယ်သွယ်၊ စာသမား သသမား ကဗျာသမား တစ်ယောက်နှင့် အလွန်တူသည်။ နောက် တစ်ယောက်ကမူ ပထမ တစ်ယောက်နှင့် အလွန်ဆန့်ကျင်လှသည်။ ကိုယ်လုံးကိုယ်ထည်ကြီးမှာ ကြောက်မက်ဖွယ်ရာ ကောင်းလောက် အောင်ကြံ့ခိုင်တောင့်တင်းလှပြီး တစ်ကိုယ်လုံး ကြွက်သားများနှင့် ပြည့်နေတော့သည်။

အားမာန်ပြည့်ဝလှပြီး မင်မောင်းဟန်ကလည်း အလွန် ကောင်းနေသည်။ နှစ်ယောက်စလုံးသည် အသက်ငါးဆယ် ကျော်ခန့် ရှိနေပြီး သူတို့၏နောက်ကျောတွင် အိတ်ကိုးလုံးစီ ရှိနေသည်။ ဟူကျင်းသည် စဉ်းစားနေမိသည်။

'လွန်ခဲ့တဲ့ အနှစ်တစ်ရာ လောက်တုန်းကဆိုရင် သူတောင်း စားဂိုဏ်းဆိုတာ သိုင်းလောကထဲမှာ အတော်ကြီးကို လျှမ်းလျှမ်းတောက် တောက်ကြားခဲ့တဲ့ နာမည်ကြီး ဂိုဏ်းကြီးတစ်ဂိုဏ်းပဲ ဒါပေမယ့်... နောက်ပိုင်းကျတော့ သူတို့ရဲ့ အဆင့်အတန်းဟာ တဖြည်းဖြည်းနိမ့်



www.burmeseclassic.com

www.burmeseclassic.com



ကျလာတယ်၊ အခုဆိုရင် သူတို့ရဲ့ သူတောင်းစား ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံတောင် သိုင်းလောကထဲမှာ မျက်နှာလုံးဝ မပြတော့ဘူး ဒီတော့ သူရဲ့ အရည်အချင်း ဘယ်လောက်ရှိသလဲ ဆိုတာလဲ ဘယ်သူမှ မသိကြတော့ဘူး၊ ဒီလူနှစ်ယောက်ဟာ အိတ်ကိုးလုံး သိုင်းသမားတွေဆိုတော့ ဂိုဏ်းချုပ်ကြီးက လွဲရင် ရာထူးအကြီးဆုံးပဲ ဖြစ်ရမယ် ဟိုနေ့က လင်းမြွေကျွန်းကို သူတောင်းစားဂိုဏ်းက လူတွေလာပြီး အဖေကြီး နဂါးနိုင်ဓားကို လုကြတဲ့ အထဲမှာ ဒီလူနှစ်ယောက်ရဲ့ ပယောဂလဲ ပါပုံရတယ်'

အမှန်စင်စစ် အလင်းမာန်ဂိုဏ်းကြီး၏ ကျောက်မီးတိုင်က လွန်ခဲ့တဲ့သည့် နှစ်ငါးဆယ်ခန့်က သူတောင်းစား ဂိုဏ်းကလုယူသွားခဲ့သည့် အချိန်မှစ၍ အလင်းမာန်ဂိုဏ်းနှင့် သူတောင်းစားဂိုဏ်းတို့ ကမ္ဘာရန် ဖြစ်သွားကြရလေသည်။ ထိုဂိုဏ်းကြီး နှစ်ဂိုဏ်းသည် အမြဲတမ်းလိုလို တိုက်ခိုက်လေ့ ရှိကြသည်။ သို့ရာတွင် သိုင်းလောကသားများသည် အလင်းမာန်ဂိုဏ်းကို မကောင်းဆိုးဝါးဟု သတ်မှတ်ထားကြရာ တိုက်ပွဲဖြစ်သည့်အခါတိုင်း သူတောင်းစားဂိုဏ်းဘက်မှ ပါဝင်တိုက်ခိုက်ပေးလေ့ရှိကြသဖြင့် အလင်းမာန်ဂိုဏ်းမှာ အရေးရှုံးနိမ့်ခဲ့ရတော့သည်။ ထိုစဉ်ခါက ဆုံးရှုံးခဲ့သော ယခု ကျောက်မီးတိုင် ခြောက်တိုင်သည် ဟူကျင်း၏ ရင်ခွင်တွင်းဝယ် ရှိနေချေပြီ။

ကျောက်မိန်သည် ကျွန်းပေါ်တွင် ရှိနေစဉ်အခါက နဂါးနိုင်ဓားနှင့် တိမ်လွှာဓားကို ယူပြီးနောက် ကျောက်မီးတိုင်များကို ယူရန်





မှုချကြံစည်ပေလိမ့်မည်။ သို့သော် ကျောက်မီးတိုင်များသည် ဟူကျင်း၏ ရင်ခွင်တွင်း၌ ရှိနေရာ နှိုက်ယူရန် မလွယ်လှချေ။ ဟူကျင်း၏ မြင့်မားလှသော သိုင်းပညာကို ကြောက်လန့်၍ နှိုက်မယူရဲခြင်း ဖြစ်ပေလိမ့်မည်။

ဟူကျင်း၏ အတွေးများသည် စားသောက်ဆိုင်အတွင်းသို့ ပြန်လည်ရောက်ရှိလာသည်။ သူတောင်းစားဂိုဏ်းသား အားလုံးသည် အရေးကြီးသော စကားဆို၍ တစ်လုံးတစ်ပါဒမျှ မပြော။ သူတို့သည် ပျော်ပါးအော်ဟစ်လျက်သာ စားသောက်နေကြတော့သည်။ စားသောက် ပြီးစီးသွားသောအချိန်တွင် အိတ်ကိုးလုံးသမား နဂါးခေါင်း နှစ်ယောက်တို့ စတင်ထွက်ခွာသွားသည်။ မကြာမီပင် ကျန်ဂိုဏ်းသားများလည်း တစ်ဖွဲဖွဲ ထွက်ခွာသွားကြတော့သည်။

နောက်ဆုံး ဟူကျင်းတို့ သုံးယောက်သာ ဆိုင်ထဲတွင် ကျန်တော့သည်။ ရုက်စွန်းသည် အသံကို နှိမ့်၍တိုးတိုး မေးလိုက်သည်။

'ဟူကျင်း...မင်း ဘယ်လိုမြင်သလဲ'

'ကျွန်တော် အမြင်ကတော့ ဒီသူတောင်းစား ဂိုဏ်းသားတွေဟာ ဒီဆိုင်မှာ စားရုံသောက်ရုံသက်သက် လာကြတာ ဟုတ်ဟန်မတူဘူး သူတို့တတွေဟာ လူသူကင်းရှင်းတဲ့ တစ်နေရာရာမှာ နောက်တစ်ခါ ထပ်စုပြီး အရေးကြီးတဲ့ ကိစ္စတစ်ခုကို ဆွေးနွေးလိမ့်မယ်လို့ ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ရှက်စွန်းလည်း ခေါင်းတစ်ချက် ညိတ်လိုက်သည်။

'ဟုတ်တယ်၊ ငါလဲမင်း ထင်သလိုထင်တာပဲ။ သူတောင်းစားဂိုဏ်းဟာ ငါတို့ရဲ့ တကယ့်ရန်သူတော် ဂိုဏ်းကြီးပဲ။ အခု နဖူးတွေ့ဒူးတွေ့ တွေ့နေတဲ့နောက်တော့ လက်ပိုက်ပြီး ကြည့်မနေနိုင်ဘူး၊ ဒီကောင်တွေ တစ်ခုခု မကောင်းကြံနေတာပဲ ဖြစ်ရမယ်၊ ဒီတော့ ငါတို့သူတို့လုပ်သမျှ စုံစမ်းဖို့ တာဝန်ရှိလာတယ်'

ထိုညတွင် သူတို့သည် တည်းခိုခန်းကလေးတစ်ခုတွင် တည်းလိုက်ကြသည်။ ထိုညတွင်ပင် ရှက်စွန်းက ပြောသည်။

'ဟူကျင်း... ငါက မျက်စိမမြင်တော့ စုံစမ်းထောက်လှမ်းရေး အလုပ်နဲ့ ငါနဲ့ ဘယ်လိုမှ မအပ်မစပ် ဖြစ်နေတယ်။ အကျိုးထက် အပြစ်ဖြစ်ဖို့က များနေတယ်။ ချူကျူးကျတော့လဲ သိုင်းပညာက မကောင်းပြန်ဘူး၊ ဒီတော့ မင်း တစ်ယောက်ပဲ သွားစုံစမ်းပေး'

ဟူကျင်းသည် ဟုတ်ကဲ့ဟု ဝန်ခံလိုက်ပြီး တည်းခိုခန်းမှ ထွက်သွားတော့သည်။

သူသည် တောင်ပိုင်းမှ မြောက်ပိုင်းသို့သွားရာ လမ်းတစ်လျှောက်လုံး အခြေအနေကို အကဲခတ်သွားသည်။ သို့သော် သူတောင်းစားဂိုဏ်းသား တစ်ဦးတစ်ယောက်မျှကိုပင် မတွေ့ခဲ့ရ၍ ဟူကျင်း စဉ်းစားရခက်သွားသည်။



'ဘယ်လိုဖြစ်ရတာလဲ မသိဘူး၊ စောစောတုန်းက ဂိုဏ်းက လူတွေ အများကြီး တွေ့နေရတယ်၊ အခုတော့ တစ်ယောက်မှ မတွေ့ရတော့ဘူး'

သူသည် ရုတ်တရက် အကြံတစ်ခု ရသွားသည်။ စောစောတုန်းက သူတို့ စားသောက်ခဲ့သည့် စားသောက်ဆိုင်တွင်းသို့ ပြန်သွားလိုက်ပြီး ဆိုင်ရှင်၏စားပွဲကို လက်သီးဖြင့် ဝုန်းခနဲ ထုချလိုက်သည်။ အသံမှာလည်း ခက်ထန်စွာ အော်ဟစ်ရင်း...

'ဟေ့...ငါတို့ ဂိုဏ်းသားတွေ ဘယ်ရောက်ကုန်ကြပလဲကွ'

ထိုအခါ စားသောက်ဆိုင်ပိုင်ရှင်သည် အံ့သြသလို တစ်ချက်မျှ ဖြစ်သွားပြီး ကြောက်အားလန့်အားနှင့် အပြေပေးလိုက်သည်။

'ဆရာကြီး နောက်ကျ ကျန်ခဲ့တာလား သူတို့ မြောက်ပိုင်းကို ထွက်သွားကြတယ်လေ၊ လက်ဖက်ရည်ကြမ်း သောက်သွားပါဦးလား အနားနေနေပေါ့'

ဟူကျင်းသည် ဆိုင်ရှင်၏ စကားကို ဆုံးအောင် နားမထောင်တော့ချေ။ မြောက်ပိုင်းသို့ လျင်မြန်စွာ ပြေးထွက်သွားလေတော့သည်။ ဟူကျင်းမြို့ပြင်သို့ ရောက်သောအခါ မြက်တောထဲ၌ လူရိပ်တစ်ခုကို တွေ့လိုက်ရသဖြင့် စူးစမ်းကြည့်လိုက်သည်။ သူတောင်းစားဂိုဏ်းသားတစ်ယောက်သာတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုဂိုဏ်းသားက ဟူကျင်းအား စစ်ဆေးမေးမြန်းရန် ဟန်ပြင်လိုက်သည်နှင့် ဟူကျင်းသည် သူ၏ကိုယ်ဟန်ကို လှုပ်ရှား ဟန်ပြုလိုက်ရာ ဝိုးခနဲ လေတိုးသံ တစ်ခုသည် ထိုသူတောင်းစား ဂိုဏ်းသား၏ဘေးမှ ဖြတ်သွားပြီး ဟူကျင်းသည်လည်း အမှောင်ထဲတွင် ပျောက်ကွယ်သွားတော့သည်။

ထိုဂိုဏ်းသားသည် သူ့မျက်စိများကို သူ မယုံနိုင်အောင် ဖြစ်သွားသည်။ သူ၏ မျက်စိများကို ပွတ်သပ်၍ အသေအချာ ကြည့်လိုက်သည်။ သို့သော် မည်သူ့ကိုမျှ မတွေ့ရတော့ချေ။

ဟူကျင်းသည် ပထမဆုံး သူတောင်းစား ဂိုဏ်းသား တစ်ယောက်ကို တွေ့လိုက်သည်နှင့် သူတို့၏ ကင်းပုန်းစနစ်များကို သိရှိသွားတော့သည်။ သူတောင်းစားဂိုဏ်းသည် သူတို့ ဂိုဏ်းကြီး၏ အစည်းအဝေးလုံခြုံရေးအတွက် လမ်းတစ်လျှောက်လုံး ကင်းပုန်းများ အဆက်မပြတ် ချထားသည်။

ဟူကျင်းအနေဖြင့် အစည်းအဝေးကျင်းပမည့်နေရာကို အထူးရှာဖွေရန် မလိုတော့ချေ။ ထိုကင်းပုန်းအဆင့်ဆင့်ကိုသာ ရှာဖွေသွားခြင်းအားဖြင့် နောက်ဆုံးအစည်းအဝေးကျင်းပမည့် နေရာကို သိနိုင်ကြောင်း တွက်ဆမိလိုက်သည်။ ထို့ကြောင့် သူတို့ချထားသည့် ကင်းပုန်းများကပင် ဟူကျင်းအား လမ်းပြပေးနေသလို ဖြစ်နေတော့သည်။

နောက်ဆုံးတွင် ဟူကျင်းသည် ဘုရားကျောင်းကြီးတစ်ခုသို့ ရောက်ရှိလာတော့သည်။ ဘုရားကျောင်းကြီးသည် အလွန်တရာ



ပြီးကျယ်ခမ်းနားလှသည်။ သို့သော် သူစိမ်းတစ်ရှူ၍ အလွန်ပင်ဆောက် အပေါက်နည်းလှသည့် နေရာဖြစ်နေသည်။ ထိုအကြောင်းကြောင့်သာလျှင် သူတောင်းစားဂိုဏ်းသည် ဤနေရာကို ရွေးချယ်ခြင်း ဖြစ်ပေလိမ့်မည်။

ဘုရားကျောင်း၏ ပတ်လည်တွင်မူ ကင်းပုန်းများကို စိပ်စိပ်ဆေး ချထားသည်။ ဤနေရာသည် အရေးအကြီးဆုံးနေရာသည် မဟုတ်ပါလော။

ဟူကျင်း ကိုယ်ဖော့သိုင်းပညာသည် အလွန် အဆင့်အတန်းမြင့်သည်ဖြစ်ရာ ဘုရားကျောင်းအနီးသို့ အလွယ်တကူပင် ချဉ်းကပ်သွားနိုင်သည်။ ထို့နောက် ဘုရားကျောင်းဝင်းထဲရှိ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ အသာအယာ ခုန်တက်ကာ ပုန်းကွယ်နေလိုက်သည်။

ဟူကျင်း တက်လိုက်သော သစ်ပင်ကြီးသည် ဘုရားကျောင်း အတွင်းရှိ ခန်းမကြီး ဘေးနားတွင် ကပ်ပေါက်နေသော အပင်ဖြစ်ရာ ထို သစ်ပင်ကြီးပေါ်မှ ကြည့်လိုက်သည်နှင့် ခန်းမကြီးအတွင်းအနေ အားလုံးကို ပြက်ပြက်ထင်ထင် ကောင်းစွာ မြင်နိုင်သည်။

ဟူကျင်းသည် သစ်ပင်ထိပ်သို့ ရောက်သည်နှင့် ကျောင်းကြီးကျောင်းနှင့်တကွ ခန်းမကြီးအတွင်းသို့ပါ အသေအချာ စစ်ဆေးကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဂိုဏ်းသားက ဟူကျင်းအား စစ်ဆေးမေးမြန်းရန် ဟန်ပြင်လိုက်သည်နှင့် ဟူကျင်းသည် သူ၏ကိုယ်ဟန်ကို လှုပ်ရှား ဟန်ပြုလိုက်ရာ ငိုးခနဲ လေတိုးသံ တစ်ခုသည် ထိုသူတောင်းစား ဂိုဏ်းသား၏ဘေးမှ ဖြတ်သွားပြီး ဟူကျင်းသည်လည်း အမှောင်ထဲတွင် ပျောက်ကွယ်သွားတော့သည်။

ထိုဂိုဏ်းသားသည် သူ့မျက်စိများကို သူ မယုံနိုင်အောင် ဖြစ်သွားသည်။ သူ၏ မျက်စိများကို ပွတ်သပ်၍ အသေအချာ ကြည့်လိုက်သည်။ သို့သော် မည်သူ့ကိုမျှ မတွေ့ရတော့ချေ။

ဟူကျင်းသည် ပထမဆုံး သူတောင်းစား ဂိုဏ်းသား တစ်ယောက်ကို တွေ့လိုက်သည်နှင့် သူတို့၏ ကင်းပုန်းစနစ်များကို သိရှိသွားတော့သည်။ သူတောင်းစားဂိုဏ်းသည် သူတို့ ဂိုဏ်းကြီး၏ အစည်းအဝေးလုံခြုံရေးအတွက် လမ်းတစ်လျှောက်လုံး ကင်းပုန်းများ အဆက်မပြတ် ချထားသည်။

ဟူကျင်းအနေဖြင့် အစည်းအဝေးကျင်းပမည့်နေရာကို အထူး ရှာဖွေရန် မလိုတော့ချေ။ ထိုကင်းပုန်းအဆင့်ဆင့်ကိုသာ ရှာဖွေသွားခြင်းအားဖြင့် နောက်ဆုံးအစည်းအဝေးကျင်းပမည့် နေရာကို သိနိုင်ကြောင်း တွက်ဆမိလိုက်သည်။ ထို့ကြောင့် သူတို့ချထားသည့် ကင်းပုန်းများကပင် ဟူကျင်းအား လမ်းပြပေးနေသလို ဖြစ်နေတော့သည်။

နောက်ဆုံးတွင် ဟူကျင်းသည် ဘုရားကျောင်းကြီးတစ်ခုသို့ ရောက်ရှိလာတော့သည်။ ဘုရားကျောင်းကြီးသည် အလွန်တရာ



ကြီးကျယ်ခမ်းနားလှသည်။ သို့သော် သူစိမ်းဟူ၍ အလွန်ပင် အောက် အပေါက်နည်းလှသည့် နေရာဖြစ်နေသည်။ ထိုအကြောင်း ကြောင့်သာလျှင် သူတောင်းစားဂိုဏ်းသည် ဤနေရာကို ရွေးချယ်ခြင်း ဖြစ်ပေလိမ့်မည်။

ဘုရားကျောင်း၏ ပတ်လည်တွင်မူ ကင်းပုန်းများကို စိပ်စိပ်လေး ချထားသည်။ ဤနေရာသည် အရေးအကြီးဆုံးနေရာသည် မဟုတ်ပါလော။

ဟူကျင်း ကိုယ်ဖော့သိုင်းပညာသည် အလွန် အဆင့်အတန်း မြင့်လှသည်ဖြစ်ရာ ဘုရားကျောင်းအနီးသို့ အလွယ်တကူပင် ချဉ်းကပ်လာနိုင်သည်။ ထို့နောက် ဘုရားကျောင်းဝင်းထဲရှိ သစ်ပင်ကြီး တစ်ပင်ပေါ်သို့ အသာအယာ ခုန်တက်ကာ ပုန်းကွယ်နေလိုက်တော့သည်။

ဟူကျင်း တက်လိုက်သော သစ်ပင်ကြီးသည် ဘုရား ကျောင်း အတွင်းရှိ ခန်းမကြီး ဘေးနား၌ ကပ်ပေါက်နေသော အပင် ကြီးဖြစ်ရာ ထို သစ်ပင်ကြီးပေါ်မှ ကြည့်လိုက်သည်နှင့် ခန်းမကြီး ခြအနေ အားလုံးကို ပြက်ပြက်ထင်ထင် ကောင်းစွာ မြင်နိုင်သည်။

ဟူကျင်းသည် သစ်ပင်ထိပ်သို့ ရောက်သည်နှင့် ကျောင်း ဝင်းကျင်နှင့်တကွ ခန်းမကြီးအတွင်းသို့ပါ အသေအချာ စစ်ဆေး ကြည့်လိုက်သည်။

www.burmeseclassic.com



အလို... ဂိုဏ်းသားတွေတောင် အတော်စုံနေကြပါကလား

ခန်းမကြီးထဲတွင် လူပေါင်းသုံးရာခန့် ရောက်ရှိနေသည်ကို ဟူကျင်းသည် အံ့ဩစဖွယ် တွေ့ရှိရသည်။ ထို့ထက် ပိုမို၍ အံ့ဩဖွယ်ရာကောင်းသည်မှာ အသံဆို၍ လုံးဝမထွက် ခြင်းပင်တည်း။ ဤမျှ များပြားသောလူများထဲမှ ချောင်းဟန့်သံကလေး တစ်ချက်မျှ မကြားရခြင်းကို ဟူကျင်း ပထမဆုံးအကြိမ်အဖြစ် တွေ့ကြုံရခြင်းပင် ဖြစ်သည်။

ထိုလူသုံးရာခန့်ရှေ့တွင် ထိုင်ခုံငါးခု ချထားသည်။ ဖြစ်နေသည့် အချင်းအရာအရ သူတို့သည် တစ်စုံတစ်ဦးကို စောင့်ဆိုင်းနေကြောင်း ထင်ရှားသည်။ မည်သူ့ကို စောင့်ဆိုင်းနေသည်ကိုမူ ဟူကျင်း အနေဖြင့် လုံးဝမသိနိုင်။

ခန်းမကြီး၏ ခေါင်းရင်း အစွန်ဆုံး အလယ်တည့်တည့်တွင် ဘုရားဆင်းတုတော်ကြီး တစ်ဆူရှိသည်။ ထိုစဉ် ဘုရားကျောင်းခန်းမ နောက်ဘက်မှ လူတစ်ယောက်၏ ရုတ်တရက်အော်ဟစ်သံကို အားလုံးကြားလိုက်ရသည်။

'နဂါးခေါင်း...ထွက်လာပြီ'

ထိုအခါ စားသောက်ဆိုင်အတွင်း တွေ့ခဲ့ရသော သူတောင်းစားဂိုဏ်းမှ နဂါးခေါင်း နှစ်ယောက်ထွက်လာသည်။ သူတောင်းစားဂိုဏ်းသားများသည် တစ်ညီတစ်ညာတည်း ထလိုက်ကြကာ အရိုအသေပေးလိုက်ကြသည်။ ထိုနဂါးခေါင်းနှစ်ယောက်သည် ထိုင်ခုံများ



၌ နေသားတကျ ထိုင်ပြီးသည်နှင့် နောက်ထပ် အော်ဟစ် ကြေညာလိုက်သံအသံက ထွက်ပေါ်လာပြန်သည်။

'စည်းကမ်း ထိန်းသိမ်းရေးမှူး ရောက်လာပြီ'

ဟူကျင်းသည် သစ်ပင်ပေါ်မှနေ၍ ဝင်လာသူကို အသေအချာ စူးစိုက်ကြည့်လိုက်သည်။ ထိုသူသည် အလွန်ပိန်လှီလှသည့် သူတောင်းစား အဘိုးအို တစ်ဦးသာတည်း။

'သိုင်းပညာ သင်ကြားရေးမှူး ရောက်လာပြီ'

ဆံပင်များ ဆွတ်ဆွတ်ဖြူနေသည့် သူတောင်းစား အဘိုးအို တစ်ဦးဝင်လာပြန်သည်။ ထိုသူ လေးယောက်သည် ခုံလေးခုံ၌ ဝင်ရောက်ထိုင်လိုက်ပြီး ဖြစ်သဖြင့် ခုံလွတ်တစ်ခု ကျန်ရှိနေပေတော့သည်။

ထိုင်ခုံ လေးခုံပေါ်၌ ထိုင်နေကြသော အဘိုးကြီးလေးယောက်တို့သည် ရုတ်တရက် ဒူးထောက်လိုက်ကြသဖြင့် ကျန်နေသော သူတောင်းစားဂိုဏ်းသားအားလုံးက လိုက်၍ ဒူးထောက်ကြသည်။

ထိုသူအားလုံးထဲမှ တညီတညာတည်း ပြောဆိုလိုက်သံသည် ခန်းမကြီးအတွင်း ဟိန်း၍ ထွက်လာတော့သည်။

'ဂိုဏ်းချုပ်ကြီး...ကြွရောက်နိုင်ပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် စိတ်ထဲတွင် အလွန်ကျေနပ်သွားမိသည်။ အဘယ်ကြောင့်ဆိုသော် သိုင်းလောကသားများ မြင်ရခဲလှသည့် သူတောင်းစားဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံကို မျက်မြင်ကိုယ်တွေ့ တွေ့နိုင်တော့မည် မဟုတ်ပါလော။

'အင်း...ငါ့အဖို့တော့ သိပ်ဟန်ကျသွားတာပဲ၊ ဆယ်ဟိုလုံကို တွေ့လိုက်ရပြီဆိုရင် စုံစမ်းရကျိုးလဲ တော်တော်နပ်သွားတာပဲ'

ဘုရားကျောင်းအတွင်းရှိ ခန်းမကြီးတစ်ခုလုံးသည် ရုတ်တရက်ပင် တိတ်ဆိတ်ခြင်း ကြီးစိုးသွားတော့သည်။ အားလုံး ငြိမ်သက်နေကြသဖြင့် ရောက်ရှားဖွယ်ရာပင် ကောင်းနေပေတော့သည်။

အတန်ကြာသောအခါမှ ဆင်းတုတော်ကြီး၏ နောက်ဘက်မှ လူတစ်ယောက် လျှောက်လာသည်ကို တွေ့ရသည်။ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ကြံ့ခိုင်သန်စွမ်းမှု အပြည့်အဝရှိပုံရသည်။ သူ၏ဟန်ပန် အမူအရာမှာ အထက်တန်းစား အရာရှိကြီးတစ်ယောက်၏ ဟန်ပန်အမူအရာမျိုး ဖြစ်နေသည်။ ထိုလူ ခန်းမကြီးထဲသို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် ဂိုဏ်းသား အားလုံး ဦးချ ကန်တော့လိုက်ကြသည်။ သူတောင်းစား ဂိုဏ်းများသည် သူတို့၏ ဂိုဏ်းချုပ်ကြီးကို ရိုသေ ကိုင်းရှိုင်းကြရာ၌ အခြားသော ဂိုဏ်းများထက် မနိမ့်ကျသော ကိုင်းရှိုင်းမှု ရှိကြပေသည်။



ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံသည် လက်ကို တစ်ချက် ဝှေ့ယမ်းပြလိုက်ပြီး အားလုံးကို ကိုယ့်နေရာ၌ကိုယ် ထိုင်နိုင်းလိုက်သည်။ ပြီးမှသူထိုင်ရမည့် ခုံတွင် ဝင်ထိုင်လိုက်သည်။ ဆယ်ဟိုလုံသည် ...ပါးသေးသွယ်သော နဂါးခေါင်းဘက်သို့ လှည့်၍ ပြောလိုက်သည်။

'ရဲဘော်တို့... မကောင်းဆိုးရွားဂိုဏ်းနဲ့ ငါတို့ ဂိုဏ်းဟာ ...ပေါင်း များစွာကတည်းက ရန်သူကြီးတွေ ဖြစ်ခဲ့ကြတယ်၊ ဒါ... ...မကောင်းဆိုးရွားဂိုဏ်းရဲ့ ကျောက်မီးတိုင်ကို ငါတို့ ဂိုဏ်းက ...ချိန်ကစပြီး သူတို့ဟာ ငါတို့ကို အမြဲတမ်း ရှုံးနိမ့်ခဲ့တယ်'

ကျန်းပန် နဂါးခေါင်းသည် သူတောင်းစား ပရိသတ်ကြီးကို ...ခတ်လိုက်သည်။ သူ၏ စကားကို အလွန်တရာ စိတ်ဝင်စား...ကြောင်း တွေ့လိုက်ရသောအခါ ဆက်ပြောလိုက်သည်။

'ဒါပေမယ့် အခုအချိန်မှာ မကောင်းဆိုးရွားဂိုဏ်းမှာ ...ချုပ်အသစ်တစ်ယောက် ပေါ်လာပြီး သူ့နာမည် ကျန်းဟူကျင်း ...ခေါ်ကြသတဲ့ ဒီကောင်က အမေ့နို့နံ့တောင် မစင်သေးတဲ့ ကလေး ...ပြောနေကြတာကို ကြားနေရတယ်၊ ဒီလို မလောက်လေး ...ကစား ကလေးတစ်ယောက်ဟာ ဘာတွေ စွမ်းဆောင်နိုင်မှာ ...ငါတို့ရဲ့ ဂိုဏ်းချုပ်ကြီးလို အင်မတန် အရည်အချင်းပြည့်တဲ့ ...မျိုးနဲ့ သူ ဘယ်လို ယှဉ်နိုင်မှာလဲ'

ထိုအခါ သူတောင်းစားဂိုဏ်းသား အားလုံးက လက်ခုပ်တီး ...ဘာပေးလိုက်ကြသည်။ ဆယ်ဟိုလုံ၏ မျက်နှာတွင်လည်း

www.burmeseclassic.com

www.burmeseclassic.com



အလွန်အားရ ကျေနပ်သော အမူအရာမျိုး ပေါ်နေသည်။ သို့သော် ကျန်းပန်နဂါးခေါင်း၏ စကားကို ဆက်လက်ကြားနေရသောအခါ တွင် သူတောင်းစားဂိုဏ်းသားများ၏ စိတ်ထဲတွင် မချင့်မရဲ ဖြစ်သွားကြရသည်။

'ဒါပေမယ့်... ဒီဂိုဏ်းချုပ်အသစ် ပေါ်လာပြီးတဲ့နောက် အားဇိတ်ကွန်းက ဖရိုဖရဲဖြစ်နေပြီး ကိုယ်အချင်းချင်း သတ်နေကြတဲ့ မကောင်းဆိုးဝါးဂိုဏ်းဟာ အားလုံးညီညီညွတ်ညွတ်နဲ့ တစ်စုတစ် ပေါင်းတည်း ဖြစ်သွားကြတယ်၊ ဒါဟာ ငါတို့ဂိုဏ်းအတွက် အန္တရာယ် ကြီး တစ်ခုပဲ'

ကျန်းပန်နဂါးခေါင်းသည် သူ့ဂိုဏ်းသားများ ခံစားမှု စိတ်အခြေအနေများကို ကောင်းစွာ ခန့်မှန်းနိုင်သည်။ မည်သို့ ပင်ဖြစ်စေ သူ့အနေဖြင့် အခြေအနေမှန်များကိုသာ တင်ပြရပေမည်။

'အခုဆိုရင် မကောင်းဆိုးဝါး ဂိုဏ်းသားတွေဟာ အနယ် နယ်အရပ်ရပ်မှာ တော်လှန်ရေး လုပ်နေကြတယ်၊ မွန်ဂိုစစ်တပ်ရဲ့ အပေါ်မှာလဲ တော်တော်ကို အောင်ပွဲခံနေကြတယ်။ နယ်မြေတော် တော်များများကိုလဲ သိမ်းပိုက်နိုင်ပြီဆိုရင်တော့ ငါတို့ သူတောင်းစား ဂိုဏ်းသား သုံးလေးသိန်းဟာ အသတ်ခံရမှာတော့ အသေအချာပဲ'

သူတောင်းစားဂိုဏ်းသားများသည် ယမ်းပုံကြီးကို မီးရှို့ လိုက်သည့်အလား 'ဝုန်း'ခနဲ အော်ဟစ်ကြတော့သည်။



'ဒီကောင်တွေ မအောင်မြင်စေနဲ့၊ အခုကတည်းက ချေမှုန်း ကြ'

ဟွာကျင်းသည် သစ်ပင်ထက်မှ နားထောင်နေရင်း စဉ်းစား နေလိုက်မိသည်။

'အင်း...ငါ ပင်လယ်ထဲ ရောက်နေတာနဲ့ ငါ့ ရဲဘော်တွေ ဘယ်လိုအောင်မြင်နေတာကိုတောင် မသိရတော့ဘူး၊ ဒီသူတောင်းစား ဂိုဏ်းက စိတ်ပူစိုးရိမ်နေကြတာကလဲ သူတို့ရှုထောင့်နဲ့ သူတို့ဆိုတော့ စိုးရိမ်မိမှာပေါ့လေ၊ ဒါပေမယ့် ဒီဂိုဏ်းကိုသာ ငါတို့နဲ့ လက်တွဲနိုင် အောင် စည်းရုံးနိုင်ရင်တော့ မွန်ဂိုတွေကို လွယ်လွယ်ကလေးနဲ့ တိုက်ထုတ်နိုင်မှာ သေချာတယ်'

ကျန်းပန်နဂါးခေါင်းသည် စကားဆက်မပြောသဲ ရပ်ထား လိုက်သည်။ ဆူညံပွက်လည် ဒေါသသံများ ငြိမ်သက်အေးဆေး သွားတော့ မှ ဆက်ပြောသည်။

'အခုဆိုရင် ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ဒီကိစ္စကို ဖြေရှင်းပေးဖို့ ထွက်လာခဲ့တယ်၊ အခုဆိုရင် ငါတို့ဂိုဏ်းရဲ့ ရှစ်အိတ်သမား ဝါရင့် ဟိုလ်ချန်ရိုက ကံကောင်းထောက်မပြီး ဟွာတန်းဂိုဏ်းက လူတစ် ယောက်နဲ့ အကျွမ်းတဝင်ဖြစ်လာတယ်။ ဒီလူ့ဆီက အရေးကြီးတဲ့ အကောင်းတစ်ခုကိုလဲ ရခဲ့တယ်'

သူသည် အသံမှန်နှင့် ပြောနေရာမှ သူ၏စကားသံကို အမြင့်ဆုံးရောက်အောင်မြှင့်၍ ပြောလိုက်သည်။

www.burmeseclassic.com



'ချန်ရို...မင်းရဲ့ သူငယ်ချင်းကိုခေါ်ပြီးငါတို့ရဲ့ ဂိုဏ်းသားတွေနဲ့ အကျွမ်းတဝင် ဖြစ်သွားအောင် မိတ်ဆက်ပေးလိုက်ပါဦး'

ထိုအခါ လူတစ်ယောက်သည် အခြားတစ်ယောက်ကို လက်ဆွဲ၍ ပရိသတ်ရှေ့သို့ ခေါ်ထုတ်လာလေတော့သည်။

✣ ✣ ✣ ✣ ✣



# သူတောင်းစားအစည်းအဝေး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈၃)

## သူတောင်းစား အစည်းအဝေး

ရှေ့ဆုံးမှ ထွက်လာသူကား ရုက်ဖွန်း၏ရှေ့၌ ဉာဏ်ကို လှော ...ပြီး အသက်ချမ်းသာရာရသွားအောင် လုပ်ဆောင်ခဲ့သည့် ချန်ရှိ ...တည်း။ နောက်တစ်ယောက်မှာ ရုပ်ရည် ချောမော ခန့်ငြားလှ ...ည်။ ဟူကျင်းသည် ထိုသူကိုကြည့်ရင်း အလွန်ပင် တုန်လှုပ် ...ောက်ချားသွားသဖြင့် သူ၏ သတိကိုပင် မနည်း ပြန်ထိန်းနေရ ...ာ့သည်။ အဘယ်ကြောင့် ဆိုသော် သူမြင်တွေ့လိုက်ရသူမှာ သူ့ ...ကြီး ချိုရှင်ချောင်း၏ သား ဆို့ချင်းစူး ဖြစ်နေသောကြောင့်တည်း။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျောက်မိန်၏ လက်မှ ကယ်ထုတ်ခဲ့ရသည်။ သူသည် ဟူတန်းဂိုဏ်း၌ အေးဆေးစွာမနေဘဲ အဘယ်ကြောင့် ဤသူတောင်းစားဂိုဏ်းသားများနှင့် လာရောက် ရောနှောနေရသနည်း။

သူတို့နှစ်ယောက်သည် ခန်းမထဲသို့ ရောက်ရှိလာသော အခါ ဆယ်ဟိုလုံနှင့် ဝါရင့်ဂိုဏ်းဆရာကြီးအားလုံးကို အရိုအသေ [illegible] လိုက်သည်။ ပြီးမှ ဂိုဏ်းသားများဘက်သို့ လှည့်လိုက်သည်။ ကျွန်း [illegible] နဂါးခေါင်းက...

'ချန်ရှိ...မင်းရဲ့ အဖြစ်အပျက် အစအဆုံးကို ငါတို့ရဲ့ ရဲဘော် တွေ သိသွားအောင် ပြောပြလိုက်ပါ'

ချန်ရှိသည် ဆို့ချင်းစူး၏ လက်ကိုကိုင်ရင်း ပြောလိုက် သည်။

'ရဲဘော်တို့...သူကတော့ ကျုပ်ရဲ့ မိတ်ဆွေ ဆို့ချင်းစူးပါ [illegible] သူနဲ့ အကျွမ်းတဝင် ခင်ခင်မင်မင် ဖြစ်သွားရလို့ ကျုပ်တို့ ဂိုဏ်း [illegible] တွက် အများကြီး အကျိုးရှိခဲ့ပါတယ်၊ သူဟာဆိုရင် ဟူတန်းဂိုဏ်း [illegible] နာမည်ကြီးသိုင်းသမား ချိုရှင်ချောင်းရဲ့ သားပါပဲ။ နောက်ပိုင်းဆို [illegible] ဟူတန်းရဲ့ ဂိုဏ်းချုပ်နေရာကို စိုးမိုးမယ့် အိမ်ရှေ့ဥပရာဇာ [illegible] ပါပဲ။ ဟိုမကောင်းဆိုးဝါးဂိုဏ်းက ကျွန်းဟူကျင်းဆိုရင် ဆို့ချင်း [illegible] ဂိုဏ်းတူညီပေါ့၊ ဒါကြောင့် ဆို့ချင်းစူးဟာ မကောင်းဆိုးဝါးဂိုဏ်း [illegible] အကြောင်း ကောင်းကောင်းသိတယ်၊ ပြီးခဲ့တဲ့လတုန်းက ဆို့ချင်း [illegible] ဟာ သတင်းတစ်ခု ကျုပ်ကို လာပေးတယ်၊ မကောင်းဆိုးဝါးဂိုဏ်း [illegible]





ရှေးမွေးခြင်္သေ့မင်း ရှက်စွန်းဟာ အရှေ့ဘက်ပင်လယ်နားက လင်းမြွေကျွန်းကို ရောက်နေသတဲ့'

ထိုစဉ် သူတောင်းစားဂိုဏ်း၏ စည်းကမ်း ထိန်းသိမ်းရေးမှူးက ပြောလိုက်သည်။

'သိုင်းလောက,က လူတွေအားလုံးဟာ ဒီရှက်စွန်းရဲ့ ခြေရာကို ခံနေကြတာပဲ၊ အချိန်တွေသာ ဒီလောက်ကြာခဲ့တယ်၊ တစ်ယောက်မှ ရှာလို့မတွေ့ခဲ့ကြဘူး၊ ဆို့ချင်းစူးကကော ဘယ်လိုလုပ်ပြီး သိခဲ့ရတာတဲ့လဲ'

ဟူကျင်းသည်လည်း ဤမေးခွန်း၏ အဖြေကို သိချင်နေသူ ဖြစ်ပေသည်။ စည်းကမ်း ထိန်းသိမ်းရေးမှူးက ဝင်မေးလိုက်သဖြင့် ဟူကျင်းအတွက် အလွန်အဆင်ပြေသွားသည်။ ချန်ရှိက...

'ဒီကိစ္စကတော့ ဖြစ်တောင့်ဖြစ်ခဲကိစ္စပါ၊ ဘယ်လိုနည်းနဲ့ သိတာလဲတော့ မပြောနိုင်ဘူး၊ ရွှေပန်းပွင့်ဘွားဘွား ကတော့ ရှက်စွန်းနေတဲ့နေရာကို သိလာခဲ့တယ်၊ သူ့ကရေကြောင်းခရီး သိပ်ကျွမ်းတဲ့သူ ပေါက်လား၊ နောက်ဆုံးတော့သူဟာ ရှက်စွန်းကို ခေါ်လာနိုင်ခဲ့တယ်၊ ရွှေပန်းပွင့်ဘွားဘွားဟာ ဝေ့ပိနဲ့ ဟူချင်းလို့ခေါ်တဲ့ လင်မယားနှစ်ယောက်ကို လင်းမြွေကျွန်းမှာ ဖမ်းထားခဲ့တယ်၊ ရွှေပန်းပွင့်ဘွားဘွားလဲ ရှက်စွန်းကို သွားခေါ်ရော ဒီလင်မယား နှစ်ယောက်ဟာ အချုပ်ခန်းကို ဖောက်ပြီး ထွက်ပြေးလာကြတော့တာပဲ၊ သူတို့နှစ်ယောက်က ဆို့ချင်းစူးနဲ့တွေ့ပြီး အကြောင်းစုံ ပြောပြလိုက်တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ချန်ရှိ၏ စကားဆုံးသောအခါမှ ဟူကျင်းသည် သူသိချင်သည့်အဖြေကို သိလိုက်ရတော့သည်။ ဇော့ပိန့် ဟူချင်းဆိုသည်မှာ ဟူကျင်း ငယ်စဉ်တုန်းက အလိမ်အညာသမားများ ဖြစ်ခဲ့ကြပြီး ရှက်စွန်း၏ ဖုန်ရပ်ကို ပြောပြရန် ကြိုးစားခဲ့သူများပင် ဖြစ်သည်။ ချန်ရှိက ဆက်၍ပြောသည်။

'ဒီအတင်းကို ဆိုချင်းရှူးက ပြောပြလို့ ကျုပ်သိရတော့ ကျုပ်တို့ဂိုဏ်းက ရှစ်အိတ်ဆရာကြီးနှစ်ယောက်နှင့်အတူ ခုနစ်အိတ် ဂိုဏ်းသားငါးယောက်ကို ခေါ်ပြီး နဂါးနိုင်ဓားကို အရယူဖို့ ကြိုးပမ်းခဲ့ကြပါတယ်၊ ဒါပေမယ့် ကျုပ်တို့နဲ့ ရှက်စွန်း တိုက်နေတဲ့ အချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် မကောင်းဆိုးပါးဂိုဏ်းက လူတွေ အများကြီး ရောက်လာကြတယ်၊ နောက်ဆုံး အင်အားမမျှတော့ ကျုပ်တို့ဘက်က ရှစ်အိတ်ဆရာကြီး တစ်ယောက်နဲ့ ခုနစ်အိတ် ဂိုဏ်းသား အားလုံးကျဆုံးခဲ့ရပါတယ်၊ လင်းမြွေကျွန်းမှာ ကျုပ်တို့ တိုက်ခိုက်ခဲ့ရတဲ့ တိုက်ပွဲအခြေအနေကိုတော့ ရှစ်အိတ်ဆရာကြီး ကျန်ချန်က ပြောပြပါလိမ့်မယ်'

ထိုအခါ ကျန်ချန်ဆိုသော ရှစ်အိတ်သမားဝါရင့်ဂိုဏ်းသားကြီးသည် ပရိသတ်ရှေ့သို့ ထွက်လာသည်။ သူသည် လင်းမြွေကျွန်း၌ ရှက်စွန်း၏ ဓားချက်ကြောင့် လက်တစ်ဘက် ပြတ်ခဲ့ရသူပင်ဖြစ်သည်။ သူသည် လင်းမြွေကျွန်းမှ တိုက်ပွဲကို ပြန်ပြောင်းပြောသည်။ အဟုတ်အမှန်ကို ပြောပြခြင်းမဟုတ်။ လည်ဆည် လုပ်ကြံပြီး ပြောပြခြင်းသာ ဖြစ်သည်။



သူတောင်းစားဂိုဏ်းက ရှက်စွန်းတစ်ယောက်တည်းအား ဝိုင်းဝန်းတိုက်ခိုက်ခဲ့သည်ကို မပြောဘဲ အလင်းမာန်ဂိုဏ်းကသာ သူတို့အား ဝိုင်းဝန်းတိုက်ခိုက်ကြောင်း ပြောသည်။ သူတို့ မည်မျှ သတ္တိရှိရှိ တိုက်ခိုက်ခဲ့ကြကြောင်း လည်ဆည်စကားလုံးများဖြင့် ထုံမွှမ်းပြောဆိုသည်။ နောက်ဆုံး ချန်ရှိက အသက်ကိုစွန့်၍ သူ့ကို ကယ်တင်ခဲ့ပုံကို ပြောပြလိုက်သည်။ နောက်ဆုံးတွင် ရှက်စွန်းသည် ချန်ရှိ၏ သစ္စာတရားနှင့် ရဲစွမ်းသတ္တိတို့ကြောင့် မသတ်ရဲတော့ဘဲ ပြန်လွှတ်လိုက်ရသည်ဟု စီကာပတ်ကုံး ပြောပြလိုက်သည်။

သူ၏ ပြောစကားအရ ချန်ရှိသည် မဟာသူရဲကောင်းကြီးတစ်ယောက်အဖြစ်သို့ ချက်ချင်းပင်ရောက်ရှိသွားတော့သည်။ သူတောင်းစားဂိုဏ်းသားအားလုံးသည် ချန်ရှိ၏ စွန့်စားမှုကို ကြက်သီးတဖြန်းဖြန်းထမျှ နားထောင်လိုက်ကြရသောအခါ လက်ခုပ်သြဘာပေး၍ ချန်ရှိကို ချီးမွမ်းနေကြတော့သည်။ အဖြစ်မှန်ကို သိမြင်ထားသော ဟူကျင်းမှာမူ မဟုတ်မမှန် လုပ်ကြံစကားများအတွက် အသားအဆတ်ဆတ် တုန်မျှမတတ် ဒေါသထွက်နေမိတော့သည်။

ထိုစဉ် သူတောင်းစားဂိုဏ်း၏ စည်းကမ်းထိန်းသိမ်းရေးမှူးသည် မတ်တတ်ရပ်၍ အေးစက်စွာနှင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့ ဂိုဏ်းသားတွေ အတော်များများဟာ မကောင်းဆိုးရွားဂိုဏ်းသားတွေရဲ့ လက်ချက်နဲ့ အသတ်ခံခဲ့ရပြီ။ ကျုပ်တို့ဟာ သူတို့ကို အမြဲတမ်းလိုလို အနိုင်ယူခဲ့တဲ့သူတွေ၊ အခုအချိန်ကျမှ ဘာမှမလုပ်နိုင်ဘဲ လက်ပိုက်ကြည့်နေကြတော့မလား'

သူတောင်းစားဂိုဏ်းသား အားလုံးက ထ၍ အော်လိုက်ကြသည်။

'ကျုပ်တို့ တိုက်ခိုက်မယ်'

'မကောင်းဆိုးရွားဂိုဏ်းကို ချေမှုန်းမယ်'

'သွေးကြွေးကို ပြန်ဆပ်မယ်'

စည်းကမ်းထိန်းသိမ်းရေးမှူးသည် ဂိုဏ်းချုပ်ကြီးဘက်သို့ လှည့်၍ ပြောလိုက်သည်။

'ဂိုဏ်းချုပ်ကြီး...ဂိုဏ်းသားတွေရဲ့ စိတ်ဓာတ်ဟာ သိပ်ပြင်းထန်နေတယ်၊ ဒီကိစ္စကို ဘယ်လို ဖြေရှင်းပေးမလဲ'

ဂိုဏ်းချုပ်ကြီးက ပြောလိုက်သည်။

'ဒီကိစ္စဟာ ငါတို့ဂိုဏ်းအတွက် အင်မတန် အရေးကြီးတဲ့ ကိစ္စတစ်ခု ဖြစ်တယ်၊ အင်း...ဒီတော့ လွယ်လွယ်ဆုံးဖြတ်လို့ မဖြစ်ဘူး၊ ရေရှည်စဉ်းစားမှ ဖြစ်မယ်၊ မင်း ခုနစ်အိတ်အဆင့်အောက်က



ဏ်းသားတွေ အားလုံး အပြင်ထွက်သွားဖို့ အမိန့်ပေးလိုက်စမ်း၊ ဆင့်မြင့်ခေါင်းဆောင်တွေချည်းပဲ သီးသန့် ဆွေးနွေးကြမယ်'

ထိုအခါ စည်းကမ်းထိန်းသိမ်းရေးမှူးက အော်ဟစ်၍ အမိန့်ပေးလိုက်တော့ရာ ဂိုဏ်းသားအတော်များများ အပြင်သို့ ထွက်သွားကြသည်။ ရာထူးအဆင့်မြင့်သည့် ဂိုဏ်းသားများသာ ကျန်ရစ်ခဲ့တော့သည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



# ပြန်လည်တွေ့ဆုံခြင်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈၄)

## ပြန်လည်တွေ့ဆုံခြင်း

ခန်းမကြီးအတွင်းဝယ် အဆင့်မြင့် ဂိုဏ်းသားများသာ ကျန်ခဲ့သဖြင့် ဟူကျင်းသည် ပိုမို ဂရုစိုက် နားထောင်လိုက်ရသည်။ ထိုစဉ် ချန်ရှီသည် ရှေ့သို့ လျှောက်လာပြီး...

'ဂိုဏ်းချုပ်ကြီး...ဆို့ချင်းစုးက ကျုပ်တို့ဂိုဏ်းရဲ့ အကျိုးတွေ သယ်ပိုးခဲ့သူ ဖြစ်ပါတယ်၊ သူက ကျုပ်တို့ဂိုဏ်းသားအဖြစ် ဝင်ချင်ပါတယ်တဲ့၊ ရာထူးအဆင့်ကိုတော့ ဂိုဏ်းချုပ်ကြီး ကြိုက်သလိုသာ သတ်မှတ်ပေးပါ၊ နောက်မှ သူ့ရဲ့ အကျိုးပြုချက်တွေကို ကြည့်ပြီး အဆင့်တိုးပေးတန် တိုးပေးလိုက်ကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဆို့ချင်းစူးက အထိတ်တလန့် ပြောလိုက်သည်။

'ဒါ...ဒါတော့...မ...မဖြစ်'

သူ၏ စကားပင် မဆုံးသေး။ ချန်ရိုက စူးရှရှ တစ်ချက်မျှ စိုက်ကြည့်လိုက်သည်နှင့် ဆို့ချင်းစူးသည် သူ့စကားကို အဆုံးအထိ မပြောနိုင်တော့ဘဲ တစ်ပိုင်းတစ်ပြတ်ဖြင့် ရပ်ဆိုင်းလိုက်ရသည်။ ထိုအခါ ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံက...

'ကောင်းတယ်...ကောင်းတယ်၊ အခု ဆို့ချင်းစူးကို ခုနစ်အိတ်အဆင့် ပေးလိုက်ပြီ၊ ဒီအချိန်ကစပြီးငါတို့ သူတောင်းစားဂိုဏ်းရဲ့ ဂိုဏ်းသား ဖြစ်သွားပြီ၊ အကျိုးပြုရင် စံရမယ်၊ အပြစ်လုပ်ရင်တော့ ခံရသည်'

ဆို့ချင်းစူး၏အမူအရာများသည် အကြီးအကျယ် မကျေမနပ် ဖြစ်နေဟန်ရှိသည်။ သို့သော် သူ၏စိတ်ကို ချုပ်တီးထားနေဟန်လည်းရှိသည်။ သူသည်ရှေ့သို့တက်လိုက်ပြီး ဂိုဏ်းချုပ်ကြီးကို အရိုအသေပေးလိုက်သည်။ ပြီးနောက် ကျန်နေသည့် ရာထူးအဆင့် ဖြစ်သော ဂိုဏ်းသားကြီးများအား အရိုအသေပေးလိုက်ပြီး နောက်ဘက်သို့ ပြန်ဆုတ်သွားတော့သည်။

စည်းကမ်းထိန်းသိမ်းရေးမှူးက...

'ဆို့ချင်းစူး...မင်း အခု ငါတို့ ဂိုဏ်းဝင်ဖြစ်သွားပြီ ဆိုတော့ မင်းလုပ်ချင်သလို လုပ်လို့ မရနိုင်တော့ဘူး၊ တို့ဂိုဏ်းရဲ့ တင်းကျပ်တဲ့



စည်းမျဉ်းတွေအတိုင်း လိုက်နာရမယ်၊ နောက်မိုင်းမှာ မင်းသာ ဟူရှန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးဖြစ်ခဲ့ရင် မင်းဟာ ငါတို့ဂိုဏ်းရဲ့ အမိန့်နဲ့ စည်းကမ်းကိုပဲ နာခံရမယ်၊ ဒါကို သိတယ် မဟုတ်လား'

သူတောင်းစားဂိုဏ်းကား ဆို့ချင်းစူးကို အပိုင် ချည်နှောင်နေကြပေပြီ။ ကြောက်မက်ဖွယ် ကောင်းလှလေစွတကား။

ဆို့ချင်းစူးကလည်း မတတ်သာတော့သည့် ဟန်ဖြင့် 'ဟုတ်ကဲ့' ဟု ဝန်ခံလိုက်ရသည်။

ထိုစဉ် ချန်ရိုသည် ပြုံးရယ်ရင်း ပြောလိုက်ပြန်သည်။

'အခုဆိုရင် ဒီအခန်းထဲမှာ အပြင်လူဆိုလို့ တစ်ယောက်မှ မရှိတော့ပါဘူး၊ ဒါကြောင့်မို့ အခုစကားကို ပြောလိုက်တဲ့အတွက် ဘယ်အန္တရာယ်မရှိတော့ပါဘူး၊ ဝါမေ ဂိုဏ်းချုပ်ကြီး သေဆုံးသွားတဲ့ အခါမှာ ဂိုဏ်းချုပ်အသစ် တစ်ယောက် တက်လာတယ်၊ အဲဒီ ဂိုဏ်းချုပ်သစ်ကတော့ မိန်းကလေး တစ်ယောက်ပဲ၊ အသက်လဲ ငယ်တယ်၊ ရုပ်လဲချောတယ်၊ နာမည်ကတော့ ချူကျူးတဲ့၊ မိန်းကလေးနဲ့ ဆို့ချင်းစူးဟာ ငယ်ကျွမ်းဆွေတွေပါပဲ စေ့စပ်ကြောင်းလမ်းမှုကို တောင် လုပ်ထားကြပါတယ်၊ ဒါပေမယ့် ဟို မကောင်းဆိုးဝါးဂိုဏ်းက ကျွန်းဟူကျင်းဆိုတဲ့ကောင်ဟာ ကြားကနေ ဖြတ်လုပြီး ပင်လယ်ဘက်ကို ခေါ်သွားတယ်၊ ဆို့ချင်းစူးက မခံမရပ်နိုင် ဖြစ်လွန်းလို့ ဂိုဏ်းချုပ်ကို အကူအညီ တောင်းတယ်၊ အဲဒီတော့ ဂိုဏ်းချုပ်လို့ သူနဲ့ အင်မ

www.burmeseclassic.com

www.burmeseclassic.com



တန် ရှင်းနိုး ခင်မင်နေတဲ့ လူကမှ မကူညီရင် ဘယ်သူကလာပြီး ကူညီတော့မလဲ၊ ဒီတော့ အစွမ်းကုန် အကူအညီ ပေးပါမယ်လို့ ကတိ ပေးလိုက်တယ်လေ'

ဟူကျင်းသည် ထိုစကားများကို ကြားလိုက်ရသောအခါ ရယ်လည်းရယ်ချင်၊ စိတ်လည်းဆိုးချင်ချင် ဖြစ်နေမိတော့သည်။

ဆယ်ဟိုလုံကလည်း တဟားဟား ရယ်မောလိုက်ပြီး ပြော လိုက်လေသည်။

'လူငယ်ဆိုတာတော့ ဒီလိုပဲပေါ့၊ ဒါဟာ လူငယ်တွေရဲ့ သဘာဝပဲ၊ ဘာမှ အပြစ်တင်စရာမရှိဘူး၊ နောက်ပြီး ချူကျူးဟာ မင်းရဲ့ တကယ်လိုက်ဖက်တဲ့ မိန်းကလေးပဲ'

နေ့စပ် သေချာဟန်ရှိသော စည်းကမ်းထိန်းသိမ်းရေးမှူးက ဝင်မေးလိုက်သည်။

'ဆို့ချင်းစူး...မင်းက ဘာဖြစ်လို့ ကျန်းဆန်းဖုန်းကို သွား တိုင်ရတာလဲ'

ဆို့ချင်းစူးက ပါးစပ် ပြင်လိုက်ရုံသာ ရှိသေးစဉ်...ချန်ရှိက ဝင်ပြောပြန်သည်။

'ဆို့ချင်းစူးက ပြောတယ်၊ အခုဆိုရင် ဟူတန်းဂိုဏ်းဟာ မကောင်းဆိုးဝါးဂိုဏ်းနဲ့ လက်တွဲနေသတဲ့၊ ကျန်းဆန်းဖုန်းကလဲ



မကောင်းဆိုးဝါးဂိုဏ်းကို လုံးဝ မထိရဲဘူးတဲ့။ ဒါကြောင့် သိုင်းလော ကမှာ ကျုပ်တို့ဂိုဏ်းတစ်ဂိုဏ်းပဲ မကောင်းဆိုးဝါးဂိုဏ်းကို ယှဉ်ပြိုင် နိုင်တော့တယ်လို့ ဆို့ချင်းစူးက ယူဆတယ်တဲ့။ ဒါကြောင့်မို့ သူ့ကိစ္စ တို ကျန်းဆန်းဖုန်းကို မပြောဘဲနဲ့ ကျုပ်တို့ကို လာပြောပြီး အကူအညီ တောင်းတာပေါ့'

ချန်ရှိ၏စကားများသည် လက်ရှိသိုင်းလောက၏ အမြင်မှန် အရ ရှုပ်နောက်ညီနေသလို ဖြစ်နေသည်။ ထို့ကြောင့် စည်းကမ်း ထိန်းသိမ်းရေးမှူးက ခေါင်းတညိတ်ညိတ်ဖြင့် လက်ခံလိုက်သည်။

'အေး...ဟုတ်တယ်၊ သိုင်းလောကမှာ တို့ ဂိုဏ်းတစ်ဂိုဏ်းထဲ မားမားမတ်မတ် သီးသီးခြားခြား ရှိတော့တာ၊ ကျန်းဟူကျင်းဆိုတဲ့ ကောင်ကို သတ်လိုက်ရင် ဆို့ချင်းစူးအတွက် စိတ်အေးသွားရတာ ပေါ့၊ တို့အတွက်လဲ အတော်ရှင်းသွားတာပေါ့'

ဟူကျင်းသည် ဆို့ချင်းစူးနှင့် ပတ်သက်၍ ယခုမှ အရည် သည်တော့သည်။ လွန်ခဲ့သည့် အချိန်များက သဲကန္တာရတွင် လည်း ကောင်း၊ ကွမ်းမိန် တောင်ထိပ်တွင် လည်းကောင်း၊ ဆို့ချင်းစူးက ချူကျူးအားကြည့်နေသည့် ထူးခြား ဆန်းကြယ်သည့် အကြည့်များ သည် မရိုးသားသော အကြည့်များဖြစ်ကြောင်းယခုမှ သိတော့သည်။ ဆို့ချင်းစူးသည် အချစ်၏ သားကောင် ဖြစ်နေချေသည်တကား။

'အင်း...ဆို့ချင်းစူး...ဆို့ချင်းစူး...မိန်းမ တစ်ယောက် အ တွက်နဲ့ ကိုယ့်ရဲ့ဂိုဏ်း၊ ကိုယ့်ရဲ့ အဖေကိုတောင် ကျော်နိုင်းရက်

www.burmeseclassic.com

www.burmeseclassic.com



လောက်အောင်ညှို့ဖျင်းလှချည်လား ဒီလောက် စိတ်ဓာတ် ပျော့ညံ့နေမှတော့ ဘယ်ကောင်းတော့မှာလဲ၊ ချူကျူးဟာ ငါ့ အပေါ်မှာ နှစ်နှစ်ကာကာ ချစ်နေရှာတာလဲ မသိဘူး၊ သူတောင်းစားဂိုဏ်းရဲ့ အကူအညီနဲ့ချူကျူးကိုပဲ ရတယ်ထားပါဦး။ ချူကျူးက သူ့ အလိုကိုလိုက်လျောနိုင်ပါ့ဦးမလား၊ ဆို့ချင်းစူးဟာ တတိယဆက် တပည့်တွေ ထဲမှာတော့ အကျော်ကြားဆုံးပဲ။ အခုတော့ မ,ဘက်လိုက်လို့ မိုက်,ဘက်ပါနေရှာပြီ'

ဟူကျင်းသည် တစ်မြင်တစ်တန်းကြီး စဉ်းစားလိုက်မိရာမှ သက်ပြင်းရှည် ကြီးချလိုက်မိတော့သည်။ ထိုစဉ် ချန်ရို၏ စကားသံကို ကြားလိုက်ရသဖြင့် ခန်းမကြီးထဲသို့ အာရုံ ပြန်စိုက်လိုက်ရသည်။

'ဂိုဏ်းချုပ်ကြီး...ကျုပ်ဟာ ကျုပ်တို့ဂိုဏ်းကြီးအတွက် မနားမနေ အလုပ်,လုပ်နေတဲ့လူ ဖြစ်တဲ့အတွက် မကောင်းဆိုးဝါးဂိုဏ်းသားတစ်ယောက်ကို လက်ရဖမ်းမိထားပါတယ်၊ ဂိုဏ်းချုပ်ကြီးပဲ ကြည့်စီမံပေးပါ'

ချန်ရိုသည် စကားပြောတတ်သူဖြစ်သည်။ ကိုယ်ရည်သွေး စကားကလေးများကို မသိမသာ ညှပ်သုံးရင်း သူ့ ဂုဏ်ကို တင်ဖြစ်အောင် တင်လိုက်သေးသည်။ သူသည် စကားဆုံးသည်နှင့် လက်ခုပ်တီးလိုက်ရာ သူတောင်းစားဂိုဏ်းသား လေးယောက်က လူတစ်ယောက်ကို ဖမ်းဆီး ချုပ်နှောင်၍ ခေါ်လာကြသည်။



မကောင်းဆိုးဝါး ဂိုဏ်းသားဟု ချန်ရိုက ပြောဆို နေသဖြင့် ဟူကျင်းသည် အဖမ်းခံ လူသယ်ကို သေချာစွာကြည့်လိုက်သည်။ ထိုလူငယ်၏ မျက်နှာကို တွေ့ဖူး မြင်ဖူးသလိုလိုတော့ရှိသည်။ သို့ သော် မည်သူမည်ဝါမှန်းမသိဘဲ ဖြစ်နေရသည်။

ထိုလူငယ်သည် အကြီးအကျယ် ဒေါသ ထွက်နေသဖြင့် နှန်းရင်းကန်ရင်း ပါလာသည်။ ချန်ရို နားသို့ ရောက်ရှိသောအခါ ချင် လူငယ်သည် ချန်ရိုအား တံတွေးဖြင့် ရုတ်တရက် လှမ်းထွေး လိုက်သည်။ ချန်ရိုသည် ချက်ချင်းပင် ရှောင်တိမ်းလိုက်ပြီး တစ်ဆက် တည်းပင် ထိုလူငယ်၏ပါးကို လှဲရိုက်လိုက်တော့သည် ထိုလူငယ်၏ ပါးသည် ချက်ချင်းပင် နီရဲ ယောင်ကိုင်းသွားတော့သည်။ ချန်ရိုသည် လည်း ဒေါသအမျက် ခြောင်းခြောင်း ထွက်လျက် ရှိနေသည်။ဤကဲ့ သို့ နေရာမျိုး၌သာ မဟုတ်ခဲ့လျှင် ထိုလူငယ်သည် အသတ်ခံရ ကောင်း ခံရနိုင်ပေသည်။

သူတောင်းစားဂိုဏ်းသား လေးယောက်သည် သူတို့၏ ဂိုဏ်းချုပ်ကြီးကိုတွေ့ဖို့ တွန်းထိုး ဆွဲငင်၍ ခေါ်ထုတ်လာကြသည်။

'ဂိုဏ်းချုပ်ကြီးကို ဒူးထောက်ပြီး အရိုအသေ ပေးလိုက်စမ်း'

ထိုလူငယ်သည် သူတောင်းစား ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလို့ကို အရိုအသေ မပေးသည့်အပြင် တံတွေးဖြင့်ပင် ရုတ်တရက်ထွေး လိုက်သေးသည်။ ဂိုဏ်းချုပ်ကြီးသည် ကမန်းကတန်း ခေါင်းငုံ့ ရှောင်



www.burmeseclassic.com

www.burmeseclassic.com



တိမ်းရန်ကြိုးစားလိုက်သော်လည်း မရှောင်နိုင်ဘဲ နဖူးတွင် တံတွေး များ ပေကျံသွားတော့သည်။

ချန်ရှိသည် ရုတ်ခြည်းပင် ထိုလူငယ်၏ ခြေထောက်များကို ဖြတ်ရိုက်ရာ ထိုလူငယ် လဲကျသွားတော့သည်။ ချက်ချင်းပင် ချန်ရှိ က လူငယ်နှင့် ဂိုဏ်းချုပ်ကြီး၏ ကြားတွင် ဝင်ရပ်လိုက်သောအခါ ဂိုဏ်းချုပ်ကြီးအား ကာလိုက်သလို ဖြစ်သွားသည်။ သူသည် ဒေါသ သံဖြင့် ကြိမ်းမောင်းလိုက်သည်။

'မင်း...အတော် သေပန်းပွင့်ချင်တဲ့ ကောင်ပဲ၊ ငါ့ကို လူသ ချင်အောင် တော်တော်လုပ်နေတယ်'

'မင်းတို့က ဘာတွေ လာခြိမ်းခြောက်နေတာလဲ၊ မင်းတို့ ငါ့ကို ဖမ်းမိလာပြီ မဟုတ်လား၊ မင်းတို့ ကြိုက်သလိုလုပ်ပေါ့၊ ငါ့ သေရမှာ ကြောက်တဲ့ကောင်လို့ များထင်နေသလား၊ ငါက အလင် မာန်ဂိုဏ်းသားကွ'

ချန်ရှိက ထိုလူငယ်အားရိုက်လှဲပြီး ရန်းရင်းဆန်ခတ်ဖြ အောင်လုပ်လိုက်သဖြင့်ခန်းမထဲမှ လူများသည် ချန်ရှိထံသို့ အာ စိုက်သွားကြသည်။ ထိုအချိန်တွင် ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံသည် သူ့နဖူး၌ ပေကျံနေသော တံတွေးများကို သုတ်သင်ပစ်လိုက်ရသည်။ ဂိုဏ်းသားများသည် ထိုအဖြစ်ကို ရုတ်တရက် မသိလိုက်ကြသဖြင့် ဆယ်ဟိုလုံအဖို့ ဣန္ဒြေမပျက် ဆက်လက်နေနိုင်တော့သည်။





ချန်ရှိသည် ဆယ်ဟိုလုံ ဣန္ဒြေမပျက် နေနိုင်လောက်ပြီဟု ယူဆလိုက်ကာ နောက်သို့ ခြေနစ်လှမ်းခန့် ဆုတ်လိုက်ပြီး...

'ဂိုဏ်းချုပ်ကြီး...ဒီကောင်ဟာ မကောင်းဆိုးဝါးဂိုဏ်းမှာ တော့ တကယ့် ထိပ်သီးသိုင်းသမားတစ်ယောက်ပဲ၊ သူ့ သိုင်းပညာ ဟာ တော်တော် အဆင့်အတန်းမြင့်တယ်၊ ဒါကြောင့်မို့ သူ့ကို ပေါ့ပေါ့ ဆဆ မလုပ်ဘဲနဲ့ ဂိုဏ်းသားလေးယောက်နဲ့ ချုပ်ကိုင်နိုင်းတာ ခံရ တာ၊ မကောင်းဆိုးဝါးဂိုဏ်းက မင်းကြီးလေးယောက် ထက်တောင် သူ့ပညာက သာပုံရတယ်'

ဟူကျင်းသည် ထိုစကားကို ကြားလိုက်ရသောအခါ အလွန် အံ့သြသွားသည်။ နောက်မှ တဖြည်းဖြည်း သဘောပေါက်လာသဖြင့် ပြုံးလိုက်မိသည်။ ချန်ရှိအနေဖြင့် ထိုလူငယ်၏ သိုင်းပညာကို ဤသို့ မတန်တဆမြှောက်ပင့် ပြောကြားမှသာ ဂိုဏ်းချုပ်ကြီး၏ အရှက်ကို ထာကွယ်နိုင်မည် မဟုတ်ပါလား။ မည်သို့ပင်ဖြစ်စေ ဟူကျင်းစဉ်း စားနေသည့် အချက်မှာ ဂိုဏ်းချုပ်ကြီး တစ်ယောက်အနေဖြင့် အ ဘယ်ကြောင့် ဤမျှ သိုင်းပညာ ညံ့ဖျင်းနေရသနည်းဆိုသည့် အချက် ကိုပင် ဖြစ်လေသည်။

တံတွေး‚တွေးချက်ကိုပင် မရှောင်နိုင်ဟုဆိုလျှင် အခြား ဓား၊ လှံ၊ လက်နက် တစ်ခုခုကို အဘယ်သို့ ရှောင်တိမ်းနိုင်ပေလိမ့်မည် နည်း။ ဤအချက်တစ်ချက်သည် အဓိပ္ပာယ် မရှိ၊ ပညတ္တိမရှိသော

www.burmeseclassic.com

www.burmeseclassic.com



အချက် ဖြစ်နေသည်။ ပို၍ ထူးဆန်းသော အချက်မှာ ဆယ်ဟိုလုံ တဲ့တွေး,တွေးခဲ့လိုက်ရသောအခါ စိတ်ဆိုး ဒေါသထွက်သော အမူအရာဟူ၍ လုံးဝမရှိဘဲ ကြောက်ရွံ့တုန်လှုပ်သွားသော အမူအရာများသာ ရှိနေခြင်းပင် ဖြစ်သည်။ သူ၏ မျက်နှာတွင် လျှို့ဝှက်ချက်ကြီး တစ်ခုပေါ်ပေါက်သွားမည်ကို စိုးရိမ်နေသည့် အလားပင်။

ဟူကျင်းသည်အံဝင်ခွင်ကျ မဖြစ်သည့် အချို့သော အမူအရာများကြောင့် ကန့်လန့်ကာ နောက်ကွယ်မှာအတော်လမ်း တစ်ခုခု တော့ရှိရမည်ဟုတွက်ဆလိုက်သည်။

ထိုစဉ် စည်းကမ်း ထိန်းသိမ်းရေးမှူး၏အသံ ထွက်ပေါ်လာသည်။

'ချန်ရှိ...သူ ဘယ်သူလဲ'

'သူ့နာမည်က ဝေလင်း၊ သူက ဝေဆန်းရဲ့ သားပဲ'

ဝေဆန်းဟူသော အမည်ကို ကြားလိုက်ရတော့မှ ထိုလူငယ်ကို ဟူကျင်းသိရှိမိတော့သည်။ အလင်းမာန်ဂိုဏ်းကြီး လိပ်ပြာကုန်းတွင် ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီး ကျင်းပခဲ့စဉ်က ထိုလူငယ်၏ ဖခင်ဖြစ်သော ဝေဆန်းသည်မိမိ၏ဘေး,တွင်ရှိနေခဲ့ပေသည်။

ဝေဆန်းသည်နှယ်နှယ်ရရ ဂိုဏ်းသား တစ်ယောက် မဟုတ်ပေ။ အလင်းမာန်ဂိုဏ်း၏ အဆင့်မြင့်ဂိုဏ်းသား တစ်ယောက် ဖြစ်သည်။ အလင်းမာန်ဂိုဏ်း၏ တောင်ပိုင်း တော်လှန်ရေးတပ်၏



ချုပ်ချုပ်ရေးမှူးလည်း ဖြစ်သည်။ ထို့ကြောင့် ဟူကျင်း အနေဖြင့် ဝေဆန်းကို ကောင်းစွာ သိရှိခြင်း ဖြစ်တော့သည်။

စည်းကမ်းထိန်းသိမ်းရေးမှူးက တအံ့တဩ ပြောလိုက်လေသည်။

'ဘာ...သူက ဝေဆန်းရဲ့ သားလား၊ ချန်ရှိ မင်း ဒီတစ်ခါတော့ တကယ့်ကို တော်တာပဲ၊ ဒီကောင့် အဖေက တောင်ပိုင်းမှာ သိပ်နာမည်ကြီးနေတဲ့ ကောင်ပဲ၊ သူ့တပ်က မွန်ဂိုတွေအပေါ်မှာ အောင်ပွဲ အလီလီ ခံနေတယ်၊ အခု သူ့သား ငါတို့ လက်ထဲ ရောက်လာတော့ ဘာပြောစရာ ရှိတော့သလဲ၊ သူ့ အဖေ ငါတို့ လက်ခုပ်ထဲ ရေ ဖြစ်ပြီပေါ့၊ သူ့ အဖေဟာ ငါတို့ စကားကို နားမထောင်လို့ မဖြစ်တော့ဘူး၊ တော်တယ်ကွာ... ချန်ရှိ သိပ်တော်တယ်'

ထိုစကားများကို ကြားလိုက်ရသောအခါ ဝေလင်းသည် အော်ဟစ် ဆဲဆိုတော့သည်။

'မင်းတို့ အိပ်မက်,မက်မနေကြနဲ့၊ ငါ့အဖေက မင်းတို့လို မိန်းမကျင့် မိန်းမကြံ,ကြံတတ်တဲ့ လူမျိုးမဟုတ်ဘူး၊ သူ့ရဲ့ကောင်းကွ သူ့ရဲ့ကောင်း၊ မင်းတို့က အရှက်မရှိဘဲနဲ့ ငါ့ကို ဓားစာခံဖမ်းပြီး အကျပ်ကိုင်ဖို့ စဉ်းစားနေကြသေးတယ်၊ စမ်းကြည့်စမ်းပါဦး၊ ရမသားလို့ သူ့ သားကိုသာ အသေခံမှာကွ၊ မင်းတို့ အကျပ်ကိုင်တာကို

www.burmeseclassic.com

www.burmeseclassic.com



တော့ ဘယ်တော့မှလက်ခံမှာ မဟုတ်ဘူး၊ နောက်တစ်ခု မင်းတို့ မှတ်ထားကြ၊ ငါ့အဖေဟာ ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းရဲ့ စကား တစ်ခုထဲပဲ နာခံတယ်၊ဟား...ဟား...ဟား၊ ငါတို့ အလင်းမာန်ဂိုဏ်းကို မင်းတို့လို အနုတ်စုတ်ပလုပ်စုတ် သူတောင်းစားဂိုဏ်းက လာပြိုင်ချင် သေးတယ်၊ မင်းတို့ ဂိုဏ်းချုပ်လို လူစားမျိုးဟာ ငါတို့ ဂိုဏ်းချုပ်ကြီး ရဲ့ ဖိနပ်ကိုင်ပေးတဲ့ အဆင့်ကိုတောင် မရနိုင်ဘူးကွ၊ ဟား...ဟား ...ဟား'

ထိုစဉ် ချန်ရှိက ဝင်ပြောလိုက်သည်။

'မင်းတို့ ဂိုဏ်းချုပ် ကျန်းဟူကျင်းရဲ့ သိုင်းပညာက ဆိုး တော့မဆိုးလှပါဘူး၊ ဒါပေမယ့် သူက အသက်တိုမယ်၊ သူ့ကို ဗေဒင် ဆရာက ဟောထားတယ်။ ဒီနှစ်အတွင်းမှာပဲ သေလိမ့်မယ်တဲ့'

ချန်ရှိထံမှ စကားထွက်လာသည်နှင့် တစ်ပြိုင်နက် ဟူကျင်း ပုန်းနေသည့် ဈေးဘက်ရှိ သစ်ပင်ကြီးမှ သစ်ကိုင်း တစ်ကိုင်းသည် ရုတ်တရက် တုန်လှုပ်သွားသည်ကို သတိပြုလိုက်မိသည်။ ဟူကျင်း နားစိုက်ထောင်လိုက်သောအခါ ထိုနေရာမှ အသက်ရှူသံ တစ်ခုကို တိုးညင်းစွာ ကြားလိုက်ရသည်။ သို့သော် ထိုအသက်ရှူသံသည် ချက်ချင်း ပျောက်ကွယ်သွားသဖြင့် ထိုလူသည် သူ့အသက်ရှူသံကို ပြန်လည် ထိန်းသိမ်းလိုက်ကြောင်း ဟူကျင်း သိလိုက်ရသည်။



'အင်း...ငါတစ်ယောက်ထဲ မဟုတ်ပါလား၊ ငါ့လို ချောင်း ချောင်း ပုန်းအောင်းနေတဲ့ လူတွေလဲ ဒီကို ရောက်နေကြပါကလား'

ထိုစဉ် ခေါ်သဖြင့် အော်ဟစ်လိုက်သော ဝေလင်း၏ အ...းတို့ ...မှတ်' ကို ကြားလိုက်ရသည်။

'မင်းတို့က မင်းတို့ ဖြစ်ချင်တာတွေ လျှောက်ပြောနေတာပဲ၊ ...တို့ ဂိုဏ်းချုပ်ကြီးဟူကျင်းလောက် စိတ်ထားနူးညံ့တဲ့လူ၊ သဘော ...ကောင်းတဲ့လူ ဒီသိုင်းလောကထဲမှာ တစ်ယောက်မှ မရှိဘူးကွ။ ဘုရား ...ခင်က သူ့ကို အမြဲစောင့်ရှောက်နေမှာပဲ၊ သူဟာ နောက်ထပ် အနှစ် ...ရာမက အသက်ရှည်ရှည် နေနိုင်မယ့် လူကွ'

ချန်ရှိက...

'အေး...မင်းဘာပဲပြောပြော ဗေဒင်ဆရာကတော့ ကျန်းဟူ ကျင်းဟာ အသက်နှစ်ဆယ့်လေးနှစ်ထက် ပိုမနေရဘူးလို့ သေသေ ...ချာ ဟောထားတာပဲ'

ချန်ရှိသည် သူ့စကားကို ဆက်ပြောရန် ပြင်ဆင်နေစဉ်မှာ ...င် စောစောက အနည်းငယ်လှုပ်ရမ်းသွားသော သစ်ပင်ပေါ်မှ လူ ...တစ်ယောက် ခန်းမထဲသို့ ခုန်ဆင်းသွားတော့သည်။

'ကျန်းဟူကျင်း ဒီမှာရှိတယ်ဟေ့၊ ဘယ်ကောင်က ငါ့ကို ...အသက်တိုမယ်လို့ ကျိန်ဆဲနေရတာလဲ ပြောကြစမ်း'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် အလွန်အရာ အံ့ဩသွားသဖြင့် သေသေချာချာ ကြည့်လိုက်မိသည်။ ယောကျ်ား အဝတ်အစားကို သေသေသပ်သပ် ဝတ်ဆင်ထားသည့် ကျောက်မိန် ဖြစ်နေချေသည် တကား။

ထို့ကြောင့် ဟူကျင်း တုန်လှုပ် ချောက်ချား သွားမိတော့သည်။ သူ၏ နှလုံးသားတွင်းဝယ် ဝမ်းသာသည်လား၊ ကြေကွဲ ဝမ်းနည်းသည်လား ခွဲခွဲခြားခြား အမည်တပ်ရန်ခက်ခဲလှသည့် ဝေဒနာ တစ်ခုကို ခံစားလိုက်ရတော့သည်။

ကျောက်မိန်မှန်း သိလိုက်သည်နှင့်ဟူကျင်းသည် ဟင်းခနဲ ဖြစ်သွားခဲ့ရသည်။ ခန်းမထဲရှိ လူအားလုံးသည် သူ့ကိုယ်သူ ကျန်းဟူ ကျင်းဟု ပြောနေသော ကျောက်မိန်ထံသို့အာရုံ ရောက်နေကြသဖြင့် ဟူကျင်း၏ အာမေဋိတ်သံကို မကြားမိလိုက်ကြချေ။

ချန်ရှိတို့သည် ရုတ်တရက်အားဖြင့် ထိတ်လန့်သွားကြသည်။ သို့သော် ယခု ကျန်းဟူကျင်းဟု ပြောနေသူမှာ မိန်းကလေး တစ်ယောက်နှင့် အလွန်တူလှပြီး သိုင်းလောကထဲ၌ ပြောနေကြသည့် ကျန်းဟူကျင်း၏ ရုပ်ရည်နှင့် သိပ်မတူလှသည်ကို တွေ့ရှိကြရသော အခါ မယုံသင်္ကာစိတ်များ ပေါ်လာကြတော့၏။ ချန်ရှိက အော်ပြော လိုက်သည်။

'ကျန်းဟူကျင်းက အစောကြီးထဲက သေနေပြီပဲ၊ ဘယ်က ကျန်းဟူကျင်း အတုတစ်ယောက် ထွက်လာရတာလဲ'



ကျောက်မိန်ကလည်း ဒေါသဖြင့် ပြန်အော်လိုက်သည်။

'ကျန်းဟူကျင်းလား သေမယ်ဆိုတာ ခဲယဉ်းလိုက်တာ၊ ဒီလောက် စွမ်းရည်ပြည့်ဝတဲ့လူဟာ ဘယ်တော့မှ မသေဘူး၊ မင်းတို့ ဒီကလူတွေ အားလုံးသေတောင် ကျန်းဟူကျင်းက မသေဘူးမှတ်'

သူမ၏ လေသံများထဲတွင် ကြေကွဲဝမ်းနည်းမှုများ ထွက်နေသည်ကို ကြားသိလိုက်ရသောအခါ ရင်ထဲဝယ် နင့်ခနဲ ဖြစ်သွားတော့သည်။ ကျောက်မိန်သည် ကျွန်းပေါ်၌ မိမိတို့အား ပစ်ထားခဲ့သည့်အဖြစ်အတွက် ကြေကွဲဝမ်းနည်းနေသည်လား မဆိုနိုင်ပေ။

ဟူကျင်းသည် သူ့ကိုယ်သူ ချက်ချင်း သတိပေးလိုက်မိသည်။

'ဟူကျင်း... မင်း ဘာတွေ တွေးနေသလဲ၊ ဒီလို ကောက်ကျစ်ယုတ်မာတဲ့ မိန်းကလေးဟာ ဘယ်လိုကြောင့် မင်းအတွက် ကြေကွဲဝမ်းနည်းရတာလဲ၊ ဟူကျင်း... ဟူကျင်း... မင်းဟာ တကယ်တော့ သူ့အပေါ် မေတ္တာ မကုန်သေးဘူး။ ချစ်စိတ် မပြယ်သေးဘူး၊ ဒါကြောင့် မင်းဟာ သူ့ကို တတ်နိုင်သမျှ အကောင်းဘက်ကနေ စဉ်းစားနေတာကိုး'

ချန်ရှိက အော်ဟစ်မေးလိုက်သည်။

'မင်း ဘယ်သူလဲ၊ တို့ ခွင့်မပြုဘဲနဲ့ ဘာကြောင့် ဒီခန်းမထဲ ဝင်လာရသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ငါလား… ငါ ကျန်းဟူကျင်းပါလို့ ဆိုနေမှ ဘယ်သူလဲလို့ မေးနေရသေးလား၊ ငါ့ရဲ့ဝိုဏ်းသားကို ပြန်လွှတ်စမ်း၊ ပြောစရာရှိရင် ငါ့ကိုပြော'

ချန်ရှိ၏ဘေးတွင် ရပ်နေသော ဆို့ချင်းစူးသည် သရော်ပြုံးပြုံး၍ ပြောလိုက်သည်။

'ဒီမှာ ကျောက်မိန်၊ သူများကတော့ ခင်ဗျားကို မသိကြပေမယ့် ကျုပ်ကတော့ သိတယ်၊ သူများတွေ ကျန်းဟူကျင်းကို မတွေ့ဖူးပေမယ့် ကျုပ်က တွေ့ဖူးတယ်'

ဆို့ချင်းစူးသည် သူ၏စကားကို ခေတ္တရပ်လျက် ဝိုဏ်းချုပ်ကြီး ဆယ်ပိုလုံထံသို့ လှမ်း၍ ပြောလိုက်သည်။

'ဝိုဏ်းချုပ်ကြီး… ဒီ မိန်းကလေးဟာ တခြားသူ မဟုတ်ဘူး၊ မွန်ဂိုမင်းသမီးလေး ကျောက်မိန်ဆိုတာပဲ၊ သူ့လက်အောက်မှာ တကယ့် အကျော်အမော် သိုင်းသမားတွေ အများကြီး ရှိတယ်၊ ဉာဏ်နီဉာဏ်နက်လဲ အင်မတန် များတယ်၊ သူ့ကို ကောင်းကောင်း သတိထားပါ'

ဆို့ချင်းစူးက ကျန်းဟူကျင်းကို နီးနီးကပ်ကပ် တွေ့ဖူးသည်မှာ အမှန်ပင်ဖြစ်သည်။ ချန်ရှိကမူ ဟူကျင်း ငယ်စဉ်တုန်းက ရှောင်လင်ဘုရားကျောင်းတွင် တစ်ကြိမ်သာ တွေ့ခဲ့ဖူးပေသည်။



စည်းကမ်းထိန်းသိမ်းရေးမှူးသည် ချက်ချင်းပင် လေချွန်၍ အချက်ပေးလိုက်ပြီး အော်ဟစ် အမိန့်ပေးလိုက်တော့သည်။

'ကျန်ကွန်း နဂါးခေါင်းသည် ဦးညွှတ်အရိုအသေပြုကာ အမိန့်ကို နာခံလျက် ခန်းမအပြင်ကို လျင်မြန်စွာ ထွက်သွားတော့သည်။ ချက်ချင်းလိုလိုပင် ဘုရားကျောင်းကြီး၏ လေးဘက်လေးတန် ၊ လေချွန်သံများကို အဆက်မပြတ် ကြားလိုက်ရတော့သည်။

ကျောက်မိန်သည် မျက်နှာတစ်ချက် ပျက်သွားပြီး၊ လက်ခုပ်တစ်ချက်တီးလိုက်သည်။ လက်ခုပ်သံ ဆုံးသွားသည်နှင့် အခန်းထဲသို့ လူနှစ်ယောက် ခုန်လွှားဝင်ရောက်လာတော့သည်။ လက်ဝါးဝှိုက်ထိုး၍ ညီအစ်ကိုနှစ်ယောက်ဖြစ်သည့် လုကျန့်နှင့် ဟော့ပိတို့ နှစ်ယောက်ပင် ဖြစ်တော့သည်။

စည်းကမ်း ထိန်းသိမ်းရေးမှူးသည် ချက်ချင်း အမိန့်ပေးလိုက်သည်။

'ဒီလူနှစ်ယောက်ကို ဖမ်းလိုက်ကြစမ်း၊ လုံးဝ မလွတ်စေနဲ့'

ထိုအခါ အိတ်ခုနှစ်အိတ်သမား လေးယောက်တို့သည် လုကျန့်နှင့် ဟော့ပိတို့အား အပြင်းအထန် ဝင်ရောက်တိုက်ခိုက်ကြတော့သည်။ သို့သော် တိုက်ခိုက်ကြ၍ သုံးကွက်ပင် မပြည့်သေး။ ဝိုဏ်းသားလေးယောက်စလုံး လဲကျသွားတော့သည်။ သူ့လူများ အရေးနိမ့်သွားသည်ကို မြင်လိုက်ရတော့ သိုင်းပညာ သင်ကြားရေး

www.burmeseclassic.com



မှူးသည် တိုက်ပွဲအတွင်းသို့ ချက်ချင်း ခုန်ပျံဝင်ရောက်လာပြီး လက်ဝါးစောင်းဖြင့် ကော့ပိကို ရိုက်ချလိုက်သည်။

ထို လက်ဝါးစောင်း ရိုက်လိုက်သည့် အရှိန်နှုန်းနှင့် လေသံကို နားထောင်ရုံမျှဖြင့် အလွန်တရာ ပြင်းထန်လှသော ရိုက်အားဖြစ်ကြောင်း ဟူကျင်း သိလိုက်သည်။ ထို လက်ဝါးစောင်း၏ ရိုက်ကွက်အရ နဂါးနိုင် လက်ဝါးစောင်း သိုင်းတစ်ဆယ့်ရှစ်ကွက်မှ တစ်ကွက်ဖြစ်ကြောင်းလည်း သိလိုက်မိသည်။ ထို နဂါးနိုင် လက်ဝါးစောင်း သိုင်းပညာမှာ လွန်ခဲ့သော အနှစ်တစ်ရာခန့်က အကောင်းဆုံးသော ပြိုင်စံရှား သိုင်းပညာ ဖြစ်ခဲ့ပေသည်။ သို့သော် ယင်း သိုင်းပညာသည် လျှို့ဝှက် နက်နဲလှသဖြင့် တစ်စတစ်စ တိမ်ကော ပျောက်ဆုံးလာခဲ့ရာ ယခုအချိန်၌ သိုင်းကွက် တစ်ဆယ့်နှစ်ကွက်သာ ကျန်ရှိတော့သည်။

သိုင်းပညာ သင်ကြားရေးမှူးက ဤကဲ့သို့ ရှားပါး ခက်ခဲလှပြီး အလွန် ပြင်းထန်သည့် ရိုက်ချက်ဖြင့် ရိုက်လိုက်သည့်အခါ ကော့ပိသည် ပေါ့ပေါ့ဆဆ မလုပ်ရဲဘဲ လက်ဝါးစောင်းတစ်ချက် တုံ့ပြန်ရိုက်ထုတ်လိုက်ရသည်။

တကယ်တမ်းအားဖြင့် သူတို့နှစ်ယောက်၏ သိုင်းအားမှာ လုံးဝ မတူကြချေ။ သိုင်းပညာသင်ကြားရေးမှူး၏ သိုင်းအားသည် အဖိုအားဖြစ်၍ အပူဓာတ်ဖြစ်သည်။ သို့သော် ကော့ပိ၏ သိုင်းအားမှာမူ အမ,အားဖြစ်သည့် အအေးဓာတ် ဖြစ်နေသည်။ သို့ရာတွင်



သူတို့နှစ်ယောက်သား ယှဉ်လိုက်သောအခါ ကော့ပိ၏ သိုင်းအားက အနည်းငယ် သာနေကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် သိုင်းပညာသင်ကြားရေးမှူးသည် နောက်သို့ ခြေလှမ်းတစ်လှမ်း ဆုတ်ပေးလိုက်ရသည်။

သူတို့နှစ်ယောက်သည် နောက်ထပ် လက်ဝါးစောင်း နှစ်ချက်ရိုက်လိုက်ကြပြန်သည်။ သိုင်းပညာသင်ကြားရေးမှူးသည် ကော့ပိ၏ သိုင်းအားကို တောင့်မခံနိုင်သဖြင့် နောက်ဘက်သို့ ခြေနှစ်လှမ်း ထပ်ဆုတ်ပေးရပြန်သည်။

သိုင်းပညာသင်ကြားရေးမှူး၏ အခြေအနေ မဟန်မှန်း သိသဖြင့် ကျွန်းပန် နဂါးခေါင်းသည် ခုန်ဝင်လာပြီး ကော့ပိကို တိုက်ခိုက်တော့သည်။

ကျောက်မိန်သည် လက်ဝါးစောင်း အဘိုးကြီးနှစ်ယောက် ဝင်လာသည်နှင့် သူမသည် ပြန်လည် ခုန်ထွက်သွားရန် ဟန်ပြင်လိုက်သည်။ သို့သော် သူမ ခုန်မထွက်နိုင်တော့။ ချန်ရှိသည် ဓားကို ထုတ်၍ သူမကို တားထားလိုက်သောကြောင့် ဖြစ်ပေတော့သည်။

ကျောက်မိန်သည် ဝမ်ဖားဘုရားကျောင်းထဲတွင် ဂိုဏ်းကြီး ခြောက်ဂိုဏ်း သိုင်းဆရာကြီးများထံမှ အဆင့်အတန်း မြင့်လှသော သိုင်းကွက်များစွာကို ရလိုက်ဟန်တူသည်။ သူမ၏ ဓားသိုင်းပညာသည် အတော်ပင် အဆင့်မြင့်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် 'ချန်း' 'ချန်း' 'ချန်း' ဟူသော ဓားသံသုံးချက်နှင့်အတူ သိုင်းကွက်သုံးကွက် ထုတ်သုံးလိုက်သည်။ ထိုသုံးကွက်ကို ချန်ရှိ ရင်ဆိုင် မတိုက်နိုင်ချေ။ ထို့ကြောင့် နောက်သို့ ခုန်ဆုတ်၍ ရှောင်လိုက်ရသည်။ သို့သော် စတုတ္ထအကွက်ကိုမူ လုံးဝ မရှောင်နိုင်တော့။ ကျောက်မိန်က ချိန်ရှိ၏ ရင်ဘတ်သို့ သူမ၏ ဓားကို ထိုးသွင်းလိုက်တော့သည်။

ထိုစဉ် ဆို့ချင်းစူးသည် ရုတ်တရက် ခုန်ဝင်လာပြီး သူ၏ ဓားဖြင့် ကျောက်မိန်၏ ဓားကို ဖယ်ထုတ်ပစ်လိုက်သည်။

ဟူကျင်းသည် အပေါ်စီးမှ ကြည့်နေသူဖြစ်ရာ ခန်းမကြီးအတွင်း ထိုးခုတ်တိုက်နေသမျှကို ထင်ရှားစွာ တွေ့မြင်နေရသည်။ ဆို့ချင်းစူးသည် ချိန်ရှိ၏ အသက်ကို ကယ်လိုက်ခြင်းသာ ဖြစ်သည်။

ဆို့ချင်းစူးသည် အမှန်တကယ်ပင် ဟူတန်းကိုဖော်၏ ဓားသိုင်းပညာ အနှစ်သာရကို ရရှိထားလိုက်ပေပြီ။ သူ၏ ဓားချက်သည် မြင်းထန်ရုံမျှမက မှန်လည်း မှန်ကန်လှသည်။

ချန်ရှိကမူ ရှောင်လင်ဂိုဏ်းသား ဖြစ်သဖြင့် ရှောင်လင်သိုင်းပညာဖြင့် သေးမှ ပုံပိုးတိုက်ခိုက်သည်။ ကျောက်မိန်သည် သိုင်းကွက်မျိုးစုံကို တတ်မြောက်ကျွမ်းကျင်ခဲ့သည်မှာ မှန်သော်လည်း ယခုကဲ့သို့ နှစ်ယောက်တစ်ယောက် တိုက်ခိုက်ရသည့်အခါတွင်မူ တိုက်စစ်မှ ခံစစ်သို့ တဖြည်းဖြည်း ပြောင်းလာရတော့သည်။



ဟူကျင်းသည်လည်း ကြည့်ရင်း ကြည့်ရင်းဖြင့် ကျောက်မိန်အတွက် ပူပန်လာတော့သည်။ ဤအခြေအနေအတိုင်းသာ ဆက်လက် ခုခံသွားရပါက နောက်ဆုံး လက်ပမ်းကျပြီး ရှုံးနိမ့်သွားရပေတော့မည်။

'သူ ဘာဖြစ်လို့ ရိုးရိုးဓားနဲ့ ခုခံနေရတာလဲ၊ တိမ်လွှာဓားကို ဘာဖြစ်လို့ မယူခဲ့တာလဲ၊ တိမ်လွှာဓားသာ ပါလာရင် ဆို့ချင်းစူးနဲ့ ချန်ရှိရဲ့ဓားကို အသာကလေး ချိုးပစ်နိုင်တယ်၊ ဒါဆိုရင် ထွက်ပေါက်ရပြီပေါ့၊ အခုတော့ ထွက်ပေါက်ရဖို့ မလွယ်တော့ဘူး'

ဟူကျင်းသည် သူမ၏ ကိုယ်လုံးကလေးကို သေသေချာချာ ရှုစမ်းကြည့်လိုက်သည်။ တိမ်လွှာဓားကို ဖုံးကွယ်ထားလေသလားဟု ရှုစမ်းကြည့်ခြင်းဖြစ်သည်။ သို့သော် တိမ်လွှာဓား၏ အရိပ်အရောင်ကို လုံးဝ မမြင်ရချေ။

ဟူကျင်းသည် ကျောက်မိန်အတွက် သတိလက်လွှတ် စိတ်ပူနေရာမှ ကိုယ့်ကိုယ်ကို သတိပေးလိုက်ပြန်သည်။

'ဟူကျင်း... ဟူကျင်း... ဘာဖြစ်လို့ သူ့အတွက် စိတ်ပူနေရပြန်တာလဲ၊ ဒီလို မိန်းကလေးမျိုး အသတ်ခံသွားရရင် မင်းအဖို့ ကောင်းပေဘူးလား၊ သူဟာ မင်းရဲ့ တစ်ဝမ်းကွဲ ညီမလေး အာယီကို သတ်တဲ့တရားခံပဲ၊ အခု ဆို့ချင်းစူးက သူ့ကို သတ်လိုက်ရင် အခမ်းငြိမ်းသွားတာပဲ မဟုတ်လား၊ မင်းက ဘာဖြစ်လို့ သူ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



သောကဗျာပါဒတွေ များနေရတာလဲ၊ မင်း သူ့အပေါ် ချစ်စိတ်မကုန်ဘူး မဟုတ်လား’

ဟူကျင်းသည် သူ့အတွေး အာရုံများကို ဖြတ်ပစ်လိုက်ရသည်။ ခန်းမကြီးအတွင်းရှိ တိုက်ပွဲများသို့ လှမ်းကြည့်လိုက်မိသောအခါတွင် သူတောင်းစား ဂိုဏ်းသားများသည် တဖြည်းဖြည်း အသာစီး ရရှိလာသည်ကို တွေ့ရတော့သည်။

လုကျန့်နှင့် ကော့ပိတို့ နှစ်ယောက်သည် အလွန်ဝါရင့်သော သိုင်းသမားကြီးများ ဖြစ်ကြရာ သူတို့၏ အခြေအနေ နိမ့်ပါးကျဆင်းလာသည်ကို ကောင်းစွာ ရိပ်မိသိရှိကြသည်။ ရေရှည်ဆက်တိုက်လျှင် မိမိတို့ မုချ ရှုံးနိမ့်ရပေတော့မည်။ အင်အားချင်းကလည်း ကွာလှသည် မဟုတ်ပါလား။ ထို့ကြောင့် ကျောက်မိန်ရှိရာသို့ အော်ဟစ်သတိပေးလိုက်သည်။

‘သခင်မလေး... ဆက်တိုက်လို့ အကျိုးမထူးတော့ပါဘူး ကျုပ်တို့ ဆုတ်လိုက်တာ အကောင်းဆုံးပဲ’

ကျောက်မိန်ကလည်း တစ်ဘက်မှ တိုက်ကွက်များကို မအားမလပ် ခုခံနေရာမှ အော်ပြောလိုက်သည်။

‘ကောင်းပြီ၊ ဟို... ချန်ရှိဆိုတဲ့ကောင်က ကျန်းဟူကျင်းကို ကျိန်ဆဲတဲ့ကောင်၊ သူ့ကို ကောင်းကောင်း မှတ်လောက်သားလောက်အောင် ဆုံးမလိုက်စမ်း’



လုကျန့်နှင့် ကော့ပိတို့က...

‘ဟုတ်ကဲ့ သခင်မလေး၊ စိတ်ချပါ’

ကျောက်မိန်က ဆက်အမိန့်ပေးပြန်သည်။

‘ဟို... ဝေလင်းဆိုတဲ့ လူငယ်ကတော့ ကျန်းဟူကျင်းအပေါ်မှာ အတော်သစ္စာရှိတဲ့ လူငယ်ပဲ၊ တော်တော်လဲ ရဲရင့်တယ်၊ ဖာတ်နိုင်ရင်တော့ ဒီလူငယ်လေးကို ကယ်ထုတ်လိုက်ပါ’

‘သခင်မလေးသာ အရင်ဆုံး ထွက်နှင့်ပါ၊ ဒီလူငယ်ကလေးရဲ့ ကိစ္စက အရေးမကြီးပါဘူး၊ ဒီထက် လူတွေများလာရင် ကျုပ်တို့ အကျဉ်းအကျပ် ကျနိုင်တယ်’

လုကျန့်နှင့် ကော့ပိတို့ နှစ်ယောက် မည်မျှ အတွေ့အကြုံရင့်ကျက်ကြသည်ကို သူတို့၏ အပြုအမူများက ပြသလျက် ရှိနေသည်။ သူတို့အား ရန်သူများ ဉာဏ်မျှလောက် ဝန်းရံ တိုက်ခိုက်နေကြသည့်တိုင် အေးအေးဆေးဆေးပင် စကား ပြောနိုင်ကြပေသေးသည်။ သူတို့ပတ်လည်မှ သူတောင်းစား ဂိုဏ်းသားများကို ရှိသည်မျှ မထင်ကြ။

ခန်းမကြီးအတွင်းဝယ် သူတောင်းစား ဂိုဏ်းဝင်များသည် သူတို့အသာစီး ရလာကြသည်ကို သိသဖြင့် ပိုမိုအားတက်သော အစွမ်းကုန် တိုက်ခိုက်ကြတော့သည်။ ထို့ကြောင့် တိုက်ပွဲကြီးသည် တဖြည်းဖြည်း အလွန်ပြင်းထန်လာရတော့သည်။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲကြီးသည် သူနှင့် လုံးဝ မဆိုင်သည့်အလား လစ်လျူရှု သည့် ပုဂ္ဂိုလ်ကား ဤခန်းမထဲ၌ ရှိနေပေသေးသည်။

သူတောင်းစား ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံပေတည်း။

သူသည် ထိုးခုတ်တိုက်ခိုက်နေသည့် တစ်ချိန်လုံး ဘုရား ခန်း၏ ထောင့်တစ်ထောင့်တွင် ငေါင်ငေါင်ကြီး ရပ်လျက် ရှိ ပေ၏။ မည်သည့် အမိန့်မျှလည်း မပေး။ မည်သည့် လှုပ်ရှား မှုလည်း မလုပ်။ ကျောက်ရုပ်ကြီးတစ်ရုပ်အလား တစ်ချိန်လုံး တပ်ရပ်လျက် ရှိနေ၏။ သို့သော် သူ၏မျက်နှာတွင်မူ ကြောက် ထိတ်လန့်နေသည့် အရိပ်သဏ္ဌာန်များ ပေါ်လျက်ရှိနေသည်။

ရုတ်တရက် ချက်ချင်း လုကျန့်နှင့် ကော့ပိတို့ နှစ်ယောက် သည် အခြားသူများနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေရာမှ ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံထံသို့ လျှပ်တစ်ပြက် ခုန်အုပ်လိုက်ကြသည်။

သို့သော် ချန်ရိုက ၎င်းတို့ထက် ပို၍လျင်သည်။ ကျောက် မိန့်၏ စကားများကို ကြားလိုက်စဉ်ကပင် လုကျန့်တို့နှစ်ယောက် သည် မိမိတို့၏ ဂိုဏ်းချုပ်ကြီးကို ဖမ်းဆီး၍ အကျပ်ကိုင် နိုင်သည် ကြိုတင်တွက်ဆထားပြီး ဖြစ်ပေသည်။ ထို့ကြောင့် ဂိုဏ်းချုပ်ကြီး အဆင်သင့် ကူညီနိုင်ရန်အတွက် ဂိုဏ်းချုပ်ကြီး၏ လက်တစ်ကမ်း နေရာတွင် အသင့်ရှိနေပေသည်။





လုကျန့်တို့ ညီအစ်ကိုနှစ်ယောက် ခုန်အုပ်လိုက်သည်နှင့် ချန်ရိုက ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံအား ဘုရားဆင်းတုတော်ကြီး နောက်သို့ တွန်းပို့လိုက်တော့သည်။

လုကျန့်တို့ ညီအစ်ကိုနှစ်ယောက် ဟန်ပြင်လိုက်စဉ်ကပင် ချန်ရိုက ရိပ်မိပြီးဖြစ်သဖြင့် ချန်ရို၏ လှုပ်ရှားမှုကို လုကျန့်တို့ လိုက်မမိတော့ပေ။

ထိုအခါ လက်ဝါးစောင်း အဘိုးကြီး နှစ်ယောက်တို့၏ လက်ဝါးစောင်းများသည် ဆယ်ဟိုလုံကို မမိလိုက်ကြတော့ဘဲ ဘုရား ဆင်းတုတော်ကြီးကိုသာ ရိုက်လိုက်မိကြတော့သည်။ ဘုရားဆင်းတု တော်ကြီးသည် ပြင်းထန်လှသော လက်ဝါးစောင်းများ၏ ဒဏ်ကို မခံနိုင်သဖြင့် ပြိုလဲကျသွားရသည်။ သူတောင်းစားဂိုဏ်းသားများ သည် ဘုရားဆင်းတုတော်ကြီး ပြိုလဲကျသွားသည်ကို တွေ့ကြရသော အခါ ကြောက်လန့်တကြား ထွက်ပြေးကြတော့သည်။

ကျောက်မိန်ကလည်း ရှုတ်ထွေးနေသော အခြင်အရာကို အပြည့်အဝ အသုံးချကာ ခန်းမကြီး၏ အပြင်သို့ ထွက်ပြေးလိုက် သည်။ သို့သော် သူမသည် လွတ်လွတ်ကျွတ်ကျွတ် မပြေးနိုင်ခဲ့ချေ။ ဆိုချင်းစူးနှင့် ကျန်းပန်နဂါးခေါင်းတို့နှစ်ယောက်က သူမ၏နောက်မှ ဆက်တိုက် ပြေးလိုက်ကာ တိုက်ခိုက်လိုက်ကြသည်။ ကျောက်မိန် ခန်းမကြီး၏ အပြင်သို့ ရောက်သည်နှင့် ကျောက်မိန် ညာသို့မျှ ရှော်

www.burmeseclassic.com



လင့်မထားသော တုတ်သုံးချောင်းက သူမ၏ ခြေထောက်များကို သိမ်းရိုက်လိုက်ကြသည်။

ကျောက်မိန်က သူ့ကို တိုက်ခိုက်လာမည့် တုတ်နှစ်ချောင်း၏ ရိုက်ချက်ကို ကောင်းစွာ ရှောင်တိမ်းနိုင်ခဲ့သော်လည်း နောက်တစ်ချောင်း၏ ရိုက်ချက်ကိုမူ မည်သို့မျှ ရှောင်တိမ်းရန် မတတ်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ ရိုက်ချက်သည် ပြင်းထန်လှသဖြင့် နာကျင်မှုဒဏ်ကို ခံစားလိုက်ရပြီး ရှေ့သို့ လဲကျသွားတော့သည်။

ထိုစဉ် ဆို့ချင်းစူးသည် ဓားရိုးဖြင့် ကျောက်မိန်၏ နောက်စေ့ကို အပိုင်ရိုက်ချလိုက်သည်။ သူသည် ကျောက်မိန်ကို မေ့သွားအောင် ရိုက်လိုက်ပြီး အရှင်ဖမ်းရန် ရည်ရွယ်လိုက်ခြင်း ဖြစ်ပေသည်။ ဓားရိုးသည် ကျောက်မိန်၏ နောက်စေ့သို့ ရောက်ရန် ခြောက်လက်မခန့် အလိုတွင် ရုတ်ခြည်းပင် ကျန်းပန်နဂါးခေါင်းသည် သူ၏ လက်ထဲရှိ တုတ်ဖြင့် ဆို့ချင်းစူး၏ဓားရိုးကို ဘေးသို့ ရိုက်ထုတ် ပစ်လိုက်တော့သည်။ ထိုအဖြစ်နှင့် တစ်ချိန်တည်းမှာပင် လူရိပ်တစ်ခုသည် ဝင်းနံ့ရုံကို ခုန်တက်လျက် အပြင်သို့ ထွက်ခွာသွားတော့သည်။

ဆို့ချင်းစူးသည် နောက်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ ကျန်းပန်နဂါးခေါင်းကြီးကို တွေ့လိုက်ရသဖြင့် အလွန် အံ့အားသင့်သွားပြီး မေးလိုက်သည်။



'ခင်ဗျား ဘယ်လိုလူလဲ၊ ဘာဖြစ်လို့ သူ့ကို လွှတ်ပစ်တာလဲ'

ကျန်းပန်နဂါးခေါင်းက ဒေါသဖြင့် ပြန်အော်လိုက်သည်။

'ဘာဖြစ်လို့ မင်းက ငါ့တုတ်ကို ကာလိုက်ရတာလဲ၊ ပြောစမ်းပါဦး'

'ခင်ဗျားကများ ကျုပ်ကိုပြောတယ် ရှိသေးတယ်၊ ကျုပ်က နောက်စေ့ကို ရိုက်မိတော့မလို့ နည်းနည်းပဲ လိုတော့တယ်၊ ကျုပ်ဓားကို ခင်ဗျားက ရိုက်ပစ်လိုက်တာ'

ကျန်းပန်နဂါးခေါင်းသည် လောလောဆယ်ဆယ်အားဖြင့် လုပ်ရမည့် အလုပ်ကို ပြောလိုက်သည်။

'ကဲ... ဒါတွေ ခဏထားလိုက်ဦး၊ အခုအချိန်မှာ ပြောနေလို့ အကျိုးမရှိဘူး၊ ရန်သူ့နောက်ကို မြန်မြန်လိုက်'

သူတို့ နှစ်ယောက်စလုံး ဝင်းနံ့ရုံကို ခုန်ကျော် ထွက်လိုက်ကြသည်။ ဝင်းနံ့ရုံအပြင်တွင် ခုနစ်အိတ်အဆင့် ဂိုဏ်းသားတစ်ယောက် လဲနေသည်မှတစ်ပါး ရန်သူဟူ၍ အရိပ်အရောင်မျှ မတွေ့ရတော့ချေ။ ထိုအချိန်တွင် ဝင်းနံ့ရုံအပြင်၌ စောင့်ကြပ်နေသော သူတောင်းစားဂိုဏ်းသားများ ရောက်ရှိလာသဖြင့် ကျန်းပန်နဂါးခေါင်းက မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟို... ရန်သူ မိန်းကလေး ဘယ်ဘက်ကို ထွက်ပြေးသွားသလဲ၊ မင်းတို့ ဆီးပြီး မတိုက်ဘူးလား'

ထိုအခါ အစောင့်အကြပ် ဂိုဏ်းသားများက အလွန်အံ့သြသည့် မျက်နှာများဖြင့် ဖြေကြားလိုက်သည်။

'ဘယ်သူမှ ထွက်မလာပါဘူး၊ ထွက်လာရင် ကျွန်တော်တို့နဲ့ တွေ့ရမှာပဲ'

ကျုန်းပန်နဂါးခေါင်းသည် ဒေါသ ထွက်လာသဖြင့်...

'ဘာပြောတယ်ကွ... မင်းတို့ ရူးနေကြသလား၊ ရန်သူက ငါတို့ရှေ့က ဒီဝင်းနံရံကို ခုန်ကျော် ထွက်ပြေးသွားတာ၊ ဒီလောက် သေသေချာချာ ထွက်သွားပါလျက်နဲ့ မင်းတို့မို့လို့ တစ်ယောက်မှ ထွက်မလာဘူးလို့ ပြောရဲတယ်'

အစောင့်အကြပ် သူတောင်းစားဂိုဏ်းသားများသည် အလွန် စိတ်ရှုပ်သွားကြသည်။ ဝင်းနံရံဘေး၌ လဲကျနေသည့် ခုနစ်အိတ် အဆင့် ဂိုဏ်းသားတစ်ယောက်ကို လက်ညှိုးထိုးပြပြီး ရှင်းပြလိုက်သည်။

'စောစောက ခုန်ထွက်လာတဲ့သူကတော့ သူပဲ၊ အပြင်လူတော့ တစ်ယောက်မှ ခုန်ထွက်လာတာ မတွေ့ရဘူး၊ တကယ် ခုန်ထွက်လာတယ်ဆိုရင်လဲ ကျွန်တော်တို့နဲ့ တွေ့ရမှာပေါ့၊ ကျွန်တော်တို့က အများကြီးပဲဥစ္စာ'



ထို ဂိုဏ်းသားများက အသေအချာ နိုင်မာစွာ ပြောနေကြသဖြင့် ကျုန်းပန်နဂါးခေါင်းသည်လည်း နားမလည်နိုင်အောင် ဖြစ်သွားရသည်။ မိမိ၏ရှေ့မှ ရိပ်ခနဲ ခုန်ထွက်သွားသူသည် ရန်သူ မိန်းကလေးမှတစ်ပါး မည်သူမျှ မဖြစ်နိုင်။ ယခု သူတို့ အပြောအရ ထွက်လာသူမှာ ခုနစ်အိတ်အဆင့် မိမိတို့ ဂိုဏ်းသားသာ ဖြစ်နေသည်။ ကျုန်းပန်နဂါးခေါင်းသည် ဤပြဿနာ၏ အဖြေကို မည်သို့ စဉ်းစားရမည်မှန်း မသိသဖြင့် ခုနစ်အိတ်အဆင့် ဂိုဏ်းသားအား ထူပေးရန် ကျန်ဂိုဏ်းသားများကို အမိန့်ပေးလိုက်သည်။ ထူထူထောင်ထောင် ဖြစ်လာသည့် ဂိုဏ်းသားအား ကျုန်းပန်နဂါးခေါင်းက မေးလိုက်သည်။

'မင်းက ဘာဖြစ်လို့ ဒီဝင်းနံရံကို ခုန်ကျော်ထွက်လာရသလဲ'

ထိုဂိုဏ်းသားသည် တကျွတ်ကျွတ်ဖြင့် စုတ်သပ်ပြီး ညည်းငြင်း ဖြန့်ဖြေသည်။

'ကျွန်တော်...ကျွန်တော်... ခုန်ထွက်တာ မဟုတ်ဘူး၊ တစ်ယောက်က ကျွန်တော့်ကုတ်ကိုဆွဲပြီး ပစ်လိုက်တာ၊ ဒီလူဟာ ပညာ သိပ်တော်တဲ့လူပဲ ဖြစ်ရမယ်၊ ဒီလူကို ကျွန်တော် မမြင်ဘူး၊ လွှင့်ပစ်ခံလိုက်ရတာပဲ သိလိုက်ရတယ်'

ကျုန်းပန်နဂါးခေါင်းသည် ဤပြဿနာကို ဖြေရှင်းရန် ကြိုးစားတော့ချေ။ ဆိုချင်းရှူးကို ဒေါသတကြီးဖြင့် ကြည့်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'စောစောတုန်းက မင်းက ငါ့ရဲ့တုတ်ကို ဘာဖြစ်လို့ ကာ လိုက်ရတာလဲ ပြောစမ်း၊ မင်းဟာ ဒီနေ့မှ တို့ဂိုဏ်းထဲဝင်တဲ့လူ၊ အ ကတည်းက သစ္စာဖောက်တဲ့ သဘောပေါ့ ဟုတ်လား'

ဆို့ချင်းစူးသည်လည်း ကျန်းပန်နဂါးခေါင်းကဲ့သို့ပင် ဒေါသ ထွက်နေသူဖြစ်သည်။ သို့သော် ဤ ဂိုဏ်းထဲတွင် သူက လူသ ဖြစ်နေသည်။ သူ့စကားထက် ကျန်းပန်နဂါးခေါင်း၏စကား အများက ယုံကြည်ကြပေလိမ့်မည်။ ထို့ကြောင့် တုန်လှုပ် ချောက်ချ ခြင်းလည်း ဖြစ်နေမိသည်။

'ကျုပ်က ဒီကောင်မလေးရဲ့ နောက်ကျောကို ဓားရိုးနဲ့ ရိုက် လိုက်တာပဲ၊ ကျုပ်က သူ့ကို အရှင်ဖမ်းမလို့ဗျ၊ ခင်ဗျားက ကျုပ် ရိုက်ချက်ကို ကာကွယ်ပြီး ဘေးဘက် တွန်းထုတ်လိုက်တာပဲ၊ ဒီ ကြောင့် ဒီကောင်မလေး လွတ်အောင် ပြေးသွားနိုင်တာပေါ့'

'ငါက မင်းရဲ့ဓားကို ဘာဖြစ်လို့ ဘေးရိုက်ထုတ်ပစ်ရမှာလဲ ငါဟာ ဒီဂိုဏ်းထဲက ဝါအရင့်ဆုံး ဂိုဏ်းသားကြီးတွေထဲက တစ် ယောက်ပဲ၊ နှစ်ပေါင်းအကြာကြီး နေခဲ့ပြီးမှ တစ်ဆင့်ပြီးတစ်ဆင့် တက်ပြီးမှ ဒီ နဂါးခေါင်းအဆင့်ကို ရခဲ့တဲ့လူကွ၊ ငါလိုလူက အပြင် လူကို ကူပါ့မလား၊ ဟင်း... ဟင်း... ဟင်း... မင်းကို မေးစမ်းပါ ရစေဦး၊ ဒီ ကောင်မလေးကို ဓားနဲ့ ထိုးသတ်နိုင်လျက်သားနဲ့ ဘာဖြစ် လို့ ဓားရိုးနဲ့ ရိုက်ချင်ဟန်ဆောင်ရတာလဲ၊ ငါက အသက်ကြီးနေ ပေမယ့် မျက်စိ မမှုန်သေးဘူးကွ'



ဆို့ချင်းစူးသည် မခံချိမခံသာ ဖြစ်နေရတော့သည်။ သူစိမ်း အလယ်တွင် မျက်စိသူနယ် နားသူငယ် ဖြစ်နေရတော့သည်။ ဟူတန်းတွင် ရှိနေစဉ်က လူတိုင်းသည် သူ့ကို အလေးပေးကြ သည်။ အစစ အရာရာ ဦးစားပေး ခံရသည်။

ယခု ချန်ရှိ၏ အကြံမ်ကိုင် ယှတ်မာမှုကြောင့် သူတောင်း ဂိုဏ်းသို့ ယနေ့ဝင်လိုက်ရသည်။ နောက်တစ်နေ့ပင် မကူးသေး။ ကျန်းပန်နဂါးခေါင်း၏ ကြိမ်းမောင်း အော်ဂေါက်ခြင်းကို ခံနေရ သပြီ။ ထို့ကြောင့် ဒေါသ မထိန်းနိုင်တော့ဘဲ ရိုင်းရိုင်းစိုင်းစိုင်းပင် ခွန်းတုံ့ပြန်ရန် ဟန်ပြင်လိုက်စဉ် ချိန်ရှိသည် သူတို့ထံ လှမ်းခနဲ ရောက်ရှိလာသည်။

'ကျောက်မိန်ကော...'

ကျန်းပန်နဂါးခေါင်းက ဒေါသ မပြေသေးသည့် အသံဖြင့် အဖြေပေးလိုက်သည်။

'လွတ်သွားပြီ၊ ဒီကောင် လွှတ်ပေးလိုက်တာ'

ဆို့ချင်းစူးသည် ဤပြဿနာကို မည်သို့ ဖြေရှင်းရမည်ကို မသိနိုင်တော့သဖြင့် သက်ပြင်းသာ ချမိတော့သည်။ ထိုအခိုက် အတန့်အတွင်းမှာပင် လုကျန့်နှင့် ကော့ပိတို့ နှစ်ယောက် ခုန်ထွက် သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းပန်နဂါးခေါင်းက အလွတ်မပေးဘဲ နောက်မှလိုက်ရန် ဟန်ပြင်လိုက်သည်။ သို့သော် ချန်ရှီ၏ အော်သံကြောင့် တုန့်ခနဲ ဖြစ်သွားသည်။

'ဆရာကြီးတို့ သူတို့နောက်ကို မလိုက်ကြပါနဲ့၊ ဒီကောင်တွေဟာ အင်မတန် ဉာဏ်များတဲ့ လူတွေပါ၊ ထောင်ချောက်ဆင်ထားမှာ စိုးရိမ်ရပါတယ်'

ထိုအခါ ကျွန်းပန်နဂါးခေါင်း စည်းကမ်းထိန်းသိမ်းရေးမှူးနှင့် ကျွန်ဂိုဏ်းသားများသည် ဆက်မလိုက်တော့ဘဲ ရပ်နေလိုက်ကြသည်။ သူတို့သည် တိုက်ပွဲအခြေအနေကို လှည့်လည်၍ ကြည့်ရှု စစ်ဆေးလိုက်ကြသည်။ သူတို့ဘက်မှ သူတောင်းစား ဂိုဏ်းသား ထစ်ဆယ့်တစ်ယောက်တိတိ လက်ဝါးစောင်း ဒဏ်ချက်ကြောင့် သေဆုံးခဲ့ကြသည်။ ဂိုဏ်းသား အတော်များများလည်း ဒဏ်ရာပြင်းထန်စွာ ရရှိကြသည်။ အချို့ဂိုဏ်းသားများ ဒဏ်ရာရခြင်းမှာ တိုက်ပွဲကြောင့် ရခြင်းမဟုတ်။ ဘုရားဆင်းတုတော်ကြီး ပြိုလဲကျရာမှ ထိခိုက်ဒဏ်ရာ ရရှိကြခြင်း ဖြစ်ပေသည်။

✣ ✣ ✣ ✣ ✣



ကျောက်မိန် အဘယ်မှာနည်း။

ကျောက်မိန်သည် အခြား မည်သည့်နေရာသို့မျှ မရောက်။ ...ကျင်း၏ လက်ထဲသို့ ရောက်နေခြင်းသာဖြစ်သည်။ အဖြစ်မှာ ...သို့တည်း။ ကျောက်မိန် လဲကျသွားသောအခါ ဆို့ချင်းရှူး လှမ်း...လိုက်သည်ကို ဟူကျင်း တွေ့လိုက်ရသည်။ ဆို့ချင်းရှူး၏ ရိုက်...သည် အသေရိုက်ရန် ရည်ရွယ်နိုင်သလို အရှင်ဖမ်းရန် ရည်ရွယ်...သည်း ဖြစ်နိုင်သည်။

သို့သော် ဆို့ချင်းရှူး၏ ဝမ်းထဲသို့ မည်သို့မျှ ဝင်မကြည့်...ဖြင့် သူ့ရည်ရွယ်ချက်ကို မည်သို့မျှလည်း မသိနိုင်ပေ။

ဟူကျင်းသည် လုံးဝ မစဉ်းစားနိုင်တော့ဘဲ ရုတ်တရက် ...င်ပေါ်မှ ခုန်ဆင်းလိုက်ကာ သူ၏ အားပြောင်းအားလွှဲ သိုင်း...ဖြင့် ကျွန်းပန်နဂါးခေါင်း၏တုတ်ကို တွန်းထုတ်လိုက်ပြီး ဆို့...ရှူး၏ဓားကို ရိုက်ထုတ်လိုက်စေသည်။ သူတို့နှစ်ယောက် ...ယောက်နှင့် တစ်ယောက် သံသယဖြင့် ငေးကြောင်နေကြစဉ် ...သားတစ်ယောက်၏ ကုတ်ကိုဆွဲပြီး ဝင်းနံရံအပြင်သို့ လွှင့်ပစ်...ခြင်းဖြစ်သည်။

ထို့ကြောင့် ကျွန်းပန်နဂါးခေါင်းနှင့် ဆို့ချင်းရှူးတို့သည် ...ကျောက်မိန် ခုန်ထွက်ပြေးသွားသည်ဟု ထင်မှတ်သွားကြခြင်းဖြစ်...သည်။ ဟူကျင်းသည် ကျောက်မိန်ကို ပွေ့ချီကာ ...န်းမကြီးထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ခုန်ဝင်လိုက်ပြီး နောက်ဆုံး မျက်နှာကျက်ရှိ သစ်သားတန်းကြီးများပေါ်သို့ ခုန်တက် ပုန်းခိုနေလိုက်သည်။

သူတောင်းစားဂိုဏ်းသား အချို့သည် သူတို့၏ ခေါင်းပေါ်မှ ရိပ်ခနဲ ခုန်တက်သွားသည့် အရာတစ်ခုကို တွေ့လိုက်မိကြသည်။ သို့သော် မည်သည့်အရာဖြစ်မှန်း မသိလိုက်ကြချေ။ ထိုအချိန်မှာပင် ဘုရားဆင်းတုတော်ကြီး ပြိုကျလာသဖြင့် ခန်းမကြီးထဲတွင် ဖုန်မှုန့်၊ သဲမှုန့်များဖြင့် ဖုံးလွှမ်းနေရာ မည်သူကမျှ ဟူကျင်းတို့ကို သတိမထားနိုင်ခဲ့ကြချေ။

ကျောက်မိန်မှာမူ မိမိအား လူတစ်ယောက်က ပွေ့ချီကယ်တင် လိုက်သည်ကို သိလိုက်မိသည်။ ဘုရားကျောင်း မျက်နှာကျက်သစ်သားတန်းပေါ်သို့ ခုန်တက်လိုက်သည်ကိုလည်း သိရှိလိုက်သည်။ မိမိအား ကယ်တင်သူသည် မည်သူဖြစ်သည်ကိုမူ လုံးဝမသိ။ အပေါ်သို့ ရောက်သောအခါမှ မိမိအား ကယ်တင်လိုက်သူ၏ မျက်နှာကို မော့ကြည့်မိတော့သည်။ ထိုအခါ သူမသည် ဟူကျင်း၏ မျက်နှာကို တွေ့မြင်လိုက်လေ၏။ သူမသည် သူမ၏ မျက်စိများကိုပင် မယုံနိုင်လောက်အောင် ဖြစ်သွားသဖြင့် လွှတ်ခနဲ အော်မိတော့သည်။

'ရှင်...ရှင်...ပါလား'

ဟူကျင်းသည် ကျောက်မိန်၏ ပါးစပ်ကို လျင်မြန်စွာ လှမ်းပိတ်လိုက်သည်။ အောက်သို့ ငုံ့ကြည့်လိုက်သောအခါ သူတောင်းစား



ဂိုဏ်းသားများကို တွေ့နေရသည်။ သူတောင်းစားဂိုဏ်းသားတို့သည် တစ်ချိန်မဟုတ် တစ်ချိန် မော့ကြည့်ကြပါက မိမိတို့ အား တွေ့မြင်သွားနိုင်သည်ကို ဟူကျင်းသိသည်။ သို့သော်လည်း မည်သည့်နေရာတွင် ဝင်ရောက်ပုန်းခိုရမည်ကိုလည်း မစဉ်းစားနိုင်အောင် ဖြစ်နေမိသည်။ ဟူကျင်းအနေဖြင့် ကျောက်မိန်ကို ဤဘုရားကျောင်းအတွင်းမှ ကယ်ထုတ်ရန်ဆိုပါက အလွန် လွယ်ကူလှသည်။ အသာကလေး ကယ်ထုတ်သွားနိုင်သည်။

သို့သော် မိမိ ဤနေရာ၌ လာရောက် ပုန်းခိုစောင့်ကြည့်နေရသည်မှာ ကျောက်မိန်ကို ကယ်ထုတ်ရန်မဟုတ်။ မိမိတို့ အလင်းမာန်ဂိုဏ်းကို တိုက်ခိုက်မည့် လျှို့ဝှက် အစည်းအဝေး ဆုံးဖြတ်ချက် များကို သိရှိရန်ဖြစ်သည်။

ထို့အပြင် ဆို့ချင်းစူး အဘယ်ကြောင့် သူတောင်းစားဂိုဏ်း ဝင်ရသည့် အချက်ကိုလည်း အသေအချာ စုံစမ်းသိရှိလိုသေးသည်။ ထို့ကြောင့် ဝင်ရောက်ပုန်းခိုရမည့်နေရာကို ရှာနေရခြင်းဖြစ်သည်။

ထိုစဉ် ကျောက်မိန်က သစ်သားတန်းတွင် သံကြိုးဖြင့် တွဲလောင်းချည်နှောင်ထားသော စည်ကြီးကို လက်ညှိုးထိုးပြ လိုက်သည်။ စည်ကြီးသည် နွားသားရေဖြင့် ကျက်ထားသော စည်ကြီးဖြစ်ပြီး ဘုရားပွဲများ ကျင်းပချိန်တွင် ထုရန် ဆင်ထားခြင်း ဖြစ်သည်။ မြေကြီး၏အထက် ဆယ်ပေခန့်အမြင့်တွင် ချိတ်ဆွဲ ထားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ကျောက်မိန် ညွှန်ပြသည်ကို ချက်ချင်း သဘောပေါက်သည်။ သူသည် စည်ကြီးရှိရာသို့ ခုန်ဆင်းလိုက်ပြီး စည်ကြီးကို လက်ညှိုးဖြင့် ကြက်ခြေခတ် ဆွဲခြစ်လိုက်ရာ အက် ကြောင်းများ ပေါ်လာတော့သည်။ ထိုအခါ ကျောက်မိန်ကို ပွေ့ဖက် ထိုအက်ကြောင်းထဲသို့ တိုးဝင်လျက် စည်ကြီးအတွင်းသို့ ဝင်ရောက် ကြသည်။ အပြင်ဘက်မှကြည့်လျှင် စည်ကြီးကို အကောင်းပကတိ အဖြစ် မြင်နေကြရမည်သာဖြစ်သည်။ တစ်ဘက်တွင် ဖောက်ထား ကြောင်း မည်သူကမျှ သိနိုင်ကြမည် မဟုတ်ချေ။ စည်ကြီးသည် အတော်အတန် ကြီးမားသည်ဟု ဆိုနိုင်သည့်တိုင် လူနှစ်ယော ဝင်ပုန်းလိုက်သည့်အခါတွင်မူ လှုပ်ရှား၍ မရနိုင်တော့ပေ။

ကျောက်မိန်သည် ဟူကျင်း၏ကိုယ်ကို မှီ၍ အသက် ပြင်းပြင်းထန်ထန် ရှူနေသည်။ သူမသည် အလွန် စိတ်လှုပ်ရှား ဟန်တူသည်။ ဟူကျင်းသည်လည်း သူမနှင့်တန်းတူ စိတ်လှုပ်ရှား သည်သာဖြစ်သည်။

ဟူကျင်း၏ ရင်ထဲတွင် ဒေါသစိတ်နှင့် ချစ်စိတ်တို့ အပြိုင် လွန်ဆွဲနေကြသည်။ ဟူကျင်းသည် သူ့ရင်ထဲ၌ ပေါက်ကွဲထွ မတတ် ဖြစ်နေသည့် မကျေနပ်ချက်များကြောင့် သူမအား နား ကြည်းကြည်း ရစရာမရှိအောင် ပြောပစ်လိုက်ချင်သည်။ သို့သေ အခြေအနေအရ စကားလုံးဝပြော၍မဖြစ်။



ယခုအခါတွင် ကျောက်မိန်သည် သူ၏ရင်ခွင်တွင် မှီလျက် ရှိနေချေပြီ။ သူမကို ကယ်တင်ပြီးပြီ မဟုတ်ပါလော။ သို့အတွက် ဟူကျင်းသည် သူ့စိတ်တွင်း၌ နောင်တရစွာ ပြောနေမိပြန်သည်။

'ငါ သူ့ကို ကယ်တင်လိုက်မိတာ မှားပြီ၊ ကိုယ့်အပေါ် ဒီလောက် ရက်စက်ယုတ်မာတဲ့ မိန်းကလေးနဲ့ ဘာဖြစ်လို့ ဒီလောက် ပူးပူးကပ်ကပ် နေရမှာလဲ'

ဟူကျင်းသည် ကျောက်မိန်၏ ဦးခေါင်းကို အားဖြင့် တွန်း ဖယ်ပစ်လိုက်သည်။ ကျောက်မိန်ကလည်း ဒေါသထွက်လာသဖြင့် တံတောင်ဆစ်ဖြင့် ဟူကျင်း၏ရင်ကို ဆောင့်ချလိုက်သည်။

ဟူကျင်းက တန်ပြန်အားကို အသုံးပြုလိုက်ရာ ကျောက်မိန် ၏ တံတောင်ဆစ်သည် ပြန်ကန်ထွက်သွားပြီး သူမ၏မျက်နှာကို ပြန်ရိုက်မိသလို ဖြစ်သွားတော့သည်။

ကျောက်မိန်သည် နာကျင်လွန်းသဖြင့် အော်ဟစ်မိမတတ် ဖြစ်သွားသည်။ သို့သော် ဟူကျင်းက ကျောက်မိန် ဤသို့ ဖြစ်လိမ့် မည်ကို ကြိုတင်တွက်ဆထားပြီးဖြစ်သဖြင့် သူမ၏ပါးစပ်ကို လက် ဖြင့် လှမ်းပိတ်ထားလိုက်သည်။

ထိုစဉ် ဘုရားကျောင်း ခန်းမထဲသို့ ပြန်လည် ဝင်ရောက်လာ သည့် ခြေသံများကို ကြားလိုက်ရသည်။ တစ်ဆက်တည်း စည်းကမ်း မဲ့သိမ်းရေးမှူး၏ အသံကို ဟူကျင်းတို့ ကြားလိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဂိုဏ်းချုပ်ကြီး... ရန်သူတွေ အားလုံး ထွက်ပြေးသွားကြ ပါပြီ၊ ကျွန်တော်တို့ ရန်သူတွေကို လက်ရ မဖမ်းဆီးနိုင်တဲ့ အတွက် တော့ ခွင့်လွှတ်ပါ'

'အရေးမကြီးပါဘူး၊ ဒီရန်သူတွေက နယ်နယ်ရရ ရန်သူတွေ မဟုတ်ဘဲ သူတို့ရဲ့ သိုင်းပညာ အဆင့်အတန်း ဘယ်လောက်ရှိ တယ်ဆိုတာ အားလုံးမျက်မြင်ပဲဥစ္စာ'

ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံ၏ စကားဆုံးသွားသည်နှင့် တစ်ပြိုင်နက် ဒေါသမပြေသေးသော ကျန်းပန်နဂါးခေါင်းသည် ဆို့ချင်းစူးအား စွဲချက်တင်လေတော့သည်။

ဆို့ချင်းစူးကလည်း ခေါင်းငုံ့မခံ။ သူလည်း ဟူတန်းဂိုဏ်း သားပေပဲ။ ဟူတန်း၏ သွေးကတော့ သူ့ကိုယ်ထဲတွင် ရှိနေသော သည်သာ။ ထို့ကြောင့် အခြေအနေသည် အတော်ပင် တင်းမာလာ တော့သည်။

ဆယ်ဟိုလုံက...

'ချန်ရီ... ဒီကိစ္စအတွက် အကြံပေးစမ်းပါဦး'

'ဂိုဏ်းချုပ်ကြီး... ကျန်းပန်နဂါးခေါင်းဟာ တကယ့် ဝါရင့် ဂိုဏ်းသားကြီးဆိုတော့ သူ့ရဲ့စကားဟာ မှားစရာမရှိပါဘူး၊ ဒါပေမဲ့ ဆို့ချင်းစူးကလဲ တကယ့်စိတ်ရင်း သဘောရင်းနဲ့ ကျွန်တော်တို့ ဂိုဏ်းထဲ ဝင်လာတဲ့အပြင် ဟို... ကျောက်မိန်ဆိုတဲ့ကောင်မလေးဟာ သူ့ရဲ့ ရန်သူကြီးပါပဲ၊ ဒီတော့ ဆို့ချင်းစူးအနေနဲ့ကလဲ ကောင်မလေး



ဘယ်လိုနည်းနဲ့မှ ကယ်တင်စရာ အကြောင်းမရှိပါဘူး၊ ကျွန်တော့် အထင်အရတော့ ဒီကျောက်မိန်ရဲ့ သိုင်းပညာဟာ အင်မတန် ထူးဆန်း တဲ့ သိုင်းပညာပဲ ဖြစ်ရမယ်၊ သူက နဂါးခေါင်းရဲ့ တုတ်ကို အားလွှဲပြီး ဆို့ချင်းစူးရဲ့ဓားကို ရိုက်ထုတ်နိုင်းလိုက်တာ ဖြစ်ရမယ်၊ ဒါကြောင့် တစ်ယောက်နဲ့ တစ်ယောက် အထင်မှား သွားကြတာပေါ့'

ဟူကျုံးသည် ချိန်ရီ၏ ဆက်စပ်တွေးခေါ်တတ်ပုံနှင့် စကားပြော ကျင်လည်ပုံကို အတော်ချီးကျူးလိုက်မိသည်။ သူသည် ဤအဖြစ်အပျက်ကို မြင်လိုက်ရသူ မဟုတ်သော်လည်း သူ၏ ဆက်စပ် ခန့်မှန်းပုံသည် အဖြစ်မှန်နှင့် နီးစပ်လှပေသည်။ ချန်ရီသည် စကားဆုံးသည်နှင့် ဆို့ချင်းစူးဘက်သို့ လှည့်ပြောလိုက်သည်။

'ကဲ... ဆို့ချင်းစူး၊ ကျန်းပန်နဂါးခေါင်းဆိုတာ ငါတို့ဂိုဏ်းရဲ့ ဝါရင့်ပုဂ္ဂိုလ်ကြီးဆိုတော့ အကယ်၍ သူပြောတာ မှားနေသည့်တိုင် အောင်မင်း ဘာမှ ပြန်မပြောရဘူး၊ ဒါကြောင့် မင်းအနေနဲ့ သူ့ကိုပြန်ပြီး တောင်းပန်လိုက်ပါ'

ဆို့ချင်းစူးသည် မည်သို့မျှ မတတ်နိုင်တော့သဖြင့် ရှေ့သို့ တစ်လှမ်းတက်ပြီး ကျန်းပန်နဂါးခေါင်းကို အရိုအသေ တစ်ချက် ပေးကာ တောင်းပန်လိုက်ရသည်။ ကျန်းပန်နဂါးခေါင်းကမူ မကျေနပ် သော်လည်း အခြေအနေအရ ကျေနပ်လိုက်ရသည်။ မည်သည့်စကား တစ်ခွန်းမျှလည်း မပြောတော့ချေ။

✣ ✣ ✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



# ချစ်သလား မုန်းသလား

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

## ချစ်သလားမုန်းသလား

'ချန်ရို… စောစောတုန်းက တို့ကို လာနှောက်ယှက်တဲ့ မိန်းကလေးဟာ မွန်ဂိုစစ်သေနာပတိချုပ်ရဲ့ သမီးပဲ၊ ဘယ်နှယ့်လို့ သူက ကျန်းဟူကျင်းဘက်ကနေပြီး ခုခံကာကွယ် ပြောနေရတာလဲ'

ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံက သူ မရှင်းမလင်း ဖြစ်နေသည့်အချက်ကို မေးလိုက်ခြင်း ဖြစ်ပေသည်။ ချန်ရိုသည် ပွက်ချင်း အဖြေမပေးနိုင်။ ငြိမ်သက်စွာ စဉ်းစားနေလိုက်သည်။ တိုးညို ကျန်းယန် နဂါးခေါင်းကလည်း ဝင်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မွန်ဂိုမင်းသမီးလေးက ဘာဖြစ်လို့ ကျန်းဟူကျင်းဘက်က နာနေရတာလဲ၊ ကျန်းဟူကျင်းကို ကျိန်ဆဲတာကို သူ့အဖေ အမေတွေ ကျိန်ဆဲခံနေရတာ ကျနေတာပဲ၊ မျက်ရည်တဝဲဝဲနဲ့ ဘာဖြစ်နေတာလဲ စဉ်းစားလို့ကို မရဘူး'

ဆို့ချင်းစူးက...

'ဒီကိစ္စကို ကျွန်တော် ကောင်းကောင်းသိပါတယ်'

ဝိုဏ်းချုပ်ကြီး ဆယ်ဟိုလုံက ပြောလိုက်သည်။

'ကဲ... မင်းသိရင် ပြောစမ်းပါဦး'

ဆို့ချင်းစူးသည် သူသိသမျှ ပြောလိုက်တော့သည်။

'အဖြစ်က ဒီလိုပါ... တော်တော်လေး ဆန်းကြယ်တယ်လို့လဲ ဆိုရမယ်၊ ကျန်းဟူကျင်း ခေါင်းဆောင်တဲ့ မကောင်းဆိုးဝါးဂိုဏ်းက မွန်ဂိုတွေကို တော်လှန် တိုက်ခိုက်နေပေမယ့် ဒီ မွန်ဂိုမင်းသမီးကလေးကတော့ ကျန်းဟူကျင်းကို အချစ်ကြီးချစ်၊ အစွဲကြီး စွဲနေတာ၊ သူက ကျန်းဟူကျင်းနဲ့ လက်မထပ်ရရင် သေတောင်မလောက်ကို ဖြစ်နေရှာတာ၊ ကျန်းဟူကျင်းနဲ့ ပတ်သက်လာရင်တော့ ဘာတွေပဲ ဖြစ်နေဖြစ်နေ၊ ဒီမင်းသမီးကလေးက ကျန်းဟူကျင်းဘက်က ကာကွယ်မှာမှချပဲ'

သူတောင်းစားဂိုဏ်းသားများသည် 'ဟာ' ခနဲ အာမေဋိတ်သံများ ပြုမိသည်အထိ အံ့သြသွားမိကြသည်။ ဟူကျင်းသည်လည်း



ည်ကြီးထဲမှ ထိုစကားသံများကို ပီပီသသ ကြားလိုက်ရသဖြင့် ဒါ တကယ်များ ဖြစ်မလား၊ ဒါ တကယ်များ ဖြစ်မလား' ဟူသည့် တွေးပတ်ချာ ဝက်ပါ လှည့်မိရင်း စိတ်များ နောက်ကျိရှုပ်ထွေးသွားတော့သည်။

ကျောက်မိန်ကိုမူ ကြည့်ဖြစ်အောင် ကြည့်လိုက်မိသည်။ ည်ကြီးအတွင်း၌ မည်းမှောင်နေသည့် မှန်သော်လည်း ခွဲထားသည့် က်ကြောင်းမှ ဝင်လာသည့် အလင်းရောင် အရို့သည် ကျောက်မိန် မျက်နှာပေါ် ကျရောက်နေသဖြင့် သူမ၏ မျက်နှာကလေးကို ကောင်းစွာ မြင်တွေ့ရပေသည်။

ကျောက်မိန်၏ မျက်လုံးများသည် အချစ်ရည်များ ပြည့်လျှံလျက် ရှိနေချေသည်တကား။ ဟူကျင်း၏ အသည်းနှလုံးများသည် ရင်ခွင်တွင်းဝယ် ဖြောင်းဆန်သွားသည့်နှယ် စိတ်လှုပ်ရှားစွာ သိလိုက်သည်။ ထို့ကြောင့် သူသည် ကျောက်မိန်ကို တင်းကျပ်စွာ ဖက်လိုက်ပြီး နှုတ်ခမ်းကလေးကို ငုံ့နမ်းရန် ရည်ရွယ်လိုက်သည်။

သို့သော် သူ၏ ဝမ်းကွဲညီမလေး အားလီ အသေဆိုးနှင့် ဆုံးခဲ့ရပုံကို မျက်စိထဲတွင် ပြန်လည် မြင်ယောင်လာမိသည်နှင့် ပြိုင်နက် ဒေါသမီးသည် 'ဟုန်း' ခနဲ တောက်လာပြန်သည်။ ထို့ကြောင့် သူမ၏ လက်မောင်းတစ်ဘက်ကို ညှစ်လိုက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းက အားကုန်ညှစ်လိုက်ခြင်း မဟုတ်သော်လည်း ကျောက်မိန်အဖို့ လွန်စွာ နာကျင်ခဲ့ရသည်။ မူးမေ့သွားမတတ် နာကျင်မှုကို ခံစားလိုက်ရသည်။ သူမသည် ဒေါသသံဖြင့်…

'သရဲလေး' ဟု အသံပြုလိုက်ပြီး သူတောင်းစားဂိုဏ်းသားများ ကြားသွားမည်ကို စိုးရိမ်သွားသဖြင့် မနည်းအောင့်အည်းလိုက်ရသည်။ ပါးစပ်မှ မည်သည့်အသံကိုမျှ ထွက်မလာသော်လည်း ပူနွေးသော မျက်ရည်များကမူ တဖြိုင်ဖြိုင် ကျလာတော့သည်။

ထိုစဉ် ချန်ရိ၏ အသံ ပေါ်လာသည်။

'ဆို့ချင်းစူး… မင်း ဒီကိစ္စကို ဘယ်လိုသိခဲ့သလဲ'

ဆို့ချင်းစူးသည် ဒေါသထွက်နေသည့်အသံဖြင့် ဆက်ပြောနေသည်။

'ကျန်းဟူကျင်းဆိုတဲ့ကောင်ဟာ တကယ်တော့ ဘာရပ်ရှည်မှ ရှိတဲ့ကောင် မဟုတ်ဘူး၊ ဒါပေမယ့် ဒီကောင်ဟာ အောက်လမ်းမှော်ပညာတတ်တယ်၊ မိန်းကလေးတွေကို မြှူဆွယ်ဖြားယောင်းနိုင်တဲ့ မှော်ပညာပေါ့၊ ဒါကြောင့် မိန်းကလေး အတော်များများဟာ သူ့လက်ထဲ ရောက်ရောက်သွားရတာပဲ'

ထိုစကားကို ကြားလိုက်ရသောအခါ စည်းကမ်းထိန်းသိမ်းရေးမှူးသည် ချွင်းချက်မရှိ ယုံကြည်မှု အပြည့်ဖြင့် ထောက်ခံစကားပြောလိုက်သည်။



'ဟုတ်တယ်၊ ဒါကတော့ အမှန်ပဲ၊ မကောင်းဆိုးဝါးဂိုဏ်းမှာ ဒီလိုပညာမျိုးရှိတယ်၊ ဝါမေဂိုဏ်းက ကျိရှောင်မူဆိုတဲ့ မိန်းကလေးလဲ မကောင်းဆိုးဝါးဂိုဏ်းက ရန်ရှောင်ရဲ့ လက်ချက်နဲ့ သူများတံတွေးခွက်ထဲမှာ ပက်လက်မျောပြီး အသက်သေဆုံးခဲ့ရတာပဲ၊ ကျန်းဟူကျင်းရဲ့အဖေ ကျန်းချွေးဆန်းလဲ သိမ်းငှက်မင်းရဲ့သမီး ချင်တူးတူးရဲ့ လက်ချက်နဲ့ အသက်သေခဲ့ရတာပဲ၊ အခု ဒီမွန်ဂိုမင်းသမီးလေးလဲ ဒီကျန်းဟူကျင်းရဲ့ မှော်ပညာနဲ့ ဖမ်းစားထားခံရပြီ ထင်တယ်၊ သူ့ရဲ့ ခန္ဓာကိုယ်ကို ပုံအပ်ပြီးတဲ့နောက်တော့ ဒီကောင့်နောက်ကိုပဲ တ,တမ်းတမ်း တ,တတနဲ့ လိုက်နေရတာပဲ ဖြစ်ရမယ်'

စည်းကမ်းထိန်းသိမ်းရေးမှူး၏ စကားကို အားလုံးက သဘောတူကြသည်။

ကျိရှောင်မူနှင့် ရန်ရှောင်၊ သိမ်းငှက်မင်း၏ သမီး ချင်တူးတူးနှင့် ကျန်းချွေးဆန်းတို့၏ ဇာတ်လမ်းများကို သူတို့လည်း သိခဲ့ကြသည် မဟုတ်ပါလား။ ချန်ရိက…

'ဒီလို မိန်းကလေးတွေကို ပန်းကောင်း အညွန့်ချိုးနေတဲ့ 'တဏှာအိုး'လေးကို လူတိုင်းက ချေမှုန်း သုတ်သင်သင့်တယ်၊ နို့မို့ရင် 'တဏှာအိုး'လေးရဲ့ လက်ချက်နဲ့ မိန်းကလေးတွေ ဘယ်လောက်များများ ကိုယ့်ကိုယ်ကို သတ်သေကြမလဲ မသိဘူး'

ဟူကျင်းသည် ဒေါသထွက်လာသဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာပေတော့သည်။ သူသည် ယခုအချိန်အထိ

www.burmeseclassic.com

www.burmeseclassic.com



မည်သည့် မိန်းမပျိုလေးကိုမှ မဖျက်ဆီး မယုတ်မာခဲ့သေးသော လူပျိုစစ်စစ် တစ်ယောက်သာ ဖြစ်ခဲ့သည် မဟုတ်ပါလော။

သို့သော် ဝါမေဂိုဏ်းချုပ် မျက်ကြွယ်ဆရာမကြီးသည်လည်း သူ့အား ဤကဲ့သို့ပင် 'တဏှာအိုး' ဟု စွပ်စွဲပြောဆိုခဲ့ဖူးပေသည်။

ထိုစဉ် စည်းကမ်းထိန်းသိမ်းရေးမှူးက ပြောဆိုလိုက်လေသည်။

'တစ်ခု သတိထားကြရမယ့် အချက်တစ်ချက် ရှိနေပါတယ်၊ ဝါမေဂိုဏ်းချုပ် ချုကျူးဟာ အခု လောလောဆယ်ဆယ် 'တဏှာအိုး' လေး ဟူကျင်းရဲ့ လက်ထဲမှာ ရှိနေတယ်ဆိုတော့ ချုကျူးအတွက် သိပ်အန္တရာယ်များနေတယ်၊ ဒါပေမယ့် ဆို့ချင်းစူး ဒီကိစ္စကို မင်း ဘာမှ မပူမနေပါနဲ့၊ စိတ်အေးအေးသာထားပါ၊ ငါတို့ မင်း အင်မတန် မြတ်နိုးနေတဲ့ ချုကျူးကို သေးမသီ ရန်မခစေဘဲ ရအောင် ပြန်လု ပေးပါ့မယ်'

ကျန် သူတောင်းစားဂိုဏ်းသားများသည် ကျန်းဟူကျင်းဆိုသော 'တဏှာအိုး' လေးကို သတ်ဖြတ်သုတ်သင်မည်ဟု ကြွေးကြော်ကြလျက် ဆို့ချင်းစူး၏ ဇနီးလောင်းကို လုယူပေးမည်ဟု ကတိပြုကြသည်။



ကျောက်မိန်သည် ဟူကျင်း၏ နားနားသို့ ကပ်၍ တိုးညင်းသော လေသံကလေးဖြင့် ပြောလိုက်သည်။

'သူတို့ပြောနေတာ ဟုတ်တယ်၊ ရှင်ဟာ တော်တော်ကလေး သဖို့ကောင်းနေတဲ့ 'တဏှာအိုး'လေးပဲ'

ကျောက်မိန်၏ လေသံကလေးသည် ကြည်စယ်သော အသံကလေးဖြစ်သဖြင့် ဟူကျင်း၏ ရင်ထဲဝယ် နွေးထွေးလှုပ်ရှားသွားသောသည်။ ဟူကျင်းသည် သူ့ကိုယ်သူလည်း သိရှိသည်။ ကျောက်မိန်၏ အပြောအဆို၊ အပြုအမူကလေးများနှင့် နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ရသည့် အခါတိုင်း သူ၏စိတ်များ အမြဲတမ်း ကယောင်ချောက်ချား ဖြစ်ခဲ့ရပေသည်။ ထို့ကြောင့် သူ၏စိတ်ထဲတွင် တွေးလိုက်မိသည်။

'တကယ်လို့ သူသာ ငါရဲ့တစ်ဝမ်းကွဲ ညီမလေးကိုသာ သတ်ခဲ့ရင်တော့ ငါသူ့ကို ဘယ်လိုမှ မုန်းနိုင်မှာ မဟုတ်ဘူး၊ အကြင်လင်မယားအဖြစ်နဲ့ ပေါင်းသင်းမိမှာပဲ'

ထိုစဉ် စည်းကမ်းထိန်းသိမ်းရေးမှူး၏ အသံထွက်ပေါ်လာပြန်သည်။

'တော်တော် အံ့သြဖို့တော့ကောင်းတယ်၊ ဒီ ကျန်းဟူကျင်းဆိုတဲ့ အကောင်က အကျင့်သာ မကောင်းတယ်၊ သူ့ပိုက်အပေါ်တော့ အတော် သစ္စာရှိတဲ့ အကောင်ပဲ၊ ဟူတန်းဂိုဏ်းကို မွန်ဂိုမင်းသမီး

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး တိုက်ခိုက်တုန်းကလဲ ဒီအကောင်ပဲ သွားကယ်လိုက်တာပဲ၊ ဒီကောင်ဟာ လူကြီးသူမတွေကိုတော့ လေးစားရမှန်း သိသားပဲ'

ဟူကျင်းအပေါ် မှန်းတီးနေသည့် ဆို့ချင်းစုးကပင် ဝန်ခံပြောကြားလိုက်သည်။

'ဟုတ်တယ်၊ ဒီပြင် အချက်တွေမှာ ဘယ်လောက်ပဲဆိုးဆိုး ဒီ တစ်ချက်ကတော့ တကယ့်ကို ချီးကျူးစရာကောင်းပါတယ်'

ချန်ရိုက ရုတ်တရက် ဝင်ပြောလာသည်။

'ဂိုဏ်းချုပ်ကြီး...အခု ဆို့ချင်းစုးရဲ့ စကားကို ကြားလိုက်မှ ကျွန်းဟူကျင်းဆိုတဲ့ကောင်ကို ကောင်းကောင်း ကိုင်နိုင်မယ့် အကြံ တစ်ခု ရလာတယ်။ ဒီကောင်ကိုသာ အပိုင်ကိုင်ထားလိုက်ရင် သူ့ ဂိုဏ်းသားတွေအားလုံး ကျုပ်တို့လက်ထဲ ရောက်လာရမှာပဲ'

ဆယ်ဟိုလုံသည် ဝမ်းသာအားရ မေးမြန်းလိုက်သည်။

'ချန်ရို...မင်းရဲ့ အကြံအစည်ကို မြန်မြန်ပြောစမ်း၊ အကြံဉာဏ်ကောင်းဆိုရင် အဲဒီအတိုင်း လုပ်ကြတာပေါ့'

'ဒီအကြံအစည်က အင်မတန် လျှို့ဝှက်ထားရမယ့် အကြံအစည် ဖြစ်ပါတယ်၊ နည်းနည်းကလေးမှ ပေါက်ကြားသွားလို့ မဖြစ်ဘူး၊ ကျုပ်တို့ဂိုဏ်းရဲ့ အမြင့်ဆုံး ခေါင်းဆောင်ပိုင်းတွေသာ ချန်ထားပြီး ကျန်တဲ့ဂိုဏ်းသားတွေ အားလုံး အပြင်ထွက်ခိုင်းလိုက်ရင် ကောင်းမယ်လို့ ထင်ပါတယ်'



ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံသည် ကျန်းဂိုဏ်းသားများအား ခန်းမကြီး အပြင်သို့ ထွက်သွားရန် အမိန့်ပေးလိုက်သည်။ အမိန့်သံဆုံးသွားသည်နှင့် တစ်ပြိုင်နက် ခန်းမကြီးအတွင်းမှ ထွက်ခွာသွားသော ခြေသံများကို ဟူကျင်းတို့ ကြားလိုက်ရသည်။ ကျန်ရစ်ခဲ့သော ပုဂ္ဂိုလ်များကား သူတောင်းစားဂိုဏ်း၏ ဝါစဉ်အကြီးဆုံး ပုဂ္ဂိုလ်များသာ ဖြစ်ပေလိမ့်မည်။

လူများ ရှင်းသွားသောအခါ ချန်ရိုက ထပ်မံ အကြံပြု လိုက်ပြန်သည်။

'ဒီအကြံအစည်ဟာ အင်မတန် အရေးကြီးတဲ့ အကြံအစည်ကဖြစ်တာမို့လို့ ဒီ သတင်းလုံးဝ မပေါက်ကြားအောင် ထိန်းချုပ်ဖို့ လိုပါတယ်၊ ဒါကြောင့်မို့ ကျုပ်တို့အားလုံး ဒီခန်းမကြီးတစ်ခုလုံး နှံ့နှံ့စပ်စပ် ရှာဖွေစစ်ဆေးကြစို့'

ဟူကျင်းတို့သည် ဘုရားကျောင်းအနှံ့အပြား လူခွဲရှာနေကြသည့် အသံများကို ကြားနေကြရသည်။ သူတို့အထဲတွင် ချန်ရိုက အသေအချာ အစေ့စပ်ဆုံးလူ ဖြစ်နေသည်။ သူသည် ဘုရားဆင်းတုတော်ကြီးများ အတွင်းသို့ပါ လိုက်လံရှာဖွေလိုက်သည်။

ဟူကျင်းသည် ကျောက်မိန်ကို အလွန်ကျေးဇူးတင်သွားသည်။ သူမက ဤစည်ကြီးအတွင်းသို့ ဝင်ပုန်းခိုင်းလိုက်၍သာ ချန်ရိုတို့၏ ရှာဖွေမှုမှ ကင်းလွတ်ခဲ့ရခြင်းဖြစ်သည်။ ချန်ရိုသည် ဤ

www.burmeseclassic.com

www.burmeseclassic.com



စည်ကြီးကို ရှာဖွေရန် လုံးဝစိတ်ကူးမိပုံ မရချေ။ ရှာဖွေသူ အားလုံးသည် စိတ်ကျေနပ်သည်အထိ ရှာဖွေကြပြီး ခန်းမကြီးထဲ ပြန်လည်စုရုံးလိုက်ကြသည်။

ချန်ရီ၏ လေသံသည် စောစောက ပြောနေသည့် လေသံနှင့် လုံးဝ ခြားနားသွားသည်။ သူ၏အသံကို အနိမ့်ဆုံးအဆင့်သို့ နှိမ့်ချလိုက်သည်။ ထို့ကြောင့် ဟူကျင်းတို့ပင် တိုးတိုးညင်းညင်းကလေး ...ားကြရတော့သည်။

'ဒီကိစ္စကတော့ ဆို့ချင်းစူး အပေါ်မှာ လုံးဝ မူတည်နေ ...ယ'

ဆို့ချင်းစူးသည် အလွန်အံ့အားသင့်သွားသဖြင့်...

'ဘယ်လို...ကျွန်တော်'

ချန်ရီက ဆက်ပြောသည်။

'ဟုတ်တယ်၊ မင်းရဲ့အပေါ်မှာ လုံးဝ မူတည်နေတယ်၊ နဂါးခေါင်းကြီး...ခင်ဗျား လုပ်ရမယ့် အလုပ်တစ်ခုကတော့ ဒီကိစ္စကြီးထဲမှာ မလုပ်မဖြစ် ပါနေတယ်၊ ခင်ဗျားရဲ့ အတိတ်ကမှုဆေးကို ဖော်စပ်ပေးဖို့ပါပဲ၊ အဲဒီဆေးဖော်ပြီးရင်တော့ ဆို့ချင်းစူးကို ပေးလိုက်ပါ၊ သူက ဟူတန်းဂိုဏ်းကို ယူသွားမယ်၊ ဟိုရောက်ရင် သူက ကျန်းဆန်းဖုန်းနဲ့ ဟူတန်းဂိုဏ်း ဆရာကြီးတွေ အားလုံးစားမယ့် အစာတွေထဲမှာ အဲဒီအဆိပ်ကို ခတ်လိုက်မယ်၊ ကျုပ်တို့က တောင်ခြေက စောင့်နေကြမယ်၊ ဆို့ချင်းစူးက အောင်မြင်ပြီလို့ အချက်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် တောင်ပေါ်ကို တက်ပြီး ကျန်းဆန်းဖုန်းနဲ့ သူ့တပည့်တွေ အားလုံးကို ဖမ်းချုပ်လိုက်မယ်၊ ကျန်းဆန်းဖုန်းက ကျုပ်တို့လက်ထဲ ရောက်ပြီဆိုရင်တော့ ကျန်းဟူကျင်းကို လုပ်ချင်သလို လုပ်နိုင်ပါပြီ၊ ကျန်းဟူကျင်းဟာ ကျန်းဆန်းဖုန်းကို နည်းနည်းမှ အထိခံနိုင်တာ မဟုတ်ဘူး'



ဆယ်ဟိုလုံသည် အားရကျေနပ်စွာ ပြောလိုက်သည်။

'ကောင်းတယ်၊ သည့်ထက် ပိုင်နိုင်မယ့် အကြံအစည်ကတော့ မရှိနိုင်တော့ဘူး'

စည်းကမ်းထိန်းသိမ်းရေးမှူးကလည်း ထောက်ခံလိုက်လေသည်။

'ဒီအကြံဟာ တကယ် မဆိုးဘူး၊ ကျုပ်တို့ဂိုဏ်းရဲ့ အတိတ်မှုဆေးဆိုတာ အားလုံးမှတ်ထားကြနော်'

သို့သော် ဆို့ချင်းစူးသည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ငြင်းဆယ်လိုက်သည်။

'ဒါ...ဒါ...ကျွန်တော်အဖေနဲ့ ကျွန်တော့်ဆရာ ဘိုးဘိုးကို ချုပ်ကြံခိုင်းတာပဲ၊ ဒီလောက် ပက်ပက်စက်စက်တော့ ကျွန်တော် လုပ်နိုင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ချန်ရှိက မည်မျှပင် ရှေ့ရှာမှာ သွေးဆောင်သော်လည်း ဆို့ချင်းစူးသည့် အကြောက်အကန် ငြင်းဆန်မြဲ ငြင်းဆန်နေတော့သည်။ ချန်ရှိက ဆက်ပြောသည်။

'အခု ငါတို့ လုပ်နေတဲ့ အလုပ်က မင်းအဖေနဲ့ မင်းရဲ့ ဆရာဘိုးဘိုး ဒုက္ခရောက်အောင် လုပ်နေတဲ့ အလုပ်မဟုတ်ပါဘူး၊ ကျန်းမာရေးကို ဖမ်းမိဖို့အတွက် လုပ်နေကြတာပါ၊ ဒီကိစ္စ အောင်မြင်ပြီဆိုရင် မင်းရဲ့ ဆရာဘိုးဘိုးနဲ့ မင်းရဲ့အဖေကို ငါတို့က ပြန်လွှတ်လိုက်မှာပါ'

'ဟင့်အင်း...ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ကျွန်တော် ဒီလိုလုပ်တာ သူများတွေ သိသွားရင် ကျွန်တော်ဘယ်လိုမှ ခေါင်းဖော်နိုင်တော့မှာမဟုတ်ဘူး၊ တံတွေးခွက်မှာ ပက်လက်မျောရတော့မှာ'

'ဟုတ်ပါတယ်၊ ဒါကြောင့်မို့လဲ ကျန်တဲ့လူတွေအားလုံးအပြင် ထွက်သွားအောင် အကြံပြုလိုက်တာပေါ့၊ ဒီသတင်း မပေါက်ကြားအောင် ကာကွယ်လိုက်တာပါပဲ၊ လွယ်ပါတယ်ကွာ သိပ်ခက်ခက်ခဲခဲ မဟုတ်ပါဘူး၊ ဒီဆေးခတ်ပြီးရင် မင်းလဲ မေ့ချင်ယောင်ဆောင်လိုက်ပေါ့၊ ငါတို့က မင်းတို့ရဲ့ ဆရာကြီးတွေနဲ့ အတူတူ ရော၍မင်းကိုပါ ဖမ်းထားလိုက်မယ်၊ ဒီတော့ မင်းကို ဘယ်သူက သံသယရှိတော့မှာလဲ၊ ဒီကိစ္စမှာ ငါတို့ ခုနစ်ယောက်ကလွဲလို့ ဘယ်သူမှ မသိစေရဘူး၊ ဒါကို ငါတို့ရဲရဲကြီး ကတိပေးတယ်'

ဆို့ချင်းစူး အကျိုးအကြောင်းပြ၍ ငြင်းပယ်ပြန်သည်။



'ဂိုဏ်းချုပ်ကြီးနဲ့ အစ်ကိုကြီး ချန်ရှိရဲ့ အမိန့်ကို ကျွန်တော် နာခံရမှာပါ၊ ကျွန်တော်က ဒီနေ့မှ ဂိုဏ်းထဲဝင်လာတဲ့ ဂိုဏ်းသားအသစ်တစ်ယောက် အနေနဲ့ ပေးအပ်တဲ့ တာဝန်ကိုလဲ ထမ်းဆောင်ချင်ပါတယ်၊ ဒါပေမယ့် လူသားတွေ မဖောက်မဖျက် ပြုကျင့်ရမယ့် သစ္စာတရားတွေကို ဆန့်ကျင်ပြီး လုပ်ခိုင်းတဲ့ တာဝန်တွေကိုတော့ ကျွန်တော် လုံးဝ မထမ်းဆောင်နိုင်ပါဘူး၊ ကျွန်တော့် ဆရာဘိုးဘိုးနဲ့ အဖေကို ဆေးခတ် လုပ်ကြံနိုင်းတာကိုတော့ ကျွန်တော် လုံးဝ လက်မခံနိုင်ပါဘူး'

ဆို့ချင်းစူးသည် သစ္စာတရားကို အလေးအနက် ပြောကြား၍ ငြင်းပယ်သောအခါတွင် သူတောင်းစား ဂိုဏ်းသားများသည် အတင်းအကျပ် မတိုက်တွန်းကြတော့ချေ။ သို့သော် ချန်ရှိ ပြုံးလိုက်သည်။ ချန်ရှိ၏ အပြုံးနောက်ကွယ်တွင် ကြောက်မက်ဖွယ်ရာ လျှို့ဝှက်မှုများ ရှိနေသည်။ ချန်ရှိ၏ အပြုံးသည် သင်မှန်းစားသွားပေါ်မှ ဖျားရည်ကျက် တစ်စက်သာတည်း။

'သက်ကြီးဝါကြီးတွေကို စော်ကားခြင်းဟာ သိုင်းသမားတွေ လုံးဝ ရှောင်ကြဉ်ရမယ့် အချက်ဆိုတာ မင်း မပြောခင်ကတည်းက ငါတို့ သိထားတာပါ၊ ဒါပေမယ့် မင်းတို့ရဲ့ ဟူတန်းခုနစ်ဖော်ထဲက နောက်ဆုံးတစ်ယောက်ဖြစ်တဲ့ မော်ကုဆန်းဟာ မင်းနဲ့ ဘယ်လို ဆော်စပ်သလဲ မင်းက သူ့ထက် ဝါစဉ်ကြီးသလား၊ သူက မင်းထက် ဝါစဉ်ကြီး သလား'

www.burmeseclassic.com



ဆို့ချင်းစူး၏ မျက်နှာသည် ရုတ်တရက် ချက်ချင်း ပြာနှမ်းသွားတော့သည်။ အတန်ကြာသည် အထိ စကားမပြောနိုင်တော့ချေ။ နောက်မှ အံကို တင်းတင်းကြိတ်ကာ ပြောလိုက်သည်။

'ကောင်းပါပြီ... ဒီလိုဆိုရင် ကျွန်တော် ဒီတာဝန်ကို လက်ခံလိုက်ပါမယ်၊ ဒါပေမယ့် ကျွန်တော့်အဖေကိုတော့ လုံးဝ အသက်အန္တရာယ် မဖြစ်စေရဘူးလို့ ကတိပေးရမယ်'

ဆယ်ဟိုလုံနှင့် ချန်ရှီသည် အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြသည်။ နှစ်ယောက်သား တစ်ပြိုင်နက် ကတိပေးလိုက်ကြသည်။

'ဒါကို ငါတို့ ကတိပေးပါတယ်၊ လုံးဝစိတ်ချပါ၊ မင်းရဲ့ ငါတို့က တန်းတူ ဆက်ဆံနေကြတာပဲ၊ ဒီတော့ မင်းရဲ့ ဆရာဘိုး နဲ့ မင်းရဲ့အဖေဟာ ငါတို့ရဲ့ လူကြီးသူမတွေပဲပေါ့ကွာ'

သူတို့ပြောနေသည့်စကားများကို ဟူကျင်း လုံးစေ့ပါဒ် ကြားလိုက်ရပြီးဖြစ်သည်။ ဆို့ချင်းစူးနောက်ဆုံး သဘောတူလိုက်သည့် ကိစ္စနှင့်ပတ်သက်၍ ဟူကျင်းစိတ်ထဲတွင် သံသယ များ ဝင်လာသည်။

'ဆိုချင်းစူးဟာ အစ ပထမတုန်းကတော့ သဘောမတူဘူး ဒါပေမယ့် ချန်ရှီက မော်ကုဆန်းရဲ့ နာမည်ကိုလဲ ပြောလိုက်ရော





ချက်ချင်း သဘောတူလိုက်တော့တာပဲ၊ ဘာဖြစ်လို့ ချက်ချင်း သဘောတူလိုက်ရတာလဲ၊ ဒီကိစ္စနောက်ကွယ်မှာ လူတွေမသိသေးတဲ့ အကြောင်းတစ်ခုခုတော့ မုချရှိနေရမယ်၊ ဦးလေး မော်ကုဆန်းကို တွေ့ပြီးမှ မေးကြည့်ရဦးမယ်'

ထိုအကြံနှင့် ပတ်သက်၍ အဆင့်ဆင့် မည်သို့စီစဉ် လုပ်ကိုင်ကြမည်ကို အသေးစိတ် ဆွေးနွေးသံများကို ဟူကျင်း ကြားနေသည်။

နောက်ဆုံးတွင် စည်းကမ်းထိန်းသိမ်းရေးမှူးက...

'ချန်ရှီနဲ့ ဆို့ချင်းစူး မင်းတို့နှစ်ယောက်က ကျန်းပန် နဂါးဂိုဏ်းနဲ့ လိုက်သွားပြီး ချန့်ပေတောင်မှာ ဆေးသွားဖော်ရမယ် ငါတို့ကတော့ တောင်ပိုင်းကို အရင်ဆင်းနှင့်မယ်၊ နောက်တစ်လကြာရင် တောင်ဟိုမြစ်မှာ အားလုံးဆုံကြမယ်၊ ဒီနေ့က ဆယ့်နှစ်လ ရှစ်ရက်၊ နောက်နှစ်သစ် တစ်လရှစ်ရက်မှာ ပြန်ဆုံကြမယ်၊ အားလုံးမှတ်ထားကြနော်'

သို့နှင့်အားလုံး လူစုခွဲထွက်ခွာ သွားကြတော့ရာ များမကြာမီပင် ဘုရားကျောင်းကြီး တစ်ခုလုံး လုံးဝတိတ်ဆိတ် ငြိမ်သက်သွားတော့သည်။

ဘုရားကျောင်း၌ ဟူကျင်းနှင့် ကျောက်မိန်တို့မှ တစ်ပါး အခြားမည်သူ တစ်ယောက်မျှ မရှိတော့ချေ။ ဟူကျင်းသည် စိတ်ချလောက်ပြီ

www.burmeseclassic.com

www.burmeseclassic.com



ဟု ယုံကြည်သည့်အခါကျမှ စည်ကြီးအတွင်းမှ ခုန်ဆင်းလိုက်သည်။ ကျောက်မိန်လည်း နောက်မှခုန်ဆင်းလာသည်။

ကျောက်မိန်သည် သူ၏အဝတ်အစားများကို သပ်သပ်ရပ်ရပ် ဖြစ်သွားအောင် ပြုပြင်လိုက်ပြီး ဟူကျင်းကို မျက်စောင်းတစ်ချက် ထိုးလိုက်သည်။ ဟူကျင်းက...

'မင်းကများ ငါ့ကို မျက်စောင်းပြန်ထိုးနေရသေးတယ်'

'ဘာဖြစ်လို့လဲ၊ ကျွန်မက ဟောဒီ ဂိုဏ်းချုပ်ကြီး ကျန်းယူ ကျင်းအပေါ် စော်စော်ကားကား ဘာအပြစ်များ ကျူးလွန်မိလို့လဲ'

'ဘာ ကျူးလွန်မိလို့လဲ ဟုတ်လား၊ မင်းမို့လို့ ဒီလို ပြန်မေး ရက်တယ်၊ နဂါးနိုင်ဓားနဲ့ တိမ်လွှာဓားကို ခိုးယူသွားတဲ့အတွက် ငါ အပြစ် မတင်ပါဘူး၊ ဒါပေမယ့် သေလုမြောပါး ဒဏ်ရာရနေ အားလီကို ဘာဖြစ်လို့ မင်းဒီလောက် သတ်ချင်နေရတာလဲ၊ ငါ တစ်သက်မှာ မင်းလောက်ရက်စက်ယုတ်မာတဲ့ မိန်းမမျိုး တစ်ခါ မတွေ့ခဲ့ဘူး'

ဟူကျင်းသည် ပြောရင်းပြောရင်း ဒေါသထွက်လာသဖြင့် ကျောက်မိန်ပါးကို 'ဖြန်း'ခနဲ ရိုက်လိုက်မိတော့သည်။

ဟူကျင်း၏ လက်သည် အလွန်လျင်လှသဖြင့် လေးချက် တိတိဆက်ရိုက် လိုက်ခြင်းဖြစ်သည်။ ကျောက်မိန်၏ ပါးနှစ်ဘက်သည် နီရဲသွားတော့သည်။



ကျောက်မိန်သည် နာလည်းနာကျင်၊ ရှက်လည်းရှက်၊ ဒေါသလည်းနည်းလာသဖြင့် ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။ ရှိုက်ရှိုက်တငင်ငင်ဖြင့် ဟူကျင်းအား ပြောလိုက်လေသည်။

'ရှင်က ကျွန်မ နဂါးနိုင်ဓားနဲ့ တိမ်လွှာဓား ခိုးသွားတယ်လို့ ပြောတယ်၊ ဘယ်သူတွေ့သလဲ၊ ကျွန်မက အားလီကို လုပ်ကြံတယ်လို့ ပြောတယ်၊ ဘယ်သူက ကျွန်မလုပ်ကြံတာကို တွေ့သလဲ၊ ရှင်းရှင်းလင်းလင်း သိချင်ရင် ရှင် အားလီကို ခေါ်ပြီး မေးကြည့်ပါလား'

ဟူကျင်းသည် ဒေါသထွက်လာသဖြင့်...

'ဩော်...မင်းက သူနဲ့တွေ့ပြီး မေးချင်သလား၊ ဒီလိုဆိုရင် ငါက မင်း သူ့ကိုမေးနိုင်အောင် သူ့ဆီကို ပို့ပေးလိုက်မယ်'

ဟူကျင်းသည် ပြောပြောဆိုဆိုနှင့် ကျောက်မိန်လည်ပင်းကို ညှစ်လိုက်တော့သည်။ ကျောက်မိန်သည် လုံးဝ မရုန်းကန်နိုင်တော့ပေ။ သူမ၏ မျက်နှာသည် ပြာနမ်းနမ်း ဖြစ်လာပြီး နောက်ဆုံးမှာ မေ့မြော သွားတော့၏။

ဟူကျင်းသည် ကျောက်မိန်ကို အသေသတ်ရန် ရည်ရွယ်လိုက်တော့သည်။ သို့သော် ကျောက်မိန်၏ မျက်နှာကို ကြည့်လိုက်မိသည်နှင့် အသေမသတ်ရက်တော့ချေ။

www.burmeseclassic.com



သူ၏ လက်နှစ်ဘက်ကို ကျောက်မိန်၏လည်ပင်းမှ ဖြေ လျှော့လိုက်သောအခါ ကျောက်မိန်သည် မြေကြီးပေါ်သို့ ပြိုလဲကျ သွားတော့လေသည်။

အတန်ကြာသောအခါမှ ကျောက်မိန် ပြန်လည်သတိရလာ သည်။ သူမ၏မျက်စိများကို ဖြည်းညင်းစွာ ဖွင့်ကြည့်လိုက်သောအခါ ဟူကျင်းသည် သူမကို စိုးရိမ်တကြီး ငုံ့ကြည့်နေသည်ကို တွေ့လိုက်ရ သည်။ သူမသည် စိတ်သက်သာရာ ရသွားသကဲ့သို့ 'ဟူး'ခနဲ သက်ပြင်းချလိုက်တော့သည်။ ကျောက်မိန်က မေးလိုက်သည်။

'အားလီ သေသွားပြီပေါ့...ဟုတ်လား'

ဟူကျင်းသည် ခေါင်းညိတ်ပြလိုက်သည်။

'မင်းဝဲ သူ့မျက်နှာကို ရုပ်ရာမရှိအောင် ဓားနဲ့ မွှန်းထားခဲ့တာ သူ မသေဘဲ ခံနိုင်ပါ့မလား၊ အသွေးအသားနဲ့ လူပဲဥစ္စာ'

ကျောက်မိန်သည် တုန်ယင်သော လေသံကလေးဖြင့် ပြ မေးလိုက်သည်။

'ကျွန်မက...အားလီရဲ့ မျက်နှာကို ဓားနဲ့မွှန်းထားတယ်လို့ ဘယ်သူ ပြောတာလဲ၊ ချူကျူး ပြောတာလား'

'ချူကျူးက သူများအကြောင်း မကောင်းပြောတတ်တဲ့ မိန်းကလေး မဟုတ်ဘူး၊ သူများ နောက်ကွယ်က အတင်းအဖျင်း စကားမျိုး ဘယ်တော့မှ မပြောဘူး'



'ဒါဖြင့်...အားလီ ကိုယ်တိုင်ပြောတာလား'

ဟူကျင်းသည် ခေါင်းဖြင့် အော်လိုက်သည်။

'အားလီက စကားမှ မပြောနိုင်တော့တာ၊ သေတဲ့လူက ဘယ်လိုစကားပြောနိုင်မှာလဲ ကျွန်းပေါ်မှာ တို့ငါးယောက်ပဲ ရှိတာ အားလီကလဲ သူ့ကိုယ်သူ သတ်မှာလား၊ ငါ မင်းရဲ့ စိတ်ဓာတ်ကို ကောင်းကောင်းသိတယ်၊ ငါနဲ့ အားလီ လက်ထပ်မှာ စိုးရိမ်ပြီး အားလီကို ဒီလိုလုပ်လိုက်တာ မဟုတ်လား'

ကျောက်မိန်သည် ခေါင်းကိုသာ တွင်တွင်ငုံ့နေတော့သည်။ ထိုသည့် စကားကိုမျှ မပြောတော့၊ အတန်ကြာမှ...

'ရှင်က...ဘယ်လိုနည်းနဲ့ မြေပြန့်ကို ရောက်လာရတာလဲ'

ဟူကျင်းက သရော်ပြုံး ပြုံးလိုက်သည်။

'မင်းက ငါတို့ကို မြှားခေါ်ပြီး ပင်လယ်ထဲကို ရောက်တာနဲ့ အမြှောက်နဲ့ ပစ်ပြီး ငါတို့ကို ကိစ္စတုံး စီရင်ပစ်မယ် မဟုတ်လား၊ ဒါပေမယ့် ငါတို့က ဒီလောက်ထိတော့ မညံ့သေးပါဘူး၊ မင်းရဲ့ လူတွေအားလုံးကို သတ်ပြီး ငါတို့ ထွက်လာခဲ့ကြတာပဲ'

ကျောက်မိန်သည် သူမ၏ နီရဲယောင်ကိုင်းနေသော ပါး တလေးကို သူမ၏လက်ကလေးဖြင့် ပွတ်သပ်ရင်း ဟူကျင်းကို ဆေးမော ကြည့်ရှုနေမိသည်။ သူမ၏ မျက်နှာတွင် ဟူကျင်းအား

www.burmeseclassic.com

www.burmeseclassic.com



သနားကရုဏာသက်သည့် အမူအရာမျိုးပေါ်နေပြီး သက်ပြင်းရှည်ကြီး တစ်ချက်ကို ချလိုက်သည်။

ဟူကျင်းကမူ သူ့စိတ်များ ပျော့ညံ့သွားမည်ကို စိုးရိမ်သဖြင့် သူမ၏မျက်နှာကို မကြည့်တော့ဘဲ အခြားတစ်ဘက်သို့ မျက်နှာလွှည့်ထားလိုက်တော့သည်။ ဟူကျင်းက...

'အားလီ မသေခင်က ငါ့ကတိ တစ်ခုပေးလိုက်တယ်။ သူ့အတွက် ပြန်တိုက်ခိုက်ပေးပါ့မယ်လို့ ဒါပေမယ့် ငါ့လောက် အသုံးမကျတဲ့လူ ငါ့လောက် စိတ်မနိုင်တဲ့လူ ဒီလောကကြီးထဲမှာ မရှိတော့ဘူး၊ ဒီနေ့ ငါ မင်းကို တွေ့လိုက်ရပြီ၊ ဒါပေမယ့် ငါ မသတ်နိုင်ခဲ့ဘူး၊ မင်း လုပ်ခဲ့တဲ့ မကောင်းမှုတွေ သိပ်များနေပြီ၊ ဒီ ဒဏ်တွေ တစ်နေ့တော့ ပြန်ခံရမှာပဲ'

ဟူကျင်းသည် စကားဆုံးသည်နှင့် ကျောက်မိန်ကို ကျောနိုင်းကာ ထွက်ခွာသွားတော့သည်။ ကျောက်မိန်က...

'ဟူကျင်း...ရှင် အခု ဘယ်သွားမလို့လဲ'

'မင်းက ဘာလုပ်ဦးမလို့လဲ'

'ကျွန်မ ဦးလေးရှက်စွန်းနဲ့ ချူကျူးကို တွေ့ချင်တယ်၊ ကျွန်မ သူတို့နဲ့ ရှင်းစရာကိစ္စရှိနေတယ်၊ သူတို့ဆီ ကျွန်မကို ခေါ်သွားပါ'

ဟူကျင်းသည် အထိတ်တလန့်ဖြစ်သွားပြီး ကျောက်မိန်ကို တားဆီးတော့သည်။



'ကျောက်မိန်...မင်း ရူးများနေသလား၊ ငါ့အဖေကြီးက မင်း အားလီကို သတ်လိုက်တဲ့အတွက် ဒီလောက် မုန်းနေတဲ့ဥစ္စာ သူက မင်းကိုတွေ့ရင် ညှာမှာ မဟုတ်ဘူး၊ ဘာလဲ မင်းက စောစောစီးစီး သေချင်နေပြန်ပြီလား'

ကျောက်မိန်သည် ပြုံးလိုက်ပြီး...

'ဟင်း...ရှင့်အဖေကြီးက ရက်စက်ပေမယ့် ရှင့်လို သူများသိမ့်တိုင်းခံတဲ့ နုံနုံအအကြီး မဟုတ်ဘူး၊ ရှင်က ကျွန်မအတွက် ဘာပူနေရတာလဲ၊ ရှင့်အဖေကြီးက ကျွန်မကို သတ်လိုက်ရင် အားလီအတွက် တိုက်ခိုက်ပေးပြီးရာ ရောက်သွားတာပေါ့၊ ရှင့်အတွက် ပိုကောင်းဘူးလား'

'ငါက ဘာတွေ နုံအနေလို့လဲ၊ မင်းကို ငါ့အဖေကြီးနဲ့ အမင်ကို ပေးမတွေ့စေချင်လို့ ပြောနေတာ'

'ဟူကျင်း...ရှင်ဟာ သိပ်ရယ်ဖို့ကောင်းတာပဲ၊ တကယ်တော့ ရှင်ဟာ ကျွန်မကို ဘယ်လိုမှ မမုန်းနိုင်ဘူး၊ ရှင့်အဖေကြီးက ကျွန်မကို သတ်မှာ ရှင် သိပ်စိုးရိမ်တယ် မဟုတ်လား'

ကျောက်မိန်သည် ဟူကျင်း၏ ရင်ထဲမှ လျှို့ဝှက်ချက်ကို ဖော်ထုတ်လိုက်သဖြင့် ဟူကျင်း၏ မျက်နှာ တစ်ပြင်လုံး ရဲခနဲ ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း...လျှာသိပ်မရှည်နဲ့ တစ်နေ့ကျရင် မင်းအပြစ်နဲ့မင်း ခံရမှာပဲ အဲဒီအခါကျမှ နောင်တရမနေနဲ့၊ အကောင်းဆုံး အကြံပေး လိုက်မယ်၊ မင်း...ငါတို့နဲ့ ဝေးဝေးနေပါ၊ တော်ကြာ ငါ စိတ်မထိန်း နိုင်ရင် မင်းကို သတ်မိလိမ့်မယ်'

ကျောက်မိန်သည် ဟူကျင်းအနားသို့ လျှောက်လာပြီး....

'ကျွန်မ ဦးလေးရက်စွန်းနဲ့ ချူကျူးကို သေသေချာချာ မေး စရာ ရှိနေတယ်၊ ကျွန်မကလဲ သူများရဲ့ နောက်ကွယ်မှာ သူများ မကောင်းတာ မပြောချင်ဘူး၊ ကျွန်မက ပိုပြီးတောင် ဘွင်းဘွင်း ပြော တတ်သေးတယ်၊ ဒါကြောင့် သူတို့ရဲ့ မျက်နှာစုံညီ ဖြေရှင်းမယ်'

ဟူကျင်းသည် တအံ့တဩဖြစ်သွားသည်။

'မင်းက သူတို့ကို ဘာတွေမေးပြီး ဘာတွေ ဖြေရှင်းမလို့လဲ'

'အို...ကျွန်မတို့ ဖြေရှင်းတဲ့ အခါကျတော့ ရှင်သိမှာပေါ့၊ ကျွန်မကတောင် သေမှာမကြောက်ဘဲနဲ့ ရှင်က ကြားထဲက ဘာဖြစ် လို့ ကြောက်နေရတာလဲ၊ ကဲ...ကျွန်မကို သူတို့ဆီခေါ်သွားပါ'

ဟူကျင်းတွေဝေသွားသည်။

'ကျောက်မိန်...ဒါမင်းသဘောနဲ့ မင်းသွားတာနော်၊ တကယ် လို့ ငါ့အဖေကြီးက မင်းကို သတ်ရင်တော့ မင်းကို ငါ လုံးဝ မကယ် နိုင်ဘူး အဲဒီတော့မှ ငါ့ကို အပြစ်မတင်နဲ့'



'အို...ရှင် ကျွန်မအတွက် စိတ်ပူမနေစမ်းပါနဲ့'

ဟူကျင်းသည် ဒေါသဖြင့် အော်လိုက်သည်။ အမှန်စင်စစ် ကျောက်မိန်အား သူ့အဖေကြီးဆီသို့ မလိုက်ရန် တားမြစ်၍ မရနိုင် သောကြောင့် ကရုဏာဒေါသောဖြင့် အော်လိုက်ခြင်းသာ ဖြစ်သည်။

'ငါက ဘာဖြစ်လို့ မင်းအတွက် စိတ်ပူနေရမှာလဲ၊ ငါက မင်းကို မြန်မြန်သေပါစေလို့ ဆုတောင်းနေတဲ့လူပဲ'

ကျောက်မိန်သည် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောရင်း...

'အမယ်...ဘာဖြစ်လို့ ဆုတောင်းရုံ ဆုတောင်းနေရတာလဲ၊ ဒီလောက် သေစေချင်ရင် တစ်ခါတည်း ရှင့်လက်နဲ့ သတ်လိုက် ပါလား'

ဟူကျင်းသည် ကျောက်မိန်နှင့် စကားယှဉ်ပြိုင် အနိုင်လု၍ မပြောနိုင် ဆက်၍ ပြောနေလျှင် သူ့အထုတ်သူ ဖြေပြသလို ဖြစ်နေပြီး သူသာ အရှက်ကွဲ နေရပေလိမ့်မည်။ ထို့ကြောင့် လှည့်ထွက်သွား တော့သည်။ ကျောက်မိန်ကလည်း သူ့နောက်မှ ကပ်လိုက်လာတော့ သည်။

ဟူကျင်းသည် မြို့တွင်းသို့ ဝင်ခါနီးတွင် ခြေလှမ်းများကို တုန့်ခနဲ ရပ်ဆိုင်းလိုက်သည်။

'ကျောက်မိန်...ငါက မင်းအတွက် ကိစ္စသုံးခု ဆောင်ရွက် ပေးမယ်လို့ ကတိပေးထားတယ် မဟုတ်လား၊ အခုဆိုရင် ငါက

www.burmeseclassic.com

www.burmeseclassic.com



မင်းအတွက် နဂါးနိုင်ဓား ရှာပေးပြီးပြီ၊ နောက်ထပ် ကိစ္စနှစ်ခု ဆောင်ရွက်ပေးဖို့ ကျန်နေသေးတယ်၊ အခု မင်း ငါ့အဖေကြီးနဲ့ လိုက်တွေ့ရင် ငါ့အဖေကြီးက မင်းကို သေချာပေါက် သတ်မှာပဲ၊ ဒါကြောင့် အခု မင်းပြန်သွားစမ်းပါ၊ ငါ တောင်းပန်ပါတယ်၊ ငါ ကျန်တဲ့ ကိစ္စနှစ်ခု ဆောင်ရွက်ပေးပြီးတဲ့အခါကျတော့မှ ငါ့အဖေကြီးနဲ့ လာတွေ့ရင်လဲ ဖြစ်တယ်မဟုတ်လား'

ကျောက်မိန်သည် ပြုံးလိုက်ရင်း...

'ရှင်...ကျွန်မသေမှာစိုးလို့ ဒီအကြောင်းပြချက်တွေ ရှာပြီး ပြောနေတာ မဟုတ်လား၊ ဟင်း...ဟင်း ကျွန်မသိတယ်၊ ရှင်ကျွန်မကို မသတ်ရက်ဘူး'

ဟူကျင်းသည် ခေါင်းသဖြင့် အော်လိုက်ပြန်သည်။

'ဟုတ်တယ်၊ မသတ်ရက်ဘူး၊ ဒါ ဘာဖြစ်သလဲ၊ မင်းဟာ ငါ စိတ်ဆင်းရဲအောင် လုပ်နေတာပဲ'

ကျောက်မိန်သည် ကြည်နူးဝမ်းမြောက်သော လေသံဖြင့် ပြောလိုက်သည်။

'ဘာဖြစ်ရမလဲ... ကျွန်မသိပ်ဝမ်းသာတာပေါ့ ကျွန်မကို ဒီလောက် ချစ်ပါ့မလားလို့ အရင်က စိုးရိမ်ခဲ့တယ်၊ ကျွန်မလောက် ချစ်လိမ့်မယ်လို့လဲ မထင်ခဲ့ဘူး၊ အခု ကျွန်မသိပြီ၊ ရှင်လဲ ကျွန်မလိုပဲ'



ဟူကျင်းသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

'ကျောက်မိန် ငါ မင်းကို တောင်းပန်ပါတယ်၊ လိုက်မလာပါနဲ့နော်...'

'ဟင့်အင်း...ကျွန်မ ဦးလေးရုက်စွန်းကို တွေ့မှဖြစ်မယ်၊ မတွေ့လို့ မဖြစ်ဘူး၊ ဒါကြောင့် ဖွတ်လိုက်လာတာပေါ့'

ဟူကျင်း မတတ်နိုင်တော့၊ ခုမှ ကျောက်မိန် အင်မတန် ခေါင်းမာမှန်း သိတော့သည်။ ယခုကဲ့သို့ ပြောမရ ဆိုမရ ဖြစ်လောက်သည်အထိ ခေါင်းမာမည်ဟု မထင်ခဲ့ချေ။

ထို့ကြောင့် တည်းခိုခန်းရှိရာသို့ လျှောက်လာရတော့သည်။ ဟူကျင်းသည် ရုက်စွန်း၏ တံခါးကို ခေါက်လိုက်သည်။

'အဖေကြီး...အဖေကြီး...တံခါးဖွင့်ပါဦး'

ဟူကျင်း တံခါးခေါက်ရင်း ကျောက်မိန်၏ ကိုယ်ကလေးကို ကာ၍ထားလိုက်သည်။ သို့သော် အတွင်းမှ မည်သည့် တုံ့ပြန်သံကိုမျှ မကြားရချေ။ ဟူကျင်းသည် တံခါးကို တွန်းကြည့်လိုက်သည်။ တံခါးကို အတွင်းဘက်မှ ကန့်လန့်ထိုးထားကြောင်း သိရှိလိုက်သည်။

ဟူကျင်း အလွန် အံ့ဩသွားသည်။ သူ့အဖေကြီးမည်မျှ နားပါးသည်ကို ဟူကျင်းကောင်းကောင်း သိသည်။ အိပ်ပျော်နေ

www.burmeseclassic.com

www.burmeseclassic.com



လျက်မှပင် သူတို့၏ ခြေသံကို ကောင်းကောင်း ကြားသိနေနှင့်တတ်သည်။

ယခု အခန်းတွင်းမှ မည်သည့် အသံကိုမျှ မကြား၊ ဟူကျင်းသည် အတွင်းအားကို ထုတ်၍ တံခါးကို တွန်းလိုက်သည်။ ဘန်းကနဲ မြည်ပြီးလျက် သစ်သားကန့်လန့်ကြီး ကျိုးပဲ့သွားတော့သည်။

အခန်းထဲတွင် လူတစ်ယောက်မျှမရှိ။ ပြတင်းတံခါးမှာမူ ဖွင့်နေသည်။ ကေ့န္တ အဖေကြီး ရှက်စွန်း ပြတင်းပေါက်မှ ခုန်ထွက်သွားခြင်း ဖြစ်ရမည်။

ဟူကျင်းသည် ချူကျူး၏ အခန်းရှေ့သို့ လျှောက်လာပြီး တံခါးခေါက်လိုက်သည်။ သို့သော် မည်သည့် အသံကိုမျှ မကြား။ ထို့ကြောင့် စောစောက နည်းအတိုင်း တံခါးကို ရိုက်ချိုးပြီး ဖွင့်လိုက်ပြန်သည်။

အခန်းထဲတွင် ချူကျူးမရှိ။ အခန်းထဲရှိ ပစ္စည်းများသည် ဖရိုဖရဲ ပြန့်ကျဲ၍ မနေ။ သူ့နေရာနှင့်သူ စီစီရီရီ ရှိနေသည်။

ထို့ကြောင့် ဟူကျင်းသည် စားပွဲထိုးကို ခေါ်မေးလိုက်လေသည်။ စားပွဲထိုးကလည်း ရှက်စွန်းတို့နှစ်ယောက် ထွက်သွားသည်ကို လုံးဝမတွေ့ပါဟု ပြောကြားသည်။ ရန်းရင်းဆန်ခတ် ဖြစ်သည်လည်း မကြားရပါဟု ထပ်ပြောသည်။ ဟူကျင်း စိတ်သက်သာရာ ရသွားသည်။



'ကေ့န္တ... နှစ်ယောက်စလုံး မသင်္ကာစရာ တစ်ခုခုတွေ့လို့ ရန်သူ့နောက်ကို လိုက်သွားကြတာ ဖြစ်ရမယ်'

နောက်ဆုံး ရှက်စွန်း၏ အခန်းတွင်းသို့ ဝင်လိုက်ကြသည်။ ကျောက်မိန်က...

'ရှင်က ဦးလေး ရှက်စွန်း မရှိတာလဲ တွေ့ရော ဘာဖြစ်လို့ ခမ်းသာသလို ဖြစ်နေရတာလဲ'

'မင်း...ဘာတွေ လျှောက်ပြောနေရတာလဲ၊ ငါက ဘာဖြစ်လို့ ခမ်းသာရမှာလဲ'

ကျောက်မိန်က ပြုံးရယ်ကာ ပြောလိုက်သည်။

'ဟင်... ကျွန်မက ရှင့်မျက်နှာကို ကြည့်နေတာရှင်၊ သိရဲ့လား၊ ရှင် တံခါးကို တွန်းဖွင့် ဝင်လိုက်တုန်းက ဦးလေးရှက်စွန်းကို တွေ့ရတော့ တစ်ချက်ကြောင်သွားတယ်၊ စိတ်လှုပ်ရှားပြီး တင်းနေတဲ့ ရှင့်မျက်နှာဟာ ချက်ချင်း ပြေကျသွားပြီး စိတ်သက်သာသလို ဖြစ်သွားတယ်'

ဟူကျင်းသည် ကျောက်မိန့်ကို နိုင်အောင် မပြောနိုင်မှန်း သိသဖြင့် သူ့ကို လုံးဝ အရေးစိုက် ပြန်ပြောမနေတော့ဘဲ အခန်းတွင်း ဝင်ထိုင်လိုက်တော့သည်။

ကျောက်မိန်ကလည်း ပြုံးစေ့စေ့ဖြင့် ခုံတစ်ခုံတွင် ဝင်ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင် မပြောပေမယ့် ကျွန်မ သိပါတယ်၊ ဦးလေး ရက်စွန်းက ကျွန်မကို သတ်မှာ ရှင် သိပ်စိုးရိမ်နေတယ် မဟုတ်လား၊ သူမရှိတာ တော်သွားတယ်၊ နို့မို့ရင် ရှင့်အဖို့ အတော်လေး အခက်တွေ့ရတော့မှာ၊ ကျွန်မသိတယ်၊ ရှင်… ကျွန်မသေမှာ သိပ်စိုးရိမ်နေတယ်'

'မင်းဟာ တယ်ခက်တာပဲ၊ ဟုတ်တယ်… ဟုတ်တယ်၊ ကဲ… ဘာဖြစ်သလဲ'

'ကျွန်မက သိပ်ဝမ်းသာနေလို့ ပြော ပြောနေမိတာပါ'

'ကဲ… ပြောစမ်းပါဦး၊ ငါကတော့ မင်းကို မသတ်ရက်ဘူး၊ မင်းကတော့ ငါ့ကို ဘာဖြစ်လို့ တစ်ကြိမ်ပြီး တစ်ကြိမ် လုပ်ကြံနေရတာလဲ၊ မင်းကတော့ ငါ့ကို သတ်ရက်တယ် မဟုတ်လား'

ကျောက်မိန်၏ မျက်နှာကလေးသည် ရုတ်တရက် နီမြန်းသွားပြီး တိုးညင်းသော အသံကလေးဖြင့် ပြောလိုက်သည်။

'ဟုတ်တယ် အရင်တုန်းကတော့ ရှင်ကို ကျွန်မတကယ် သတ်ချင်ခဲ့တာပဲ၊ ဒါပေမယ့် ဟိုတစ်ခါ ရှင်နဲ့ကျွန်မ ထောင်ချောက်ထဲကို ကျသွားပြီးကတည်းက ရှင့်ကို ကျွန်မ ဘယ်လိုမှ မသတ်ရက်တော့ဘူး၊ သတ်ချင်နေပါသေးတယ်လို့ ပြောရင် ကျွန်မကို မိုးကြိုးပစ်မှာပဲ'

ဟူကျင်းသည် သူမ၏ ကျိန်ဆိုသော စကားများကို ကြားလိုက်ရသောအခါ အလွန် အံ့အားသင့်သွားသည်။



'ဒါဖြင့် ဘာဖြစ်လို့ ဟို ဓားနစ်လက်နဲ့ ငါ့ကို ကျွန်းပေါ်မှာ ထားပစ်ခဲ့ရတာလဲ၊ ဒီလိုတော့ ပစ်ထားနိုင်ရက်သလား'

'ရှင်က ကျွန်မကို တစ်ဘက်သတ် အထင်လွဲနေတာပဲ၊ အခုနေ ကျွန်မပြောလဲ ရှင်ယုံမှာ မဟုတ်ဘူး၊ ဦးလေး ရက်စွန်းနဲ့ ချူကျူးတို့ ပြန်ရောက်လာပြီးရင် ကျွန်မတို့လေးယောက် မျက်နှာစုံညီ ဖြေရှင်းကြမယ်၊ ဒီအခါကျမှ ရှင် သဘောပေါက်မှာ'

'မင်းဟာ စကားကို ဝေ့လည်ကြောင်ပတ် ပြောတတ်တဲ့နေရာမှာတော့ ပထမတန်းစားထဲကပဲ မင်း ငါ့ကိုပဲ ညာလို့ရမှာ၊ ငါ့အဖေကြီးကိုတော့ မင်း ညာလို့ရမှာ မဟုတ်ဘူး၊ သိရဲ့လား'

ကျောက်မိန်သည် တခစ်ခစ် ရယ်ရင်း…

'ရှင်ကကော ဘာဖြစ်လို့ ကျွန်မညာတာ ခံနေရတာလဲ၊ ရှင်— ကျွန်မကို ချစ်နေလို့ မဟုတ်လား'

'ဟုတ်တယ်…ဟုတ်တယ်၊ ဒါဘာဖြစ်သလဲ'

'ဘာမှ မဖြစ်ဘူး၊ ကျွန်မကတော့ ဝမ်းသာတယ်'

ဟူကျင်းသည် အားရပါးရ ပြုံးနေသော ကျောက်မိန်၏ မျက်နှာကလေးကို မကြည့်ရဲတော့သဖြင့် မျက်နှာလွှဲနေလိုက်ရသည်။

ကျောက်မိန်ကလည်း မည်သည့် စကားမျှ မပြောတော့။ ထိုစဉ် ဟူကျင်းသည် သူတောင်းစားဂိုဏ်းက ဖမ်းဆီးထားသော အလင်းမာန် ဂိုဏ်းသားဝေလင်းကို သတိရမိလိုက်သည်။ သည်လူကို



www.burmeseclassic.com

www.burmeseclassic.com



သူတောင်းစားဝိုဏ်းက အခြားတစ်နေရာသို့ ခေါ်ဆောင်သွားလျှင် ကယ်တင်ရခက်နေပေတော့မည်။ ထို့ကြောင့် ဟူကျင်းသည် ထိုင်နေရာမှ ရုတ်ခြည်း ထထိုင်မိ၏။ ကျောက်မိန်က...

'ဘယ်သွားမလို့လဲ'

'ဝေလင်းကို သွားကယ်မလို့'

'ကျွန်မလဲ လိုက်မယ်'

'ဟင့်အင်း... မလိုက်ခဲ့နဲ့'

'လိုက်မှာပဲ၊ ဘာဖြစ်လို့ မလိုက်မှာရမှာလဲ'

'မင်းက အားလီကို သတ်တဲ့ တရားခံပဲ၊ ငါက ရန်သူ တူတူယှဉ်ပြီး မသွားနိုင်ဘူး'

ကျောက်မိန်၏ မျက်လုံးများတွင် အပြုံးရိပ်တစ်ခု ပေါ်လာလေသည်။

'ကောင်းပြီလေ... ရှင်က ကျွန်မနဲ့ အတူတူ မသွားချင်ဘူးဆိုလဲ ကျွန်မ တစ်ယောက်တည်းပဲ ဒီမှာနေခဲ့ရမှာပဲ'

ဟူကျင်းသည် အခန်းအပြင်သို့ ရောက်မှ ချာခနဲ ပြန်လှည့်လာသည်။

'ကျောက်မိန်'

'ဘာလဲ...'

'တစ်ယောက်တည်း ဒီမှာနေပြီး ဘာလုပ်မလို့လဲ၊ ပြောစမ်း





'ဦးလေး ရုက်စွန်း ပြန်လာအောင် စောင့်မှာပေါ့ ရှင် သွားချင်သွားလေ၊ ဦးလေးရှုက်စွန်း ပြန်လာတဲ့ အခါကျတော့ ကျွန်မ ပြောလိုက်ပါ့မယ်၊ ရှင် ဝေလင်းကို သွားကယ်နေတယ်လို့'

'ကျောက်မိန်...မင်းဟာ တယ်ပြီး ပြောရဆိုရ ကြပ်ပါကလား၊ ငါ့အဖေကြီးက သိပ်စိတ်ကြီးတာ၊ သူက မင်းကို တွေ့တာနဲ့ သတ်မှာ၊ မင်းရဲ့ ဖြေရှင်းချက်တွေကို နားထောင်နေမှာ မဟုတ်ဘူး'

ကျောက်မိန်သည် သက်ပြင်းချရင်း ပြောလိုက်သည်။

'ဒါဆိုလဲ ကျွန်မရဲ့ ကံပေါ့၊ ဘယ်တတ်နိုင်မလဲ'

'ကဲ... သွားစမ်းပါ၊ သည့်ပြင် တစ်နေရာရာ သွားရှောင်နေစမ်းပါ၊ ငါပြန်တဲ့ အခါကျမှ အဖေကြီးနဲ့ တွေ့ကြတာပေါ့'

'ဟင့်အင်း... ကျွန်မ ရှောင်စရာ နေစရာမရှိဘူး'

'ကဲ...ဒါဖြင့်လဲ ငါနဲ့လိုက်ခဲ့၊ ဝေလင်းကို သွားကယ်မယ်၊ နောက်မှ အတူတူပြန်ပြီး ဖြေရှင်းကြတာပေါ့'

'ဒါ...ကျွန်မက လိုက်ချင်လို့ မဟုတ်ဘူးနော်၊ ရှင် လိုက်ခိုင်းလို့ လိုက်ရတာ'

'တိတ်စမ်းပါ၊ မင်းကို ငါအမြဲတမ်း အရှုံးပေးပါတယ်'

ကျောက်မိန်သည် ချစ်စဖွယ်ပြုံးလိုက်ရင်း...

'ရှင်...ခဏလေးစောင့်နော်'

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မိန်သည် အခန်းထဲသို့ ဝင်သွားပြီး တံခါးကို ပြန်ပိတ်လိုက်သည်။ အတန်ကြာသောအခါ ပြန်ထွက်လာသည်။ အဝတ်သစ်အစားသစ်များဖြင့် တောက်တောက်ပြောင်ပြောင် ဝတ်ဆင်ထားသည်ကို ဟူကျင်းတွေ့လိုက်ရသည်။

'ဟူကျင်း…ဒီအကျႌနဲ့ ကျွန်မလှရဲ့လားဟင်'

ဟူကျင်း၏ စိတ်ထဲတွင် အလွန်လှသည်ဟု ထင်သော်လည်း မည်သို့မျှ မပြောတော့ဘဲ မျက်နှာကို အခြားဘက်သို့ လွှဲလိုက်တော့သည်။

'ဟူကျင်း… ရှင်လဲ အဝတ်အစား ကောင်းကောင်း တစ်ထည်လောက် လဲလိုက်ပါလား'

ဟူကျင်းသည် ဒေါသသံဖြင့် ပြန်အော်လိုက်သည်။

'ငါက ငယ်ငယ်ကလေးထဲက ဒီလိုပဲ စုတ်စုတ်ပြတ်ပြတ် ပေပေရေရေ နေတတ်တယ်၊ ငါ့ကို ညစ်ပတ်တယ်ထင်ရင် ငါနဲ့ အတူတူမသွားနဲ့ပေါ့၊ ခွဲသွားကြတာပေါ့'

'အို…ဒီလို အထင်မလွဲပါနဲ့၊ ကျွန်မစိတ်ကူးက ဒီလို မဟုတ်ပါဘူး၊ ရှင်အဝတ်အစား ကောင်းကောင်းဝတ်လိုက်ရင် ဘယ်လို သားသားနားနားဖြစ်လာမယ်ဆိုတာ သိချင်လို့ပါ၊ ကဲ…ဒီမှာ ခဏ လေး စောင့်နေ၊ ကျွန်မ ရှင့်အတွက် အဝတ်အစား တစ်စုံပြေးဝယ်



လိုက်မယ်၊ ဟို…သူတောင်းစားတွေက တောင်ပိုင်းကို ဆင်းသွားမှန်း သိနေကြတာပဲ ဥစ္စာ၊ ကျွန်မတို့ မြန်မြန်လိုက်ရင် မီပါတယ်'

သူမသည် ဟူကျင်းကို မစောင့်ဘဲ ပြေးထွက်သွားတော့သည်။ ဟူကျင်းသည် ခုတင်စောင်းတွင် ဝင်ထိုင်ရင်း မိမိကိုယ်မိမိ ပြစ်တင်နေမိတော့သည်။ မိမိသည် အဘယ်ကြောင့် ဤမျှ စိတ်ဖောက်ပြန်ရသနည်း။ ဤမိန်းကလေး၏ မာယာထောင်ချောက်အတွင်း အဘယ်ကြောင့် အမိခံနေရသနည်း။

ဤမိန်းကလေးသည် မိမိ၏ တစ်ဝမ်းကွဲညီမလေး အားလီကို သတ်သောသူ ဖြစ်သည်။ မိမိ၏ရန်သူကို မိမိက အဘယ်ကြောင့် ပြုံးရယ်စကားပြောနေရသနည်း၊ သူသည် နှုတ်ဖျား၌ တတွတ်တွတ် ရေရွတ်နေသည်။

'ဟူကျင်း…ဟူကျင်း…မင်းဟာ တကယ်တော့ ယောကျ်ား မပီသတဲ့ကောင်ပဲ'

ကျောက်မိန်သည် အတန်ကြာသည်အထိ ပြန်မရောက်လာသဖြင့် ဟူကျင်းသည် ရုတ်ခနဲ မတ်တတ်ရပ်လိုက်သည်။

'ငါက ဘာဖြစ်လို့ သူ့ကို စောင့်နေရတာလဲ၊ ငါ တစ်ယောက်ထဲ ဝေလင်းကို သွားကယ်ရင်ပြီးတာပဲ'

www.burmeseclassic.com



ဟူကျင်းသည် ထွက်သွားတော့မည်ဟု ဆုံးဖြတ်လိုက်သော်လည်း တကယ်တန်းအားဖြင့် မထွက်ရဲပြန်၊ အဘယ်ကြောင့် ဆိုသော် ကျောက်မိန်သည် ရှက်စွန်းနှင့်တွေ့ပါက ရှက်စွန်း၏ လက်ဝါးစောင်းဖြင့် တစ်ချက်တည်း သေသွားနိုင်သည်ကို စဉ်းစားလိုက်မိ၍ ဖြစ်သည်။ ထိုသို့ စဉ်းစားမိသောအခါ ကြက်သီး တဖြန်းဖြန်း ထမိပြီး ခုတင်စောင်းတွင် ပြန်ထိုင်မိပြန်တော့သည်။

နောက်ဆုံး ကျောက်မိန်သည် အထုပ်နှစ်ထုပ်ကို ပွေ့ပိုက်၍ ပြန်ရောက်လာသည်။ ဟူကျင်းက ပြောလိုက်သည်။

'မင်း သွားတာကလဲ ကြာလိုက်တာ၊ အကျီလဲမနေတော့ဘူး သူတောင်းစားဂိုဏ်းနောက် ချက်ချင်းလိုက်ကြစို့'

'ရှင်ကလဲ သိပ်လောကြီးတာပဲ၊ ဒီလောက်အကြာကြီး စောင့်နေပြီးမှ နောက်နည်းနည်းလေး ကြာသွားတော့လဲ ဘာဖြစ်သလဲ၊ ကျွန်မ မြင်းနှစ်ကောင် ဝယ်လာတယ်'

ထို့ကြောင့် ဟူကျင်းသည် ကျောက်မိန် ထုတ်ပေးသည့် အဝတ်အစားများကို လဲလိုက်ရတော့သည်။

သို့သော် ရှက်စွန်းတို့ ယခုအချိန်အထိ ပြန်မရောက်လာကြ ပြန်သောအခါ စိတ်ပူရပြန်သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ကျောက်မိန်ကိုတိုင်ပင်ကြည့်မိသည်။ ကျောက်မိန်သည် မျက်မှောင် ကုတ် စဉ်းစားရင်း...



## အခန်း(၈၆)

## စိတ်ယှဉ်မာ

ဟူကျင်းတို့သည် အစ ပထမတွင် ခရီးတွင်လှသော်လည်း အဖြည်းဖြည်း နှင်းများကျလာသည့်အခါတွင်မူ အလွန်အသွားရခက်လာတော့သည်။ တောင်တက်လမ်းများ ဖြစ်သဖြင့် မြင်းများသည်လည်း ခြေကုန်လက်ပန်းကျလာတော့သည်။

ဟူကျင်းသည် မြင်း၏ ကျောပေါ်တွင် မတ်တတ်ရပ်လျက် အဝေးသို့ လှမ်းမျှော်ကြည့်လိုက်ရာ လူနေအိမ်ခြေဆို၍ လုံးဝ မတွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



ချေ။ ဤသို့ဖြင့် တဖြည်းဖြည်း ခရီးဆက်လိုက်သောအခါ သူတို့၏ ရှေ့မှ တောကြောင်တစ်ကောင် ပြေးထွက်သွားသည်ကို တွေ့လိုက်ရသဖြင့်...

'ကျောက်မိန်... ဒီတောကြောင်ကို ဖမ်းပြီး ညစာစားကြရအောင်'

ဟူကျင်းတို့သည် တောကြောင်၏ ခြေရာကိုခံ၍ လိုက်ကြသည်။ တောင်ကုန်းတစ်ခုအောက်ရှိ ဂူထဲသို့ ပြေးဝင်လာသည်ကို ထပ်မံတွေ့ရှိလိုက်ကြရသည်။ ဟူကျင်းသည် ရုတ်တရက် ခုန်အုပ်ပြီး ဖမ်းလိုက်ရာ တောကြောင်ကြီးသည် ဂူထဲသို့ မဝင်နိုင်မီပင် ဟူကျင်း၏ လက်တွင် အဖမ်းခံလိုက်ရတော့သည်။

ကြောင်ကြီးသည် ဟူကျင်း၏ လက်ကို ကိုက်ရန် ခေါင်းကို ပြန်လှည့်လိုက်သည်။ သို့သော် ကြောင်ကြီးမကိုက်နိုင်မီ ဟူကျင်းက အတွင်းအားထုတ်၍ ညှစ်လိုက်သဖြင့် တောကြောင်ကြီးလည်း လည်ပင်းရိုးကျိုး၍ သေသွားတော့သည်။

ဟူကျင်းသည် တောကြောင် အသေကောင်ကြီးကို ကိုင်လျက် ဂူကြီးအား လှေလာစူးစမ်းကြည့်မိသည်။ ဂူကြီးဟု ဆိုရသော်လည်း ကျယ်ကျယ်ပြန့်ပြန့် ရှိလှသည် မဟုတ်ချေ။ လူနှစ်ယောက် ဝင်နို နေနိုင်ရုံသာ ရှိသည်။ သို့နှင့် သူသည် ကျောက်မိန်ထံသို့ ပြန်လျှောက်သွားပြီး...



'ကျောက်မိန်...ဟိုနားမှာ ဂူတစ်ခုတော့တွေ့ရပြီ၊ ဒီတစ်ညတော့ ဒီဂူမှာပဲ နားလိုက်ကြတာပေါ့'

ကျောက်မိန်သည် ခေါင်းညိတ်ပြပြီးမှ ရုတ်တရက် မျက်နှာနီသွားတော့သည်။ သူမသည် ချက်ချင်းပင် မျက်နှာကို တစ်ဘက်သို့ လှည့်လိုက်ပြီး မြင်းများကို ဂူရှိရာသို့ ဆွဲထွက်သွားတော့သည်။ တကယ်တော့ ဂူထဲတွင် ဟူကျင်းနှင့်အတူ နှစ်ယောက်တည်း နေရမည်ကို ကျောက်မိန် ရှက်နေခြင်း ဖြစ်ခဲ့တော့သည်။

ဟူကျင်းသည် ကျောက်မိန်၏ လက်မှ မြင်းနှစ်ကောင်ကို တောင်ကုန်း အနောက်ဘက်သို့ ဆွဲယူသွားပြီး သစ်ပင်ကြီး နှစ်ပင်အောက် ချည်ထားလိုက်သည်။ ပြီးနောက် သစ်ကိုင်းများကို ရှာဖွေ၍ ဂူထဲ၌ မီးမွှေးလိုက်သည်။ သူတို့ မီးပုံ၏ ပတ်ဝန်းကျင်တွင်မူ သန့်သန့်ရှင်းရှင်း ဖြစ်နေသည်ကို တွေ့ရသော်လည်း အတွင်းဘက်သို့ လှမ်းကြည့်လိုက်သောအခါတွင်မူ မည်းမှောင်နေသည်ကို တွေ့လိုက်ရသဖြင့် အတော်အတန် ရှည်လျားသော ဂူတစ်ဂူ ဖြစ်ရမည်ဟု ဟူကျင်း ကောက်ချက်ချလိုက်သည်။

သူတို့ မွှေးလိုက်သည့် မီးပုံသည် တဟုန်းဟုန်း ထတောက်လောင်နေသဖြင့် နွေးနွေးထွေးထွေး ရှိလာတော့သည်။ ဟူကျင်းသည် အချိန်ဖြုန်းမနေတော့ဘဲ တောကြောင်ကြီး၏ အရေခွံကို ခွာ ကင်လိုက်တော့သည်။ ပြီးနောက် တစ်ယောက်တစ်ခြမ်း

ကြီး

www.burmeseclassic.com



သောက် လိုက်ကြသည်။ စားသောက်ပြီးစီးသောအခါ ဟူကျင်းသည် မီးပုံအတွင်း ထင်းများ ထပ်မံ ထည့်လိုက်သည်။ မီးရှိန်သေ မသွားစေရန် ဖြစ်သည်။ နံရံတွင် မှီအိပ်လိုက်ရင်း...

'ကျောက်မိန်...အိပ်ကြစို့'

ကျောက်မိန်က ပြုံးပြလျက် အခြားနံရံတစ်ဘက်တွင် ခေါင်းမှီအိပ်ပြီး မျက်စိကိုအသာမှိတ်လိုက်သည်။ ဟူကျင်းမှာ သူမ၏ ခန္ဓာကိုယ်မှ သင်းပျံ့သော မွှေးရနံ့ကို ရှူရှိုက်မိနေသဖြင့် တစ်ကိုယ်လုံး ကြက်သီးများ ထလာတော့သည်။ ကျောက်မိန်၏ ပါးကလေးနှစ်ဘက်သည်လည်း မီးရောင်ကြောင့် ရဲရဲနီနေသည်ကို တွေ့ရသောအခါ ဟူကျင်း၏ စိတ်များ လှုပ်ရှားဖောက်ပြန်ချင်လာတော့သည်။ သူမကို ပွေ့ဖက် မနမ်းလိုက်မိစေရန် သူ့ကိုယ်သူ ကြိုးစား၍ ထိန်းသိမ်း နေရတော့သည်။

ဤသို့ဖြင့် အိပ်ပျော်ရန် ကြိုးစားနေရလေသည်။ ညသန်းခေါင်ယံသို့ ရောက်သောအခါ အဝေးမှ မြင်းခွာသံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် အိပ်ရာမှ လန့်နိုးလာတော့သည်။

ဟူကျင်းသည် အာရုံစူးစိုက်လျက် အသေအချာ နားထောင်လျက်ကြည့်သောအခါ အားလုံး မြင်းလေးကောင်မျှ သိလိုက်ရသည်။ လည်း မြင်းများသည် တောင်ပိုင်းမှ မြောက်ပိုင်းသို့ လာနေမှန်းကိုလည်း ဝင်နိ ...န်း သိရှိလိုက်ရသည်။



ဟူကျင်းသည် ဂူအပြင်ဘက်သို့ ကြည့်လိုက်သောအခါ နှင်းများတဖွဲဖွဲ ကျဆင်းလျက်ရှိနေသေးကြောင်းတွေ့လိုက်ရသဖြင့် စိတ်ထဲတွင် တွေးလိုက်မိသည်။

'နှင်းတွေကလဲ ဒီလောက်ကျနေ၊ အချိန်ကလဲ ညကြီးသန်းခေါင် ဒီလိုအခြေအနေမျိုးမှာ တော်တော်တန်တန် ကိစ္စနဲ့တော့ ခရီးသွားကြမှာ မဟုတ်ဘူး၊ အင်မတန် အရေးကြီးတဲ့ ကိစ္စရှိလို့ ဖြစ်မှာပဲ'

မြင်းခွာသံများသည် သူတို့ ဂူရှိရာဘက်သို့ တဖြည်းဖြည်း နီးကပ်လာပြီး ရုတ်တရက် ရပ်လိုက်သံကို သိရှိလိုက်ကြသည်။

ကျောက်မိန်သည် အိပ်ရာမှ နိုးလာတော့သည်။ သူမက တိုးညှင်းသော လေသံကလေးဖြင့်...

'ဟူကျင်း... ခုလာတဲ့ လူတွေဟာ ရန်သူလား၊ မိတ်ဆွေလား သိနိုင်ဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ရှောင်နေလိုက်ရင်တော့ ကောင်းမယ်ထင်တယ်၊ သူတို့ရဲ့ အခြေအနေကိုလဲ သိရတာပေါ့'

'စောစောကတည်းက ငါနိုးနေတာ၊ သူတို့ မြင်းခွာသံတွေကြားလိုက်ရကတည်းက တောင်ပိုင်းကလာမှန်း သိတယ်'

'အဲဒါကိုက ထူးဆန်းနေတာပဲ'

ကျောက်မိန်သည် ပြောပြောဆိုဆိုဖြင့် နှင်းမှုန်များကို ကြိုး

www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်ပြီး မီးပုံပေါ် ပြန်လွှမ်းဖုံးအုပ်လိုက်သည်။ သူတို့ရှိနေကြောင်း လှုစိမ်းများ မသိစေရန် ကြိုတင် ကာကွယ်ထားခြင်း ဖြစ်သည်။

ထိုစဉ် လူလေးယောက် သူတို့ဘက်သို့ လျှောက်လာသံ ကြားလိုက်ရသည်။ ခြေသံအရ သူတို့၏ ခြေလှမ်းများ အလွန် မြန်ဆန်လှကြောင်း ခန့်မှန်း သိရှိလိုက်သည်။ ဟူကျင်းက လေသံ တိုးတိုးဖြင့် ပြောလိုက်သည်။

'ဒီလူလေးယောက်ရဲ့ ကိုယ်ဟန် လှုပ်ရှားမှုက သိပ်ပြီး မြန်ဆန် ပေါ့ပါးနေတယ်၊ သာမန် အရပ်သားတွေ မဟုတ်ဘူး ထိပ်သီး သိုင်းသမားတွေပဲ'

ဟူကျင်းတို့အနေဖြင့် အပြင်ထွက် ပုန်းအောင်းချိန် မရှိ တော့သဖြင့် ကျောက်မိန်၏ လက်ကိုဆွဲကာ ဂူ၏အတွင်းဘက်သို့ ဝင်လိုက်ရသည်။ ဂူသည် အတွင်းဘက်သို့ တဖြည်းဖြည်း ကျဉ်း မြောင်းသွားကြောင်း တွေ့ကြရသည်။

ဂူ၏တစ်နေရာတွင် အကွေ့တစ်ခု ဖြစ်နေသဖြင့် အပြင် ဘက်မှလူသည် ဂူထဲကလူကို မည်သို့မျှ တွေ့နိုင်လိမ့်မည် မဟုတ် ချေ။

ထိုစဉ် အပြင်မှ လူတစ်ယောက်၏ အသံကို ကြားလိုက် ရလေသည်။



'ဒီမှာ ဂူတစ်ဂူ ရှိနေတယ်ဟေ့'

ဟူကျင်း အလွန်အံ့သြသွားတော့သည်။ ထိုအသံရှင်သည် ဟား ဟူတန်းကိုဏ်း၏ နံပါတ်လေးဖြစ်သူ ဦးကြီး ကျန်းဆုံကျီး၏ အသံပင်တည်း။ နောက်ထပ် စကားသံ တစ်ခု ထွက်ပေါ်လာပြန် သည်။

ထိုအသံရှင်သည် ဟူတန်းကိုဏ်း၏ နံပါတ်ခြောက်ဖြစ် သည်။ ဦးလေး ချင်လိရှန်မှန်း ဟူကျင်း သိလိုက်သည်။

ဟူကျင်းသည် ပါးစပ်ကိုဟ၍ အော်ဟစ်နှုတ်ဆက်ရန် ဟန်ပြင်လိုက်စဉ် ကျောက်မိန်က သူ၏ပါးစပ်ကို ရုတ်တရက် လှမ်း ပိတ်လိုက်သည်။ တိုးတိုးကလေးဖြင့် ပြောလိုက်သေးသည်။

'ရှင် ဘယ်လိုလုပ်လိုက်တာလဲ၊ ဒီဂူထဲမှာ ရှင်နဲ့ကျွန်မ နှစ် ယောက်ထဲ တွေ့သွားရင် ဘယ်လောက် မျက်နှာပူစရာ ကောင်းသလဲ'

ဟူကျင်း စဉ်းစားလိုက်သောအခါ ကျောက်မိန်၏ စကား များ မှန်ကန်ကြောင်း သိလိုက်သည်။ သူနှင့် ကျောက်မိန်တို့နှစ် ယောက်သည် မည်သို့မျှ ကျူးကျူးလွန်လွန် ဖြစ်ကြသည် မဟုတ် သော်လည်း ယခုကဲ့သို့ အကာလ ညအခါ လူသူကင်းဝေးရာ ဂူကြီး တစ်ခုအတွင်း အတူတွေ့ရှိလိုက်ရပါက မည်သူမဆို အထင်မှား စရာ အခြေအနေပင် ဖြစ်တော့သည်။ ဟူကျင်း၏ ဦးကြီးနှင့် ဦးလေးတို့သည် သူတို့ နှစ်ယောက်ကိုသာ တွေ့လိုက်ပါက မုချ အထင်မှား ပေတော့မည်။

www.burmeseclassic.com



ဟူကျင်းအဖို့ ပိုဆိုးသည့် အချက်မှာ ကျောက်မိန်သည် သာမန် အရပ်သူ တစ်ယောက်မဟုတ်၊ ဝိုဏ်းကြီးခြောက်ဂိုဏ်း သိုင်းသမားများ အပါအဝင် ဦးကြီးဦးလေးတို့ကိုပါ ဖမ်းဆီး ထိ သိမ်းခဲ့ဖူးသည့် ရန်သူ အမျိုးသမီးတစ်ယောက် ဖြစ်နေပေသေးသည် ထိုစဉ် ရီလင်တန်းက…

'ဟင်… ဒီမှာ မီးပုံတစ်ခုပါလား၊ ဒီ မီးပုံဟာ မကြာသေး လတ်လတ်ဆတ်ဆတ်ကြီး ရှိနေသေးတယ်၊ ဟာ ဒီမှာ တောကြော အရေခွံ တစ်ခုလဲ ရှိနေပါကလား'

နောက်တစ်ယောက်၏ အသံ ပေါ်လာပြန်သည်။

'ဒါတွေက အရေးမကြီးပါဘူး ညီလေးတို့ရာ၊ ညီ မော်ကုဆန်းကို တွေ့ဖို့က အရေးကြီးတာပါ၊ ငါ သူ့အတွ စိုးရိမ်နေမိတယ်'

ထိုအသံမှာ ဦးကြီး ချိုရှင်ချောင်း၏ အသံဖြစ်သည်။

ဟူကျင်း နားလည်လိုက်ပြီ၊ ဦးလေး မော်ကုဆန်းသ တစ်စုံတစ်ခုသော အခက်အခဲသို့မဟုတ် တစ်ယောက်ယောက် ရန်သူနှင့် ကြုံတွေ့နေပုံရသည်။ ဦးလေး မော်ကုဆန်းအတွက် ဦး ဦးလေးတို့ ရှာပုံတော် ထွက်လာကြခြင်းသာ ဖြစ်ပေလိမ့်မည်။

ချိုရှင်ချောင်း၏ စိုးရိမ်တကြီး ပြောလိုက်သည့် စကာ ဦးကြီး ကျန်းဆုံကျိုးက ရယ်မော၍ နှစ်သိမ့်လိုက်သည်။



'အစ်ကိုကြီးကလဲ၊ ညီလေး မော်ကုဆန်းကို ကလေးလေး များမှတ် နေသလား၊ သူ့ရဲ့သိုင်းပညာ ဘယ်လောက် အဆင့်အတန်း မြင့်တယ် ဆိုတာ အစ်ကိုကြီးရော ညီလေးတို့ပါ သိကြတာပဲဥစ္စာ၊ တော်ရုံတန်ရုံ ရန်သူကိုတော့ ညီလေး မော်ကုဆန်းက လုံးဝ ဂရုစိုက် မှာ မဟုတ်ဘူး'

ထိုစဉ် အခြားသူအားလုံးထက် ဟူကျင်းအပေါ် ပိုမို သံယော ဇဉ် ရှိသော ချင်လီရှန်က ပြောလိုက်သည်။

'ငါကတော့ ညီလေး မော်ကုဆန်းအတွက် လုံးဝ စိတ်မပူ ဘူး ညီလေးမော်ကုဆန်းက ရန်သူ သိပ်ရှိတာ မဟုတ်ဘူး၊ ငါ စိတ်ပူ တာက ဟူကျင်းကိုပဲ၊ သူက အလင်းမဲ့ဂိုဏ်းရဲ့ ခေါင်းဆောင် ဖြစ်နေတော့ သူ့မှာ အန္တရာယ် ပိုများတယ်၊ နောက်ပြီး…သူများရဲ့ ဝရိယာယ် မာယာတွေကိုလဲ ဘာမှ နားလည်တာ မဟုတ်ဘူး ဒီတော့ မသမာသူတွေရဲ့ လှည့်ကွက်ထဲ ရောက်သွားမှာ စိုးရိမ်ရတယ်'

ဟူကျင်းသည် သူ့ဦးကြီးဦးလေးများ၏ စိတ်ထားများကို ကြားလိုက်ရသောအခါ ရင်တွင်း၌ ဖော်မပြနိုင်သော ကြည်နူး ဝမ်းမြောက်ခြင်းပီတိကို ခံစားလိုက်ရသည်။ သူ့ ဦးကြီး၊ ဦးလေးများ သည် သူ့ အပေါ်တကယ်ပင် ကောင်းရှာကြပါသေးသည်။

ထိုစဉ်… ကျောက်မိန်က ဟူကျင်း၏ နားနားသို့ ကပ်၍တိုး တိုးလေးပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အခုဆို...ရှင် ကျွန်မရဲ့ လှည့်ကွက်ထဲ ဝင်နေပြီ၊ ကောင်းကောင်း သတိထားပေတော့'

ထိုစဉ် ချိုရှင်ချောင်း၏ အသံကို ထပ်မံကြားလိုက်ရပြန်သည်။

'ညီလေး...မော်ကုဆန်းက မြောက်ပိုင်းကို လာပြီး ဟူကျင်းကို ရှာတယ်၊ သူ့လမ်းစတော့ ရသွားပုံပဲ၊ ဒါပေမယ့် ထင်ကျင်းမြို့က တည်းခိုခန်းမှာ ကမန်းကတန်း ရေးထားခဲ့တဲ့ စာကတော့ အင်မတန်နားလည်ရခက်နေတယ်၊ ဘာတဲ့...'ဂိုဏ်းသား ဖောက်ပြန်တယ် ရှင်းရမယ်'တဲ့ ဒါက ဘာသဘောလဲ'

ကျန်းဆုံကျီးက...

'ငါတို့ ဟူတန်းဂိုဏ်းထဲမှာ ဘယ်သူများ ဖောက်ပြန်နေသလဲ မသိဘူး၊ ဟူကျင်းများ...'

သူသည် သူ၏စကားကို ဆုံးအောင် မပြောနိုင်တော့ဘဲ တစ်ပိုင်းတစ်လက်စဖြင့် ရပ်ဆိုင်းလိုက်သည်။ သူ၏လေသံ၌ စိုးရိမ်ပူပန်မှုများ ဖုံးလွှမ်းလျက် ရှိနေသည်။

ချင်လိုရှန်က ဒေါနှင့်မောနှင့် ဝင်ပြောတော့သည်။

'ဟူကျင်းလား... ဒီကောင်လေးဟာ ကိုယ့်ချက်နာကိုယ်အိုးမည်း သုတ်တဲ့ အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး၊ ကိုယ့်ဂိုဏ်းသိက္ခာကျအောင် လုပ်မယ့်အစား သူ့အသက်သာ အသေခံမှာ၊ ငါကတော့ ဒီလိုပဲ ယုံထားတယ်'



ကျန်းဆုံကျီးက...

'ငါပြောတာက တစ်မျိုးပါ၊ ကျောက်မိန်ဆိုတဲ့ ဟိုမွန်ကိုလေးဟာ အင်မတန် ကလိမ်ကကျစ် လုပ်တတ်တဲ့ မိန်းကလေး၊ နောက်ပြီး ရုပ်ကလေးကကော၊ မင်းတို့ မြင်တဲ့အတိုင်းပဲ ဟူကျင်းကလဲ လှငယ်လူရွယ်ဆိုတော့ သွေးသားဆူကြွတဲ့ အရွယ်၊ ဒီကောင်မလေးရဲ့ အလှအပတွေကို ယစ်မူးပြီး'

ကျန်းဆုံကျီးသည် သူ၏ကားကို မဆက်တော့ဘဲ ရပ်ပစ်လိုက်တော့သည်။ အားလုံး သက်ပြင်းချမိတော့သည်။ ထို့နောက် သူတို့ မီးမွှေးနေသံကို ကြားလိုက်ရသည်။

ထိုမီးပုံ၏ အလင်းရောင်ကြောင့် ဂူထဲ၌ ရုတ်တရက် လင်းလာပြန်သည်။ ချိုရှင်ချောင်းသည် တုန်ယင်သော အသံဖြင့် ပြောလိုက်လေသည်။

'ငါ့ရင်ထဲမှာ သံသယတစ်ခု ရှိနေတယ်၊ ဒီ သံသယကိုတော့ ငါ ပြောမထွက်ဘူး၊ ပြောရင် ညီလေး ကျန်းချွေးဆန်းကို စော်ကားသလို ဖြစ်သွားမှာစိုးတယ်'

ချိုရှင်ချောင်း မပြောချင်သည့် စကားကို ကျန်းဆုံကျီးက မေးပြောပြော ပြုလိုက်သည်။

'အစ်ကိုကြီး စိတ်ပူနေတာကို ညီလေးတို့သိပါတယ်၊ ဟူကျင်းနဲ့ ညီလေး မော်ကုဆန်းကို သတ်မိမှာစိုးရိမ်နေတာ မဟုတ်လား'

www.burmeseclassic.com



ချိုရှင်ချောင်းသည် နှုတ်မှ မဖြေသော်လည်း ခေါင်းကိုမူ ညိတ်ပြလိုက်သည်။ ထိုအခါ ကျန်းဆုံကျီးက…

'ဟူကျင်းကတော့ သိပ်ရိုးသားတဲ့ ကောင်လေးပါ၊ အမှန် အတိုင်း ဆိုရင်တော့ သူ ဒီလိုလုပ်မှာ မဟုတ်ဘူး၊ ဒါပေမယ့် ညီလေး မော်ကုဆန်းက စိတ်မြန်လက်မြန် သိပ်ရှိတာ၊ သူက အတင်းအကျပ် လုပ်လို့ ဟူကျင်းက မတတ်သာဘဲနဲ့ ပြန်လုပ်လိုက်တာများလား ဒါမှမဟုတ် ဟို…ကျောက်မိန်ဆိုတဲ့ ကောင်မလေးက ကြားကနေ မြှောက်ပေးလိုက်လို့ အင်း…

ချင်လိရှန်က ဝင်ပြောလိုက်သည်။

'အစ်ကိုကြီးတို့ကလဲ အလကားသက်သက် ကြိုတွေးပြီး ကိုယ်ကိုယ်ကို စိတ်သောကရောက်အောင် လုပ်နေကြတယ်၊ ညီလေး မော်ကုဆန်း ဘာမှ အန္တရာယ် မဖြစ်နိုင်ပါဘူး'

ချိုရှင်ချောင်းက…

'ဒါပေမယ့် ငါက စိတ်ပူမိတာပဲ၊ ညီလေး မော်ကုဆန်းရဲ့ ဓားလွယ်ကို တွေ့လိုက်ရတော့…၊ ငါ့ရင်ထဲမှာ ပူနေတာပဲ၊ အိပ်လို့တောင် မရတော့ဘူး'

ရီလင်တန်းက ထောက်ခံလိုက်သည်။

'ဟုတ်တယ်…ဒီတစ်ချက်မှာ သိပ်စဉ်းစားရတယ်၊ ငါတို့ သိုင်းသမားတွေဆိုတာက ကိုယ့်ရဲ့ လက်စွဲတော် လက်နက်ကို ဘယ်တော့မှ ပစ်ထားလေ့မရှိဘူး'



ဟူကျင်းသည် နားထောင်ရင်း နားထောင်ရင်း မိမိမှာ [ညီ]လေး မော်ကုဆန်း ပျောက်သည့်ကိစ္စ၌ သားကောင် ဖြစ်မှန်းမသိ [ဖြ]စ်လာသည်ကို ရိပ်မိလာသဖြင့် တဖြည်းဖြည်း ထိတ်လန့်လာ [တော့]သည်။

ထို့ကြောင့် ကျောက်မိန်၏ လက်ကိုဆွဲကာ နောက်သို့ [တ]စ်လှမ်းချင်း ဆုတ်လာမိတော့သည်။ သူသည် ခြေလှမ်းငါးလှမ်း [ခန့်] ဆုတ်မိသောအခါ ရုတ်တရက် ပျော့အိအိ အရာတစ်ခုကို ခြေ[ထ]ောက်ဖြင့် တိုက်မိလိုက်သည်။ လူတစ်ယောက်၏ ခန္ဓာကိုယ်ကြီး [ဖြစ်]တည်း။

ဟူကျင်းသည် အကြီးအကျယ် ထိတ်လန့်သွားတော့သည်။

'ဒီလူသာ ထအော်လိုက်ရင်တော့ ငါ့ဦးကြီး၊ ဦးလေးတွေ [တ]ို့ ဒီအထဲမှာ ရှိနေတယ်ဆိုတာ သိသွားတော့မှာပဲ'

ဟူကျင်းသည် ထိုသို့တွေးလိုက်မိသည်နှင့် ထိုလူ၏ အ[သ]ံထွက်ကြောင်းနေရာကို ထိုးပိတ်လိုက်တော့သည်။ ရုတ်တရက် မအော်[နိုင်]စေရန် ဖြစ်သည်။ ပြီးမှ လက်ကောက်ဝတ်ကို ဖမ်းကိုင်လိုက် သည်။

အလို…လူသေအလောင်းကြီးပါလား။ လက်ကောက်ဝတ်[ကို] ဖမ်းကိုင်မိသည့် အခါမှ အေးစက်တောင့်တင်းနေသည့် လူသေ အလောင်းကြီး တစ်လောင်းဖြစ်နေသည်ကို သိမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ထိုလူ အော်ဟစ်မည်ကို မစိုးရိမ်တော့ပေ။

ဟူကျင်းသည် ဦးကြီး၏ မီးဖိုမှ ဝင်လာသည့် တစ်ဝက်တပျက် အလင်းရောင်ကလေးဖြင့် လူသေ၏ မျက်နှာကို သေချာစွာ ကြည့်ရှုလိုက်သည်။ ဟူကျင်းသည် လန့်ဖျပ်သွားသဖြင့် အော်ဟစ်မိမတတ် ဖြစ်သွားတော့သည်။ အဘယ်ကြောင့်ဆိုသော် ထိုလူသေ အလောင်းကြီးသည် ဦးလေးအငယ်ဆုံး မော်ကုဆန်း ဖြစ်နေသောကြောင့်ပင်တည်း။

ဟူကျင်းသည် တုန်လှုပ်ချောက်ချားလွန်းလှသဖြင့် သူ၏ ဦးကြီးနှင့် ဦးလေးများ သိသွားမည်ကို လုံးဝ မစိုးရိမ်ရတော့ဘဲ မော်ကုဆန်း၏ အလောင်းကို ကောက်ယူပွေ့ချီ၍ သုံးလေးလှမ်းမျှ လျှောက်ထွက်သွားတော့သည်။

အလင်းရောင် ပိုမိုရရှိသည့်နေရာသို့ရောက်၍ ထပ်မံကြည့်ရှုလိုက်သောအခါ မော်ကုဆန်းစင်စစ် ဖြစ်နေကြောင်း အသေအချာ သိရပေတော့သည်။ မော်ကုဆန်း၏ မျက်လုံးများသည် ပြူးထွက်မတတ် ဖြစ်နေသည်။ အသက် လုံးဝမရှိတော့။

ဟူကျင်းသည် အံ့သြတုန်လှုပ်လွန်းလှသဖြင့် ထိုနေရာ၌ပင် ကျောက်ရုပ်ကြီးသဖွယ် ငေးကြောင်လျက် တောင့်တောင့်ကြီး ရပ်နေမိတော့သည်။ ထိုစဉ် ဟူကျင်း လျှောက်လာသည့်အသံကို ချီရှွင်ချောင်တို့ ကြားသွားလေတော့သည်။ ရှီလင်တန်းက အော်ဟစ်လိုက်သည်။



'အထဲမှာ လူရှိနေတယ်'

သူတို့လေးယောက်စလုံး ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။

အကျဉ်းအကျပ် တွေ့နေသူမှာ ဟူကျင်းပင် ဖြစ်တော့သည်။ သူ့ဦးကြီး ဦးလေးများ၏ စကားများကို ကြားလိုက်ရပြီးသဖြင့် သူ ထိတ်လန့်နေခဲ့သည်။ ယခု…

'ငါက ဦးလေးမော်ကုဆန်းရဲ့ အလောင်းကို ပွေ့ထားပြီး ဒီဂူထဲမှာ ပုန်းနေတယ်၊ ဒါကို မြင်သွားလို့ကတော့ သူတို့ဟာ ဦးလေး မော်ကုဆန်းကို ငါသတ်တယ်လို့ တထစ်ချ ယုံကြည်သွားတော့မှာပဲ၊ ဘယ်လိုမှ ဖြေရှင်းလို့ ရတော့မှာ မဟုတ်ဘူး'

ထိုအတွေးများကြောင့် ဟူကျင်းသည် သူ၏ အသွေးအသားများ လုံးဝ ရပ်ဆိုင်းသွားသကဲ့သို့ ခံစားလိုက်ရတော့သည်။ ထိုနေရာ၌ မလှုပ်မရှား ရပ်နေမိတော့သည်။

ကျောက်မိန်ကမူ သူ့ထက် လျင်မြန်စွာ တွေးတောနိုင်သူ ဖြစ်ပေသည်။ သူမသည် ဓားကို ဖွေ့ယမ်းလျက် ခုန်ထွက်လိုက်သည်။ အပြင်းထန်ဆုံးသော သိုင်းကွက်များကို သုံးလျက် ချီရှွင်ချောင်တို့ လေးယောက်ကို တိုက်ခိုက်သည်။ တိုက်ခိုက်ရင်းမှ ဂူအပြင်သို့ ပြေးထွက်ပြီး မြင်းပေါ်သို့ ခုန်တက်လိုက်သည်။ ထိုစဉ် သူမ၏ နောက်ကျော၌ နာကျင်မှုဝေဒနာတစ်ခုကို ရုတ်တရက် ခံစားလိုက်ရသဖြင့် မျက်စိများ ပြာဝေသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရီလင်တန်း၏ လက်ဝါးစောင်းရိုက်ချက်၏ ဒဏ်ကို ခံလိုက်ရခြင်း ဖြစ်ပေသည်။ ရီလင်တန်း၏ ရိုက်ချက်သည် အလွန်ပြင်းထန်လှသဖြင့် ကျောက်မိန်၌ အတွင်းဒဏ်ရာ ရရှိသွားသည်။ သို့သော် သူမသည် ခွန်အားပြည့်ရှိသူ မိန်းကလေးတစ်ယောက် ဖြစ်၍ အံကို တင်းတင်းကြိတ်ကာ မြင်းကိုဒုန်းစိုင်းစီးထွက်သွားတော့သည်။

ချိုရွှင်ချောင်းတို့လေးယောက်သည် ကျောက်မိန်နောက်မှ အတင်းပြေးလိုက်ကြတော့သည်။

ကျောက်မိန်၏စိတ်ထဲတွင်မူ ဟူကျင်းအတွက်သာ တွေး၍ ပူနေမိသည်။ သူ၏ အတွင်းဒဏ်ရာအတွက်ပင် လုံးဝ မစဉ်းစားမိချေ။

'မိဝေးဝေးပြေးမှ သူ ဒီဂူထဲကနေ လွတ်နိုင်မှာ၊ နို့မို့ရင် ဒီ စွပ်စွဲချက်ကြီးကို ဘယ်လိုမှ ဖြေရှင်းနိုင်တော့မှ မဟုတ်ဘူး'

ကျောက်မိန်သည် ဓားပြားဖြင့် မြင်း၏တင်ပါးကို တစ်ချက်မျှ ရိုက်လိုက်သောအခါ မြင်းသည် နာကျင်မှုကြောင့် အားသွန်၍ ပြေးလေတော့သည်။

ဟူကျင်းသည် ကျောက်မိန် ပြေးထွက်သွားသည်ကို တွေ့လိုက်ရသောအခါ ရုတ်တရက် ငေးကြောင်သွားမိသည်။ ပြီးမှ ကျောက်မိန်၏ ရည်ရွယ်ချက်ကို သဘောပေါက်သွားမိသည်။ ကျောက်မိန်...ကျောက်မိန်... အာဂမိန်းကလေးပါလား။ မိမိကို အကျဉ်းအကျပ်အတွင်းမှ ကယ်တင်သွားခဲ့လေပြီ။



ဟူကျင်းသည် ကျောက်မိန်၏ စေတနာနှင့် ရည်ရွယ်ချက်ကို သဘောပေါက်သွားသည်နှင့် တစ်ပြိုင်နက် မော်ကုဆန်း၏ အလောင်းကို ပွေ့ချီကာ ဂူအပြင်သို့ ပြေးထွက်လိုက်သည်။

ကျောက်မိန်တို့သည် အရှေ့ဘက်သို့ ပြေးသွားခြင်းဖြစ်ရာ သူက အနောက်ဘက်သို့ ပြေးထွက်လိုက်သည်။ ဟူကျင်းသည် ဂူနှင့် အတော်အတန်ဝေးသည့်နေရာသို့ ရောက်မှ အလောင်းကို ကျောက်တုံးကြီးတစ်တုံး၏ နောက်ကွယ်၌ ဝှက်ထားလိုက်တော့သည်။

ဟူကျင်းသည် မော်ကုဆန်း၏ အလောင်းကို ခြေရည်းသက်ရာ ဖျောက်ပြီးသည်နှင့် အနီးရှိ သစ်ပင်တစ်ပင်ပေါ်သို့ ခုန်တက်ကာ စောင့်ဆိုင်းနေလိုက်သည်။ သူ၏ ရင်ထဲတွင်မူ ဦးလေး မော်ကုဆန်း သေဆုံးရမှုအတွက် ကြေကွဲနာကျင်မှုကို ခံစားနေရသော်လေ။

'ငါ့ဦးလေး မော်ကုဆန်းကို ဘယ်သူ သတ်သွားသလဲ၊ ဒီလူကို ငါ တိုက်ခိုက်ရမယ်၊ ငါ့ဦးလေး သေသလို သေရစေမယ်'

အတန်ကြာ စောင့်ဆိုင်းနေသောအခါမှ မြင်းသုံးကောင်သည် တောင်ဘက်မှ မြောက်ဘက်သို့ ပြန်လာနေသည်ကို တွေ့လိုက်ရသည်။ ချိုရွှင်ချောင်းနှင့် ရီလင်တန်းတို့က တစ်ယောက်တစ်စီးစီ စီးပြီး ချင်လိရှန်နှင့် ကျန်းဆုံကျီးတို့က နှစ်ယောက်ပူးစီးလာကြခြင်းဖြစ်သည်။ ရီလင်တန်းက...

www.burmeseclassic.com

www.burmeseclassic.com



'ဟိုကောင်မလေးတော့ ငါ့ရဲ့ လက်ဝါးစောင်း တစ်ချက်မိပြီး လှူရေမြင်းပါ ချောက်ထဲကျသွားတယ်၊ ဒီလောက်မြင့်တဲ့ ချောက်ကြီးထဲကို ကျသွားမှတော့ ဘယ်လိုမှ အသက်ရှင်စရာလမ်း မရှိတော့ဘူး'

ကျန်းဆုံကျီးက အားရကျေနပ်စွာ ပြောလိုက်သည်။

'ဒီနေ့မှပဲ ဟိုတစ်ခါ အဖမ်းခံခဲ့ရတဲ့ ရန်ကြေးကို ပြန်ဆပ်ရ ဒ့တော့တယ်၊ သူ သေတာနဲ့ ငါတို့ အဖမ်းခံရတာနဲ့ အခု ကြေပြီပေါ့၊ ပြမယ့် စဉ်းစားစရာတစ်ခု ရှိနေတယ်၊ ဒီကောင်မလေးဟာ ပူနေ ...က်ဂူထဲမှာ ဘာလာလုပ်နေရတာလဲ'

မိချေ။ သူတို့လေးယောက်သည် မြင်းစီးရင်းမှ ပြောသွားကြခြင်း ...ပ်းဖြည်း ဝေးသွားပြီး နောက်ဆုံး သူတို့၏ စကားသံများ ဒီ ...မကြားရတော့ချေ။ ထိုအခါကျမှ ဟူကျင်းသည် သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်ရသည်။ သူတို့၏ မြင်းစွာရာများအတိုင်း အရှေ့ဘက်သို့ အလျင်မြန်ဆုံးသောနှုန်းဖြင့် ပြေးသွားမိတော့သည်။ ရင်ထဲ၌ အလွန်အခံရခက်သည့် နာကျင်မှု ဝေဒနာတစ်ခုကို ခံစားနေရသည်။

'ကျောက်မိန်ဟာ ဉာဏ်များပေမယ့် ဒီတစ်ခါ ငါ့ကို အသက်စွန့်ပြီး ကယ်လိုက်တာပဲ၊ သူသာ ငါ့ကြောင့် သေခဲ့ရင်တော့၊ ငါ... ငါ... မသေရဘူး၊ ကျောက်မိန် မသေစေရဘူး'

သူသည် ပြေးလွှားရင်း စိတ်ထဲ၌ သွေးရူးသွေးတန်း အော်ဟစ်နေသည်။ သူ၏ ခြေလှမ်းများသည် မြန်သထက် မြန်လာသည်။



တောင်စောင်းတစ်ခုတွင် သွေးကွက်တစ်ကွက်ကို တွေ့လိုက်ရပြီး လူခြေရာနှင့် မြင်းခြေရာများ ရှုပ်ထွေးနေသည်ကို တွေ့လိုက်ရတော့သည်။ ဟူကျင်းသည် ရှေ့သို့ ဆက်၍လိုက်ရန် မလိုတော့။ ကျောက်မိန်သည် ဤနေရာမှနေ၍ လှူရေမြင်းပါ ချောက်ထဲသို့ ကျသွားဟန်တူသည်။ ဟူကျင်းသည် ကျောက်မိန်အတွက် မတွေးဝံ့အောင် ဖြစ်သွားခဲ့ရသည်။

ဦးလေး ရီလင်တန်း၏ လက်ဝါးစောင်းဖြင့် ကျောက်မိန်သည် တစ်ချက်တည်း အသက်ဆုံးရှုံးသွားလျှင်လည်း သွားနိုင်သည်။ ကံကောင်းထောက်မမှုကြောင့် လက်ဝါးစောင်းဒဏ်ဖြင့် အသက်မဆုံးရှုံးခဲ့ရသည့်တိုင် ဤချောက်နက်ကြီးထဲ ကျသွားပြီးသည့်နောက်မှ အသက်ရှင်ရန် အခွင့်အလမ်း လုံးဝရှိတော့မည် မဟုတ်ချေ။

ဟူကျင်းသည် ချောက်ကမ်းပါးမှနေ၍ အောက်သို့ ငုံ့ကြည့်ကာ အော်ခေါ်လိုက်သည်။

'ကျောက်မိန်...ကျောက်မိန်...'

ဟူကျင်း မည်မျှ အော်ခေါ်သော်လည်း ထူးသံ လုံးဝမကြားရ။ ထို့ကြောင့် ကျောက်မိန်အတွက် အလွန် စိုးရိမ်ပူပန်မိတော့သည်။ ကျောက်ကမ်းပါးအောက်ဘက်၌လည်း မည်းမှောင်နေသဖြင့် ကျောက် မိန်၏ အရိပ်အရောင်ကိုမျှ မမြင်ရချေ။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် မည်သို့မျှ မစဉ်းစားတော့ဘဲ သက်ပြင်းတစ်ချက်ရှိုက်လိုက်ကာ ချောက်ကမ်းပါးအောက်ဘက်သို့ ကုတ်တွယ်လျှောဆင်းလိုက်တော့သည်။

ဤကဲ့သို့ ဟူကျင်း ဆင်းခြင်းမှာ အလွန် အန္တရာယ်များလှသည် မှန်သော်လည်း ဟူကျင်းသည် ကျောက်မိန်ကို ကယ်တင်ရန်မှ တစ်ပါး အခြားမည်သည့် အန္တရာယ်ကိုမျှ စဉ်းစားတွေးတောနိုင်ခြင်း မရှိတော့ပေ။

ပေသုံးဆယ်ခန့် လျှောဆင်းမိသောအခါတွင် သူ၏ လျှောဆင်းလိုက်သော အရှိန်နှုန်းကို ထိန်း၍မရနိုင်လောက်အောင် ဖြစ်လာတော့သည်။ ထို့ကြောင့် ဟူကျင်းသည် သူ၏ လက်နှစ်ဘက်ကို အားစိုက်၍ ထောင့်နံရံမှ ရေခဲလွှာများထဲသို့ ထိုးစိုက် ကုတ်တွယ်လိုက်ရတော့သည်။ ထိုအခါကျမှ အရှိန်တန့်သွားသည်။ ပြီးမှ နောက်တစ်ခါ ထပ်မံ လျှောဆင်းရပြန်သည်။

ထိုသို့ ငါးကြိမ်ခန့် နားလိုက် ဆင်းလိုက် လုပ်ပြီးသောအခါမှ သူ၏ ခြေထောက်များသည် ပျော့အိသော အရာတစ်ခုကို နင်းလိုက်မိတော့၏။

ကျောက်မိန်သည် ချောက်နက်ကြီးအတွင်းသို့ မြင်းနှင့်အတူပါ ကျဆင်းလာရာတွင် မြင်း၏ လည်ပင်းကို မလွှတ်တမ်း ဖက်တွယ်ထားသဖြင့် မြင်းပေါ်မှ လွင့်စဉ်မကျဘဲ ရှိနေသည်။



ဟူကျင်းသည် သူမ၏ ဖွက်သက်ဝင်သကိုကို စမ်းသပ်ကြည့်ရှုလိုက်သောအခါ အသက်မြင်းမြင်းကလေး ရှူနေသည်ကို သိလိုက်ရသဖြင့် စိတ်သက်သာရာ ရသွားပြီး 'ဟင်း' ခနဲ သက်ပြင်းချနိုင်တော့သည်။

ကျောက်မိန် အလွန် ကံကောင်းသွားခြင်းဖြစ်သည်။ ချောက်ကမ်းပါးအောက်ခြေတွင် နှင်းများသည် လူ၏ ခါးတစ်ဝက်ခန့်မျှ ကျဆင်းထားသဖြင့် အသက်ချမ်းသာရာ ရသွားခြင်းဖြစ်သည်။

သို့သော် သူမ စီးလာသည့် မြင်းကြီးမှာ ခန္ဓာကိုယ် ကြီးမားလေးလံလှသည်ဖြစ်၍ ကျဆင်းသည့်အရှိန်နှုန်း ပြင်းထန်ပြီး သေဆုံးခဲ့ခြင်းဖြစ်ပေသည်။

ဟူကျင်းသည် ကျောက်မိန်ကို ပွေ့ချီ၍ ဒဏ်ရာများကို စစ်ဆေး ကြည့်ရှုလိုက်သည်။ ဒဏ်ရာများ ပြင်းထန်သည် မှန်သော်လည်း အသက်စိုးရိမ်ရလောက်အောင် မရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ဟူကျင်းသည် သူ၏ အတွင်းအားကို ထုတ်လျက် ကျောက်မိန့်၏ အတွင်းဒဏ်ကို ကုသပေးလိုက်၏။

နာရီဝက်ခန့် ကြာသောအခါ ကျောက်မိန်သည် သတိပြန်ရလာသည်။ ဟူကျင်းသည် အလွန်အားတက်သွားသဖြင့် သူ၏ နောကြောအတွင်းအားကို အဆက်မပြတ်ထုတ်ကာ သူမ၏ ခန္ဓာကိုယ်အတွင်းသို့ ထပ်မံ သွင်းပေးလိုက်ပြန်သည်။ နောက်ထပ် နာရီဝက်ခန့်

www.burmeseclassic.com

www.burmeseclassic.com



ကြာမြင့်သွားသောအခါ မိုးသောက်ရောင်နီများ လင်းစပြုလာတော့သည်။

ကျောက်မိန်သည် ‘ဝေါ့’ခနဲ သွေးပုတ်များကို အန်ထုတ်ပစ်လိုက်သည်။ ကျောက်မိန်သည် မျှော့တော့မှိန်းနယ်လှသည့် လေသံလေးဖြင့်...

‘သူတို့ သွားကြပြီလားဟင်၊ သူတို့က ရှင့်ကို မြင်သွားသေးသလား’

သူမသည် ဤမျှ ဒဏ်ရာပြင်းထန်စွာ ရထားပါလျက် သူ၏ဒဏ်ရာကို လုံးဝ ဂရုမစိုက်။ မိမိအတွက်သာ ဂရုစိုက် မေးမြန်းနေသည်ကို တွေ့လိုက်ရသောအခါ ဟူကျင်းသည် အလွန် စိတ်ထိခိုက်သွားတော့သည်။ ဟူကျင်းသည် တုန်ယင်သော လေသံဖြင့်...

‘တွေ့မသွားပါဘူး ကျောက်မိန်၊ မင်း... ငါ့ကို အသက်စွန့်ပြီး ကူညီလိုက်တဲ့အတွက် သူတို့ တွေ့မသွားကြပါဘူး၊ မင်း...မင်း... ငါ့ အတွက် ဒုက္ခတွေ တော်တော်ခံလိုက်ရပြီနော်’

ကျောက်မိန်သည် ဒဏ်ရာများကြောင့် ခေတ္တ မှိန်းနေသည်။ အတန်ကြာသောအခါမှ ဟူကျင်းအား ပြောလိုက်သည်။

‘ဟူကျင်း...ရှင် အနားယူတော့လေ၊ ကျွန်မ အမျိုးကြီးသက်သာသွားပါပြီ’



ဟူကျင်းသည် စိတ်မထိန်းနိုင်တော့။ ကျောက်မိန်၏ကိုယ်လုံးကလေးကို ပွေ့ဖက်ကာ ပါးချင်းအပ်ထားမိတော့သည်။

‘ကျောက်မိန်... မင်းဟာ ငါ့ရဲ့ဂုဏ်သိက္ခာကို ကာကွယ်ပေးလိုက်တာပဲ၊ ဂုဏ်သိက္ခာဟာ အသက်ထက် အရေးကြီးပါတယ်၊ မင်းလုပ်ပေးလိုက်တဲ့ အလုပ်ဟာ ငါ့အသက်ကို ဆယ်ခါလောက် ကယ်တာထက် ပိုပါလိမ့်ဦးမယ်၊ ငါ... ငါ မင်းကို သိပ်... သိပ် ကျေးဇူးတင်ပါတယ်’

ကျောက်မိန်သည် မရှိပြုံးကလေး ပြုံးလိုက်သည်။

‘ဟူကျင်း... ကျွန်မကတော့ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးပါ၊ ရှင့်အတွက် ဂုဏ်သိက္ခာ အရေးကြီးပေမယ့် ကျွန်မအတွက်ကတော့ အသက်ပဲ အရေးကြီးပါတယ်’

ထိုစဉ် တောင်ကုန်းပေါ်မှ လူတစ်ယောက်၏ အသံပေါ်လာသည်။

‘ကျောက်မိန်...မိစ္ဆာမ၊ အသက် မသေသေးဘဲကိုး၊ နင်... ကျောက်ဆန်းကို ဘာဖြစ်လို့ သတ်လိုက်ရတာလဲ၊ မြန်မြန်ပြောစမ်း’

ရီလင်တန်း၏ အသံဖြစ်ကြောင်း ဟူကျင်း သိလိုက်သည်။ ဟူကျင်း အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။ သူ၏ ဆရာကြီး ဦးလေးတို့သည် ဤနေရာမှ ထွက်ခွာသွားကြပြီးမှ သည်သည့်အကြောင်းကြောင့် ဤနေရာသို့ ပြန်လည် ရောက်ရှိလာကြပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်မိန်သည် အမောတကော ပြောလိုက်သည်။

'ဟူကျင်း... ရှင့် ခေါင်းကို ဒီဘက် လှည့်ထားလိုက်၊ သူတို့ မမြင်စေနဲ့၊ အခု အတိုင်းဆိုရင် ရှင့်ကို သူတို့ မမြင်ကြသေးဘူး'

ကျန်းဆုံကျီးက အော်ဟစ်လိုက်ပြန်သည်။

'ကျောက်မိန်... နင် ပြောမလား၊ မပြောဘူးလား၊ ငါတို့က ကျောက်တုံးကြီးတွေ ပစ်ချလိုက်မယ်နော်'

ကျောက်မိန်ကမူ အပေါ်မှ အော်ပြောနေသည့် စကားများကို လုံးဝ ဂရုမထား။ ဟူကျင်းကိုသာ ပြောနေတော့သည်။

'ဟူကျင်း... ရှင့်မျက်နှာကို ပဝါနဲ့ ဖြစ်ဖြစ် ပတ်ထားလိုက်စမ်းပါ၊ ကျွန်မကို အပေါ်ရောက်အောင်သာ တင်သွား၊ အပေါ်ကျမှ ကြည့်ရှင်းကြတာပေါ့'

ဟူကျင်းသည် ကျောက်မိန် အကြံပေးသည့်အတိုင်း မျက်နှာကို ပဝါဖြင့် ပတ်ထားလိုက်ပြီး မျက်စိနှစ်ပေါက်ကိုသာ ချန်ထားလိုက်သည်။

အမှန်စင်စစ် ချို့ရွှင်ချောင်းတို့သည် ဤချောက်ကမ်းပါးမှ ထွက်ခွာသွားပြီးမှ အချက်တစ်ချက်ကို စဉ်းစားလိုက်မိသဖြင့် ဟူကျင်း အနေဖြင့် ယခုကဲ့သို့ အကျဉ်းထဲ အကျပ်ထဲ ရောက်သွားရခြင်း ဖြစ်ပေသည်။





သူတို့ စဉ်းစားမိသည့်အချက်မှာ ကျောက်မိန်သည် မင်းသမီးတစ်ပါးဖြစ်သည်။ မည်သည့်နည်းနှင့်မျှ နောက်လိုက် နောက်ပါများ မပါဘဲ ဤနေရာသို့ တစ်ယောက်တည်း လာရောက်လိမ့်မည်မဟုတ်။

သို့နှင့် သူတို့သည် ဂူပတ်ဝန်းကျင်ကို အသေအချာ နံ့နံ့စပ်စပ် ရှာဖွေကြသောအခါ အနောက်ဘက်သို့ ပြေးသွားသည့် ခြေရာတစ်ခုကို တွေ့လိုက်ကြရသည်။ ထိုခြေရာအတိုင်း သဲလွန်စ ရှာဖွေခဲ့ကြရာ နောက်ဆုံး မော်ကုဆန်း၏ အလောင်းကို ကျောက်တုံးတစ်တုံး၏ နောက်ကွယ်၌ တွေ့ကြရတော့သည်။

ထိုအခါ ရိုလင်တန်းသည် နာကြည်းလှစွာဖြင့် ပြောလိုက်သည်။

'ကျောက်မိန် တစ်ယောက်တည်းနဲ့ ညီလေး မော်ကုဆန်းကို သတ်နိုင်ဘူး၊ ညီလေး မော်ကုဆန်းက ကျောက်မိန်ထက် သိုင်းပညာ အများကြီးသာတယ်၊ ငါတို့ တကယ့် လူသတ်သမား အစစ်ကို ရှာရမယ်...'

ဤသို့ဖြင့် သူတို့လေးယောက်သည် ကျောက်မိန် ကျသွားသည့် ချောက်ကမ်းပါးသို့ ပြန်လည်ရောက်ရှိလာကြခြင်း ဖြစ်တော့သည်။ ရောက်လျှင် ရောက်ခြင်းပင် ချောက်ထဲမှ စကားပြောသံများ ကြားလိုက်ရသဖြင့် ဤကဲ့သို့ ခြိမ်းခြောက် မေးမြန်းလိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ အပေါ်ကို တက်လာခဲ့ကြ၊ တက်မလာရင်တော့ တို့က ကျောက်တုံးတွေနဲ့ ပစ်ရမှာပဲ'

ဟူကျင်း မတတ်သာတော့။ တစ်လှမ်းချင်း တက်လာရတော့သည်။ တမင်သက်သက် နှေးနှေးကွေးကွေး တက်ခြင်းဖြစ်သည်။ သို့မှသာ သူ့ကို သိုင်းပညာ မတတ်သည့် သာမန်အရပ်သားတစ်ယောက်အဖြစ် ထင်မှတ်သွားကြပေလိမ့်မည်။

ဟူကျင်းအနေဖြင့် အပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကျောက်မိန်ကို ပွေ့ချီထွက်ပြေးရန် ဆုံးဖြတ်ထားမိသည်။ သို့သော်ဟူကျင်းသည် သူ၏ ဆုံးဖြတ်ချက်ကို အကောင်အထည် မဖော်နိုင်တော့ပါ။ အဘယ်ကြောင့်ဆိုသော် ဦးကြီး ဦးလေးတို့သည် ဟူကျင်း၏ စိတ်အကြံကို ကြိုတင်သိထားကြသည့်အလား လေးဘက်လေးတန်မှ ပိတ်ဆို့ထားလျက် ရှိကြသည်။ ဟူကျင်း မည်သို့မျှ ထွက်မပြေးနိုင်တော့။ ထိုစဉ် ရှိုရွှင်ချောင်းက...

'ဟော့ကောင်... မင်းက ဘာဖြစ်လို့ မင်းမျက်နှာကို အုပ်ထားရ တာလဲ၊ မော်ကုဆန်းကို ဘယ်သူ သတ်တာလဲ၊ မှန်မှန်ပြောစမ်း မပြောရင် မင်းကို ဓားနဲ့ နတ်နတ်စင်းပြီး သတ်ပစ်မယ်'

ရှိုရွှင်ချောင်းသည် ဟူတန်း ခုနစ်ဖော်တွင် ဆင်ဆင်ခြင်ခြင် ထိန်းထိန်းသိမ်းသိမ်း အပြုတတ်ဆုံးဖြစ်သည်။ ရှန့်ရင်းကြမ်းတမ်းသော စကားများကိုလည်း လုံးဝမပြောတတ်။ သို့သော် ယခု သူ



ပြောနေမိပြီ။ သူ၏ ညီလေး မော်ကုဆန်း အသတ်ခံရသည်ကို တွေ့ရသည့်အတွက် စိတ်မထိန်းနိုင်တော့ဘဲ ဤသို့ ပြောမိခြင်း ဖြစ်တော့သည်။

ကျောက်မိန်သည် သက်ပြင်းချကာ ပြောလိုက်တော့သည်။

'ကဲ... ရှင်... ရှင်းမပြလို့ မဖြစ်တော့ဘူး၊ သူတို့ကို ရှင်းပြလိုက်ပါတော့၊ ကျွန်မတို့ ဘယ်လိုမှ ရှောင်တိမ်းလို့ မရနိုင်တော့ပါဘူး'

ကျောက်မိန်သည် ဟူကျင်း၏ နားနားသို့ တိုးကပ်လိုက်ပြီး တိုးတိုးပြောလိုက်သည်။

'ဟူကျင်း... ရှင်...ဟို ကျောက်မီးတိုင် မြောက်ချောင်းပေါ်က သိုင်းကွက်တွေကို အခု ထုတ်သုံးပေတော့'

တကယ်တမ်းအားဖြင့် ဟူကျင်း အနေဖြင့် သူ၏ ဦးကြီး ဦးလေးများနှင့် ယှဉ်ပြိုင်တိုက်ခိုက်လိုစိတ် လုံးဝမရှိချေ။ သို့သော် ယခု ခက်နေရပြီ။ အခြေအနေအရ ရှောင်တိမ်းရန် လုံးဝ မဖြစ်နိုင်တော့။

ဟူကျင်းသည် အံကို တင်းတင်းကြိတ်လိုက်သည်။ လာမယ့်ဘေး ပြေးတွေ့တော့မည်။ သူသည် ကျောက်မိန်၏ကိုယ်ကို မြှောက်ကာ ချင်လိုရှန်ဘက်သို့ ပစ်လိုက်သည်။ ပြီးနောက် သူ၏ မူလ

www.burmeseclassic.com

www.burmeseclassic.com



အသံကို ဖျက်ပြီး ခပ်ညြညြအသံဖြင့် တစ်ချက်အော်လိုက်ကာ ကျွမ်းတစ်ပတ်ထိုးလျက် ကျွန်းဆုံကျီးကို ဖမ်းလိုက်သည်။

ချင်လိရှန်သည် ရုတ်တရက် ကြောင်သွားရာမှ သူ့ဆီသို့ ခြောက်ဝင်လာသည့် ကျောက်မိန်၏ အကြောများကို ထိုးပိတ်လိုက်တော့သည်။ အကြောပိတ်ပြီးသည်နှင့် အနောက်ဘက်သို့ ပစ်လိုက်၏။

ဟူကျင်းသည် ကျောက်မီးတိုင်ခြောက်တိုင်မှ သိုင်းကွက်ကို ထုတ်သုံးလိုက်တော့သည်။ တဒင်္ဂအတွင်းမှာပင် သူသည် ရှီရွှင်ချောင်းကို လက်သီးဖြင့် ထိုး၏။ ရီလင်တန်းကို ခြေထောက်ဖြင့် ကန်သည်။ ကျွန်းဆုံကျီးကို ဦးခေါင်းဖြင့် တိုက်ပြီး ချင်လိရှန်၏ ဓားကို လုယူလိုက်တော့သည်။

ထိုသိုင်းကွက်သည် မြင်ဖူး တွေ့ဖူးနေကျ မြေပြန့် သိုင်းပညာ မဟုတ်သဖြင့် ရှီရွှင်ချောင်းတို့ အားလုံးမှာ မည်သည့် အကွက်ဖြင့် ပြန်လည် ခုခံရမည်ကိုပင် မစဉ်းစားနိုင်အောင် ဖြစ်သွားကြ သည်။ စိုးလည်း စိုးရိမ်မိတော့သည်။

ထိုစဉ် ကျောက်မိန်က ဟန်ပန်မင်မောင်း အပြည့်ဖြင့် အော်ဟစ်လိုက်သည်။ ဖြတ်ထိုးဉာဏ် ကောင်းလှသော ကျောက်မိန်ပါပေ။

'ဒီလူတွေဟာ ငါတို့ မွန်ဂိုတွေရဲ့ သိုင်းပညာကို အထင်သေး နေတယ်၊ စစ်သူကြီး အားလုံးကို မှတ်လောက်သားလောက်အောင် ဆုံးမလိုက်စမ်း'



ထိုစဉ် ဟူကျင်းသည် တိုက်ခိုက်နေရင်းမှ ရုတ်တရက် ထိုင်ချလိုက်သည်။ ဟူတန်း လေးဖော်သည်လည်း ဟူကျင်း၏ အပြုအမူကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားကြပြီး သူတို့၏ ဓားများကို ရုတ်တရက် ပြန်ရုပ်သိမ်းလိုက်ကာ အခြေအနေကို စောင့်ကြည့်လိုက်ကြသည်။ စောင့်ကြည့်သည်ဆိုသည့် အချိန်မှာ မျက်စိတစ်မှိတ်မျှလောက်သော အချိန်ကို ဆိုလိုခြင်းဖြစ်သည်။

သူတို့လေးဦးသည် ချက်ချင်း တစ်ပြိုင်နက်တည်း တိုက်ခိုက်လိုက်ကြခြင်း ဖြစ်ပေသည်။ ရှီရွှင်ချောင်း၊ ရီလင်တန်းနှင့် ကျွန်းဆုံကျီးတို့က ရှေ့ဘက်မှ ဓားများဖြင့် ထိုးခိုက်လိုက်သည်။ ချင်လိရှန်မှာမူ သူ၏ဓားကို ဟူကျင်းက လုယူလွှင့်ပစ်ထားသဖြင့် သူ့ဓားမရှိတော့ချေ။ သို့သော် မော်ကုဆန်း၏ဓားကို သိမ်းဆည်းထားသူဖြစ်သဖြင့် ထိုဓားဖြင့် ဟူကျင်း၏ နောက်ကျောကို တိုက်ခိုက် လိုက်တော့သည်။

ထိုစဉ် ဟူကျင်းသည် ခြေထောက်ကို တစ်ချက်လွှဲ၍ ခတ်လိုက်သောအခါ မြေပြင်၌ မွှေးမွှေးလူးလိမ့်မျှ ကျဆင်းနေသည့် နှင်းပွင့်နှင်းခဲများသည် ဟူတန်းလေးဖော်၏ မျက်နှာများပေါ်သို့ ကျရောက်ကုန်တော့သည်။ ထို့ကြောင့် လေးယောက်စလုံး နောက်သို့ ပြန်ဆုတ်လိုက်ကြရသည်။ သို့သော် ဟူကျင်းက သူတို့ထက် ပိုမြန်သဖြင့် ရီလင်တန်း၏ ခြေထောက်ကို ဖမ်းကိုင် ဆွဲလိမ့်လိုက်ပြီး အကြော

www.burmeseclassic.com



သုံးခုကို ထိုးပိတ်လိုက်သည်။ တစ်ဆက်တည်းပင် မြေပြင်မှနေ၍ ကျွမ်းထိုး ထလိုက်ပြီး လေထဲဝဲပျံကာ ချင်လိရှန်၏ ဦးခေါင်းကို ဒူးနှင့် တိုက်လိုက်ရာ ချင်လိရှန် ဝုန်းခနဲ မှေ့လဲကျသွားတော့၏။

ချိုးရွှင်ချောင်းသည် ချင်လိရှန်ကို ကယ်တင်ရန် ပြေးလာသည်။ ဟူကျင်းက ကျောပေးပြီး ရုတ်တရက် ထိုင်ချလိုက်သဖြင့် ချိုးရွှင်ချောင်း၏ ရင်ခွင်ထဲသို့ တိုးဝင်သလို ဖြစ်သွားသည်။

ချိုးရွှင်ချောင်းသည် မည်သို့မျှ မရှောင်တိမ်းနိုင်တော့၊ လက်ဝါးစောင်းဖြင့် ဟူကျင်း၏ ကျောပြင်ကို ရိုက်ချလိုက်ရန် ရွယ်လိုက်သည်။ ထိုစဉ် ဟူကျင်း၏ တံတောင်ဆစ်သည် ချိုးရွှင်ချောင်း၏ ရင်ဝရှိ အကြောကို ထိုးပိတ်လိုက်သည်။ ချိုးရွှင်ချောင်းသည်လည်း ပျော့ခွေကျသွားတော့သည်။

ကျန်းဆုံကျီးသည် သူတို့လေးယောက်အနက် သူတစ်ယောက်တည်း ကျန်ရှိနေသည်ကို တွေ့လိုက်ရသောအခါ သူလည်းစကန် ရှုံးနိမ့်မည်ကို သိလိုက်မိသည်။ သို့သော် သူသည် လုံးဝ နိုးနိုးပျော့ယာခတ်ခြင်းမရှိဘဲ ဟူကျင်းကို တည်ငြိမ်စွာဖြင့်ပင် တိုက်ခိုက်လိုက်သည်။

ကျန်းဆုံကျီး၏ တည်ငြိမ်သော စိတ်ထားနှင့် ပိရိသေသပ်လှသော ဓားသိုင်းကွက်များကို တွေ့လိုက်ရသောအခါ ဟူကျင်း၏ စိတ်ထဲတွင် ချီးကျူးမိလိုက်သည်။



'ငါတို့ ဟူတန်းဂိုဏ်းရဲ့ ဓားသိုင်းက တကယ့် ဓားသိုင်းပညာကိုး၊ ငါသာ ဒီလို ထူးထူးဆန်းဆန်း ပညာတွေ တတ်မထားရင် ငါ့ဦးကြီး၊ ဦးလေးတွေကို ဘယ်လိုမှ ယှဉ်ပြိုင်နိုင်မှာ မဟုတ်ဘူး'

ထိုစဉ် ကျန်းဆုံကျီးက သူ၏ရင်ဘတ်ကို ဓားနှင့် ထိုးလိုက်သည်။ ဟူကျင်းသည် ခေါင်းငုံ့၍ ဓားဦးကို သူ၏ဦးခေါင်းနှင့် ထိုးခံလိုက်သည်။

သို့သော် တစ်ပြိုင်နက်တည်းပင် ကိုယ်ကို လှဲချလိုက်သဖြင့် ကျန်းဆုံကျီး၏ ဓားချက်လွဲသွားရသည်။

ဟူကျင်းကမူ ကျန်းဆုံကျီး၏ ချက်အောက်ရှိအကြောနှင့် ခြေသလုံးကြောကို ထိုးပိတ်လိုက်သည်။ ထိုစဉ် ကျန်းဆုံကျီးသည် ရုတ်တရက် ရှူးရှူးဝါးဝါး အော်ဟစ်လိုက်ပြီး တစ်ကိုယ်လုံး တွန့်လိမ်လျက် မျက်ဖြူလန်ကာ အသက်ထွက်သွားတော့သည်။ ထိုအဖြစ်ကြောင့် ဟူကျင်းသည် အကြီးအကျယ် ထိတ်လန့်သွားတော့သည်။

သူ ထိုးပိတ်လိုက်သည့် အကြောများအားလုံးသည် မည်သို့မျှ အသက်အန္တရာယ် မရှိနိုင်သော အကြောများဖြစ်သည်။ ယခု အဘယ်ကြောင့် ဤသို့ ဖြစ်သွားရသနည်း။ ဟူကျင်းသည် စောင့်ရှုများ ပြန်လာပြီး ကျန်းဆုံကျီး၏ ထွက်သက်ဝင်သက်ကို စမ်းသပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကျန်းဆုံကျိုးသည် ဟူကျင်း၏ ဦးခေါင်း၌ ဖုံးအုပ်ထားသော ပဝါကို ဆွဲချွတ်လိုက်လေတော့သည်။ ကျန်းဆုံကျိုးနှင့် ဟူကျင်းတို့ နှစ်ယောက်စလုံး ကျောက်ရုပ်ကြီးများနှယ် ဖြစ်သွားကြတော့သည်။

အတန်ကြာသောအခါမှ...

'ကောင်းတယ် ဟူကျင်း၊ မင်းကိုး...၊ သိပ်တော်တယ်၊ ငါတို့အပေါ် မင်း ဒီလို ဆက်ဆံခဲ့တာတွေကတော့ တို့ ဆယ်သက် မမေ့တော့ပါဘူး'

ကျန်းဆုံကျိုးသည် ပြောရင်း ပြောရင်းမှ အသံတိမ်ဝင်သွားတော့သည်။ သူ၏ မျက်နှာတွင် ဒေါသနှင့် ကြေကွဲမှုများ ရောထွေးနေတော့သည်။ မျက်ရည်ပေါက်ကြီးများလည်း တစ်ပေါက်ချင်း ကျလာတော့သည်။

အမှန်စင်စစ် ကျန်းဆုံကျိုးသည် သူ့ကိုယ်သူ သေလူအဖြစ် သဘောထားလိုက်ပြီးဖြစ်သည်။ အကယ်၍ မိမိ သေသွားခဲ့လျှင် မိမိအား သတ်သွားသူသည် မည်သူမှန်း သိလိုက်ကြတော့မည် မဟုတ်ချေ။ ထို့ကြောင့် ယခုကဲ့သို့ ပရိယာယ်ဆင်ပြီး ဟူကျင်း၏ ပုဝါကို ချွတ်ချလိုက်ခြင်း ဖြစ်တော့သည်။

ဟူကျင်းသည် သူ မမျှော်လင့်သည့် အခြေအနေသို့ ရောက်လာသောအခါ ငေးကြောင်နေပြီး မည်သည့်စကားကိုမျှ ပီပီသသ မပြောနိုင်ဘဲ ဖြစ်နေသည်။



'ဦးကြီး... ကျွန်...ကျွန်တော် မဟုတ်ဘူး၊ ကျွန်... ကျွန်တော် ဦးလေး မော်ကုဆန်းကို မသတ်ဘူး'

ကျန်းဆုံကျိုးသည် တဟားဟား ရယ်လိုက်ရင်း...

'ကောင်းတယ်၊ သိပ်ကောင်းတယ်၊ မထူးပါဘူးကွာ၊ အခု ငါတို့လေးယောက်ကိုပါ သတ်လိုက်ပါတော့၊ အစ်ကိုကြီး... အစ်ကိုလေး... ညီလေး... အားလုံး ကြည့်လိုက်ကြစမ်း၊ မော်ကုဆန်းကို သတ်တဲ့လူဟာ တခြားလူ ဟုတ်ရိုးလား၊ ငါတို့ ရင်ထဲ အသည်းထဲမှာ သားတစ်ယောက်လို ချစ်ခဲ့ရတဲ့ ဟူကျင်းတဲ့ဟေ့၊ ဟား... ဟား... ဟား'

ကျန်းဆုံကျိုးသည် ရူးသွပ်သွားသည့်နှယ် အတောမသတ်နိုင်အောင် ရယ်နေတော့သည်။ သို့သော် သူ ရယ်သံသည် တဖြည်းဖြည်း ငိုသံပါလာတော့သည်။

ရိုးရွှင်ချောင်းတို့ သုံးယောက်မှာမူ အံ့ဩကြေကွဲလွန်းလှသဖြင့် လုံးဝ စကားမပြောနိုင်တော့ဘဲ ငေးကြောင် ကြည့်နေမိကြတော့သည်။

ဟူကျင်းသည် မည်သို့မျှ မဖြေရှင်းတော့။ သူ၏ဦးနောက်များ ရှုပ်ထွေးလွန်းလှသဖြင့် သူ့ကိုယ်သူ သတ်သေရန် ဓားကို မြှောက်လိုက်တော့သည်။ ထိုစဉ် ကျောက်မိန်က ရုတ်တရက် အော်ဟစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟူကျင်း ရှင် ယောက်ျားမဟုတ်ဘူးလား၊ သူများတွေက အဖြစ်မှန်မသိဘဲ အထင်လွဲနေကြတာကလေးကို ခံနိုင်ရည် မရှိဘူးလား၊ ဘယ်တော့ဖြစ်ဖြစ် အမှန်တရားကို ဖုံးကွယ်ထားလို့ မရပါဘူး၊ တစ်နေ့တော့ အဖြစ်မှန် ပေါ်လာမှာပဲ၊ ရှင့်ဦးလေးကို သတ်တဲ့ တရားခံအစစ်ကို ရှာပေါ့၊ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို သတ်သေရမှာလဲ'

ဟူကျင်းသည် ဆတ်ခနဲ တုန်လှုပ်သွားပြီး သတိပြန်ဝင်လာသည်။ ဟုတ်ပေသားပဲ၊ ငါ ယောက်ျားပဲ။ ဟူကျင်းသည် ကျောက်မိန်၏ စကားများမှန်ကန်လှကြောင်းကို သိနားလည်မိသဖြင့် ကျောက်မိန်ထံမှ အကြံဉာဏ်များ ထပ်တောင်းလိုက်သည်။

'ကျောက်မိန်... ငါတို့ အခု လောလောဆယ် ဘာလုပ်ကြရင် ကောင်းမလဲဟင်'

ဟူကျင်းသည် ပြောရင်း ကျောက်မိန်နားသို့ လျှောက်သွားလျက် သူမ၏ ပိတ်နေသော အကြောများကို ဖွင့်ပေးလိုက်သည်။ ကျောက်မိန်သည် ဟူကျင်းအား နစ်သိမ့်လိုက်လေသည်။

'ရှင် ဘာမှ စိတ်မညစ်နဲ့နော်၊ ရှင့် အလင်းမာန်ဂိုဏ်းမှာ လူတော်တွေ အများကြီး ရှိသလို ကျွန်မမှာလဲ လူတော်တွေ အများကြီး ရှိနေတာပဲ၊ ဒီလူတွေနဲ့ ဒီ လူသတ်တရားခံကို တွေ့အောင် ရှာနိုင်ပါတယ်'



ထိုစဉ် ကျန်းဆုံကျိုးက အော်ပြောလိုက်သည်။

'ဟူကျင်း... မင်းမှာ လူစိတ်နည်းနည်းလောက် ရှိသေးတယ်ဆိုရင် ငါတို့ကို အခုချက်ချင်း လာသတ်လိုက်စမ်းပါ၊ မင်းကို ငါတို့ရဲ့ ရန်သူ မွန်ဂိုမနဲ့ ပူးပူးကပ်ကပ် စကားပြောနေတာ မမြင်ချင်ဘူး'

ဟူကျင်းသည် ကျန်းဆုံကျိုးကို မည်သို့ ပြန်ပြောရမှန်း မသိတော့ချေ။ သူ့မှာ အရှုးမီးဝိုင်းသကဲ့သို့ မည်သည့်အရာကိုမျှ ဖြေရှင်းနိုင်စွမ်း မရှိတော့ချေ။ ထို့ကြောင့် ကျောက်မိန်က ပြောလိုက်သည်။

'ဟူကျင်း... ကျွန်မတို့ ပထမဆုံး လုပ်ရမယ့်အလုပ်က အလင်းကို သွားကယ်ဖို့ပဲ၊ နောက်မှ ရှင့်အဖေကြီးကို သွားရှာရမယ်၊ ဒီလို ရှာနေတုန်းမှာ ရှင့်ဦးလေး မော်ကုဆန်းကို သတ်တဲ့ တရားခံကိုပါ တစ်ခါတည်း စုံစမ်းပေါ့၊ နောက်ပြီး ရှင့်ညီမလေး အားလီကို သတ်တဲ့ တရားခံကိုလဲ ရှာရမယ်'

ဟူကျင်းသည် ကျောက်မိန်၏ စကားကြောင့် အလွန် အံ့ဩသွားပြီး အလျင်အမြန် မေးလိုက်သည်။

'ကျောက်မိန်... မင်း... မင်း ဘာပြောလိုက်တယ်'

ကျောက်မိန်သည် တည်ငြိမ်အေးဆေးစွာဖြင့် ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မက ရှင့်ကို မေးစမ်းပါရစေဦး၊ ရှင့် ဦးလေး မော်ကုဆန်းကို ရှင် သတ်သလား၊ ဘာဖြစ်လို့ ရှင့်ဦးကြီး၊ ဦးလေးတွေက ရှင်မှ ရှင်ပါပဲလို့ စွပ်စွဲနေရတာလဲ၊ အားလီကိုကော ကျွန်မ သတ်သလား၊ ရှင်ကကော ဘာဖြစ်လို့ ကျွန်မသတ်တယ်လို့ ထင်နေရတာလဲ၊ ကျွန်မအဖြစ်က ရှင့်အဖြစ်နဲ့ အတူတူပေါ့၊ ကိုယ်ချင်းစာကြည့်ပါဦး'

ဟူကျင်းသည် ကျောက်မိန်၏ စကားများကို ကြားလိုက်ရသောအခါ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်သွားတော့သည်။ ထို့ကြောင့် စိတ်ထဲ၌ သံသယ ဖြစ်သွားသည်။

'ကျောက်မိန်လဲ ငါ့လို အထင်လွဲခံရတာများလား'

'ကျွန်မမေးမယ်၊ ရှင့်ဦးလေးတွေကို ဝိတ်ထားတဲ့ အကြောင်းတွေက ဘယ်အချိန်ကျမှာ ပြန်ဖွင့်နိုင်မှာလဲ'

'နောက် ဆယ်နှာရီလောက်ကြာမှ ဖွင့်နိုင်မယ်'

'ဒါဖြင့်ရင် ကျွန်မတို့ ရှင့်ဦးကြီး၊ ဦးလေး လေးယောက်ကို ဓူထဲ ပြန်ထည့်ထားလိုက်မယ်၊ လူသတ်တရားခံ မတွေ့မချင်းမှာတော့ ရှင် သူတို့နဲ့ ဘယ်လိုမှ မျက်နှာချင်းဆိုင်လို့ မဖြစ်တော့ဘူး'

ဟူကျင်းအနေဖြင့် ထူပူနေပြီဖြစ်ရာ စဉ်းလည်း မစဉ်းစားတတ်တော့။ မည်သို့ လုပ်ကိုင်ရမည်ကိုလည်း မသိတော့။



ထို့ကြောင့် ကျောက်မိန် ပြောသည့်အတိုင်း လိုက်လုပ်ရတော့လေသည်။

ထိုစဉ် ပြင်းထန်လှသော မြင်းခွာသံများကို ခပ်ဝေးဝေးမှ ကြားလိုက်ရတော့သည်။ မြောက်ဘက်မှ တောင်ဘက်သို့ လာနေသော မြင်းခွာသံများ ဖြစ်သည်။

မြင်းအရေအတွက်က သုံးကောင်။

✤ ✤ ✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



# ရွှေသံ့စင်း ဘယ်ဆီသယ်ဝယ်

F - 16 (A)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈၇)

## ခြသေ့်မင်း ဘယ်ဆီဘယ်ဝယ်

မြင်းခွာသံများ ကြားလိုက်ရသည်နှင့် ကျောက်မိန်သည် ဟူကျင်းအား အချက်ပေး လက်ပြလိုက်သည်။ အနီးရှိ ကျောက်တုံးများ၏ နောက်ကွယ်၌ ဝင်ရောက်ပုန်းအောင်းနေလိုက်ရန် ဖြစ်သည်။

ဟူကျင်းသည် ရှေးဦးစွာ သူ၏ ဦးကြီး၊ ဦးလေးများကို ကျောက်တုံးကြီးများ နောက်ကွယ်သို့ ပို့ထားလိုက်သည်။ သူတို့ ပုန်းကွယ်လိုက်သည်မှာ အချိန်မီရုံကလေးမျှသာ ဖြစ်သည်။ ခဏနည်း ငယ် နောက်ကျသွားပါက ထို မြင်းသမားများက သူတို့အား အလျင်းမှာ တွေ့သွားကြပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ပုန်းကွယ်ပြီးကြည့်သည်နှင့် ကဆုန်စိုင်းလာသော မြင်းများကို တွေ့လိုက်ကြရသည်။ သူတို့ အသေအချာ စူးစိုက်ကြည့်လိုက်သော အခါ ရှေ့ဆုံးမှ ပြေးနေသော မြင်းတစ်ကောင်ကို နောက်မှ မြင်း နှစ်ကောင်က အမီလိုက်နေကြကြောင်း တွေ့ကြရသည်။

ဟူကျင်းသည် အားလုံးထက် မျက်စိရှင်သူ ဖြစ်သဖြင့် လွှတ်ခနဲ ပြောလိုက်မိသည်။

'ဟင်... ဆို့ချင်းစူးပါလား'

ကျောက်မိန်က အရေးတကြီး ပြောလိုက်သည်။

'သူ့ကို မြန်မြန် တားလိုက်စမ်းပါ'

'ဘာဖြစ်လို့ တားရမှာလဲ'

'ဟူကျင်း... ရှင်က ဘာဖြစ်နေတာလဲ၊ သူတို့ ဘုရား ကျောင်းထဲမှာ ပြောနေကြတဲ့ စကားတွေကို မေ့သွားပြီလား'

ဟူကျင်းသည် ထိုအခါကျမှ သဘောပေါက်သွားသည်။ ကျောက်ခဲတစ်လုံးကို ကောက်ယူလိုက်ပြီး လက်ဖြင့် တောက်ချ လိုက်သည်။

ဆို့ချင်စူး စီးသော မြင်း၏ ရှေ့ခြေထောက်ကို ထိမှန်၍ မြင်းမှာ လဲကျသွားတော့သည်။



ကျောက်မိန်သည် အလွန်ပင် အကွက်မြင်သူဖြစ်သည်။ ဆို့ချင်းစူး မြင်းပေါ်မှ ကျသည်နှင့်တစ်ပြိုင်နက် ရှိုးရှင်ချောင်း၏ အကြောကို ထိုးပိတ်လိုက်တော့သည်။ ထို့ကြောင့် ရှိုးရှင်ချောင်းသည် သူ့သားကို အော်ဟစ်၍ အကြောင်းကြား အသိမပေးနိုင်တော့ချေ။

နောက်မှ မြင်းကို ဒုန်းစိုင်းစီးလျက် အပြင်းလိုက်လာသူ နှစ်ယောက်ကို တွေ့မြင်လိုက်ရသောအခါ ဟူကျင်း အလွန် အံ့အား သင့်သွားသည်။ လိုက်လာသူများမှာ ကျန်းပန်နဂါးခေါင်းနှင့် ချန်ရိုတို့တည်။ ထို့ကြောင့် ဟူကျင်း၏ စိတ်ထဲတွင် တွေးနေမိသည်။

'ဒီကောင်တွေ ချန်ပေတောင်ကို သွားပြီး အတိတ်မေ့ဆေး ဆော်မလို့ ပြောထားကြပြီးမှ အခုတော့ ဘယ့်နယ် တစ်ယောက်က ပြေး၊ နှစ်ယောက်က လိုက်နေကြရတာလဲ မသိဘူး'

သို့သော်... ချက်ချင်းပင် အဖြေကို စဉ်းစားမိလိုက်ပြန် သည်။

'ဟုတ်ပြီ... ဟုတ်ပြီ၊ ကေန္တ ဆို့ချင်းစူး အမြင်မှန် ရသွားလို့ ထွက်ပြေးလာတာ ဖြစ်ရမယ်၊ အခု သူတို့ပြောလာတဲ့ ပုံစံအတိုင်း ဆိုရင် ငါတွေးတာ မှန်မှာပဲ၊ ဆို့ချင်းစူးကို ကယ်ရမယ်'

ဟူကျင်း ဤသို့ တွေးနေစဉ်မှာပင် ကျန်းပန် နဂါးခေါင်းနှင့် ချန်ရိုတို့က ဆို့ချင်းစူး အနီးသို့ ရောက်နေကြပေပြီ။ ကျန်းပန် နဂါးခေါင်းက ဒေါသတကြီးဖြင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆို့ချင်းစူး... မင်းက ညကြီးမင်းကြီး တို့ မသိအောင် ထွက်ပြေးတာ ဘာသဘောလဲ၊ တို့ကို သစ္စာဖောက်တာပေါ့၊ တို့ သတင်းကို သွားပေးမလို့ပေါ့ ဟုတ်လား၊ မင်း အဖေကို ဒီသတင်း သွားပေးမယ်ဆိုပြီး ထွက်ပြေးတာပေါ့ ဟုတ်လား'

ဓားတဝင့်ဝင့်ဖြင့် ပြောဆိုနေသော သူ၏ ဟန်ပန်မှာ အလွန် ဒေါသထွက်နေကြောင်း သိသာထင်ရှားလှသည်။ ဆို့ချင်းစူးအား ယခုချက်ချင်း ခုတ်ထစ်သတ်ဖြတ်တော့မည့်ပုံ ပေါက်နေသည်။

ရှိုးရွှင်ချောင်းမှာ သူ၏သားအတွက် စိုးရိမ်ပူပန်နေမိသည်။ သူက တောင်းပန် အားကိုးသောအကြည့်ဖြင့် ဟူကျင်းကို လှမ်းကြည့် လိုက်သည်။ ဟူကျင်း စိတ်မပူရန် လက်ဟန်နှင့် ပြလိုက်ပြီး ခေါင်း တစ်ချက် ညိတ်ပြလိုက်သည်။ ဟူကျင်း၏ အချက်ပြမှုကြောင့် ရှိုးရွှင် ချောင်း အနည်းငယ် အေးချမ်းမှု ရသွားသည်။

ထိုအခါ ဆို့ချင်းစူးက ပြန်လည် အော်ဟစ်လိုက်သည်။

'ကျုပ်က ကျုပ်အဖေဆီကို သတင်းပေးဖို့ ခုလို ထွက်ပြေး လာတာ မဟုတ်ဘူး'

ကျန်းပန်နဂါးခေါင်းက ခနဲ့ပြုံး ပြုံးရင်း ထပ်မေးလိုက် သည်။

'ဒီလိုဆိုရင် ဂိုဏ်းချုပ်ကြီးက မင်းကို ငါတို့နဲ့လိုက်ပြီး ဆေး ရှာဖို့ အမိန့်ပေးထားလျက်နဲ့ ဘာဖြစ်လို့ ညကြီး မင်းကြီး ထွက်ပြေး ရတာလဲ'



ဆို့ချင်းစူးက...

'ခင်ဗျားတို့ ဘာမှ စာနာတရား မရှိဘူး၊ ခင်ဗျားတို့မှာ အဖေ အမေ မရှိဘူးလား၊ ခင်ဗျားတို့ရဲ့ အဖေအမေကို ပြန်လုပ်ကြံ နိုင်းရင် ခင်ဗျားတို့ လုပ်မလား၊ ကျုပ်အဖေကို ပြန်လုပ်ကြံနိုင်းတာကို ကျုပ် ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး'

ကျန်းပန်နဂါးခေါင်းက...

'ဒီလိုဆိုရင် မင်းက ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ကို အာခံတာ ပေါ့၊ တို့ဂိုဏ်းကို သစ္စာဖောက်တာပေါ့၊ ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ကို အာခံရင် ဘယ်လို အပြစ်မျိုး ခံရမယ်ဆိုတာ မင်းသိရဲ့လား'

ထိုအခါ ဆို့ချင်းစူးက ချောက်ကပ်ကြေကွဲစွာ ပြောလိုက် သည်။

'ကျုပ်မှာ နဂိုကတည်းက မကြံကောင်းမစည်ရက် ဆိုးဆိုး ဝါးဝါး အပြစ်ကြီးတစ်ခုကို ကျူးလွန်ထားခဲ့တဲ့လူပဲ၊ ကျုပ်လုပ်ခဲ့တဲ့ အပြစ်က ကျုပ်ကို အမြဲတမ်း သတိပေးနေတယ်၊ ဒီရက်တွေထဲမှာ ကျုပ် အိပ်ကို မအိပ်ရဲဘူး၊ မျက်စိမှိတ်လိုက်တာနဲ့ ကျုပ်ရဲ့ ဦးလေး ဖော်ကုဆန်းက အမြဲချောက်လှန့်နေတာပဲ၊ ကျုပ် ဦးလေးလိပ်ပြာက ကျုပ်နားမှာပဲ လာလာကပ်နေတယ်၊ ခင်ဗျားတို့ ကျုပ်ကို သတ်ချင် တယ် မဟုတ်လား၊ ကျုပ် မကြောက်ဘူး၊ အခုချက်ချင်းသတ်လိုက် ကြ၊ ကျုပ်က ခင်ဗျားတို့ကို ကျေးဇူးတောင် တင်လိုက်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းပန်နဂါးခေါင်းသည် သူ၏ဒေါသကိုမထိန်းနိုင်တော့။ သူ၏ဓားကို ကိုင်မြှောက်ပြီး ဓားကိုလွှဲစုတ်ရန် ဟန်ပြင်လိုက်သည်။

'ကောင်းပြီ၊ ဒီလောက် သေချင်တဲ့ကောင် သေပေတော့'

သို့သော် ချိန်ရှိ ရုတ်တရက် ဝင်ပြောလိုက်သည့် စကားကြောင့် ဓားသည် ဆို့ချင်းစူးအပေါ်သို့ မကျတော့ဘဲ လေထဲတွင် ရပ်တန့်သွားတော့၏။

'နဂါးခေါင်းကြီး၊ သူ ကျုပ်တို့နဲ့ သဘောတူပြီးပြီပဲ၊ ဘာဖြစ်လို့ သတ်နေတော့မှာလဲ၊ သူ့ကို လွှတ်လိုက်ပါ'

ကျွန်းပန်နဂါးခေါင်းသည် အလွန်အံ့ဩလှသဖြင့် ချိန်ရှိ၏ စကားကို ပဲ့တင်သကဲ့သို့ ပြန်ရိုက်လိုက်မိသည်။

'သူ့ကို လွှတ်လိုက်ပါ ဟုတ်လား'

'ဟုတ်တယ်… သူဟာ သူ့ရဲ့ ဦးလေး မော်ကုဆန်းကို သူ ကိုယ်တိုင် သတ်လိုက်တာပဲ၊ သူ့ဂိုဏ်းက ဒီအတိုင်း နေမလား၊ မော်ကုဆန်းကို သတ်တဲ့ တရားခံကို မြေလှန်ရှာမှာပေါ့၊ ဒီတော့ သူ့ဂိုဏ်းက သူ့ကို ပြန်သတ်မှာပဲ၊ ဒီလို သစ္စာတရားမရှိတဲ့ ကောင်မျိုးကို ကျုပ်တို့ သတ်ဖို့ မလိုပါဘူး'

ဟွာကျင်းသည်လည်းကောင်း၊ ဟွာတန်းလေးဖော်သည်လည်းကောင်း ထိုစကားကို ကြားလိုက်ရသောအခါ တုန်လှုပ်



ချောက်ချား သွားကြတော့သည်။ လက်စသတ်တော့ မော်ကုဆန်းကို သတ်သည့် တရားခံသည် ဆို့ချင်းစူးပေကိုး။

ထိုအခါ ဆို့ချင်းစူးက ဒေါသသံဖြင့် ပြန်အော်လိုက်သည်။

'ချိန်ရှိ… ခင်ဗျားက ဘယ်လိုလဲ၊ ဒီသတင်းကို ဘယ်သူ့ကိုမှ မပြောပါဘူးဆို၊ ခင်ဗျား ကျုပ်ကို ဘယ်လို ကတိပေးထားသလဲ၊ ခင်ဗျား မပြောလို့ကတော့ ကျုပ်အစေ ဘယ်လိုမှ သေနိုင်ဘူး'

ချိန်ရှိက အေးစက်ကောက်ကျစ်သော အပြုံးကို ပြုံးလိုက်သည်။

'ဩ… မင်းကွ ငါ့ရဲ့ကတိကိုတော့ မမေ့ဘူး၊ မင်း ငါ့ကို ပေးခဲ့တဲ့ ကတိကျတော့ မေ့နေတယ် ဟုတ်လား၊ မင်းက မင်းရဲ့ ကတိကို အရင်ဆုံးဖျက်တာ၊ ဒီတော့ ငါ့ရဲ့အပြစ် မဟုတ်တော့ဘူး'

'ခင်ဗျားက ကျုပ်ကို ကျုပ်ရဲ့ ဆရာဘိုးဘိုးနဲ့ အစေတို့ကို အဆိပ်ခတ် သတ်မိုင်းတာကိုတော့ ကျုပ် ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး၊ ဒီပြင် အလုပ်ဆိုရင်တော့ ကျုပ် လုပ်ပေးနိုင်တယ်'

'ဆို့ချင်းစူး မင်းဟာ တိမ်မဖယောင်နဲ့နက်၊ လွယ်မဖယောင်နဲ့ ခက်ဆိုတာလို တယ်အပြောရခက်ဆိုရ ကြပ်ပါလား၊ ငါတို့က မင်းကို ဘယ်မှာ အဆိပ်ခတ်နိုင်းလို့လဲ၊ အဆိပ် မဟုတ်ပါဘူး၊ ဆေးဆေးပါလို့ ပြောပြီးပြီပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဆို့ချင်းစူးက ဒေါသတကြီးဖြင့် အော်လိုက်သည်။

'မဟုတ်ဘူး... မဟုတ်ဘူး... ခင်ဗျားပြောတာတွေ တစ်ခုမှ မဟုတ်ဘူး၊ ခင်ဗျားတို့ ဖော်မယ့်ဆေးက ဓာဆေး မဟုတ်ဘူး၊ အခု ခင်ဗျားတို့ ရှာထားတဲ့ အကောင်တွေဟာ တကယ့် အဆိပ် အပြင်းဆုံး အကောင်တွေ၊ ဒီကောင်တွေကနေ ထုတ်မယ့်ဆေးဟာ ဘယ်တော့မှ ဓာဆေး မဖြစ်နိုင်ဘူး၊ အဆိပ်ဆေးပဲ ဖြစ်ရမယ်'

ချန်ရှီသည် သူ၏ ခေါင်းအိမ်အတွင်း ဖြည်းညင်းစွာ ပြန်ထည့် လိုက်သည်။ ပြီးမှ အေးဆေးသော အသံဖြင့် ပြောလိုက်သည်။

'ဆို့ချင်းစူး မင်းဟာ ညသန်းခေါင်မှာ ဝါမေဂိုကားကချူကျူး ရဲ့အခန်းကို သွားချောင်းကြည့်လို့ မင်းရဲ့ ဦးလေးက တွေ့သွားတယ်၊ သူက မင်းကို တစ်လမ်းလုံး လိုက်ဖမ်းတယ်၊ နောက်ဆုံးဘက်ခန်းလဲ ရောက်ရော မင်းက သူ့ကို ရိုက်သတ်လိုက်တယ်၊ အခုဆိုရင် မင်း ကျူးလွန်ခဲ့တဲ့ အပြစ်ကို ပြန်ချေဖျက်လို့ မရတော့ပါဘူး၊ ဒီ အခြေ အနေ ရောက်မှတော့ ဘာဖြစ်လို့ နောက်ဆုတ်ချင်နေရတာလဲကွာ'

ဆို့ချင်းစူးသည် သူ၏ခေါင်းကို လက်နှစ်ဘက်ဖြင့် ဖျစ် ညှစ်ဆုပ်ကိုင်လျက် ယိမ်းယိမ်းယိုင်ယိုင်ဖြင့် ထလာပြီး အော်ဟစ် လိုက်သည်။



'ချန်ရှီ... လူယုတ်မာ၊ တိုနေ့ညတုန်းက ကျုပ်ဟာ ကျုပ် ဦးလေးရဲ့ လက်ချက်နဲ့ သေရတော့မှာ၊ ခင်ဗျားက ဘာဖြစ်လို့ ဝင်ကူ ရတာလဲ၊ ကျုပ်က ခင်ဗျားရဲ့ ထောင်ချောက်ထဲကို ဝင်ခဲ့မိတာပဲ'

ချန်ရှီက တဟားဟား ရယ်မောလျက် ပြောလိုက်သည်။

'ဩ... ဒီလိုဆိုရင် မော်ကုဆန်းရဲ့ နောက်ကျောမှာ ရိုက်ထား တဲ့ လက်ဝါးစောင်းဒဏ်က ဘယ်သူ့လက်ဝါးစောင်းဒဏ်လဲ၊ မင်း ရိုက်တာလား၊ ငါရိုက်တာလား၊ ငါက စေတနာနဲ့ မင်းရဲ့ ဂုဏ်သိက္ခာ ကို ကာကွယ်ပေးခဲ့တာ၊ မင်းကများ ငါ့ကို ပြန်အပြစ်တင်နေရတယ် ရှိသေးတယ်၊ ကောင်းပြီလေ၊ ဒါဆိုရင်လဲ ငါတို့ ပြန်တော့မယ်'

ဆို့ချင်းစူးသည် ချန်ရှီက လှည့်လှည့်ကူကူ ပြန်လှည့်လိုက် သည်ကို တွေ့ရသောအခါ အသည်းအေးသွားတော့သည်။ ကြောက် စိတ်များလည်း တစ်ကိုယ်လုံးသို့ ဖုံးလွှမ်းလာတော့သည်။

'ချန်...ချန်ရှီ ခင်ဗျား ကျုပ်ကို ဘယ်လိုနည်းနဲ့ ထပ်နှိပ်စက် ဦးမလို့လဲ'

ချန်ရှီက ရယ်မောလျက် ပြောလိုက်သည်။

'ဘယ်လိုနည်းနဲ့မှ မနှိပ်စက်ပါဘူးကွာ၊ မင်းက အရမ်းကာ ရော ကြောက်နေတာကိုးကွ၊ ကဲ... မင်းကို ဖွင့်ညွှန်းပေးခဲ့တော့ ပြရဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ထိုစကားကို အလွန် စိတ်ဝင်စားသွားသည်။ မည်သည့် ပစ္စည်းများ ပြသည်ကို ကြည့်လိုက်ချင်သည်။ သို့သော် ချန်ရှိတို့ မြင်သွားမည်ကို စိုးရိမ်ရသောကြောင့် ကြည့်ချင်စိတ်ကို မျိုသိပ်ထားလိုက်ရသည်။

ထိုစဉ် ဆို့ချင်းစူးက တအံ့တသြ ရေရွတ်လိုက်သည်။

'ဟင်... ဒါ... ဒါက ချူကျူးရဲ့ ပစ္စည်းပဲ၊ ဒါဟာ ဝါမေဂိုဏ်းရဲ့ အမှတ်အသားလက်စွပ်ပဲ၊ ခင်ဗျား ဘယ်က ရလာတာလဲ၊ ဒီလက်စွပ်ဟာ အင်မတန် အရေးကြီးတဲ့ လက်စွပ်'

ထိုစကားကို ကြားလိုက်ရသောအခါ ဟူကျင်း ထိတ်လန့်သွားတော့သည်။

'ငါနဲ့ ချူကျူး နောက်ဆုံးတွေ့တုန်းက ချူကျူးရဲ့ လက်ထဲမှာ ဒီလက်စွပ် ရှိသေးတာပဲ၊ ဒီလက်စွပ်မျိုးကို လူတတော ကိုင်နိုင်တာ မဟုတ်ဘူး၊ အခုတော့ ဘယ်လိုလုပ်ပြီး ချန်ရှိရဲ့လက်ထဲ ရောက်သွားခဲ့ရတာလဲ'

ချန်ရှိ ပြုံးရယ်၍ ပြောလိုက်သည်။

'ကျန်းပန်နဂါးခေါင်း အချိန်တွေ သိပ်ကြာနေပြီ၊ ကျုပ်တို့ သွားကြစို့၊ ကျုပ်တို့ဂိုဏ်းထဲမှာ ဒီလူမရှိတော့ဘူးလို့ သဘောထားလိုက်ကြတာပေါ့'



သူတို့သည် စကားဆုံးသွားသည်နှင့် ထွက်ခွာသွားကြတော့သည်။ သို့သော် ဆို့ချင်းစူးက အမောတကော လှမ်းတားလိုက်သည်။

'ချန်ရှိ... နေပါဦး၊ စောနေကြပါဦး၊ ချူကျူး ဘယ်မှာလဲ၊ အခု သူ ဘယ်မှာလဲ၊ ခင်ဗျားလက်ထဲ ရောက်နေပြီလား'

ချန်ရှိသည် နောက်ပြန်လှည့်ကြည့်ရင်း လှမ်းပြောလိုက်လေသည်။ ချန်ရှိသည် လူတစ်ယောက်၏ ပျောက်ကွက်ကို သိသူဖြစ်ပြီး စကားပြောလည်း အင်မတန် ကျွမ်းကျင်လှပေသည်။

'မင်း ဘာတွေ အော်မေးနေတာလဲ၊ မင်းမေးတာတွေကို ဖြေဖို့ အချိန်မရှိဘူး၊ တစ်ခုတော့ ငါပြောနိုင်တယ်၊ ငါဟာ အခုအထိ အိမ်ထောင် မရှိသေးဘူး၊ ငါကသာ တောင်းဆိုရင် ဂိုဏ်းချုပ်ကြီးဟာ ငါ့ကို ချူကျူးနဲ့ ပေးစားမှာပဲ'

ဆို့ချင်းစူး မရှုနိုင် မရှိုက်နိုင် ဖြစ်သွားသည်။ သူ၏ လည်ချောင်းတွင် တစ်စုံတစ်ခု တစ်ဆို့နေသကဲ့သို့ ခံစားလိုက်ရသည်။ ချန်ရှိက အပျော့ချွဲ့ဆွဲသည့် စကားမျိုးကို ဆက်ပြောလိုက်လေသည်။

'တကယ်တော့ ငါက သူများရဲ့ အချစ်ကို မလုလိုပါဘူးကွာ၊ မင်း ဒီလောက်အထိ ဒုက္ခရောက်ခဲ့ရတာဟာ ဒီမိန်းကလေးအတွက်ကြောင့်ပဲ မဟုတ်လား၊ မင်း ဒီလောက်ဒုက္ခခံပြီး ချစ်ခဲ့တဲ့ မိန်းကလေးကို ငါက ကြားဖြတ်ပြီး ယူလိုက်ရင် ဘယ်တရားရာ ကျပါ့မလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မင်းကိုပဲ ငါက ဦးစားပေးပါ့မယ်၊ ဒါပေမယ့် အခု မင်းက ငါတို့ဂိုဏ်းကို သစ္စာဖောက်ပြီဆိုတော့ မင်းကို ဘာမှ ငဲ့ညှာစရာ မလိုတော့ဘူးပေါ့'

ဆို့ချင်းစူးသည် နက်နဲစွာ ခေါင်းငုံ့ စဉ်းစားနေတော့သည်။ တစ်စုံတစ်ခုကို လုပ်သင့် မလုပ်သင့် ယတိပြတ် မစဉ်းစားနိုင်သဖြင့် အလွန် စိတ်ရှုပ်ထွေးနေဟန်လည်းတူသည်။

ထိုအခါ ကျောက်တုံးများ၏ နောက်ကွယ်မှ ရှိုးရွှင်ချောင်း မှာမူ...

ရှိုးရွှင်ချောင်းသည် ဟူကျင်းရှိရာသို့ လှမ်းကြည့်လိုက် သည်။ သူ၏ မျက်နှာတွင် မျက်ရည်များ ထိန်းမနိုင် သိမ်းမရ စီးကျ နေသည်ကို တွေ့ရှိရတော့သည်။ သူတစ်သက်တာ၌ အပြင်းထန်ဆုံး သော စိတ်ထိခိုက်မှုကို ခံစားနေရပေပြီ။ ထို အချိန်အတန့်အတွင်းမှာ ပင် ဆို့ချင်းစူးက...

'ချန်ရီ... နဂါးခေါင်း၊ ကျုပ် မှားသွားပါတယ်၊ ကျုပ်က တစ်ခါတစ်ရံ စိတ်မထိန်းနိုင်တဲ့အခါ အမှားတွေ ကျူးလွန်တတ် ပါတယ်၊ ကျုပ်ကို ခွင့်လွှတ်ကြပါ၊ ကျုပ် တောင်းပန်ပါတယ်'

ချန်ရီ ရွှင်လန်းသွားသည်။ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု သူ့ပခုံး ပေါ်မှ ကျသွားသည့်နှယ် သူ့စိတ်ထဲတွင် ပေါ့ပေါ့ပါးပါး ဖြစ်သွား သည်။ ထို့ကြောင့် တဟားဟား ရယ်လိုက်ရင်း...



'ကိစ္စမရှိပါဘူးကွာ၊ ငါတို့က ခွင့်လွှတ်ပါတယ်၊ ယောကျ်ား ဆိုတာ ဒီလို ကတိတည်မှပေါ့ကွ၊ မင်းကသာ ဟောဒီ မေ့ဆေးကို ဟူတန်းတောင်ကို ယူသွား၊ မင်းရဲ့ ဆရာဘိုးဘိုးနဲ့ မင်းရဲ့ အဖေတို့ရဲ့ အစားအသောက်တွေထဲမှာ ခတ်ထားလိုက်၊ ကျန်တဲ့အပိုင်းကို ငါတို့ ဆက်လုပ်မယ်၊ မင်း စိတ်အေးအေးသာထား၊ မင်းရဲ့ ဆရာဘိုးဘိုးနဲ့ အဖေကို ငါတို့က ဘာမှ မလုပ်ပါဘူး။ ငါတို့က ကျန်းဟူကျင်းကို အကြပ်ကိုင်မလို့ ဒီလိုလုပ်ရတာပါ'

ဆို့ချင်းစူးသည် သူ မရှင်းမလင်း ဖြစ်နေသည့်အချက်ကို မေးလိုက်သည်။

'အစ်ကိုကြီး ချန်ရီ ကျုပ် တစ်ခု မေးပါရစေ၊ ချူကျူးက ဘယ့်နှယ့် အစ်ကိုကြီးရဲ့လက်ထဲ ရောက်လာရတာလဲ၊ ဒီလောက် ချွယ်လွယ်ကူကူကလေးနဲ့ ရောက်လာတာကတော့ အကြောင်းရှိ လိမ့်မယ်နဲ့တူတယ်'

ချန်ရီသည် သူ၏ အကြံအစည်များ အောင်မြင်တော့မည် ဖြစ်သဖြင့် အလွန် ရွှင်လန်းနေရာ ရယ်ရယ်ပြုံးပြုံးဖြင့်ပင် လိုလို လားလား ပြောပြလိုက်သည်။

'ဒါကတော့ ကျွန်းပန်နဂါးခေါင်းရဲ့ ကျေးဇူးကြောင့်ပေါ့ကွ၊ ငါတို့ဂိုဏ်းဝင်တွေ အစည်းအဝေး မစခင် စားသောက်ဆိုင်မှာ စား သောက်နေကြတုန်းက လူစိမ်းသုံးယောက်ပါနေတာ တွေ့ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီထဲက တစ်ယောက်ဟာ ရှူကျူးဖြစ်တာ သိလိုက်ရတယ်၊ ဒါ
ကြောင့် ငါတို့က သူ့ကို စိတ်ခေါ်လိုက်တာပါ၊ စိတ်ချပါ၊ ရှူကျူး
အခု ဘာမှ မဖြစ်ပါဘူး၊ မှဲ့တစ်ပေါက် မွှန်းစေရဘူးဆိုတာ တာဝန်
ပါတယ်'

ဟူကျင်း အလွန် အံ့ဩသွားသည်။ မင်မောင်း အလျှံ
ကောင်းလှသော သူတောင်းစား ပိုက်သားများပါပေ။ ထိုနေ့က သူ
ရှိနေသည်ကို သူတောင်းစား ပိုဆိုးသားများ လုံးဝမသိဟု မှတ်ထင်
ကြသည်။ သို့သော် သူတို့သည် သိရှိနေပါလျက် မသိဟန်ဆောင်က
လျှချွေမပျက် ထွက်ခွာသွားခဲ့ကြခြင်းဖြစ်ကြောင်း ယခုမှ သိရတော့
သည်။ ချန်ရှိ၏ စကားတွင် ရုက်စွန်းအကြောင်း တစ်ခွန်းတစ်ပါဒမှ
ပါမလာသည်ကိုလည်း ဟူကျင်း သတိပြုလိုက်မိသည်။

ထို့နောက် သူတို့ သုံးယောက်စလုံး မြင်းစီး၍ ထွက်ခွာသွား
ကြတော့သည်။

သူတို့ သုံးယောက်စလုံး မြင်ကွင်းမှ လုံးဝ ပျောက်ကွယ်
သွားသည်အထိ ဟူကျင်း စောင့်ဆိုင်းနေလိုက်သည်။ လုံးဝ ပျော
ကွယ်သွားလျှင်သွားချင်း သူ၏ ဦးကြီး၊ ဦးလေးများ၏ ပိတ်နေသော
အကြောများကို ဖွင့်ပေးလိုက်သည်။ ဟူကျင်းသည် ချိုရွှင်ချောင်း
လေးယောက်ရှေ့တွင် ပြားပြားဝပ်မှောက်လျက် ဦးချ ကန်တော့ရင်း



'ဦးကြီး... ဦးလေးတို့ကို ဦးချကန်တော့ပြီး တောင်းပန်ပါ
တယ်၊ ကျွန်တော် ဘယ်လို ဖြေရှင်းရမှန်း မသိလို့ လုပ်မိလုပ်ရာ
ဒီလို စော်ကားခဲ့မိတာပါ၊ ဦးကြီးတို့ ကျွန်တော့်ကို ခွင့်လွှတ်ကြပါ
နော်'

ချိုရွှင်ချောင်းသည် သက်ပြင်းရှည်ကြီး တစ်ချက်သာ ချ
လိုက်သည်။ မည်သည့် စကားကိုမျှ မပြောတော့။ ရီလင်တန်းကမူ
ဟူကျင်းကို မွေ့ထူလိုက်ပြီး ကြေကွဲဝမ်းနည်းစွာ ပြောလိုက်မိသည်။

'ငါတို့တတွေ မင်းကို ခွင့်လွှတ်ဖို့ မလွှတ်ဖို့ဆိုတဲ့ စကား
ပြောဖို့ မလိုတော့ပါဘူး၊ ဒါပေမယ့် ဆို့ရှင်းစူးဟာ ဟင်း... ငါတို့
ကိုယ်တိုင် နားနဲ့ဆတ်ဆတ် မကြားလို့ကတော့ ဘယ်လိုနည်းနဲ့မှ
ယုံနိုင်ကြမှာ မဟုတ်ဘူး'

ချိုရွှင်ချောင်းသည် သူ၏ဓားကို ရွှမ်းခနဲ ဆွဲထုတ်လိုက်
သည်။ ချိန်ရှိတို့ ထွက်ခွာသွားရာသို့ ဓားဖြင့် ညွှန်ပြလိုက်ပြီး...

'ငါတို့ အခုချက်ချင်း နောက်ကလိုက်ကြစို့၊ ဒီကောင်တွေ
ခတ်အေးလက်အေး သွားနေကြမှာ၊ တို့လိုက်ရင် ကောင်းကောင်းမီ
မယ်၊ ဒီခွေးကောင်တွေကို သတ်ပစ်မယ်'

ကျန်းဆုံကျီးက ဖျောင်းဖျောင်းဖျဖျ ပြောလိုက်သည်။

'အစ်ကိုကြီး စိတ်အေးအေးထားပါ၊ ဒီကိစ္စဟာ အင်မတန်
ရှုပ်ထွေးနေတဲ့ ကိစ္စကြီးပါ၊ ကျွန်တော်တို့ ရေရှည် စဉ်းစားကြရမယ်၊
ခေါင်းအေးအေးထား စဉ်းစားကြရမယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ချိုရွှင်ချောင်းသည် မျက်ရည်များ စီးကျလာလျှ ရှိုက်ငင် ငိုကြွေးတော့သည်။ ကျန်လူများအားလုံးသည် ချိုရွှင်ချော ၏အဖြစ်ကို စာနာကြသဖြင့် မသာယာသော မျက်နှာဖြင့်သ ငေးကြည့်နေမိကြတော့သည်။

'ညီလေး... ညီလေး... မော်ကုဆန်း... မင်း... မင်း အစ်ကိုကြီးမျက်နှာ မပြရဲတော့ပါဘူး၊ အစ်ကိုကြီး သားအတွ အစ်ကိုကြီး အရှက်ရနေပါပြီ'

ချိုရွှင်ချောင်းသည် ရှိုက်ငင် ပြောဆိုနေရာမှ ဓားကို ရု တရက် ဆွဲထုတ်လိုက်ကာ သူ၏ လည်ပင်းကို လှီးဖြတ်လိုက်တော သည်။

ထိုသို့ ဖြစ်နိုင်သည်ကို ဟူကျင်း ကြိုတင်တွေးဆထားသ ဖြစ်ရာ သူ၏ အားပြောင်းအားလွှဲသိုင်းပညာဖြင့် ချိုရွှင်ချောင်း လက်မှ ဓားကိုလုယူလိုက်ရသည်။ ဟူကျင်းသည် ချိုရွှင်ချောင်း ထပ်တူနီးပါးမျှ လှုပ်ရှားလိုက်ခြင်းဖြစ်သော်လည်း ဓားသွားသ လည်ပင်းကို အနည်းငယ် ရှပ်ထိသွားသေးသည်။ ထို့ကြောင့် သွေ များ စို့ထွက်လာတော့သည်။

ရိုလင်တန်းသည် အရေးကြီးဆုံးသော သူတို့ လုပ်ဆော သင့်သည့် အချက်ကို ဝင်ပြောလိုက်သည်။



'အစ်ကိုကြီး... ဆို့ချင်းစူးရဲ့ကိစ္စကို ဘယ်အချိန်မဆို ဖြေရှင်းလို့ ရပါတယ်၊ အခုအချိန်မှာ အရေးကြီးဆုံးက ဆရာကြီး မှဲ့တစ်ပေါက် မစွန်းရအောင် ကာကွယ်စောင့်ရှောက်ဖို့ပဲ၊ တကယ်လို့ ကျွန်တော်တို့ထက် သူတို့ လက်ဦးသွားရင် ကျွန်တော်တို့ အားလုံး ရှင်ကိုးရတော့မှာပဲ'

ထိုစကားကို ကြားလိုက်ရသောအခါကျမှ ချိုရွှင်ချောင်းသည် သူ၏သတိကို ပြန်လည်ထိန်းနိုင်တော့သည်။ ဟူတန်ညီအစ်ကိုများ အမြဲတမ်း ဦးထိပ်ထားလျက် အရေးအကြီးဆုံးဟု သတ်မှတ်ထားသူမှာ သူတို့၏ ဆရာကြီး ကျန်းဆန်းဖုန်းပင် မဟုတ်ပါလား။

'ဟုတ်တယ်...၊ ဟုတ်တယ်...၊ ငါက ဟိုချွေးကောင်လေးအတွက်နဲ့ စိတ်ရှုပ်နေတာနဲ့ ဒါတွေကို မတွေးမိဘူး၊ ကဲ... အခု ငါတို့ အမြန်ဆုံး တောင်ပေါ်ပြန်ကြမယ်၊ ဆရာကြီးကို ကာကွယ်စောင့်ရှောက်ကြရမယ်၊ တို့တတွေ ရှိနေလို့ကတော့ ဘယ်သူကိုမှ သိပ်နိုးရိမ်စရာ မလိုပါဘူး'

ကျန်းဆုံကျီးသည် ဟူကျင်းအား ပြောလိုက်သည်။

'ဟူကျင်း... ချူကျူးကို ကယ်ဖို့ကိစ္စတော့ မင်းပဲ ဆောင်ရွက်ပေတော့၊ ကိစ္စပြီးရင် တောင်ပေါ်ကို တစ်ခေါက်လာပြီး အကျိုးအကြောင်း ပြောပြဦး'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ဦးကြီး'

ကျန်းဆုံကျိုးသည် လေသံကို နှိမ့်လိုက်ပြီး...

'ဟူကျင်း... ကျောက်မိန် ဆိုတဲ့ကောင်မလေးက အင်မတန် ကောက်ကျစ်ဉာဏ်များတာနော်၊ မင်း ကောင်းကောင်း သတိထား ဆို့ချင်းစူးက အခု နမူနာပြထားပြီ၊ ဒါကို သင်ခန်းစာ ယူပေတော့ မင်းလဲ သူလျှောက်တဲ့လမ်းကို မလျှောက်မိစေနဲ့'

ဟူကျင်းသည် မျက်နှာတစ်ပြင်လုံး နီရဲသွားရာမှ ခေါင်း ညိတ် ပြလိုက်မိသည်။ ဤသို့ဖြင့် ဟူတန်းလေးဖော်တို့သည် မော်ကု ဆန်း၏ အလောင်းကို သယ်ယူ ထွက်ခွာသွားကြလေတော့သည်။ ကျောက်မိန်သည် ဟူကျင်းနားသို့ လျှောက်လာပြီး...

'ဟူကျင်း... ရှင့်ဦးကြီးက ကျွန်မကို သတိထားလို့ ပြောသွား တယ် မဟုတ်လား'

ဟူကျင်း၏ မျက်နှာသည် ရုတ်ခြည်း နီသွားပြီး...

'မဟုတ်ပါဘူး'

ကျောက်မိန်သည် မရယ်ချင့် ရယ်ချင်ဖြင့် ဟင့်ခနဲ တစ် ချက် ရယ်လိုက်သည်။ လှောင်ပြုံးကလေး တစ်ချက် ပြုံးလိုက်ပြီး—

'ကဲ... ဒီလိုကြီး ရပ်မနေနဲ့၊ ရှင့် ချူကျူးကို အမြန်ဆုံး သွားကယ်လိုက်ပါဦး၊ တော်ကြာ ဆို့ချင်းစူးလက်ထဲ ရောက်သွားလို့ ရှင် ရင်ကွဲနေရဦးမယ်'



ဟူကျင်း၏ မျက်နှာတွင် ရှက်သွေးလွှမ်းပြီး ရဲခနဲ ဖြစ်သွား ပြန်သည်။ သို့သော် ဟူကျင်းသည် ကျောက်မိန်ကို မည်သည့်စကား မျှ ပြန်မပြောတော့။ ပြောလျှင်လည်း သူသာ အရှုံးဖြစ်ပြီး ထပ်အရှက် ကွဲရချေဦးမည်။

သူတို့သည် မြင်းနှစ်ကောင်ကို ပြန်ယူကာ တောင်ပိုင်းသို့ ခရီးဆက်ကြရတော့သည်။ ဟူကျင်း မြင်းစီးနေရင်းမှ သူ့အဖေကြီး ကျော်စွန်းနှင့် ချူကျူးတို့အတွက် စိတ်ပူနေမိတော့သည်။ သူ့အဖေကြီး ကျော်စွန်းအနေဖြင့် သူတောင်းစားဂိုဏ်း၏ လက်ထဲသို့ ရောက်ရှိသွား ခဲ့က အလွန်ဆုံး နှိပ်စက်ခံရရုံသာ ရှိပေမည်။ ချူကျူးမှာမူ မိန်း ကလေး ဖြစ်သဖြင့် အရှက်တကွဲ အကျိုးနည်း ဖြစ်ရဖို့များသည်။ အကယ်၍ သူတို့က ချူကျူးကို အတင်းအဓမ္မ သိမ်းပိုက်ကြစည်ကြ လျှင် ချူကျူးသည် သူ့ကိုယ်သူ သတ်သေသွားမည်သာ ဖြစ်သည်။

ထိုအတွေးများ ခေါင်းထဲ ရောက်လာသောအခါ သူတို့ကို ကယ်တင်ရန် ၄က်များသဖွယ် တောင်ပံခတ်၍ အရောက်ပျံသန်း ချင်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုညတွင် သူတို့သည် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာကြသည်။ တည်းခိုခန်းတစ်ခုတွင် တည်းခိုလိုက်ကြသည်။ နောက်တစ်နေ့ နံနက်တွင်မူ ဟူကျင်းသည် စာတစ်စောင်ရေးလျက် ကျောက်မိန်၏ ဘေးနားတွင် ချထားကာ သူတစ်ယောက်တည်း အလျှင်ဦးဆုံး ထွက်ခွာလာခဲ့တော့သည်။

✤✤✤✤✤



# သူတောင်းစားဂိုဏ်း ဌာနချုပ်သို့

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

## သူတောင်းစားဂိုဏ်း ဌာနချုပ်သို့

ဟူကျင်းသည် ခရီးတစ်လျှောက်လုံး လုံးဝ အနားယူခြင်း ရှိခဲ့ပေ။ သူတောင်းစားဂိုဏ်းသားများ၏ ဌာနချုပ်သို့ ဦးတည်၍ မီးပြင်း ထွက်ခဲ့တော့သည်။

သူသည် ခရီးစဉ်တစ်လျှောက်လုံး သူတောင်းစားဂိုဏ်းနှင့် တွေ့ဆုံပါက မည်သို့မည်ပုံ ပြောဆိုဆက်ဆံရမည်။ မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို ကြိုတင် စဉ်းစားထားလိုက်သည်။ အမှန်စင်စစ်

www.burmeseclassic.com



အားဖြင့် ကြိုတင် စဉ်းစားထားသည် ဆိုခြင်းထက် တွေ့လျှင် တွေ့ချင်း ပြောင်တိုက်နိုက်လျက် သိလိုသည့် အရာများကို မေးမြန်းမည်ဟု ဆုံးဖြတ်ထားသည် ဆိုပါက ပိုမှန်ပေလိမ့်မည်။

လမ်းဆုံးလျှင် ရွာတွေ့ဆိုသည့် စကားကဲ့သို့ပင် နောက်ဆုံးတွင် သူတောင်းစားဂိုဏ်းတည်ရှိရာ ဌာနချုပ်သို့ ရောက်ရှိလာတော့သည်။ ဟူကျင်းသည် ဌာနချုပ် အတွင်းသို့ ရောက်အောင် မသွားတော့။ အနီးပတ်ဝန်းကျင်၌ စုံစမ်းထောက်လှမ်းကြည့်လိုက်သောအခါ ယနေ့ညတွင် သူတောင်းစားဂိုဏ်းတည်ရာ ဌာနချုပ်တွင် စားသောက်ပွဲတစ်ခုရှိကြောင်း သိရှိလိုက်ရသည်။

ထို့ကြောင့် ဟူကျင်းသည် တစ်နေ့လုံး မည်သည့် အရပ်သို့မျှ မသွားတော့ဘဲ ကောင်းမွန်စွာ အနားယူနေလိုက်တော့သည်။

နေမင်းကြီးသည် အနောက်ဘက်၌ ပုန်းခိုဝင်ရောက်သွားသဖြင့် အမှောင်ကမ္ဘာလာကြီး ဖြန့်ကြက်လွှမ်းခြုံစ ပြုလာတော့သည်။

ဟူကျင်;သည် သူ၏ အလင်းမာန်ဂိုဏ်းကြီး၏ ဝတ်စုံကို ဝတ်ဆင်၍ သူတောင်းစားဂိုဏ်းသားများ စတင်ကျင်းပမည့် အချိန်ကို စောင့်ဆိုင်းနေတော့သည်။ အချိန်သင့်ပြီဟု ထင်သည်နှင့် သူတောင်းစားဂိုဏ်းဌာနချုပ်သို့ ထွက်ခွာလာတော့၏။

သူတောင်းစားဂိုဏ်းဌာနချုပ် ဖြစ်သည့်အိမ်ကြီးကား တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေသည်။ တံခါးမကြီး နှစ်ချပ်တို့သည်လည်း ပိတ်ထားလျက် ရှိနေသည်။



ဟူကျင်းသည် တံခါးမကြီး နှစ်ချပ်ကို လက်ဝါးဖြင့် ဆောင့်၍ တွန်းလိုက်သည်။ 'ဝုန်း' ဟူသော မြည်ဟည်းသံကြီးနှင့်အတူ တံခါးချပ်ကြီးများသည် အခန်းတွင်းသို့ လွင့်စဉ်ပျံ့ဝဲသွားသည်။

ဟူကျင်းသည် တံခါးကြီးများကို ရိုက်ချိုးပြီးသည်နှင့် အိမ်တွင်းသို့ ဝင်လိုက်သည်။

'သူတောင်းစားဂိုဏ်း... နားထောင်ပါ၊ ခင်ဗျားတို့ရဲ့ ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံကို ကျုပ် တွေ့ချင်တယ်'

အိမ်ခန်းမကြီးထဲတွင် သူတောင်းစားဂိုဏ်းသားများသည် တစ်ဘက်တစ်ချက်စီ စီတန်းလျက် ရပ်နေကြသည်။ အင်္ကျီဖြူ ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်သည် သူတို့၏ ခွင့်ပြုချက်ကို မရဘဲ သူတို့၏ ဌာနချုပ်အတွင်းသို့ ပိုင်စိုးပိုင်နင်း ဝင်လာသည်ကို တွေ့လိုက်ကြသောအခါ လူအားလုံးက တစ်ပြိုင်နက်တည်း ညာသံပေးအော်ဟစ်ကာ တိုက်ခိုက်ကြတော့သည်။

သူတို့အားလုံးသည် ဟူကျင်း၏ ပညာအဆင့်အတန်းကို လုံးဝ မသိကြသူများဖြစ်သည်။ ဟူကျင်းသည် ထိုသူအားလုံးကို တိုက်ခိုက်ဖယ်ထုတ်ပစ်လိုက်ပြီး အနောက်ဘက်ရှိ ခန်းမကြီးထဲသို့ လျှောက်ဝင်လာတော့၏။

ထိုခန်းမကြီး၏ အလယ်ရှိ စားပွဲတစ်လုံးတွင် သူတောင်းစား ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံ ထိုင်နေကြောင်း တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ပဟိုလုံသည် ဟူကျင်း ဝင်လာသည်ကို ရုတ်တရက် မမြင်။ သူ့ဘေးနားရှိ ဂိုဏ်းသားတစ်ယောက်အား အရှေ့ဘက်ခန်းမ၌ မည်သို့ ဖြစ်ပျက်နေသည်ကို စုံစမ်းမေးမြန်းနေပုံ ရပေသည်။

ဟူကျင်းသည် လျှပ်ပြက်လိုက်သည့်နှယ် လှုပ်ရှားမှု တစ်ခုကို ပြုလုပ်လိုက်သည်။ သူ့တောင်းစားဂိုဏ်းသား တစ်ဦး၏လည်ဂုတ်ကို ဆွဲ၍ ဆယ်ပဟိုလုံထံသို့ လွှင့်ပစ်လိုက်ခြင်း ဖြစ်ပေတော့သည်။

သူ့တောင်းစားဂိုဏ်းဘက်မှ ထိပ်သီး သိုင်းသမားတစ်ယောက်သည် သူတို့၏ ဂိုဏ်းချုပ်ကြီးထံ လွင့်စဉ်လာသည့် ဂိုဏ်းသားကို ကြားမှဝင်၍ ဖမ်းလိုက်ရသည်။ သို့သော် အရှိန်မှာ ပြင်းထန်လွန်းသဖြင့် ဖမ်းဆီးလိုက်သည့် သိုင်းသမားပါ နောက်ဘက်သို့ ပါသွားပြီး နံရံနှင့် ဆောင့်မိသောအခါမှ အရှိန်သေ ရပ်ဆိုင်းသွားတော့၏။

ဂိုဏ်းသားအားလုံးသည် ထိုအခြင်းအရာကို တွေ့မြင်ကြရသောအခါ လွန်စွာ တုန်လှုပ်ချောက်ချားသွားကြသည်။ ထိုအခါကျမှ ဟူကျင်းသည်လည်း စားပွဲထိပ်တစ်နေရာ၌ ချူကျူး ထိုင်နေသည်ကို တွေ့လိုက်ရတော့သည်။

ချူကျူး၏ ဘေး၌ ဆို့ချင်းစူးကိုလည်း တွေ့ရသည်။

'အစ်ကို... ဟူကျင်း'



ချူကျူးသည် သူမထိုင်နေသည့် စားပွဲခုံထိပ်မှ ရုတ်တရက် ထရပ်ပြီး အော်လိုက်သည်။ သို့သော် ပြုံးလဲကျသွားတော့မည်ကဲ့သို့ ဖြစ်သွားသည်။

ဟူကျင်းသည် စိုးရိမ်သွားသဖြင့် ချူကျူးရှိရာသို့ ခုန်အုပ်လိုက်သည်။ အလွန်လျင်မြန်လှသဖြင့် သူ့တောင်းစား ဂိုဏ်းသားများ ည်သို့မျှ တားဆီးနိုင်ချိန် မရပေ။ ဟူကျင်းသည် ချူကျူးကို ွေ့ချီပြီးချေပြီ။

ထိုစဉ် 'ဘိုင်း'ခနဲ မြည်ဟည်းသံ တစ်ချက်ပေါ်လာသည်။ ူကျင်း၏ကျောတွင် အရိုက်ခံရခြင်းပင် ဖြစ်သည်။ ဆို့ချင်းစူး၏ က်ချက်ပင်တည်း။

တစ်ချိန်တည်းလိုလိုပင် သူ့တောင်းစားဂိုဏ်းမှ ထိပ်သီး ိုင်းသမားတစ်ယောက်ကလည်း လက်သီးတစ်ချက် ထိုးလိုက်ပြန် ည်။

သို့သော်...ဟူကျင်းသည် သူ၏ကိုယ်တွင်းမှ နေစကြာ ွမ်းအားကို တစ်ကိုယ်လုံး လွှင့်ထုတ်လျက် ကာကွယ်ထားလိုက် လက်သီးနှင့်လက်ဝါးစောင်းများသည် ဟူကျင်းအား မည်သို့ မပေးနိုင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျောင်းသည် ချူကျူးကို ရရှိပြီး ဖြစ်သဖြင့် ခန်းမ၏ ကျယ်ပြန့်သည့် တစ်နေရာသို့ ခုန်ထွက်လိုက်သည်။ ထိုသို့ လှုပ်ရှားနေစဉ်မှာပင် ချူကျူးအား မေးလိုက်သည်။

'အဖေကြီးကော…မင်းနဲ့အတူ အဖေကြီး ပါမလာဘူးလား'

'ကျွန်မ…ကျွန်မ'

'အဖေကြီး ဘာဖြစ်သွားသလဲဟင်၊ ပြောစမ်းပါ၊ အဖေကြီး ဘာဖြစ်သွားသလဲ'

'ဟင့်အင်း…သူတို့က ကျွန်မကို အကြောထိုးပိတ်ပြီး ဒီကို ခေါ်လာကြတာ'

ဟူကျောင်းသည် သူ၏မွေးစားဖခင်ကြီး ရှက်စွန်းအတွက် အလွန် စိတ်ပူနေသဖြင့်…

'အဖေကြီးဘယ်မှာလဲဆိုတာသာ ပြောစမ်းပါ'

'ကျွန်မ မသိဘူး'

ဟူကျောင်းသည် ပိတ်နေသည့် သူမ၏ အကြောများကို ဖြေပေးလိုက်သည်။ သို့သော် ချူကျူး၏ ပိတ်နေသော အကြောများသည် ပြေမလာချေ။ ဤကား သူတောင်းစားဂိုဏ်း၏ လျှို့ဝှက်သော အကြောပိတ်ပညာပင် ဖြစ်ပေလိမ့်မည်။



ဟူကျောင်းသည် ချူကျူးကို လက်မှ လွှတ်လိုက်သောအခါ ချူကျူး ပျော့ခွေကျသွားတော့သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံသည် မတ်တတ်ထရင်း လှမ်းပြောလာသည်။

'ခင်ဗျားဟာ အလင်းမာန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ချန်းဟူကျောင်း ထင်တယ်'

ဟူကျောင်းသည် ဆယ်ဟိုလုံအား အရိုအသေ တစ်ချက် ပေးလိုက်သည်။ ဆယ်ဟိုလုံသည် သူတောင်းစားဂိုဏ်းကြီး၏ ဂိုဏ်းချုပ်ကြီး မဟုတ်ပါလား။ သူ့အနေဖြင့် လေးစားမှု ပြရမည်။

'ဟုတ်ပါတယ်၊ ကျုပ် ကျန်းဟူကျောင်းပါ၊ ကျုပ် အနေနဲ့ မပန်ကြားဘဲနဲ့ အခုလို ဝင်လာခဲ့တဲ့အတွက် တောင်းပန်ပါတယ်'

ဆယ်ဟိုလုံသည် ဟူကျောင်းနှင့် စကားကောင်းကောင်း ပြောနေကြရာမှ တဟားဟားရယ်မောလိုက်ပြီး ပြောလိုက်လေသည်။

'သူများတွေ ပြောနေကြတာ ကျုပ် ကြားကြားနေရတယ်၊ အလင်းမာန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးဟာ မိန်းမ လိုက်စားတဲ့ နေရာမှာ ထာမတန်းပဲတဲ့၊ ကျုပ် အစကတော့ သိပ်မယုံပါဘူး၊ ဒီနေ့တွေ့တော့ တကယ်ယုံမိတော့တယ်'

ဟူကျောင်းသည် ခေါသအိုး ပေါက်ကွဲသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောတယ်'

'ခင်ဗျားက ဟုတ်တာပြောလို့ နာလိုခံခက် ဖြစ်သွားတယ်နဲ့ တူတယ်၊ ဒီ ချူကျူးဆိုတာက ဝါမေဂိုဏ်းရဲ့ ဂိုဏ်းချုပ်၊ သူက ဆို့ချင်းစူးနဲ့ ချစ်ကြိုက်နေကြတာ သူတို့နှစ်ယောက်ကို ဒီညမှာ ကျုပ်တို့ရဲ့ ညှို့သည်တော်တွေအနေနဲ့ ဖိတ်ထားတာ၊ ခုတော့ မြင်မြင်ချင်း ချူကျူးကို ဝင်လုတော့တာပဲ၊ ဒီတော့ ကျုပ်ကြားနေရတဲ့ သတင်းတွေဟာ အမှန်တွေပဲ ဖြစ်တော့မှာပေါ့'

ထိုအခါ ကျန် သူတောင်းစား ဂိုဏ်းသားများကလည်း တစ် ယောက်ကိုတစ်ယောက် လှောင်ပြောင်ကြတော့သည်။ ဆယ်ဟိုလုံ နှင့်သူ့ဂိုဏ်းသားများသည် ဟူကျင်းအား တမင် လှောင်ပြောင် ရှုံ့ချ ရန် အတ်တိုက်ထားကြသည်လား မဆိုနိုင်ပေ။

'ဟား…ဟား…ဟား ကျုပ်ကလဲ ခင်ဗျားတို့ကို ကြည့်ပြီး ရယ်လိုက်ချင်သေးတယ်၊ ဘယ်နှယ် ညှို့သည်တော်ကြီးကို ခင်ဗျား တို့က ဒီလိုပဲ အကြောပိတ်ထားရသလား၊ ဒါ ခင်ဗျားတို့ သူတောင်း စားဂိုဏ်းရဲ့ ပြုစုညှို့ခံခြင်း တစ်မျိုးနဲ့ တူတယ်'

ဟူကျင်း၏ စကားကြောင့် ဆယ်ဟိုလုံသည် မည်သို့ ပြန် ပြောရမည်ကိုပင် မသိတော့ချေ။ ထို့ကြောင့် လူများစွာ၏ အလယ် ခေါင်တွင် ကြောင်အအကြီး ရပ်နေမိတော့သည်။ ထို အခြေအနေဆိုး ကို ချန်ရိုက ဝင်ထိန်းလိုက်သည်။ တဟားဟား ရယ်မောရင်း စဲခက်တင်လိုက်သည်။



'ချူကျူး…ဒီမှာ ထိုင်နေတုန်းက အကောင်းကြီးပဲ၊ အားလုံး ရဲ့ အမြင်ပဲ၊ အခု…ခင်ဗျားပွေ့ချီပြီးမှပဲ အကြောပိတ် ခံရတယ်ဆိုတာ သိရတော့တယ်၊ ချူကျူးရဲ့ အကြောကို ဘယ်သူပိတ်နိုင်မလဲ ပွေ့ ာ်ဖမ်းရင်းနဲ့ ခင်ဗျားပိတ်လိုက်တာ လူတိုင်းတွေ့တယ်၊ ခင်ဗျားဟာ လင်းမာန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး လုပ်နေတော့ လူရှေ့သူရှေ့မှာ ညြမ်းပိုးကို လိပ်ဖြစ်အောင် ပြောတာတော့ မကောင်းပါဘူး'

ဟူကျင်းသည် ချန်ရိုနှင့် စကားနိုင်လုရ၍ မပြောနိုင်မှန်း သိ သည်။ သူသည် ချူကျူးဘက်သို့ လှည့်၍ မေးလိုက်သည်။

'ချူကျူး မင်း ပြောစမ်း၊ သူတို့က မင်းကို ဘာကြောင့် ဒီကို င်းခေါ်လာတာလဲ'

'ကျွန်မ…ကျွန်မ'

ချူကျူးသည် စကားဆုံးအောင် မပြောနိုင်တော့ချေ။ တ်တရက် မေ့လဲသွားတော့သည်။

ထိုအခါ သူတောင်းစားဂိုဏ်းသားများက ဝိုင်းဝန်း အော် ဟစ်ကြတော့သည်။ သူတို့၏ အော်ဟစ်သံများသည် ဘဝင်လှုံ့မျှ မက ထိန်းထွက်လာ၏။

'မကောင်းဆိုးဝါးဂိုဏ်းချုပ်ကြီး လူသတ်လိုက်ပြီ ချူကျူး သူ့ဆန္ဒမလိုက်လျောလို့ ချူကျူးကို သတ်လိုက်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ထိုအသံများကို လုံးဝ ဂရုမစိုက်ချေ။ … ဂရုစိုက်သည်မှာ သူ့အဖေကြီး ရှက်စွန်း ဘယ်နေရာ ရောက်နေသည်ကို စစ်မေးရန်သာ ဖြစ်သည်။ ထို့ကြောင့် သူစိတ်ထဲ၌ စဉ်းစား… လိုက်သည်။

'ဆယ်ပိုလုံကို ဖမ်းမိရင်တော့ ငါ့အဖေကြီး ဘယ်ရော… နေတယ် ဆိုတာ သိရမှာပဲ'

ဟူကျင်းသည် သူ၏ အတွေးဆုံးသည်နှင့် ရှေ့သို့ ခုန်ထွ… လိုက်၏။ ကျုန်းပန်နဂါးခေါင်းနှင့် စည်းကမ်းထိန်းသိမ်းရေးမှူး… သည် ဟူကျင်းအား အပြင်းအထန် ဝင်တိုက်ခိုက်ကြတော့သည်။

ဟူကျင်းသည် လေတစ်ချက် ချွန်လိုက်ပြီး အားပြောင်းအ… လွှဲသိုင်းပညာကို ထုတ်သုံးလိုက်သည်။ ကျုန်းပန် နဂါးခေါင်း… လက်နက်ကို စည်းကမ်းထိန်းသိမ်းရေးမှူးထံသို့ ပို့ပေးလိုက်… စည်းကမ်းထိန်းသိမ်းရေးမှူး၏ လက်နက်ကို နဂါးခေါင်းထံ… ပို့ပေးလိုက်၏။

ထိုအခိုက် သိုင်းပညာသင်ကြားရေးမှူးကလည်း လက်ပို… ကြည့်မနေတော့ချေ။ မိမိတို့ သုံးယောက်ပေါင်း ဖိဖိစီးစီး တိုက်မှ… ဟူကျင်းအား နိုင်၊ နိုင်မည်ဟု ယူဆသဖြင့် ဓားဖြင့် ဝင်ရော… တိုက်ခိုက်ရင်း အော်ဟစ်သတိပေးလိုက်သည်။





'ဒီကောင်ရဲ့ သိုင်းပညာက သိပ်ထူးဆန်းတယ်မှော့၊ သတိထားပြီး တိုက်ကြ'

သိုင်းပညာသင်ကြားရေးမှူး၏ ဓားချက်များသည် အလွန်ပြင်းထန်လှပြီး သုံးချက်တိတိ အဆက်မပြတ် တိုက်ခိုက်နိုင်ကြောင်း တွေ့ရသောအခါ ဟူကျင်းသည် စိတ်ထဲမှ ချီးကျူးလိုက်မိသည်။

'သိုင်းလောကမှာ သူတောင်းစားဂိုဏ်း နှစ်ရှည်လများ နာမည်ကြီးခဲ့တာ အကြောင်းမဲ့ မဟုတ်ဘူး၊ သူတို့မှာ တကယ့် သိုင်းသမား အကျော်အမော်တွေ ရှိနေတာကိုး'

ဟူကျင်း ချီးကျူးလျှင်လည်း ချီးကျူးစရာပင် ဖြစ်သည်။ ထို တဒင်္ဂ အချိန်ကလေးအတွင်း၌ သိုင်းပညာ သင်ကြားရေးမှူးသည် ဟူကျင်းနှင့် သိုင်းကွက်ပေါင်း နှစ်ဆယ်ကျော်မျှ တိုက်ခိုက်ပြီး ဖြစ်နေသည်။

သူတောင်းစား ဂိုဏ်းသားများသည် သူတို့၏ ခေါင်းဆောင်တစ်ယောက်က ဤသို့တိုက်ခိုက်နိုင်ကြောင်း တွေ့ရှိလိုက်သောအခါ အလွန် အားတက်သွားကြပြီး ဟူကျင်းကို ဝိုင်းဝန်းတိုက်ခိုက်ကြတော့သည်။

ထိုစဉ် သိုင်းပညာသင်ကြားရေးမှူးသည် ရုတ်တရက် အားလုံးကို အော်ဟစ်ရပ်ဆိုင်း ခိုင်းလိုက်သည်။ သူသည် ပွင့်လင်းစွာဖြင့် ဟူကျင်းအား လှမ်းပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျန်းဟူကျင်း...ကျုပ်တို့ အနေနဲ့ ခင်ဗျားကို အများနဲ့ တစ်ယောက် ဝိုင်းတိုက်နိုက်နေရတာကို စိတ်မလုံပါဘူး၊ ကျုပ်တို့လဲ နာမည်ပျက်ပါတယ်၊ ဒါပေမယ့် ခင်ဗျားနဲ့ တစ်ယောက်ချင်း ယှဉ်တော့လဲ ခင်ဗျားကို ကျုပ်တို့ မနိုင်,နိုင်ပြန်ဘူး'

ဟူကျင်းသည် အဘိုးကြီး၏ ရိုးသား ပွင့်လင်းမှုကို များစွာ သဘောကျသွားသည်။ လေးစားစိတ်လည်း များစွာ ပေါ်လာသည်။ ထို့ကြောင့် ပြုံး၍ အဖြေပေးလိုက်သည်။

'ဒီအတွက်တော့ ခင်ဗျားတို့ စိတ်မလုံမလဲ မဖြစ်ကြပါနဲ့၊ တိုက်စရာရှိတာ တိုက်ကြပါ၊ ခင်ဗျားတို့ လူအများကြီးနဲ့ တိုက်သလိုပဲ ကျုပ်ကလဲ ကျုပ်ယုံကြည်မှု အပြည့်ရှိပါတယ်'

ဟူကျင်း၏စကားကြောင့် သူတို့သည် နှောင့်နှေး ကြန့်ကြာမှု လုံးဝမရှိတော့ဘဲ အပြင်းအထန် ဝင်တိုက်ကြတော့သည်။ အရှည် အချင်းနှင့် အရေအတွက်တို့ တိုက်ပွဲသာ ဖြစ်တော့သည်။

ဟူကျင်း၏ သိုင်းပညာသည် ယခု တိုက်နိုက်နေသော သူတောင်းစားဂိုဏ်းသား အားလုံးထက် အဆမတန် သာလွန်သဖြင့် ၎င်းတို့၏ လက်နက်များအားလုံး လွင့်စဉ် ကျိုးပဲ့ကုန်တော့သည်။ အကယ်၍ ဟူကျင်းကသာ မညှာမတာ ရက်ရက်စက်စက် တိုက်နိုက်မည် ဆိုပါက သူတောင်းစားဂိုဏ်းသားများ၏ အလောင်းများ တောင်ပုံ ရာပုံ ဖြစ်သွားပေတော့မည်။



ထိုစဉ် ချန်ရို၏ အော်သံကို ကြားလိုက်ရသည်။

'ကျန်းဟူကျင်း...ခင်ဗျား အတိုက်ရပ်လိုက်တော့'

ဟူကျင်းသည် နောက်သို့ လှည့်ကြည့်လိုက်သောအခါ လူဆုတ်မှာ ချန်ရိုသည် ချူကျူး၏ နောက်ကျောကို ဓားဖြင့် ထောက်ထားသည်ကို တွေ့လိုက်ရတော့သည်။ ကြွက်မနိုင် ကျီမိးနှင့်ရှို့ရန် ကြံခြင်းပင် ဖြစ်တော့သည်။

ဟူကျင်းသည် ချူကျူးကို ညှာတာရသဖြင့် သူ၏တိုက်ခိုက်မှုကို ရပ်ဆိုင်းလိုက်ရသည်။ ဟူကျင်းသည် ခနဲ့ပြုံးပြုံးလိုက်ရင်း ပြောလိုက်သည်။

'အင်း...ခင်ဗျားတို့ သူတောင်းစားဂိုဏ်းမှာ ဒီလို အောက်တန်းကျတဲ့ ယုတ်ယုတ်မာမာ နည်းလမ်းတွေ သုံးတတ်တဲ့ လူတွေလဲ ရှိသေးသကိုး'

ဟူကျင်း၏စကားသည် မာနရှိသော သူတောင်းစားဂိုဏ်းသားများ၏ အရှိုက်ကို ထိုးလိုက်သလို ဖြစ်သွားသည်။ သိုင်းပညာ ထင်ကြားရေးမှူးက ဒေါသဖြင့် ချန်ရိုကို ကြည့်လိုက်ပြီး...

'ချန်ရို...မင်း ချူကျူးကို လွှတ်လိုက်စမ်း၊ ငါတို့နဲ့ ကျန်းဟူကျင်းဟာ နစ်ဦးသဘောတူ အများနဲ့တစ်ယောက် တိုက်ခိုက်နေတာ၊ ဒါတို့အားလုံးက သူတစ်ယောက်တည်းကို အနိုင်မယူနိုင်ဘူးဆိုရင် ဘယ်လောက် ရှက်စရာ ကောင်းလိုက်မလဲ၊ အခု တိုက်ပွဲမဆုံး

www.burmeseclassic.com



သေးဘူး၊ အများနဲ့ တစ်ယောက်လဲ တိုက်သေးတယ်၊ ထပ်ပြီးလဲ အကျပ်ကိုင်သေးတယ်ဆိုရင်တော့ တို့လောက် ယုတ်မာ သေးသိမ်တဲ့ လူ ရှိတော့မှာမဟုတ်ဘူး'

ချန်ရိုက သိုင်းပညာ သင်ကြားရေးမှူးအား ချော့မော့ နှစ်သိမ့်သလို ပြောလိုက်သည်။

'လက်ရုံးရည်ချည်းပဲ အားကိုးမှ ယောကျ်ားမဟုတ်ပါဘူး နှလုံးရည်လဲ အားကိုးဦးမှပေါ့။ ကဲ...ကျန်းဟူကျင်း ခင်ဗျားအဖမ်းခံ မလား မခံဘူးလားပြော'

ဟူကျင်းကလည်း ရယ်မောပြီး အဖြေပေးသည်။

'ကောင်းပါပြီ...ကောင်းပါပြီ၊ ခင်ဗျားတို့ရဲ့ အမိန့်အတိုင်း ကျွပ် လိုက်နာပါ့မယ်၊ အင်း...ဒီနေ့ကျမှပဲ သူတောင်းစားဂိုဏ်းရဲ့ သတ္တိကို တွေ့ရတော့တယ်၊ လူတွေတင် နိမ့်ကျသလား အောက်မေ့ မိတယ်၊ စိတ်ဓာတ်ကလဲ တယ်နိမ့်ကျတာကိုး'

ဟူကျင်းသည် နောက်သို့ နှစ်လှမ်းမျှ ဆုတ်လိုက်ပြီး ရုတ်တရက် နောက်ကျွမ်းထိုး ခုန်ထွက်လိုက်တော့သည်။ ဟူကျင်း ကျသွားသည့် နေရာကား သူတောင်းစားဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံ၏ ပခုံးပေါ်သို့တည်း။

သူ၏ညာဘက် လက်ဝါးစောင်းသည် ဆယ်ဟိုလုံ၏ ယ ထိပ်ကို ဖိတင်ထားသည်။ သူ၏ ဘယ်ဘက်လက်ကမူ ဆယ်ဟိုလုံ



၏ လည်ဂုတ်မှ အကြောကို ဆုပ်ကိုင်ထားလိုက်သည်။ ဤ သိုင်းကွက်မှာ မြေပြန့်သိုင်းပညာမှ သိုင်းကွက်များ မဟုတ်ချေ။ ကျောက်မီးတိုင် ခြောက်တိုင်ပေါ်မှ သိုင်းကွက်များ ဖြစ်ပေသည်။

ဟူကျင်းအနေဖြင့် ဤသိုင်းကွက်ကို ထုတ်သုံးသည်မှာ အကြောင်းမဲ့ မဟုတ်ချေ။ သူတောင်းစားဂိုဏ်းချုပ်ကြီး တစ်ယောက် ကို သာမန်သိုင်းကွက်များ သုံး၍ ဖမ်းဆီးလိုက်ပါက အပြင်းအထန် ခုခံမှုများဖြင့် ကြုံတွေ့ရပြီး မဖမ်းနိုင် မဆီးနိုင် ဖြစ်သွားမည်ကို စိုးရိမ်သဖြင့် ဤသိုင်းကွက်များကို သုံးလိုက်ရခြင်းဖြစ်သည်။

ဤထူးဆန်းသည့် သိုင်းကွက်များကို သုံးသည့်တိုင် ဆယ် ဟိုလုံ အနေဖြင့် တန်ပြန်ခုခံမှုများ ပြုလုပ်လိမ့်ဦးမည်ဟု ဟူကျင်း မျှော်လင့်ထားပေသည်။

သို့သော် ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံထံမှ မည်သည့် ခုခံမှု များကိုမျှ မတွေ့ရ။ အလွယ်ကူဆုံး ဖမ်းဆီးနိုင်ခဲ့လေပြီ။ ထို့ကြောင့် ဟူကျင်းသည် ကလေးငယ် တစ်ယောက်က လူကြီးတစ်ယောက်၏ ပခုံးထက်တွင် ခွထိုင်ပြီး မြင်းစီးဆော့ကစားနေသည့် ပုံစံမျိုး ဖြစ်နေ ပေသည်။

ရယ်စရာမြင်ကွင်း ဖြစ်နေတော့သည်။ သို့သော် မည်သူမျှ မရယ်နိုင်။ သူတို့၏ ဂိုဏ်းချုပ်ကြီးသည် ကြက်ကလေး ငှက်ကလေး များ အဖမ်းခံရသကဲ့သို့ အဖမ်းခံလိုက်ရသည်ကို တွေ့ကြရသော

www.burmeseclassic.com

www.burmeseclassic.com



အခါ သူတောင်းစားဂိုဏ်းသားများသည် အလန့်တကြား အော်ဟစ်မိကြတော့၏။ အော်ရုံသာ အော်ဟစ်နိုင်သည် အနားသို့မူ မည်သူမျှ မကပ်ရဲကြ။ အဘယ်ကြောင့်ဆိုသော် ဟူကျင်း၏ လက်ဝါးစောင်းကို အနည်းငယ် ဆတ်လိုက်ရုံမျှဖြင့် ဂိုဏ်းချုပ်ကြီး၏ ငယ်ထိပ်တစ်ခုလုံး ကြေမွသွားနိုင်ပေသည်။

ငယ်ထိပ်ဟူကသည်မှာ လူတိုင်း၏ သေကြောပင် ဖြစ်သည် မဟုတ်ပါလား။

သူတောင်းစားဂိုဏ်းသား အားလုံးသည် မည်သည့် လှုပ်ရှားမှုကိုမျှ မလှုပ်ရဲကြသည့်အပြင် ဤအခြေအနေဆိုးမှ လွတ်မြောက်သွားအောင် မည်သို့ ကြံစည် စိတ်ကူးရမည်ကိုလည်း မသိကြတော့ချေ။

ထိုအချိန်တွင် အိမ်ခေါင်မိုးပေါ်မှ သာယာညင်းညှံ့လှသော ပုလွေမှုတ်သံ တစ်သံသည် လေလှိုင်းကြားတွင် လူးကာလိမ့်ကာဖြင့် ထွက်ပေါ်တော့သည်။ ထို့ပြင် ပီသကြည်မြလှသည့် စောင်းခတ်သံကိုပါ ကြားလိုက်ကြရပြန်သည်။

လူအားလုံးသည် ထိုအသံများကြောင့် ရုတ်တရက် ထိတ်လန့်သလို ဖြစ်သွားကြစဉ်ပင် အင်္ကျီဖြူဝတ်ဆင်ထားသော မိန်းကလေး လေးယောက်တို့ ခန်းမကြီးထဲသို့ ခုန်ဆင်း လာကြတော့သည်။ သူတို့၏ လက်ထဲတွင် စောင်းများ ကိုယ်စီပါလာကြ၏။ အားလုံးက



ထိုမိန်းကလေး လေးယောက်အား မျက်စိများ ကျွတ်ထွက်မတတ် စူးစိုက်ကြည့်နေခိုက် နောက်ထပ် အင်္ကျီအနက်များ ဝတ်ဆင်ထားကြသော မိန်းကလေး လေးယောက်က ထပ်မံ ခုန်ဆင်းလာကြပြန်တော့၏။

သူတို့ လက်ထဲတွင် ပလွေတစ်ချောင်းစီ ကိုင်ထားကြကြောင်း အားလုံးက သတိပြုမိလိုက်ကြသည်။ ထိုမိန်းကလေးများသည် တစ်စုတစ်ပြုံကြီး မရပ်ကြဘဲ တစ်ဘက်တစ်တန်းစီ ခွဲခြား၍ ရပ်လိုက်ကြသည်။

သူတောင်းစား ဂိုဏ်းသားများသည် ပါးစပ်များ အဟောင်းသားဖြင့် ငေးကြည့်နေကြစဉ် အင်္ကျီအဝါရောင် ဝတ်ဆင်ထားသည့် မိန်းမတစ်ယောက်က အသက်ဆယ့်သုံးနှစ်ခန့်ရှိ မိန်းကလေး တစ်ယောက်ကို လက်ဆွဲ၍ ပရိသတ်အလယ်သို့ လျှောက်ဝင်လာတော့သည်။ အင်္ကျီအဝါရောင် ဝတ်ဆင်ထားသည့် မိန်းမမှာ အသက်သုံးဆယ်ကျော်ခန့် ရှိပေလိမ့်မည်။ ရုပ်ရည်ရူပကာမှာမူ အလွန် လှပခန့်ညားလှပြီး သူ၏ အပြုအမူနှင့် ဟန်ပန်များသည်လည်း အလွန်ဝင် အထက်တန်းကျလှကြောင်း တွေ့ရှိကြရသည်။

အသက် ဆယ့်သုံးနှစ်ခန့်ရှိ မိန်းကလေးမှာမူ အလွန်ရုပ်ချောလှသည်။ ထိုမိန်းကလေး၏ အခြားလက်တစ်ဘက်တွင် အစိမ်းရောင် ဝါးတစ်ချောင်းကို ကိုင်ထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတောင်းစားဂိုဏ်းသား အားလုံး၏ မျက်လုံးများသည် ထိုမိန်းမ၏ လက်တွင်းရှိ ဝါးစိမ်းပေါ်သို့သာ ရောက်ရှိနေကြတော့သည်။

ဟူကျင်းသည် ဤမျှ များပြားလှစွာ ရောက်ရှိလာသည် မိန်းကလေးများ အလယ်တွင် ဆယ်ဟိုလုံ၏ ပခုံးထက်၌ ကလေးလေးပမာ ထိုင်နေရသည့်အတွက် ရှက်ကြောက်မိသော်လည်း ချန်ရိက ချူကျူးကို လွှတ်မပေးသေးသဖြင့် သူကလည်း ထိုင်မြဲထိုင်နေရတော့သည်။ ချူကျူးကို မလွှတ်သမျှ သူ့အနေဖြင့် ဆယ်ဟိုလုံကို မလွှတ်နိုင်ပေ။

သူတောင်းစားဂိုဏ်းသား အားလုံး၏ အာရုံသည် ဝါးစိမ်းပေါ်၌ ရောက်နေကြောင်း ဟူကျင်း ရိပ်မိလိုက်သဖြင့် သူကလည်း ဝါးစိမ်းကို အကဲခတ် စူးစမ်းကြည့်မိတော့သည်။

ဝါးစိမ်းသည် သာမန် ဝါးလုံးဝါးစိမ်းများနှင့် မတူဘဲ အရောင်များ တောက်ပလျက် စိမ်းလဲ့လဲ့ဖြစ်နေသည်။

အကျီဝါမိန်းမက အားလုံးကို ဝှေ့ယမ်းကြည့်လိုက်ပြီးမှ နောက်ဆုံးတွင် ဟူကျင်းကို ကြည့်သည်။

'ကျွန်းဟူကျင်း…ရှင်က အသက်လဲငယ်တော့တာ မှုဟုတ်ပါဘူး ဘယ့်နှယ့် ကလေးလေးလို ဆော့နေရတာလဲ ကိုယ့် ဘာသာကိုယ် ပြန်ကြည့်စမ်းပါဦး'



သူမ၏ လေသံသည် အပြစ်တင်သည့် လေသံဟု ရုတ်တရက်အားဖြင့် ထင်ရန်ရှိသော်လည်း တကယ်တမ်းအားဖြင့် အစ်မကမောင်ငယ်ဖြစ်သူအား ပြောဆိုဆုံးမသည့် ရင်းနှီးကျွမ်းဝင် လှသည့် လေသံမျိုးသာ ဖြစ်ပေသည်။

ဟူကျင်းသည် မျက်နှာ၌ ရဲခနဲ ဖြစ်သွားသည်အထိ ရှက်သွားမိသည်။

'ကျုပ်က ကလေးလို ဆော့နေတာ မဟုတ်ပါဘူး၊ ချန်ရိဆိုတဲ့ ဟိုလူယုတ်မာက ကောက်ကျစ်တဲ့နည်း စ, သုံးတယ်လေ၊ ကျုပ်ရဲ့ အဖော်ကိုဖမ်း၊ ဓားစာခံလုပ် အကျပ်ကိုင်တယ်၊ ဒါကြောင့် ကျုပ်ကလဲ သူတို့ရဲ့ ဂိုဏ်းချုပ်ကို ဖမ်းပြီး၊ သူတို့ကို ပြန်အကြပ်ကိုင်နေရတာပါ'

ထိုမိန်းမသည် ပြုံးစစဖြင့် ပြောလိုက်သည်။

'သူများရဲ့ ဂိုဏ်းချုပ်ကို မြင်းလို တက်စီးနေတာကတော့ နည်းနည်း လွန်မယ်ထင်တယ်၊ ကျွန်မ…ချန်အန်းကနေ ဒီကိုလာတဲ့ လမ်းတစ်လျှောက်လုံး ရှင့်အကြောင်း ကြားလာရတယ်၊ အလင်းမာန် ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးဟာ တကယ့် လူဆိုးကလေးတဲ့ သူတို့ ပြောတာတွေ ဟုတ်မယ် မထင်ဘူး၊ အခု တွေ့တော့မှ ဟင်း…'

ထိုစဉ်…ဆယ်ဟိုလုံသည် ဟူကျင်း၏အောက်မှ အော်ဟစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျန်းဟူကျင်း…တဏှာအိုးလေး၊ မင်း ဘာဖြစ်လို့ ငါ့အပေါ်တက်ပြီး အနိုင်ကျင့်နေရတာလဲ၊ မြန်မြန်ဆင်းစမ်း'

သူသည် အော်ရင်းဟစ်ရင်း ရုန်းထွက်ရန် ကြိုးစားသည်။ သို့သော် ဟူကျင်းက သူ၏ အကြောကို ကိုင်ထားသဖြင့် ရုန်းထွက်ရန် မတတ်နိုင်ဘဲ ဖြစ်နေရသည်။

ထို့ပြင် ဟူကျင်းသည် သူ့အား ဆယ်ဟိုလုံက လူရှေ့သူရှေ့၌ တဏှာအိုးလေးဟု ခေါ်ဆိုပုတ်ခတ်လိုက်သည်ကို ကြားလိုက်ရသောအခါ ရှက်ဒေါသဖြင့် လည်ဂုတ်ကြောကို ကိုင်ထားလိုက်သည်။ လက်ကို အားပိုထုတ်၍ ညှစ်လိုက်တော့သည်။

ထိုအခါ ဆယ်ဟိုလုံသည် ဟန်မဆောင်နိုင်တော့ဘဲ နာကျင်စွာ ညည်းညူလိုက်မိတော့သည်။

သူတောင်းစား ဂိုဏ်းသားများသည် မိမိတို့ ရှေ့၌ မိမိတို့၏ ဂိုဏ်းချုပ်ကြီးတစ်ယောက် ဂုဏ်သရေမရှိ၊ သိက္ခာမရှိ၊ စွမ်းရည်မရှိ သနားစဖွယ် ဖြစ်နေသည်ကို တွေ့ရသောအခါ ရှက်လည်းရှက် ဒေါသလည်း ထွက်မိကြတော့သည်။ ချန်ရိုသည် မနေသာတော့သဖြင့် ဟူကျင်းအား အပေးအယူ လုပ်ရတော့သည်။

'ကျန်းဟူကျင်း…ခင်ဗျားက ကျုပ်တို့ ဂိုဏ်းချုပ်ကြီးကို လွှတ်ပေး ကျုပ်ကလဲ ချူကျူးကို လွှတ်ပေးမယ်'



သူသည် ပြောပြီးသည်နှင့် ချူကျူး၏နောက်ကျောကို ထောက်ထားသည့် ဓားအား ဓားအိမ်အတွင်းသို့ ပြန်ထည့်လိုက်သည်။

'ကောင်းပြီ'

ဟူကျင်းသည် ဆယ်ဟိုလုံ၏ ပခုံးထက်မှ ခုန်ဆင်းလိုက်ရာ ချူကျူး၏ နံဘေးသို့ ရောက်ရှိလာတော့သည်။ ယခုအခါ ချူကျူး သတိရလာပြန်လေပြီ။ သူမ၏ မျက်နှာကလေးသည် ညှိုးနွမ်းလျက် ရှိနေသည်။

ဟူကျင်းသည် သူမကို ပွေ့ထူလိုက်ပြီး ခုံလွတ်တစ်လုံးတွင် ထိုင်စေပြီး အနားယူစေလိုက်သည်။ ချန်ရိုသည် အကျီဝါမိန်းမဘက်သို့ လှည့်၍ မေးလိုက်သည်။

'ခင်ဗျားက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာကိစ္စနဲ့ ကျုပ်တို့ဆီကို ရောက်လာရတာလဲ'

ထိုအခါ အကျီဝါမိန်းမထံမှ အေးစက်လှသော စကားသံ ထွက်ပေါ်လာတော့သည်။

'မိုးကြိုးလက်သီးရှင် ချန်ခွန်း ဘယ်မှာလဲ၊ သူ့ကို ခေါ်ထုတ်လိုက်စမ်း'

www.burmeseclassic.com

www.burmeseclassic.com



ချန်ခွန်း၏ အမည်ကို ကြားလိုက်ရသောအခါ ဟူကျင်း အလွန် အံ့ဩသွားမိသည်။ ချန်ခွန်းသည် မည်သည့် အချိန်အထိ ပြဿနာများကို ရှုပ်ထွေးအောင် လုပ်နေတော့မည် မသိချေ။

ချန်ရှိသည်လည်း ချန်ခွန်း၏ အမည်ကို ကြားလိုက်ရသော အခါ မျက်နှာပျက်သွားတော့သည်။ သို့သော် သူသည် လူပါး တစ်ယောက် ဖြစ်သည်နှင့်အညီ သူ၏မျက်နှာကို ချက်ချင်း ပြန်တည် လိုက်သည်။ စကားကိုလည်း ဣန္ဒြေရရပင် ပြန်ပြောလိုက်သည်။

'မိုးကြိုးလက်သီးရှင် ချန်ခွန်းဆိုတာက ခြသေ့်မင်း ဂိုဏ်းခွဲ ရဲ့ ဆရာပဲ၊ ချန်ခွန်းအကြောင်း သိချင်ရင် ကျန်းဟူကျင်းကို မေးပေ'

အကျီဝါမိန်းမသည် ချန်ရှိအား ဆက်မမေးတော့။ ဆယ်တို့ လုံဘက် သို့ လှည့်လိုက်သည်။

'ရှင်ကကော ဘယ်သူလဲ၊ ယောကျ်ားတစ်ယောက်လုံး လုပ် နေပြီး ဘာဖြစ်လို့ ဒီလောက် အသုံးမကျ ဖြစ်နေရတာလဲ၊ သူများက ကိုယ့်ကို လုပ်ချင်တိုင်းလုပ်နေတာ ပြန်ခုခံဖို့ မကြိုးစားဘူး တညည်းညည်း တညူညူ လုပ်နေတယ်'

သူတောင်းစား ဂိုဏ်းသားအားလုံးသည် ထိုစကားကြောင့် အရှက်ရသွားကြသည်။ သူတို့၏ ဂိုဏ်းချုပ်ကြီးသည် ဤမျှလောက် အသုံးမကျ ဖြစ်နေလိမ့်မည်ဟု သူတို့အားလုံး မထင်မှတ်ခဲ့ကြချေ။



ထိုစဉ် ချန်ရှိက ဝင်၍ ပြောသည်။

'သူဟာ ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ကြီးပဲ ခုတလော မကျန်းမာ လို့ ဒီလို ခံလိုက်ရတာပါ၊ ခင်ဗျားဟာ ညှို့သည်ပဲ ညှို့သည်ဟာ ညှို့သည်လိုပဲ ပြောပါ၊ စကားပြောရင် ချင့်ချင့်ချိန်ချိန် ပြောပါ'

✤ ✤ ✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



# အလိမ်မပေါ်ခြင်း

F - 19 (A)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၉)

## အလိမ်ပေါ်ခြင်း

ထိုအခါ အကျိုဝါမိန်းမသည် ဆယ်ဟိုလုံ၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်ကာ သရော်ပြုံး ပြုံးလိုက်သည်။

'သူက သူတောင်းစားဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ဟုတ်သား'

ဆယ်ဟိုလုံ၏ မျက်နှာသည် ထိုစကားကြောင့် ဖြူလျော်သွားတော့သည်။ အကျိုဝါမိန်းမသည် သူ့ဆီးမှ မိန်းကလေး၏ လက်ထဲတွင် ကိုင်ထားသော ဝါးစိမ်းကို လက်ညှိုးထိုးပြကာ...

www.burmeseclassic.com

www.burmeseclassic.com



'ဒါဟာ ရှင်တို့ ဂိုဏ်းရဲ့ ဂိုဏ်းချုပ်အမှတ်အသား ခွေးရိုက်တုတ် ဟုတ်လား'

အားလုံးသော သူများသည် မိန်းကလေးလက်ထဲတွင် ကိုင်ထားသော ဝါးစိမ်းတုတ်ကို ကြည့်လိုက်ကြသည်။ ခွေးရိုက်တုတ်ဆိုသည်မှာ သူတောင်းစားဂိုဏ်းချုပ်ကြီးများ၏ လက်စွဲ အမှတ်အသား ဖြစ်လေသည်။

သို့သော် ယခု ဆယ်ဟိုလုံ၏ လက်ထဲတွင် ခွေးရိုက်တုတ်မရှိဘဲ အဘယ်ကြောင့် တစ်ပါးသူ၏ လက်ထဲ၌ ခွေးရိုက်တုတ်ရောက်ရှိ နေသနည်း။

သိုင်းပညာ သင်ကြားရေးမှူးသည် သံသယရှိလာသည်။ သူ၏ သံသယကို ရှင်းရှင်းလင်းလင်း သိရန် ဖွင့်မေးလိုက်သည်။

'ဂိုဏ်းချုပ်ကြီး...ဒီမိန်းကလေး လက်ထဲက ခွေးရိုက်တုတ်ဟာ အစစ်လား၊ အတုလား'

ဆယ်ဟိုလုံသည် တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်သည်။

'ဟုတ်...ဟုတ်တယ်၊ ငါ ကြည့်ရတာတော့ အတုပဲ'

အကျီဝါ မိန်းမက...

'ကောင်းပြီ...ဒီလိုဆိုရင်လဲ ရှင့်ရဲ့ ခွေးရိုက်တုတ် အစစ်ယူပြပါဦး၊ ယှဉ်ကြည့်ရင် ဘယ်ဒင်းဟာ အတု၊ ဘယ်ဒင်းဟာ အစစ်ဆိုတာ ကွဲကွဲပြားပြား သိရမှာပဲ'



ထိုမေးခွန်းကိုမူ ဆယ်ဟိုလုံက ဣန္ဒြေရစွာ ပြန်ဖြေသည်။

'ခွေးရိုက်တုတ်ဆိုတာ ကျုပ်တို့ သူတောင်းစားဂိုဏ်းရဲ့ အထွတ်အမြတ်ဆုံးပစ္စည်းပဲ ခင်ဗျားတို့ပြောတိုင်း ကျုပ်က ထုတ်မပြနိုင်ဘူး၊ ဒီခွေးရိုက်တုတ်ကို အမြဲတမ်းကိုင်ထားရင် ပျောက်မှာလဲ စိုးရိမ်ရသေးတယ်၊ အခုလို လုံလုံခြုံခြုံ သိမ်းထားတာဟာ ကျုပ်တို့ဂိုဏ်းအတွက် အကောင်းဆုံး အစီအစဉ်ပဲ'

သူတောင်းစားဂိုဏ်းသားများသည် အကျိုးအကြောင်း မဆီလျော်လှသော ဆယ်ဟိုလုံ၏ စကားကို ကြားလိုက်ရသောအခါ သံသယများ ပွားများလာတော့သည်။

ဂိုဏ်းချုပ်ကြီး တစ်ယောက်လုံး ဖြစ်နေလျက်သားနှင့် သူ၏လက်စွဲ အမှတ်အသားကို ပျောက်မှာစိုး၍ ကိုယ်တွင်ဆောင်မထားဟူသည့် စကားသည် သူ၏ ဂုဏ်သရေကို လုံးဝလျော့ကျ ပျက်စီးစေတော့သည်။

ထိုစဉ် အကျီဝါမိန်းမ၏ ဘေးမှ မိန်းကလေးသည် သူ၏လက်ထဲမှ ဝါးစိမ်းတုတ်ကို ကိုင်မြှောက်ပြရင်း ပြောလိုက်လေသည်။

'သူတောင်းစားဂိုဏ်းက ဝါစဉ်ကြီးတဲ့ ပုဂ္ဂိုလ်တွေ အားလုံးနားထောင်ကြပါ၊ ဒီခွေးရိုက်တုတ်ဟာ ကျွန်မတို့ဂိုဏ်းရဲ့ မျိုးစဉ်ဆက် တစ်လျှောက်လုံး ထိန်းသိမ်းလာတဲ့ပစ္စည်း၊ ဒါဟာ အတုဖြစ်နိုင်မလား အားလုံးကြည့်ကြပါ'

www.burmeseclassic.com

www.burmeseclassic.com



သူတောင်းစားဂိုဏ်းသားများ အားလုံးက သူမ၏ 'ကျွန်မဂိုဏ်း' ဟူသည့် အသုံးအနှုန်းကို ကြားလိုက်ရသဖြင့် အလွန် အံ့သြသွားကြသည်။ သူတို့၏ စိတ်ထဲတွင် ဤကလေးမလေးသည် သူတို့၏ သူတောင်းစားဂိုဏ်းသားများ ပေလားဟု တွေးတောနေမိကြ တော့၏။

ထို့ပြင် သူတို့အားလုံးသည် အစုလိုက် အစုလိုက် ဝါးစိမ်းတုတ်ကို အနီးကပ် လှမ်းလာကြည့်ကြသည်။ အမှန်တကယ်ပင် ခွေးရိုက်တုတ် ဖြစ်နေကြောင်း တွေ့ရှိရတော့သည်။

အကျီဝါမိန်းမသည် အားရပါးရ ရယ်မောရင်း ပြောလိုက်ပြန်သည်။

'သူတောင်းစားဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံဟာ နဂါးနိုင်လက်ဝါးစောင်း ဆယ့်ရှစ်ကွက်နဲ့ ခွေးရိုက်တုတ် သိုင်းပညာနှစ်မျိုးတည်းနဲ့ သိုင်းလောကမှာ လူသိများ ထင်ရှားခဲ့တာပဲ၊ ဒီတော့ စမ်းကြည့်ကြတာပေါ့၊ ဟုတ်ရင်ကျော်၊ ပုပ်ရင်ပေါ်မှာပဲ၊ ကဲ... ရှောင်ဟုန်မင်းထွက်လိုက်စမ်း၊ ဟောဒီက ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံနဲ့ နဂါးနိုင်လက်ဝါးစောင်း သိုင်းပညာ ဖလှယ်ကြည့်စမ်း'

ထိုအခါ ပလွေကိုင်သော မိန်းကလေးတစ်ယောက် ရှေ့သို့ ထွက်လာသည်။

ချန်ရှိသည် ဒေါသတကြီးဖြင့် အော်ဟစ် တားမြစ်လိုက်၏။



'ခင်ဗျား ဘယ်လိုမိန်းမလဲ ခင်ဗျားဟာ ကျုပ်တို့ သူတောင်းစားဂိုဏ်းကို သက်သက်လာစော်ကားနေတယ်၊ အခု ခင်ဗျားရဲ့ အပျိုရဲ့ တစ်ယောက်ကို ခေါ်ပြီး ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ကြီးနဲ့ ယှဉ်ပြိုင်ခိုင်းသေးတယ်၊ ကျုပ်တို့ ဂိုဏ်းကို အထင်သေးတဲ့ သဘောပေါ့၊ ဂိုဏ်းချုပ်ကြီး... ဂိုဏ်းချုပ်ကြီးကိုယ်တိုင် တိုက်ဖို့ မလိုသေးပါဘူး၊ မိန်းမတွေ ဘယ်ကဟာတွေလဲ ဆိုတာကျုပ် အရင် စစ်ဆေးကြည့်ပါရစေ၊ ကျုပ် အရင်တိုက်ပါ့မယ်'

ထိုအခါ ဆယ်ဟိုလုံသည် ကမန်းကတန်း ဝင်ပြောလာသည်။

'ကောင်းတယ်...မင်းအကြံကောင်းတယ်၊ သူတို့ရဲ့ပညာ ဘယ်လောက် အဆင့်ရှိမှန်း သိရတာလဲ မဟုတ်ဘူး၊ မင်းပဲ အရင် တိုက်ကြည့်လိုက်ပါ'

ချန်ရှိသည် သူ၏ ဂိုဏ်းချုပ်ကြီး၏ ဂုဏ်ကို မြှင့်တင်သည့် အနေဖြင့် ဆယ်ဟိုလုံအား အရိုအသေ တစ်ချက် ပြုလိုက်သည်။ သူ၏ဓားကို ရွှမ်းခနဲ ဆွဲထုတ်လိုက်ကာ ခန်းမအလယ်သို့ လျှောက်ထွက်လာသည်။

ရှောင်ဟုန်က...

'မမက ကျွန်မကို နဂါးနိုင်လက်ဝါးစောင်း သိုင်းကွက် ဆယ်နိုင်းတာ ရှင့်ကြည့်ရတာ နဂါးနိုင် လက်ဝါးစောင်းသိုင်းကွက် နဲ့ တတ်ပုံမရပါဘူး၊ တတ်ကော တတ်ရဲ့လား၊ လက်ဝါးစောင်း သိုင်းကွက်ပါလို့ ဆိုနေမှ ရှင်ဘာဖြစ်လို့ ဓားကို ကိုင်နေရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့က ဘယ်ကဟာတွေမှန်း မသိဘဲနဲ့ ငါတို့ရဲ့ ဂိုဏ်းချုပ်ကြီး ကို ဘာဖြစ်လို့ ထွက်ပြီး ယှဉ်နိုင်းရမှာလဲ၊ မင်းတို့ ဘယ်ကဟာတွေလဲ ပြောစမ်း'

အကျီဝါအမျိုးသမီးက ဟူကျင်းအား လှမ်း၍ ပြောလိုက်ပေသည်။

'ကျုန်းဟူကျင်း... ရှင့်ကို ကျွန်မ အကူအညီ တစ်ခု တောင်းချင်ပါတယ်'

'ဟုတ်ကဲ့...ပြောပါ၊ ကျွန်တော် တတ်နိုင်တာမှန်ရင် ဘာမဆို ကူညီပါ့မယ်'

'ရှင် ဒီချန်ရိုဆိုတဲ့ လူကို ထိန်းချုပ်ထားလိုက်ပါ၊ ဟို-- ဂိုဏ်းချုပ် အတုကြီးကိုလဲ ထွက်မပြေးနိုင်အောင် တားဆီးပေးစမ်းပါ'

ဟူကျင်းသည် အစောကြီးကတည်းကပင် ဆယ်ဟိုလုံ၏ အရည်အချင်းနှင့် ပတ်သက်၍ သံသယ ရှိနေသူဖြစ်ပေသည်။ အခြားသံသယ ဖြစ်နေသည့် အချက်တစ်ချက်လည်း ရှိသေးသည်။

ယခု အချိန်အထိ သူ၏ ဆုံးဖြတ်ချက်၊ ညွှန်ကြားချက်ဟူ၍ တစ်စုံတစ်ခုမျှ မရှိ။ ချန်ရို ပြောသမျှ ခေါင်းညိတ်နေရခြင်းဖြစ်လေသည်။ ယခုအခါ အကျီဝါမိန်းမကဂိုဏ်းချုပ်အတုကြီးဟု ပြောလိုက်သောအခါမှ ရှင်းရှင်းလင်းလင်း သဘောပေါက်မိတော့သည်။



ဟူကျင်းသည် ခေါင်းတစ်ချက်ညိတ်ပြလိုက်ရင်း ဆယ်ဟိုလုံ ထံသို့ ခုန်ဝင်လိုက်သည်။ ဆယ်ဟိုလုံသည် ကြောက်ကြောက်လန့်လန့်ဖြင့် ဟူကျင်း၏ ရင်ဘတ်ကို လက်သီးဖြင့် ထိုးလိုက်သောအခါ 'ဘန်း' ခနဲ မြည်ဟည်းသံ တစ်ချက်ပေါ်လာတော့သည်။

ဟူကျင်းမှာမူ မည်သို့မျှ မဖြစ်။ ဟူကျင်းသည် တဟားဟားရယ်မောရင်း ပြောလိုက်သည်။

'နဂါးနိုင် လက်ဝါးစောင်းဆိုရင် ဒီလို ဘယ်ဖြစ်လိမ့်မလဲ၊ ခင်ဗျားရဲ့ လက်သီးက ဘာမှ အသုံးမကျတဲ့ လက်သီးပဲ'

ဟူကျင်းသည် ကလေးငယ် တစ်ယောက်၏ ဂုတ်ကို ဆွဲဖမ်းလိုက်သကဲ့သို့ ဆယ်ဟိုလုံကို ဆွဲဖမ်းလိုက်သည်။ ခန်းမကြီး၏ အလယ်ခေါင်သို့ ပစ်ပို့လိုက်သည်။

ဆယ်ဟိုလုံခမျာမှာမူ ဟူကျင်းအားမည်သို့ မျှ တွန်းလှန်ခုခံနိုင်ခြင်း မရှိတော့ဘဲ ဟူကျင်းပြုသမျှ နုရသည့် ဘဝသို့ ရောက်သွားရတော့သည်။

သို့သော် ချန်ရိုကမူ သူ၏ဓားကို ဆွဲထုတ်လျက် ဟူကျင်းကို အပြင်းအထန် တိုက်ခိုက်တော့၏။ သို့သော် တစ်ကွက်မျှသာ တိုက်လိုက်ရသည်။ ဓားမှာ လွင့်စဉ်ထွက်သွားတော့သည်။ ဟူကျင်းသည် ချန်ရို၏ အကြောကို ထိုးပိတ်လိုက်သဖြင့် ချန်ရိုသည် မြေကြီးပေါ်သို့ လဲကျသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကလေးမကလေးသည် အော်ဟစ် ငိုယိုပြီး၊ ကွက်လပ်ရှေ့သို့ ခုန်ထွက်လာသည်။လဲကျနေသည့် ဆယ်ဟိုလုံအား ဆုပ်ကိုင် ရိုက်နက်ပြီး အော်ဟစ် ပြောဆိုနေတော့သည်။

'ရှင်...ရှင်...လူယုတ်မာကြီး၊ ကျွန်မ အဖေကို ရှင် လုပ်ကြံတယ်၊ ကျွန်မရဲ့ အဖေကို ရှင် လုပ်ကြံတယ်၊ ရှင့်ကို မကျေနပ်ဘူး၊ သတ်မယ်၊ အခုပဲ ကျွန်မ သတ်မယ်'

သူမသည် ပြောပြောဆိုဆိုဖြင့် ဆယ်ဟိုလုံ၏ ဆံပင်ကို ဆွဲကိုင်လိုက်သည် ထိုစဉ် မမျှော်လင့်သော အဖြစ်တစ်ခုဖြစ်လာတော့သည်။

အဖြစ်မှာ...၊ မိန်းကလေးသည် ဆယ်ဟိုလုံ၏ ဆံပင်ကို ဆွဲဆုပ်ကိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ဆယ်ဟိုလုံ၏ ဆံပင်မှာ ခပ်လုံး ကျွတ်ထွက်ကာ ခေါင်းတုံးကြီး ဖြစ်နေကြောင်း တွေ့လိုက်ကြရခြင်း ဖြစ်ပေသည်။

မိန်းကလေးသည် ရုတ်တရက် ငေးကြောင် သွားမိသော်လည်း ရုတ်ခြည်းပင် သဘောပေါက်သွားတော့သည်။

ထို့ကြောင့် မိန်းကလေးသည် ဆယ်ဟိုလုံ၏ မျက်နှာတစ်ခုလုံးကို ဆွဲဖြုတ်လိုက်သောအခါ နဂါးခေါင်းကြီးပြူတ်ထွက် လာတော့သည်။ အခန်းတွင်းရှိ လူအားလုံးသည် အံ့သြခြင်းမက အံ့သြမိကြသဖြင့် ငေးမောလျက်သာ ကြည့်နေမိကြ၏။ သူတို့အားလုံးသိလိုက်ကြပြီ။



ဆယ်ဟိုလုံ၏ မျက်နှာဖုံးကို တုရှ် မျက်နှာဖုံးတပ်ကာ ရုပ်ဖျက်ထားခြင်း ဖြစ်ပေသည်။ ဤသို့ကား အကယ် စင်စစ်အားဖြင့် ဆယ်ဟိုလုံ အစစ် မဟုတ်ချေတကား။ သူတောင်းစားဂိုဏ်းသားအားလုံးသည် ရုတ်တရက်သတိဝင်လာပြီး ဒေါသတကြီး အော်ဟစ်လိုက်ကြတော့သည်။

'မင်း ဘယ်သူလဲ...ပြောစမ်း၊ ဘာဖြစ်လို့ ငါတို့ ဂိုဏ်းချုပ်ကြီး ဟန်ဆောင်နေရတာလဲ'

ဟူကျင်းသည် ပြုံး၍ ဘေးသို့ ဆုတ်ရှောင်ပေးလိုက်သည်။ ဆယ်ဟိုလုံ အတု ပေါ်ပေါက်လာပြီ ဖြစ်၍ သူတို့ သူတောင်းစားဂိုဏ်းသားများ အချင်းချင်းသာ စာရင်းရှင်းကြရပေတော့မည်။

သူ့အနေဖြင့် ဝင်ပါစရာ မလိုတော့။ ထခုအချိန်တွင် လက်ပိုက်၍ ကြည့်နေရုံသာရှိတော့သည်။ ကျန်းပန်နဂါးခေါင်းသည် မည်သည့် စကားတစ်ခွန်းကိုမျှမပြော။

ဆယ်ဟိုလုံအတု၏ ဘေးနားသို့ ကပ်သွားပြီး ဆယ်ဟိုလုံအတု၏ ပါးကို အချက်ဆယ်ချက်ခန့် ရိုက်ပစ်လိုက်သည်။

ဟူကျင်းအဖို့မှာမူ ငိုအားထက် ရယ်အားသန်ဟု ဆိုရမည့်ကဲ့သို့ ဖြစ်နေသဖြင့် ပြုံးနေမိတော့သည်။ မပြုံးဘဲလည်းမနေနိုင်ချေ။

ဆယ်ဟိုလုံအတုသည် အော်ကြီးဟစ်ကျယ်ဖြင့် ငိုယိုလိုက်သောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါ...ဒါ ကျုပ် အပြစ်မဟုတ်ဘူး၊ ကျုပ်နဲ့ မဆိုင်ဘူး၊ ချန်ရီက ကျုပ်ကို လုပ်ခိုင်းလို့ ကျုပ်က လုပ်ရတာပါ၊ ကျုပ်က သူ့ကို ကြောက်နေရတာပါ'

စည်းကမ်းထိန်းသိမ်းရေးမှူးသည် ချက်ချင်းပင် သူ၏ ဂိုဏ်းသားများဘက်သို့ လှည့်၍ အမိန့်ပေးလိုက်တော့သည်။

'ချန်ရီကို ဖမ်းချုပ်လိုက်ကြစမ်း'

ချန်ရီသည် သူ့အတွက် ကြမ္မာဆိုး ဝင်တော့မည်ကို သိရှိလိုက်လေပြီ။ သို့သော် သူ၏ အကြောမှာ ထိုးပိတ်ခြင်းခံထားရသဖြင့် မည်သို့မျှ မလှုပ်ရှားနိုင်တော့။

သူတောင်းစားဂိုဏ်းသားများသည် သူ့ကို ဖမ်းဆီးချုပ်နှောင် လိုက်ကြသည်။ စည်းကမ်းထိန်းသိမ်းရေးမှူးသည် အကျီဝါ မိန်းကလေးကို ဦးညွှတ် အရိုအသေ ပြုလိုက်သည်။

'မိန်းကလေးရဲ့ ကျေးဇူးကြောင့် ကျွန်တော်တို့ သူတောင်းစားဂိုဏ်းဟာ လူယုတ်မာတွေရဲ့ လက်ထဲမှာ ရေတိမ်နစ်ရတော့မယ့်ဖြစ်က လွတ်မြောက်ခဲ့ရပါတယ်၊ ကျုပ်တို့ဟာ မိန်းကလေးကို ဖော်မပြနိုင်လောက်အောင် ကျေးဇူးတင်ကြောင်း လှိုက်လှိုက်လှဲလှဲ ပြောပါရစေ၊ မိန်းကလေးရဲ့ နာမည်ကို မသိရဘူးလား'

အကျီဝါ မိန်းမသည် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။



'ကျွန်မက တောနက်ကြီးထဲမှာ နေခဲ့တာ ကြာပြီဆိုတော့ ကိုယ့်နာမည် ကိုယ်မေ့နေပါပြီ၊ ကျွန်မက အရေးမကြီးပါဘူး၊ အရေးကြီးတာက ဒီကလေးမလေးပါ၊ သူ့ကို ရှင်တို့ထဲက တစ်ယောက်မှ မမှတ်မိကြဘူးလား'

ထိုအခါ ကလေးမသည် သူမ၏ မျက်နှာကို လက်ဖြင့် ပွတ်သပ်ဆွဲချလိုက်သည်။ အမှန်စင်စစ် ထိုမိန်းကလေး၏ မျက်နှာမှာလည်း မျက်နှာဖုံးစွပ်ထားလျက် ရုပ်ဖျက်ထားခြင်းပင်ဖြစ်သည်။

ထိုမိန်းကလေး၏ နဂိုရုပ်ရည်ကို တွေ့လိုက်သောအခါ သိုင်းပညာ သင်ကြားရေးမှူးသည် တအံ့တဩ ပြောလိုက်သည်။

'သူ... သူ၊ ဂိုဏ်းချုပ်ကြီး ဖနီးနဲ့ရုပ်ချင်းတူလိုက်တာ၊ သူ... သူ...'

အကျီဝါမိန်းမက ဖြတ်၍ ပြောလိုက်သည်။

'ဟုတ်တယ်... သူဟာ ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံရဲ့ သမီးလေး ဆယ်ဟုန်ပဲ၊ ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံ လုပ်ကြံခံရပြီးတဲ့ အချိန်မှာ ဆယ်ဟိုလုံရဲ့ လက်ရင်းတပည့်ကြီး ဝမ်ရှောင်းဟာ ကျွန်မတို့ဆီကို ရောက်လာပါတယ်၊ ရောက်လာတယ်ဆိုတာက အသက်ဘေးက လွတ်ရာလွတ်ကြောင်း အပြေးအလွှား ရောက်လာတာပါ၊ ဝမ်ရှောင်းနဲ့အတူ ခွေးရိုက်တုတ် တစ်ချောင်းနဲ့ ဟောဒီ ဆယ်ဟုန်

www.burmeseclassic.com



ကလေးပါလာတယ်၊ ဝမ်ရှောင်းဟာ သေလုသေဆဲပါပဲ၊ ဒါပေမယ့် သူတို့ ဂိုဏ်းချုပ်ကြီးရဲ့ သမီးလေးကိုတော့ ကျွန်မတို့လက်ထဲ ထားမသိ ရန်မခ အရောက်ပို့ခဲ့ပါတယ်၊ ဝမ်ရှောင်းလည်း နောက်ဆုံး အားကုန်ပြီး သေသွားခဲ့ရှာတယ်'

သိုင်းပညာ သင်ကြားရေးမှူးက...

'မိန်းကလေး... ဒီလိုဆိုရင် ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ကြီး ကွယ်လွန်သွားပြီပေါ့၊ ဟုတ်လား၊ သူ ဘယ်လို ကွယ်လွန်သွားခဲ့ရတာလဲ သိပါရစေ'

သူတောင်းစား ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံသည် လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က နဂါးနိုင်လက်ဝါးစောင်းသိုင်းကွက်ကို လေ့ကျင့်ရင်း သူ၏ လက်နှစ်ဖက်စလုံး အကြောများ သေသွားခဲ့ရသည်။ ဤသို့ လက်များ အကြောများ သေသွားရခြင်းမှာ သူ၏ အတွင်းအား မပြည့်ဝခြင်းကြောင့် ဖြစ်ပေသည်။

ထိုအကြောင်းကြောင့် သူ၏ ဂိုဏ်းကိစ္စအဝဝကို သူ၏ လက်အောက်ငယ်သားများနှင့် လွှဲထားခဲ့ပြီး သူကမူ သူ့ဇနီး၊ သူ့ သမီးတို့ကို အတူ ခေါ်ဆောင်လျက် အရပ်တကာ၊ နယ်တကာ လှည့်လည်လျက် ဆေးဝါးများအရှာထွက်သွားခဲ့သည်။ ထိုအချိန် အတွင်း ဂိုဏ်းချုပ်အတု ပေါ်ထွက်လာခြင်း ဖြစ်ပေတော့သည်။



သို့သော် သူ့အား မည်သူကမှ ဂိုဏ်းချုပ်အတုဟု မထင်ခဲ့ကြပေ။ သူ့အား အတုဟု မထင်ရအောင် ပိပိရိရိ နေထိုင်ပြုမူ ခဲ့သောကြောင့် ဖြစ်ပေသည်။

အကျိဝါမိန်းကလေးက ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံအစစ်၏ အကြောင်းကို ပြောပြသည်။

'ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံဟာ မိုးကြိုးလက်သီးရှင် ချန်ခွန်းရဲ့ လက်ချက်နဲ့ သေသွားခဲ့ရတာပါ'

'ဘာ'

ဟူကျင်းသည် ထိုစကားကြောင့် အာမေဋိတ်ပြုလိုက်မိတော့သည်။ သူ့အတွေးများသည် ကွမ်းမိန်တောင်ထိပ်သို့ ပြန်လည်ရောက်ရှိသွားတော့သည်။

'ကွမ်းမိန်တောင်ထိပ်မှာတုန်းက ချန်ခွန်း သေသွားခဲ့ပြီပဲ၊ အလောင်းကိုတောင် ငါကိုယ်တိုင် တွေ့ခဲ့ရတာပဲ၊ သေပြီးတဲ့လူက ဆယ်ဟိုလုံကို ဘယ်လိုလုပ် သွားသတ်နိုင်မှာလဲ၊ မဖြစ်နိုင်ပါဘူး'

သို့သော်... ဟူကျင်းက မေးမြန်းစုံစမ်းလိုက်သည်။

'ချန်ခွန်းက ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံကို ဘယ်အချိန်မှာ သတ်လိုက်ရတာလဲ'

အကျိဝါမိန်းမက အတိအကျပင် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မနှစ်က ဆယ်လ ခြောက်ရက်နေ့မှာပဲ၊ အခုဆိုရင် နှစ်လ ကျော်ပြီးပေါ့'

ဟူကျင်း အလွန် အံ့သြသွားသည်။

'ခင်ဗျားက ချန်ခွန်းရဲ့ လက်ချက်လို့ ဘာကြောင့် အတိအကျ ပြောနိုင်တာလဲ၊ ကျွန်တော့်မှာ မရှင်းလင်းတဲ့ အချက်လေးတွေ ရှိနေလို့ ဒီလိုမေးရတာပါ၊ စိတ်မရှိပါနဲ့'

'ဂိုဏ်းချုပ်ကြီးရဲ့ တပည့်ကြီး မသေခင်ကလေးတင် ပြောသွားလို့ သိရတာပဲ၊ ဂိုဏ်းချုပ်ကြီးရဲ့ လက်နှစ်ဘက်ဟာလဲ အဲဒီအချိန်တုန်းက အကောင်းနီးပါး ပြန်ဖြစ်နေပြီဆိုပဲ၊ သူက ချန်ခွန်းနဲ့ လက်ဝါးစောင်းချင်း ယှဉ်တိုက်တော့ ချန်ခွန်း သွေးအံ့ပြီး ထွက်ပြေးသွားရတယ်တဲ့၊ ချန်ခွန်းပြေးသွားပေမယ့်လဲ ဂိုဏ်းချုပ်ကြီး ဆယ်ဟိုလုံ့အဖို့ကတော့ နောက်ဆုံးအချိန် ဖြစ်သွားတော့တာပဲ၊ ဂိုဏ်းချုပ်ကြီးဟာ သူ့မသေခင်လေးတင်မှာပဲ သူ့တပည့်ကြီး ဝမ်ရှောင်းရဲ့ လက်ထဲကို ခွေးရိုက်တုတ်နဲ့ သူ့သမီးလေးကို အပ်ပြီး ကျွန်မဆီ အရောက်ပို့နိုင်းလိုက်တယ်၊ သူ့ကို သတ်သွားတဲ့လူဟာ ချန်ခွန်းဆိုတာလဲ ပြောခိုင်းခဲ့တယ်၊ ချန်ခွန်းဟာ အလျှော့မပေးသေးဘူး၊ သူ့တပည့်ကြီး ဝမ်ရှောင်း ကျွန်မတို့ဆီ ပြေးအလာမှာ နောက်က လိုက်လာသေးတယ်၊ ကလေးမလေးရဲ့အမေလဲ လက်ဝါးစောင်းဒဏ်ခံသွားရတယ်၊ ဝမ်ရှောင်းလဲ ကျွန်မတို့ဆီ ရောက်ပြီး မကြာခင်ပဲ အားပြတ် သေဆုံးသွားခဲ့ရတယ်၊ ဒါတွေဟာ ကျွန်မသိထားသမျှတော့ အကုန်ပါပဲ'



အကျိုဝါမိန်းမသည် ဆယ်ဟိုလုံ၏ ကြေကွဲဖွယ်ရာအဖြစ်ကို သူမ သိထားသမျှ ရှည်လျားစွာ ရှင်းလင်းပြပြီးချိန်တွင် ကလေးမလေး ဆယ်ဟုန်သည် ရှိုက်ကြီးတငင် ငိုကြွေးလျက် ရှိနေချေပြီ။

သိုင်းပညာ သင်ကြားရေးမှူးသည်လည်း ယူကြုံးမရ ကြေကွဲမှုကို ခံစားနေတော့သည်။ သူသည် ကလေးမလေး၏ ဦးခေါင်းကို ပွတ်သပ်ပေးရင်း...

'သမီးလေး... ပူဆွေးမနေပါနဲ့တော့ကွယ်၊ တိတ်ပါတော့၊ သမီးလေးရဲ့ ဖေဖေ ငါတို့ ဂိုဏ်းချုပ်ကြီးရဲ့ ကိစ္စအဝဝဟာ ငါတို့ အားလုံးရဲ့ကိစ္စပါပဲ၊ ဒီ မိုးကြိုးလက်သီးရှင်ချန်ခွန်း ဆိုတဲ့ကောင်ကို မိုးအဆုံးမြေအနဲ့ တွေ့အောင်ရှာပြီး တိုက်ခိုက်မယ်'

ထိုအချိန်တွင် ကျန်းပန်နဂါးခေါင်းသည် ဆယ်ဟိုလုံ့အတု၏ လည်မျိုကို ဆုပ်ကိုင်လျက် စစ်မေးနေသည်။

'မင်းဟာ တော်တော်ရွတ်တဲ့ကောင်ပဲ၊ မင်းဘယ်သူလဲ၊ ဘာဖြစ်လို့ ဂိုဏ်းချုပ်ကြီး ဟန်ဆောင်ရတာလဲ၊ ပြောစမ်း အမှန်အတိုင်း'

ထိုလူသည် လိပ်ပြာလွင့်စဉ်မတတ် ကြောက်လန့်ရာမှ အမောတကော ဖြေရှင်းလိုက်သည်။

'ကျွန်...ကျွန်တော် ပြောပါ့မယ်၊ ကျွန်တော် သူ့စိမ်းသက်သက်ပါ၊ သူတို့နဲ့ ဘယ်လိုမှ ပတ်သက်တဲ့လူ မဟုတ်ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခရီးတစ်ခု သွားနေတုန်း ချန်ရှိနဲ့ ချန်ရှိရဲ့ဆရာက လမ်းမှာတွေ့ပြီး ဖမ်းသွားခဲ့ပါတယ်၊ သူတို့ပြောတဲ့အတိုင်း ရုပ်ပြောင်းပြီး ဒီလို ဟန်ဆောင်မပေးရင် သတ်ပစ်မယ်တဲ့'

သိုင်းပညာ သင်ကြားရေးမှူးကလည်း ချန်ရှိ၏လည်ဂုတ်ကို ဆွဲကိုင်၍ ဒေါသတကြီး လှုပ်ရမ်းကာ မေးလိုက်သည်။

'မင်းရဲ့ဆရာ ဘယ်သူလဲ၊ ချန်ခွန်းမဟုတ်လား'

ချန်ရှိကား ယုတ်မာကောက်ကျစ်သည့် စိတ်ဓာတ်ရှိသည့်နည်းတူ ရဲရင့်သော စိတ်ဓာတ်ရှိသူလည်း ဖြစ်ပေသည်။

သူသည် အေးစက်စွာရယ်မောရင်း ပြန်ဖြေသည်။

'ဟုတ်တယ်၊ ကျုပ်ရဲ့ဆရာက ချန်ခွန်းပဲ၊ မိုးကြိုးလက်သီးရှင် ချန်ခွန်းပဲ၊ ခင်ဗျားတို့ ကျုပ်ကို လုပ်ရဲရင် လုပ်ကြည့်ကြစမ်း၊ ခင်ဗျားတို့ကို ကျုပ်ဆရာက တစ်ယောက်ပြီးတစ်ယောက် တိုက်ခိုက်ပစ်မှာ အသေအချာပဲ'

'ဖြန်း...ဖြန်း...ဖြန်း'

သိုင်းပညာ သင်ကြားရေးမှူးသည် သူ့ဒေါသကို မထိန်းနိုင်တော့သဖြင့် ချန်ရှိ၏ပါးကို ဆက်တိုက်ရိုက်ပစ်လိုက်တော့သည်။ ချန်ရှိ၏သွားများ ကျိုးထွက်ကုန်တော့၏။



ထိုအချိန်ကျမှ ချန်ခွန်းနှင့်ပတ်သက်၍ ဟူကျင်း ရှင်းရှင်းလင်းလင်း သိလာတော့သည်။ ချန်ခွန်းသည် ရှောင်လင်ဘုန်းကြီးကျောင်းတွင် ရှွယ်ရင်းဟူသော နာမည်ဖြင့် ကိုယ်ရောင်ဖျောက်ထားသည်။ ကွမ်းမိန်တောင်ထိပ်တွင် သေချင်ဟန်ဆောင်ခဲ့သည်။ လူများ သတိမပြုမိသည့်အချိန်ကျမှ ထွက်ပြေးသွားခြင်း ဖြစ်ကြောင်း သိလိုက်တော့သည်။

သိုင်းပညာ သင်ကြားရေးမှူးက...

'လက်စသတ်တော့ တကယ့် တရားခံအစစ်က ဒီချန်ရှိနဲ့ ချန်ခွန်းတို့ ဆရာတပည့်နှစ်ယောက်ကိုး၊ သူတို့နှစ်ယောက်စလုံးက သိုင်းလောက တစ်ခုလုံးကို အုပ်စီးပြီး တိုင်းပြည်ကိုတောင် သိမ်းပိုက်ချင်နေကြတဲ့ကောင်တွေ၊ အခု သူတို့ လုပ်ပုံကိုကြည့်၊ ဒီကနေ တစ်ဆင့်ပြီးတစ်ဆင့် တက်မယ်၊ အလင်းမာန်ဂိုဏ်း၊ ရှောင်လင် ဂိုဏ်း၊ ဟူတန်းဂိုဏ်းနဲ့ ဝါမေဂိုဏ်းတွေကို သူတို့ လက်ခုပ်ထဲက ရေလို ဖြစ်အောင် လုပ်မယ်၊ အင်း... ဒီကောင်တွေရဲ့ အကြံကတော့ တကယ့် ကို ပက်ပက်စက်စက်ကြံတဲ့ အကြံပါလား'

ထိုအခါ သူတောင်းစားဂိုဏ်းသားများသည် လုံးဝ မချိတ်နိုင်ကြတော့။ ဒေါသယမ်းအိုးကြီး ပေါက်ကွဲသွားကြတော့သည်။ အားလုံး တစ်ညီတစ်ညွတ်တည်း အော်ဟစ်လိုက်ကြသည်။

'ဂိုဏ်းချုပ်ကြီးအတွက် တိုက်ခိုက်ပေးကြ'

www.burmeseclassic.com

www.burmeseclassic.com



ထိုအော်သံကြီးသည် ဟူကျင်းတို့၏ အသည်းနှလုံးများကိုပါ တုန်လှုပ်ချောက်ချားသွားစေသည်အထိ တုန်ဟည်း ထွက်ပေါ်လာတော့သည်။

သူတို့သည် ချန်ရှီနှင့် ဂိုဏ်းချုပ်အတုတို့ကို စိတ်ရှိလက်ရှိ ဝင်ရောက် ထိုးကြိတ် ရိုက်နှက်ကြတော့သည်။

စည်းကမ်းထိန်းသိမ်းရေးမှူးနှင့် သိုင်းပညာ သင်ကြားရေးမှူးတို့သည်လည်း သူတို့ဂိုဏ်းသားများကို မထိန်းသိမ်းနိုင်ကြတော့ချေ။ ချန်ရှီနှင့် ဂိုဏ်းချုပ်အတုတို့မှာ တိုက်ခိုက်ခြင်း ခံလိုက်ရပေပြီ။ ဂိုဏ်းသားပေါင်းများစွာ၏ ထုထောင်းရိုက်နှက်ချက် အောက်ဝယ် မချိမဆန့် အသက်ထွက်သွားကြရတော့သည်။

ထိုစဉ် အင်္ကျီဝါမိန်းမက...

'ကျွန်မတို့ အခုလို ရောက်လာတာကို ရှင်တို့အံ့ဩကောင်း အံ့ဩကြမယ်၊ မအံ့ဩကြပါနဲ့၊ ကျွန်မရဲ့မိဘတွေနဲ့ ရှင်တို့ 'သူတောင်းစားဂိုဏ်းဟာ ခေတ်အဆက်ဆက်ကတည်းက ဆက်စပ်ပတ်သက်မှုတွေ ရှိခဲ့ပါတယ်၊ ဒါကြောင့် ကျွန်မအနေနဲ့ အခုလို ဝင်ပြီး စွက်ဖက်ခဲ့ရတာပါ၊ အခုဆိုရင် ကိစ္စတွေအားလုံးလိုလို ရှင်းလင်းသွားပါပြီ၊ ဒီ ညီမလေး ဆယ်ဟုန်ကိုတော့ ဒီမှာပဲ ထားခဲ့ပါတော့မယ်၊ ရှင်တို့ပဲ ကောင်းကောင်း ပြုစုစောင့်ရှောက်ကြပါတော့'



စည်းကမ်းထိန်းသိမ်းရေးမှူး၊ သိုင်းပညာ သင်ကြားရေးမှူးနှင့် ကျန်ပန်းနဂါးခေါင်းတို့က လိုက်လံ၍ ကျေးဇူးတင်စကား ပြောကြားကြသည်။

ဆယ်ဟုန်ကလေးကို ပြုစုစောင့်ရှောက်ရန်မှာ သူတို့၏ မဟာတာဝန်ကြီး ဖြစ်ကြောင်း ပြောကြားကြသည်။ သူမသည် ချက်ချင်းပင် သူမ၏ အမျိုးရုံရှစ်ယောက်တို့နှင့် အတူ ထွက်ခွာသွားတော့သည်။

✦ ◇ ✦ ◇ ✦

သူတောင်းစားဂိုဏ်းသားများသည် ထူးခြားဆန်းကြယ်သော ဤမိန်းမအား မည်သည့်အရပ်၊ မည်သည့်အမျိုးအနွယ်ကမှန်း လုံးဝ မသိရှိကြပေ။ သူတို့ဂိုဏ်းနှင့် မည်သို့ ဆက်နွယ်ပတ်သက်ခဲ့သည်ကိုလည်း လုံးဝ မသိရှိကြပေ။

ထို့နောက် သိုင်းပညာ သင်ကြားရေးမှူးသည် ဆယ်ဟုန်၏ လက်ကလေးကို ဆွဲခေါ်လိုက်ပြီး ဟူကျင်းဘက်သို့လည်း လှမ်းပြောလိုက်သည်။

'ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်း အတွင်းဘက်အခန်းကို ခဏ ကြွပါလို့ ဖိတ်ခေါ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းနှင့် သူတောင်းစားဂိုဏ်းတို့၏ ဆက်ဆံရေးသည် လုံးဝ ပြောင်းလဲသွားချေပြီ။ အဖြူနှင့် အမည်းကဲ့သို့ ခြားနားသွားလေပြီ။ သူတောင်းစားဂိုဏ်းသားအားလုံးသည် ယခုအချိန်၌ ဟူကျင်းကို ရိုသေလေးစားစွာ ဆက်ဆံနေကြပြီ ဖြစ်သည်။

သူတောင်းစားဂိုဏ်းသားများသည် ဟူကျင်း သွားနိုင်ရန် အတွက် သူတို့လူစု လူအုပ်ကြီးအား ရှဲ၍ လမ်းရှင်းပေးလိုက်ကြသည်။ သူတို့၏ မျက်နှာများ၌ လေးစားရိုသေသည့် ဟန်အမူအရာ အပြည့်အဝ ရှိနေပေသည်။

ဟူကျင်းသည် ထိုအခါကျမှ ဆိုချင်းစူးကို သတိရပြီး မေးမြန်းကြည့်မိသည်။ ဟူကျင်း မေးလိုက်သည့် အချိန်တွင် ဆိုချင်းစူး မရှိတော့။ သူတို့အားလုံး ဆယ်ဟိုလုံအတုကိစ္စ ရှင်းလင်းနေစဉ် ထွက်ပြေးတိမ်းရှောင် သွားချေပြီ။

အခန်းတွင်းသို့ ရောက်ရှိလာသောအခါ ဟူကျင်းသည် သူတောင်းစားဂိုဏ်း၏ ထိပ်သီးပုဂ္ဂိုလ်များနှင့် အတူတူယှဉ်၍ ထိုင်လိုက်သည်။

ချူကျူးသည်လည်း ဟူကျင်း၏ဘေး၌ လာထိုင်သည်။ သူတောင်းစားဂိုဏ်းသားများက အကြောင်းဖြေပေးလိုက်သဖြင့် အကြောင်းပြေသွားပြီ ဖြစ်သည်။



ဟူကျင်း ပထမဆုံးမေးလိုက်သည့် မေးခွန်းမှာ သူ၏ မွေးစားအဖေကြီး ရှက်စွန်း မည်သည့်အခြေအနေ ရှိနေပါသနည်း။ ဟူသည့် မေးခွန်းသာ ဖြစ်တော့သည်။

သိုင်းပညာ သင်ကြားရေးမှူးသည် သက်ပြင်းရှည်ကြီး တစ်ချက်ကို ချလိုက်သည်။ ပြီးနောက် ဟူကျင်းအား လေးစားစွာဖြင့် ရှင်းပြသည်။

'ချန်ရို... ခလောက်ဆန်လိုက်သည့် အတွက်ကြောင့် ကျုပ်တို့ အားလုံး သိုင်းလောက,က မိတ်ဆွေတွေကိုတောင် မျက်နှာ မပြရဲတော့ဘူး၊ ကျုပ်တို့ သူတောင်းစားဂိုဏ်းကြီးရဲ့ သက်တမ်း တစ်လျှောက်မှာ အရှက်တကွဲ အကျိုးနည်းဆုံး ဖြစ်ခဲ့ရတဲ့ အဖြစ်ကြီးပါပဲ၊ ဂိုဏ်းချုပ်ကြီးကို ကျုပ်တို့ အမှန်ဆုံးပြောပြပါ့မယ်၊ ရှက်စွန်းနဲ့ ချူကျူး နှစ်ယောက်စလုံးကို ဒီခေါ်လာခဲ့တာ မှန်ပါတယ်၊ အဲဒီတုန်းက ဆရာကြီး ရှက်စွန်းဟာ ရောဂါထ,နေပါတယ်၊ သူ့ ခုတင်ပေါ်မှာ မေ့လဲနေတာတွေ့ရလို့ ကျုပ်တို့က သူ့ကို တိုက်တောင် မတိုက်ခိုက်ရတော့ဘဲနဲ့ ဒီကို အရောက် ခေါ်လာနိုင်ခဲ့တယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ ရှစ်ရက်လောက်က ဆရာကြီးရှက်စွန်းဟာ အစောင့်နှစ်ယောက်ကို သတ်ပြီး ဒီနေရာကနေ ထွက်ပြေးသွားခဲ့ပါတယ်၊ ဒီစကားတွေဟာ အားလုံး အမှန်တွေပါပဲ'

ဟူကျင်းသည် သိုင်းပညာသင်ကြားရေးမှူး၏ စကားကို ယုံကြည်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆိုရင် ကျွန်တော့်အဖေကြီး အခု ဘယ်ရောက်နေပြီဆိုတာ မသိတော့ဘူးပေါ့'

သိုင်းပညာ သင်ကြားရေးမှူးသည် ခေါင်းခါပြလိုက်လေသည်။ ထို့နောက် ဟူကျင်း၏ ဂိုဏ်းသားဖြစ်သော ဝေလင်းကို လွှတ်လိုက်ရန် အမိန့်ပေးလိုက်သည်။ လူမရောက်လာမီ ဝေလင်း၏ အသံက စူးရှစွာဖြင့် အရင်ဦးဆုံးရောက်ရှိလာသည်။

'ခင်ဗျားတို့ သူတောင်းစားတွေဟာ ကျုပ်ကို လာညာနေကြပြန်ပြီ၊ ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းဟာ အင်မတန်မြင့်မြတ်တဲ့လူ၊ အခုလို ညစ်ပတ်စုတ်ပေပြီး ယုတ်ယုတ်ညံ့ညံ့ နေရာမျိုးကို ဘယ်တော့မှ မလာဘူး၊ ဟား...ဟား...ဟား ခင်ဗျားတို့က ဘယ်လောက်ညာညာ ကျုပ်ကမယုံဘူး'

ဝေလင်း၏ စကားများသည် သူတောင်းစားဂိုဏ်းသား၏ ဂုဏ်သိက္ခာကို လုံးဝ နှိမ့်ချ ပြောဆိုလိုက်ခြင်း ဖြစ်သဖြင့် အားလုံး၏ မျက်နှာတွင် ရှက်သွေးတက်သွားကြတော့၏။

ဟူကျင်းသည် ဝေလင်း၏ စိတ်ဓာတ်ကို အလွန် ကျေနပ်သဘောကျသွားသဖြင့် ချက်ချင်းပင် နေရာမှထ၍ အခန်းဝသို့ သွားရောက် ကြိုဆိုလိုက်သည်။

'ဝေလင်း... ငါ ဒီမှာ ရှိတယ်၊ ဒီရက်တွေ အတွင်းမှာတော့ မင်း တော်တော်လေး ဒုက္ခခံလိုက်ရပုံ ရတယ်'



ဝေလင်းသည် ကျန်းဟူကျင်းကို တွေ့လိုက်ရသောအခါ အလွန် အံ့သြလှသဖြင့် ပါးစပ် အဟောင်းသား ဖြစ်သွားတော့သည်။

သို့သော် သူ့ အမူအရာများသည် အံ့သြသည့် အမူအရာမှ အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည့် အမူအရာသို့ တဖြည်းဖြည်း ပြောင်းသွားကာ ဟူကျင်းရှိရာသို့ အားရပါးရ ပြေးလာတော့သည်။ ဟူကျင်းနား ရောက်သည်နှင့် ဒူးထောက်ထိုင်ချကာ အရိုအသေ ပေးလိုက်တော့သည်။ နှုတ်မှလည်း အားရကျေနပ်စွာ ပြောလိုက်သည်။

'ဂိုဏ်းချုပ်ကြီး၊ တကယ်ပဲ ရောက်လာတာကိုး၊ ဝမ်းသာလိုက်တာ၊ ကျွန်တော်တော့ ပြောမပြနိုင်လောက်အောင် ဝမ်းသာတာပဲ၊ ဂိုဏ်းချုပ်ကြီး ဒီ သူတောင်းစားတွေ အားလုံးကို အမြန်ဆုံး အမိန့်ချပြီး သုတ်သင်ရှင်းလင်းလိုက်ပါ၊ သူတို့အားလုံးဟာ ကျွန်တော်တို့ အလင်းမာန်ဂိုဏ်းကို ဖျက်ဆီးဖို့ကြံနေတဲ့ လူတွေချည်းပဲ'

ဟူကျင်းသည် ပြုံး၍ ဒူးထောက်ထိုင်နေသော ဝေလင်းကို ဆွဲထူ ထခိုင်းလိုက်သည်။

'ဝေလင်း... သူတို့ဟာ လူဆိုး လူညာတွေရဲ့ လှည့်ကွက်ကို ခံလိုက်ရလို့ အခုလို တစ်ယောက်နဲ့တစ်ယောက် အထင်မှား အမြင်မှား ဖြစ်ခဲ့ကြရတာပါ၊ အခု အားလုံး တစ်ယောက်နဲ့တစ်ယောက် နားလည်မှု ရှိသွားကြပါပြီ၊ ငါ့မျက်နှာကို ထောက်ထားပြီး သူတို့ကို စိတ်မဆိုးပါနဲ့တော့လို့ ငါ တောင်းပန်ပါတယ်'

www.burmeseclassic.com



သူတောင်းစားဂိုဏ်းသားများသည် ဝေလင်းနှင့် ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းတို့ အပြန်အလှန် စကားပြောနေသည်ကို လေ့လာအကဲခတ်နေကြသည်။ ကျန်းဟူကျင်း၏ ငုံ့ညွှာ ထောက် ထားသောစိတ်နှင့် ညီရင်းအစ်ကိုကဲ့သို့ ဆက်ဆံနေသော အပြုအမူ များကိုတွေ့ရသောအခါ ကျန်းဟူကျင်းအပေါ် အလင်းမာန်ဂိုဏ်း သားများသစ္စာရှိကြပုံကို မအံ့သြမိကြတော့ချေ။

ဝေလင်းသည် ဟူကျင်း၏ တောင်းပန်စကားကြောင့် သူ၏ဒေါသများကို ချုပ်တည်းထားလိုက်တော့သည်။

သူတောင်းစားဂိုဏ်းသားများသည် ဟူကျင်းတို့အား စားသောက်ဖွယ်ရာများနှင့် တည်ခင်းဧည့်ခံကြပြီး အကယ်၍ ဟူကျင်းကသာ သူတို့၏အကူအညီ လိုအပ်ခဲ့ပါလျှင် သူတို့သည် အချိန်မရွေး လာရောက်ကူညီပါမည်ဟု ကတိစကား ပြောကြားကြသည်။ ဟူကျင်းနှင့်အတူ မွန်ဂိုများကို တိုက်ထုတ်မည် ဖြစ်ကြောင်းလည်း ထပ်မံကတိပြုကြသည်။

ဟူကျင်းတို့ သုံးယောက် သူတောင်းစားဂိုဏ်း ဌာနချုပ်မှ ထွက်ခွာလာကြသောအခါ သူတောင်းစားဂိုဏ်းသားများအားလုံးသည် ခင်မင်ရင်းနှီးစွာဖြင့် လက်ပြ နှုတ်ဆက်ကျန်ရစ်ခဲ့ကြသည်။

သူတို့သည် မြင်းကိုယ်စီဖြင့် တောင်ပိုင်းသို့ ဆင်းလာခဲ့ကြ၏။ ●



ဝေလင်းသည် ဟူကျင်းနှင့်ချူကျူးတို့ကို သခင်နှင့်သခင်မသဖွယ် ရိုသေလေးစားစွာ ပြုစုပေး၏။ ဤမျှ ပြုစုရန် မလိုကြောင်း ဟူကျင်းက တားမြစ်သော်လည်း မရပေ။

ဟူကျင်းသည် ခရီးနှင်နေစဉ်အတွင်းမှာပင် ထိုနေ့က ရှက်စွန်းနှင့် ချူကျူးတို့ အဖမ်းခံရပုံကို သေချာကနစွာ မေးမြန်းလိုက်သည်။

ချူကျူးကလည်း အပြည့်အစုံ ရှင်းပြသည်။ ထိုနေ့က ဟူကျင်း တည်းခိုခန်းမှ ထွက်ခွာသွားပြီးနောက် ရှက်စွန်းသည် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာပြီး ပေါက်ကရစကားများကို လျှောက်ပြောတော့သည်။ သူမက ကြောက်ရွံ့လာသဖြင့် ချော့မော့ နှစ်သိမ့်ပါသော်လည်း မအိပ်ပဲ ဖွတ်အတင်းပင် ကြောင်ချင်စရာစကားကို လျှောက်ပြောသည်။ ထို့နောက် အခန်းထဲ၌ ခုန်ပေါက်နေရင်းမှ ပျော့ခွေ လဲကျသွားတော့သည်။

ထိုအချိန်မှာပင် သူတောင်းစားဂိုဏ်းသားများသည် ရုတ်တရက် ခုန်ဝင်လာပြီး သူမ မည်သို့မျှ မလှုပ်ရှားလိုက်နိုင်မှာပင် အကြော ထိုးပိတ်ခံလိုက်ရသည်။

ဤသို့ဖြင့် ရှက်စွန်းရော သူမပါ သူတောင်းစားဂိုဏ်းသို့ ရောက်ရှိလာရခြင်း ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ချူကျူး၏စကားများကို နားထောင်ပြီးသော အခါ ကောင်းစွာ သဘောပေါက်နားလည်မိသည်။

အဘယ်ကြောင့်ဆိုသော် သူ့အဖေကြီး ရှက်စွန်းအကြောင်း ကို သူသိသောကြောင့် ဖြစ်သည်။ သူ့အဖေကြီး ရှက်စွန်းသည် ခုနှစ်ဆင့် လက်သီးသိုင်းကို လေ့ကျင့်ခဲ့သဖြင့် ခန္ဓာကိုယ်၏ အကြော ခုနှစ်နေရာတွင် ထိခိုက်ဒဏ်ရာရခဲ့သည်။ ထိုဒဏ်ရာ ဒဏ်ချက်များကြောင့် တစ်ခါတစ်ရံ ရူးသွပ်သကဲ့သို့ စိတ်ဖောက်ပြန် တတ်ပေသည်။

ယခုအချိန်တွင် ရှက်စွန်း မည်သည့်နေရာသို့ ရောက်ရှိနေ မည်ကို ဟူကျင်းရော ချူကျူးပါ မစဉ်းစားတတ်အောင် ဖြစ်နေတော့ သည်။ ဟူကျင်းက...

'နေပြည်တော်ဟာ လူပေါင်းစုံတဲ့ နေရာပဲ၊ လူစုံတဲ့နေရာမှာ သတင်းစုံ ရနိုင်တယ်၊ အခု ငါတို့ တောင်ပိုင်းကို ဆင်းရမှာဆိုတော့ နေပြည်တော်ကို ဖြတ်ရဦးမှာပဲ၊ ဒီတော့ နေပြည်တော်မှာ ခရီး တစ်ထောက်လောက်နားပြီး အဖေကြီးကို စုံစမ်းရမယ်'

ချူကျူးကမူ နှုတ်ခမ်းကို မစေ့တစေ့လုပ်၍ သရော်ပြုံးလေး ပြုံးလိုက်ပြီး...

'ဟင်း... အစ်ကိုဟူကျင်း နေပြည်တော်ကို သွားချင်တာ အကြောင်းသိပါတယ်၊ ကျွန်မ မသိဘူး မှတ်နေလား'



ဟူကျင်းသည် ချူကျူး မည်သည်ကို ရည်ရွယ်၍ ပြော သည်ကို ရိပ်မိသဖြင့် မျက်နှာတစ်ပြင်လုံး ရဲခနဲ ဖြစ်သွားတော့သည်။ သို့သော် သူ့စကားကိုမူ အနိုင်အမာ ဆက်ပြောလိုက်သည်။

'မင်း ထင်သလို မဟုတ်ပါဘူး ချူကျူးရယ်၊ တကယ်လို့ နေပြည်တော်ကို ရောက်ရင် လင်းဆွဲမင်း ဝေရိတို့၊ လက်ယာရံ ဖန်းရောင်တို့၊ လက်ဝဲရံ ရန်ရောင်တို့ကို တွေ့မယ်၊ သူတို့က ငါ့ကို ဝိုင်းပြီး ကူရှာပေးနိုင်တာပေါ့'

ချူကျူးက အလျှော့မပေး၊ ဆက်ပြောသည်။

'အံမယ်... မိန်းကလေး တစ်ယောက်ဆိုရင် အစ်ကို ဟူကျင်း ရဲ့ လူတွေထက်တောင် ပိုတော်သေးတယ်၊ သူ့ကိုသာ ရှာနိုင်၊ အစ်ကို ဟူကျင်းရဲ့ အဖေကြီးကို ကျိန်းသေပြန်တွေ့ရမယ်'

ဟူကျင်းသည် ချူကျူးက ဤကဲ့သို့ ကျောက်မိန်နှင့် စောင်းချိတ်၍ ပြောဆိုလေ ယခု နောက်ပိုင်း ဘုရားကျောင်းတွင် ကျောက်မိန်နှင့် တွေ့ဆုံခဲ့ပုံကို မပြောရဲလေ ဖြစ်နေတော့သည်။ သို့သော်... သူက ချူကျူးကို လှမ်းပြောလိုက်သည်။

'ချူကျူး... မင်းဟာ တစ်ချိန်လုံး ကျောက်မိန်ကိုပဲ သတိရ နေပါကလား၊ ငါ့ကို ကျောက်မိန်နဲ့ပဲ နောက်နေတယ်'

'အင်း... ကျွန်မ မမေ့နိုင်တာက ထားပါဦး၊ တခြားလူ တစ်ယောက်က မမေ့တာက ခက်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ချူကျူးနှင့် စကား ဆက်မပြောရဲတော့။

ဟူကျင်းတို့သည် နောက်ဆုံး မြို့ကလေးတစ်မြို့သို့ ရောက် ရှိလာကြသည်။ ချူကျူးက...

'ကျွန်မတို့ လမ်းလျှောက်ရအောင်နော်'

'ကောင်းသားပဲ၊ လျှောက်ကြတာပေါ့'

သူတို့နှစ်ယောက်သည် တစ်ယောက်လက် တစ်ယောက် တွဲ၍ မြို့ပြင်သို့ လျှောက်လာခဲ့ကြသည်။

နေမင်းကြီးသည် အနောက်ကျွန်း၌ ဝင်လုလုဖြစ်နေချေပြီ။ ညနေဆည်းဆာ၏ အလှအပများသည် သူတို့နှစ်ယောက်၏ စိတ်နှလုံးကို သိမ်းကြုံးဆွဲယူလျက် ရှိနေပေသည်။

ထိုအချိန်ကျမှ ဟူကျင်းသည် ကျောက်မိန်နှင့် တွေ့ခဲ့ပုံ၊ သူ၏ဦးလေး မော်ကုဆန်း၏ အလောင်းကိုတွေ့ခဲ့ပုံ စသည်တို့ကို အစအဆုံး ပြောပြလိုက်တော့၏။ နောက်ဆုံးတွင် ချူကျူး၏ လက်ကလေးနှစ်ဘက်ကို ဆုပ်ကိုင်ကာ...

'ချူကျူး... မင်းဟာ ငါ့ရဲ့ ဇနီးလောင်းပဲ၊ ဒီတော့ ငါ့ အနေနဲ့ မင်းကို ဘာမှ ထိန်ဝှက်စရာ မလိုပါဘူး၊ ကျောက်မိန်က ငါ့ကို တစ်ခု တောင်းဆိုနေတယ်၊ သူက အဖေကြီးနဲ့ တွေ့ပြီး စကားပြော ချင်တယ်တဲ့၊ အခု ငါ စဉ်းစားကြည့်တော့ ငါ သိပ်ကြောက်တယ်'



'အစ်ကိုက ဘာကို ကြောက်တာလဲဟင်'

ချူကျူး၏အသံများသည် တုန်တုန်ယင်ယင် ဖြစ်နေပြီး ဟူကျင်း၏ ဆုပ်ကိုင်ထားခြင်း ခံရသော လက်နှစ်ဘက်မှာ အေးစက် လျက် ရှိနေချေပြီ။ ဟူကျင်းကမူ ဤအချက်များကို လုံးဝ သတိမပြု မိဘဲ သူ ပြောလိုရာကိုသာ ဆက်ပြောနေတော့သည်။

'ငါ ထင်တာက အဖေကြီး အရူးရောဂါ ဖောက်ပြန်ပြီ ညီမလေး အားလီကို သတ်လိုက်တာကို ကျောက်မိန်က သိနေလို့ များလားလို့'

'အို ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ၊ အဖေကြီးက အားလီကို သိပ်ချစ်တဲ့ ဥစ္စာ'

'ဟုတ်ပါတယ်၊ ငါက အဖေကြီးသတ်တယ်လို့ တထစ်ချ ယုံလိုက်တာ မဟုတ်ပါဘူး၊ ဖြစ်ကောင်းဖြစ်နိုင်တ[illegible]ို့ စဉ်းစားကြည့် တာပါ'

'ဟင့်အင်း... အစ်ကို စဉ်းစားတာ ဘယ်လိုမှ မဖြစ်နိုင် ပါဘူး၊ ကျွန်မတို့အားလုံး အကြောပျော့အဆိပ် မိထားကြတဲ့ဥစ္စာ၊ ဒီ အကြောပျော့အဆိပ် အခတ်ခံရတာကော ဘယ်သူ့လက်ချက်လဲ'

ဟူကျင်းသည် မည်သည့်စကားကိုမျှ မပြောနိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



ချူကျူးက အေးစက်စွာ ပြောလိုက်သည်။

'အစ်ကိုက နည်းအမျိုးမျိုးနဲ့ ကျောက်မိန် အပြစ်လွတ်အောင် လုပ်နေတာပဲ'

'ငါက အပြစ်လွတ်အောင် လုပ်ပေးနေတာ မဟုတ်ပါဘူး။ မင်းလဲ စဉ်းစားကြည့်ပါဦး၊ သူသာ တရားခံအစစ်ဆိုရင် အဖေကြီးကို အဝေးက ရှောင်ပြေးတော့မှာပေါ့၊ သူ... အဖေကြီးကို ဘယ် ရင်ဆိုင်ရဲမှာလဲ၊ ရင်ဆိုင်ရဲတာကိုက သူ့လိပ်ပြာသန့်နေတယ်ဆိုတာကို ပြနေတာပဲ'

ချူကျူးသည် ရုတ်တရက် ဟူကျင်း ရင်ခွင်တွင်း မှီလိုက်သည်။ သူမ၏လေသံသည်လည်း ပျော့ပျောင်းသွားကာ...

'အစ်ကိုဟာ... ဒီလောကကြီးထဲမှာ အရိုးသားဆုံးလူတစ်ယောက် ဖြစ်မှာပဲ၊ ဉာဏ်စွမ်း ဉာဏ်ရည်မှာတော့ အစ်ကိုဟာ ကျောက်မိန်ထက် ဘယ်တော့မှ မသာနိုင်ဘူး၊ သိုင်းပညာမှာပဲ သူ့ထက် အစ်ကိုသာမယ်'

ဟူကျင်းသည် သက်ပြင်းတစ်ချက်ချလိုက်သည်။ သူမ၏ စကားများသည် အလွန်မှန်လှပေသည်။ ချူကျူး၏ ခန္ဓာကိုယ်လေးကို အသာအယာ ပွေ့ဖက်လိုက်ရင်း တိုးညင်းသော လေသံကလေးဖြင့် ပြောလိုက်သည်။



'ချူကျူးရယ်... ငါတော့ စိတ်ညစ်ရလွန်းလို့ လူ့လောကကြီးထဲကတောင် ထွက်ပြေးသွားချင်နေပြီ၊ ဒီမှန်ကိုတွေကို တိုက်ထုတ်ပြီးရင်တော့ မင်းနဲ့ငါ တောထဲသွားပြီး နှစ်ယောက်ထည်း နေကြမယ် နော်၊ ဘယ်လောက် အေးချမ်းလိုက်မလဲ'

'ဘယ်ဖြစ်နိုင်မလဲ၊ အစ်ကို အလင်းမာန်ဂိုဏ်းရဲ့ ခေါင်းဆောင်ကြီးပဲဥစ္စာ၊ တကယ်လို့ မှန်ကိုတွေကို တိုက်ထုတ်ပြီးရင် အစ်ကိုပဲ တိုင်းပြည်ကို အုပ်ချုပ်ရတော့မှာ'

ဟူကျင်းသည် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကိုသာ တွင်တွင်ကြီး ခါယမ်းနေတော့သည်။

'ငါက အစကထည်းက ဂိုဏ်းချုပ်လုပ်ချင်တာမှ မဟုတ်ဘာ၊ ငါက အေးအေးဆေးဆေးပဲ နေချင်တဲ့လူ၊ ငါ့ဂိုဏ်းချုပ်နေရာကို သူများကို ပေးပစ်လိုက်ရင် ပြဿနာ အေးရော'

✤ ✤ ✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



# မင်္ဂလာနေ့မြတ်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉၀)

## မင်္ဂလာနေ့မြတ်

ဟူကျင်းသည် ဆက်မပြောတော့ပဲ ချူကျူး၏ပခုံးလေးကို ာ ပွေ့ဖက်ပြီး ငြိမ်သက်စွာ နေလိုက်တော့သည်။ သူသည် တကယ် င် အေးချမ်းစွာ နေလိုသူဖြစ်ပါ၏။ သို့သော် သူငြိမ်သက်စွာ နေရ ခြေအနေက မပေးပေ။

သူသည် ချူကျူး၏ လက်ဖွပ်ကလေးကို ကိုင်လိုက်မိ ဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



'ချူကျူး... ဟိုနေ့တုန်းက ချန်ရှိရဲ့ လက်ထဲမှာ ဒီလက်စွပ်ကို တွေ့လိုက်ရတော့ ငယ်ထိပ်ကို မြွေပေါက်သွားသလို ဖြစ်သွားတာပဲ၊ မင်းအတွက် ငါ ဘယ်လောက် စိတ်ပူရတယ်ဆိုတာကို မင်းသိမှာ မဟုတ်ဘူး၊ မင်းဆီကို အတောင်တပ်ပြီး ငှက်တွေလိုသာ ပြန်လာလိုက်ချင်တော့တယ်၊ ဒါနဲ့ ဒီလက်စွပ်ကို ဘယ်လို ပြန်ရလိုက်သလဲဟင်'

'ဟူတန်းဝိုဏ်းက ဆို့ချင်းစူး ပြန်ပေးလို့ ကျွန်မ ပြန်ရလိုက်တာပါ'

ထိုနေ့က ချူကျူးနှင့် ဆို့ချင်းစူးတို့ တူတူထိုင်နေကြသည်ကို ပြန်လည် သတိရလိုက်မိသည်။

'ပြောမယ့်သာ ပြောရတယ်၊ ဆို့ချင်းစူးက မင်းအပေါ်မှာတော့ တော်တော်လေး ကောင်းရှာသားနော်'

ချူကျူးသည် ဒေါသထွက်သော လေသံကလေးဖြင့်—

'ဘာကောင်းတာလဲ'

'ငါရဲ့ ဂိုဏ်းတူအစ်ကို ဆို့ချင်းစူးဟာ မင်းကို တကယ်ကို စွဲစွဲလန်းလန်း တစ်ဘက်သတ် ချစ်နေရှာတာ၊ အချစ်မှာ မျက်စိမပါဘူးဆိုတာ သိပ်မှန်တာပဲ၊ မင်းကို ချစ်တဲ့စိတ်နဲ့ ကိုယ်ရဲ့ဂိုဏ်းသားလူကြီးမိဘတွေကိုတောင် လုပ်ကြံဖို့ သဘောတူခဲ့တာ'



ချူကျူးသည် ကောင်းကင်ကြီးမှ ထွက်ပေါ်လာသော ငွေစန္ဒာလမင်းကြီးကို ကြည့်လျက် ဆွေးမြည့်စွာ ပြောလိုက်သည်။

'အစ်ကိုကသာ သူ့ရဲ့တစ်ဝက်လောက် ကျွန်မကို ချစ်ရင် ကျွန်မ သေပျော်ပါပြီ'

'ငါက သူ့ လောက်တော့ မိုက်မိုက်ကန်းကန်း မချစ်ရဲပါဘူး ချူကျူးရယ်၊ သူက မျက်ကန်း တစ္ဆေမကြောက် ဆိုသလို ဘာကိုမှ မစဉ်းစားဘဲ အချစ်တစ်ခုထဲကိုသာ ကြည့်တော့တာကိုး၊ သူ့လိုတော့ မင်းအတွက်နဲ့ ကိုယ့်ဂိုဏ်း၊ ကိုယ်ဆရာသမား၊ ကိုယ့်မိဘတွေကို သစ္စာဖောက်တဲ့အထိတော့ မချစ်နိုင်ပါဘူး၊ ဒါပေမယ့်...'

ချူကျူးက အလျှင်စလို ဝင်ပြောလိုက်သည်။

'ဟင်း... အစ်ကိုက ကျွန်မအတွက်နဲ့တော့ ဒီလို မလုပ်နိုင်ပေမယ့် ကျောက်မိန်ဆိုတဲ့ကောင်မလေးအတွက်တော့ လုပ်နိုင်တယ် မဟုတ်လား၊ ကျွန်းပေါ်မှာတုန်းက အစ်ကို ကျွန်မကို ကတိပြုထားတာ မေ့နေပြီလား၊ ကျောက်မိန့်ကို တွေ့ရင် အားလီအတွက် တိုက်ခိုက်ပေးမယ်လို့ ကတိပေးထားခဲ့တာကိုလေ၊ အခု ကျောက်မိန့်ကိုလဲ တွေ့ရော ကတိလဲ မေ့ရော'

'ချူကျူး... ဒါကိုတော့ စိတ်ချပါ၊ ဒီကိစ္စကို ငါ အသေအချာ မှတ်မိနေလို့ပါ၊ တကယ်လို့ ဒီ ဓားနစ်လက်ကို ကျောက်မိန် တကယ် ခိုးသွားတယ်ဆိုရင် နောက်ပြီး အားလီလဲ ကျောက်မိန်ရဲ့ လက်ချက်

www.burmeseclassic.com



နဲ့ သေရတယ်ဆိုရင် ငါ သူ့ကို မညှာပါဘူး၊ သတ်ကို သတ်မယ်၊ ဒါပေမယ့် အပြစ်မရှိရင်တော့ ငါ မသတ်နိုင်ဘူး'

ချူကျူးသည် လုံးဝ နှုတ်ဆိတ်သွားတော့သည်။ ဟူကျင်းသည် ချူကျူး နှုတ်ဆိတ်သွားသည်ကို သတိပြုမိသဖြင့်...

'ချူကျူး... ဘာဖြစ်လို့လဲ၊ ငါ ပြောတာမှားသွားလို့လား'

'ဟင့်အင်း... မဟုတ်ပါဘူး၊ ကျွန်မ ဝမ်ဖားဘုရားကျောင်းမှာ အဖမ်းခံထားရတုန်းက ကျွန်မရဲ့ ဆရာမကို ကတိပေးခဲ့တာတွေကို ပြန်သတိရလိုက်မိလို့ပါ'

ဟူကျင်းသည် ရုတ်တရက် တုန်လှုပ်သွားသည်။ အဘယ်ကြောင့်ဆိုသော် မျက်ကြွယ်မယ်သီလရှင်ကြီးသည် သူ့ကို အလွန်မုန်းတီးနေသူ မဟုတ်ပါလော။

ထို့ကြောင့် မည်သို့ ကျိန်ဆိုရသည်ကို မေးမြန်းလိုက်တော့သည်။ ချူကျူးက မျက်ကြွယ်မယ်သီလရှင်ကြီး၏ ရက်စက်၍ ကြောက်မက်ဖွယ်ကောင်းသော ကျိန်စာတို့ကို ပြန်ပြောင်း ပြောပြတော့သည်။

ဟူကျင်းသည်လည်း ထိုကျိန်စာများကို ကြားလိုက်ရသောအခါ တုန်လှုပ်ချောက်ချားသွားတော့သည်။ ဟူကျင်းသည် အတန်ကြာသည်အထိ စကားမပြောနိုင်ဘဲ ဖြစ်သွားရသည်။ နောက်မှ...



'ချူကျူး... ဒါကို အတည်ယူလို့ ဘယ်ဖြစ်မလဲ၊ အဲဒီတုန်းက ကျိန်ခိုင်းတာက မင်းရဲ့ ဆရာမကြီးက ငါ့ကို လူဆိုး၊ လူယုတ်မာလို့ ထင်နေခဲ့လို့ ကျိန်ခိုင်းတာပဲ ဥစ္စာ၊ သူသာ အဖြစ်မှန်တွေကိုလဲ သိမယ်၊ ငါ့ရဲ့ စိတ်ရင်း သဘောရင်းကိုလဲ သိမယ်ဆိုရင် ဘယ်ဒီလို ကျိန်ခိုင်းလိမ့်မလဲ'

ဟူကျင်း၏ စကားများသည် အကျိုးသင့် အကြောင်းသင့် ရှိလှသည် မှန်သော်လည်း ချူကျူးမှာမူ ပြောရင်း ပြောရင်း မျက်ရည်များ စိမ့်ထွက်လာတော့သည်။

'ဒါပေမယ့် အခု သူမှ မသိတော့တာပဲ ဥစ္စာ'

သူမသည် ပြောပြောဆိုဆိုဖြင့် ဟူကျင်း၏ ရင်ခွင်ထဲသို့ တိုးဝင်၍ ငိုကြွေးလေတော့သည်။ ဟူကျင်းသည် ချူကျူးအတွက် များစွာ စိတ်ထိခိုက်သွားရသည်။

သူမ၏ ဆံပင်များကို ညင်သာစွာ ပွတ်သပ်ပေးပြီး...

'ဒီလောက် စိုးရိမ်မနေပါနဲ့ ချူကျူးရယ်၊ အခုလောက်ဆိုရင် ဟူကျင်း ဆိုတဲ့ကောင်ဟာ ဘယ်လိုလူစားမျိုး ဆိုတာကို မင်းရဲ့ ဆရာမက တမလွန်ဘဝက သိနေပါပြီ၊ တမလွန်ဘဝကနေ တို့ကို သဘောတူပြီး ဆုမွန်ကောင်းတောင် တောင်းပေးနေဦးမှာပါ၊ ငါက ရာဂမတ္တလေးမှ မဟုတ်တာ'

www.burmeseclassic.com

www.burmeseclassic.com



ချူကျူးသည် ဟူကျင်း၏ ခါးကိုဖက်ရင်း နွဲ့နွဲ့ကလေး ပြောလိုက်သည်။

'အခုတော့ မဟုတ်သေးဘူးပေါ့၊ ကျောက်မိန်နဲ့တွေ့ရင်တော့ ရာဂုမတ္တကလေး ဖြစ်ချင် ဖြစ်သွားမှာပေါ့'

ဟူကျင်းသည် ချူကျူး၏ပါးကလေးကို မနာမကျင် ဆွဲညှစ် လိုက်သည်။

'ဟင်း...ဟင်း...ဟင်း၊ မင်းကတောင် ငါ့အပေါ် ဒီလောက် အထင်သေးနေတာကိုး၊ ကိုယ့်ရဲ့ခင်ပွန်းလောင်းကို ဒီလို ပြောရသလား'

ချူကျူးသည် ဟူကျင်းကို မော့ကြည့်လိုက်သည်။ သူမ၏ မျက်နှာသည် မျက်ရည်များဖြင့် စွတ်စို ဝင်းလက်နေသည်။ သူမ၏ မျက်လုံးများကမူ ကြည်နူးမှုအပြုံးများဖြင့် ရွှန်းစိုနေသည်။ သူမက ပြုံးပြုံးကလေး ပြောလိုက်သည်။

'ဟင်း...ရှက်လဲမရှက်ဘူး၊ သူ့ကိုယ်သူများခင်ပွန်းလောင်းတဲ့၊ အစ်ကို... ဟို ကျောက်မိန်ဆိုတဲ့ ကောင်မလေးနဲ့ ရွှတ်ရွှတ်ယှက်ယှက် မလုပ်နဲ့နော်၊ လုပ်ရင်တော့ ကျွန်မ အစ်ကို့ကို မယူတော့ဘူး၊ မယ် သီလရှင်ဘဲ သွားလုပ်တော့မယ် သိလား'

ဟူကျင်းသည် ချူကျူး၏ ဝင်းမွတ်နေသော ပါးပြင်လေးကို တစ်ချက် နမ်းလိုက်သည်။ ပြီးမှ...



'မင်းဟာ တကယ် စကားပြောတတ်တာပဲ'

ရုတ်တရက် ခပ်လှမ်းလှမ်း သစ်ပင်တစ်ပင်အောက်မှ 'အဟမ်း' 'အဟမ်း' ဟု ခနဲ့လိုက်သော အသံဖြင့် ချောင်းဟန့်သံ ပြုလိုက်သည်ကို ကြားလိုက်ရသဖြင့် ဟူကျင်းနှင့် ချူကျူးတို့ နှစ်ယောက်စလုံး ထိတ်လန့် မှင်တက်မိသွားကြတော့၏။

ထိုခဏ၌ပင် လူရိပ်တစ်ခုသည် အဝေးသို့ ပြေးသွားသည်ကို တွေ့လိုက်ရတော့၏။ ချူကျူးသည် တုန်လှုပ်သော လေသံဖြင့် ပြောလိုက်သည်။

'ဒါ...ဒါ... ကျောက်မိန် အစ်ကို၊ ကျောက်မိန်ရဲ့အသံ၊ သူ ကျွန်မတို့နောက်ကို တစ်ချိန်လုံး လိုက်နေတာပဲ'

ဟူကျင်းအနေဖြင့်မူ မိန်းကလေးတစ်ယောက်၏ အသံမှန်းတော့ သိလိုက်သည်။ ကျောက်မိန်အသံ ဟုတ်မဟုတ်တော့ ခွဲခွဲခြားခြား မသိလိုက်ပေ။

ဟူကျင်းတွေဝေစဉ်းစားနေရာမှ ချူကျူးအား မေးလိုက်တော့သည်။

'ကျောက်မိန် ဟုတ်ရဲ့လား၊ သူက ငါတို့နောက်လိုက်ပြီး ဘာလိုက်လုပ်မှာလဲ'

ဟူကျင်းက ခေါနှင့်မောနှင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သူက အစ်ကို့ကို ကြိုက်နေတာပဲ ဥစ္စာ၊ ဘာ အခုမှ မသိချင် ဟန်ဆောင်နေတာလဲ၊ ဓကန္တ အစ်ကိုတို့ စောစောကတည်းက ချိန်းထားတာ ဖြစ်ရမယ်၊ အခုလို လုပ်ပြီးကျွန်မကို အရှက်ခွဲတယ် ပေါ့ ဟုတ်လား'

ဟူကျင်းမှာမူ မည်သည့်စကားကို ပြန်ပြောရမည်ကိုပင် မသိနိုင်ဘဲ ဖြစ်နေတော့သည်။ ချူကျူးမှာမူ မတ်တတ်ရပ်လျက် မျက်ရည်များ တွေတွေကျဆင်းလျက်ရှိနေသည်။ ဟူကျင်းသည် သူမ၏ ပခုံးကလေးကို ဖွဖွ.ဖက်လျက် မျက်ရည်များကို သုတ်ပေးလိုက်သည်။ ပြီးမှ နူးညံ့ညင်သာသော လေသံဖြင့် နှစ်သိမ့်ရတော့သည်။

'ဘာဖြစ်လို့ မျက်ရည်ကျရတာလဲ ချူကျူးရယ်၊ တကယ်လို့ ငါက ကျောက်မိန်နဲ့ ချိန်းထားရင် မင်းနဲ့ ဒီလို ပူးပူးကပ်ကပ် နေပါ့မလား၊ မင်းပဲ စဉ်းစားကြည့်ပါဦး၊ သူ့ကို တမင်သက်သက် စိတ်ဆိုးအောင် လုပ်သလို ဖြစ်နေမှာပေါ့'

ချူကျူးသည် ဟူကျင်း၏ ရှင်းပြချက်ကြောင့် သဘောပေါက် နားလည်သွားသည်။ သူမသည် သက်ပြင်းတစ်ချက်ချလိုက်ရင်း...

'အစ်ကို... ကျွန်မက ကျောက်မိန်ကို ဘယ်လိုမှ ယှဉ်လို့မရပါဘူး၊ ဉာဏ်ရော သိုင်းပညာရော သူက ကျွန်မထက် အားလုံးသာပါတယ်'



ဟူကျင်းက ချူကျူးကို နှစ်သိမ့်လိုက်သည်။

'ဒါတွေကို စိုးရိမ်မနေပါနဲ့ ချူကျူးရယ်၊ ငါက မင်းကို အတတ်နိုင်ဆုံး စောင့်ရှောက်သွားမှာပါ၊ ငါ့ရဲ့ဇနီးလေးကိုထိရင် ငါကလဲ သူ့ကို ဘယ် ခွင့်လွှတ်လိမ့်မလဲ'

ချူကျူးက တိုးညင်းစွာ ပြောလိုက်သည်။

'တကယ်လို့ ကျွန်မ သူ့လက်ချက်နဲ့ သေလို့ကတော့ အရေးမကြီးပါဘူး၊ ကျွန်မ ညံ့လို့သေရတာပဲ၊ ဒါမျိုးကို ကျွန်မ ကျေနပ်ပါတယ်၊ ကျွန်မကြောက်တာက အစ်ကိုဟာ သူ့ရဲ့ မာယာထောင်ချောက်ထဲ ဝင်မိပြီး သူ့စကားကို နားယောင်သွားမှာ ကျွန်မကကြောက်တာ၊ သူ့စကားကို နားယောင်ပြီး ကျွန်မကို သတ်ရင်တော့ ကျွန်မ သေတောင် မကျေနပ်ဘူး သိလား'

'ချူကျူး... မင်းဟာလေ မဖြစ်နိုင်တာတွေ လျှောက်တွေးပြီး ပူနေတာကိုး၊ ချူကျူး...မင်းသိထားပါဦး၊ ဒီလောကမှာ ငါ့ကို ဒုက္ခပေးခဲ့သူတွေ၊ စိတ်ဆင်းရဲအောင်လုပ်ခဲ့သူတွေဟာ နည်းတာမဟုတ်ပါဘူး၊ အများကြီးမှ တကယ့် အများကြီးပါ၊ သူတို့ကိုတောင် ငါ မသတ်ခဲ့ဘူး၊ မင်းကျမှ ငါက ဘာဖြစ်လို့ သတ်ရမှာလဲ'

ဟူကျင်းသည် သူ၏ ရင်ဘတ်ကို ဖွင့်ပြကာ ရင်ဝ[illegible]ဘားနား ရှိမားဒဏ်ရာကို ထုတ်ပြရင်း ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟောဒီ ဓားချက်ဟာ ဘယ်သူထိုးတဲ့ ဓားချက်လဲ၊ မင်းထိုးတဲ့ ဓားချက် မဟုတ်လား၊ မင်းကို သတ်ဖို့ ငါ စိတ်တောင်မကူးခဲ့ပါဘူး၊ မင်းကို ပိုတောင် ချစ်ခဲ့ရပါသေးတယ်'

ချူကျူးသည် သူမကြောင့် ရရှိသွားသည့် ဓားဒဏ်ရာကို သူမ၏ လက်ချောင်းကလေးများဖြင့် ပွတ်သပ်နေရာမှ သူမ၏ မျက်နှာကလေးသည် တဖြည်းဖြည်း ဖြူရော်လာတော့သည်။

'အစ်ကို... အစ်ကို့ကို ကျွန်မက ဓားနဲ့ ထိုးထားတယ်နော်၊ အစ်ကိုက ကျွန်မကို ပြန်ထိုးရင်လဲ ကျွန်မ ခံမှာပါ'

ဟူကျင်းသည် သူမကို ပွေ့ဖက်လိုက်ပြီး ချူကျူး၏ နိုးရိမ်ကြောင့်ကြမှုများကို ပြေပျောက်သွားရန် အားပေးစကားများ ပြောရတော့သည်။

'ချူကျူး... အဖေကြီးကို ငါတို့ ရှာလို့တွေ့ရင် ချက်ချင်းလက်ထပ်လိုက်ကြမယ်၊ ဟုတ်လား...၊ အဲဒီတော့ မင်းနဲ့ငါ ဘယ်လိုမှ မကွဲကွာနိုင်တော့ဘူး၊ အဲဒီအချိန်ကျရင် ဓားနဲ့ ထပ်ထိုးချင်သေးသပဆိုလဲ ထိုးပေါ့၊ ငါကတော့ မင်းကို လေသံမာမာနဲ့တောင် ပြောမှာမဟုတ်ပါဘူး၊ ယုံပါ ချူကျူးရယ်'

ချူကျူးသည် သူမ၏ ပါးကလေးကို ဟူကျင်း၏ ရင်ဘတ်နှင့် ကပ်ထားလိုက်ပြီး...



'အစ်ကိုရဲ့စကားကို အစ်ကို အမြဲတမ်း မှတ်ထားနော်၊ မေ့မပစ်ရဘူး'

သူတို့နှစ်ယောက်သည် ထိုနေရာကလေး၌ပင် အတန်ကြာသည်အထိ ထိုင်နေလိုက်ကြသေးသည်။ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ယုယစွာ ကြည့်စယ်လိုက်ကြသေးသည်။

မိုးအတော်ချုပ်သွားသည့် ညအခါကျမှသာ တည်းခိုခန်းသို့ ပြန်လာခဲ့ကြတော့သည်။

✤ ✤ ✤ ✤ ✤

တစ်မိုးသောက်ခဲ့ပြန်ချေပြီ။

ရောင်နီပေါ်သည်နှင့် ဟူကျင်းတို့ ခရီး စထွက်ကြတော့သည်။ သူတို့ တောင်ပိုင်းသို့ အရောက်သွားကြရပေမည်။ ခရီးလမ်းတစ်လျှောက်လုံးတွင် ကျောက်မိန်ကို အရိပ်အယောင်မျှပင် မတွေ့ရချေ။

များမကြာမီ နေပြည်တော်သို့ ရောက်ရှိလာတော့၏။

သူတို့ နေပြည်တော်သို့ ဝင်လိုက်သည်နှင့် တစ်မြို့လုံးကြီး ကျယ်ခမ်းနားစွာ ပြင်ဆင်ထားသည်ကို တွေ့လိုက်ကြရသည်။ ထူးထူးနေ့မြတ်ကြီးတစ်ခု ဆင်ယင်ကျင်းပတော့မည့် ပုံသဏ္ဌာန်မျိုးဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် တစ်မြို့လုံး အုံးအုံးကျွက်ကျွက် ဆူဆူညံညံ ဖြစ်နေသည့် ကိစ္စနှင့် ပတ်သက်၍ တည်းခိုခန်းပိုင်ရှင်အား မေးမြန်း စုံစမ်းကြည့်လိုက်မိသည်။ ထိုအခါကျမှ အကြောင်းရင်းကို သိရတော့သည်။

ဤနေ့ကား မွန်ဂိုဘုရင်ကြီး တစ်နှစ်တစ်ခါ နေပြည်တော်သို့ တိုင်းခန်းလှည့်လည်၍ ဘုရားကျောင်းသို့ သွားရောက် ဝတ်ပြုသော နေ့ထူးနေ့မြတ်ကြီးပင်တည်း။

ဟူကျင်းသည် အချိန်အခါမဟုတ်ဘဲ ရန်းရင်းဆန်ခတ် ဖြစ်မည်ကို မလိုလားသဖြင့် တည်းခိုခန်းအတွင်း၌သာ အခန်းအောင်း နေလိုက်တော့သည်။ အခန်း မအောင်း၍လည်း မဖြစ်ချေ။ သူ့ကို မွန်ဂိုဘုရင်၏ စစ်တပ်က ကောင်းစွာသိရှိထားသည်။

သူသည် နေပြည်တော်သို့ ရောက်ရှိနေမှန်း သိလျှင် ဘုရင်ကြီးကို လုပ်ကြံရန် ရောက်ရှိလာသည်ဟု ထင်မှတ်သွားကြမည်မှာ သေချာလှတော့သည်။ ထိုသို့ ဖြစ်သွားလျှင် ပြဿနာ မဖြစ်သင့်ဘဲနှင့် ကြီးမားသော အရှုပ်အထွေးကြီးများ ဖြစ်ပေါ်လာစေနိုင်ပေသည်။

နောက်တစ်နေ့နံနက်တွင် ဟူကျင်းထံသို့ ဖန်ဟိုဆန့် ရောက်ရှိလာတော့သည်။

ဟူကျင်းသည် သူ့လက်ရုံးများ ဤမျှ မျက်စိရှင် နားပါးကြသည်ကို အလွန်အားရသွားမိသည်။ သူ နေပြည်တော်သို့ ရောက်



သည်မှာ မကြာသေး။ သူ့သတင်းကို သူ့လက်ရုံးများက ထောက်လှမ်း သိရှိခဲ့ကြလေပြီ။ ထို့ကြောင့် ဖန်ဟိုဆန့် လာရောက် ဆက်သွယ်ခြင်း မဟုတ်ပါလား။

ဟူကျင်းသည် ဖန်ဟိုဆန့်အား တွေ့လိုက်ရသဖြင့် အလွန် ဝမ်းသာအားရ ဖြစ်သွားသည်။ အလင်းမာန်ဂိုဏ်း၏ တော်လှန်ရေး အခြေအနေကို မေးလိုက်သည်။

ဖန်ဟိုဆန့်က အခြေအနေအရပ်ရပ်ကို ရှင်းလင်း ပြောပြသည်။ ဖန်ဟိုဆန့်၏ ပြောပြချက်များအရ တရုတ်ပြည်တစ်ပြည်လုံးရှိ တော်လှန်ရေးအင်အားစုများ၏ အခြေအနေသည် လွန်စွာ ကောင်းနေကြောင်း သိလိုက်ရတော့သည်။ သူတို့သည် အဓိကကျသော ပြည်သူများ၏ ထောက်ခံအားပေးမှုကို အတော်များများ ရရှိနေကြပေပြီ။ ဖန်ဟိုဆန့်က ဟူကျင်းအား သတိပေးစကား ပြောကြား လိုက်သည်။

'ဂိုဏ်းချုပ်ကြီး... အသွားအလာကို ဆင်ခြင်ပါနော်၊ ကျုပ်တို့ရဲ့ တော်လှန်ရေးကြီး အောင်မြင်ရင် ဂိုဏ်းချုပ်ကြီးဟာ တိုင်းပြည်ရဲ့ ဘုရင်တစ်ပါး ဖြစ်ရတော့မှာ၊ ဒါကို မလိုလား မရှုစိမ့်တဲ့လူတွေ ရှိနေပါတယ်၊ ဂိုဏ်းချုပ်ကြီးအနေနဲ့ သတိထားနိုင်မှ တော်ရုံကျမှာပါ'

ထိုအခါ ဝေလင်းသည် လက်ခုပ်လက်ဝါးတီး၍ ဝမ်းသာအားရ ပြောလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ အချိန်ကျရင်တော့ ဂိုဏ်းချုပ်ကြီးက ဘုရင်ကြီးဖြစ်နေ၊ ချူကျူးက ဘုရင်မ ဖြစ်နေ၊ ဆရာကြီး ဖန်ဟိုဆန့်တို့ ရန်ရှောင်တို့က မှူးကြီးမတ်ကြီးတွေဖြစ်နေ၊ ဟား...ဟား...ဟား ဘယ်လောက်ကောင်းလိုက်သလဲ'

ချူကျူး၏ မျက်နှာကလေးသည် ရဲခနဲ ဖြစ်သွားတော့သည်။ ရှက်စနိုး အမူအရာဖြင့် ခေါင်းကို ငုံ့ထားလိုက်တော့သည်။ ဟွာကျင်းကမူ သူ၏ လက်ကို ခါယမ်းလိုက်ပြီး...

'မင်း စိတ်ကူး သိပ်ယဉ်မနေနဲ့၊ ငါက ဘယ်တော့မှ ဘုရင်လုပ်မယ့်ကောင် မဟုတ်ဘူး'

ဖန်ဟိုဆန့်က အလင်းမာန်ဂိုဏ်းကြီး၏ လက်ရှိအခြေအနေများကို ပြောပြလိုက်သည်။ အလင်းမာန်ဂိုဏ်းသားများသည် တရုတ်ပြည် အနှံ့အပြား အနယ်နယ် အရပ်ရပ်၌ မွန်ဂိုများကို တိုက်ခိုက်တော်လှန်လျက် ရှိနေသည်။ နိုင်ပွဲများရှိသကဲ့သို့ ရှုံးပွဲများလည်း ရှိခဲ့သည်သာ။

ရှုံးပွဲများရှိခဲ့ရခြင်းမှာလည်း အကြောင်းများရှိခဲ့၍ ဖြစ်သည်။ သိုင်းလောကမှ အချို့သောဂိုဏ်းကြီးများသည် မနာလိုဝန်တိုစိတ်များ ရှိနေသဖြင့် အချို့နေရာများ၌ စိတ်ဝမ်းကွဲခဲ့ကြရပြီး၊ ရှုံးနိမ့်မှုများ ရင်ဆိုင်ကြရတော့သည်။





ထို့ကြောင့် သိုင်းလောကအတွင်းရှိ ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးတစ်ခု ကျင်းပရန် လိုအပ်နေပြီး၊ မွန်ဂိုတော်လှန်ရေးကြီး အောင်မြင်ရေးအတွက် တစ်စိတ်တစ်ဝမ်းတည်း ဆောင်ရွက်နိုင်ရန် စုစည်း လှုံ့ဆော်ပေးနိုင်ရန် များစွာ အကျိုးဖြစ်ထွန်းနိုင်ကြောင်း ဖန်ဟိုဆန့်က ဟွာကျင်းအား တင်ပြ ပြောဆိုလေသည်။

ဟွာကျင်းက ဤအချက်ကို လက်ခံသည်။ [illegible] ဂိုဏ်းမှ သိုင်းအကျော်အမော်များကို ကယ်တင်ပြီး [illegible] မွန်ဂိုတော်လှန်ရေးအတွက် မျိုးချစ်သိုင်းသမားများ [illegible] စုစုစည်းစည်းရှိရန် တိုက်တွန်း တောင်းပန်ခဲ့သေးသည် [illegible] ပါလော။

ထို့ကြောင့် ဖန်ဟိုဆန့်အား ပြောလိုက်သည်။

'ဟုတ်တယ်၊ ဒီအကြံ သိပ်ကောင်းတယ်၊ မွန်ဂိုတွေကို တော်လှန်တဲ့နေရာမှာ တော်လှန်တဲ့လူက တော်လှန်၊ ကျူးကျော်သူက လုပ်သူကလုပ် တစ်ကွဲတစ်ပြားစီ ဖြစ်နေလို့ကတော့ ဘယ်လိုမှ အောင်မြင်မှာ မဟုတ်ဘူး၊ အားလုံးတစ်စုတစ်ဝေးကြီး စုစုစည်းစည်း တော်လှန်မှသာ လုံးဝ အောင်မြင်နိုင်တယ်၊ အချို့ ဂိုဏ်းကြီးတွေက ညီညွတ်ခြင်းသည် အင်အားကို လုံးဝ နားမလည်ကြဘူး၊ ဖန်ဆရာတို့ ရန်ရှောင်တို့နဲ့ တွေ့ပြီးတဲ့အခါ ဒီကိစ္စ ကောင်းကောင်းဆွေးနွေးရမယ်'

www.burmeseclassic.com

www.burmeseclassic.com



ညနေချမ်းသို့ ရောက်ရှိသောအခါ ဟူကျင်းနှင့် ဖန်ဟိုဆန့်တို့သည် မြို့တွင်း၌ အခြေအနေများကို လှည့်လည် စုံစမ်းရန် တည်းခိုခန်းမှ ထွက်လာခဲ့ကြသည်။

သူသည် လူခွဲ၍ စုံစမ်းထောက်လှမ်းရန် ဆုံးဖြတ်လိုက်ကြသဖြင့် တစ်ယောက်က အရှေ့ဘက်သို့လည်းကောင်း၊ တစ်ယောက်က အနောက်ဘက်သို့လည်းကောင်း ခွဲ၍ ထွက်လာခဲ့ကြတော့သည်။

ချူကျူးနှင့် ဝေလင်းတို့ အနေဖြင့်မူ လောလောဆယ်ဆယ် ဆောင်ရွက်ရန် မည်သည့် အကြောင်းမျှမရှိသဖြင့် တည်းခိုခန်းတွင် ပင် ချန်နေခဲ့ကြသည်။

ဟူကျင်းသည် ခြေဦးတည့်ရာ လျှောက်လာရင်းနှင့် လူရှင်းသည့် ဆင်ခြေဖုံးအရပ်သို့ တဖြည်းဖြည်း ရောက်ရှိလာတော့သည်။ ထိုအရပ် ပတ်ဝန်းကျင်ကို သတိပြုလိုက်မိသဖြင့် ရုတ်တရက် ခေါင်းကို မော့ကြည့်လိုက်မိသည်။

မိမိ၏ ရှေ့တူရူ အရပ်တွင် မိမိနှင့် ကျောက်မိန်တို့ အရက်သောက်ဖူးသည့် ဟောင်းနွမ်းစုတ်ချာလှသည့် အရက်ဆိုင်ကလေးကို တွေ့ရှိလိုက်ရတော့သည်။

ဟူကျင်းသည် စိတ်တွင်းမှ တီးတိုး ပြောလိုက်မိသည်။

'ဘယ်ကနေ ဘယ်လို ဒီဘက်ကို လျှောက်လာမိခဲ့ပါလိမ့်။ ငါဟာ တကယ်ပဲ ကျောက်မိန်ကို မမေ့နိုင်အောင် ဖြစ်နေမိသလား'



ဟူကျင်းသည် ဆိုင်၏ရှေ့ခန်းကို လှမ်းကြည့်လိုက်သောအခါတွင်မူ စားပွဲထိုးကလေးသည် စားပွဲခုံတစ်ခုပေါ်၌ မှောက်အိပ်နေသည်ကို တွေ့ရှိရသည်။

ထိုစားပွဲထိုးကလေးမှတစ်ပါး အခြားအရက်သောက်သူ တစ်ဦးတစ်ယောက်မျှ ရှိဟန်မတူပေ။ ဟူကျင်းသည် ဆိုင်တွင်းသို့ ဝင်လိုက်ပြီး အတွင်းခန်းဘက်သို့ လျှောက်ဝင်သွားမိသည်။

ထိုအခါ သူနှင့် ကျောက်မိန်တို့ အတူတူ စားသောက် အရက်သောက်ခဲ့ကြသည့် စားပွဲခုံတွင် လူတစ်ယောက် ကျောပေး၍ ထိုင်နေကြောင်း တွေ့လိုက်ရတော့သည်။

ဟူကျင်းသည် တစ်ချက်မျှ တုန့်ခနဲ ဖြစ်သွားသည်။ သို့သော် လုံးဝ မရပ်လိုက်ချေ။ ထိုလူ ရှိရာသို့ ဆက်၍ လျှောက်သွားမိသည်။

ဟူကျင်း၏ခြေသံကြောင့် ကျောပေး၍ရပ်နေသောလူသည် ဆတ်ခနဲ မတ်တတ်ရပ်လိုက်ပြီး ဝင်လာသူကို ရုတ်တရက် လှမ်းကြည့်လိုက်သည်။

မီးရောင်အောက်မှ ထိုလူကား...။ ဟူကျင်း၏ အသည်းနှလုံး၌ လျှို့ဝှက်ပုန်းခိုနေသည့် မွန်ဂိုမလေး ကျောက်မိန် ဖြစ်လေချေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းရော ကျောက်မိန်ပါ ဤနေရာ ဤအချိန်၌ ဤကဲ့သို့ တွေ့ဆုံရလိမ့်မည်ဟု လုံးဝ မမျှော်လင့်မိခဲ့ကြ။

ဤကဲ့သို့ ရုတ်တရက် မျက်နှာချင်းဆိုင် တွေ့လိုက်ရသောအခါတွင် နှစ်ဦးလုံး 'ဟာ'ခနဲ ဖြစ်သွားကြလျက် ကျောက်ရုပ်ကြီးများပမာ မလှုပ်မယှက် ငေးကြောင်ရပ်နေမိတော့သည်။

ကျောက်မိန်သည် တိုးလွန်းလှသောလေသံကလေးဖြင့် ပြောလိုက်သည်။

'ရှင်…ရှင် ဘယ်ကနေ ဘယ်လို ရောက်လာရတာလဲ'

သူမ၏ အသံသည် စိတ်လှုပ်ရှားမှုကြောင့် တုန်တုန်ယင်ယင် ဖြစ်နေသည်။ ဟူကျင်းကလည်း သတိပြုမိလိုက်၏။

'ငါ…ငါလဲ မြို့ထဲကို အပျင်းပြေ လျှောက်ကြည့်ရင်းနဲ့ ဒီဘက်ကို ဝင်လာခဲ့မိတာ၊ မင်း…မင်း'

ဟူကျင်းသည် သူ၏စကားကို ဆက်မပြောနိုင်တော့။ ထို့ကြောင့် ကျောက်မိန်ထိုင်နေသည့် စားပွဲသို့ လျှောက်လာလိုက်သည်။

စားပွဲပေါ်၌ ကျောက်မိန်စားသောက်ထားသည့် ပန်းကန်ခွက်ယောက်များအပြင် လုံးဝ အရာမယွင်းသေးသည့် အခြားပန်းကန်ခွက်ယောက်တစ်စုံ ချထားသည်ကိုလည်း တွေ့လိုက်ရသည်။



ဟူကျင်းက ရုတ်တရက် မေးလိုက်သည်။

'နောက်ထပ် လူတစ်ယောက်လာဦးမှာလား၊ ဒီလိုဆိုရင်လဲ ငါ သွားတော့မယ်၊ နို့မို့ဆိုရင် ငါက အနှောင့်အယှက်ပေးသလို ဖြစ်နေဦးမယ်'

ကျောက်မိန်၏မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

'ရှင်က ဘာပြောတာလဲ၊ အရင်တစ်ခေါက်တွေ့တုန်းက ရှင်နဲ့ကျွန်မ နှစ်ယောက်အတူတူ စားသောက်ခဲ့ကြတယ် မဟုတ်လား၊ အခု တစ်ခါ ကျွန်မ တစ်ယောက်တည်းဖြစ်နေတော့ ရှင့်ကို…ရှင့်ကို… အို…ကျွန်မဘာသာ အပိုတစ်စုံ သက်သက် ချထားတာပါ'

ဟူကျင်းသည် ကျောက်မိန်၏စကားကို ကြားရသောအခါ လွန် စိတ်ထိခိုက်သွားလေတော့သည်။ သူမ၏ အသည်းနှလုံး၌ မည်သို့ ခံစားနေရရှာမည်ကို စာနာသိရှိလိုက်တော့သည်။

✣ ✣ ✣ ✣ ✣

ဟူကျင်းသည် စိတ်မထိန်းနိုင်တော့ဘဲ သူမ၏ လက်ကလေး နှစ်ဘက်ကို ဆုပ်ကိုင်မိတော့သည်။

ကျောက်မိန်ကမူ သူမ၏ခေါင်းကလေးကို တွင်တွင်သာ ငုံ့ထားတော့သည်။ ခေါင်းငုံ့ထားရာမှ မပွင့်တပွင့်လေး ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး၊ ကျွန်မကိုယ်ပဲ ကျွန်မ အပြစ်တင်မိပါတယ်၊ ကျွန်မက ဘာဖြစ်လို့ မွန်ဂို ဖြစ်နေရတာလဲဟင်၊ တရုတ်မိန်းကလေး မဖြစ်ဘဲနဲ့ ဘာဖြစ်လို့ မွန်ဂို ဖြစ်နေရတာလဲ၊ ကျွန်မကိုယ် ကျွန်မ သိပ်ဝမ်းနည်းမိတယ်၊ ပြောစမ်းပါဦး ရှင်ရယ်၊ ဘာဖြစ်လို့ ကျွန်မက ရှင့်ရဲ့ ရန်သူဖြစ်နေရတာလဲ'

ရုတ်တရက်ပြတင်းတံခါးပေါက်အပြင်မှ ခနဲ့သံ ရောပြွမ်းနေသော မိုးမိုးခစ်ခစ် ရယ်သံတစ်သံကို ကြားလိုက်ရသည်။

တစ်စုံတစ်ခုသော ပစ္စည်းကလည်းအခန်းထဲရှိ မီးအိမ်ကို ရိုက်ခတ်မိကာ မီးငြိမ်းသွားတော့၏။

ဟူကျင်းနှင့် ကျောက်မိန်တို့ နှစ်ယောက်စလုံးက ဤရယ်သံသည် ချူကျူး၏ ရယ်သံမှန်းသိလိုက်ကြသည်။ ထိုရယ်သံကြောင့် နှစ်ယောက်စလုံး ကျောက်ရုပ်များသဖွယ် တောင့်တင်း အေးစက်သွားကြတော့သည်။ ဘာလုပ်၍ဘာကိုင်ရမည်မှန်းကိုပင် မသိနိုင်တော့လောက်အောင် ဖြစ်သွားရ၏။

ဟူကျင်းအနေဖြင့် ချူကျူးနောက်သို့ ပြေးလိုက်ရလျှင်လည်းအခက်၊ ကျောက်မိန်နှင့်အတူ ဆက်နေရလျှင်လည်း အခက်ဖြစ်နေသဖြင့် မကြံတတ်အောင် ဖြစ်နေရတော့၏။

ထိုစဉ် ချူကျူး၏ ခြေသံမှာ အဝေးသို့ ရောက်ရှိသွားပေပြီ။

ကျောက်မိန်က လေသံတိုးတိုးကလေးဖြင့် မေးလိုက်သည်။



'ရှင်… သူနဲ့ စေ့စပ်ကြောင်းလမ်းထားပြီးပြီဆို…၊ ဟုတ်သလားဟင်'

'ဟုတ်တယ်… စေ့စပ်ထားပြီးပြီ'

ဟိုနေ့ညက ရှင်တို့နှစ်ယောက် သစ်ပင်နောက်မှာ ပုန်းပြီး ကြည့်နေကြတာ မြင်လိုက်ရတုန်းက ကျွန်မကိုယ် ကျွန်မ သတ်သေချင်လောက်အောင် ဖြစ်ခဲ့မိတာ၊ အဲဒီတုန်းက ကျွန်မကသရော်ပြီး ရယ်ခဲ့တာကို သူက ဒီနေ့ ချက်ချင်း အကြေးပြန်ဆပ်လိုက်တာပဲ၊ ဒါပေမယ့် သူ့တုန်းကတော့ ရှင်က သူစိတ်ချမ်းသာမယ့် စကားတွေ ပြောခဲ့သေးတယ်၊ ကျွန်မကျတော့ ကျွန်မ စိတ်ချမ်းသာမယ့် စကားမျိုး တစ်ခွန်းတလေတောင် မပြောဘူးဆိုတာတော့ သူမသိပါဘူး'

ကျောက်မိန်၏ လေသံသည် ဆွေးမြေ့လှသဖြင့် ဟူကျင်းများစွာ စိတ်မကောင်း ဖြစ်သွားမိသည်။ ထို့ကြောင့်…

'ကျောက်မိန်…အမှန်တကယ်ဆိုရင် ငါဒီကို မလာသင့်ဘူး၊ မင်းနဲ့ ထပ်ပြီးတွေ့ဖို့ မသင့်တော်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ငါက ချူကျူးနဲ့ လက်ထပ်ရတော့မှာ မဟုတ်လား၊ အခုလို မင်းကို လာတွေ့ပြီး မင်းကို စိတ်မကောင်း ဖြစ်အောင် မလုပ်သင့်ဘူးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ငါသိဖို့ ကောင်းတယ်၊ မင်းက မင်းသမီး၊ ငါကသိုင်းသမား၊ အခြေအနေချင်းလဲ မတူပါဘူးကွယ်၊ ငါ့လို လူတစ်ယောက်ကို မေ့ပစ်လိုက်ပါတော့'

ကျောက်မိန်သည် ဟူကျင်း၏ လက်ကိုကိုင်၍ ဟူကျင်း၏ လက်ပေါ်မှ သူမ ကိုက်ထားသည့် သွားရာကို ပွတ်သပ်နေရာမှ...

'ဒီသွားရာဟာ ကျွန်မကိုက်ထားလို့ ကျန်ခဲ့တဲ့ ဒဏ်ရာပဲ၊ ရှင့်ရဲ့ သိုင်းပညာ ဘယ်လောက် တော်တော်၊ ဒီဒဏ်ရာကလေးကိုတော့ ရှင်ဘယ်တော့မှပျောက်အောင်လုပ်နိုင်မှာ မဟုတ်ဘူး၊ ရှင့်ရဲ့ ဒီ ဒဏ်ရာကလေးကို ရှင်ကိုယ်တိုင် ပျောက်အောင် မလုပ်နိုင်တဲ့နောက် ကျွန်မကလဲ ကျွန်မရဲ့အသည်းနှလုံးကဒဏ်ရာကို ပျောက်အောင် ဘယ်လုပ်နိုင်တော့မှာလဲ'

ကျောက်မိန်သည် ပြောပြောဆိုဆိုနှင့် ဟူကျင်း၏ လည်ပင်းကို သိုင်းဖက်လိုက်ပြီး ရုတ်တရက် ဖိကပ်နမ်းရှုပ်လိုက်သည်။

ဟူကျင်းသည် ပူနွေးရှိန်းမြသော အတွေ့အထိကြောင့် တွေဝေ ငေးမောနေမိစဉ် ကျောက်မိန်က သူ၏ နှုတ်ခမ်းများကို သွေးစို့သွားသည်အထိ ငုံကိုက်လိုက်သည်ကို ခံစားလိုက်ရတော့၏။



ကျောက်မိန်သည် ချက်ချင်းပင် ဟူကျင်း၏ ပခုံးကို ခတ်ကြမ်းကြမ်း တွန်းထုတ်လိုက်ပြီး...

'ရှင်ဟာ လူမဟုတ်ဘူး၊ သရဲ၊ တစ္ဆေ၊ နတ်မိစ္ဆာ၊ ကျွန်မရဲ့အသည်းနှလုံးကို ခြောင်းတိ ခြောင်းဆန်လုပ်နေတဲ့သူ၊ မုန်းတယ်၊ ရှင့်ကို မုန်းတယ်' ဟု သွေးပျက်စဖွယ် အော်ဟစ်ရင်း ပြတင်းပေါက်မှ ခုန်ချ ထွက်ပြေး ပျောက်ကွယ်သွားတော့သည်။

✣ ✣ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



# သွေးစည်းသော မင်္ဂလာနေ့

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉၁)

## သွေးစည်းသော မင်္ဂလာနေ့

ဝေလင်းသည် ကျန်းဟူကျင်းနှင့် ဖန်ဟိုဆန်တို့ ထွက်သွားပြီးနောက် များမကြာမီ ချူကျူးတစ်ယောက်ဘည်း ထွက်သွားသည်ကို တွေ့မြင်လိုက်ရသည်။ ထို့ကြောင့် ဝေလင်းအဖို့ တည်းခိုခန်းတွင် အေးဆေးစွာ အနားမယူနိုင်ဘဲ ဖြစ်နေရ၏။ သူ ငေးလေးထားနေရသူသုံးဦး ပြန်အလာကို တည်းခိုခန်းအပြင်တွင် ထိုင်စောင့်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟော... တစ်ယောက်သောသူ ပြန်လာချေပြီ။ ပထမဦးဆုံး ပြန်လာသူကား ချူကျူးပင်တည်း။ သူမ၏မျက်နှာသည် ပုဝါဖြူ တစ်ထည်နှယ် ဖြူရော်လွန်းနေသည်။ လုံးဝ သွေးမရှိသကဲ့သို့ ဖြူရော် နေသဖြင့် ဝေလင်းပင် ကြောက်လန့်နေမိတော့သည်။

ဝေလင်းသည် ချူကျူးကို ဂိုဏ်းချုပ်ကြီးကတော်ဟု သတ်မှတ်ထားလေရာ ချူကျူးကို အလွန် ရိုသေလေးစားသည်။ သာမန်အချိန်၌ပင် အလွန် လေးစားသူ ဖြစ်လေရာ ယခုကဲ့သို့ မျက်နှာအမူအရာကို တွေ့လိုက်ရသောအခါ အကျိုးအကြောင်းကို လုံးဝ မမေးရဲတော့ချေ။

ချူကျူးကလည်း စကားတစ်ခွန်းမျှ မပြောဘဲ သူမ၏ အခန်းထဲသို့ တောက်လျှောက်ဝင်သွားပြီး တံခါးကို ဆွဲပိတ်လိုက်တော့သည်။

ချူကျူး၏ အပြုအမူများကို ကြည့်၍ ဝေလင်းအဖို့ မည်သို့ မည်ပုံ ဆောင်ရွက်ရမည်ကို မသိနိုင်အောင် ဖြစ်နေမိသည်။ အဆိုးဆုံးအချက်မှာ ဟူကျင်းနှင့် ဖန်ဟိုဆန့်တို့ ပြန်မရောက်လာကြ သေးခြင်းပေတည်း။

ထို့ကြောင့် ဟူကျင်းနှင့် ဖန်ဟိုဆန့်တို့ကို စိတ်ပူပန်စွာ စောင့်နေစဉ်မှာပင် ချူကျူး၏အခန်းထဲမှ သိမ့်ခနဲ တစ်ချက် တုန် သွားပြီး ကုလားထိုင်လို အရာဝတ္ထုတစ်ခုခု လဲကျသွားသံကို ကြား လိုက်ရသည်။



ဝေလင်းသည် ကမန်းကတန်းပင် ပြတင်းပေါက်မှ အပြင် သို့ ခုန်ထွက်လိုက်ပြီး ချူကျူး၏ အခန်းပြတင်းမှ အတွင်းသို့ လှမ်း ကြည့်လိုက်သောအခါ လေထဲတွင် တွဲလောင်းချိတ်ဆွဲလျက် ယိမ်း ထိုးနေသော အရာဝတ္ထုတစ်ခုကို တွေ့မြင်လိုက်ရတော့၏။

ဝေလင်းသည် အကြီးအကျယ် ထိတ်လန့် တုန်လှုပ်သွား သဖြင့် ကတုန်ကယင်ဖြင့် လှမ်းအော်မိတော့သည်။

'မမလေး...မမလေး'

ချူကျူး၏ အခန်းတွင်းမှ မည်သည့် တုံ့ပြန်သံကိုမျှ မရ သောအခါ ဝေလင်းသည် ပြတင်းပေါက် တံခါးချပ်များကို လက် ဝါးဖြင့် ရိုက်ချိုးလျက် အခန်းတွင်းသို့ ခုန်ဝင်လိုက်တော့သည်။ ထိုအခါ ချူကျူးမှာ တည်းခိုခန်း၏ တုတ်တန်းပေါ်တွင် ကြိုး တစ်ချောင်းကို ချည်ထားပြီး ကိုယ့်ကိုယ်ကို ဆွဲကြိုးချ သတ်သေထား ကြောင်း တွေ့လိုက်ရတော့သည်။

ဝေလင်း အလွန် တုန်လှုပ်သွားသည်။ လိပ်ပြာလွင့်စဉ် ထွက်မတတ် ကြောက်ရွံ့တုန်လှုပ်သွားမိရာမှ ရုတ်တရက် သတိဝင် လာပြီး ခုန်၍ ကြိုးကို ဆွဲဖြတ်လိုက်တော့၏။ ချူကျူး၏ ခန္ဓာကိုယ် ကို ခုတင်ပေါ်သို့ ဖြေးညင်းစွာ ချထားလိုက်၏။ သူမ၏ နှာခေါင်းဝ ၌ လက်ကိုထား၍ ထွက်သက် ဝင်သက်ကို စမ်းကြည့်လိုက်သောအခါ အသက် မရှိတော့ကြောင်း တွေ့လိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဝေလင်းသည် ကြေကွဲဆို့နင့်စွာ ပြောလိုက်သည်။

'ဖြစ်မှဖြစ်ရလေ မမလေးရယ်၊ ဘာဖြစ်လို့များ ဒီလို လုပ်လိုက်ရတာလဲ၊ ဂိုဏ်းချုပ်ကြီးပြန်လာရင် ဘယ်လို ရှင်းပြရတော့ မလဲဟင်'

ထိုအခိုက် အခန်းအပြင်မှ ခြေသံ ကြားလိုက်ရသဖြင့် ဝေလင်းသည် လေ၏ လျင်မြန်သောနှုန်းဖြင့် အခန်းတံခါးကို ဖွင့် ပေးလိုက်သည်။

သူသည် အလွန် မျှော်လင့် တောင့်တနေခဲ့သော ဂိုဏ်းချုပ်ကြီး ကျုန်းဟူကျင်း ပြန်ရောက်လာပေပြီ၊ ဝေလင်းသည် ဟူကျင်းကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် အော်ဟစ် ပြောလိုက်မိသည်။

'ဂိုဏ်းချုပ်ကြီး မြန်မြန်လာပါ၊ မမလေး ချူကျူး ကိုယ့် ကိုယ်ကို ကြိုးဆွဲချ သတ်သေသွားပြီ၊ လာကြည့်ပါဦး...၊ မြန်... မြန် လာကြည့်ပါဦး'

ဟူကျင်းသည် သူ၏ ငယ်ထိပ်ကို မိုးကြိုးပစ်ခံလိုက်ရ သကဲ့သို့ မိုက်ခနဲ ဖြစ်သွားမိသည်။ အခန်းတွင်းသို့ တစ်ဟုန်ထိုးပြေး ဝင်ပြီး ချူကျူး၏ လည်ပင်းမှ ကြိုးစကို ဖြေပစ်လိုသည်။

ချူကျူး၏ ရင်ဝကို စမ်းကြည့်လိုက်သောအခါ သူမ၏ နှလုံးသားသည် ချည့်နဲ့ နှေးကွေးစွာ ခုန်နေသေးသည်ကို တွေ့လိုက်ရ သဖြင့် ဟူကျင်း အလွန် ဝမ်းသာသွားမိသည်။ ဟူကျင်းသည် စိုးရိမ် တကြီးဖြင့် ဆေးမှ ကြည့်နေသော ဝေလင်းကို ပြောလိုက်သည်။





'ကိစ္စမရှိဘူး၊ သူ့ကို ကယ်နိုင်သေးတယ်၊ ဒီလို အခြေအနေ မျိုး မရှိမှာကို ကြောက်ရတာ၊ ဒီလို အခြေအနေမျိုးမှာတော့ ကြောက် စရာ မရှိဘူး၊ မင်းရဲ့ မမလေး မသေနိုင်တော့ဘူး'

သူသည် သူ၏ လက်ဝါးနှစ်ဘက်ကို ချူကျူး၏ ရင်ဝနှင့် ချက်အောက်တွင် ကပ်ထားကာ အတွင်းအား သွတ်သွင်း ပေးလိုက် သည်။

ထိုခဏမှာပင် ချူကျူး သတိရလာပြီး ရှိုက်ကြီးတငင် ငိုကြွေးလိုက်တော့၏။

ဝေလင်းသည် အလွန် အံ့သြသွားမိသည်။ မအောင့်နိုင် တော့သဖြင့် နှုတ်မှလည်း အော်လိုက်မိသည်။

'ကံကောင်းတယ်... သိပ် ကံကောင်းတာပဲ၊ မမလေး သတိ ရလာပြီ၊ မမလေး အသက်ပြန်ရှင်လာပြီ'

ချူကျူးသည် လုံးဝ သတိ ကောင်းမွန်လာသောအခါ သူ့ကို စိုးရိမ်တကြီးကြည့်နေသော ဟူကျင်းကို တွေ့လိုက်ရသည်နှင့်...

'ရှင်...ရှင်... ဘာဖြစ်လို့ ကျွန်မ အသက်ကို ကယ်ရတာလဲ၊ ကျွန်မအဖို့ အသက်ရှင်နေရတာထက် သေရတာက အေးပါသေး

www.burmeseclassic.com



တယ်၊ အခုတော့… အခုတော့…' ဟု စကားကိုပင် အဆုံးမသတ်နိုင်တော့ဘဲ ငိုချလိုက်ပြန်သည်။

ချူကျူးသည် ငိုနေရာမှ ဟူကျင်းမျက်နှာကို ရုတ်တရက် မော့ကြည့်လိုက်ပြန်သည်။ ဟူကျင်း၏နှုတ်ခမ်းတွင် သွေးများ စို့နေသည်ကို တွေ့ရပြီး ညိုညိုညာညာ သေးသေးစိပ်စိပ် သွားရာကလေးများကို တွေ့လိုက်ရသောအခါ ငြိမ်းအေးလုနီးနီး ခေါသအိုးသည် ဝုန်းခနဲ ပေါက်ကွဲထွက်လာကာ ဟူကျင်း၏ ပါးကို ဖြန်းခနဲ ရိုက်ချလိုက်သည်။

ဝေလင်းသည် ချူကျူးကို ရိုသေလေးစားသည် မှန်သော်လည်း ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းလောက်တော့ ကြောက်ရွံ့လေးစားသည် မဟုတ်ချေ။

သူ အလေးစားဆုံး ဂိုဏ်းချုပ်ကြီးအား ပါးချလိုက်သည်ကို တွေ့မြင်လိုက်ရသောအခါ ဝေလင်း အကြီးအကျယ် ထိတ်လန့်သွားမိတော့သည်။

'ဂိုဏ်းချုပ်ကြီးကိုတောင် ပါးရိုက်တယ်ဆိုတော့ တော်ရုံတန်ရုံ လူအဖို့တော့ သိပ်လွယ်မှာ မဟုတ်ဘူး'



မည်သို့ပင် ဖြစ်စေ ဝေလင်းအဖို့ ချူကျူးသည် နတ်သမီးတစ်ပါးကဲ့သို့ မှတ်ထင်ထားသူ ဖြစ်ရာ မည်သို့မျှ ဝင်ရောက် မဖြန်ဖြေရဲပေ။ ငေးကြောင်လျက် ရပ်ကြည့်နေမိတော့သည်။

ထိုစဉ် တစ်စုံတစ်ယောက်က မိမိ ပုခုံးကို လာပုတ်လိုက်သဖြင့် ဝေလင်း နောက်သို့ လှည့်ကြည့်လိုက်မိသည်။ ဖန်ဟိုဆန့်ပင် ဖြစ်တော့လေသည်။

ဝေလင်းသည် ဖန်ဟိုဆန့်ကို မြင်တွေ့ လိုက်ရသောအခါ အလွန် အားတက် ဝမ်းသာသွားပြီး အရေးတကြီး ပြောလိုက်မိသည်။

'ဟာ…ဆရာကြီး…၊ အတော်ပဲ အတော်ပဲ။ ဆရာကြီးဟာ အင်မတန် အရေးကြီးတဲ့ အချိန်မှာ ပြန်ရောက်လာတာပဲ၊ မမလေးကို ကြည့်ပြီး ပြောပေးပါဦး'

ဖန်ဟိုဆန့်က ရယ်မောလိုက်ရင်း…

'ငါက ဘာပြောရမှာတုန်း၊ ကဲ… ဝေလင်း၊ ငါတို့ အပြင်ကို ထွက်ကြစို့'

ဝေလင်းက ပွဲပန် ကြောင့်ကြစွာ တားမြစ်လိုက်သည်။

'ဟာ…ဆရာကြီး၊ ဘယ်… ဘယ်ဖြစ်မှာလဲ၊ တော်တော်ကြာ ဘယ်တုမ်း ရန်ဖြစ်ပြီဆိုရင် မမလေးက ဂိုဏ်းချုပ်ကြီးကို ဘယ် ခံမလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဟိုဆန့်သည် တဟားဟား ရယ်မောမိတော့သည်။

'အင်း... မင်းဟာ တကယ့် နလဗိန်းတုံးပဲ၊ ငါတို့ နစ်ယောက်က ချူကျူးဘက်ကနေပြီး ဂိုဏ်းချုပ်ကြီးကို တိုက်မလို့လား ဒီမှာ...ဝေလင်း၊ ငါပြောမယ်၊ သေသေချာချာ နားထောင်၊ ဂိုဏ်းချုပ်ကြီးဟာ ချူကျူးကို ဘယ်တော့မှ မနိုင်စေရဘူးကွ'

ဖန်ဟိုဆန့်သည် စကားဆုံးသည်နှင့် ဝေလင်းလက်ကို ဆွဲ၍ အပြင်သို့ ခေါ်ထုတ်သွားတော့သည်။ ဝေလင်းမှာမူ နောက်တလှည့်လှည့်ဖြင့် သမင်လည်ပြန် လှည့်ရင်း ပါသွားတော့သည်။

ချူကျူးသည် ဖန်ဟိုဆန့်၏စကားကို ကြားလိုက်ရသောအခါ မရယ်ဘဲ မနေနိုင်တော့သဖြင့် ခစ်ခနဲ ရယ်မိတော့၏။

သို့သော် ဟူကျင်းနှင့်ကျောက်မိန်တို့ အကြောင်းကို တွေးလိုက်မိသည်နှင့် ခုတင်ပေါ်တွင် မှောက်ကာ ငိုကြွေးမိပြန်တော့သည်။

သဝန်တိုမှုမပါသော အချစ်သည် အချစ်စစ်မဟုတ်ဟု ဆိုရိုး စကား ရှိသည် မဟုတ်ပါလော။

ဟူကျင်းကမူ ခုတင်စောင်းတွင် ထိုင်၍ ချူကျူး၏ပုခုံးလေးကို ပွတ်သပ်ကာ ချော့မော့နှစ်သိမ့်လိုက်သည်။

'ချူကျူး... အမှန်ကတော့ အစ်ကိုက သူနဲ့ ချိန်းတွေ့တာ မဟုတ်ပါဘူး၊ မမျှော်လင့်ဘဲ သွားဆုံမိလိုက်ကြတာပါ၊ အစ်ကို့



ချူကျူးသည် ဟူကျင်း၏ စကားကို လုံးဝ လက်မခံ၊ ခြေထောက်ကို ဆောင့်ရင်း...

'ဟင့်အင်း...ဟင့်အင်း၊ ကျွန်မ မယုံဘူး၊ ရှင်ညာတာ၊ ရှင် ကျွန်မကို ညာတာ၊ နောက်ဆိုရင် ရှင့်စကားတို ကျွန်မ ဘယ်တော့မှ မယုံတော့ဘူး'

ဟူကျင်းကမူ သက်ပြင်းတစ်ချက်ချရင်း ဖြည်းညင်းစွာ ပြောလိုက်မိသည်။

'လောကမှာ တချို့ အဖြစ်တွေဟာ တစ်ခါတစ်ရံမှာ အင်မတန် အထင်လွဲစရာ ကောင်းတဲ့ အဖြစ်မျိုးကို ရောက်သွားတတ်တာမျိုးလဲ ရှိပါသေးတယ် ချူကျူးရယ်'

ချူကျူးသည် ဆတ်ဆတ်ကဲ ပြန်ပြောလိုက်သည်။

'မီးမရှိဘဲနဲ့ မီးခိုးရှိပါ့မလား၊ အမှန်တရားကို ရှင်က ဖုံးကွယ်ထားလို့ ရမလား၊ ရှင့်နှုတ်ခမ်းလဲ ရှင် ပြန်ကြည့်စမ်းပါဦး၊ အရှက်မရှိဘဲနဲ့၊ မဟုတ်ပါဘူး၊ မဟုတ်ပါဘူး ငြင်းနေတာပဲ'

ချူကျူးသည် ပြောရင်း ပြောရင်း ရှက်ဒေါသ ထွက်လာမိတော့သည်။

ဟူကျင်းသိလိုက်ပြီ။ အခြေအနေကို ကောင်းစွာ အကဲခတ်မိပြီ။ ယနေ့အဖို့ ချူကျူးသည် ရှက်လဲရှက် ဒေါသလဲထွက်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရတော့မည် မဟုတ်ချေ။ မည်သို့ပင် ဖြစ်စေ ချူကျူးသည် သူ၏ ဇနီးလောင်း မဟုတ်ပါလော။ နောက်ဆုံးတွင် ယုယုယယ အပြုအမူများဖြင့် စိတ်ရှည် လက်ရှည် ချော့မော့ခြင်းဖြင့် သူ၏ ရှက်ဒေါသကို ပြေစေရတော့မည်။

ဟူကျင်းသည် ချူကျူး၏မျက်နှာကလေးကို ကြည့်လိုက်သည်။ သူမ၏ ပါးကလေးနှစ်ဘက်သည် နှင်းဆီသွေး ဖျန်းထားသည့်နှယ် နီရဲနေ၏။ ဖြူဖွေးနေသော လည်တိုင်ကလေးမှာလည်း ကြိုးရာများဖြင့် နီရဲနေသည်ကို တွေ့ရှိနေရ၏။

အကယ်၍ ဝေလင်းသာ အချိန်မီ မကယ်ခဲ့လျှင်သော်လည်းကောင်း၊ မိမိသာ အချိန်မီ ရောက်မလာခဲ့လျှင်သော်လည်းကောင်း၊ ချူကျူးအဖို့ သည် လူ့လောကကြီးမှ ထွက်ခွာသွားရပေတော့မည်။

ဟူကျင်းသည် ချူကျူးအပေါ် ကြင်နာသနားသည့်စိတ်များ ဖိတ်လျှံထွက်လာပြီး ချူကျူးကို ပွေ့ဖက် ငုံ့နမ်းလိုက်သည်။

ချူကျူးသည် ဒေါသမပြေသေးသူ ဖြစ်ရာ မည်သို့မျှ အနမ်းမခံဘဲ ခေါင်းတယမ်းယမ်းဖြင့်သာ ရှောင်တိမ်းနေတော့သည်။ နှုတ်မှလည်း ဒေါသတကြီးဖြင့် အော်ဟစ်နေ၏။

'ရှင် သူများနဲ့ နမ်းရှုံ့ပြီးမှ ကျွန်မကို လာနမ်းဦးမလို့ပေါ့လေ၊ ကျွန်မကို ထပ်ပြီး မြူဆွယ်ဦးမလို့ပေါ့လေ၊ ရှင်က ဒီလို အနိုင်ကျင့်ပြီးမှ ကျွန်မကို လုပ်ချင်သလိုလုပ်လို့ ရမလား'



ဟူကျင်းသည် ချူကျူး၏စကားများကို အရေးမစိုက်၊ ခွန်းတုံ့ပြန်မနေတော့ဘဲ တင်းကျပ်စွာ ပွေ့ဖက်လိုက်သောအခါ သူမသည် လုံးဝ မလှုပ်ရှားနိုင်တော့ချေ။ ထိုအခါကျမှ ဟူကျင်းသည် သူမအား နမ်းရှုံ့မိသည်။ ချူကျူးသည် တဖြည်းဖြည်းနှင့် ဟူကျင်း၏ ရင်ခွင်အတွင်းဝယ် ပျော့ခွေကျသွားသည်။

ဟူကျင်းသည် နမ်းရှုံ့ပြီးသောအခါမှ ချူကျူးကို အသာအယာ လွှတ်ပေးလိုက်သည်။

'ချူကျူး... မင်း ကောင်းကောင်းအနားယူနော်၊ မင်းမကျေနပ်တာတွေကိုလဲ မနက်ဖြန်ကျမှ ဆက်ဆွေးနွေးကြတာပေါ့ ဟုတ်လား၊ အစ်ကိုကသာ ကျောက်မိန်နဲ့တွေ့ဖို့ တကယ်ချိန်းပြီး တကယ်သွားတွေ့တာလို့ ယုံကြည်တယ်ဆိုရင် အစ်ကိုကို ဓားနဲ့သာ ထိုးသတ်လိုက်ပေတော့ ဟုတ်လား အစ်ကို အသေခံမယ်'

ချူကျူးသည် ဟူကျင်း၏ နမ်းရှုံ့မှုကြောင့် ရှက်သွေး တလွှမ်းလွှမ်း ရင်တဖိုဖို ဖြစ်နေရာမှ လှိုက်မောသော လေသံကလေးဖြင့် ပြောလိုက်သည်။

'ဘာတွေ လျှောက်ပြောနေတာလဲ၊ သူများက ဒီလို လုပ်စေချင်တာ မဟုတ်ဘူး ဆိုတာကို သိလို့ တမင် လျှောက်ပြောနေတာ မဟုတ်လား'

•

www.burmeseclassic.com



ဟူကျင်းသည် ချူကျူး စိတ်ပြေသွားသည်ကို သိလိုက်ရသဖြင့် ကြည်စယ်ရင်း ပြောလိုက်သည်။

'ဒီလိုဆိုရင်လဲ အစ်ကို့ရဲ့ ခြေထောက် နှစ်ဖက်ကို ဖြတ်ပစ်လိုက်ပေါ့ ဟုတ်လား'

ချူကျူးထံမှ မည်သည့်စကားသံမျှ ထွက်မလာ၊ ခေါင်းငုံ့နေရာမှ မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့်စီးဆင်းလာတော့သည်။

ဟူကျင်းအဖို့မှာလည်း တင်းမာနေသော အခြေအနေမှ နူးညံ့ ပျော့ပျောင်းသော အခြေအနေသို့ ပြောင်းလဲသွားသဖြင့် စိတ်သက်သာရာရခဲ့သော်လည်း ယခုကဲ့သို့ ချူကျူး မျက်ရည်ကျနေသည်ကို တွေ့လိုက်ရပြန်သောအခါ စိတ် မသက်မသာ ဖြစ်သွားရပြန်သည်။ ထို့ကြောင့် သူမ၏ ဘေးတွင် ကပ်ထိုင်လိုက်ပြီး သူမ၏ ပုခုံးလေးကို ဖက်လိုက်ကာ ချော့မော့၍ မေးလိုက်သည်။

'ဘာကို စိတ်မကောင်း ဖြစ်ပြီး ငိုရပြန်တာလဲ ချူကျူးရယ်'

ချူကျူးသည် ဟူကျင်း၏အမေးကို လုံးဝ မဖြေ။ ဆက်၍သာ ငိုမြဲငိုနေသည်။

ဟူကျင်းသည် အမျိုးမျိုးသော သစ္စာစကားများဖြင့် တိုင်တည်သစ္စာဆိုပြနေသော်လည်း ချူကျူး၏ မျက်ရည်များကို ရပ်တန့်သွားအောင် မလုပ်နိုင်ခဲ့ချေ။ အတန်ကြာအောင် ငိုနေပြီးမှ...



'ကျွန်မ... ကျွန်မ... ကံဆိုးတာကို စဉ်းစားမိပြီး ငိုတာပါ၊ အစ်ကို့ကို စိတ်ဆိုးလို့ ငိုတာ မဟုတ်ပါဘူး'

'အို...ဘာဖြစ်လို့ မင်းက ကံဆိုးရမှာလဲ၊ အရင်တုန်းက မင်းရော အစ်ကိုပါ နှစ်ယောက်စလုံး ကံဆိုးကြတာပဲ၊ အခု အစ်ကိုတို့ နှစ်ယောက် အကြင်လင်မယား ဖြစ်ရတော့မယ်ဆိုတော့ ဘာဖြစ်လို့ ကံဆိုး ရတော့မှာလဲ'

ချူကျူးသည် ဟူကျင်းကို မော့ကြည့်လိုက်သည်။ ပြီးမှ တည်ကြည်သော လေသံကလေးဖြင့်...

'အစ်ကိုဟူကျင်းက ကျွန်မအပေါ် သိပ်ကောင်းတယ်ဆိုတာ ကျွန်မသိပါတယ်၊ ဟို ကျောက်မိန်ဆိုတဲ့ ကာဝေမလေးက အခုလို မြှူဆွယ်လို့ ဒီလို ဖြစ်ရတာပဲ၊ အစ်ကို့က ဖောက်ပြန်ပြီး သွားတွေ့တာ မဟုတ်ဘူးဆိုတာ ကျွန်မ ယုံပါတယ်၊ အခု... ကျွန်မငိုတာက ကျွန်မရဲ့ အပြစ်တွေကြောင့် ငိုတာပါ၊ ကျွန်မဟာ အစ်ကို့ ဇနီး မလုပ်ထိုက်တော့ဘူး၊ ကျွန်မသေသွားရင် အားလုံး အေးသွားမှာပဲလို့ ကျွန်မ ထင်ခဲ့တယ်၊ ဒါကြောင့် ကျွန်မကိုယ် ကျွန်မ သတ်သေတာ၊ ဟို ဝေလင်းဆိုတဲ့ ရှူးပေါ်ပေါ်ကောင်က ကယ်လိုက်တော့ ကျွန်မ နောက်တစ်ခါ ထပ်မသေရဲတော့ဘူး၊ ကျွန်မ... ကျွန်မ ဆရာကြီးလိုပဲ မယ်သီလရှင် လုပ်တော့မယ်၊ ဝါမေဂိုဏ်းချုပ်တွေဟာ တစ်ယောက်မှ အိမ်ထောင်မကျဖူးဘူး'

www.burmeseclassic.com



ချူကျူး၏စကားများကို ကြားလိုက်ရသော ဟူကျင်းအဖို့ ည်သို့မျှ နားမလည်နိုင်အောင် ဖြစ်နေမိတော့သည်။ သူမ၏ ကားများအရ သူမ အနေဖြင့် မိမိအပေါ် မကောင်းမှု ကျူးလွန်ထား ယကဲ့သို့ ဖြစ်နေသည်။ မိမိအပေါ် ချူကျူးအနေဖြင့် မည်သည့် ဒွဲစ်မှုများ ကျူးလွန်ခဲ့ပါသနည်း။။

'အို... ချူကျူးကလဲ၊ ဘာဖြစ်လို့ အစ်ကို့ဓနီး မလုပ်ထိုက်မှာ ပဲ'

ချူကျူးသည် အံကို တင်းတင်းကြိတ်လျက်...

'ဘာဖြစ်လို့ အစ်ကို့ဓနီး မလုပ်ထိုက်သလဲဆိုတော့' ဟု ပြောရာ စကားကို ရှေ့မဆက်တော့ဘဲ ရုတ်တရက် ရပ်တန့်ပစ်လိုက်သည်။

သူမ၏ မျက်နှာကိုလည်း တစ်ဘက်သို့ လှည့်ပစ်လိုက်ပြီး ဟူကျင်း မမျှော်လင့်သော စကားကို ပြောလိုက်တော့သည်။

'အစ်ကို ဟူကျင်း... ကျွန်မကို တစ်စိမ်းတစ်ရံဆံလိုပဲ သ ဘာထားလိုက်ပါတော့၊ အခုအချိန်က စပြီး ကျွန်မလို မိန်းကလေး ဦး သတိရမနေပါနဲ့တော့၊ အစ်ကိုဟူကျင်း အနေနဲ့ ကျောက်မိန်ကိုပဲ ူယူ၊ တခြားတစ်ယောက်ကိုပဲယူယူ၊ ကျွန်မ... ကျွန်မ.. အရေး စိုက်တော့ဘူး'



စကားဆုံးသည်နှင့် သူမက ခြေထောက်ကို တစ်ချက် ထောက်ကန်ပြီး ခုန်တက်လိုက်ရာ ပြတင်းပေါက်မှ တစ်ဆင့် မျက်နှာချင်းဆိုင် အိမ်ခေါင်မိုးပေါ်သို့ ဝိုးခနဲ ရောက်ရှိသွားတော့၏။

ဟူကျင်းသည် မင်သက်မိ အံ့ဩသွားမိတော့သည်။

'ချူကျူးရဲ့ ကိုယ်ဖော့သိုင်းပညာက ဘယ့်နှယ်ကြောင့် ဒီလောက် ကောင်းနေရတာပါလိမ့်'

ဟူကျင်းအနေဖြင့် ဤမျှထက်ပို၍စဉ်းစားချိန်မရသေး။ ချူကျူး၏ နောက်သို့ အပြေးလိုက်ရတော့သည်။ ချူကျူးမှာမူ ရှေ့ သို့သာ အားသွန် ပြေးနေသည်။ နောက်သို့ပင် တစ်ချက်မျှ ငဲ့စောင်း မကြည့်တော့ချေ။

ဟူကျင်းက လေးငါးဆယ်ချက်ခန့် အားစိုက်ခုန်လိုက်သော အခါ ချူကျူး၏ ရှေ့သို့ ရောက်ရှိသွားသဖြင့် ချူကျူးမှာ သူမ၏ အရှိန်ကို မသတ်နိုင်တော့ဘဲ ဟူကျင်း၏ရင်ခွင်ထဲသို့ တိုးဝင်မိသွား တော့သည်။

ဟူကျင်းကမူ သူမ၏ ခန္ဓာကိုယ်ကို အသာအယာပင် ပွေ့ ဖက်လိုက်သည်။ သူတို့ ရောက်ရှိနေသည့် နေရာအောနား၌ ချောင်းရိုး ကလေး တစ်ခုရှိရာ ဟူကျင်းက ချူကျူးကို ချောင်းကလေးဆီသို့ ခေါ်သွားပြီး၊ ကျောက်တုံးကြီး တစ်တုံးပေါ်တွင် သက်သက် သာသာ ထိုင်ခိုင်းလိုက်၏။ ထို့နောက်မှ ဖြည်းညင်းသော လေသံဖြင့် ပြော လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ချူကျူး... မင်းနဲ့ အစ်ကိုဟာ မကြာခင် လင်မယားဖြစ်တော့မယ့်လူတွေပါ၊ တစ်ယောက်ကို တစ်ယောက်ဘာမှ ဖုံးကွယ်နေစရာမလိုပါဘူး၊ အားနာနေစရာလဲ မလိုပါဘူး၊ မင်းမှာ အခက်အခဲရှိရင် အစ်ကိုက ကူညီရမယ်၊ အစ်ကို့မှာ အခက်ခဲရှိရင် မင်းက ကူညီရမှာပဲ၊ မင်းရဲ့ဒုက္ခဟာ အစ်ကို့ရဲ့ ဒုက္ခပါပဲ၊ ဒီတော့ မင်းမှာရှိနေတဲ့ အခက်အခဲတွေကို ဘာဖြစ်လို့ စိတ်သောက အရောက်ခံပြီး မျိုသိပ်ထားနေတော့မလဲ၊ ပြောစမ်းပါ၊ ဖွင့်ပြောလိုက်စမ်းပါ၊ အစ်ကိုတို့နှစ်ယောက်စလုံး ဝိုင်းပြီး စဉ်းစား အဖြေရှာရင် ပြေလည်ရမှာပေါ့'

ချူကျူးသည်ရုတ်တရက် ဟူကျင်း၏ ရင်ခွင်တွင်း မှောက်ချ ငိုကြွေးလိုက်မိသည်။

'ကျွန်မ...ကျွန်မ...ကို သူများက အနိုင်ကျင့်ခဲ့တယ်၊ အခု... အခု... ကျွန်မရဲ့ ကိုယ်ခန္ဓာက မသန့်ရှင်းတော့ဘူး၊ ကျွန်မ...ကျွန်မမှာ ကိုယ်ဝန် ရှိနေပြီ၊ အစ်ကိုနဲ့ ဘယ်နယ့်လုပ်ပြီး လက်ထပ်နိုင်တော့မှာလဲ'

ထိုစကားသည် ဟူကျင်း၏ဦးခေါင်းကို ပစ်ခတ်လိုက်သည့် မိုးကြိုးသွားတမျှနယ် ပြင်းထန်ထိရောက်လှပါသည်။

ဟူကျင်း၏ဦးခေါင်းတစ်ခုလုံးသည် မိုက်ခနဲ ဖြစ်သွားရပြီး တစ်ကိုယ်လုံးရှိ အကြောအခြင်များလည်း တောင့်တင်းသွားရတော့သည်။



ချူကျူးသည် ဟူကျင်းကို ကြေကွဲစွာဖြင့်ကြည့်ရင်း ဖြည်းညင်းစွာ မတ်တတ်ရပ်လိုက်သည်။

'ဒါ...ဒါက ကျွန်မရဲ့ ဘဝပေး ကုသိုလ်ကံဆိုးလွန်းလှလို့ ဖြစ်ရတဲ့ အဖြစ်ပါ၊ အစ်ကို့ကို ကျွန်မ ဒုက္ခ [illegible] ညီမကို ဖြည်းဖြည်းချင်း [illegible]'

ဟူကျင်းမှာ ယခုအချိန်အထိ [illegible] အလားနယ် ငေးကြောင်ရပ်လျက် ရှိနေ[illegible] အနေဖြင့် ချူကျူးစကားများကို မယုံနိုင်သော[illegible] သည်။ သူ၏ နှလုံးသား လှုံ့ဆော်ချက်များက မယုံနှင့်[illegible] တားမြစ်နေသကဲ့သို့ပင်။

ချူကျူးသည် သူမ၏ စကားဆုံးသည်နှင့် လှည့်ထွက်သွားတော့၏။

ဟူကျင်းသည် ရုတ်တရက် သတိ ပြန်ဝင်လာပြီး ရုတ်တရက် လှမ်းခုန်လိုက်ကာ ချူကျူး၏လက်ကို ဆွဲလိုက်သည်။ တုန်ယင်သော လေသံဖြင့် မေးလိုက်မိသည်။

'ဟို...ဟို...ဆို့ချင်းစူးရဲ့ လက်ချက်လား'

ချူကျူးက ခေါင်းညိတ်၍ အဖြေပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သူတောင်းစားဂိုဏ်းမှာ ကျွန်မ အဖမ်းခံထားရတုန်းက အကြောပိတ်ခံထားရလို့ ဘယ်လိုမှ ကာကွယ်လို့ မရနိုင်ခဲ့ပါဘူး အစ်ကို'

ဟူကျင်းကမူ ချူကျူးကို တင်းကြပ်စွာ ပွေ့ဖက်ထားလိုက်ပြီး...

'ဒါက... မင်းရဲ့ အပြစ်မှ မဟုတ်ပဲ၊ မင်း ဘာမှ စိတ်မဆင်းရဲနဲ့၊ ဒီမှာ... ချူကျူး၊ မင်း အခုလိုဖြစ်လေ... အစ်ကိုက မင်းကို ပိုပြီး သနားလေပဲ၊ မင်းကို ပိုပြီး ယုယ ပိုပြီးချစ်ရတော့မှာပေါ့၊ အစ်ကိုက မနက်ဖြန် အလင်းမာန်ဂိုဏ်းရဲ့ ဌာနချုပ်ကို ပြန်မယ်၊ ဂိုဏ်းသား အားလုံးကို အစ်ကိုတို့ရဲ့ မင်္ဂလာပွဲကို ကြေညာလိုက်မယ်၊ နောက်ပြီး ချက်ချင်းလိုလိုပဲ မင်္ဂလာပွဲ ကျင်းပမယ်၊ မင်းရဲ့ ဝမ်းထဲမှာ လွယ်ထားတဲ့ကလေးဟာ အစ်ကို့ရဲ့ကလေးပဲလို့ သဘောထားမယ်၊ မင်းရဲ့ ဂုဏ်သိက္ခာကို လုံးဝ မညစ်နွမ်းအောင် ကာကွယ်စောင့်ရှောက်ပေးမယ်၊ ကဲ...ဘာများ စိတ်ညစ်စရာ ရှိသေးလဲ'

ချူကျူးကမူ သူမ၏ခေါင်းကို ငုံ့မြဲငုံ့ထားရာမှ ပြောလိုက်လေသည်။

'အစ်ကိုက ကျွန်မကို စိတ်ချမ်းသာအောင် ပြောနေတာပါ၊ ကျွန်မက အပျိုစင်မှ မဟုတ်တော့တာ၊ ဂိုဏ်းချုပ်ကြီးဇနီး ဘယ်ဖြစ်ထိုက်တော့မလဲ'



'ချူကျူး... မင်းဟာ အစ်ကို့ကို အထင်သေးလှချည်လား၊ ကျုန်းဟူကျင်းဆိုတဲ့ကောင်ဟာ ဒီလောက် စိတ်သဘောထားသေးသိမ်ကျဉ်းမြောင်းတဲ့ကောင် မဟုတ်ပါဘူး'

'အစ်ကိုဟူကျင်း ကျွန်မအပေါ် ဒီလောက် ကောင်းနိုင်တယ်နော်၊ ကျွန်မကို စိတ်ချမ်းသာအောင် ပြောနေတာလားဟင်'

ဟူကျင်းသည် ချူကျူးကို ကြင်နာစွာကြည့်ပြီး ပြောလိုက်သည်။

'ချူကျူး...မင်းအပေါ်မှာ အစ်ကို ဘယ်လောက် ကောင်းတယ်၊ ဘယ်လောက် ကြင်နာတယ်ဆိုတာ မင်း နောက်တော့ တဖြည်းဖြည်း သိလာမှာပါ၊ အခုထက်ထိ အစ်ကို့ အနေနဲ့ မင်း အပေါ်မှာ တစ်ကွက်မှ ကောင်းကောင်း မဆက်ဆံခဲ့ရသေးပါဘူး'

ချူကျူးသည် ဟူကျင်း၏ရင်ခွင်တွင်းသို့ တိုးဝင်ကာ ရှိုက်ကြီးတငင် ငိုကြွေးပြန်တော့သည်။ အတန်ကြာမှ ဟူကျင်းအား ပြောလိုက်သည်။

'အစ်ကို ဟူကျင်း... ကျွန်မဝမ်းနဲ့ လွယ်ထားရတဲ့ ကလေးကို ဆေးနဲ့ ဖျက်ချပေးပါလားဟင်'

ဟူကျင်းသည် ထိတ်လန့်သွားသော မျက်နှာဖြင့် ကပျာကယာ တားဆီးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ... ဒီလိုလုပ်လို့ ဘယ်ဖြစ်မှာလဲ၊ ကလေးဖျက်ချတယ်ဆိုတဲ့အလုပ်ဟာ ကောင်းတဲ့အလုပ် မဟုတ်ဘူး၊ မိခင်ရဲ့ ခန္ဓာကိုယ်ကိုလည်း သိပ်ထိခိုက်တာ၊ မလုပ်ပါနဲ့'

ဟူကျင်းသည် ထိုသို့ တားမြစ်ရင်းမှ ချူကျူး သူတောင်းစားဂိုဏ်း၌ အဖမ်းခံရပုံကို ပြန်စဉ်းစားလိုက်မိသည်။

'အင်း... သူ၊ သူတောင်းစားဂိုဏ်းမှာ အဖမ်းခံရတာ တစ်လတောင် မရှိသေးဘူး၊ သူ့မှာ ကိုယ်ဝန်ရှိနေတာကို သူ ဘယ်လိုလုပ်သိနိုင်မှာလဲ၊ တကယ်တမ်းတော့ သူ့မှာ ကိုယ်ဝန် ရှိမှာ မဟုတ်ဘူး၊ ငါ့စိတ်ကို စမ်းချင်လို့ ဒီလိုပြောတာပဲ ဖြစ်မယ်'

ဟူကျင်းသည် ချူကျူးလက်ကို ဖမ်းကိုင်လိုက်သည်။ သူမ၏ လက်ကောက်ဝတ်မှ သွေးကြောခုန်နှုန်းကို စမ်းကြည့်လိုက်သောအခါ ကိုယ်ဝန်ဆောင်သော လက္ခဏာ လုံးဝ မရှိကြောင်း တွေ့လိုက်ရတော့၏။ သို့သော် မိန်းကလေး၏ သဘာဝ ဓမ္မတာများနှင့် ပတ်သက်၍ အတင်းအကျပ်မေးရန် မသင့်လျော်မှန်း သိသဖြင့် မသိဟန်သာ ဆောင်နေလိုက်တော့သည်။

ချူကျူးကမူ နှမ်းနယ်ပန်းလျှသော မျက်နှာကလေးဖြင့် ဟူကျင်း၏ ရင်ခွင်တွင်းဝယ် မှီ၍ အနားယူနေတော့သည်။

✦ ✧ ✦ ✧ ✦





နောက်တစ်နေ့တွင် ဟူကျင်းသည် ဖန်ဟိုဆန့်နှင့် တွေ့ဆုံသည်။ ဖန်ဟိုဆန့်ကလည်း ဂိုဏ်းချုပ်ကြီးသူ့အား တစ်စုံတစ်ခု တာဝန်ပေးမည်ကို ရိပ်မိသဖြင့် အမိန့်ကို နာခံနေသည်။

ကျန်းဟူကျင်းက ဖန်ဟိုဆန့်အား နေပြည်တော်၌ သုံးရက်ဆက်လက် နေထိုင်ပြီး သူ၏ မွေးစားအဖေကြီးရှက်စွန်း၏ သတင်းကို စုံစမ်းထောက်လှမ်းရန် တာဝန် ပေးလိုက်သည်။ သူ့အနေဖြင့်မူ ချူကျူးနှင့်ဝေလင်းတို့အား ခေါ်ဆောင်ကာ တရုတ်ပြည်တောင်ပိုင်းသို့ သက်ဆင်းကြသည်။ သူတို့ ဦးတည်သွားနေကြသော နေရာကား အလင်းမာန်ဂိုဏ်း၏ ဌာနချုပ်ပင်တည်း။

သူတို့ အနေဖြင့် ဆန်ကုန်းနယ်သို့ ရောက်သောအခါ မွန်ဂိုတပ်များ ဖရိုဖရဲဖြင့် တပ်ပျက်ကာ အတွဲကွဲအပြားပြား ထွက်ပြေးနေကြသည်ကို တွေ့ရှိရတော့သည်။

ဟူကျင်းသည် နယ်မြေသတင်းများကို ထောက်လှမ်းစုံစမ်းလိုက်သောအခါ ဝေလင်း၏အဖေ ဝေဆန်းက မွန်ဂိုနှင့် တိုက်နေသည့် တော်လှန်ရေးတိုက်ပွဲကြီးများတွင် တစ်ပွဲပြီးတစ်ပွဲ အောင်မြင်နေကြောင်း ကြားသိရသည်။ မွန်ဂိုတပ်များမှာမူ ပွဲတိုင်းလိုလို ရှုံးနိမ့်သော ပွဲများနှင့် ရင်ဆိုင်နေရသဖြင့် နောက်သို့တစ်ဆုတ်တည်း ဆုတ်နေရသည့် သတင်းကိုလည်း ကြားသိရပြန်သည်။ ဟူကျင်းတို့သည် ထိုသတင်းများကို ကြားသိလိုက်ရသောအခါ အလွန်ပင် ပီတိဖြစ် ဝမ်းမြောက်မိကြတော့သည်။ မိမိတို့ ကိုးကွယ်ပူဇော်လိုက်သော

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးသစ်ပင်ကြီးမှ အောင်မြင်မှုတည်းဟူသော အသီးအပွင့်များ သီးပွင့် နေကြပြီ မဟုတ်ပါလား။

သူတို့သည် ရွှင်လန်းတက်ကြွသော စိတ်ဓာတ်များဖြင့် ခရီးပြင်းနှင်လိုက်သောအခါ လူ့ရွှင်နယ်သို့ ရောက်ရှိလာကြတော့သည်။

ထိုနယ်သည်လည်း အလင်းမာန်ဂိုဏ်းက မှန်ကိုတို့အား အပြင်းအထန် တော်လှန် တိုက်ခိုက်နေသည့် တော်လှန်ရေးနယ်ပယ်ပင် ဖြစ်ပေသည်။

တော်လှန်ရေးတပ်သားထဲမှ အချို့တပ်သားများသည် ဝေလင်းမှာ သူတို့ စစ်သေနာပတိချုပ်ကြီး ဝေဆန်း၏သားမှန်း သိကြသဖြင့် စစ်သေနာပတိချုပ်ကြီး ဝေဆန်းကို သွားရောက် သတင်းပို့ကြတော့သည်။

ထို့ကြောင့် ဟူကျင်းတို့ သုံးယောက် ယောင်ကျူးနယ်မြေသို့ ရောက်ရှိသောအခါ ဟူကျင်းတို့ မျှော်လင့်မထားသော အဖြစ်များကို တွေ့ရတော့သည်။

စစ်သေနာပတိချုပ်ကြီး ဝေဆန်းသည် သူ၏ ဗိုလ်ချုပ်များဖြစ်ကြသော ကျူးဂါင်ကျန်း၊ ရှိလောနှင့် ချန်ရှီ စသူများကို ချက်ချင်း ဆင့်ခေါ်လိုက်ပြီး ဂိုဏ်းချုပ်ကြီးကျန်းဟူကျင်းအား လှိုက်လှဲ ဝမ်းမြောက်စွာ ကြိုဆိုနေကြသည်ကို ဟူကျင်းတို့ တွေ့ကြရတော့သည်။



တော်လှန်ရေးဗိုလ်ချုပ်အားလုံးသည့် ဂိုဏ်းချုပ်ကြီးနှင့် ယခုကဲ့သို့ ပြန်လည်တွေ့ဆုံရခြင်းကို အတိုင်းမသိ အားရဝမ်းသာ ဖြစ်နေကြသည်။

စစ်သေနာပတိချုပ်ကြီး ဝေဆန်းကိုယ်တိုင်ပင် ဂုဏ်ပြု စားသောက်ပွဲကြီးတစ်ခုကို ကျင်းပပြီး ဟူကျင်းတို့အား ကြိုဆိုဧည့်ခံကြသည်။ သူတို့၏ တော်လှန်ရေးစစ်တပ်များသည် စစ်သီချင်း စစ်ရေးသံများ တီးမှုတ်လျက် ဟူကျင်းတို့အား ဝန်းရံ ကြိုဆိုကာ စစ်နယ်မြေအတွင်းရှိ ဌာနချုပ်သို့ ခေါ်ဆောင်လာကြသည်။

သူတို့၏ ကြိုဆိုပုံ အခမ်းအနားသည် အလွန်ပင် အုံချီးဖွယ်ရာ ကြိုဆိုပုံ အခမ်းအနားပင် ဖြစ်တော့သည်။ ကြီးကျယ်ခမ်းနားလွန်းလှသဖြင့် တွေ့မြင်ရသူတိုင်း ရင်သပ်ရှုမော ဖြစ်ကြရသည်။

ဘုရင်တစ်ပါးအား ကြိုဆိုပင့်ဆောင်လာသည့် သဏ္ဌာန်နှင့် တူလှပေတော့၏။ မြို့တွင်းသို့ ရောက်ရှိလာသောအခါ အခြားခြားသော ဗိုလ်ချုပ်များ၊ ဗိုလ်မှူးများနှင့် စစ်ဗိုလ်အရာရှိအားလုံးက ဟူကျင်းအား လာရောက် တွေ့ဆုံနှုတ်ဆက်ကာ အရိုအသေပေးလာသည်။

တော်လှန်ရေးစစ်တပ်များ၏ ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းကို ကြိုဆိုပုံကား အကြီးကျယ်ဆုံး၊ အခမ်းနားဆုံးသော တုနှိုင်းမဲ့ ဂုဏ်ပြုကြိုဆိုမှုကြီးပင် ဖြစ်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ထိုမြို့တွင် လေးရက်ခန့် နေလိုက်၏။ ထိုသတင်းကို ကြားသိလိုက်ကြသော အလင်းမာန်ဂိုဏ်းကြီး၏ ဝါစဉ်ကြီး သိုင်းသမားများ ဖြစ်ကြသော လက်ဝဲရံ ရန်ရှောင်၊ လက်ယာရံ ခူတို၊ သိမ်းငှက်မင်း ချင်ထင်းကျုက်နှင့် ချန်ရယ်ဝမ်၊ သံခမောက် စောပုတက်၊ ချူထင်းနှင့် လင်းဆွဲမင်း ဝေရိတို့သည် ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်း ရှိရာ မြို့သို့ တဖွဲဖွဲ ရောက်ရှိလာတော့သည်။

ထိုသူအားလုံးကို ဟူကျင်း မေးမြန်းသော မေးခွန်းများမှာ တစ်ခုတည်းသော မေးခွန်းသာ ဖြစ်တော့သည်။ သူ၏ မွေးစားဖခင်ကြီးရှက်စွန်း၏ သတင်းကို စုံစမ်းထောက်လှမ်း၍ ရမရ ဟူသော မေးခွန်းပင်တည်း။

ဂိုဏ်းသားအားလုံးကလည်း ရှက်စွန်း၏ သတင်းကို လုံးဝ မကြားရကြောင်း ဖြေကြားကြသည်။

ထိုအခါ ဟူကျင်းသည် အလံငါးဖွဲ့အား ချက်ချင်း ဆင့်ခေါ်လိုက်သည်။

အလံငါးဖွဲ့စလုံးကို နယ်အသီးသီး၌ ရှက်စွန်း၏ သတင်းကို စုံစမ်းထောက်လှမ်းရန် တာဝန်အသီးသီး ခွဲဝေ အမိန့်ချလိုက်သည်။

အလင်းမာန်ဂိုဏ်းကြီး၏ တော်လှန်ရေး စစ်တပ်ကြီးမှာ အောင်ပွဲများအလီလီခံခဲ့ကြသည်မှာ မှန်၏။ ထိုအောင်ပွဲများကို လွယ်လွယ်ကူကူ ရခဲ့ကြသည် မဟုတ်ပေ။



အလင်းမာန်ဂိုဏ်းသား တော်လှန်ရေး သူရဲကောင်းများ၏ အသက်၊ သွေး၊ ချွေး၊ များစွာဖြင့် စတေးကာ ထိုအောင်ပွဲများကို ရယူခဲ့ရခြင်း ဖြစ်ပေသည်။

ထို့ကြောင့် တော်လှန်ရေးတပ်သားထဲ၌လည်း အကျအဆုံး များစွာ ရှိခဲ့ရသည်။ သူတို့၏ စစ်တပ်အင်အားကို ပြန်လည် ဖြည့်ဆည်းရန်နှင့် သိမ်းပိုက်ထားသော နယ်မြေများကို ဆက်လက် ထိန်းသိမ်းထားနိုင်ရန် အစီအစဉ်များ ချမှတ်ကြရတော့သည်။

ဖန်ဟိုဆန့်သည် ဟူကျင်းနှင့် ချူကျူးတို့၏ ပြဿနာကို သိထားသူ ဖြစ်၍ ရန်ရှောင်တို့အား ဖွင့်ဟ အသိပေးလိုက်သည်။ ထိုအခါ ဝါစဉ်ကြီး သိုင်းသမားအားလုံးတို့သည် ဟူကျင်းနှင့် ချူကျူးတို့ကို အမြန်ဆုံးလက်ထပ်ရန် တိုက်တွန်းကြတော့၏။

သုံးလ ဆယ်ရက်နေ့သို့ ရောက်သောအခါ ဝါမေဂိုဏ်းမှ သတို့သမီး မင်္ဂလာလက်ဖွဲ့ ပစ္စည်းများကို သယ်ဆောင်လာကြတော့၏။

ဤသို့ဖြင့် မင်္ဂလာရက်မြတ် ဖြစ်သည့် သုံးလ၊ ဆယ့်ငါးရက်နေ့သို့ ရောက်ရှိလာခဲ့ချေပြီတည်း။

သစ်လွင်တောက်ပြောင်သော အဝတ်အစားဖြင့် ပွဲအများသည် ဖျားပန်းချွတ်မှု လုပ်ရှားနေကြပေပြီ။ သူတို့ဂိုဏ်းချုပ်ကြီး မင်္ဂလာလက်ထပ်ပွဲသို့ တက်ရောက်လာကြခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမြှောက်အမြင့်ရှိလှသော...ရန်ရောင်သည် ဂိုဏ်းသားများကို လျှို့ဝှက်တာဝန်များ ခွဲဝေ အပ်နှင်းကာ မင်္ဂလာပွဲ၏ လေးဘက် လေးတန်မှ အစောင့်များ ချထားလိုက်တော့သည်။ ရန်သူများ ရုတ်တရက် နှောင့်ယှက်မည့် အန္တရာယ်ကို ကြိုတင်ကာကွယ်လိုက် ခြင်းပင် ဖြစ်တော့သည်။

ထိုနည်းတူ တော်လှန်ရေးတပ်သားများကလည်း မြို့ပြင် တွင် တပ်အထပ်ထပ် ချလျက် မြို့တွင်းမှ မင်္ဂလာပွဲအတွက် ကာကွယ် စောင့်ရှောက်ထားလိုက်၏။

နံနက်ပိုင်းတွင် ရှောင်လင်ဂိုဏ်း၊ ဝါဆန်းဂိုဏ်းတို့က မင်္ဂလာလက်ဖွဲ့ပစ္စည်း လာရောက်ပေးအပ်ကြသည်။ နောက်ဆုံး မင်္ဂလာအချိန်သို့ ကျရောက်သောအခါ ဗျောက်အိုးများ ဆူညံစွာ ဖောက်ကြတော့သည်။

ထိုစဉ် ချင်လီရှန်နှင့် ဝေလင်းက သတို့သား ဟူကျင်းကို ခြံရံ၍ ထွက်လာကြသည်။ ဝါမေဂိုဏ်းမှ အမျိုးသမီးရှစ်ယောက် ကလည်း ချူကျူးကို ခြံရံကာ လျှောက်ထွက်လာကြသည်။ သတို့ သားနှင့်သတို့သမီး နှစ်ယောက်တို့သည် ပခုံးချင်းယှဉ်ရပ်နေရာမှ ဒူးထောက်ထိုင်လိုက်ကြသည်။

သူတို့ရှေ့ရှိ ကြည်ညိုဖွယ်ရာ ဘုရားစင်ကို ရှိခိုးဦးချရန် ဟန်ပြင်လိုက်စဉ်မှာပင် အခန်းအပြင်မှ မိန်းကလေးတစ်ယောက်၏ အသံတစ်သံ စူးရှစွာ ထွက်ပေါ်လာတော့သည်။



'ခဏ နေကြဦး'

ကျောက်မိန် ရောက်ရှိလာခြင်းပေတကား။

မင်္ဂလာပွဲရှိ လူအားလုံးသည် ကျောက်မိန်ကို တွေ့လိုက်ရ သောအခါ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြတော့သည်။ အဘယ်ကြောင့် ဤမျှ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြရသနည်း။ ထိုသူများထဲတွင် ကျောက်မိန်၏ လက်ချက်ကို ခံလိုက်ရသူများ များစွာ ပါဝင်နေ ပေသည်။

ထို့ကြောင့် မိမိတို့၏ ပိုင်နက်အတွင်း ကျောက်မိန် ရောက်ရှိ လာသည်ကို တွေ့လိုက်ရသောအခါ အချို့က မိမိတို့၏ ကိစ္စကို ပြန်လည်ပေးချေရန်အတွက် တိုက်ခိုက်ရန် ပြင်ဆင်လိုက်ကြသည်။ ရန်ရောင်က အော်ဟစ်ပြီး လှမ်းတားလိုက်သည်။

'ဒီနေ့ဟာ ကျုပ်တို့ ဂိုဏ်းချုပ်ကြီးနဲ့ ဝါမေဂိုဏ်းချုပ်ကြီးရဲ့ မင်္ဂလာလက်ထပ်နေ့ ဖြစ်ပါတယ်၊ အခုလိုနေ့မှာ ကျောက်မိန် တက်ရောက်လာတဲ့အတွက် ကျောက်မိန်ဟာ ကျုပ်တို့ရဲ့ ဧည့်သည် တော်ပါပဲ၊ ဒါကြောင့် ကျောက်မိန်အပေါ် မကျေမချမ်း ဖြစ်နေကြတဲ့ နောင်တော်ကြီးတွေ အားလုံးကို ကျုပ်အနေနဲ့ တောင်းပန်ချင်တာက ကျုပ်တို့ဂိုဏ်းနဲ့ ဝါမေဂိုဏ်း မျက်နှာကို ထောက်ထားပြီး အတိတ်က ပြဿနာကို ခေတ္တခဏ မေ့ပျောက်ထားကြပါလို့ မင်္ဂလာရပ်ခံချင်တာ

www.burmeseclassic.com



ပါပဲ၊ ကျောက်မိန်ကို ဘာမှ မလုပ်ကြဖို့ ကျုပ်အနေနဲ့ အနူးအညွတ် တောင်းပန်ပါတယ်'

ရန်ရောင်သည် စကားပြောနေရင်း စောပုတက်နှင့် ဖန်ဟို ဆန်တို့ကို မျက်ရိပ်ပြလိုက်သည်။ သူတို့နှစ်ယောက်ကလည်း ကောင်းစွာ သဘောပေါက်ကြသည်။ လူများကြားထဲမှ လူစ်ခနဲ ပျောက်ကွယ်သွားတော့သည်။ သူတို့ ပျောက်ကွယ်သွားရခြင်းမှာ အကြောင်းရှိပေသည်။ ကျောက်မိန်သည် သူ၏ လက်အောက်မှ သိုင်းသမားများကို ခေါ်လာ မလာ အပြင်ထွက်၍ စုံစမ်းကြခြင်းပင် ဖြစ်တော့သည်။

ရန်ရောင်ကမူ ပျူငှာစွာဖြင့်ပင်...

'ကျောက်မိန်... အခုလို လာရောက် ချီးမြှင့်တာကို ကျုပ်တို့ ဂိုဏ်းကြီး အနေနဲ့ သိပ်ပြီး ကျေးဇူးတင် ဝမ်းမြောက်ပါတယ်၊ ဒီမှာ ကျေးဇူးပြုပြီး ထိုင်ပါ၊ မင်္ဂလာပွဲ ကျင်းပပြီးတာနဲ့ စားပွဲသောက်ပွဲကြီး စတော့မှာပါ'

ကျောက်မိန်က ပြုံး၍ ပြောလိုက်သည်။

'ဟင့်အင်း...ကျွန်မ မထိုင်တော့ဘူး၊ ကျွန်မ ရှင်တို့ရဲ့ ဂိုဏ်းချုပ်ကြီးနဲ့ စကားပြောမလို့ လာတာပါ၊ စကားပြောပြီးတာနဲ့ ကျွန်မ ပြန်ထွက်သွားမှာပါ'



ရန်ရောင်က ပြေလည်စွာ ပြောလိုက်သည်။

'ဟာ... ပြောလို့ ရပါတယ်၊ ပြောနိုင်ပါတယ်၊ ကျုပ်တို့ အနေနဲ့ကလဲ တားမြစ်စရာ အကြောင်းမရှိပါဘူး၊ မင်္ဂလာပွဲကလည်း အခု ခဏလေးတင် ပြီးတော့မှာပါ၊ မင်္ဂလာပွဲပြီးတာနဲ့ ပြောချင်တာ ပြောနိုင်ပါတယ်'

ကျောက်မိန်က...

'အဲဒီလိုဆိုရင်တော့ အချိန်သိပ်နှောင်းသွားလိမ့်မယ်'

ရန်ရောင်သည် ခုတိုကို တစ်ချက်လှမ်းကြည့်လိုက်သည်။ သူတို့အားလုံး သိရှိထားကြသည့် အချက်တစ်ချက်ရှိကြသည်။ ကျောက်မိန်သည် မင်္ဂလာပွဲကို ဖျက်ရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း ကိုပင်တည်း။ သူတို့အနေနှင့် မည်သည့်နည်းနှင့်မဆို ကျောက်မိန်ကို တားမြစ်ကြရပေတော့မည်။

ရန်ရောင်သည် မူလနေရာမှ ရှေ့သို့ နှစ်လှမ်းမျှ တက်ရင်း ပြောလိုက်သည်။

'ကျုပ်တို့ကတော့ အတတ်နိုင်ဆုံး အိမ်ရှင်တွေရဲ့ ဝတ္တရားကို ကျေပွန်အောင် ကြိုးစား ဆောင်ရွက် နေကြပါတယ်၊ ဒီတော့ မိန်းကလေးကလဲ ဧည့်သည် ဝတ္တရား ကျေပွန်အောင်တော့ လုပ်ရပါ လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ကျောက်မိန်ကသာ တစ်စုံတစ်ခု လုပ်မည်ဆိုလျှင် ရန်ရောင့် အနေဖြင့် ကျောက်မိန်၏ အကြောများကို ထိုးပိတ်လိုက်ရန် ဆုံးဖြတ်ထားပြီး ဖြစ်ပေသည်။

ကျောက်မိန်သည် အလွန် အကင်းပါးသော မိန်းကလေးတစ်ယောက်ဖြစ်ရာ ဖြစ်ပေါ်လာမည့် အခြေအနေများကို ကောင်းစွာသုံးသပ်မိပေသည်။

ထို့ကြောင့် လက်ယာရံ ခူတိုဘက်သို့ လှည့်၍ ပြောလိုက်လေသည်။

'ဦးလေးခူတို... သူများတစ်တွေ ကျွန်မကို တိုက်ခိုက်တော့မယ်၊ ဦးလေးခူတို ကျွန်မဘက်က ကူမလား'

ခူတိုသည် မျက်မှောင်ကုတ်ရင်း ပြောလိုက်သည်။

'မင်းသမီး... လောကမှာ ကိုယ်ဖြစ်ချင်သလို မဖြစ်နိုင်တဲ့ ကိစ္စတွေ အများကြီးရှိပါတယ်၊ ပါတယ်၊ ဒီလိုမဖြစ်နိုင်တဲ့ ကိစ္စတွေကို အတင်းအကျပ်လုပ်လို့ မရပါဘူး၊ ဒါကြောင့်မို့ မင်းသမီးအနေနဲ့ စိတ်ဆန္ဒအတိုင်း လုပ်သင့် မလုပ်သင့်ဆိုတာကို ချင့်ချိန်စဉ်းစားဖို့တော့ လိုပါတယ်'

ကျောက်မိန်ကမူ ခိုးခိုးခစ်ခစ်ဖြင့် ရယ်လိုက်သည်။



'ဟင့်အင်း ဦးလေးခူတို ပြောသလိုတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ကျွန်မကတော့ အတင်းအကျပ် လုပ်ရမှာပဲ'

ကျောက်မိန်သည် ပြောပြောဆိုဆိုဖြင့် ဟူကျင်းဘက်သို့ လှည့်လိုက်သည်။ သူမ၏ လေသံကလည်း တင်းမာ ခက်ထန်လှပေသည်။

'ကျွန်းဟူကျင်း ရှင်ဟာ အလင်းမာန်ဂိုဏ်းကြီးရဲ့ ဂိုဏ်းချုပ်ကြီး တစ်ယောက်ပဲ၊ ရှင် ပြောတဲ့စကားကို ရှင် တာဝန်ယူတယ် မဟုတ်လား'

ဟူကျင်းသည်ကျောက်မိန် ရောက်လာကတည်းက ရင်တထိတ်ထိတ် ဖြစ်နေရသည်။

ရန်ရောင်အနေဖြင့် ကျောက်မိန်ကို ချော့ချော့မော့မော့ဖြင့် ပြန်သွားအောင် လုပ်နိုင်ပါစေဟု ကြိတ်၍ဆုတောင်း နေမိပေသည်။ ယခုမှ သူ၏ဆုတောင်း မပြည့်တော့ပေ။ ကျောက်မိန်သည် သူ့ဘက်သို့ လှည့်လာပေပြီ။

ကျောက်မိန်၏ မေးခွန်းကို ဤဗိုလ်ပုံထုကြီး အလယ်တွင် မဖြေဘဲ နေ၍ဖြစ်နိုင်သည် မဟုတ်။ ထို့ကြောင့် မတတ်သာတော့သည့် အဆုံး...

'ကျုပ်ပြောတဲ့ စကားကို ကျုပ် တာဝန်ယူပါတယ်'ဟု ပြောလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မိန်က ဆက်ပြောသည်။

'ဟိုး တစ်ချိန်တုန်းက ကျွန်မက ရှင့် ဦးလေး ချင်လိရှန်ကို အယ်လိုက်တုန်းက ရှင်က ကျွန်မကိုကိစ္စ သုံးခုဆောင်ရွက်ပေးမယ် လို့ ကျွန်မကို ကတိပေးထားတာ သတိရတယ် မဟုတ်လား'

'ဟုတ်ပါတယ် ကျုပ်ကတိပေးခဲ့ပါတယ်၊ မင်းက နဂါးနိုင် ဓားကို စထောက်ကြည့်ချင်တယ် ဆိုလို့ ကျုပ်က မင်းကို ပြတယ်၊ ကြည့်ရုံ ကြည့်မယ် လို့ ကတိပေးထားတဲ့ မင်းက နဂါးနိုင်ဓားကိုတောင် ခိုးယူ ထွက်ပြေးသွားတယ် မဟုတ်လား'

'ဟင့်အင်း... ရှင် စွပ်စွဲနေတာ မှန်တယ်လို့ ကျွန်မ ဝန်မခံ နိုင် ဘူး၊ နဂါးနိုင်ဓား ဘယ်မှာ ရှိတယ် ဆိုတာကို ဘကြီး ရှက်စွန်း တစ်ယောက်ပဲ သိတယ်၊ ရှင် မကျေနပ်ရင် သူ့ကို မေးကြည့်ပေါ့'

ကျုပ် ဘယ်လို မေးနိုင်မှာလဲ၊ ကျုပ်အဖေကြီး ဘယ်မှာ ရှိတယ်ဆိုတာ ကျုပ်မှမသိတာ၊ ကျုပ်အဖေကြီး အခု ဘယ်မှာ ရှိတယ်ဆိုတာ မင်း သိရင် ပြောပြပါလား'

ကျောက်မိန်သည် 'ဟက်'ခနဲ သရော်ရယ်ကလေး ရယ် လိုက်သည်။

'ကျွန်မက ရှင့်ကို ကိစ္စသုံးခု ဆောင်ရွက်ပေးဖို့ ပြောခဲ့တယ်၊ ပထမ တစ်ခုတော့ ပြီးသွားပြီ၊ အခု ဒုတိယ အလုပ်တစ်ခုကို ကျွန်မ ခိုင်းမယ်၊ ရှင်သာ ရှင့် ကတိကို မဖျက်ပါနဲ့'



ဟူကျင်းသည် စိုးရိမ်ကြောင့်ကြစွာဖြင့် မေးလိုက်သည်။

'ဘာကိစ္စလဲ'

ရန်ရောင်က ရုတ်တရက် ဝင်ပြောလိုက်သည်။

'ကျောက်မိန်...မိန်းကလေး အနေနဲ့ ကျုပ်တို့ရဲ့ ဂိုဏ်းချုပ် ကြီးကို ဘာအလုပ်ပဲ ခိုင်းခိုင်း မင်္ဂလာကျင်းပပြီးတဲ့အခါမှာ ခိုင်းလဲ ရပါတယ်၊ အခုလို မင်္ဂလာပွဲ မပြီးသေးခင် ကလေးမှာတော့ မနှောင့် ယှက်ပါနဲ့လို့ ကျုပ် တောင်းပန်ပါတယ်"

ရန်ရောင်၏ လေသံသည် စောစောက ပြောသော လေသံ နှင့် များစွာ ကွာခြားလှပေသည်။ စောစောက လေသံသည် နူးညံ့ ပျော့ပျောင်းသလောက် ယခု လေသံသည်မူ မာကျော ခက်ထန် လှပေသည်။

ကျောက်မိန်ကမူ လုံးဝ အမူအရာ မပျက်ပေ။ သူမသည် ဟူကျင်းနားသို့ လျှောက်လာပြီး လေသံတိုးတိုးဖြင့် ပြောချလိုက် သည်။

'ဒုတိယကိစ္စကတော့ ဒီနေ့ ရှင် ချူကျူးနဲ့ လက်မထပ်ရဘူး'

ဟူကျင်းသည် သူ၏နားကိုပင် မယုံနိုင်အောင် ဖြစ်သွား မိသည်။ ကျောက်မိန်၏စကားများကို သူ ကြားလိုက်ရသော်လည်း ဤ အဓိပ္ပါယ်အတိုင်း ဟုတ်မှ ဟုတ်ရဲ့လားဟု ဖြေသိမ့် တွေးနေ လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးများသည် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း တွေးမိလိုက်သော အတွေးများသာ ဖြစ်ပေသည်။ သူ့နှုတ်မှမူ ကျော်ကမ်မိန်၏ စကားကြောင့် 'ဟင်' ဟု တစ်လုံးတည်းသော စကားသံသာ ထွက်သွားခဲ့ ရတော့သည်။

ကျော်ကမ်မိန်ကမူ အေးအေးဆေးဆေးပင်...

'အဲဒါက ဒုတိယကိစ္စပဲ၊ တတိယ ကိစ္စကတော့ ကျွန်မ စဉ်းစားပြီးမှ ထပ်ပြောမယ်'

ကျော်ကမ်မိန်၏ စကားသံမှာ တိုးတိုးညင်းညင်းကလေးသာ ဖြစ်သော်လည်း ချူကျူး၊ ချို့ရှင်ချောင်းနှင့် ချင်လိရှန်တို့ အားလုံး ကောင်းစွာ ကြားလိုက်ကြရသည်။

ထို့ကြောင့် အားလုံး မျက်စိမျက်နှာ ပျက်သွားကြတော့သည်။ ဟွာကျင်းကမူ စိတ်ပျက်စွာဖြင့် ခေါင်းတယမ်းယမ်း လုပ်နေမိတော့သည်။

'ဒီကိစ္စကတော့ ကျုပ်အနေနဲ့ ဘယ်နည်းနဲ့မှ မဆောင်ရွက်နိုင်ဘူး၊ ကျုပ်အလေးအနက် ထပ်ပြောမယ်၊ ကျုပ် ဘယ်နည်းနဲ့မှ ဆောင်ရွက် မပေးနိုင်ဘူး၊ ရှင်းရဲ့လား'

'ဘာလဲ ရှင်က ရှင့် ကတိကို ဖျက်တယ်ပေါ့'



'ဟင့်အင်း... ဒါ ကတိ ဖျက်တာ မဟုတ်ဘူး၊ မင်းကို ကျုပ်ကတိ ပေးတုန်းက ကျုပ် လုပ်ရမယ့် အလုပ်ဟာ သစ္စာတရားကို မထိခိုက်ရဘူးလို့ ကန့်သတ်ချက် စည်းကမ်းထားခဲ့တယ် မဟုတ်လား၊ အခု မင်း ခိုင်းတဲ့ကိစ္စက ကျုပ်ပေးခဲ့တဲ့ စည်းကမ်းချက်နဲ့ မညီဘူး၊ ဒီတော့ ဒီကိစ္စကို ကျုပ်အနေနဲ့ ဘယ်နည်းနဲ့မှ မဆောင်ရွက်နိုင်ဘူး'

ကျော်ကမ်မိန်၏ လေသံသည် ဒေါသသံဖြင့် မြင့်တက်လာတော့သည်။

'ရှင်... တကယ် မလုပ်ဘူးပေါ့'

ဟွာကျင်းသည် သူ၏ နဂိုဗီဇအရ စိတ်ထား အလွန် နူးညံ့ပျော့ပျောင်းသူ ဖြစ်ပေသည်။

ကျော်ကမ်မိန်သည် ကြီးမားသော ဂုဏ်ဒြပ်များဖြင့် ပြည့်စုံသော မင်းသမီး တစ်ပါးဖြစ်ပါလျက်နှင့် ဤမျှ ကြီးမား များပြားသည့် ဧိုလ်ပါထု အလယ်တွင် မိမိကို ချူကျူးနှင့် လက်မထပ်ရန် အောက်ကျခံ၊ အရှက်ကွဲခံလျက် လာရောက် ပြောဆိုခြင်းမှာ မိန်းကလေး တစ်ယောက်၏ အဆိုးစွန်သော မေတ္တာတရားဖြစ်ကြောင်း ဟွာကျင်း သိရှိနားလည်သည်။

ထို့ကြောင့် သူ၏ လေသံသည် တင်းမာသောထန်မှု လုံးဝ မရှိဘဲ ပျော့ပျောင်း နွမ်းနယ်လုစွာဖြင့် တောင်းပန်မိတော့သည်။

www.burmeseclassic.com



'ကျောက်မိန်... ကျုပ်ကို အရေးမစိုက်ပါနဲ့တော့၊ မေ့ပစ်လိုက်ပါတော့'

ကျောက်မိန်၏ မျက်နှာသည် ရုတ်ခြည်း တင်းမာသွားသည်။

'ဩော်... ရှင်က မဖြစ်နိုင်ဘူးပေါ့ ဟုတ်လား၊ ကဲ... ကောင်းပြီ၊ ဟောဒါ ဘာလဲ၊ ကြည့်စမ်း'

သူမသည် သူမ၏ ညာလက်ဝါးကို ဟူကျင်း မြင်အောင် ရုတ်တရက် ဖြန့်ပြလိုက်သည်။ ချက်ချင်းပင် သူ၏ လက်များကို ပြန်ဆုပ်လိုက်သည်။ သူ့လက်တွင်းမှ ပစ္စည်းများကို သူ့ ရင်ခွင်ထဲသို့ ပျှင်မြန်စွာ ထိုးထည့်လိုက်တော့၏။

ကျောက်မိန်၏ လက်တွင်းမှ အရာကို မြင်သွားရသော ဟူကျင်းသည် တစ်ကိုယ်လုံး တုန်ယင် လှုပ်ရှားသွားကာ...

'ဒါ...ဒါ...ဒါ'

ကျောက်မိန်သည် ဟူကျင်း၏စကားကို ဆုံးအောင် ပြောခွင့်မပေးတော့။

'ကဲ... ဒုတိယ ကိစ္စကို ဆောင်ရွက်မလား၊ မဆောင်ရွက်ဘူးလား ဆိုတာ ရှင့်သဘောပဲ'





သူမသည် စကားဆုံးသည်နှင့် တံခါးမကြီး ရှိရာသို့ လှည့်ထွက် သွားတော့၏။

★ ☆ ★ ☆ ★

မင်္ဂလာပွဲသို့ တက်ရောက်လာကြသူတိုင်းသည် ကျောက်မိန် ပြလိုက်သည့် အရာဝတ္ထုကြောင့် ဟူကျင်း အလွန် ဖျာယာခတ် စိတ်လှုပ်ရှားသွားကြောင်း တွေ့ရှိလိုက်ကြသည်။ ဟူကျင်းအား ဤမျှ တုန်ယင်သွားစေသော ကျောက်မိန်၏လက်တွင်းမှ အရာကား မည်သည့် အရာဝတ္ထု ဖြစ်ပေလိမ့်မည်နည်း။

မင်္ဂလာပွဲသို့ တက်ရောက်လာသူတိုင်း သိရှိလိုက်ကြပေသည်။ သို့သော် ထိုပစ္စည်းကို ဟူကျင်းမှတပါး မည်သူမျှ မမြင်လိုက်ကြပေ။

ချူကျူးအနေဖြင့် သာမန်အားဖြင့် မြင်နိုင်သော်လည်း ယခုမူ သတို့သမီးဖြစ်နေ၍ ခေါင်းတွင် ဓာခြည်ပုလဲပုဝါများ အုပ်ဆောင်းထားရသဖြင့် မည်သည့် အရာဝတ္ထုပစ္စည်းမှန်း မမြင်လိုက် မသိလိုက်ချေ။

ကျောက်မိန် တစ်စုံတစ်ခု ပြလိုက်ခြင်း ဖြစ်သည်ကိုမူ ကျောက်မိန်၏ စကားအရ သိလိုက်ရခြင်းသာ ဖြစ်တော့သည်။

ဟူကျင်းသည် ကျောက်မိန်အား ကမန်းကတန်း လှမ်း၍ တားမြစ် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျောက်မိန်...ကျောက်မိန်၊ ခဏ နေပါဦး'

ကျောက်မိန်ကမူ နောက်သို့ပင် လှည့်မကြည့်ဘဲ ပြောသွားသည်။

'ရှင်... လိုက်ချင် လိုက်ခဲ့၊ ဒါမှ မဟုတ်ရင်လဲ ဒီမှာဘဲ လက်ထပ်ပြီး နေခဲ့ပေတော့၊ ဒါပေမယ့် ရှင် တစ်သက်လုံး နောင်တရတာမျိုးတော့ မဖြစ်စေနဲ့၊ ဒါက ကျွန်မက စေတနာနဲ့ သတိပေးတာ၊ လုပ်ဖို့ မလုပ်ဖို့ကတော့ ရှင့် တာဝန်ပဲ'

ဟူကျင်းသည် ထပ်မံ အော်ဟစ်ရပြန်တော့သည်။

'ကျောက်မိန်... ရပ်ပါ၊ ခဏလောက် ရပ်လိုက်ပါ'

ကျောက်မိန်ကမူ လုံးဝ မရပ်ဘဲ ဆက်လျှောက် သွားနေတော့သဖြင့် ဟူကျင်းသည် ကမန်းကတန်း ပြေးလိုက်သွားကာ

'ကောင်းပြီ၊ မင်း ပြောတဲ့အတိုင်း ငါ သဘောတူတယ် ဒီနေ့ လက်မထပ်တော့ဘူး'

'ကဲ... ဒီလိုဆိုရင် ကျွန်မနောက်ကို အခုပဲ လိုက်ခဲ့တော့'

ဟူကျင်းသည် နောက်ဘက်သို့ လှည့်၍ ချူကျူးကို ကြည့်လိုက်မိသည်။ ဟူကျင်းအဖို့ စားလည်းရှုံး၊ ဆုပ်လည်းရှုံး ပူသောအခြေသို့ ဆိုက်ရောက် နေရပေပြီ။ ချူကျူးကို ရှင်းပြရန် စိတ်ကူးထားသော်လည်း ရှင်းပြချိန် မရနိုင်လောက်အောင် ဖြစ်နေ



တော့သည်။ အကြောင်းမှာ ကျောက်မိန်သည် အပြင်သို့ ပြေးထွက်သွားပြီး ဖြစ်သောကြောင့်ပင်တည်း။

အခြေအနေသည် အလွန် အရေးကြီးသော အခြေအနေ ဖြစ်သည်။ တစ်ဘက်ကို ဆောင်ရွက်လျှင် တစ်ဘက်မှ ဆုံးရှုံးမှု တစ်ခု ဖြစ်ပေါ်ရပေတော့မည်။ မည်သို့မျှ အချိန်မရတော့သဖြင့် ကျောက် မိန် နောက်သို့ လိုက်သွားရတော့သည်။

ဟူကျင်း တံခါးဝသို့ ရောက်ချိန်တွင် သူ၏ ဘေးမှ အနီရောင် လူရိပ်တစ်ခုသည် ရုတ်တရက် ရိပ်ခနဲ ဖြတ်ကျော်သွားပြီး ကျောက်မိန်ကို ခုန်အုပ်လိုက်တော့၏။ ထိုအနီရောင် အင်္ကျီလက်ရှည်ထဲမှ ဖြူဖွေးသော လက်ငါးချောင်း ဆန့်ထွက်လာပြီး၊ ကျောက်မိန်၏ ဦးခေါင်းကို ထိုးစိုက်လိုက်တော့၏။

ယင်းအကွက်သည် အလွန် လျင်မြန်လှသဖြင့် လျှပ်ပြက်သည်နှင့် နှိုင်းယှဉ်လောက်ပါသည်။ ဤမျှ ကြောက်မက်ဖွယ်ရာ တိုက်ကွက်ဖြင့် တိုက်ခိုက်လိုက်သူမှာ အခြားသူမဟုတ် ချူကျူး ဖြစ်နေသည်။ ထို့ကြောင့် ဟူကျင်းသည် အလွန် စိတ်လှုပ်ရှားသွားမိသည်။

'ဒီအကွက်က တကယ် ကြောက်စရာကောင်းတဲ့ အကွက်ပါလား၊ ချူကျူး အဲစက ဒါတွေ မတတ်ပါဘူး၊ သူ ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



အဆင့် ရှိနေတယ်ဆိုတာ ငါ သိနေတာပဲ၊ ဒီလောက် ပြင်းထန်ရက်စက်တဲ့ အကွက်တွေကို သူ ဘယ်ကများ သင်ယူ တတ်မြောက်ခဲ့တာပါလိမ့်'

ဟူကျင်းသည် ဤကဲ့သို့ တွေးလိုက်ချိန်နှင့် တစ်ပြိုင်တည်းယိုလိုပင် ကျောက်မိန်၏ ဦးခေါင်းခွံကို ထိုးဖောက်လုနီး ဖြစ်နေသောချူကျူး၏ ညာဘက်လက်ကို ရှေ့တစ်လှမ်းကာ တားလိုက်ရလေတော့သည်။

ချူကျူး၏ ဘယ်ဘက်တတောင်သည် ဟူကျင်း၏ ရင်ဝသို့ ဆောင့်လိုက်သည်။ သို့သော် ဟူကျင်း၏ နေစကြာ အတွင်းအားက ခုခံကာကွယ်လိုက်သဖြင့် မည်သို့မျှ ဖြစ်မသွားချေ။

သို့သော် ခြေလှမ်းမှာမူ နောက်ဘက်သို့ တစ်လှမ်းမျှယိုင်ထွက်သွားခဲ့သည်။

ခူတိုသည် ဟူကျင်းနှင့် လည်းကောင်း၊ ချူကျူးနှင့် လည်းကောင်း အနီးကပ်ဆုံး ရှိနေသူ ဖြစ်သဖြင့် သူ၏ ဂိုဏ်းချုပ်ကြီးယိုင်ထွက်သွားသည်ကို တွေ့လိုက်ရသောအခါ ချက်ချင်း ဝင်ရောက်ပြီး ချူကျူး၏ ပုခုံးကို တွန်းလိုက်တော့သည်။

သို့သော် ချူကျူးသည် သူမ၏ ဘယ်ဘက် လက်ချောင်းများကို ရုတ်တရက် တစ်ချက် ခါယမ်းလိုက်ရာ လျင်မြန်လွန်းလှ



သဖြင့် သာမန်အားဖြင့် မည်သို့လှုပ်ရှားလိုက်သည်ကို မည်သူမျှမတွေ့နိုင်အောင် ဖြစ်သွားခဲ့ကြရသည်။

အမှန်စင်စစ်မူ နက်နဲခက်ခဲလှစွာဖြင့် ခူတို၏ လက်ကောက်ဝတ် အကြောကို ထိုးပိတ်လိုက်ခြင်းသာ ဖြစ်ပေသည်။

ခူတိုသည် သူ၏ ကိုယ်ခန္ဓာ အပေါ်ပိုင်းတစ်ခုလုံး ထုံကျဉ်သွားကာ ချူကျူးအား နောက်ထပ် မတိုက်ခိုက်နိုင်တော့ပေ။

သို့သော်...၊ ခူတို၏ လုပ်ဆောင်ချက်သည် အချည်းနှီးဖြစ်မသွားခဲ့ချေ။ ချူကျူး အနည်းငယ် နှောင့်နှေးသွားသဖြင့် ကျောက်မိန်သည် ရှေ့သို့ တစ်လှမ်းတိုးသွားနိုင်ခဲ့ပြီး အရေးကြီးသော ဦးခေါင်းပိုင်းကို တိမ်းရှောင်သွားနိုင်ခဲ့သည်။

ထို့ကြောင့် ချူကျူး၏ လက်ချောင်းငါးချောင်းက ကျောက်မိန်၏ ဘယ်ဘက်ပုခုံးကို ထိုးစိုက်သွားတော့၏။ ဟူကျင်းသည် 'ဟာ'ခနဲ ယောင်ယမ်း အော်ဟစ်လိုက်ကာ ချူကျူး၏ လက်ကို ရိုက်ထုတ်ပစ်လိုက်သည်။

ချူကျူးသည် ကျောက်မိန်ကို ရန်ပြုရန် ကြိုးစားရာမှ နောက်ဘက်သို့ ပြန်လှည့်ကာ ဟူကျင်းအား တိုက်ခိုက်တော့သည်။ ဟူကျင်းကမူ ချူကျူးအား ထိခိုက်အောင် လုံးဝ မတိုက်ခိုက်ချေ။ သို့သော် ချူကျူး၏ တိုက်ကွက်များမှာ သူသေကိုယ်သေ တိုက်ပွဲကဲ့သို့ ကြောက်ခမန်းလိလိ ရှိလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဟူကျင်းသည် မပေါ့ဆရဲတော့ဘဲ အားပြောင်း အားလွှဲ သိုင်းပညာကို ထုတ်သုံးနေရတော့သည်။

လျှပ်တပြက် မျက်စိတစ်မှိတ်အတွင်း ချူကျူးသည် တိုက်ကွက်ရှစ်ကွက် တိုက်ထုတ်နိုင်ခဲ့ပြီး ဟူကျင်းကလည်း ခုနစ်ကွက် ရှစ်ကွက်ဖြင့် ခုခံခဲ့ရပေသည်။

တိုက်ပွဲသည် အလွန်တရာ ပြင်းထန်လှကြောင်း တွေ့ရှိ လိုက်ရသဖြင့် မင်္ဂလာပွဲ တက်ရောက်လာသူတိုင်းသည် အသက်ပင် မရှူနိုင်လောက်အောင် ဖြစ်သွားကြရပြီး ကြောက်မက်ဖွယ်ရာ ကောင်းလှသော တိုက်ပွဲကြီးကို ငေးကြောင်ကြည့်နေမိတော့သည်။

ကျောက်မိန်မှာမူ မြေကြီးပေါ်၌ လဲကျနေပေသည်။ သူမ၏ ဘယ်ဘက်ပုခုံးတွင် ရရှိသွားသော လက်ချောင်းပေါက် ငါးပေါက်၏ ဒဏ်ရာများမှ သွေးများ တသွင်သွင် စီးကျနေပေတော့သည်။

ချူကျူးသည် သူမ၏ တိုက်ကွက်များကို ရုတ်တရက် ရုပ်သိမ်းလိုက်ပြီး ဟူကျင်းအား ပြောလိုက်သည်။

'ကျန်းဟူကျင်း... ရှင်က ဒီကဝေမရဲ့ မြှူဆွယ်တာကို ခံပြီး ကျွန်မကို ပစ်သွားမလို့ပေါ့လေ... ဟုတ်လား'

'ချူကျူး... အစ်ကို တောင်းပန်ပါတယ်၊ အစ်ကို့မှာ တကယ့် အကျဉ်းအကျပ်ထဲ ရောက်နေရတဲ့ အချိန်ပါ၊ အစ်ကိုရဲ့ အခက်အခဲတွေကို မင်း သဘောပေါက် နားလည်စမ်းပါကွယ်၊



အစ်ကိုတို့ နှစ်ယောက်ရဲ့ လက်ထပ်ပွဲကို ဘယ်တော့မှ မဖျက် သိမ်းဘူး၊ ဒါကြောင့်မို့ မင်္ဂလာပွဲကို သုံးလေးရက်လောက်တော့ ဆိုင်းပါလို့ အစ်ကို တောင်းပန်ပါတယ်'

ချူကျူးကလည်း အေးစက်စွာပင် ပြောလိုက်သည်။

'ရှင်... သူ့နောက်လိုက်သွားရင်တော့ ဘယ်တော့မှ ပြန် မလာနဲ့တော့၊ ရှင် နောင်တ မရပါစေနဲ့'

ချူကျူး၏ လေသံကလည်း ကျောက်မိန်၏လေသံနှင့် ဘာသဝေမတိမ်း တူညီလှချေတကား။

ထိုအချိန်တွင် ကျောက်မိန်သည် အံကြိတ် အံတင်းကာ မတ်တတ်ရပ်လိုက်ပြီး ထွက်ခွာသွားတော့၏။ စွေးစွေးနီရဲနေသော သွေးများသည် မြေကြီးတစ်လျှောက်လုံး စီးကျသွားသည်။

ဟူကျင်းအဖို့ ဤအခြေအနေအတွင်း အားလုံးပြေလည်သွား အောင် ရှင်းပြနိုင်တော့မည် မဟုတ်ချေ။ ထို့ကြောင့် ဟူကျင်းသည် ခက်ခဲပင်ပန်းစွာဖြင့် ပြောလိုက်သည်။

'အစ်ကို့ အဖေကြီး ရက်စွန်းရဲ့ ကျေးဇူးတွေက အစ်ကို့ အပေါ်မှာ ကုဋေကုဋာ ရှိနေပါတယ် ချူကျူးရယ်၊ ဒီအချက်ပဲ ပတ်သက်လာတဲ့အတွက် အစ်ကို့ကို ခွင့်လွှတ်ပါတော့'

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် ဟူကျင်းသည် ကျောက်မိန်နောက်သို့ ပြေးလိုက်သွားတော့၏။

ချင်ထင်းကျုက်၊ ရန်ရောင်နှင့် ချိုရှင်ချောင်းတို့သည်လည်း အဖြစ်မှန်ကို လုံးဝ မသိကြသဖြင့် မည်သူကမျှ ဟူကျင်းအား မတားရဲကြတော့ချေ။

ချူကျူးကမူ သူမ၏ ခေါင်းစည်းပုဝါကို ဆွဲချွတ် လွှင့်ပစ်လိုက်ပြီး နာကြည်းစွာ ပြောလိုက်သည်။

'အားလုံး တွေ့ကြပါတယ်နော်၊ သူက ကျွန်မကို သစ္စာဖောက်လိုက်တာကို၊ ကျွန်မက သူ့ကို သစ္စာဖောက်တာ မဟုတ်ပါဘူး၊ ဒီနေ့ ဒီအချိန်ကစပြီး ကျွန်မနဲ့ ကျုန်းဟူကျင်းဟာ ဘာမှ မပတ်သက်တော့ပါဘူး'

ချူကျူးသည် ပြောပြောဆိုဆိုဖြင့် သူမ ဝတ်ဆင်ထားသည့် သတို့သမီးဝတ်စုံကို ဆုတ်ဖြဲပစ်လိုက်တော့သည်။ သူမ၏ ရင်တွင်းမှ ကြေကွဲ နာကျည်းမှုများကို လုံးဝ သည်းခံနိုင်စွမ်း မရှိဘဲ ဖြစ်လာပြန်သဖြင့် ခက်ထန်စွာ ပြောလိုက်ပြန်သည်။

'ဒီနေ့ ဒီအချိန်မှာ အရှက်တကွဲ အကျိုးနည်း ဖြစ်ရတဲ့အတွက် ဒါကို ကျွန်မ မကျေဘူး၊ ပြန်ပြီး တုံ့ပြန်တိုက်ခိုက်မယ်လို့ ကျွန်မ သစ္စာပြုတယ်'



ချင်ထင်းကျုက်က သူမကိုနှစ်သိမ့် ဖျောင်းဖျရန် စိတ်ကူးလိုက်စဉ်မှာပင် ချူကျူးသည် ရုတ်တရက် ခုန်ထွက်လိုက်ပြီး လေထဲတွင် တစ်ပတ်လှည့်၍ ခေါင်မိုးပေါ်သို့ ရောက်ရှိသွားတော့၏။ ရန်ရောင်တို့က သူမနောက်သို့ လိုက်ရန် ပြင်ဆင်နေချိန်တွင် သူမသည် အတော်အတန် ကွာဝေးသော နေရာသို့ ရောက်ရှိနေချေပြီ။

သူမ၏ ကိုယ်ဖော့သိုင်းပညာသည် လင်းဆွဲမင်းဝေရီ၏ ပညာထက် အဆင့်မနိမ့်ချေ။

သိုင်းသမားကြီးအားလုံးသည် အလွန် အံ့အားသင့်သွားကြရပြီး ချူကျူးနောက်သို့ ဆက်မလိုက်နိုင်တော့ဘဲ အောက်သို့ ပြန်ဆင်းလာကြရတော့သည်။

မင်္ဂလာပွဲကြီး ပျက်သွားလေပြီ။

အလင်းမာန်ဂိုဏ်းသားအားလုံးမှာ မျက်နှာမကောင်းကြ။ အိမ်ရှင်များ မျက်နှာမကောင်းကြသဖြင့် ဧည့်သည်များလည်း မျက်နှာမကောင်းနိုင်ကြတော့ပေ။ အားလုံးသောလူများသည် ကျောက်မိန်က ဟူကျင်းအား ပြလိုက်သည့် ပစ္စည်းသည် မည်သည့် ပစ္စည်းဖြစ်မည်ကို အလွန် သိချင်နေကြသည်။

ထိုပစ္စည်းကို တွေ့လိုက်ရသည်နှင့် အဘယ်ကြောင့်ဤမျှ အလောတကြီး ကျောက်မိန်နောက်သို့ လိုက်သွားရသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ယခု မည်သူ့ကမျှ ထိုပစ္စည်းကို မမြင်လိုက်ရသဖြင့် အကြောင်းရင်းတိတိကျကျကိုလည်း မသိရှိနိုင် ဖြစ်နေကြရသည်။ ဟူကျင်း၏ စကားအရမှ ယခု ကျောက်မိန် ရောက်ရှိလာသော ကိစ္စသည် ဟူကျင်း၏မွေစားဖခင်ကြီး ရှက်စွန်းနှင့် အဓိက ပတ်သက်မှု ရှိကြောင်းကို အားလုံးက ရိပ်မိ သိရှိလိုက်ကြသည်။

ဝါမေရိုဏ်းသည်လည်း ဒေါသထွက်၍ ပြန်သွားကြတော့၏။ ချင်ထင်းကျက်ကမူ ကိုယ်အမူအရာ၊ နှုတ်အမူအရာ အားလုံးနိမ့်ချပြီး ဝါမေရိုဏ်းသားများကို တောင်းပန်သည်။ နောက်ဆုံးအဖြစ်မှန်ကို သိပြီးလျှင် သိပြီးချင်း ဟူကျင်းကို ခေါ်၍ ဝါမေရိုဏ်းကို လာရောက် တောင်းပန်ပါမည်ဟု ပြောပြ နှစ်သိမ့်လိုက်ရတော့၏။

✤✤✤✤✤



# ခရီးကြမ်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉၂)

## ခရီးကြမ်း

ဟူကျင်းက ကျောက်မိန်နောက်သို့ မီလာသောအချိန်တွင် ကျောက်မိန်၏ ခြေလှမ်းများသည် ယိမ်းထိုး လှုပ်ရှားလျက် ရှိနေချေပြီ။ စောစောကမူ သူမ၏ စိတ်ကို တင်း၍ ထွက်လာခဲ့ခြင်း ဖြစ်သဖြင့် ဤမျှ ထွက်လာနိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုမူ ပရိသတ်များနှင့်လည်း ကင်းဝေးပြီး ခရီးလည်း အတော် ပေါက်ရောက်လာပြီ ဖြစ်သဖြင့် သူမအားနေဖြင့် တင်းမခံနိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့ချေ။ ယိမ်းယိုင်ပြိုလဲကျလုမတတ် ဖြစ်လာသောအခါ ဟူကျင်းသည် သူမ၏ ခန္ဓာကိုယ်လေးကို ဝင်ထိန်းလိုက်ပြီး ဒဏ်ရာမှ သွေးများဆက်မထွက်စေရန် အကြောကို ထိုးပိတ်ထားလိုက်ရသည်။

ကျောက်မိန်၏ဒဏ်ရာမှာ အကယ်ပင် ပြင်းထန်လှပေတော့သည်။

ဟူကျင်းသည် လက်ချောင်းငါးချောင်း၏ အပေါက်ဝများကို ကြည့်ရင်း ကြက်သီးထမိတော့သည်။ အကယ်၍ ဤ ဒဏ်ရာဒဏ်ချက် အတိုင်းသာ ကျောက်မိန်၏ ဦးခေါင်းကို ထိုးစိုက်မိလျှင် ကျောက်မိန်အတွက် တွေးဝံ့စရာ မရှိတော့ပေ။

ဟူကျင်းသည် ကျောက်မိန်အား မေးလိုက်သည်။

'ကျောက်မိန်... မင်း အခု ဘယ့်နှယ် နေသေးလဲဟင်၊ ဒဏ်ရာက သိပ်နာနေသလား'

ကျောက်မိန်က ချည့်နဲ့စွာ ပြောလိုက်သည်။

'ရှောင်လင်ဂိုဏ်းကို...'

သူမသည် ထိုစကားတစ်ခွန်းသာ ပြောနိုင်တော့သည်။ စကားပင် မဆုံးသေးမီ မေ့မြောသွားတော့သည်။

ဟူကျင်းသည် ရုတ်တရက် ထိတ်လန့်သွားတော့သည်။ သို့သော် ယခု အခြေအနေတွင် ကျောက်မိန်အား မည်သို့မျှ ဆက်မေးနိုင်တော့မည် မဟုတ်ပေ။



ကျောက်မိန်အား မေးစရာ မေးခွန်း မြောက်မြားစွာ ရှိနေသည်။ သို့မှသာ ဆောင်ရွက်စရာ ကိစ္စများကို အပြီးအပိုင် ဆောင်ရွက်နိုင်ပေလိမ့်မည်။

ကျောက်မိန်က ဟူကျင်းအား မင်္ဂလာခန်းမတွင် ပြလိုက်သော ပစ္စည်းကား မည်သည့် ပစ္စည်း ဖြစ်ပါသနည်း။

တကယ်တော့ ထိုပစ္စည်းမှာ ရှက်စွန်း၏ ရွှေဝါရောင်ဆံပင်များပင် ဖြစ်ခဲ့လေသည်တကား။

ဟူကျင်းသည် ရွှေရောင်ဆံပင်များကို တွေ့လိုက်သည်နှင့် ကျောက်မိန်သည် သူ၏မွေးစားဖခင်ကြီး ရှက်စွန်းမည်သည့်နေရာတွင် ရှိနေကြောင်း သိရှိထားပြီဖြစ်ကြောင်း ရိပ်မိလိုက်တော့သည်။ ထို့ကြောင့် သူ့အနေဖြင့် မင်္ဂလာပွဲကို ဖျက်သိမ်းကာ ကျောက်မိန်နောက်သို့ ဤမျှ အဆောတလျင် ကောက်ကာငင်ကာ လိုက်ခဲ့ရခြင်းဖြစ်တော့သည်။

သို့သော် တစ်ဘက်တွင်လည်း မိမိအပေါ် ကျေးဇူးကြီးမားလှသော မွေးစားဖခင်ကြီး၏ သေရေးရှင်ရေးကိစ္စ ဖြစ်နေပြန်ရာ ထိုအဖေကြီးအား ကယ်တင်နိုင်မည့် သဲလွန်စကလေးကို မည်သို့မျှ လက်လွှတ် ဆုံးရှုံးမခံနိုင် ဖြစ်နေမိသည်။ အကယ်၍သာ ကျောက်မိန်နောက်သို့ မလိုက်လျှင် သူ့ မွေးစားဖခင်ကြီး မည်သည့်နေရာတွင် ရှိနေသည်ဆိုသော သဲလွန်စကို သူရတော့မည် မဟုတ်ပေချေ။



www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် အနီးအနားရွာတစ်ရွာမှ မြင်းတစ်စီးကို ရအောင် ရှေးဦးစွာ ရှာဖွေရသည်။ မြင်းရသောအခါမှ ကျောက်မိန်၏ ခန္ဓာကိုယ်ကလေးကို ပွေ့ချီကာ မြင်းစီး၍ ခရီးပြင်းနှင်ရတော့သည်။

သူသည် ကျောက်မိန်၏ သွေးမရှိဘဲ ဖြူရော် ညှိုးနွမ်းနေသော မျက်နှာကလေးကို ငုံ့ကြည့်မိရင်း ကြင်နာခြင်း၊ သနားခြင်း၊ ရင်နာခြင်း၊ စိတ်ဆိုးခြင်း၊ ကရုဏာ ဒေါသောဖြစ်ခြင်း စသည့် ဝေဒနာမျိုးစုံကို ခံစားနေရတော့သည်။

သူ၏ မျက်စိထဲဝယ် ချူကျူး၏ မျက်နှာကို မြင်ယောင်လာမိသည်။ သူမ၏ ကြောက်စရာကောင်းလှသော နောက်ဆုံးတိုက်ကွက်ကို တွေးမိလိုက်သောအခါတွင်မူ ကြက်သီးတဖြန်းဖြန်း ထမိတော့သည်။

သိုင်းပညာနှင့်ပတ်သက်၍ ချူကျူး ဤမျှ အဆင့်မြင့်မြင့် တတ်မြောက်လာခြင်း၏ အကြောင်းရင်းကို ဟူကျင်း အနေဖြင့် မစဉ်းစားတတ်အောင် ဖြစ်နေမိတော့သည်။ ယခု သူမ အသုံးပြုသွားသည့် သိုင်းပညာ အဆင့်အတန်းအရ ရန်ရှောင်တို့ထက်ပင် ပိုတော်နေသလို ဖြစ်နေသည်။ ကိုယ်ဖော့သိုင်းပညာအားဖြင့်လည်း လင်းဆွဲမင်း ဝေရီ၏ အဆင့်လောက် ရှိနေသည်။



ထို့ကြောင့် ဟူကျင်းအနေဖြင့် ဦးနှောက်များ ဆူပွက်မတတ် စဉ်းစားနေရခြင်း ဖြစ်သည်။ အထူးခြားဆုံးအချက်မှာ သူမ အသုံးပြုလိုက်သော သိုင်းကွက်များသည် သူမ၏ ဝါမေကိုဏ်းမှ သိုင်းပညာ မဟုတ်ခြင်းပင်တည်း။

ဤသို့ ဆိုပါက ချူကျူးအနေဖြင့် အလွန်နက်နဲ သိမ်မွေ့ပြီး အလွန် အဆင့်အတန်းမြင့်သော သိုင်းကျမ်းစာအုပ်တစ်အုပ်ကို ရရှိသွားလျက် လေ့ကျင့်နိုင်လိုက်၍သာ ဤမျှ သိုင်းပညာ အဆင့်အတန်း မြင့်နေခြင်း ဖြစ်ပေလိမ့်မည်။

ထို သိုင်းကျမ်းစာအုပ်ကို အဘယ်မှာ ရနိုင်သနည်း။

ဟူကျင်းသည် သိုင်းကျမ်းရနိုင်သော အချက်တစ်ချက်ကို စဉ်းစားမိလိုက်သောအခါ ကြက်သီးတဖြန်းဖြန်း ထလာသဖြင့် ဆက်မစဉ်းစားရဲတော့ချေ။ ဟူကျင်းသည် သူ၏ အတွေးများကို လုံးဝ အနားပေးလိုက်ပြီး ကျောက်မိန် ပြောသည့်အတိုင်း ရှောင်လင်ကျောင်းတိုက်များဆီသို့ ဦးတည်လိုက်တော့သည်။

မည်သို့ပင် ဦးတည်သည်ဖြစ်စေ ခရီးကတော့ ကွာလှမ်းလှပေသည်။ အဘယ်ကြောင့်ဆိုသော် ယခု သူတို့ ရှိနေသော နေရာမှာ တောင်ပိုင်းဖြစ်နေပြီး ရှောင်လင်ကျောင်းတိုက် တည်ရှိရာ အရပ်ကား မြောက်ပိုင်း ဖြစ်နေသောကြောင့်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လမ်းခုလပ်အတွင်းမှာပင် ကျောက်မိန်၏ ဒဏ်ရာများကို ဆေးထည့်ပေးခဲ့ရသည်။ ကျောက်မိန်၏ ဒဏ်ရာများသည် အလွန် ပြင်းထန်လှသဖြင့် ဟူကျင်း၏ ရင်ခွင်ထဲတွင်သာ သဲလျောင်း၍ လိုက်ပါလာခဲ့ရလေသည်။

★ ☆ ★ ☆ ★

ယနေ့ သူတို့နှစ်ယောက် ဟိုနန်နယ်ထဲသို့ ရောက်ရှိလာခဲ့ပေပြီ။ သူတို့၏ ရှေ့ဘက်တွင် ဖုန်မှုန့်လိပ်ကြီးများ တလိမ့်လိမ့်တက်နေသည်ကို တွေ့လိုက်ကြရသည်။ များမကြာမီပင် စစ်ဝတ်စစ်စား အပြည့်အစုံဖြင့် မွန်ဂို စစ်သား တစ်ရာကျော်ခန့် သူတို့ဆီးမှ ဖြတ်ကျော်တတ်သွားကြသည်။

သူတို့သည် ဟူကျင်းတို့အား တွေ့သော်လည်း သာမန်အရပ်သူအရပ်သားဟု ထင်ကြသဖြင့် မည်သို့မျှ အရေးမစိုက်ဘဲ သူတို့ချီတက်ရမည့် လမ်းကြောင်းအတိုင်းသာ ဆက်လက် ချီတက်သွားကြသည်။ ထိုစစ်သားတစ်အုပ် ဖြတ်ကျော်ပြီးသည့်နောက်တွင် နောက်ထပ် စစ်သားတစ်အုပ် ထပ်မံရောက်ရှိလာပြန်သည်။

ထိုတပ်ဖွဲ့သည် ညီညာစွာချီတက်ခြင်း မရှိ။ ရှေ့ရောက်လိုက်၊ နောက်ရောက်လိုက်ဖြင့် ဖရိုဖရဲ ချီတက်လာသည်။



ထိုတပ်ဖွဲ့အား ဟူကျင်း လှမ်းကြည့်လိုက်သောအခါ 'ဒုက္ခပဲ' ဟု ယောင်ယမ်း အော်ဟစ်မိမတတ် ဖြစ်သွားရသည်။ အဘယ်ကြောင့်ဆိုသော် ထိုတပ်ဖွဲ့ထဲတွင် ကျောက်မိန်၏ လက်ဖြောင့်လေးသမား ရှစ်ယောက် ပါဝင်နေသောကြောင့်ပင်တည်း။

ဟူကျင်းသည် သူတို့၏မျက်နှာများကို ထိုတပ်ဖွဲ့က မြင်တွေ့ မသွားစေရန် တစ်ဘက်သို့ လှည့်ထားလိုက်သည်။ ထိုတပ်ဖွဲ့သည်လည်း ဟူကျင်းနှင့် ကျောက်မိန်ကို လုံးဝ ဂရုမထားဘဲ ဆက်လက် ချီတက်မြဲ ချီတက်သွားတော့သည်။

ဟူကျင်းသည် သူ၏ ကုသိုလ်ကံ ကောင်းမှုအတွက် သက်ပြင်းရှည်ကြီး ချလိုက်မိသည်။

မြင်းဇက်ကို ကိုင်၍ မြင်းကို အသော့နှင်ရန် ပြင်ဆင်လိုက်စဉ်မှာပင် မွန်ဂို မြင်းသုံးစီးသည် အရှိန်အဟုန်ပြင်းစွာဖြင့် သူ့ထံသို့ ရောက်ရှိလာတော့၏။ ထို မြင်းသုံးစီးတွင် အလယ်မှ မြင်းစီးပုဂ္ဂိုလ်သည် မင်းသားဝတ်စုံနှင့် ဖြစ်ပြီး ဘေးနှစ်ဘက်မှ လူများမှာမူ လက်ဝါးစောင်း အဘိုးကြီးနှစ်ယောက် ဖြစ်သည့် လုကျန့်နှင့် ကော့ပိတို့ ဖြစ်ကြတော့သည်။

'သခင်မလေး ဘာမှ မကြောက်နဲ့တော့၊ ကျုပ်တို့လာပြီ၊ သခင်မလေးကို ကယ်ဖို့ ကျုပ်တို့လာပြီ'

www.burmeseclassic.com

www.burmeseclassic.com



လုကျန့်သည် လေတစ်ချက်ချွန်လိုက်သည်။ ထို လေချွန်သံသည် အတွင်းအား ပြည့်ဝလှသဖြင့် ဘဝင်သို့တိုင် တက်သွားသည့်အလား ထင်မှတ်ရပေသည်။ ထိုလေချွန်သံကြောင့် အဝေးသို့ရောက်ရှိနေပြီ ဖြစ်သည့် လက်ဖြောင့်လေးသမား ရှစ်ယောက်ပါသော တပ်ဖွဲ့သည် ကဆုန်ဆိုင်း၍ ပြန်လှည့်လာကာ ဟူကျင်းအား ဝိုင်းထားလိုက်တော့သည်။

ဟူကျင်းသည် ကျောက်မိန်အား စူးစူးစိုက်စိုက် ကြည့်လိုက်မိသည်။ သူ၏ မျက်လုံးများတွင် မေးခွန်းပေါင်း ထောင်သောင်းကို မေးမြန်းလျက်ရှိနေသည်။ ဟူကျင်း၏ အမူအရာက...

'ဒါ မင်းရဲ့ ဉာဏ်နီ ဉာဏ်နက် အကုန်ပဲလား၊ ငါ့ကို ဖမ်းဖို့ ထောင်ချောက်ဆင်တာ ဒီလိုပဲ ဆင်ရသလား' ဟု မေးနေ သယောင်ပင်...။

ဟူကျင်း အတွက်အဆ လွဲမှားသွားချေပြီ။ မင်းသားဝမ်ပေါင်သည် ဤအခွင့်အရေးကို စောင့်ဆိုင်းနေခြင်းသာ ဖြစ်သည်။

သူ၏နမငယ်နှင့် ဟူကျင်းတို့ ပူးတွဲနေသမျှ သူ၏နမငယ်အတွက် အန္တရာယ်အပြည့်အဝ ရှိနေကြောင်း သိနေသည်။

ဟူကျင်းနှင့် သူ၏နမငယ် ကွဲကွာသွားလျှင် သူ၏နမငယ်အတွက် လုံခြုံစိတ်ချသွားရပြီ ဖြစ်၍ ကတိအတိုင်း မဆောင်ရွက်



တော့ဘဲ ဟူကျင်းအား အပြတ်ရှင်းပစ်ရန် ရည်ရွယ်ထားခြင်း ဖြစ်ပေ၏။

မင်းသားဝမ်ပေါင်သည် ဟူကျင်း မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်သည်နှင့် တစ်ပြိုင်နက် လက်ဝါးစောင်းအဘိုးကြီးနှစ်ယောက်အား မျက်ရိပ်ပြလိုက်တော့၏။

ထိုအခါ လုကျန့်နှင့်ကော့ပိတို့သည် ဟူကျင်းအား ချက်ချင်းပင် ရှေ့ပိတ်နောက်ပိတ် တိုက်ခိုက်ကြတော့သည်။ ကျန်ထိပ်သီး သိုင်းသမားများကလည်း ဝင်ရောက်တိုက်ခိုက်ကြလေပြီ။

ဟူကျင်းအနေဖြင့် ကျောက်မိန်ကို ဂရုမစိုက်နိုင်တော့ဘဲ လုကျန့်တို့အား အပြင်းအထန် ခုခံနေရသည့်အချိန်တွင် မင်းသားဝမ်ပေါင်သည် ကျောက်မိန်နားသို့ ပြေးသွားတော့သည်။

ကျောက်မိန်သည် သူ့အစ်ကို ဝမ်ပေါင်၏ရည်ရွယ်ချက်ကို ရိပ်မိသဖြင့် အော်ဟစ်သတိပေးတော့သည်။

'ဟူကျင်း... ကျွန်မကို ကယ်ပါဦး...၊ ကျွန်မကို အရင်ကယ်ပါ၊ ကျွန်မ သူတို့နောက် ပါသွားလိမ့်မယ်'

ဝမ်ပေါင်သည် သူ့နှမ သူတို့နှင့် မလိုက်လိုကြောင်း အတင်းအလင်း အော်ဟစ်ပြောဆိုနေသံကို ကြားလိုက်ရသောအခါ ကျောက်မိန်ကို အတင်းပွေ့ချီပြီး သူ့မြင်းပေါ်သို့ တင်ကာ ခုန်းစိုင်းထွက်ခွာသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်စင်စစ်အားဖြင့် ကျောက်မိန်သည် သူ့အစ်ကို မင်းသားဝမ်ပေါင်ထက် သိုင်းပညာ အဆင့်အတန်း ပိုမြင့်သူ ဖြစ်သည်။

သို့သော် သူမှဲ့ ရှူကျူး၏လက်ချက်ဖြင့် ရရှိထားသော ဒဏ်ရာကြောင့် အင်အားများစွာ ဆုတ်ယုတ်နေသည်။

မင်းသားဝမ်ပေါင်အား ခုခံ တိုက်ခိုက်နိုင်မည့်အင်အား လုံးဝ မရှိသဖြင့် ဟူကျင်းကိုသာ တွင်တွင် အော်ဟစ် အကူအညီ တောင်းနေရတော့သည်။

'ဟူကျင်း... ကျွန်မကို ကယ်ပါ...ကျွန်မကို ကယ်ပါ'

ဟူကျင်းသည် ကျောက်မိန်၏ အကူအညီတောင်းသံကို ကြားရသည်။ သို့သော် သူ့အဖို့ အများနှင့် တစ်ယောက် တိုက်ခိုက်နေရခြင်း ဖြစ်သဖြင့် ကျောက်မိန်အား ရုတ်တရက် မကယ်နိုင်ချေ။

ဟူကျင်းသည် သူ၏ အတွင်းအားများကို အပြည့်အဝ ထုတ်ကာ လက်ဝါးစောင်းနှစ်ချက်ကို ဆက်တိုက် ဆင့်ထုတ် ရိုက်ချ လိုက်သည်။

ဟူကျင်း၏ လက်ဝါးစောင်းများသည် အလွန် ပြင်းထန်လှသဖြင့် လေပြင်းကိုပင် ဟူးဟူးထသွားစေတော့သည်။

လက်ဝါးစောင်း အဘိုးကြီးနှစ်ယောက်တို့သည် ထို လက်ဝါးစောင်းနှစ်ချက်၏ ကြောက်မက်ဖွယ်ရာ အင်အားကြီးမား



လှပုံကို သိရှိကြသဖြင့် ထိပ်တိုက်မခုခံရဲတော့ဘဲ ကြောက်အားလန့်အားဖြင့် နောက်သို့ ခုန်ဆုတ် ရှောင်တိမ်းလိုက်ကြရတော့၏။

ထိုစဉ် ဟူကျင်းသည် ကိုယ်ဖော့ သိုင်းပညာကို သုံး၍ သူ့ကို ဝိုင်းဝန်းတိုက်ခိုက်နေကြသူများ၏ ဦးခေါင်းပေါ်မှ ရိပ်ခနဲ ခုန်ကျော်ထွက်သွားကာ မင်းသား ဝမ်ပေါင်၏ မြင်းနောက်သို့ ပြေး လိုက်သွားတော့၏။

လက်ဝါးစောင်းအဘိုးကြီးနှစ်ယောက်နှင့် ကျန်သိုင်းသမားများသည် ဟူကျင်းအားတားဆီးရန် ကြိုးစားကြသည်။ သို့သော် ရေပေါ် မျှင်းသားသကဲ့သို့ အချည်းနှီး အရာမထင် ဖြစ်ကြရတော့သည်။ အဘယ်ကြောင့်ဆိုသော် သူတို့အားလုံးသည် ဟူကျင်း၏ ကိုယ်ဖော့ သိုင်းပညာကို လုံးဝ မမီကြသောကြောင့် ဖြစ်ပေသည်။

များမကြာမီပင် ဟူကျင်းသည် ဝမ်ပေါင်၏ မြင်းနောက်သို့ မီလာပြီး တစ်ချက်ခုန်လိုက်သည်နှင့် ဝမ်ပေါင်၏ နောက်ကျောသို့ ရောက်ရှိသွားတော့၏။

ဝမ်ပေါင်၏လည်ဂုတ်ကို ဖမ်းဆွဲလိုက်ပြီး နောက်ဘက်သို့ လွှင့်ပစ်လိုက်သောအခါ ဝမ်ပေါင်သည် ကြက်ကလေး ငှက်ကလေး တစ်ကောင် လည်ပင်းမှ ဆွဲဆုတ် လွှင့်ပစ်ခြင်းခံရသကဲ့သို့ လွင့်စင် ထွက်သွားတော့၏။ ဟူကျင်းကမူ ကျောက်မိန်ကို ပွေ့ချီပြီး သူ၏ လက်ဝဲဘက်ရှိ တောင်ကုန်းထက်သို့ အလျင်မြန်ဆုံးနှုန်းဖြင့် ပြေး တက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


လုကျန့်သည် ရေထဲ၌ ခြေကားယား လက်ကားယားဖြင့် လွှင့်မြောက်ကြလာသော မင်းသားဝမ်ပေါင် ထိခိုက်ဒဏ်ရာ မရစေခြင်းငှာ မြေကြီးပေါ်မကျခင် ထိန်းပေးလိုက်ရသည်။ ကော့ပိနှင့် သိုင်းသမားများကမူ ဟူကျင်း၏ နောက်သို့ ဆက်လိုက်သွားကြသည်။

သို့သော် တောင်ကုန်းသည် မြင့်မားလှသည့်အပြင် ကျောက်တုံး ကျောက်ခဲများ၊ သစ်ပင် ချုံပုတ်များဖြင့် ဖုံးလွှမ်းနေသည် ဖြစ်ရာ ကိုယ်ဖော့ သိုင်းပညာ မရှိသူများအတွက် ကြီးစွာသော အခက်အခဲ အတားအဆီးကြီးများ ဖြစ်နေပေသည်။ ထို့ကြောင့် နောက်ဆုံးတွင် သူတို့အားလုံးသည် ဟူကျင်းအား လုံးဝ မျက်ခြည်ပြတ်သွားပြီး အမီလိုက်ရန် အရေးကို လက်လျှော့လိုက်ရတော့သည်။

✤✤✤✤✤

# ချစ်သူကိုစောင့်ရှောက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉၃)

## ချစ်သူကို စောင့်မျှော်ခြင်း

ဟူကျင်းသည် အားသွန်ခွန်စိုက် ပြေးခဲ့ရာ နောက်ဆုံးတော၏ အနက်ဆုံးအပိုင်းသို့ ရောက်ရှိသွားသည်။

ကျောက်မိန်မှာမူ နဂိုက ဒဏ်ရာ ပြင်းထန်လှသည့်အပြင် အပြင်းအထန် ပြေးလွှားလှုပ်ရှားရာ၌ သူမ၏ တစ်ကိုယ်လုံး သွက်သွက်ခါ ဖြစ်နေသဖြင့် ပြန်လည်မေ့မြောသွားပြန်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ကျောက်ဂူငယ်တစ်လုံးကို တွေ့လိုက်ရသဖြင့် အလွန်ဝမ်းသာသွားသည်။ ကျောက်မိန်ကို သည်ပုံအတိုင်း ဆက်သယ်ဆောင်သွား၍ မဖြစ်နိုင်မှန်းသိသည်။ တစ်နေရာရာ၌ အချိန်လုံလောက်စွာ အနားယူနိုင်မှသာလျှင် ကျောက်မိန်အတွက် များစွာ ခံသာမည်ကို နားလည်မိသဖြင့် ကျောက်ဂူငယ် တွေ့ရသောအခါ ကျောက်မိန်ကို ပွေ့ချီကာ ကျောက်ဂူတွင်းသို့ ဝင်ရောက်ပုန်းခိုလိုက်သည်။

ဟူကျင်းသည် ဂူကြမ်းပြင်တွင် ကျောက်မိန်ကို အသာအယာ လဲလျောင်း ချထားလိုက်သည်။ ကျောက်မိန်၏ အခြေအနေကို ယုယစွာ စမ်းသပ်ကြည့်လိုက်သောအခါ ထိတ်လန့် စိတ်လှုပ်ရှားလွန်းသောကြောင့် လည်းကောင်း၊ သူမ၏ တစ်ကိုယ်လုံး သွက်သွက်ခါမျှ လှုပ်ရှားလွန်းရသောကြောင့်လည်းကောင်း မေ့မြောသွားခြင်း ဖြစ်သည်ကို တွေ့ရှိရသည်။ များမကြာမီပင် ပြန်လည် သတိဝင်လာမည်ကို သိရှိသဖြင့် စိတ်အေးသွားမိသည်။

ကျောက်မိန်လဲလျောင်းနေသည့်ကြား၌ ထိုင်ကာ သည်တစ်နေ့ အတွင်း စိတ်လှုပ်ရှားဖွယ်ရာ အဖြစ်အပျက်များကို ပြန်လည်စဉ်းစားနေမိတော့၏။ သူ၏ အတွေးရုပ်ပုံလွှာတွင် ပထမဦးဆုံး ပေါ်လာသူကား သူ၏ မွေးစားဖခင်ကြီး ရှက်စွန်းပင်တည်း။ နောက်တော့ ချူကျူး....။



သူသည် ချူကျူးကို များစွာအားနာခဲ့မိသည်။ သူမသည် မိမိအပေါ်၌ နှစ်နှစ်ကာကာ ချစ်နေမှန်းကိုလည်းသိရှိသည်။ မိမိကလည်း သူမအား ချစ်မိခဲ့သည်သာ။

သို့သော် မိမိ၏ ခံစားချက်ကို မိမိနားမလည်နိုင်သကဲ့သို့ ဖြစ်နေမိသည်မှာ သူမနှင့် လက်ထပ်သည့်အချိန်တွင် မိမိ၏ စိတ်၌ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းလုံးဝ မရှိခဲ့သည့်အချက်ကိုပင် ဖြစ်သည်။ ထို့ပြင် အထူးဆန်းဆုံးအချက်မှာ ကျောက်မိန်က မိမိအားလာခေါ်သော အချိန်တွင် မိမိ၏ အတွင်းစိတ် ရုတ်တရက်လန်းဆန်းသွားသလို ခံစားမှုပင်ဖြစ်သည်။

ထိုအချိန်မှာပင် ကျောက်မိန် သတိရလာသည်။ သူမ သတိရလာသည်ကို ဟူကျင်း မသိလိုက်ချေ။ သူ့အတွေးနှင့်သူ ငေးမောလျက်သာ ရှိနေသည်။ ကျောက်မိန် မျက်လုံးများ ပွင့်လာသောအခါ ဟူကျင်း ငေးမော စဉ်းစားနေသည်ကို တွေ့လိုက်ရ၏။ ဟူကျင်းကမူ သူ့အတွေးကိုသာ သူဆက်တွေးနေမိသည်။ သည်တစ်ကြိမ် ချူကျူးကို တွေ့လျှင်တော့ ချူကျူးကျေနပ်မည့် မည်သည့် တောင်းပန်ချက်ကိုမဆိုပြုရန် စိတ်ကူးထားသည်။ သူ့အနေဖြင့် သူ့မွေးစားဖခင်ကြီး၏ သေရေးရှင်ရေးအတွက်ကြောင့်သာ ဤမင်္ဂလာပွဲကို ဖျက်သိမ်းလိုက်ရခြင်း ဖြစ်ပေသည်။ ထိုသို့ ဖျက်သိမ်းလိုက်ရခြင်း အတွက် မိန်းကလေးတစ်ဦးဖြစ်သော ချူကျူး၏ အရှက်တကွဲ အကျိုးနည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမှု၏ တန်ဖိုးကို မည်သည့် တန်ဖိုးရှိသော အရာဝတ္ထုနှင့်မျှ ပေးလျော်၍ မဖြစ်နိုင်ကြောင်း ဟူကျင်း သိနားလည်မိပါ၏။

ထို့ကြောင့်ပင် ချူကျူးက မိမိအပေါ် အခဲကျေစေမည့် နည်းလမ်း တစ်ခုတစ်လေကိုမျှ မစဉ်းစားနိုင်အောင် ဖြစ်နေမိခြင်း ဖြစ်တော့၏။ မည်သို့ပင်ဖြစ်စေ ဖောက်ဖျက်ကျူးလွန်သူဖြစ်သော စတင် မှားယွင်းသူဖြစ်သော မိမိကသာ သူမကို ကျေနပ်သွားသည် အထိ တောင်းပန် ရပေလိမ့်မည်။

ထိုစဉ် ကျောက်မိန်၏ ချည့်နဲ့ တိုးညင်းသော လေသံ ကလေးကို ဟူကျင်း ကြားလိုက်ရသဖြင့် ဆတ်ခနဲ တုန်လှုပ်သွားမိ သည်။

'ဟူကျင်း...ရှင် ဘာတွေ စဉ်းစားနေတာလဲဟင်၊ ချူကျူးကို စဉ်းစားနေတာ မဟုတ်လား'

ဟူကျင်းသည် မထိန်ဝှက်တော့။ ထိန်ဝှက်နေလျှင်လည်း ချူကျူးအပေါ် သိပ်သစ္စာမဲ့ရာ ကျနေပေလိမ့်မည်။

'ဟုတ်တယ်...ငါ သူ့အပေါ် သိပ် စော်ကားမိသွားပြီ၊ သူ ဘယ်လောက် အရှက်တကွဲ အကျိုးနည်း ဖြစ်သွားရသလဲ၊ ဒါတွေကို ငါ ဘယ်စိတ်ကောင်း နိုင်ပါ့မလဲ'



'ဒါဖြင့် ရှင်နောင်တ ရနေပြီပေါ့'

'အမှန်အတိုင်း ပြောရရင်တော့ ငါ့စိတ်ကိုက ပျော့ညံ့လွန်း တယ်၊ သူနဲ့လက်ထပ်ခါနီးတုန်းက မင်းကို သတိရမိတယ်၊ အခု မင်းနဲ့ အတူတူရှိနေပြန်တော့ သူ့ကို သတိရမိပြန်ပြီ၊ ငါ မကောင်း တော့ပါဘူး'

ကျောက်မိန်သည် တခစ်ခစ် ရယ်မောရင်း...

'ရှင့်စိတ်ထဲမှာတော့ ကျွန်မကို ပိုပြီး သဘောကျတယ် မဟုတ်လား၊ ရှင် မညာနဲ့...'

'ငါ အမှန်အတိုင်းပြောပြမယ်၊ ငါက မင်းကိုလဲ ချစ်တယ်၊ သူ့ကျတော့လဲ ချစ်လဲချစ်တယ်၊ ကြောက်လဲကြောက်တယ်၊ ဒါ... ငါ့စိတ်ရင်းအတိုင်း ခံစားချက်ပဲ'

'အဲဒါ ဘာဖြစ်လို့လဲဟင်'

ဟူကျင်းသည် ရယ်ရင်း ပြောလိုက်သည်။

'အခုတော့ ဘာဖြစ်လို့ဆိုတာ မပြောတတ်တော့ပါဘူး၊ ပြောနိုင်တာ တစ်ခုတော့ရှိတယ်၊ အခုဆိုရင် ငါက မင်းကို မုန်းလဲမုန်း တယ်၊ ကြောက်လဲ ကြောက်နေတယ်၊ မုန်းတာက ငါ့ရဲ့ ဘဝဇာတ်ရဲ့ အိမ်ထောင်ရေးကို ဖျက်ဆီးပစ်လိုက်လို့၊ ကြောက်တာက ငါ့ကို ပြန် အလျော်မပေးမှာစိုးလို့'



www.burmeseclassic.com

www.burmeseclassic.com



ကျောက်မိန်သည် ဟူကျင်း၏ စကားကို လုံးဝ နားမလည်နိုင်ပဲ ဖြစ်သွားသဖြင့်..

'ကျွန်မက ဘာကို ပြန်အလျော်ပေးရမှာလဲ'

ဟူကျင်းက ပြုံးရင်း ဖြေလိုက်သည်။

'မင်းကြောင့် ပျက်စီးသွားတဲ့ မင်္ဂလာဦးည အတွက် ဒီနေ့မှာ မင်းက ငါ့တို ပြန်အလျော်ပေးရမှာပေါ့'

ကျောက်မိန်သည် မျက်နှာတစ်ပြင်လုံး ရှက်သွေးတက်သွားကာ ခေါင်းတယမ်းယမ်း လက်တကာကာဖြင့် ကြောက်အားလန့်အားငြင်းပယ် နေတော့၏။

'ဟင့်အင်း..ဟင့်အင်း၊ မရဘူး...မရဘူး၊ ဒီကိစ္စကို ကျွန်မအဖေကို ပြောပြီးမှဖြစ်မှာ'

'မင်းအဖေက သဘောမတူရင်ကော၊ သဘောတူနိုင်စရာကော အကြောင်းရှိလို့လား၊ မင်းပဲ စဉ်းစားကြည့်ပါဦး'

'အဲဒီတော့ ကျန်းဟူကျင်းဆိုတဲ့ သရဲတစ္ဆေ နတ်မိစ္ဆာကလေးနဲ့ ကျောက်မိန်ဆိုတဲ့ ကဝေကလေးပဲ လုပ်ရတော့မှာပေါ့'

ဟူကျင်းသည် ကျောက်မိန်၏ အဆုံးစွန်သော အသောထားများကို ကြားလိုက်ရသောအခါ တစ်ဟားဟားဖြင့် အော်ရယ်မိရှာ၏။





ထိုစဉ် သူတို့ လုံးဝ မျှော်လင့်မထားသော အသံတစ်သံကို ကြားလိုက်ကြရသည်။

'မင်းသမီးလေး...ဘုန်းကြီးတို့က မင်းသမီးလေးကို ပြန်ပို့ပေးဖို့ စောင့်နေကြပါတယ်'

ထိုအသံသည် အလွန်ကြည်လင် ပြတ်သားလှပြီး တစ်တောလုံး ဟိန်းထွက်သွားသကဲ့သို့ ထင်မှတ်ရပေသည်။ ထို့ကြောင့် ထိုလူသည် အတွင်းအား အလွန် ပြည့်ဝသည့် လူတစ်ယောက်ဖြစ်ကြောင်း သံသယရှိရန် မလိုတော့ပေ။

ဟူကျင်းသည် တစ်ချက်မျှ တုန်လှုပ်သွားမိသည်။ ကျောက်မိန်၏လက်ကို ဆွဲကာ ဂူအပြင်သို့ ခုန်ထွက်လိုက်သည်။ ထိုအခါ ကျူမှ ဂူနှင့် မနီးမဝေးတွင် အနီရောင်သင်္ကန်းများ ဝတ်ရုံထားကြသော ဘုန်းကြီးသုံးပါးကို တွေ့လိုက်ကြရတော့၏။ ဘုန်းကြီးတစ်ပါးသည် ရှေ့သို့ တစ်လှမ်းတက်ကာ အရိုအသေပေးသည်။ တဆက်တည်းပင် နှုတ်ကလည်း ပြောလိုက်၏။

'မင်းသမီးလေး...ဘုန်းကြီးတို့က အရှင်ကြီးရဲ့ အမိန့်အရ မင်းသမီးလေးကို လာကြိုကြတာပါ၊ မင်းသမီးကလေးကလဲ ဘုန်းကြီးတို့နဲ့ ပြန်လိုက်ခဲ့ဖို့ အသင့်ပြင်ပါတော့'

ကျောက်မိန် ကိုယ်တိုင်ပင် သည်ဘုန်းကြီး သုံးပါးကို တစ်ကြိမ် တစ်ခါမျှ မတွေ့ဖူးခဲ့ပေ။ သူမသည် ဟူကျင်းအား ငဲ့

www.burmeseclassic.com

www.burmeseclassic.com



စောင်းကြည့်လိုက်အောအခါ ဟူကျင်းမျက်မှောင်ကုတ်နေသည်ကို တွေ့လိုက်ရသဖြင့် လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

'ဟူကျင်း…ဒီ ဘုန်းကြီးတွေဟာ သိပ်ဖြေရှင်းရခက်တာ၊ သူတို့ကို ရှင်းပြလို့လဲ လက်ခံတာ မဟုတ်ဘူး၊ တစ်ဘက်က စေခိုင်းလိုက်တာကိုပဲ တသဝေမတိမ်း ဆောင်ရွက်တတ်ကြတယ်'

ဟူကျင်းက ခေါင်းညိတ်ပြလိုက်သည်။ ကျောက်မိန်ကမူ အတန်ကြာမျှ စဉ်းစားနေပြီးမှ စိတ်ပိုင်းဖြတ်သော အသံဖြင့် ရတ်တရက် ပြောချလိုက်သည်။

'ဘကြီး ရက်စွန်း ဘယ်မှာ ရှိတယ်ဆိုတာကို အခု ကျွန်မ ရှင့်ကို ပြောပြလိုက်မယ်၊ ရှင့်ဖာသာ ရှင် သွားကယ်တော့၊ ကျွန်မ အပေါ်မှာ ရှင် သစ္စာရှိသလား၊ မရှိဘူးလား ဆိုတာကတော့ ရှင့်စိတ်၊ ရှင့်သဘောပဲ'

ကျောက်မိန်၏ ရည်ရွယ်ချက်ကို ဟူကျင်း ကောင်းကောင်း သိသည်။ ကျောက်မိန်သည် ဟူကျင်းတစ်ယောက်တည်း ထွက်ပြေးလျှင် လွယ်ကူစွာ လွတ်မြောက်နိုင်ကြောင်း သိသည်။

သူမကိုပါ အပါခေါ်ထွက်ပြေးလျှင် မည်သို့မျှ လွယ်ကူလိမ့်မည် မဟုတ်ပေ၊ သူမအတွက်ဖြင့် မိမိ ဒုက္ခမရောက်စေလိုခြင်းကြောင့် ဤစကားများ ပြောနေခြင်းကို ဟူကျင်း ရင်ထဲမှ သိနားလည်နေမိ၏။



ယခုအချိန်တွင် ဟူကျင်းအနေဖြင့် ကျောက်မိန်ကို မခွဲခွာရက်တော့ချေ။ ထို့ကြောင့် ကျောက်မိန်၏ စကားကို လုံးဝ လက်မခံဘဲ ပြောလိုက်သည်။

'ကျောက်မိန် စိတ်မပူနဲ့၊ ငါ အတင်းထိုးဖောက်ပြီး ထွက်နိုင်ပါတယ်၊ မင်းကို သူတို့နဲ့ ဘယ်ထားခဲ့မလဲ'

ဟူကျင်း၏ စကားကြောင့် ကျောက်မိန်၏ ရင်၌ အေးချမ်းကြည်နူးမှုကို ခံစားလိုက်ရသည်။ ကျောက်မိန်သည် ဘုန်းကြီးများဘက်သို့ လှည့်၍ မေးလိုက်သည်။

'ကျွန်မအဖေ အခု ဘယ်မှာလဲ'

ဘုန်းကြီးတစ်ပါးက ဖြေလိုက်သည်။

'အရှင်ကြီးက တောင်ခြေမှာ စောင့်နေပါတယ်၊ မင်းသမီးရဲ့ ဓာတ်ရာအခြေအနေကို အရှင်ကြီးက သိပ်သိချင်နေပါတယ်'

ထိုအခါ ကျောက်မိန်သည် ဟူကျင်းဘက်သို့ လှည့်ကြည့်ရင်း ပြောလိုက်သည်။

'ကဲ…ဒီလိုဆိုရင်လဲ ကျွန်မတို့ လိုက်သွားကြစို့'

သူမ ဤသို့ ပြောလိုက်ခြင်းမှာ ရည်ရွယ်ချက်ရှိလာသည်။ ဤနေရာမှ ထွက်ပြေးလျှင် အခွင့်အလမ်းလုံးဝ မသာသဖြင့် ပြီး

www.burmeseclassic.com

www.burmeseclassic.com



လမ်းသာမည့် နေရာသို့ရောက်ရှိရန် ပရိယာယ် သုံးလိုက်ခြင်းသာ ဖြစ်သည်။

သို့သော် ဘုန်းကြီးသုံးပါးတို့က ဟူကျင်းကို သူတို့နှင့် အတူ လိုက်ပါခွင့် လုံးဝမပေးကြဘဲ ကျောက်မိန် တစ်ယောက်ကိုသာ ခေါ်သွားရန် ပြင်ဆင်ကြသည်။

ထို့ကြောင့် ဟူကျင်းသည် အချည်းနှီး အချိန်ကုန် မခံတော့ဘဲ သူက စတင်ထိုးဖောက် တိုက်ခိုက်တော့၏။

ဘုန်းကြီးတစ်ပါးက လက်သီးဖြင့် ဟူကျင်း၏ ရင်ဝကို ထိုးလိုက်သည်။ ဟူကျင်းက ခုန်ရှောင်လိုက်သည်။ ထိုအခါ အောက်ခြေမှ အေးစက်သော အားလှိုင်း တစ်ခုက လာရောက်ရိုက်ခတ်သည်ကို ခံစားလိုက်ရတော့သည်။

ဟူကျင်းက လက်ဝါးဖြင့် ပြန်ရိုက်ထုတ်လိုက်အောအခါ အေးစက်သော အားလှိုင်းသည်ရုတ်တရက် ပူပြင်းသော အားလှိုင်း အဖြစ်သို့ ပြောင်းသွားပြန်၏။ အဲလို...သည် ဘုန်းကြီးများသည် အပူနှင့် အအေးအားလှိုင်း နှစ်ခုစလုံးကို လေ့ကျင့်ထားကြသူများ ဖြစ်ကြချေသည် တကား။

ဟူကျင်းသည် မိမိအားရိုက်ခတ်လာသော အားလှိုင်း အရှိန်ကိုပင် အသုံးပြု ခုန်ထွက်လိုက်ကာ ကျောက်မိန်ကို ပွေ့ချီပြီး ပြေးထွက်သွားတော့သည်။



သို့သော် ဘုန်းကြီးနှစ်ပါးက သူ့ရှေ့တွင် တားထားလိုက်ကြပြီး တစ်ပါးက လက်ဝါးတစ်ချက် တွန်းထုတ်လိုက်သည်။ ဟူကျင်းကလည်း သူ၏ လက်ဝါးကို တွန်းထုတ် ခုခံလိုက်ရတော့၏။

ထိုအခါ လက်ဝါးနှစ်ခု ပူးကပ်သွားကြတော့သည်။ ကျန်ဘုန်းကြီးနှစ်ပါးက ဟူကျင်းနှင့် အတွင်းအားချင်း ပြိုင်နေသော ဘုန်းကြီး၏ နောက်ကျောတွင် သူတို့၏ လက်ဝါးများကို ဖိကပ်ထားလိုက်ကြသည်။ သုံးယောက်နှင့် တစ်ယောက်အတွင်းအား ပြိုင်ကြခြင်းပင် ဖြစ်တော့သည်။

ဟူကျင်း၏ နေစကြာအတွင်းအား သိုင်းကျင့်စဥ်မှာ အတွင်းအားသိုင်းပညာရပ်များအနက် အကောင်းဆုံးသော အနက်နဲဆုံးသိုင်းကျင့်စဥ်ကြီးဖြစ်၍ ယခု ဘုန်းကြီးသုံးပါးတို့သည် အတွင်းအား အလွန်ပြည့်ဝလှသည် မှန်သော်လည်း နေစကြာသိုင်းကျင့်စဥ်ကိုတော့ တုဘက်ပြိုင်ရန် မတတ်နိုင်ခဲ့ချေ။

အတွင်းအားပြိုင်ချိန် ကြာလာသောအခါ ဘုန်းကြီးသုံးပါးစလုံး၏ မျက်နှာတစ်ခုလုံး ချွေးသီးချွေးပေါက်ကြီးများ ယိုစီးကျလာပြီး ဦးခေါင်းထိပ်မှလည်း အခိုးအငွေ့များ ထောင်းထောင်းထွက်လာတော့၏။

ဟူကျင်းသည် မိမိ၏ အတွင်းအားကို ဤဘုန်းကြီးများ မယှဥ်နိုင်ကြောင်း တွေ့ရှိလာရပြီ ဖြစ်သဖြင့် အလွန်အားတက်သွား

www.burmeseclassic.com



၏။ အချိန်အနည်းငယ် ကြာသည်နှင့် ဤဘုန်းကြီးများ အားပြတ်လဲကျရပေတော့မည်။ သို့သော် ဤမျှ အရေးကြီးသော အချိန်တွင် လူတစ်ယောက်၏ ခြေသံကို ရုတ်တရက် ကြားလိုက်ရပြီး မိမိအား လက်ဝါးစောင်းဖြင့် ခုတ်လိုက်သည်ကို သိလိုက်ရတော့သည်။

ဟူကျောင်းသည် အလွန် ထိတ်လန့်တုန်လှုပ်သွားသည်။ မိမိ၏ လွတ်နေသော ဘယ်လက်ဖြင့် နောက်ပြန်ရိုက်ပြီး တိုက်ခိုက်လာသော လက်ဝါးစောင်းကို ခုခံကာကွယ်ရန် စိတ်ကူးလိုက်မိသည်။ မည်မျှ စိတ်ကူးမိသော်လည်း ဤအတိုင်း ဆောင်ရွက်ရန် မည်သို့မျှ မဖြစ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် သူ၏ တစ်ကိုယ်လုံး အားများကို ညာဘက်လက်တွင် စုပြုံထားပြီး၊ ဘုန်းကြီးသုံးပါးတို့ ခုခံတိုက်ခိုက် နေရသောကြောင့် ဖြစ်ပေသည်။

ဘယ်လက်တွင် မဆိုစလောက်သော အင်အားသာ ကျန်ရှိနေသည်။ ထိုလက်ဖြင့် နောက်ဘက်မှ တိုက်ခိုက်လာသည့် လက်ဝါးစောင်းကို မည်သို့ ခုခံနိုင်ပါမည်နည်း။

ထိုသို့ မခုခံ နိုင်သောကြောင့် အလွန်အေးစက်လှသော အားလှိုင်း တစ်ခုသည် သူ၏ ဘယ်လက်မှတစ်ဆင့် သူ၏ ရင်ဝအထိ ရုတ်တရက် ရိုက်ခတ်လာကြောင်း ခံစား သိရှိလိုက်ရတော့သည်။ ဟူကျောင်းသည် လုံးဝ မခံနိုင်တော့ဘဲ ဝုန်းခနဲ လဲကျသွားရတော့လေသည်။



လူရိပ်တစ်ခုသည် ဟူကျောင်း လဲကျသွားသည့် နေရာသို့ ထပ်မံ ခုန်အုပ်လိုက်ကြောင်း တွေ့လိုက်ရတော့၏။ ကျောက်မိန်သည် အသံကုန် အော်ဟစ်ပြီး တားမြစ်လိုက်သည်။

'လုကျုန့်…ရပ်လိုက်'

ဟူကျောင်းအား ချောင်းမြောင်းတိုက်ခိုက် သူကား လက်ဝါးစောင်း လုကျုန့်.. ဖြစ်နေသတည်း။

ကျောက်မိန်သည် ဟူကျောင်း၏ ခန္ဓာကိုယ်အား မိမိ၏ ခန္ဓာကိုယ်ဖြင့် ကာကွယ်ထားလိုက်ပြီး ဒေါသတကြီး အော်ဟစ်နေသည်။

'သူ့ကို ဘယ်သူ ထိရဲသလဲ၊ ထိရဲရင် ထိကြည့်စမ်း'

လုကျုန့်သည် သူ၏ လက်ဝါးစောင်းဖြင့် ဟူကျောင်းအား တစ်ချက်မျှ ထပ်ရိုက်လိုက်လျှင် ဟူကျောင်းအသက် ထွက်သွားတော့မည်ကို ကောင်းစွာသိသည်။ သို့သော် ကျောက်မိန်က ရှေ့မှ ကာဆီးထားသဖြင့် ဟူကျောင်းအားထပ်ရိုက်ရန် အခွင့်မသာတော့ဘဲ ဖြစ်သွားတော့သည်။ ထို့ကြောင့် နောက်သို့ ဆုတ်လိုက်ရသည်။ ပြီး နောက်စူးရှကျယ်လောင်လှသော လေချွန်သံ တစ်ချက်ပေးလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီပင် မြင်းသုံးစီးဖြင့် လူသုံးယောက် ဒုန်းစိုင်းရောက်ရှိလာတော့သည်။ တစ်ယောက်မှာ ကော့ပီ၊ တစ်ယောက်မှာ မင်းဝမ်ပေါင်၊ နောက်ဆုံး ဆစ်ယောက်မှာ စစ်သေနာပတိချုပ်ကြီး ဟာမာပူရီပင် ဖြစ်တော့သည်။

ဟာမာပူရီသည် သူ၏ သမီး ကျောက်မိန်အား တွေ့လိုက်ရသောအခါ မျက်မှောင်ကုတ်၍ မေးလိုက်သည်။ သူ၏ အသံသည် သြဇာ အာဏာ ပြည့်ဝ လှသဖြင့် ကျောက်မိန့်ပင် ထိတ်ခနဲ ဖြစ်သွားမိသည်။

'သမီး...ကျောက်မိန် ဘာဖြစ်လို့ မင်းအစ်ကိုရဲ့ စကားကို နားမထောင် ရတာလဲ၊ ကိုယ့်အစ်ကို,ကို ဒီလိုပဲ ကလန်ကဆန် လုပ်ရသလား'

ကျောက်မိန်သည် သူမ၏ ဖခင်ကြီးကို တွေ့ရသောအခါ မျက်ရည်စက်လက်ဖြင့်...

'အဖေက...သူများတွေကို ခေါ်ပြီး အနိုင်ကျင့်ခိုင်းတာပေါ့ ဟုတ်လား'

ဟာမာပူရီသည် မြင်းပေါ်မှ အောက်သို့ ဆင်းလိုက်သည်။ ကျောက်မိန်သည် ဓားမြှောင်းတစ်ချောင်းကို လျင်မြန်စွာ ဆွဲထုတ်လိုက်ပြီး၊ သူမ၏ ရင်ဝကိုထောက်ထား လိုက်ရင်းသူမ၏ ဖခင်ကြီးအား လှမ်းပြောလိုက်သည်။



'အဖေ... သမီးအနား မကပ်ပါနဲ့နော်...အဖေ၊ သမီးရဲ့ ဆန္ဒကို မလိုက်လျောဘူး ဆိုရင်တော့ သမီး အဖေ့ရှေ့မှာပဲ သတ်သေပြလိုက်မယ်...သမီးသွေမကြောင်ဘူးဆိုတာ အဖေ သိတယ် မဟုတ်လား'

ဟာမာပူရီသည်သတ္တိအရာ၌ ပြိုင်စံရှား ကျော်ကြားလှသူ ဖြစ်သော်လည်း သမီးကို ချစ်သည့်စောဖြင့် ထိတ်လန့် တုန်လှုပ်သွားကာနောက်သို့ ခြေတစ်လှမ်း ဆုတ်သွားမိတော့၏။ စိုးရိမ်တကြီးဖြင့် လှမ်းတားမြစ်လိုက်သည်။

'ဟဲ့...သမီး...စကား ကောင်းကောင်းပြောပါ၊ ဓားတွေဘာတွေနဲ့ လုပ်မနေပါနဲ့၊ သမီးက ဘာလိုချင်လို့လဲပြော၊ အဖေတတ်နိုင်တာဆို ဆောင်ရွက်ပေးမယ်'

ကျောက်မိန်သည် သူ့ပခုံးမှ အကျီစကို ဆွဲဖြဲလိုက်ပြီး ပတ်တီးကို ဖြေပြလိုက်သည်။ လက်ငါးချောင်း၏ အပေါက်များမှာ ထင်ရှားစွာ ဖွေ့နေရသည်။

ဟာမာပူရီသည် သူ့သမီးက သူနှင့် အဆင်ပြေပြေ စကားပြောနေနိုင်သည်ကို တွေ့လိုက်ရသဖြင့် ကြီးကျယ်သော ဒဏ်ရာများမရှိဟု မှတ်ထင်ထားခဲ့မိသည်၊ ယခုမူ ညှိုးမြွ ပြင်းထန်သော ဒဏ်ရာကြီးကို တွေ့လိုက်ရသောအခါ အလွန်ထိတ်လန့် ချောက်လှုပ်သွားပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ဒါ...ဒါ ဘယ်လိုဖြစ်တာလဲ။ ဘယ်သူလုပ်လို့ ဒီလောက်ကြီးကျယ်တဲ့ဒဏ်ရာကြီး ရခဲ့တာလဲ၊ ပြောစမ်း'

ကျောက်မိန်သည် လုကျုန့်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

'ဒီလူ...လူကောင်း မဟုတ်ဘူး အဖေ၊ ဒီလူ...လူယုတ်မာ၊ သမီးကို အဓမ္မကျင့်ဖို့ ကြိုးစားတယ်၊ သမီးက သူ့ အလိုမတူတော့ သူ...သူက ဒီလို လက်နဲ့ ထိုးစိုက်လိုက်တာပဲ၊ အဖေ ဒီကိစ္စကို တရားသဖြင့် ဖြစ်အောင် စီရင်ပေးပါ'

လုကျုန့်သည် ကျောက်မိန်၏ စကားများကိုကြားလိုက်ရသောအခါ လန့်ဖျပ်သွားသည်။ သူ၏အန္တရာယ်ကိုလည်း ကြိုမြင်လိုက်သည်။ ထို့ကြောင့် ကမန်းကတန်းပင် ဖြေရှင်းချက်ထုတ်ရန် ကြိုးစားမိသည်။

'အရှင်ကြီး...ကျွန်တော်မျိုးအနေနဲ့ မင်းသမီးလေးကို ဒီလို မစော်ကားရဲပါဘူး၊ ဒီလို ကိစ္စမျိုးကို မင်းသမီးလေး အပေါ်မှာ တစ်သက်လုံး မလုပ်ရဲပါဘူး'

ဟာမာပူရီသည် ဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် လုကျုန့်အားဒေါသတကြီး စိုက်ကြည့်နေသည်။ သူ အင်မတန် ချစ်လှသော သမီးကို စော်ကားသည်ဟု လေသံကြားလိုက်ရုံမျှပင် ထိုသူ့အဖို့ သေဒဏ် ထိုက်သင့်နေလောက်ပြီ။



ဟာမာပူရီ၏ စကားသံများသည် တစ်လုံးချင်းအေးဆေးစွာ ထွက်လာသည်။ သို့သော် ထိုအေးဆေးမှု၏ နောက်ကွယ်တွင် သေမင်း ရှိနေပေသည်။

'လုကျုန့်...မင်းဟာ တယ် အတင့်ရဲပါလား၊ အရင်တစ်ခါ ငါ့ရဲ့ မိန်းမအငယ်ဆုံး တစ်ယောက်ကိုလဲ မင်း စော်စော်ကားကား လုပ်ခဲ့တယ်၊ ငါခွင့်လွှတ်ခဲ့တယ်၊ အခု မင်းက ငါ့ရဲ့သမီးကိုတောင် စော်ကားချင်ပြန်ပြီပေါ့လေ၊ ဖမ်းလိုက်ကြစမ်း ဒီငမိုက်သားကို'

ထိုအချိန်တွင် ဟာမာပူရီ၏ တပ်ဖွဲ့များသည် ဟာမာပူရီ၏ နောက်ဘက်၌ ရှိနေကြပြီဖြစ်ရာ အမိန့်သံကို ကြားလိုက်ရသည်နှင့် လုကျုန့်တို့အား ချက်ချင်း ဝိုင်းလိုက်တော့သည်။

လုကျုန့်သည်ရုတ်ခြည်းသဘောပေါက်သွားတော့သည်။ ယခုအချိန်တွင် သူ မည်မျှ ပြေလည်အောင် ရှင်းပြသည်ဖြစ်စေ ဟာမာပူရီ အနေဖြင့် လက်ခံတော့မည် မဟုတ်ကြောင်း ကောင်းစွာ နားလည်သွား၏။ ထို့ကြောင့် သူ၏ ဂိုဏ်းတူညီ ကော့ပိအား မျက်ရိပ်တစ်ချက်ပြလိုက်ပြီး လှည့်ထွက်ပြေးသွားတော့သည်။ ကော့ပိသည်လည်း လုကျုန့် နောက်မှ ထက်ကြပ်မကွာ ထွက်ပြေးလိုက်ပါသွားတော့သည်။

www.burmeseclassic.com



ဟာမာပူရီ၏ သက်တော်စောင့် တပ်သားများသည်လည်း ဤလက်ဝါးစောင်း အဘိုးကြီးနှစ်ယောက်၏ အစွမ်းကို ကောင်းစွာ သိရှိထားသူများဖြစ်ရာ တကယ်တမ်း လိုက်မဖမ်းရဲကြဘဲ ဟန်ဆောင် ချောက်လှန့်ရုံသာ လိုက်ဖမ်းကြသည်။

ထို့ကြောင့် လုကျန်နှင့် ကော့ပိတို့သည် တဖြည်းဖြည်း ဝေးကွာ ပျောက်ကွယ်သွားတော့၏။

ဟာမာပူရီသည် ကျောက်မိန်အား ပြော ိုက်သည်။

'သမီး...သမီးရဲ့ ဒဏ်ရာက သိပ်ကြီးနေတယ်၊ အဖေနဲ့ ပြန်လိုက်ခဲ့ပါ အဖေ ဆေးကုပေးမယ်၊ ပျောက်သွားတဲ့အခါ သမီး သဘောကျ ပြန်နေပေါ့'

ကျောက်မိန်သည် ဟူကျင်းကို လက်ညှိုးထိုးပြကာ...

'အဖေ...သူကသာ သမီးကို လုကျန့်လက်ထဲက ကယ်ပေးခဲ့တဲ့သူပါ၊ အခု သမီးတို့ သူနဲ့အတူတူ ကိစ္စတစ်ခု ဆောင်ရွက်စရာ ရှိနေပါတယ်၊ ဒီကိစ္စပြီးရင်တော့ သမီးက သူနဲ့ အတူတူ အဖေ့ကို လာတွေ့ပါမယ်'

ဟာမာပူရီသည် သူ့သမီးလေး၏ လေသံ၌ ကျန်းဟူကျင်း ဆိုသော လူငယ်နှင့် လက်ထပ်လိုသည့် အရိပ်အယောင်များပါနေသည်ကို သိလိုက်မိသည်။ ထို့ကြောင့်ဟာမာပူရီသည် ခေါင်းတယမ်းယမ်းဖြစ်သွားမိသည်။



သည်ကျန်းဟူကျင်း ဆိုသော လူငယ်သည် မွန်ဂိုများကို တော်လှန်တိုက်ခိုက်နေသည့် အလင်းမာန်ဂိုဏ်းကြီး၏ ဂိုဏ်းချုပ်ကြီး တစ်ယောက် မဟုတ်ပါလား။ မိမိတို့၏ အဓိကရ ရန်သကြီးတစ်ယောက်နှင့် မိမိ၏ သမီးလက်ထပ်ထိမ်းမြားရေးသည် အဘယ်သို့ ဖြစ်မြောက်နိုင်ပါမည်နည်း။

သို့သော် ဟာမာပူရီသည် အတွေ့အကြုံ ကြွယ်ဝသူ ဖြစ်သဖြင့် သမီးဖြစ်သူ ကျောက်မိန်၏ အလိုကို တိုက်ရိုက် ဆန့်ကျင်မပြောဘဲ ချော့မော့၍ ခေါ်သည်။

'အခု သူ့ကို အဖေတို့နဲ့ အတူတူ မြို့ပေါ်ကိုသာ အတူလိုက်ခိုင်းလိုက်ပါ၊ ဟိုရောက်ရင် အဖေ ကြည့်ပြီး စီစဉ်ပေးမှာပေါ့၊ သမီးလဲ ကောင်းကောင်း ဆေးကုနိုင်တာပေါ့'

သက်တော်စောင့် လေးယောက်တို့သည် ဟာမာပူရီ၏ စကားဆုံးသည်နှင့် ဟူကျင်းအားတွဲခေါ်ရန် အနားသို့ ရောက်ရှိလာတော့သည်၊ ထိုအခါ ကျောက်မိန်သည် မျက်ရည်များ တွေတွေကျဆင်းလာပြီး သူမ၏ ဖခင်ကြီးအားလှမ်းပြောလိုက်သည်။

'အဖေ...အဖေက သမီးသေတာကို တကယ်မြင်နေချင်ပြီပေါ့ ဟုတ်လား'

ကျောက်မိန်သည် ပြောပြောဆိုဆိုဖြင့် ဓားမြှောင်ကို အာက် သို့ အနည်းငယ် ထိုးစိုက်လိုက်သည်။ ဓားများသည်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ အနည်းငယ် စိုက်ဝင်သွားပြီး ရင်ဝမှ သွေးများ ယိုစီးကျလာကာ သွေးချင်းချင်း နီရဲသွားတော့၏။

ဟာမာပူရီသည် အလန့်တကြား အော်ဟစ် တားမြစ်လိုက်သည်။

'သမီး...မလုပ်နဲ့'

ကျောက်မိန်က ငိုကြွေးရင်းမှ...

'အဖေ.. သမီး အမိုက်မကို ခွင့်လွှတ်ပါတော့၊ အမေ သေသွားတော့ ခွင့်ပြုချက် မရဘဲနဲ့ သမီး သူနဲ့ အိမ်ထောင်ပြုပြီး သွားပါပြီ၊ ခုဆိုရင် သမီးမှာ ပဋိသန္ဓေတောင် ရှိနေပါပြီ၊ အဖေ သူ့ကို သတ်မယ်ဆိုရင် သတ်ပါ သူ့ကို သတ်ပြီးတာနဲ့ သမီးကိုပါ သတ်လိုက်တော့' ဟု ရှိုက်ငင်ရင်း ပြောလိုက်တော့၏။

သူမ၏ စကားများကို ကြားလိုက်ရသောအခါ ဟာမာပူရီနှင့်ဝမ်ပေါင်တို့သာမက အားလုံးသော လူများ ထိတ်လန့် တုန်လှုပ်သွားကြတော့သည်။ ဟူကျင်းမှာမူ မိမိ၏ အံ့ဩမှုကို မည်သို့မျှ ထုတ်ဖော်ပြရန် မတတ်နိုင်အောင် ဖြစ်သွားရသည်။

ဩော်...မိမိအပေါ် အချစ်ကြီးလွန်းလှသော မှန်ဂိုမင်းသမီးကလေး တစ်ပါးပါကလား။



ကျောက်မိန်သည် သူမ အရှက်တကွဲ အကျိုးနည်း ဖြစ်ရမည့် စကားများကို လုံးဝ ဂရုမစိုက်။ မိမိ၏ အသက်အန္တရာယ်လွတ်မြောက်ရေးကိုသာ အစွမ်းကုန် ကာကွယ်နေကြောင်း ဟူကျင်းသိသည်။ မိန်းကလေးတစ်ယောက်၏ အရှက်ကို ထိခိုက်စေမည့်ဤသို့သော ကာကွယ်နည်းမျိုးဖြင့် မိမိအား ကယ်တင်လိမ့်မည်ဟု လုံးဝ မထင်မှတ်ခဲ့ချေ။

ဟာမာပူရီသည် ဒေါသ ထွက်သွားသဖြင့် သူ၏ ခြေထောက်ကို မြေကြီးပေါ်သို့ ဆောင့်ချရင်း မေးလိုက်သည်။

'သမီး...တကယ်ပြောနေတာလား'

ကျောက်မိန်က ရှိုက်ရင်း ပြန်ပြောလိုက်သည်။

'ဒီလောက် ရှက်စရာကောင်းတဲ့ကိစ္စမျိုးကိုသမီး ဘယ်ပြောချင်ပါ့မလဲ အဖေ၊ မတတ်နိုင်တော့တဲ့ အခြေအနေမျိုးမို့လို့ ဖွင့်ပြောရတာပါ၊ မဟုတ်ဘဲနဲ့ သမီးဟာ ကိုယ့်အရှက်ကို ခွဲပြီး လျှောက်ပြောနေပါ့မလား၊ သမီးမိုက်ကို ခွင့်လွှတ်ပါတော့ အဖေ'

ဟာမာပူရီ၏ မျက်နှာတစ်ခုလုံး ဇောချွေးများ ပြန်နေတော့သည်။ ဒေါသဖြစ်ခြင်း၊ နာကြည်းခြင်း၊ ကရုဏာဒေါသော ဖြစ်ခြင်း၊ သနားခြင်းတို့ဖြင့် လွှမ်းခြုံနေသော ဝေဒနာကို အံတင်းတင်းကြိတ်၍ ခံစား နေရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် စစ်ပွဲအလီလီကို အောင်မြင်စွာ တိုက်ခိုက်နိုင်ရန် ဦးဆောင်ခဲ့သည်။ စစ်ပွဲများ၌ ဖြစ်ပေါ်လာသော အခက်ခဲများကို တစ်လှာချင်း တစ်ကန့်ချင်း ပြေလည်အောင် ဖြေရှင်းပေးခဲ့သည်။ သို့သော် ယခုကဲ့သို့သော ချစ်သမီးကလေး၏ ပြဿနာမျိုးကို တစ်နေ့နေ့တွင် ဖြေရှင်းပေးရလိမ့်မည်ဟူ၍ အိပ်မက်ပင် မမက်ခဲ့မိချေ။

ယခုကဲ့သို့ ဖြေရှင်းရခက်သော ကိစ္စမျိုးနှင့် သူ၏ ဦးနှောက်ကို မည်သို့မျှ အသုံးမချနိုင်အောင် ဖြစ်ပြီး၊ ဦးခေါင်း တယမ်းယမ်းဖြင့် စိတ်ပျက် ညည်းညူနေမိတော့၏။ ဝမ်ပေါင်က ဝင်၍ ပြောလိုက်သည်။

'ညီမလေး…မင်းနဲ့ ကျန်းဟူကျင်း နှစ်ယောက်စလုံး ဒီဏ်ရာ ရနေကြတယ်မဟုတ်လား၊ အခု လောလောဆယ် အဖေနဲ့အတူတူ ပြန်ပြီး ဒဏ်ရာကို ပျောက်အောင် ကုလိုက်၊ နောက်တော့မှ အဖေ ကိုယ်တိုင် ဦးစီးပြီး မင်္ဂလာပွဲကို ကျင်းပပေးမယ်၊ ဒီလိုဆိုရင် အဖေလဲ စိတ်ချမ်းသာသွားမယ်၊ ညီမလေးနဲ့ ကျန်းဟူကျင်းလဲ ကျန်းကျန်းမာမာနဲ့ အလိုပြည့်သွားကြမယ်၊ ဒီ အကြံအစည် မကောင်းဘူးလား'

ဝမ်ပေါင်၏ စကားသည် ယုတ္တိယုတ္တာရှိပြီး၊ ကျိုးကြောင်း ညီညွတ်သည်မှာ မှန်၏။ သို့သော်…သူတို့သည် အလိမ္မာသတ်၍ ပြန်ခေါ်နေခြင်းသာ ဖြစ်ကြောင်း ကျောက်မိန်သိသည်။





ဟူကျင်းသာ သူတို့လက်ထဲရောက်သွားလျှင် မည်သို့မျှအသက်ရှင်နိုင်ရန် လမ်းမရှိတော့ကြောင်း ကောင်းကောင်းသိသည်။ ကျောက်မိန် ကိုယ်တိုင်က မှန်ကိုမိန်းကလေး ဖြစ်သဖြင့် ယုံအလက်ခံရန် စိတ်မကူးပေ။ ထို့ကြောင့် ကျောက်မိန်က…

'အဖေ… သမီးအဖို့ ဒီအခြေအနေ ရောက်နေမှတော့ သမီးဟာ သူ့နောက်ကိုပဲ လိုက်ရတော့မှာပါ၊ ဒီတော့ နည်းလမ်းနှစ်သွယ်ပဲ ရှိပါတယ် အဖေ၊ အဖေ့ အနေနဲ့ သမီးတို့နှစ်ယောက်စလုံးကို လွှတ်ချင်လွှတ်၊ မလွှတ်ချင်ဘူးဆိုရင်တော့ သမီးတို့ နှစ်ယောက်စလုံး ဘယ်မှ မလိုက်ဘူး၊ ဒီနေရာမှာပဲ သေလိုက်တော့မယ်'

ဟာ့မာပူရိသည် ဒေါသဖြင့် အော်လိုက်သည်။

'သမီးပြောတာ လွယ်လှချည်လား၊ သေသေချာချာ စဉ်းစားစမ်း၊ သမီးသာ ဒီကောင်နဲ့ လိုက်သွားရင်တော့ သမီးဟာ ငါ့ရဲ့သမီး မဟုတ်တော့ဘူး၊ ငါ့ကို အဖေလို့လဲ မခေါ်နဲ့တော့ နားလည်ရဲ့လား'

ကျောက်မိန်သည် ရဲရင့်ပြတ်သားသည့် မိန်းကလေး ဖြစ်သော်လည်း အဖေဖြစ်သူနှင့် အစ်ကိုဖြစ်သူတို့အား အလွန် ချစ်ခင်တွယ်တာသည့် မိန်းကလေး တစ်ယောက်ဖြစ်ပေသည်။

တကယ်တမ်းအားဖြင့် အဖေနှင့် အစ်ကိုတို့နှင့် ခွဲခွာရက်သူ မဟုတ်ချေ။ သို့သော်…ယခုအခြေအနေ၌ သူမကသာ တစ်ချက်ကလေးယိမ်းယိုင် သွေဝေသွားလျှင် မိမိ၏ နှလုံးသားများကို ပုံ၍

www.burmeseclassic.com

www.burmeseclassic.com



ချစ်ရသူ အသက်ဆုံးရှုံးသွားရချေတော့မည်။ ထို့ကြောင့် ယခုလောလောဆယ်အခြေအနေတွင် ချစ်သူကို ကယ်တင်ပြီးမှ အဖေနှင့်အစ်ကိုတို့ကို နောက်မှ ဝန်ချတောင်းပန်ရန် ဆုံးဖြတ်လိုက်တော့သည်။

'အဖေ...အစ်ကို၊ ကျွန်မကို ခွင့်လွှတ်ပါတော့၊ အမိုက်မကို ခွင့်လွှတ်ပါတော့၊ ကျွန်မ မွေးတဲ့မိးပါ၊ ကိုယ်မွေးတဲ့မီးကြောင့် ကိုယ်အလောင်ခံရတာကို သမီးဘာသာပဲ ရင်စည်းခံပါရစေတော့'

ဟာမာပူရီသည် သူ၏သမီးကို မည်သို့မျှ ဖျောင်းဖျ၍ ရနိုင်တော့မည် မဟုတ်မှန်း သိလိုက်ရသဖြင့် စိတ်လျှော့လိုက်တော့သည်။

သူ့သမီးစိတ်ဓာတ်ကို သူကောင်းကောင်း သိသည်။ သူကသာ တကယ် အတင်းအကျပ်လုပ်လျှင် ကျောက်မိန် ကိုယ့်ကိုယ်ကို သတ်သေပေလိမ့်မည်။ ထို့ကြောင့် သက်ပြင်းချလိုက်သည်နှင့်အတူ မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့် စီးဆင်းလာတော့သည်။

'သမီး...သမီး စိတ်ချမ်းသာသလိုသာ လုပ်ပေတော့၊ ဖေဖေတို့ သွားတော့မယ်၊ သမီးရဲ့ ကျန်းမာရေးကိုတော့ ကောင်းကောင်းဂရုစိုက်ပါကွယ်'

ကျောက်မိန်သည် ခေါင်းကိုသာ ညိတ်ပြလိုက်ရတော့သည်။ သူမ ဖခင်ကြီး၏ကြေကွဲ ဝမ်းနည်းနေမည့် မျက်နှာကို လုံးဝမကြည့်ရဲချေ။



စစ်ပွဲအလီလီကို အောင်မြင်စွာ တိုက်ခိုက်ခဲ့သော စစ်သေနာပတိချုပ်အိုကြီးသည် သူ၏ သမီးအား အရှုံးပေးလျက် ခေါင်းငိုက်စိုက်ချကာ တောင်ကုန်းအောက်သို့ သူ၏ ကိုယ်ရံတော်တပ်ဖွဲ့များနှင့် အတူ ဆင်းသွားတော့သည်။

ကျောက်မိန်တို့နှင့် အတော်အတန် ကွာလှမ်းသောနေရာသို့ ရောက်ရှိလာသောအခါမှ ဟာမာပူရီသည် သူ၏ စစ်သားများကို အမိန့်ပေးလိုက်သည်။

'ဒီမြင်းနှစ်ကောင်ကို သူတို့ကို သွားပေးလိုက်စမ်း'

သက်တော်စောင့်နှစ်ယောက်သည် မြင်းနှစ်ကောင်ကိုယူ၍ ကျောက်မိန်၏ လက်တွင်းသို့ ပေးအပ်လိုက်တော့သည်။

★ ☆ ★ ☆ ★

များမကြာမီ တောင်ကုန်းပေါ်တွင် ဟူကျင်းနှင့်ကျောက်မိန်တို့မှအပ လူဆို၍ တစ်ဦးတစ်ယောက်မျှ မရှိတော့ပေ။

ဟူကျင်းသည် တင်ပျဉ်ခွေထိုင်လျက် သူ၏ ရင်ဝ၌ ခိုအောင်းနေသည့် အအေးဓာတ်ကို ပြန်ထွက်ရန် ကြိုးစားနေရတော့သည်။ သူသည် ဝေါ့ခနဲ ဝေါ့ခနဲ သွေးမည်းများ နှစ်ကြိမ်နှစ်ခါ အံ၍ ထိုးအန်ပြီးသည့် အခါကျမှ အနည်းငယ် သက်သာရာ ရသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မိန်ကမူ ဟူကျင်း၏ မျက်နှာကို စိုးရိမ်တကြီး ကြည့်လျက်သာ ရှိနေတော့သည်။ ဟူကျင်းသည် ကျောက်မိန်၏ အတွင်းစိတ်ကို သိရှိလိုက်သဖြင့် ညင်သာသောအသံဖြင့် ပြောလိုက်သည်။

'ကျောက်မိန် ဒီတစ်ခါတော့ မင်း အဖို့ အကြီးကျယ်ဆုံး ဒုက္ခရောက်ခြင်းပဲနော်'

ကျောက်မိန်ကမူ ဟူကျင်း၏စကားကို ဂရုမစိုက်ချေ။ သူမ ပြောချင်သည့် စကားကိုသာ တွင်တွင်ပြောလိုက်တော့သည်။

'ဟူကျင်း…အခုဆို ကျွန်မ မင်းသမီးမဟုတ်တော့ဘူး၊ ရှင့် အမြင်ပဲ၊ ရှင် ကျွန်မကို ရန်သူလိုပဲ သဘောထားတုန်းပဲလား…'

ဟူကျင်းသည် ဖြည်းညင်းစွာ ထရပ်လိုက်ရင်း ပြောလိုက်သည်။

'ကျောက်မိန်…ငါတစ်ခုမေးမယ်၊ မှန်မှန်ဖြေနော်၊ ငါ့ရဲ့ တစ်ဝမ်းကွဲ ညီမ အားလီရဲ့ မျက်နှာကို ဓားနဲ့ခြစ်လိုက်တာ ဘယ်သူလဲ၊ မင်းလား…'

ကျောက်မိန်က ခေါင်းခါယမ်း ဖြေလိုက်သည်။

'ဟင့်အင်း…ကျွန်မ မဟုတ်ဘူး'

'ဒါဖြင့် ဘယ်သူလဲ'



'အခုအချိန်မှာ ရှင့်ကိုပြောပြလို့ မဖြစ်သေးဘူး၊ ဘကြီး ရှက်စွန်း ကောင်းကောင်း အဖြေပေးပါလိမ့်မယ်၊ အဲဒီတော့မှ တရားခံ ဘယ်သူလဲဆိုတာ ရှင်သိသွားမယ်'

ဟူကျင်းက တအံ့တသြ ပြောလိုက်သည်။

'ဘယ်လို…ငါ့အဖေကြီးက ဒီကိစ္စကို ဘာကြောင့်ကောင်း ကောင်း သိနေရမှာလဲ'

ကျောက်မိန်သည် ဟူကျင်း၏ အံ့သြမှုကို ထပ်မံ မဖြေရှင်း တော့ချေ။ စကားကိုသာ ဖြတ်ချလိုက်သည်။

'ဟူကျင်း…ရှင့် ဒါတွေကို စဉ်းစားမနေနဲ့ဦး အခု အရေးကြီး တာက ရှောင်လင်ဘုရားကျောင်းကို အမြန်ဆုံးရောက်အောင်သွားဖို့ပဲ၊ ပြဿနာရဲ့ အရင်းအမြစ်ဟာ ရှောင်လင်ဘုရားကျောင်းမှာရှိတယ်…'

'အေး…ဟုတ်တယ်၊ မင်းပြောသလို ပြဿနာရဲ့ အရင်း အမြစ်ဟာ ရှောင်လင်ဘုရားကျောင်းမှာ ရှိနိုင်တယ်ဆိုတာလဲ ဖြစ်နိုင် ပါတယ်၊ ဒါပေမယ့် အခုချက်ချင်းသွားဖို့လိုသလား၊ ဘာဖြစ်လို့ ရှောင်လင်ကျောင်းကို အရေးတကြီးသွားခိုင်းနေရတာလဲ'

'ရှင့်အဖေကြီး ရှက်စွန်းကို ကယ်မလို့ပေါ့'

ဟူကျင်းသည် အလွန် အံ့သြသွားသဖြင့် ပါးစပ်အဟောင်း သား ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့အဖေကြီးက ဘယ်လိုကြောင့် ရှောင်လင်ဘုရားကျောင်းထဲ ရောက်နေရတာလဲ'

ကျောက်မိန်ကမူ တိတိကျကျ သေသေချာချာ ပင်ပြောသည်။ ဤသို့ ပြောနိုင်ရန်လည်း အကြောင်း လုံလုံလောက် လောက် ရှိနေသည်။

'ဒီကြားထဲက စာတ်ရှုပ်ကြီးကိုတော့ ကျွန်မ မသိဘူး၊ ဒါပေမယ့် ဘကြီးရှက်စွန်း ရှောင်လင် ဘုရားကျောင်းမှာရှိနေတာကတော့ အသေအချာပဲ၊ ကျွန်မရဲ့ ဘက်တော်သားတစ်ယောက်က ရှောင်လင် ဘုန်းကြီးကျောင်းမှာ ဘုန်းကြီးဝတ်ပြီး သူလျှိုဝင်လုပ်နေတာ၊ သူ သတင်းပေးတာကတော့ အတိအကျပဲ၊ ဘကြီးရှက်စွန်း ရှောင်လင် ကျောင်းမှာ ရှိနေသတဲ့'

ဟူကျင်း၏ စိုးရိမ်ကြောင့်ကြမှုသည် အထွတ်အထိပ်သို့ ရောက်ရှိသွားရလေပြီ၊ ရှောင်လင်ကျောင်းနှင့် သူ့အဖေကြီးသည် မပြေသော ရန်ညိုးကြီးရှိနေခဲ့သည် မဟုတ်ပါလား။

ရှောင်လင်ကျောင်းမှတစ်ပါး အခြားမည်သည့်နေရာသို့ ရောက်ရောက် သူ့အဖေကြီးအတွက် လျော့လျော့ပေါ့ပေါ့ သက်သက်သာသာ တွက်ယူ၍ ရနိုင်သည်။ ရှောင်လင်ကျောင်းနှင့် ဆိုလျှင်တော့ လွယ်လိမ့်မည်မဟုတ်ချေ။



ထို့ကြောင့် ဟူကျင်းက ကျောက်မိန်ကို ပြောလိုက်သည်။

'ရှောင်လင်ဂိုဏ်းရဲ့ ဘုန်းတော်ကြီး ခုံးကျက်ကို ငါ့အဖေကြီးက ခုနစ်ဆင့်လက်သီးနဲ့ ထိုးလို့ ပျံလွန်တော်မူခဲ့တာ၊ ဒီပြဿနာဟာ နည်းနည်းနောနော ပြဿနာမှ မဟုတ်တာ၊ ရှောင်လင်ဂိုဏ်းက ဒီပြဿနာကို လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကတည်းက တိုက်ခိုက ဖို့ ကြိုးစားနေကြတာ၊ အကြောင်းကြောင်းကြောင့် သူတို့ မတိုက်နိုက်နိုင်ဘဲ ဖြစ်နေခဲ့ကြရတာ။ အခု ငါ့အဖေကြီး သူတို့လက်ထဲ ရောက်သွားပြီဆိုတော့ သားရဲတွင်းထဲ ကျသွားတာကမှ သက်သာရာ ရချင်ရလိမ့်ဦးမယ်၊ သူတို့ကတော့ ဘယ် အသက်ချမ်းသာခွင့် ပေးလိမ့်မလဲ'

ဟူကျဝ်းက စိတ်ကျက်လက်ပျက်ဖြင့် ရှင်းပြနေသော်လည်း ကျောက်မိန်ကမူ စိတ်လျှော့ဟန်မရှိချေ။ ဤမွန်ဂိုမင်းသမီးကလေး၌ မကုန်ဆုံးနိုင်သော အကြံဉာဏ်များ အမြဲတမ်း အဆင့်သင့် ရှိနေပုံ ရပေသည်။

'ဒါတော့ ရှင်မပူနဲ့၊ ရှင့်အဖေကြီးရဲ့ အသက်ကို ကယ်နိုင်တဲ့ ပစ္စည်းတစ်ခုတော့ရှိတယ်'

'ဘာပစ္စည်းလဲ'

www.burmeseclassic.com

www.burmeseclassic.com



'နဂါးနိုင်ဓားပေါ့'

ဟူကျင်းသည် တစ်ချက်မျှ စဉ်းစားလိုက်ပြီးမှ သဘောပေါက်သွား၏။ နဂါးနိုင်ဓားကို သိုင်းလောကသား အားလုံးက အထွတ်အထိပ် ထားကြသည်။ ထိုဓားကို မလိုချင်သူဟူ၍ သိုင်းလောကတွင် တစ်ယောက်မျှ မရှိချေ။ ထိုဓားကိုရရှိနိုင်ရန် အသက်ပေါင်းများစွာ စွန့်လွှတ်ခဲ့ကြရပြီးပြီ။

ရှောင်လင်ဂိုဏ်းသည်လည်း သိုင်းလောကတွင် မှန်ကင်းသရဖူသဖွယ် ဦးဆောင်လာခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ သူတို့သည်လည်း၎င်းနဂါးနိုင်ဓားကို ပိုင်ဆိုင်လိုကြလိမ့်မည်သာ။ ထို့ကြောင့် ဤဓား မရောက်မချင်း ရက်စွန်းကို သတ်ကြလိမ့်မည် မဟုတ်ချေ။

ကျောက်မိန်က ဆက်ပြောသည်။

'ဘကြီး ရက်စွန်းကို ကယ်တဲ့ ကိစ္စမှာ ရှင်နဲ့ ကျွန်က ထင်ထင်ပေါ်ပေါ်ကြီးဆောင်ရွက်လို့ ဖြစ်မယ် မထင်ဘူး၊ အလျှို့ဝှက်ဆုံးဆောင်ရွက်မှ ဖြစ်မှာ။ ဘာဖြစ်လို့လို့ဆိုတော့ ဘကြီးရက်စွန်း မသိတဲ့နောက်ကွယ် တစ်နေရာရာမှာ အင်မတန်လျှို့ဝှက်နေတဲ့ ဇာတ်ရှုပ်ကြီးတစ်ခုရှိနေပုံရတယ်၊ အလင်းမာန်ဂိုဏ်းကြီးမှာ လူတော်တွေများတယ်၊ များလို့ ရှောင်လင်ကျောင်းကို လာတိုက်ရင်လဲ နှစ်ဘက်



စလုံး အကြီးအကျယ် အထိနာကြမှာပဲ၊ ရှောင်လင်ကျောင်းမှာလဲ အင်မတန် တော်တဲ့ လူတွေ ရှိနေတယ်မဟုတ်လား၊ နောက်တစ်ခု အရေးကြီးဆုံးအချက်တစ်ခုက ဘကြီးရက်စွန်းကို သူတို့ သတ်ပစ်နိုင်တယ်။ ဒါကြောင့်မို့ ဒီကိစ္စကြီးမှာ အုံနဲ့ ကျင်းနဲ့လုပ်လို့ မဖြစ်ဘူးလို့ပြောတာ'

ဟူကျင်းသည် ကျောက်မိန်၏စကားများကို တအံ့တဩ နားထောင်နေမိသည်။သူကိုယ်တိုင် ဤမျှအထိ ရှေ့ရေးကို ကြို၍ တွေးဆနိုင်ခြင်း မရှိပေ။ ထို့ကြောင့် ဟူကျင်းသည် အားပါးတရ ပြောလိုက်တော့၏။

'ဟုတ်တယ် ဟုတ်တယ်၊ မင်းပြောတာ မှန်တယ်'

★☆★☆★

ဟူကျင်းတို့သည် ရှောင်လင် ဘုရားကျောင်းသို့ ခရီးဆက်ထွက်လာကြသည်။ခရီးတစ်လျှောက်လုံး ဟူကျင်း အဖို့ သူ၏ကိုယ်တွင်း၌ ရရှိထားသည့် အတွင်းဒဏ်ရာ ပျောက်ကင်းရန်သာ ကြိုးစားလာရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မိန်၏ ဒဏ်ရာသည် ပခုံးတွင် ရရှိသည့် အသား ဒဏ်ရာဖြစ်သည်။ အသားဒဏ်ရာသည် ပျောက်ကင်းရန် လွယ်သည်။ ရက်အနည်းငယ်အတွင်း ပျောက်ကင်းစေနိုင်သည်။

အတွင်းဒဏ်ရာသည် အသားဒဏ်ရာကဲ့သို့ ပျောက်ကင်းရန် မလွယ်။ ထို့ကြောင့် ဟူကျင်းအဖို့ ခရီးလမ်းတစ်လျှောက်လုံး သူ၏ အတွင်းဒဏ်ရာကို ကုစားလာရခြင်း ဖြစ်ပေ၏။

ခရီးလမ်း အကြားရှိ ရွာများ၊ စခန်းများ၌ ထောက်လှမ်းစုံစမ်းကြည့်သောအခါ အခြေအနေ အတော်အတန်ကို သိရှိလိုက်ကြရသည်။ ထို့ပြင် သူတို့အတွက် ကုသိုလ်ကံ ထောက်မသော အဖြစ်တစ်ရပ်ကလည်း ပေါ်လာသည်။

တည်းခိုစခန်းတစ်ခုတွင် ရှောင်လင်ဂိုဏ်းသားများ ဝိုင်းဖွဲ့ဆွေးနွေးနေသည့် စကားများကို ကြားလိုက်ရသည့် အဖြစ်ပင်တည်း။

သူတို့နှစ်ယောက်သည် ရှောင်လင် ဂိုဏ်းသားများ၏ စကားများကို ချောင်း၍ နားထောင်ကြခြင်း ဖြစ်သည်။

သူ့ မွေးစားဖခင်ကြီး ရှောင်လင် ကျောင်းတိုက်သို့ ရောက်ရှိလာခြင်း၏ အဖြစ်မှန်ကား ဤသို့တည်း။



ရှက်စွန်း၏ဆရာဖြစ်သော ချန်စွန်း(ခေါ်) ရှင်ကျင်း ဘုန်းကြီးသည် ရှက်စွန်းကိုဖမ်းမိသွားပြီး၊ ရှောင်လင်ဘုရားကျောင်းသို့ ခေါ်ဆောင်လာကာ ဂိုဏ်းချုပ် ဆရာတော်ကြီး ခုံးဝန်၏ လက်သို့ ပေးအပ်လိုက်ခြင်းပင် ဖြစ်တော့သည်။

ချန်စွန်း၏အဆိုပြုချက်အရ 'ခြသေ့်သတ်ပွဲ' ကျင်းပရန်ကိစ္စကို ခုံးဝန်ဆရာတော်ကြီးနှင့် ခုံးကျိ ဆရာတော်ကြီး နှစ်ပါး ကိုယ်တိုင်ဖိတ်ကြားစာများရေး၍ သိုင်းလောကရှိ နာမည်ကြီး သိုင်းသမားအားလုံးကို ခြသေ့်သတ်ပွဲသို့ ကြွရောက်ကြရန် ဖိတ်ခေါ်လိုက်၏။

★ ☆ ★ ☆ ★

စာရှုသူများ၏ မေတ္တာကို ခံယူလျက်

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com